www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၆၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၉၁၀၅၀၇

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၆၊ ဇန်နဝါရီလ)
အုပ်ရေ - (၅၀၀)

မျက်နှာဖုံး - ညီတော်မောင်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၀၀၀ - ကျပ်

## စာရေးသူ၏အမှာ

‘ကွီးလားမှတ်တမ်း’ ‘The Quiller Memorandum’ လျှို့ဝှက်ထောက်လှမ်းရေးဝတ္ထုသည် ဗြိတိန်နိုင်ငံတွင် အရောင်းရအတွင်ကျယ်ဆုံး စာရင်းဝင် ဝတ္ထုစာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။ စာအုပ်အဖြစ်သာ လူကြိုက်များသည် မဟုတ်၊ ဤဝတ္ထုကို အခြေခံ၍ ရုပ်ရှင်ရိုက်ကူး ပြသခဲ့ရာတွင်လည်း ကြည့်သူအများဆုံး ရုပ်ရှင်ကားတစ်ကားအဖြစ် စာရင်းဝင်ခဲ့သည်။

‘ကွီးလားမှတ်တမ်း’ လျှို့ဝှက်ထောက်လှမ်းရေးဝတ္ထုသည် စိတ်ကူးထည့် ဝတ္ထုသက်သက်မျှလည်း မဟုတ်ပေ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ကြီးနောက်ပိုင်း ဂျာမနီနိုင်ငံ၏ ပကတိဖြစ်ရပ်မှန် အခြေအနေများနှင့် သမိုင်းဆိုင်ရာ အချက်အလက်များကို ကျောထောက်နောက်ခံထား၍ ရေးသားထားသော ဝတ္ထုတစ်ပုဒ်လည်း ဖြစ်သည်။

ဤဝတ္ထုကို ရေးသားသူ စာရေးဆရာ အဒမ်ဟောသည် လျှို့ဝှက်ဆန်းကြယ်ဝတ္ထုနှင့် စွန့်စားခန်းဝတ္ထုများကို အများအပြားရေးသားခဲ့ရာ ဝတ္ထုတိုင်း အရောင်းရတွင်ကျယ်ခဲ့ပြီး ဝတ္ထုအချို့မှာ စာပေနယ်တွင်သာမက ရုပ်ရှင်နယ်ပယ်သို့ပင် ကူးစက်၍ ဂုဏ်သတင်းမွေးခဲ့သည်။ အဒမ်ဟောသည် ကွီးလားလျှို့ဝှက်ထောက်လှမ်းရေးဝတ္ထုတွဲ ၁၀ အုပ်ကို ရေးသားခဲ့ရာ ယခု ‘ကွီးလားမှတ်တမ်း’ အုပ်သည် အောင်မြင်ကျော်ကြားဆုံးဖြစ်ခဲ့သည်။

လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းများကို အခြေခံရေးသားသည့် ဝတ္ထုများတွင် မြန်မာစာဖတ်ပရိသတ်နှင့် ကျွမ်းဝင်ရင်းနှီးပြီးဖြစ်သော ဂျိမ်း(စ်)ဘွန်း ဝတ္ထုတွဲများကို စာရေးဆရာ အီယန်ဖလန်းမင်းက ဖန်တီးရေးထုတ်ခဲ့ အဒမ်ဟောကလည်း ထောက်လှမ်းရေးမှူး ကွီးလားကို ဖန်တီးပေးခဲ့သည်။ ကွီးလားသည် ဂျိမ်း(စ်)ဘွန်းလောက် မြန်မာစာဖတ်ပရိသတ်နှင့် ကျွမ်းဝင်ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမရှိသေးသော်လည်း မြန်မာ့ရုပ်ရှင်ပရိသတ်နှင့်မှု သုံ့သည် 'မစိမ်း' လှချေ။ ဤ 'ကွီးလားမှတ်တမ်း' ဝတ္ထုကို ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို မြန်မာနိုင်ငံတွင် တင်သွင်းပြသပြီးဖြစ်ရာ ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ကဲ့သို့ပင် လူကြိုက်များခဲ့ပါသည်။

ထောက်လှမ်းရေးမှူး ကွီးလားသည် မြန်မာ့ရုပ်ရှင်ပရိသတ်နှင့် ထိတွေ့ခဲ့ပြီးဖြစ်ရာ စာဖတ်ပရိသတ်နှင့် 'မိတ်ဆက်ပေးရေး' တာဝန်ကို စာရေးသူက ရယူရန် ဆန္ဒရှိပါသည်။ သို့ဖြင့် ဤဝတ္ထုကို ဘာသာပြန်ဆို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

လျှို့ဝှက်ထောက်လှမ်းရေးလောက၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာများ၊ အသည်းယားဖွယ် ဉာဏ်ချင်းယှဉ်ပြိုင်မှုနှင့် လက်တစ်လုံးခြားလှည့်စားမှုများကို စာဖတ်ပရိတ်သတ်က ခံစားရမည့် ထူးခြားသောရသများအဖြစ် ဤဝတ္ထုတွင် ဖန်တီးပေးထားပါသည်။ မူရင်းဝတ္ထုမှ ပေးစွမ်းနိုင်သည့် ရသမျိုးစုံကို မြန်မာစာဖတ်ပရိသတ်များ ရနိုင်ပြည့်ခံစားနိုင်ရန် ရည်သန်မျှော်မှန်း၍ အပတ်တကုတ်ကြိုးပမ်းအားထုတ်ပြီး အချိန်ယူ ဘာသာပြန်ဆိုရေးသားထားကြောင်း ဖော်ပြအပ်ပါသည်။

စိုးတင်ဝင်း(ဘဏ်)

ဒုတိယကမ္ဘာစစ်အတွင်း ဖက်စစ်နာဇီတို့ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများ စုံစမ်းဖော်ထုတ်ပေးနေသည့် ကွီးလားသည် ဘာလင်မြို့တွင် (၆) လမျှတာဝန် ထမ်းဆောင်ပြီးနောက် လုပ်ငန်းတာဝန်ပြီးဆုံး၍ လန်ဒန်သို့ပြန်ရန် အသင့်ရှိနေ သည်။ တာဝန်ပြီးဆုံး၍ စိတ်လက်ပေါ့ပါးမှုနှင့် လွတ်လပ်မှုအရသာကိုလည်း တဝကြီး ခံစားလျက်ရှိသည်။ သို့သော် ကွီးလား၏ လွတ်လပ်မှုသည် ခေတ္တခဏမျှသာ ဖြစ်သည်။ အင်္ဂလန်သို့ မပြန်မီနောက်ဆုံးညတွင် လန်ဒန်ဌာနချုပ်မှ တာဝန်သစ်တစ်ခု ထပ်မံပေးအပ်သည့်အကြောင်းကြားချက် ရရှိသည်။ ထိုတာဝန်ကား ...... ဘာလင်မြို့တွင် ရှိနေသည်ဟု လန်ဒန်ဌာနချုပ်က သတင်းရထားသည့် နာဇီလက်သစ်ဂိုဏ်းကြီးကို ဖော်ထုတ်ရှင်းလင်းရန် ဖြစ်သည်။ ကွီးလားသည် ပထမတွင် တာဝန်သစ်ကို ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့သည်။ သို့သော် **ဖိုဆန်**ဟူသောအမည်ကို ကြားလိုက်ရသောအခါတွင်မူ .........................။

နာဇီလျှို့ဝှက်ထောက်လှမ်းရေး ခေါင်းဆောင်ဟောင်း ဖိုဆန်အပေါ် သူသည် သမိုင်းကြွေးများပေးဆပ်ရန် ရှိနေသည် မဟုတ်လော။


www.burmeseclassic.com

www.burmeseclassic.com

(၁)

ဘာလဝ်လေဆိပ်ရှိ နူကိုမိုဒီဟိုတယ်၏ စားသောက်ခန်းမတွင် ဖြစ်သည်။

လုပ်(ဖ်)သန်ဆာ ဂျာမန်လေကြောင်းကုမ္ပဏီ၏ ဝတ်စုံများကို သပ်ရပ်ကျော့ရှင်းစွာ ဝတ်ဆင်ထားသည့် လေယာဉ်မယ်ကလေး နှစ်ဦးသည် စားသောက်ခန်း၏ မှန်တံခါးကြီးကို တွန်းဖွင့်လျက် ခန်းမကြီးတွင်းသို့ ဝင်လာကြသည်။ သူတို့သည် ခန်းမတစ်ဘက်ထိပ်ရှိ ယမကာအရောင်းကောင်တာတွင် ရှိနေသော လူငယ်လေယာဉ်မှူးများကို ပြုံးတုံးပျော်ရွှင်စွာလှမ်း၍ နှုတ်ဆက်လိုက်ကြသည်။ ထို့နောက် နံရံကပ်ကြည့်မှန်ကြီးများရှိရာသို့ ဖျတ်လတ်သွက်လက်စွာ လျှောက်သွားကြပြီး မှန်ရှေ့တွင်ရပ်၍ ဆံပင်နှင့်အဝတ်အစားတို့ကို လှပအောင် ပြင်ဆင်လျက် ရှိကြသည်။

လေယာဉ်ကွင်းအတွင်းရှိ အချက်ပြမီး၏ စူးရှတောက်ပြောင်သော မိတ်ချည်ဖွင့်ချည် အလင်းရောင်သည် စားသောက်ခန်း၏ မှန်တံခါးများတွင် လျှပ်စီးများလက်သကဲ့သို့ လာ၍ ရိုက်ခတ်လျက်ရှိသည်။

လေယာဉ်မယ်ကလေးနှစ်ဦးသည် မှန်များရှေ့မှ စားသောက်ခန်းအလယ်ဗဟိုရှိ စင်မြင့်ဘက်သို့ ချစ်စဖွယ်အမူအရာဖြင့် လျှောက်သွားကြသည်။ ထို့နောက်စင်မြင့်အလယ်တွင် နေရာယူလိုက်ကြသည်။ သူတို့သည် သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များကိုရုန်၍ လက်များကို နောက်သို့ပစ်ပြီး တစ်စုံတစ်ခုကို စောင့်မျှော်နေသကဲ့သို့ သတိအနေအထားဖြင့် မတ်တတ်ရပ်နေကြသည်။

ထိုစဉ်တွင် လေယာဉ်ကွင်းအတွင်းမှ ဂျက်လေယာဉ်ကြီးတစ်စင်း၏ အင်ဂျင်စက်နှိုးသံ ပေါ်ထွက်လာသည်။ ဂျက်လေယာဉ်၏ အသံသည် ပို၍ပို၍ စူးရှကျယ်လောင်လာသည်။ စက်ရှိန်မြင့်လာသည်နှင့်အမျှ အသံမှာလည်း လေဆိပ် အဆောက်အအုံမှ တဖြည်းဖြည်း ဝေးကွာသွားသည်။ လေယာဉ်သည် ပြေးလမ်းရှိရာသို့ ဦးတည်သွားနေပေပြီ။

ယမကာကောင်တာ အနီးတွင် ရှိနေသော လေယာဉ်မှူးများသည် အသင့်ပြင်ဆင်သည့်အနေဖြင့် လေယာဉ်မယ်များရှိရာ စားသောက်ခန်း၏ အလယ်သို့ ပြိုင်တူလျှောက်သွားကြပြီး လေယာဉ်မယ်များနှင့် ဘေးချင်းယှဉ်၍ နေရာယူလိုက်ကြသည်။ သူတို့သည် ကိုယ်ကို မတ်မတ်ရပ်၍ ဦးခေါင်းကို အထက်ဘက်သို့ မော့ထားကြသည်။ သူတို့၏အမူအရာသည် တစ်စုံတစ်ခုကို နားစွင့်နေဟန်ရှိသည်။

ကျွန်ုပ်သည် ခန်းမအတွင်းရှိ သီးသန့်တစ်ယောက်ခန်းကလေးထဲမှ လေယာဉ်မှူးနှင့် လေယာဉ်မယ်ကလေးများ၏ ချစ်စဖွယ်အမူအရာများကို ငေးမိုက်ကြည့်လျက်ရှိသည်။ သူတို့ ဘာလုပ်ရန် တာစူနေသည်ကို သိလိုစိတ်ဖြင့် စိတ်ဝင်တစား အာရုံစူးစိုက်ကြည့်နေချိန်တွင် ကျွန်ုပ်၏ရှေ့တည့်တည့်ရှိ အခန်းနံရံပေါ်သို့ နောက်ဘက်မှ အလင်းရောင်တစ်ခုကျလာပြီး ချက်ချင်း ပြန်ပျောက်သွားသည်ကို သတိထားမိလိုက်သည်။ ကျွန်ုပ်၏ထိုင်ခုံနောက်ဘက်ရှိ အပေါက်မှ တံခါးတို့ဖွင့်၍ ကျွန်ုပ်ရှိနေသော အခန်းငယ်အတွင်းသို့ တစ်စုံတစ်ဦး ဝင်လာသည်ကို ကျွန်ုပ်သိလိုက်သည်။

လေယာဉ်ကွင်း၏ ပြေးလမ်းထိပ်သို့ရောက်နေသော ဂျက်လေယာဉ်ကြီး၏ အမြီးပိုင်းမှ မှိတ်တုတ်မှိတ်တုတ်မီး၏ အလင်းရောင်ကို စားသောက်ခန်း ပြတင်းပေါက်မှ အထင်းသား မြင်နေရသည်။ ထို့နောက် လေယာဉ်၏ စက်သံမှာ တရှိန်ထိုးမြင့်တက်လာပြီး ခဏအကြာတွင် အသံသည်ဝေး၍ ဝေး၍ သွားခဲ့သည်။ ဂျက်လေယာဉ်ကြီးသည် ကောင်းကင်ယံသို့ ပျံတက်သွားပြီ ဖြစ်သည်။

ကောင်းကင်ယံသို့ လေယာဉ်တက်သွားသည်နှင့် တစ်ပြိုင်တည်း စားသောက်ခန်းတစ်ဘက်ထိပ်ရှိ တီးဝိုင်းမှ ဂီတသံနှင့်အတူ ခန်းမအလယ်ရှိ လေယာဉ်မှူးနှင့် လေယာဉ်မယ်ကလေးများ၏ 'ကောင်းကင်ထက်ယံ မည်သူပုံ' ဟူသော မြူးကြွဖွယ်ရာ တေးသီချင်းသံမှာ တစ်ခန်းလုံး ပျံ့နှံ့သွားတော့သည်။

ကျွန်ုပ်၏ အခန်းကျဉ်းနောက်ဘက်ပေါက်မှ ဝင်လာသူသည် တေးဂီတသံကို အကာအကွယ်ယူ၍ ထိုင်ခုံတစ်ခုကို ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် အနေ





အထားသို့ ဆွဲယူပြီး ထိုင်လိုက်သည်။ ခန်းမအလယ်စင်မြင့်ဘက်မှ အလင်းရောင်သည် သူ၏ညာဘက်မှကျရောက်လျက်ရှိနေရာ သူ့မျက်နှာတစ်ခြမ်းကိုသာ မှုန်ဝါးဝါး မြင်နေရသည်။ သူ၏မျက်မှန်သံမဏိကိုင်းတစ်ဘက်ကို အလင်းရောင် ထိတွေ့မိတိုင်း လက်ခနဲ လက်ခနဲ အရောင်ထွက်နေသည်ကို တွေ့ရသည်။

"ဝင်ဆာ" ... ထိုသူက သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ "ခင်ဗျားရဲ့ သာယာတဲ့ ညနေခင်းကလေးကို ခုလိုအနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ်" ဟုသူက ဆက်ပြောလိုက်သည်။

သူ၏ အင်္ဂလိပ်ဘာသာဖြင့်ပြောသော ဟန်မန်နှင့် လေသံတို့ကို အကဲခတ်ကြည့်ခြင်းဖြင့် သူသည် ထောက်လှမ်းရေးလုပ်ငန်းအတွင်းက လူတစ်ဦးဖြစ်ကြောင်း သိနိုင်သည်။

ကျွန်ုပ်သည် ကြီးမားလေးပင်လှသော တာဝန်တစ်ခုကို ပြီးမြောက်အောင် ထမ်းဆောင်ခဲ့ပြီးဖြစ်သဖြင့် စိတ်လွတ်ကိုယ်လွတ် အပန်းဖြေရန် ဆုံးဖြတ်ထားသည်။ ထို့ပြင် နက်ဖြန်နံနက်တွင် လန်ဒန်သို့ မပြန်မီ နာဇီလက်အောက်မှ လွတ်မြောက်ခဲ့ပြီးစဖြစ်သည့် ဂျာမနီနိုင်ငံ၏ အမှတ်ရဖွယ် အတွေ့အကြုံလေးများကို ရယူသွားရန်လည်း စဉ်းစားထားသည်။ ထို့ကြောင့် စိတ်အဝန်းပြေရန် အကောင်းဆုံးနေရာဟု ဂျာမန်သတင်းစာများက အကြိမ်ကြိမ် ဖော်ပြခဲ့သည့် ဤနေရာသို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။

ယခုအနှောင့်အယှက်ပေးမည့်သူနှင့် ရင်ဆိုင်တွေ့နေရသည့်အတွက် အတော်ပင် စိတ်ပျက်မိသည်။

ထိုသူက ကျွန်ုပ်၏ အတွင်းစိတ်ကို အကဲခတ်မိဟန်ဖြင့် –

"ကျွန်တော့်နာမည် ပိုး(လ်)ပါ၊ ဒီလိုစိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့် ပြောစရာရှိတဲ့ စကားလေးတွေကို နှစ်ယောက်ချင်း ပြောလိုက်ရရင် ခင်ဗျားစိတ်ဝင်စားလာလိမ့်မယ်လို့ ထင်ပါတယ်" ဟုပြောလိုက်သည်။

သူ့နာမည်မှလွဲ၍ ယခုအထိ သူမည်သူမည်ဝါဆိုသည်ကို ကျွန်ုပ်မသိရသေး။ သူကပင် ဆက်လက်၍ –

"မစ္စတာကွီးလား၊ ကျွန်တော်တို့ အချင်းချင်း တိုးတိုးကျိတ်ကျိတ် စကားပြောနိုင်အောင် ခင်ဗျားရဲ့ ထိုင်ခုံကို ကျွန်တော့်ဘက် နည်းနည်းတိုးရွှေ့လိုက်ရင် ကောင်းမယ် ထင်တယ်" ဟု ပြောလိုက်သည်။

"ဒီမှာ မစ္စတာပိုး(လ်)၊ ခင်ဗျားရဲ့ နာမည်ကလွဲလို့ ခင်ဗျားအကြောင်း ကျွန်တော် ဘာမှ မသိရသေးဘူး။ ခင်ဗျားနေရာမှားပြီး ရောက်လာတာလို့ ထင်တယ်။ ဒီအခန်းကလေးဟာ ကျွန်တော်တစ်ဦးတည်းအတွက် သီးသန့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းနံပါတ် (၇) ဖြစ်ပါတယ်။ ခင်ဗျားအခန်းက (၁) ဖြစ်ပါလိမ့်မယ်။ ဒီနံပါတ် နစ်ခုဟာ သိပ်ပြီးမှားတတ်တယ်"

ကျွန်ုပ်သည် သူပြောသည့်အတိုင်း ကုလားထိုင်ကို မရွှေ့ဘဲ ပြောလိုက် သည်။

ထိုစဉ်တွင် စားသောက်ခန်းအလယ်၌ လေယာဉ်မှူးများနှင့် လေယာဉ် မယ်လေးများသည် လက်ရှားကို လေယာဉ်တောင်ပံများကဲ့သို့ ဘေးသို့ ဆန့် တန်းပြီးကာပြီး ပျော်ရွှင်စွာကခုန်လျက် ရှိသည်။ တစ်ဦးနှင့်တစ်ဦး ပွတ်ကာသီကာ ချောင်းတိုက်ပြီး ကခုန်နေသည့် 'ဖုံဖဲလေယာဉ် ငှက်အသွင်' ဘဲလေးအကမှာ မြ တွေးတယ်ကြွ ဖြစ်သည်။ ထိုစဉ်တွင် ပိုး(လ်) က –

"ကျွန်တော် ခင်ဗျားနဲ့ စကားပြောဖို့ဆိုတဲ့ ရည်ရွယ်ချက်သက်သက်နဲ့ ဒီနေရာကို တမင်ရှာပြီး လာခဲ့တာဖြစ်တယ်။ ဒီနေရာဟာ လွတ်လွတ်လပ်လပ် စကားပြောနိုင်တဲ့နေရာ ဖြစ်တယ်လို့ ကျုပ်ယူဆခဲ့တယ်။ ခင်ဗျားနေတဲ့ ဟိုတယ် မှာဆိုရင် ဒီလောက်အဆင်မပြေဘူး။ ကျုပ်ဒီအထဲကို ဝင်လာတာ ဘယ်သူမှ မမြင်ဘူး။ ဒီနေရာဟာ မှောင်ရိပ်လဲကျလို့ ပိုပြီးကောင်းတယ်"

"ခင်ဗျား ကျွန်တော့်ကို တစ်ခုတစ်ဦးနဲ့ မှားနေပြီ ထင်တယ်။ ကျွန်တော် စားသောက်ခန်းတာဝန်ခံတွေကို အကြောင်းကြားလိုက်ရမလား"

"မှတ်ပါပြီ၊ ခင်ဗျားရဲ့ သဘောထားကို ကျွန်တော် နားလည်ပါတယ် ဆက်ပြီး အနှောင့်အယှက် မပေးတော့ပါဘူး"

အမှန်မှာ ကျွန်တော်တို့နှစ်ဦးသည် ကျွန်တော်တို့ လုပ်နေရသော လုပ် ငန်း၏ သဘာဝအရ တစ်ဦးနှင့်တစ်ဦး သေချာအောင် စမ်းသပ်နေကြခြင်း ဖြစ် သည်။ လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းတွင် အချင်းချင်းဆက်သွယ်မှု ပြုလုပ် ရာ၌ သေချာအောင် စမ်းသပ်သည့်နည်းများကို စနစ်တကျ ကျင့်သုံးရန် ဌာနချုပ်မှ သတ်မှတ်ပေးထားသည်။ အထူးသဖြင့် မိမိကို လာရောက်ဆက်သွယ်သူသည် မိမိအဖွဲ့မှ ဟုတ်မဟုတ် ပထမဆုံးထိုသူ၏ အပြောအဆို အပြုအမူများကို သတိ ထားစူးစမ်းရသည်။ ထို့နောက် လိုအပ်ပါက ပို၍သေချာအောင် တီးခေါက်ကြည့် ခြင်းနှင့် ထောက်ကွက်နှင့် လှည့်ကွက်များကို ဖန်တီး၍ သူ့အခြေအနေမှန်ကို ဖော်ထုတ်ရန် ကြိုးပမ်းခြင်းနည်းများကို ကျင့်သုံးကြရသည်။

အမှန်မှာမူ ပိုး(လ်)၏ အပြုအမူများနှင့် အပြောအဆိုများကို ကြည့်ရုံဖြင့် သူသည် မိမိအင်အားစုမှ ဖြစ်ကြောင်းသိခဲ့ပြီး ဖြစ်သည်။ သူပထမဆုံး ထုတ်ပြော ခဲ့သည့် 'ဝင်ဆာ' ဟူသော အမည်မှာ အချင်းချင်းတွေ့ဆုံရာတွင် လျှို့ဝှက် အမည် အဖြစ်အသုံးပြုရန် ဌာနချုပ်မှ နောက်ဆုံး ပေးပို့ထားသည့် အမည်ဖြစ်သည်။ ထို့ပြင် သူ၏ အပြုအမူ၊ အပြောအဆိုတွင် ပါဝင်သော အချက် ၃ ရပ်က သူသည်





မိမိတို့ အင်အားစုဘက်မှလူဖြစ်ကြောင်း သေချာစေသည်။ ထိုအချက် ၃ ချက်မှာ ကျွန်ုပ်ကို ကြွက်လားဟု အမည်ကိုဖော်၍ စကားပြောဆိုခဲ့ခြင်း၊ ကျွန်ုပ်၏ စား သောက်ခန်းငယ်အမှတ်ကို သိနေခြင်းနှင့် ယနေ့ညသည် ဘာလင်တွင် ကျွန်ုပ်၏ နောက်ဆုံးညဖြစ်ကြောင်း သူသိနေခြင်းတို့ဖြစ်သည်။ ထိုအချက် ၃ ချက်နှင့်ပင် သူ့အပေါ် သံသယရှင်းလောက်သော်လည်း ပို၍ သေချာအောင် ထောက်ကွက် များကို ရှာ၍ တီးခေါက်ကြည့်ခြင်းနည်းကို ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် လောလောဆယ်တွင် ဌာနချုပ်မှ မည်သည့်အဆက် အသွယ်နှင့်မျှ မတွေ့လိုပေ။ ဤလုပ်ငန်းတွင် ၆ လကြာမျှ ပင်ပန်းကြီးစွာ တာဝန် ယူဆောင်ရွက်ခဲ့ပြီးနောက် ကျွန်ုပ်သည် ထူးခြားသော ကိုယ်စိတ်ပင်ပန်း နွမ်းနယ် မှုများကို ခံစားခဲ့ရသည်။ လောလောဆယ်တွင် အင်္ဂလန်သို့ ပြန်ရေးကိစ္စကသာ ကျွန်ုပ်၏စိတ်ကို အလုံးစုံလွှမ်းမိုးလျက်ရှိသည်။

သို့သော် ကျွန်ုပ်၏ မျှော်လင့်တောင့်တမှုများမှာ အချည်းနှီးဖြစ်ရမည့် အခြေအနေမျိုးသို့ ရောက်ရှိနေသည်။ ယခုပင် လန်ဒန်မှအဆက်အသွယ်သည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် စကားပြောနေပေပြီ။

"ကျွန်တော့် စားသောက်ခန်းနံပါတ်ကို ခင်ဗျားဘယ်လိုသိသလဲ"

ရိုင်းစိုင်းသည်ဟု ထင်မြင်ဖွယ်ရာရှိသော်လည်း လုပ်ငန်းသဘောအရ ထို မေးခွန်းကို မေးဖြစ်အောင် မေးလိုက်သည်။

"ခင်ဗျားကို ဒီထိအောင် နောက်ယောင်ခံပြီး လိုက်လာခဲ့တာပေါ့"

"ဒါမဖြစ်နိုင်ဘူး။ ကျုပ်ကို နောက်ယောင်ခံလိုက်တိုင်း ကျုပ်မသိဘူးဆို တာမရှိခဲ့ဖူးဘူး"

"မှန်တယ်" ဟု သူကခေါင်းညိတ်၍ ပြောလိုက်သည်။

သို့သော် ဤအချက်ကို ကျွန်ုပ်အားစမ်းသပ်လိုသည့်သဘောဖြင့် တမင် လုပ်ကြံ၍ ပြောခဲ့ခြင်းဖြစ်သည်။ သူသိလိုသည့်အချက်မှာ ကျွန်ုပ်နောက်သို့ နောက်ယောင်ခံလိုက်သူများကို ကျွန်ုပ် သတိပြုမိခြင်းရှိမရှိနှင့် ဤသို့ နောက် ယောင်ခံ လိုက်သည့်ကိစ္စမျိုးကို ကျွန်ုပ်အနေဖြင့် မည်မျှအလေးဂရုပြုသည် ဟူ သောအချက်ကို သိလို၍ ဖြစ်သည်။

"ခင်ဗျား ဒီအခန်းအတွက် ကြိုတင်လက်မှတ်ယူထားတယ်ဆိုတာ ကျုပ်တို့ သိတယ်"

သူက တစ်မျိုးလှည့်၍ စမ်းလိုက်ပြန်သည်။

ကျွန်ုပ်သည် ဤအခန်းအတွက် တယ်လီဖုန်းဖြင့် အကြောင်းကြားပြီး ကြိုတင်စာရင်းပေးထားခြင်း ဖြစ်သည်။ ၆ လလုံးလုံး နာဇီစစ်ရာဇဝတ်ကောင် များ စစ်ဆေးရေးခုံရုံးတွင် လူအများကြားခြင်း ညှပ်နေအောင် တစ်နေကုန် တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မန်း ထိုင်ခဲ့ရသော ကျွန်ုပ်သည် မည်သူနှင့်မျှယှဉ်တွဲ ထိုင်လိုစိတ်မရှိတော့သည့်အတွက် ထမနတဲ့သို့ သီးခြားအခန်းရယူခြင်း ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် ကြိုတင်လက်မှတ်ယူစဉ်က ရှလ်စ် ဟူသော အမည်ဖြင့် ယူခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်အမည်ကို ကျော်ကြည့်နည်းဖြင့်၍ သူ မတွေ့နိုင်။ ထို့ကြောင့် သူ့ကို တစ်ကွက်ကြိုတင်ဖောက်လိုက်သည်။

"ဒါဖြင့် ခင်ဗျားကော ကြိုတင်လက်မှတ်ယူတဲ့ ဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ခဲ့သလား"

"ဒါပေါ့"

"ဒါလိုဆို မဖြစ်နိုင်ဘူး။ ကျုပ် ရှလ်စ် ဆိုတဲ့နာမည်နဲ့ စာရင်းပေးခဲ့တာပဲ"

"ဟုတ်တယ်လေ။ ဒါကိုလဲ ကျုပ်တို့ သိတာပဲ"

"ဒါဖြင့် ခင်ဗျားတို့ ကျုပ်ဖုန်းကို ဖြတ်ပြီးနားထောင်တာပေါ့၊ ဟုတ်လား"

"မှန်တယ်" ဟု သူက စကားတစ်လုံးတည်းဖြင့် အဖြေပေးလိုက်သည်။

ကျွန်ုပ် အစပျိုးလိုက်သည့်ထောက်ကွက်မှာ သူ ကျွန်ုပ်အား ဆက်ထက် စမ်းသပ်နေခြင်း ဟုတ်မဟုတ် သိရှိရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ သူ စမ်းသပ်နေသဲဖြစ်ကြောင်း သူ့အဖြေအရ သိရသည်။ ထိုသို့ စမ်းသပ်ခြင်း မဟုတ်ပါက ကျွန်ုပ်၏ ပထမမေးခွန်းကို "မဟုတ်ဘူး၊ ကျုပ်တို့ ကြိုတင်လက်မှတ်ဌာနတို့ မသွားခဲ့ဘူး" ဟု ပြန်ပြောမည်ဖြစ်သည်။ ယခုမူ သူသည် ထိုသို့မဖြေဘဲ "ဒါပေါ့" ဟူသော စကားတစ်လုံးဖြင့် ကျွန်ုပ်ကို ပြန်လှည့်လိုက်သည်။ သူ့လှည့်ကွက်ကို ကျွန်ုပ်ကလည်း တန်းတန်းမတ်မတ်ဝင်သွားပြီး ရှလ်စ် ဟူသော အမည်ဖြင့် စာရင်းပေးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြောခဲ့မိသည်။ သူသည် ထိုမျှနှင့် မကျေနပ်သေးပေ။ "ဒါကိုလဲ ကျုပ်တို့ သိတာပဲ" ဟုပြောခြင်းဖြင့် ကျွန်တော်က နောက်တစ်ခုကို ဖော်ထုတ်ရန် လှည့်ကွက်ဖြင့် ဆွဲခေါ်ခဲ့ပြန်သည်။

ကျွန်ုပ်သည် ကျွန်ုပ်အား ဤမျှစမ်းသပ်နေခြင်းကို မနှစ်မြို့ပေ။ ထို့ပြင် သူ့စကားများတွင် "ဒါပေါ့" "မှန်တယ်" ဟူသော စကားများသည် ကျောင်းဆရာကြီးတစ်ဦးက တပည့်တစ်ဦးအား ပြောသည့်လေသံမျိုးဖြစ်သည်ဟု ကျွန်ုပ်ထင်မိသည်။

ကျွန်ုပ်တို့နှစ်ဦး စကားပြောနေစဉ် 'ပျံဝဲလေယာဉ် ငှက်အသွင်' ဘဲလေးအကာမှာ ပြီးဆုံးသွားသည်။ ပရိသတ်များ၏ ကျယ်လောင်လှသော လက်ခုပ်သြဘာသံများကို အခွင့်ကောင်းယူ၍ ကျွန်ုပ်သည် ရင်ထဲတွင် မျိုသိပ်ထားရသော ဒေါသစိတ်ကို ကြိုးဖြေလွှတ်လိုက်ပြီး စိတ်လိုက်မာန်ပါ ပြောချလိုက်သည်။





"ကျုပ်အနေနဲ့ တာဝန်တစ်ခုပြီးဆုံးလို့ စိတ်အေးလက်အေး အနားယူနေတဲ့ ခုလိုအချိန်မှာ ဒီလို ကျုပ်မသိသေးတဲ့ အဆက်အသွယ်တစ်ဦးက ကျုပ်ကိုလာပြီး လှည့်ပတ်စမ်းသပ်နေတာ နည်းနည်းမှ မကြိုက်ဘူး။ ကျုပ်ရဲ့တယ်လီဖုန်းကြားဖြတ်ပြီး ခိုးနားထောင်တာလဲ ကျုပ်မကြိုက်ဘူး။ ခင်ဗျားတို့ ဒီလိုလုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

"တယ်လီဖုန်းကို ကြားဖြတ်ပြီး နားထောင်တယ်ဆိုတဲ့ကိစ္စက ခင်ဗျားကိုယ်တိုင် ပြောလိုက်တဲ့ကိစ္စပဲ"

သူက တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောလိုက်သည်။

စင်မြင့်ပေါ်တွင် အကပဒေသာအစီအစဉ် ခေတ္တရပ်နားရ၍ မှိန်ထားသော မီးရောင်များ ပြန်လင်းလာသည့်အချိန်တွင်မှ ကျွန်ုပ်သည် သူ့မျက်နှာကို ထင်ထင်ရှားရှား မြင်လာရသည်။ သူသည် မျက်နှာဝိုင်းဝိုင်းနှင့် ဆံပင်အညိုရောင်ရှိသူဖြစ်ပြီး တည်ငြိမ်ခံ့ညားသော ရုပ်လက္ခဏာရှိသူဖြစ်ကြောင်း တွေ့ရသည်။

"ခင်ဗျားတို့ ကျုပ်တယ်လီဖုန်း ဖြတ်ပြီး နားထောင်နေတာ သိပ်မကြာသေးဘူး မဟုတ်လား။ နို့မဟုတ်ရင် ကျုပ်ဒါကို သတိထားမိမှာ သေချာတယ်" ဟု တယ်လီဖုန်းဖြတ်၍ နားထောင်သည့်ကိစ္စကို စိတ်မကျေနိုင်သေးသော ကျွန်ုပ်က ဆက်၍ ပြောလိုက်သည်။

သူကမူ ကျွန်ုပ်၏စကားကို ဆက်လက်မဖြေရှင်းတော့ဘဲ သူပြောလိုသည့်စကားများကို တိုးတိုးနှင့် ကျွန်ုပ်နားထဲသို့ စူးဝင်လာစေရန် သူ့ပါးစပ်ကို လက်နှစ်ဖက်ဖြင့် ဘေးမှကာ၍ လျှင်လျှင်မြန်မြန် အဆက်မပြတ်ပြောချလိုက်တော့သည်။

"ကျုပ်ဟာ ခုမနက်ကပဲ လန်ဒန်က ထွက်လာခဲ့တယ်။ ခင်ဗျားနဲ့ အလျှင်အမြန် လျှို့ဝှက်ဆက်သွယ်မှု ပြုလုပ်ဖို့ အမိန့်နဲ့ လာခဲ့တာဖြစ်တယ်။ ကျုပ်ဟာ ခင်ဗျားနဲ့ ဆက်သွယ်မိဖို့ ကြိုးပမ်းတဲ့နေရာမှာ ခင်ဗျားတည်းခိုနေတဲ့ ဟိုတယ်နဲ့ တခြားလူမြင်ကွင်းတစ်နေရာမှာ တွေ့ဆုံခွင့် မရှိဘူး။ ဒါကို ဌာနချုပ်က တင်းတင်းကျပ်ကျပ် တားမြစ်လိုက်တယ်။ ခင်ဗျားရဲ့ တယ်လီဖုန်းကို ဒီနေ့ နေ့လယ်ကမှ ကျုပ်ဖြတ်ပြီး နားထောင်တာဖြစ်တယ်။ ရည်ရွယ်ချက်ကတော့ ဒီနေ့အတွက် ခင်ဗျားမှာ ဘာအစီအစဉ်တွေ ရှိတယ်ဆိုတာ သိဖို့ပဲ၊ ဒါမှလဲ ကျုပ်အနေနဲ့ ခင်ဗျားနဲ့ ဆက်သွယ်လို့ရမယ့် နေရာကောင်းတစ်ခုကို ရွေးချယ်နိုင်မယ်လေ။ တယ်လီဖုန်းကို ဒီလိုဖြတ်ပြီး နားထောင်ခဲ့လို့လဲ ခင်ဗျားဒီအချိန်မှာ ဒီစားသောက်ခန်းမှာ ရှိမယ်ဆိုတာ ကျုပ်သိခဲ့တာပေါ့"

"ခင်ဗျား ကျုပ်ကို အရှုပ်လုပ်ပြီး ခင်ဗျားရဲ့ လှည့်ကွက်ထဲကို သွင်းလိုက်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဆက်၍ ဒေါသပေါက်ကွဲလိုက်ပြန်သည်။

သူသည် ကျွန်ုပ်၏ အမေးကိုမဖြေဘဲ သူပြောရမည့်စကားများကို အတင်းတိုက်ပြောချရန် ဟန်ပြင်လိုက်သည်။

"ဒီထိုင်းဟာ ဥသံအရေးတကြီး ထိစ္စပဲ"

"ဥသံအရေးတကြီးထိစ္စ" ဟူသောစကားရပ်သည် ထိပ်တန်းလျှို့ဝှက် ... ထိပ်တန်းဦးစားပေးဟူသော စကားရပ် အား ... ဌာနချုပ်က သတ်မှတ်ထားသည် ... ဤကဲ့သို့ အဆင့်အတန်းမျိုး သတ်မှတ်ထားသော ... မဖြစ်နိုင်ကြောင်း ကျွန်ုပ်နားလည်လိုက် ... ကျွန်ုပ်သည် ဒေါသစိတ် မပြေသေးသည့်အလျောက် –

"ဒီ ... အခြားသင့်တော်သူတစ်ဦးကို ရှာပြီးပေးရင် ကောင်း ... လန်ဒန်ပြန်ဖို့ အဆင်သင့်ဖြစ်နေပြီး" ဟု ခပ် ... ပြောလိုက်သည်။

"လွှန် – ခဲ့ – တဲ့ – ည – က၊ ကော၊ အဲလ်၊ ဂျေ အသတ်ခံရတယ်"

သူ့ ... လက်ခုပ်အတွင်းမှ ဤစကားလုံးများသည် တစ်လုံး ချင်း ထွက်လာသည်ကို ကျွန်ုပ် တအံ့တသြ ကြားလိုက်ရသည်။ ကျွန်ုပ်သည် ... တစ်ကိုယ်လုံး ချွေးများ ပြန်လာသည်။ ထောက်လှမ်းရေးလုပ်ငန်း များတွင် နှစ်ပေါင်းများစွာ အလေ့အကျင့်ရထားသော ကျွန်ုပ်သည် အံ့သြတုန်လှုပ် ဖွယ်ရာ အခြေအနေများကို ကြုံတွေ့ရပါက ကျွန်ုပ်၏ မျက်နှာ၊ ကိုယ်ခန္ဓာနှင့် လက်များတွင် ထိုအံ့သြတုန်လှုပ်မှု၏ လက္ခဏာများ မပေါ်လွင်အောင် ထိန်းချုပ် ထားနိုင်သည့် အလေ့အကျင့် ရှိနေခဲ့သည်။ ပြင်ပလှုံ့ဆော်မှုများကို ခန္ဓာကိုယ် အစိတ်အပိုင်းများက တုန့်ပြန်တတ်သည့် သဘာဝဖြစ်စဉ်ကို အလေ့အကျင့်ဖြင့် ထိန်းချုပ်ထားခြင်းကြောင့် ခန္ဓာကိုယ်သည် အခြားထွက်ပေါက်တစ်ခုကို ရှာကြံ၍ ချွေးများကို ညှစ်ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ပိုး(လ်)က ကျွန်ုပ်၏ အလုပ်မယုံက်ဖြစ်နေသော အခြေအနေကို ကြည့် ပြီးနောက် –

"ခင်ဗျား သူ့နေရာကို ဝင်ယူရတော့မယ်" ဟု လိုရင်းကို တန်းတန်း မတ်မတ်ပင် ပြောချလိုက်တော့သည်။

(၂)

ကျွန်ုပ်သည် အရေးတကြီးတာဝန်များကို အဆက်မပြတ်ထမ်းဆောင် ခဲ့ရသူဖြစ်ရာ ပင်ပန်းနွမ်းနယ်လျက် ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ လန်ဒန်သို့ ပြန်ရောက်ပါက ခွင့်ရက်ရှည်ယူ၍ အနားယူရန်လည်း ရည်မှန်းထားခဲ့သည်။ ထို့ကြောင့် ယခုတာဝန်သစ်ကို ကျွန်ုပ်အနေဖြင့် လက်ခံလိမ့်မည်ဟု ဌာနချုပ်က မျှော်လင့်မထားသင့်ကြောင်း ပိုး(လ်)ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်သည်။ သူကလည်း ယခုကဲ့သို့ တာဝန်ပေးခြင်းသည် အမိန့်သဘောမျိုး မဟုတ်ဘဲ အကူအညီတောင်းခံခြင်းသာဖြစ်ကြောင်း ဖျောင်းဖျပြောခဲ့သည်။

ကျွန်ုပ်သည် တာဝန်ကို ငြင်းဆန်နေရသော်လည်း "ကော၊ အဲလ်၊ ဂျေ သေပြီ" ဟူသော သူပြောလိုက်သည့် စကားသည် ကျွန်ုပ်စိတ်တွင် သံမှိုနက် သကဲ့သို့ စွဲထင်စူးဝင်သွားခဲ့သည်။

ထို့ကြောင့်ပင် ပိုး(လ်)အား ကော၊အဲလ်၊ဂျေ အကြောင်းကိုထပ်၍ မေး လိုက်မိသည်။ သူကမူ "ဧသနတ်ဒဏ်ရာနဲ့ ဂရန်းဝေါ်ရေအိုင်ထဲမှာ ပေါလော မျောနေတာပေါ့ဗျာ" ဟူ၍ သာဖြေလိုက်သည်။

ကော၊အဲလ်၊ဂျေ (သို့မဟုတ်) ကင်းနက်၊ လင်းစဒေး၊ ဂျုံး ... ယခု သူ သေခဲ့ပြီဖြစ်၍ သူ့နေရာ ကွက်လပ်ဖြစ်ခဲ့ရသည်။ ကျွန်ုပ်တို့အားလုံးတွင် နေရာ တစ်ခုစီ ရှိကြသည်။ ကျွန်ုပ်တို့သည် မိမိတို့ ဘယ်မှာမွေးခဲ့သည်ကို သိကြ သော်လည်း ဘယ်မှာသေရမည်ကို မသိနိုင်သူများဖြစ်ကြသည်။ ထိုမှာသော်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အိမ်မှ မိုင်အနည်းငယ်မျှသာဝေးသည့် လမ်းဆုံလမ်းခွတွင်လည်းကောင်း၊ ကမ္ဘာတစ်ဝက်မျှ အလှမ်းဝေးလှသည့် ဝေးလံခေါင်းပါးရာဒေသများတွင်လည်းကောင်း၊ နည်းမျိုးစုံဖြင့် သေကြရမည့်သူများသာ ဖြစ်သည်။ အန္တရာယ်ကို မသိ၍ သေရခြင်းမျိုးအပြင် သိသိဖြင့် ဇွတ်အတင်းဝင်၍ သေမင်းနှင့် ရင်ဆိုင်ရသည့်အဖြစ်မျိုးလည်း ကြုံတွေ့ရနိုင်သည်။ သေရမည့်နေရာတစ်ခုစီ ရှိနေသူများတွင် ကင်းနက်လင်းစဒေးဂျုံးသည် ဂရန်းဝေါရေအိုင်ကို သူ့နေရာအဖြစ် ရွေးချယ်သွားခဲ့ပေပြီ။

ဘာလင်မြို့ရှိ ဌာနခွဲ (ဘာလင်မြူရို) နှင့် တွဲဖက်လုပ်ကိုင်နေစဉ် ကျွန်ုပ်တို့ဘက်မှ ယခုထိ လူ ၅ ဦးဆုံးရှုံးခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်တွင်မူ သတ်၍ မရနိုင်ဟု ကျွန်ုပ်တို့အားလုံးက ယူဆခဲ့ကြရသော လင်းစဒေးဂျုံး ကိုယ်တိုင်ပင် အသတ်ခံခဲ့ရပေပြီ။

"ဧ ၁သမ ၃ ကျည်ဆံထည့်ထားတဲ့ သေနတ်နဲ့ အဝေးကြီးကနေ သူ့ရဲ့ ကျောရိုးတည့်တည့်ကို မှန်အောင်ပစ်လိုက်တာပဲ။ ချာရင်တန်တုန်းကလဲ ဒီအတိုင်းပါပဲလေ" ဟု ကျွန်ုပ်၏အမေးကို ပိုး(လ်) က ထပ်ဆင့်ရှင်းလင်းယင်း ပြောပြခဲ့သည်။

ပိုး(လ်) သည် လင်းစဒေးဂျုံးအကြောင်း စကားစကို ဖြတ်လိုက်ပြီး လုပ်ငန်းတာဝန်သစ်အကြောင်းကို ဆက်၍ ပြောပြန်သည်။

"စစ်ရာဇဝတ်ကောင်များ စုံစမ်းဖော်ထုတ်ရေးနဲ့ ပတ်သက်ပြီး ခင်ဗျား ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ အများကြီး အားရကျေနပ်တယ်။ အမှန်တော့ ဒီလိုရာဇဝတ်ကောင်တွေကို ဖော်ထုတ်ပြီး ခုံရုံးတင် စစ်ဆေးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ စစ်ကြီးအပြီးချုပ်ဆိုခဲ့တဲ့ လန်ဒန်စာချုပ်ပါ အချက်အလက်များအရ ပြုလုပ်ရတာဖြစ်လို့ လျှို့ဝှက်ဆောင်ရွက်စရာ မလိုဘူး။ ဒါပေမယ့် ခင်ဗျားအနေနဲ့ ဒီကိစ္စကို သိပ်ပြီး လျှို့ဝှက်ဆောင်ရွက်ခဲ့လို့ ဘာလင်မှာ ရှိတဲ့ ရာဇဝတ်ကောင်များ နှိမ်နင်းရေးကို တာဝန်ယူတဲ့ 'ဓကီ' ကော်မရှင်ကတောင် အချို့ဖမ်းဆီးမှုများဟာ မည်သူ့ ဖော်ထုတ်ချက်အရ ဖမ်းဆီးနိုင်ခဲ့တယ်ဆိုတာ မသိခဲ့ရဘူးလို့ ကျုပ်တို့ သတင်းရတယ်။ အင်းလေ.... ခင်ဗျားကတော့ ကိုယ့်လုပ်ငန်း သဘောအရ လေ့ကျင့်ယူထားတဲ့ အလေ့အကျင့်ကောင်းကလေးတွေကို အားနည်းမသွားအောင် ဆက်ပြီးထိန်းသိမ်းထားလိုတဲ့ သဘောနဲ့ ဒီလို ဆောင်ရွက်တာဖြစ်မှာပါ"

သူက ကျွန်ုပ်ကို ချီးကျူးခန်းဖွင့်လိုက်ပြီးနောက် ကျွန်ုပ်ဘက်မှ ဘာပြောမည်ကို စောင့်ကြည့်နေသည်။ ကျွန်ုပ်ကမူ ဘာမှမပြောဘဲနေခြင်းက ပို၍ကောင်းသည်ဟု ယူဆကာ ငြိမ်နေလိုက်သည်။





"စစ်ရာဇဝတ်ကောင်များ ဖော်ထုတ်ရေးအတွက် ခင်ဗျား ပြုလုပ်ခဲ့တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေဟာ လွန်ခဲ့တဲ့ ရက်သတ္တသုံးပတ်လောက်က ကျုပ်တို့ရဲ့ ဘာလင်မြူရိုက လုပ်ငန်းသစ်အဖြစ် စတင်အကောင်အထည်ဖော်နေတဲ့ နာဇီလက်သစ်ဂိုဏ်း ရှာဖွေဖြိုခွင်းရေးလုပ်ငန်းနဲ့ နယ်ပယ်ချင်းတူနေပြီး တချို့နေရာမှာ လုပ်ငန်းချင်း ထပ်နေတဲ့သဘောမျိုးတောင် ရှိတယ်။ ဒါ့ကြောင့် ဒီဂိုဏ်းနဲ့ ပတ်သက်လို့ ခင်ဗျားထက်ပိုပြီး သိနိုင်တဲ့လူ ဘာလင်မှာ မရှိတော့ဘူးလို့ ကျုပ်တို့က ယူဆထားတယ်။ ခင်ဗျားရဲ့ ဒီအတွေ့အကြုံတွေဟာ ကျုပ်တို့ဌာနချုပ်အတွက် အများကြီးတန်ဖိုးရှိတဲ့အတွက် ဒီတာဝန်သစ်ကို ခင်ဗျားကို ရွေးချယ်ပေးခြင်း ဖြစ်တယ်"

ကျွန်ုပ်က သူပြောနေသည့်စကားများကို တစ်စုံတစ်ရာဝင်၍ ထောက်ခြင်း စွက်ဖက်ပြောဆိုခြင်း မပြုသည့်အတွက် သူသည် ကြာလာသည့်အခါတွင် ကျွန်ုပ်ဘက်မှ စကားတုန့်ပြန်လာမည့် အခြေအနေကိုပင် အကဲခတ်စောင့်ဆိုင်းခြင်း မပြုတော့ဘဲ သူပြောစရာရှိသည်ကို ဆက်တိုက်ပင် ပြောချနေတော့သည်။

"ပြီ လအတွင်းမှာ ခင်ဗျား စုံစမ်းဖော်ထုတ်ပေးခဲ့တဲ့ နာဇီရာဇဝတ်ကောင် ၁၅ ဦးအနက် ၅ ဦးဟာ အဆင့်မြင့်တာဝန်ယူခဲ့သူတွေ ဖြစ်တယ်။ နောက်ပြီး မကြာသေးခင်က နာဇီဗိုလ်ချုပ်ဟောင်းများ ဖြစ်ကြတဲ့ ဗိုလ်ချုပ်ဘိုလ်ဂါနဲ့ မန့်(စ်) တို့ ကိုယ့်ကိုယ်ကိုသတ်သေကြခြင်းဟာလဲ သူတို့အတွင်း စိတ်မှာ လိပ်ပြာမသန့်စရာတွေကို သည်းမခံနိုင်တော့လို့ ဆိုတာထက်၊ ခင်ဗျားရဲ့ ဖော်ထုတ်မှုတွေ ထိရောက်လွန်းတဲ့အတွက် သူတို့ဂိုဏ်းဘက်ကပဲ အကျပ်ကိုင်ခဲ့လို့ ခုလို သတ်သေကြတာ ဖြစ်တယ်လို့ ကျုပ်တို့ ယူဆထားတယ်"

သူသည် နာဇီစစ်ရာဇဝတ်ကောင်များ စစ်ဆေးရေးတွင် ပါဝင်ခဲ့ကြသည့် အစိုးရ၏ တရားလိုပြသက်သေ ၃ ဦး မကြာမီက အသတ်ခံခဲ့ရသည့် ဖြစ်ရပ်ကို ဆက်လက်ပြောပြန်သည်။

"နာဇီလက်သစ်ဂိုဏ်းက သူတို့ ၃ ဦးကို ရှင်းလင်းလိုက်ခြင်းဟာ ဟန်နိုဗာမြို့မှာ ယခုပြုလုပ်နေတဲ့ စစ်ရာဇဝတ်မှုများ စစ်ဆေးရေးရုံးမှာ သက်သေထွက်ဖို့ အရင်းပေးထားတဲ့လူတွေ နောက်ထပ် သက်သေမထွက်ရဲအောင် ခြောက်လှန့်တဲ့ သဘောနဲ့ လက်စားချေတဲ့သဘောပဲ။ ကျုပ်တို့ရထားတဲ့ သတင်းအရတော့ နောက်ထပ် ၁၂ ဦးထပ်ပြီး သုတ်သင်ဖို့ အစီအစဉ် ရှိနေသေးတယ်လို့ ဆိုတယ်။ သဘောကတော့ စစ်ရာဇဝတ်ကောင်တစ်ဦးကို ခုံရုံးက စွဲချက်တင်ရင် သက်သေ အစ်ဦးကို သူတို့က သတ်ပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်နည်းပဲ၊ ဟန်နိုဗာခုံရုံးဟာ နောက်ဆုံးခုံရုံး ဖြစ်ရမယ်။ နောက်ဆက်လက်ပြုလုပ်မယ့် ဘွန်းနဲ့ နူရင်းဘတ်ခုံရုံး



www.burmeseclassic.com

www.burmeseclassic.com



များကို မလုပ်နိုင်အောင် တားဆီးရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့လုပ်နေတာ ဖြစ်တယ်"

ပိုး(လ်)သည် စကားကို ဆက်တိုက်ပြောရသဖြင့် မောပန်းသွားဟန်ဖြင့် ခေတ္တရပ်လိုက်သည်။ ထို့နောက် ဂျာမနီနိုင်ငံ၏ ကိုလိုနီနယ်မြေဖြစ်သော ဆန်တာတာနီးယားကျွန်းနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် ဂျာမန်စစ်ပြေးဒုက္ခသည်နှင့် နာဇီပြည်ပြေးများ ၇၀၀၀၀ ရှိနေသည့်အကြောင်း၊ သူတို့ထဲတွင် ဟာစ်တလာ၏ လက်ထောက်ဖြစ်သူ နာဇီကြီးမာတင်ဘိုမင်လည်း ပါဝင်ကြောင်း လေပြေတလေးဖြင့် ဆက်၍ ပြောပြန်သည်။

"ခင်ဗျားသိတဲ့အတိုင်းပဲ အဲဒီမှာရှိတဲ့ သူတို့ရဲ့ တာကူရာ လျှို့ဝှက်အဖွဲ့အစည်းက အနီးအနားမှာရှိနေတဲ့ ဂျူးတွေကို လိုက်လံသုတ်သင်တဲ့ လုပ်ငန်းတွေကို လုပ်နေကြတယ်လေ"

ကျွန်ုပ်သည် "ခင်ဗျားသိတဲ့အတိုင်းပဲ" ဟူသောစကားကို မကြားလိုပေ။ ကျွန်ုပ် မသိသေးသော အကြောင်းအရာကိုသာ သူ့ထံမှ ကြားရန်စောင့်မျှော်ရမိဟန်ပြင်လိုက်စဉ်မှာပင် သူက ဆက်လက်၍ –

"ဒါပေမယ့် မိုဆန်ကတော့ ဘာလင်မှာ ရှိနေတယ်" ဟုပြောလိုက်သည်။ သူသည် ထိုသို့ပြောလိုက်ပြီးစကားကို ရပ်ထားလိုက်သည်။ ဘာကြောင့်ရပ်လိုက်သည်ကို ကျွန်ုပ် ကောင်းစွာသိသည်။ သူသည် မိုဆန်ဟူသောအမည်ဖြင့် ကျွန်ုပ်ကို 'ဖမ်းစား' ရန်ကြိုးပမ်းလိုက်ခြင်းပင် ဖြစ်သည်။

"ဟိန်းရစ်၊ မိုဆန်၊ ဟုတ်လား" ကျွန်ုပ်က အံ့အားသင့်လျက် မေးလိုက်သည်။

"ဟုတ်တယ်" သူက စကားတစ်လုံးတည်းဖြင့် ဖြေလိုက်ပြီး ကျွန်ုပ်ကို ထပ်မံအကဲခတ် ကြည့်လိုက်ပြန်သည်။

ကျွန်ုပ်၏ စိတ်အာရုံထဲတွင် ပိန်ပိန်ပါးပါး၊ မျက်နှာဖြူဖတ်ဖြူရော်၊ ပါးရေနားရေတွန့်တွန့်၊ ပါးစပ်ပေါက်ကျယ်ကျယ်နှင့် ဟာစ်တလာကဲ့သို့ ပြည့်တင်းခုံးမောက်သော ပခုံးသားများရှိသူတစ်ဦး၏ ပုံပန်းသဏ္ဌာန်သည် အထင်းသား ပေါ်လွင်လာသည်။

ကျွန်ုပ်သည် မိုဆန်နှင့် လွန်ခဲ့သော ၂၁ နှစ်ခန့်က နောက်ဆုံးအကြိမ် တွေ့ခဲ့ရခြင်း ဖြစ်သည်။ ထိုနေ့သည် ဩဂုတ်လနေ့တစ်နေ့၏ နံနက်ခင်း အချိန် ဖြစ်သည်။ ဘရ(စ်)နာဝေါ အကျဉ်းစခန်းအတွင်းတွင် လူ ၃၀၀ ခန့်သည် သူတို့ကိုယ်တိုင် တူးထားသော ကျင်းရှည်ကြီးများ၏ နှုတ်ခမ်းတစ်ဘက်တွင် တန်းစီ၍ ရပ်လျက် ရှိကြသည်။ ထိုနေရာသို့ ဂျာမန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ၏ကား ဝင်လာသည့်အချိန်တွင် တောတွင်းငှက်များ၏ သာယာကြည်နူး





ဖွယ် တေးသီဆိုသံများပင် ရပ်တန့်သွားသည်ဟု ထင်လိုက်ရသည်။ တန်းစီထားသောလူများ၏ ရှေ့တွင် ကားရပ်ပြီးနောက် ကားတွင်းမှ ဟိန်းရစ်–မိုဆန် ထွက်လာသည်။

သူသည် လုံခြုံရေးအရာရှိများ ခြံရံလျက် အကျီအဝတ်အစားဟူ၍ ဘာမှမပါဘဲ ကိုယ်ဗလာကျင်းနေကြသော ထိုအကျဉ်းသား ၃၀၀ ၏အနောက်ဘက်မှ ကိုယ်ရံတော်တပ်ဖွဲ့ကို စစ်ဆေးနေသည့်ပုံစံဖြင့် ဟန်ပါပါစစ်ဆေးနေသည်ကို ကျွန်ုပ် တွေ့မြင်နေရသည်။ သူသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရာထူးကြီးကြီးကို ရထားသူဖြစ်ပြီး သူဝတ်ထားသော နာဇီ အရာရှိဝတ်စုံအပေါ် များစွာ ဂုဏ်ယူဝံ့ကြွားနေသည့် ဟန်ပန်လည်း ပေါ်လွင်နေသည်။

သို့သော် မိုဆန်သည် လူရမ်းကားတစ်ဦးမဟုတ်ဘဲ သွေးအေးအေးဖြင့် ရက်စက်တတ်သည့် နာဇီအရာရှိတစ်ဦးဖြစ်ကြောင်း သူ၏အပြုအမူများကို လေ့လာခြင်းဖြင့် သိသာနိုင်သည်။ သူသာ လူရမ်းကားစိတ်ဓာတ်ရှိသူဖြစ်ပါက ကားထဲမှ ထွက်လာစကပင် အနီးရှိ အစောင့်စစ်သားတစ်ဦးဦးထံမှ ကြာပွတ်ကိုယူပြီး ကိုယ်ဗလာကျင်းနေသူများကို အပျော်သဘောသက်သက်ဖြင့် ကြာပွတ်စာကျွေးပြီး လက်တည့်စမ်းကြည့်သည့် အလုပ်မျိုးကို သူလုပ်ပေလိမ့်မည်။ သူသည် ပျော်ပွဲရွှင်ပွဲတစ်ခုကို ဖွင့်လှစ်ပေးသည့်အလား သူ့ရှေ့ရှိ ဂျူးအကျဉ်းသားများကို သူ့ခြောက်လုံးပြူးဖြင့်ပင် သူကိုယ်တိုင် စတင်ပစ်သတ်ပြပေလိမ့်မည်။ ယခုမူ သူသည် ထိုအလုပ်မျိုးကို တစ်ခုမျှ မလုပ်ခဲ့ပေ။

သို့သော် သူသည် ထို့ထက်ဆိုးသော အလုပ်ကိုလုပ်ခဲ့ကြောင်း ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

တန်းစီရပ်နေသော ဂျူးအကျဉ်းသား ၃၀၀ ထဲမှ တစ်ဦးသည် ရှေ့သို့ထွက်လာပြီး မိုဆန်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။ အစောင့်များက လှမ်းအော်ပြီး သေနတ်ဖြင့်ပစ်ရန် အသင့်ပြင်လိုက်သည်။ မိုဆန်သည် လက်အိတ်အဖြူစွပ်ထားသောသူ၏ လက်ယာဘက်လက်ကို မြှောက်လိုက်ပြီး အစောင့်စစ်သားအား မပစ်ရန် အမိန့်ပေးလိုက်သည်။ ထိုသူ မည်သည့်အတွက် တန်းစီနေရာမှ ထွက်လာခဲ့သည်ကို သူသိလိုဟန်ရှိသည်။

သူ့ဆီသို့ လျှောက်လာနေသူသည် သူ့ထက်အရပ်အမောင်းနှင့် ကိုယ်ခန္ဓာကြီးမားသူ ဖြစ်သည်။ သို့သော် လပေါင်းများစွာ အကျဉ်းစခန်းတွင် ဆင်းရဲဒုက္ခခံစားခဲ့ရမှုများက သူ့ကို အရိုးရုပ်ပမာ ဖြစ်အောင် ပြောင်းလဲပစ်ခဲ့သည်။ လူသားဆိုသည်ထက် စက္ကူရုပ်တစ်ခုနှင့်ပို၍ တူနေပေသည်။

ထိုသူသည် ၁၀ ကိုက်ခန့်လမ်းလျှောက်လာပြီးနောက် ဆက်၍ လျှောက်ရန် အားမရှိတော့သဖြင့် ရပ်လိုက်သည်။ အပြိုင်းအရိုင်းထနေသော



www.burmeseclassic.com

www.burmeseclassic.com



သူ၏နံရိုးများသည် မောပန်းနွမ်းနယ်မှုဖြင့် နိမ့်ချီမြင့်ချီဖြစ်ပြီး သူ၏အသက် ရှူသံမှာလည်း တရှိုက်ရှိုက်မြည်လျက် ရှိသည်။ သူသည် မိမိ၏ ကိုယ်ခန္ဓာအတွင်းတွင် ကျန်ရှိနေသမျှသော အားအင်ကို အစွမ်းကုန် ဖျစ်ညှစ်ထုတ်လိုက်ပြီးနောက် –

"ခေါင်းဆောင်ကြီးခင်ဗျား၊ ကျွန်တော်တို့ အသတ်မခံရမီ ကွယ်လွန်သူများအတွက် ဆုတောင်းမေတ္တာကို ရွတ်ဆိုခွင့်ပြုပါခင်ဗျား" ဟု ပြောလိုက်သည်။

စိုးဆန်သည် ဤမျှခေါင်းမာသူတစ်ဦးကို ချက်ချင်း ပစ်သတ်လိုက်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ထားသော်လည်း သူသည် ထိုသို့ မလုပ်ခဲ့။ သူသည် လူရမ်းကားမဟုတ်၊ အရာရှိတစ်ဦး ဖြစ်ပေသည်။

စိုးဆန်သည် စိတ်အေးလက်အေးဖြင့် သူ့လက်မှ နာရီကိုကြည့်၍ စေတ္တစဉ်းစားလိုက်သည်။ ထို့နောက် ခေါင်းညိတ်လိုက်ပြီး –

"ကောင်းပြီ၊ အချိန်သိပ်မရှိဘူး။ အပြန်မှာ လမ်းတွေထလဲ ဆိုးတယ်။ မှောင်လယ်စမီအောင် ငါးတစ်နာရီအတွင်း မြို့ကိုရောက်အောင် ပြန်ရမယ်" ဟု ပြောပြောဆိုဆိုဖြင့် မီးသေးမှ လုံခြုံရေးအရာရှိအား အချက်ပြလိုက်သည်။ စက်သေနတ်သံများမှာ နားကွဲလုမတတ် ပေါ်ထွက်လာပြီး လူတို့၏ ညည်းတွား အော်ဟစ်သံများမှာလည်း ဆဝေ့ညံအောင်ပင် ဖြစ်သည်။

ယခုအခါ ယင်းဖြစ်ရပ်သည် ၂၁ နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်သည် ဤဖြစ်ရပ်ကို မေ့ပျောက်၍ မရခဲ့ပေ။ စစ်ရာဇဝတ်ခုံရုံးတွင် နာဇီစစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ ကျွန်ုပ်သည် ရက်သတ္တပတ် (၁၅) ပတ်ကြာ မျှသက်သေထွက်ဆိုခဲ့ရာ ဤဖြစ်ရပ်ကို ပြန်ပြောရသည့်အချိန်တွင် ကျွန်ုပ်၏ အသံမှာ ဆို့နင့်၍ ဝင်သွားခဲ့သည်။ ထိုမှသာမက ဟိုတယ် အစားအသောက် စာရင်းများကိုကြည့်ရာတွင် 'နေ့လယ်စာ' ဟူသော စကားရပ်ကို တွေ့ရသည့် အခါတိုင်း ဤဖြစ်ရပ်ကို ကျွန်ုပ်သတိရခဲ့သည်။

ကျွန်ုပ်သည် တွေ၍ငြိမ်သက်ပြီး အတိတ်ဖြစ်ရပ်ကို တွေးတောနေစဉ် ပိုး(လ်)သည်လည်း ငြိမ်၍ကျွန်ုပ်အား အကဲခတ်နေသည်။ သူသည် နိုင်ကွက် ဖြင့်ကစားနေနိုင်သူ မဟုတ်လော။

သို့သော် ကျွန်ုပ်သည် တစ်ချက်မျှ မော့ကြည့်လိုသဖြင့် – "ခင်ဗျား မှားနေပြီ ထင်တယ်။ ကျွန်တော် သိရသလောက်တော့ သူဟာ ခုထိ အာဂျင် တီးနား မှာရှိနေတယ်" ဟုပြောလိုက်သည်။

ပိုး(လ်) က သူ့ဘက်မှ အောင်နိုင်မှုရပြီ ဟုသိလိုက်သည့်ဟန်ဖြင့် – "လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းက သူ့ကို ဘာလင်မှာ တွေ့ထားတယ်" ဟု ပြောလိုက်သည်။





"ဘယ်သူက မြင်တာလဲ"

"ခုံရုံးက သက်သေတစ်ယောက်ကမြင်တာ"

"ဒါဖြင့် ကျုပ် အဲဒီလူနဲ့ စကားပြောကြည့်ဦးမယ်လေ"

"ဒါဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး ကွီးလား။ သူဟာ ကျုပ်တို့ကို သတင်းပေးလိုက်ပြီးတဲ့ နောက်တစ်ရက်မှာပဲ သူတည်းတဲ့ ဟိုတယ်ရဲ့ ၁၀ ထပ်က လိမ့်ကျပြီး သေသွားပြီ"

"အိုး(လ်)ဘရစ်(ချ်) ကို ပြောတာလား" ဟု ကျွန်ုပ်က ပြန်မေးလိုက်ရာ သူက "ဒါပေါ့" ဟုဖြေလိုက်သည်။

"သူ့ လူမှားပြောတာ ဖြစ်မှာပါ"

"မဟုတ်ဘူးလေ၊ သူဟာ စိုးဆန်ကို ကောင်းကောင်းသိတာပေါ့။ ခင်ဗျားလည်း အသိသားနဲ့"

"ဒါဖြင့် စိုးဆန်ဟာ ကျွန်တော် ရှာဖွေဖော်ထုတ်ရမယ့် ဂိုဏ်းထဲမှာ ပါတဲ့ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးပေါ့"

"ဟုတ်တယ်လေ၊ သူဟာ ခေါင်းဆောင်ပဲ၊ သူ့ကို ဦးတည်ရှာရမှာပဲ"

စိုးဆန်ကို ကျွန်ုပ် ရှုရှာမုန်းတီးလျက်ရှိကြောင်း ပိုး(လ်) ကောင်းကောင်း သိထားသည်။ ဖြစ်နိုင်ပါက သူ့ကို ဖော်ထုတ်၍ ခုံရုံးတင်စစ်ဆေးပြီး ကြိုးပေး သည်ကို တွေ့မြင်လိုသည့် ကျွန်တော့်ဆန္ဒကိုလည်း သူရိပ်စားမိနေသည်။

ယခုအခါတွင် ကျွန်ုပ်မှာလည်း တာဝန်သစ်ကို လိုလိုလားလား အား တက်သရောလက်ခံလိုသည့် စိတ်တို့ ဖြစ်ပေါ်လာပြီ ဖြစ်သည်။ ထို့ပြင် ပိုး(လ်) ကိုလည်း စစ်မှန်သော မိမိအဖွဲ့သားတစ်ဦးအဖြစ် ယုံကြည်စိတ်ချလောက်သည့် အနေအထားရှိနေပြီ ဖြစ်ရာ မည်သို့မျှ မိမိကိုယ်မိမိ ထိန်းချုပ်ခြင်း မပြုတော့ဘဲ အလုံးစုံသော အရ ပြောရမည့်စကားများကို တဲ့တိုးပြောချလိုက်သည်။

"ကဲပါ … ပိုး(လ်) ရယ်၊ ကျုပ်လဲ မောပန်းနွမ်းနယ်နေတယ်။ ကျုပ် ဆောင်ရွက်ရမယ့်လုပ်ငန်းနဲ့ ပတ်သက်လို့ သိသင့်သိထိုက်တဲ့ နောက်ခံအခြေ အနေကို လိုအပ်သလောက်ပြောပြပြီး ကျုပ်ကို လွတ်လွတ်လပ်လပ် လှုပ်ရှား ခွင့်သာ ပေးပါတော့"

ချက်ချင်းပင် ပိုး(လ်) သည် အသံသွင်းစက်ကို ပြန်ဖွင့်လိုက်သည့် အလား ပြောစရာရှိသည့် စကားများကို သူ့ပါးစပ်မှ စီကာစဉ်ကာ အဆက်မပြတ် ပြောချလိုက်သည်။

"ဂျာမနီနိုင်ငံအတွင်းမှာ မှတ်ပုံတင်အထောက်အထားအတုတွေနဲ့ ပုန်း ရှောက်နေပြီး နေကြတဲ့ နာဇီအရာရှိဟောင်းတွေဟာ ထောင်ပေါင်းများစွာရှိနေ တယ်လို့ ကျုပ်တို့ သတင်းရထားတယ်။ စစ်အတွင်းက ဟာစ်တလာရဲ့ နာဇီအရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိ အများအပြားဟာ ခုအခါမှာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံရဲ့ မြင့်မားတဲ့ စစ်ဘက်နယ်ဘက် ရာထူးကြီးများကို စိမ့်ဝင်ပြီး ယူနေကြတယ်။ အချို့ဆိုရင် ဂျာမန်စစ်ဦးစီးဌာနက သူတို့နောက်ကြောင်း အခြေအနေတွေကို ကောင်းကောင်း သိရက်နဲ့ စစ်ဘက်ရာထူးကြီးတွေ ပြန်ပေးခြင်း ခံနေရတယ်"

ပြည်ထောင်စုဂျာမနီ အစိုးရရဲ့ထောက်လှမ်းရေးအဖွဲ့ဟာလဲ သူတို့နဲ့ ပြည့်နက်နေပြီလို့ သတင်းရတယ်။ ခုဆိုရင် ဂျာမန်စစ်ဦးစီးဌာနချုပ် တစ်ခုလုံးဟာ စိတ်ဓာတ်ပြင်းထန်တဲ့ နာဇီခေါင်းဆောင်ဟောင်းတွေရဲ့ အင်အားဗဟိုချက်မလို ဖြစ်နေတယ်လို့ ဆိုတယ်။ သူတို့ဟာ အခွင့်အရေးရရင် ရသလို သူတို့ရဲ့ အဆောက်အအုံကို တိုးချဲ့ဖို့ ကြိုးပမ်းနေကြတယ်။ အကယ်၍သာ ..." ကျွန်ုပ်က ကြားဖြတ်လိုက်ပြီး "ဒီမှာ ပိုး(လ်) ဒီအချက်အလက်တွေဟာ ခင်ဗျားကို ဘာလင်ပြူရိုက ပေးတဲ့ သတင်းအချက်အလက်တွေလား"

"အင်းပေါ့၊ ကျုပ်ကလဲ ခင်ဗျားလိုပဲ အထက်က ချပေးလိုက်တဲ့ အလုပ်ကို အကောင်အထည်ဖော်ရတဲ့လူပဲ။ ဦးဆောင်လမ်းညွှန်ရသူ မဟုတ်ဘူးလေ။ ဒီတော့ သူတို့ပေးတဲ့ အချက်အလက်ကို ယူလာရတာပေါ့"

"အင်းလေ၊ ကျုပ်အနေနဲ့ ခုပေးတဲ့ တာဝန်သစ်ကို နေ့ရောညပါ စိတ်အားထက်ထက်သန်သန်နဲ့ အကောင်အထည်ဖော်ဖို့ဆိုရင်၊ ပထမဆုံး သူတို့ အယူအဆတွေကို ဘဝင်ကျကျခံယူလေ့လာနိုင်အောင် အတော့်ကိုပဲ အချိန်ယူ ကြိုးစားရဦးမယ်"

"နူရင်ဘတ်ခုံရုံးမှာ အမေရိကန်ရှေ့နေ တစ်ဦးပြောခဲ့တာ ခင်ဗျား မှတ်မိမှာပေါ့။ ဂျာမန်စစ်ဝါဒဟာ ကမ္ဘာစစ်တစ်ခုကို ဖန်တီးဖို့ ဘယ်နည်းနဲ့မဆို ကြိုးပမ်းမှာပဲဆိုတာလေ။ ဂျာမန်စစ်ဦးစီးဌာနအတွင်းမှာ နာဇီတွေ စိမ့်ဝင်နေတာကို ဒီအတိုင်း လွှတ်ထားရင် တစ်နေ့မှာ ဒီအခြေအနေမျိုး ဖြစ်မလာဘူးလို့ ခင်ဗျား ပြောနိုင်မလား၊ စစ်ကြီးအပြီး ၁၀ နှစ်တောင်မကြာသေးတဲ့အချိန်တုန်းက နာဇီ ဗိုလ်ချုပ်ကြီး ကီဆဲလ်ရင်းကို ထောက်ခံတဲ့ စစ်သားတွေက လူစုပြီး ဆန္ဒပြကြတာကိုရော ခင်ဗျား မှတ်မိသေးသလား။ အဲဒီတုန်းက စောစောနှိမ်နင်းလိုက်လို့သာပေါ့။ နို့မို့ရင် ခုအချိန်လောက်ဆိုရင် အခြေအနေတွေဟာ ထိန်းလို့မရလောက်အောင်ဖြစ်နေမှာ သေချာတာပေါ့။ ခုတောင် ခင်ဗျားကြည့်လေ၊ စစ်ရာဇဝတ်ကောင်တွေကို ဖော်ထုတ်စစ်ဆေးရတာပိုပြီး ခက်ခက်လာနေပြီ။ ဖွဲ့ချက်တင်ပြီး အပြစ်ရှိကြောင်းတွေ့ရတဲ့ လူတွေကိုတောင် ဟိုတုန်းကလို ကြိုးမပေးတော့ဘူး။ ဒါတင်မကသေးဘူး။ သက်သေလိုက်တဲ့သူတွေတောင် ပြန်အသတ်ခံနေရပြီလေ။ အခြေအနေတစ်ခုလုံးဟာ တစ်ဆစ်ချိုးပြောင်းလဲနေပြီလေ"





ထိုစဉ် စားသောက်ခန်းမမှ အလင်းရောင်များသည် တဖြည်းဖြည်း မှိန်သွားပြီး စင်မြင့်ပေါ်သို့ မိန်းကလေးတစ်ဦး တက်လာပြီး သီချင်းဆိုနေသည်။

ပိုး(လ်)မှာ ဦးခေါင်းကို အောက်သို့စိုက်၍ ငြိမ်သက်နေသည်။ ဆွဲဆောင်သိမ်းသွင်းသည့် လုပ်ငန်းမျိုးကို ပြုလုပ်ရာတွင် ဆွဲဆောင်သူသည် ဆွဲဆောင်ခံရသူက မိမိ၏တင်ပြချက်နှင့် အခြေအနေများကို စိစစ်သုံးသပ်နိုင်စေရန်နှင့် တစ်ဆင့်ပြီးတစ်ဆင့် လက်ခံလာစေရန်အတွက် လုံလောက်သော အချိန်ပေးရမည် ဖြစ်ကြောင်း သူကောင်းစွာ နားလည်ထားသည်။

သူသည် ကျွန်ုပ်၏ အခြေအနေကို အကဲခတ်လျက်ရှိသည်။ အချိန်အတော်ကြာမှ သူ့ခန္ဓာကိုယ်ဖက်စနေရာတွင် ဝှက်ယူလာသော ပလတ်စတစ် လက်ကိုင်အိတ်ကြီးကို ထုတ်ယူလိုက်သည်။ ထိုအိတ်ကို သူ့အပေါ်အင်္ကျီ အောက်ကွင် ထည့်ယူလာခြင်း ဖြစ်ပေလိမ့်မည်။ သူသည် ထိုအိတ်ကြီးကို ကျွန်ုပ်၏ပေါင်ပေါ်သို့ တင်လိုက်သည်။

"ကျုပ် ဒီအိတ်ကို ခင်ဗျားဆီမှာ ထားပစ်ခဲ့မယ်" သူသည် ဒါပဲပြောသည်။

ထို့နောက်တွင်မှ ရှေ့လုပ်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ –

"ကျုပ်ခင်ဗျားအတွက် လျှို့ဝှက်အကာအကွယ်ပေးမယ့် လူတစ်ဦးစီစဉ်ပေးထားမယ်။ နောက်ပြီး လိုအပ်ရင် ကိုယ်ပွားတစ်ဦးလဲ ပေးထားမယ်" ဟု ပြောလိုက်သည်။

"ကျုပ်အတွက် လျှို့ဝှက်အကာအကွယ်ပေးမယ့်လူ မလိုပါဘူး"

"ဒါဖြင့် ခင်ဗျား ကျဉ်းထဲကျပ်ထဲ ကျသွားရင် ဘယ်လိုလုပ်မလဲ"

"ကျုပ်နည်းနဲ့ကျုပ် ရုန်းထွက်မှာပေါ့"

"ခင်ဗျား ခုယူရမယ့်တာဝန်နဲ့ ပတ်သက်ပြီး အခက်အခဲနဲ့ အန္တရာယ်တွေကို ကြိုတွက်ကြည့်ပြီးပလား"

"ကော၊ အဲလ်၊ ဂျေဟာ လျှို့ဝှက်အကာအကွယ်ပေးတဲ့လူ အသုံးပြုခဲ့သလား"

"သုံးခဲ့တာပေါ့။ ဒါပေမယ့် အဝေးကနေ သေနတ်နဲ့ ပစ်တာကို အကာအကွယ်ပေးဖို့ အတော်ခက်တယ်လေ"

"ဒါပဲပေါ့။ သူတို့ဟာ ကျုပ်ကို ရှင်းပစ်လိုက်ဖို့ အခြေအနေရှိလာပြီဆိုရင်လဲ ဒီလိုနည်းနဲ့ပဲ ရှင်းကြမှာပေါ့။ ဒီတော့ အကာအကွယ်ပေးသူ မထားပါနဲ့ ပိုး(လ်)၊ ကျုပ်မသိအောင်လဲ မထားပါနဲ့၊ ကျုပ်တစ်ဦးတည်း လွတ်လွတ်လပ်လပ် လှုပ်ရှားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စကားပြောပြီးနောက် ညှောင်း၍ခြေထောက်ကို လှုပ်လိုက်ရာ ကျွန်ုပ်၏ပေါင်ပေါ်တွင် သူတင်ထားသောအိတ်မှာ အောက်သို့ကျသွားသည်။ ကျွန်ုပ်က ပြန်မကောက်ဘဲ ဒီအတိုင်း ထားလိုက်သည်။

"ဒီလုပ်ငန်းမှာ ခင်ဗျားစိတ်ချလက်ချ ဆက်ဆံနိုင်တဲ့ လူနှစ်ဦးရှိတယ်။ သူတို့ကတော့ ..."

"အို ... ဘယ်သူမှ မလိုပါဘူးဗျာ"

ကျွန်ုပ်က ငြင်းသော်လည်း သူကတော့ ပြောစရာရှိသည်ကို ဆက်၍ပြောနေသည်။ "သူတို့ကတော့ အမေရိကန်လူမျိုးဖြစ်တဲ့ ဖရန့်ဘရန်းနဲ့ ဂျာမန်လူငယ်တစ်ဦးဖြစ်တဲ့ လန့်ဒ်ဟောင်ဂ်လ်တို့ ဖြစ်တယ်။ သူတို့ဟာ —"

"အို ... သူတို့ ကျုပ်အနားကို မကပ်ပါစေနဲ့ဗျာ"

ကျွန်ုပ်က သူ့စကားကို ဖြတ်၍ပြောလိုက်ပြန်သည်။

"ပြီးတော့ ခင်ဗျားအတွက် အဓိက ဆက်သွယ်ရမယ့် လူတစ်ဦး ထားပေးထားတယ်"

"အသာ ဖယ်ထားလိုက်စမ်းပါဗျာ"

"သူကတော့ ကျုပ်ကိုယ်တိုင်ပဲ၊ ကျုပ်ဟာ ခင်ဗျားအဓိက ဆက်သွယ်ရမယ့် လူပဲ"

ကျွန်ုပ်သည် အခြေအနေအရပ်ရပ်ကို စဉ်းစားကြည့်မိသည်။ ကျွန်ုပ်၏ သဘောထားမှာ လုပ်ငန်းတစ်ခုကို တာဝန်ယူရပါက မိမိစိတ်ကြိုက်အနေအထားဖြင့် လွတ်လွတ်လပ်လပ် တာဝန်ယူလိုသည်။ ချာရင်တန်လဲ အသက်ခံရပြီ၊ သူ့နေရာမှာ အစားထိုး ခန့်ရာယူခဲ့သူ လင်းဗေး၊ ဂျူးလဲ သေပြီ။ ကျွန်ုပ်ပြီးလျှင် မည်သူလာဦးမည်နည်း။ ၆ လ လုံးလုံးပင်ပန်းကြီးစွာ တာဝန်ထမ်းဆောင်ပြီးနောက် ခေတ္တခဏမျှပင် နားခွင့်မပေးဘဲ တာဝန်သစ်ကို ပေးခဲ့သည်။ ကျွန်ုပ်၏ အတွေ့အကြုံ ရင့်ကျက်မှုကြောင့်လော။ လွယ်လွယ်ကူကူ တာဝန်ပေး၍ ရနိုင်သည့် အတွက်လော။ လန်ဒန်က 'ကိုယ်တော်ကြီးများ' ၏အမြင်တွင် ကွီးလားဆိုသော သူသည် မိုဆန်ဟူသော အမည်ကို ပြောလိုက်ရုံဖြင့် ကောက်ကောက်ပါအောင်လိုက်လာလိမ့်မည်ဟု ထင်ကြပေလိမ့်မည်။ ထို့ကြောင့်လည်း ဒီ ပိုး(လ်) ဆိုသောသူကို လွှတ်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။

မှန်လည်း မှန်ပေသည်။ သူတို့ပြောသည့် နာဇီဝါဒပြန်လည် ဆန်းသစ်ခြင်းသည် ကျွန်ုပ်၏ စိတ်ကို မဆွဲဆောင်နိုင်သော်လည်း၊ မိုဆန်တစ်ယောက် ဘာလင်သို့ ပြန်ရောက်နေသည်ဟူသောအချက်ကမူ ကျွန်ုပ်ကို စိန်ခေါ်မှုတစ်ခု ပေးလိုက်သကဲ့သို့ ဖြစ်သည်။





အမှန်စင်စစ် လန်ဒန်ဌာနချုပ်သည် ဤတာဝန်အတွက် ကျွန်ုပ်ကို ရွေးချယ်ခဲ့ခြင်းသည် သဘာဝကျသည်။ ကျွန်ုပ်သည် နာဇီစစ်ရာဇဝတ်ကောင်များ စစ်ဆေးရေးဆိုင်ရာ ဟန်နိုဗာရုံးသို့ ရာဇဝတ်ကောင်များ ရှာဖွေဖော်ထုတ် တရားစွဲတင်ရသည့်လုပ်ငန်းကို ၆ လတာမျှ တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံအစိုးရ၏ နာဇီရာဇဝတ်ကောင်များ စစ်ဆေးရေးဆိုင်ရာ ရှေ့ဆော်မရှင် (ဓကၢ်ကော်မရှင်)နှင့် တရားဝင်ပူးတွဲလုပ်ဆောင်ခဲ့ရသည့် သဘောဖြစ်သော်လည်း ကျွန်ုပ်၏ အလေ့အကျင့်အရ လျှို့ဝှက်၍ လွတ်လွတ်လပ်လပ် လှုပ်ရှားသည့်နည်းကိုသာ ကျင့်သုံးခဲ့သည်။ ထို့ကြောင့်လည်း တာဝန်ပြီးဆုံးသည့်အချိန်တွင် ကျွန်ုပ်သည် နာဇီအရာရှိဟောင်းများနှင့် ဘာလင်မြို့အကြောင်း နှံ့စပ်ကျွမ်းကျင်အောင် သိရှိနေသော်လည်း သူတို့အတွက်မူ ကျွန်ုပ်သည် လူစိမ်းသက်သက် ဖြစ်နေခဲ့သည်။ ဤအခြေအနေသည် တာဝန်သစ်ကို ထမ်းဆောင်ရာတွင် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်လိမ့်မည်ဟု ဌာနချုပ်မှ မှန်းကန်စွာ သုံးသပ်မိပုံရသည်။

ပိုး(လ်) သည် ကျွန်ုပ်နှင့်တွေ့စ ပထမပိုင်းတွင် တာဝန်သစ်ကို ကျွန်ုပ်က ငြင်းပယ်လိမ့်မည်လောဟု စိုးရိမ်ပုံရသည်။ သို့သော် သူသည် ဤလုပ်ငန်းမျိုးတွင် အတွေ့အကြုံများသူဖြစ်ရာ အထက်မှပေးအပ်သော တာဝန်ကို မဖြစ်မနေပြီးမြောက်အောင် ထမ်းဆောင်နိုင်သူဖြစ်သည်။ တာဝန်ကို ကျွန်ုပ်လက်ခံပြီဟု သေချာသည့်အခါတွင်မှ ပလတ်စတစ်အိတ်ကြီးကို ကျွန်ုပ်၏ပေါင်ပေါ်သို့ တင်ပေးလိုက်ခြင်းဖြစ်သည်။ ထိုအိတ်ကြီးထဲတွင် ဌာနချုပ်ဖိုင်တွဲများတွင် စုဆောင်းမှတ်တမ်းတင်ပြီးသမျှသော လုပ်ငန်းနှင့် သက်ဆိုင်သည့်အကြောင်းအရာများ၊ အချက်များနှင့် ထင်မြင်ချက်သဘောထားများ ပါဝင်မည်မှာ သေချာသည်။

ကျွန်ုပ်သည် အသစ်ရယူရမည့် လုပ်ငန်းတာဝန်အကြောင်းကို စဉ်းစားပြီးနောက် ကျွန်ုပ်တို့နှစ်ဦး မခွဲခွာမီ ပြောလိုသည့်စကားများကို ပြောရန်အတွက် "ပိုး(လ်)" ဟုခေါ်လိုက်သည်။

သူသည် လက်ကိုပိုက်၍ ဦးခေါင်းကို တစ်ဘက်သို့လှည့်ပြီး ကဖွဲ့ကိုကြည့်နေရာမှ ကျွန်ုပ်ဘက်သို့ ဦးခေါင်းကို ဖြည်းညင်းစွာ ပြန်လှည့်လိုက်သည်။

"ကျုပ်တယ်လီဖုန်းကို ဘယ်တော့မှ ဖြတ်ပြီးနားမထောင်ဖို့ လန်ဒန်ဌာနချုပ်နဲ့ ဘာလင်ဌာနခွဲတို့ကို အကြောင်းကြားပေးဖို့ မမေ့ပါနဲ့ ပိုး(လ်) — တယ်လီဖုန်း အဆက်အသွယ်ပြုတဲ့အခါ ထူးခြားတဲ့ အသံမျိုးကို သတိထားမိရန်သူရဲ့လက်ချက်ပဲဆိုတာ ကျုပ်တစ်ခါတည်း တန်းပြီးသိနိုင်အောင်ပဲ"

"ကောင်းပါပြီဗျာ၊ စိတ်ချပါ"

"ပြီးတော့ အကာအကွယ်ပေးမယ့် လူကိုလဲ တာဝန်ချထားဖို့ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဟုတ်ပြီ။ နောက်ကော ..."

"အညွှန်းလွှင့်သတင်းပေးတဲ့ အစီအစဉ်ကိုလဲ"

"စိတ်ချ။ ဒါလဲ ရအောင်လုပ်ပေးမယ်ဗျာ"

သူ ပြန်လည်မထွက်ခွာမီ ကျွန်ုပ်က သူ့ ဓာတ်ပုံကို အလိုရှိကြောင်း ထုတ်ပြောလိုက်ရာ သူသည် အပေါ်အင်္ကျီ၏ အတွင်းအိတ်ထဲမှ နှိုက်၍ ထုတ်ပေးသည်။

ကျွန်ုပ်သည် ဆေါင်ပေါ်မှ အောက်သို့ကျသွားသော ပလတ်စတစ်အိတ်ကြီးကို ကောက်ယူပြီး ဖွင့်လိုက်သည်။ ပလတ်စတစ်စက်တပ်ထားသော အိတ်မျိုးဖြစ်၍ အသံမမြည်ဘဲ ဖွင့်၍ ရသည်။ အိတ်အတွင်းတွင် အနက်ရောင်အဖုံးဖြင့် နိုင်တစ်ခုကို တွေ့ရသည်။ ၎င်းသည်မှာ ကျွန်ုပ်အသုံးပြုရမည့် မှတ်တမ်းဖိုင်ပင်ဖြစ်သည်။ ဖိုင်အဖုံးတွင် ကျွန်ုပ်အမည်ကို အမှတ်အမှတ်အသားပြုသည့် အင်္ဂလိပ်အက္ခရာ 'ကျူ' စာလုံးတစ်ခုသာ ပါသည်။

ကျွန်ုပ်သည် ပိုး(လ်)၏ ဓာတ်ပုံကို ထိုဖိုင်တွဲထဲသို့ ထည့်လိုက်ပြီး အိတ်ကို ပြန်ပိတ်လိုက်တော့သည်။

(၃)

ကျွန်ုပ်သည် ကပွဲမှ ပိုး(လ်)ထက် တစ်မိနစ်ခန့် ကြို၍ ထွက်ခဲ့သည်။ သို့သော် အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းရာတွင် ကျွန်ုပ်လှေကား၏ အောက်ဆုံးအဆင့်သို့ရောက်ရှိချိန်၌ လှေကားအထက်ပိုင်းရှိ မှန်ထဲသို့ ကြည့်လိုက်ရာ သူသည် လှေကားထိပ်တွင် ရောက်နေသည်ကို တွေ့ရသည်။ အလင်းရောင်အားကောင်းသော နေရာဖြစ်၍ မှန်ထဲမှပင် သူ့မျက်နှာကို အသေးစိတ် ကြည့်ရှု မှတ်သားလိုက်သည်။

အပြင်တွင် စောစောပိုင်းက ဆီးနှင်းများကျထားသဖြင့် လမ်းများသည် နှင်းခဲများဖုံးလျက် ရှိသည်။ နှင်းခဲများသည် မော်တော်ကားဘီးများနှင့် ဖိကြိတ်ထားသဖြင့် အချို့နေရာများတွင် ရေခဲတုံးများကဲ့သို့ ဖြစ်နေသည်။

ဗလဆိပ်ဟိုတယ်မှ ကျွန်ုပ်နေထိုင်ရာ ဟိုတယ်သို့ လမ်းလျှောက်သွားပါက (၁၅) မိနစ်မျှသာ ကြာနိုင်သည်။ ပလက်ဖောင်းပေါ်မှ လမ်းလျှောက်သွားစဉ် နှင်းခဲများကို နင်းလိုက်တိုင်း ကျွိခနဲ ကျွိခနဲ အသံပေါ်ထွက်လာသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ ကျွန်ုပ်ကို အကာအကွယ်ပေးရန် တာဝန်ချထားသူများအနက် ၄ ဦးရှိနေသေးသည်ကို တွေ့ရသည်။ သူတို့သည် ဗလဆိပ်တာပွဲရုံ အထွက်မှစ၍ ကျွန်ုပ်နှင့် ခပ်လှမ်းလှမ်းမှ ခွာ၍လိုက်လာနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တာဝန်ကျေကျေ အလုပ်လုပ်နေကြခြင်း ဖြစ်သည်။ အကာအကွယ်ပေးခြင်းသူများ တာဝန်ချထားသည့် စနစ်သည် အကျိုးမရှိသော လုပ်နည်းလုပ်ဟန်တစ်ခု ဖြစ်သည်။ ကျွန်ုပ် ကပွဲရုံအတွင်းသို့ ဝင်သွားပြီးနောက်တွင် ကျွန်ုပ်၏ လုံခြုံရေးသည် စိတ်ချရပြီဟု သူတို့ထင်ကြသည်။ ပိုး(လ်) ဆိုသောသူအည်သာ ရန်သူအင်အားစုဘက်မှဆိုပါက ကျွန်ုပ်၏ ကိုယ်ခန္ဓာအတွင်းသို့ ဓားအသွားကို အသာကလေး ထိုးသွင်းလိုက်နိုင်မည်မှာ သေချာသည်။

ဟိုတယ်သို့ အပြန်လမ်းတွင် ညဥ့်နက်ပိုင်းအထိ ဖွင့်သောဆိုင်အချို့၌ တင်ရောင်းနေသည့် ညနေထုတ်သတင်းစာများကို ကြည့်လိုက်ရာ အီဝဲ၊ ဗီတာ၏ပုံကို သတင်းစာမျက်နှာပုံးတွင် လှမ်းမြင်လိုက်ရသဖြင့် တစ်စောင်ဝယ်လိုက်သည်။

ဗီတာသည် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံအစိုးရ ဝန်ကြီးချုပ်အား ဟတ်(ဒ်)၏ လုံခြုံရေးအတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်သည်။ လွန်ခဲ့သောလက ဝန်ကြီးချုပ် အားဟတ်လန်ဒန်သို့ သွားရောက်စဥ်က ဧည့်ခံပွဲသတင်းဓာတ်ပုံတွင် သူ့ပုံကို တွေ့လိုက်ရသေးသည်။ ယခု သူ့ကို ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးအမြောက်အမြားသတ်ခဲ့မှုဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်သည်။ ဝန်ကြီးချုပ် အားဟတ်သည် သူ့လုံခြုံရေးအရာရှိအကြောင်း မည်မျှသိသနည်း။ မည်သူ (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းက သူ့ကို ဤနေရာတွင် တာဝန်ပေးခဲ့သနည်း။ စဥ်းစားဖွယ်ရာများ ဖြစ်သည်။

ယခု ဗီတာကို နာဇီရာဇဝတ်ကောင်များ စုံစမ်းစစ်ဆေးရေး ကော်မရှင် (ဆက်တော်မရှင်) က ဖမ်းဆီးခြင်းဖြစ်သည်။ ဤဌာန၏ အဓိကတာဝန်မှာ နာဇီရာဇဝတ်ကောင် အကြွင်းအကျန်များကို ဖော်ထုတ်ဖမ်းဆီးရန်ဖြစ်ရာ 'ဇက်' ကော်မရှင်သည် သူ့တာဝန်ကို သူကျေပွန်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ သို့သော် ဤအဖွဲ့၏ ထိပ်ပိုင်းနေရာများတွင်ပင် နာဇီအရာရှိဟောင်းများ စိမ့်ဝင်နေရာယူထားလျက်ရှိရာ အောက်အဆင့်မှ တာဝန်ခံများသည် တာဝန်ကို ထိရောက်စွာ ထမ်းဆောင်မှုအတွက် မျက်နှာမရခြေကျောက်ချကြမည့်အခြေအနေမျိုး ဖြစ်နေသည်။

မနေ့ကပင် 'ဇက်' ကော်မရှင်သည် အနောက်ဂျာမနီဒုက္ခသည်များဆိုင်ရာ ဝန်ကြီးဟန်(စ်)ကရူဝါကို ဖမ်းဆီးခဲ့သေးသည်။ အကြောင်းပြချက်မှာ သူသည် စစ်အတွင်းက ပိုလန်နိုင်ငံတွင် နာဇီအထူးခုံရုံးတစ်ခု၌ တရားသူကြီးတစ်ဦးအဖြစ် ထမ်းဆောင်ခဲ့ဖူးသည်ဟူသော အထောက်အထားများ ခိုင်ခိုင်မာမာ တွေ့ရှိရသောကြောင့် ဖြစ်သည်ဟု ဆိုသည်။





ကျွန်ုပ်သည် 'ဇက်' ကော်မရှင်၏ ခြေသွက်လက်သွက်ရှိနေပုံများကို စဥ်းစားရင်းက ဂူ(ဝ်)ဘတ်ဥယျာဥ်တွင်းသို့ ချိုးဝင်လိုက်သည်။ ထို့နောက် ဥယျာဥ်အတွင်းရှိ အလှပြရေပန်းခုံကြီးအနီးမှ ဖြတ်၍လျှောက်ခဲ့သည်။ ညနေပိုင်းက ရောင်စုံနောက်ခံမီးများအလယ်တွင် လှပစွာရေများ တဖွားဖွား ပန်းထွက်နေသော ရေပန်းခုံကြီးတွင် အလိပ်လိုက် အလိပ်လိုက်၊ အလွှာလိုက် အလွှာလိုက် ရှိနေသော ရေခဲအတုံးအခဲနှင့် အမျှင်အတန်းများကိုသာ တွေ့ရတော့သည်။ ရှေ့ကိုက် ၂၀ ခန့်ဆက်လျှောက်ခဲ့ရာ ပန်းချုံကြီးတစ်ခု၏ မှောင်ရိပ်ကိုတွေ့ရသဖြင့် ထိုမှောင် ရိပ်တွင်ဝင်ခိုပြီး ခိုးချောင်းလိုက်သည်။ ထို့နောက် ပန်းချုံရှေ့သို့ ပထမဆုံး ဖြတ်လျှောက်လာသူအား မှောင်ရိပ်မှစူးစမ်းအကဲခတ်လိုက်ပြီး အလင်းရောင်အတွင်းသို့ ထွက်လိုက်သည်။ ထို့နောက်သူနှင့် မျက်နှာချင်းဆိုင် အနေအထားမှ တွေ့လိုက်ပြီး ဂျာမန်ဘာသာဖြင့် ပြောလိုက်သည်။

"ဘာလင်ဌာနခွဲကို အကြောင်းကြားပေးပါ၊ ကျုပ် ပိုး(လ်)နဲ့ တွေ့ပြီးပြီလို့။ ခုအချိန်ကစပြီး ကျုပ်ကို အကာအကွယ်ပေးဖို့ တာဝန်ပေးထားသူအားလုံးကို ရုတ်သိမ်းပေးဖို့ ပြောပါ။ ဒါဟာ အရေးကြီးအဆင့်အတန်းရှိတဲ့ တာဘဝန်ဖြစ်တယ် - ဒါပဲ"

ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်၏ လက်ကြားတွင်ညှပ်ထားသော စီးကရက်ကိုပါးစပ်တွင် တပ်လိုက်ရာ သူကချက်ချင်းပင် မီးခြစ်ကိုထုတ်၍ မီးညှိပေးလိုက်သည်။

ထို့နောက် သူက "ဘာလင်ဌာနခွဲက အတည်ပြုချက်ယူပြီးမှ ကျွန်တော်တို့ရဲ့ အကာအကွယ်ပေးရေး လုပ်ငန်းကို ရုပ်သိမ်းရမှာလား" ဟု မေးလိုက်သည်။

"မြန်လေကောင်းလေပဲ၊ အခြားသူတွေကိုတော့ ဌာနခွဲက ခင်ဗျားအတည်ပြုချက် မရမချင်း သူတို့လုပ်ငန်းကို သူတို့ ဆက်လုပ်ပါစေ၊ အတည်ပြုချက်ရတာနဲ့ တစ်ပြိုင်တည်း သူတို့ကိုလဲ ရုပ်သိမ်းလိုက်ပါ။ ဒီညသန်းခေါင်အချိန်ကစပြီး ကျုပ်လွတ်လွတ်လပ်လပ် လှုပ်ရှားချင်တယ်၊ ဒါပဲ"

ထို့နောက် ဆေးလိပ်မီးညှိပေးသည့်အတွက် ကျေးဇူးတင်ကြောင်း လေသံကိုမြှင့်၍ ခပ်ကျယ်ကျယ်ပြောပြီး တစ်ဘက်သို့ လှည့်ထွက်ခဲ့သည်။ စီးကရက်ကိုမူ ရှေ့မှောင်ရိပ်တစ်နေရာတွင် လွှင့်ပစ်လိုက်သည်။

ဟိုတယ်သို့ ပြန်ရောက်သည့်အချိန်တွင် ကျွန်ုပ်၏ တာဝန်သစ်နှင့် စပ်သက်၍ လုပ်ဆောင်စရာရှိသည်များကို တန်းစီပြီး စဥ်းစားကြည့်လိုက်သည်။ ပထမလုပ်ဆောင်ရမည့် အလုပ်မှာ နက်ဖြန်လန်ဒန်သို့ ထွက်မည့် လေယာဥ်ဆာ လေကြောင်းကုမ္ပဏီ၏ ခရီးစဥ်အမှတ် (၁၇၄) တွင် ကြိုတင်စာရင်းပေးထားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုဖျက်သိမ်းရန် ဖြစ်သည်။ ဤကိစ္စမှာ မလုပ်၍ မဖြစ်သောကိစ္စ ဖြစ်သည်။ လန်ဒန်ဌာနချုပ်မှ ပေးပို့ခဲ့သော "ကျူ" မှတ်တမ်းဖိုင်တွင် ကျွန်ုပ် ဘာလင်တွင် ဆက်လက်နေရမည်ဟူသော ညွှန်ကြားချက်မှာ အတိအကျပါဝင်ပြီး ဖြစ်သည်။

အနက်ရောင်အဖုံးတွင် 'ကျူ' အက္ခရာတစ်လုံးသာ ပါသောလန်ဒန်မှ ပေးပို့သည့် ကျွန်ုပ်၏လုပ်ငန်းဖိုင်ကို လှန်ကြည့်လိုက်သည်။ ပထမစာမျက်နှာ တစ်ခုတည်းတွင်ပင် ဟိန်းရစ်၊ ဗိုဆန်နှင့် အဆက်အသွယ်ရှိနိုင်မည့်သူတို့၏ အမည်များကို ကျွန်ုပ်၏ခေါင်းထဲတွင် စွဲမှတ်မိအောင် အကြိမ်ကြိမ်အဖန်ဖန် မှတ်သားလိုက်ပြီးနောက် ယင်းစာရွက်ကို မီးရှို့ရမည့်စာရွက်ပုံတွင် ထည့်လိုက်သည်။ ကျွန်ုပ်သည် ပေါ့ပေါ့ပါးပါး သွားလာလှုပ်ရှားလိုသည့် ဝါသနာနှင့် အလေ့အကျင့်ရှိရာ မှတ်တမ်းတွင် ဖော်ပြထားသော အချက်အလက်အားလုံးကို စိတ်တွင် အလွတ်ရပြီး စွဲထင်နေအောင် ပြုလုပ်၍ မီးလင်းသည်နှင့် တစ်ပြိုင်တည်း မှတ်တမ်းစာရွက်အားလုံးကို မီးရှို့ပစ်ရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သည်။

မှတ်တမ်းများကို အားလုံးလေ့လာပြီးနောက် အညောင်းဖြေရင်း အိပ်ရာပေါ်တွင် ပက်လက်လှန်လှဲလိုက်ပြီး လုပ်ငန်းနှင့် ပတ်သက်၍ ဆက်လက်စဉ်းစားကြည့်ပြန်သည်။ အထူးအရေးကြီးသည်မှာ ဘာလင်ဌာနခွဲမှ ဗိုဆန်၏ နာဇီလိုထားသောက်လှမ်းဖော်ထုတ်ရေး လုပ်ငန်းကို လောလောဆယ်တွင် အရှိန်အဟုန်လျှော့၍ လုပ်ဆောင်ရန်ဖြစ်သည်။ သို့မှသာ တစ်ဘက်ရန်သူ၏ တုန့်ပြန်မှုများသည်လည်း လျော့အေးပြီး ပေါ့ပေါ့တန်တန် သဘောထားမှုများ ဖြစ်လာနိုင်မည်။ ကျွန်ုပ်သည် ထိုအခြေအနေကို ကောင်းစွာ အသုံးချ၍ သူတို့၏ အတွင်းရေး၊ အပြင်ရေးများကို တဖြည်းဖြည်း တိုးဝင်ကြည့်ရမည် ဖြစ်သည်။

ယခုအချိန်ထိ ကျွန်ုပ် ဖော်ထုတ်နိုင်ခဲ့သော နာဇီရာဇဝတ်ကောင်များသည် 'အကောင်ငယ်' များသာ ဖြစ်သည်။ 'အကောင်ကြီး' များကို ဖော်ထုတ်ရန်အတွက် ကော်အဲလ်ဂျေအား တာဝန်ပေးခဲ့သော်လည်း သူ ယခု အသတ်ခံသွားရပြီ ဖြစ်သည်။ ဌာနချုပ်မှ ရှာဖွေဖမ်းဆီးရန် ဆန္ဒပြင်းပြနေသော 'အကောင်ကြီးများ' မှာ ဟစ်တလာ၏ ထိပ်တန်းလက်ထောက်များဖြစ်သူ ဘော်မန်၊ မူလာနှင့် နာဇီ ဝိုလ်ချုပ်ကြီး ရစ်မေ(စ်)တား တို့ ဖြစ်သည်။ သူတို့သည် ၁၉၄၅ ခုနှစ်တွင် ရုရှတပ်နီတော်၏ အမြောက်ဆံများကြားမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်ခဲ့ကြသော်လည်း သူတို့ခေါင်းဆောင်ကြီး ဟစ်တလာမှာမူ မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ပြီး မိမိအလောင်းကိုဝင် ဓာတ်ဆီလောင်း၍ ပြာကျသည်အထိ မီးရှို့စေခဲ့သည်။ အချို့သော နာဇီထိပ်တန်းခေါင်းဆောင်များသည် ဘာလင်မြို့ ဆင်ခြေဖုံးရှိ ဖလုဂါဖင် လေယာဉ်ကွင်းမှနေ၍ နာဇီခေါင်းဆောင်ကြီး ဟင်မလာ၏ အင်ဂျင် ၄ လုံးတပ် ကိုယ်ပိုင်လေယာဉ်ဖြင့် ထွက်ပြေးခဲ့ကြသည်။





ကျွန်ုပ်သည် ဖလုဂါဖင်လေယာဉ်ကွင်း အကြောင်းစဉ်းစားမိပြီးနောက် ပြတင်းပေါက်ဘက်သို့ လျှောက်သွားပြီး အပြင်သို့ ကြည့်လိုက်မိသည်။ ဟိုတယ် ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်ရာ ဖလုဂါဖင်လေယာဉ်ကွင်း၏ လေယာဉ် ပြေးလမ်းမှ မီးများကို အတိုင်းသားတွေ့မြင်နေရသည်။

ဘာလင်မြို့၏ ညဦးနက်သန်းကောင်ယံမြင်ကွင်းကို လှမ်းမျှော်ကြည့်လိုက်ရာမြို့ကြီးတစ်ခုလုံးသည် နှင်းခဲထုကြီးအတွင်း အိပ်မောကျနေသည်ကို တွေ့ရသည်။ ဤမြို့ကြီး၏ အတိတ်နှင့် ပစ္စုပ္ပန်ဖြစ်ရပ်များသည်လည်း နှင်းခဲများ အောက်တွင် နစ်မြုပ်လျက်ရှိပေမည်။ ဤအခြေအနေမျိုးတွင် ကျွန်ုပ်သည် ဘာ ကြောင့်လွန်ခဲ့သော အနှစ် ၂၀ ကျော်က ဖြစ်ရပ်များအတွက် ရေကြီးခွင်ကျယ်လုပ်ပြီး အလုပ်ရှုပ်နေရသနည်း။ ဂျာမနီနိုင်ငံသစ်သည် အတိတ်၏ ခါးသီးနာကျည်းဖွယ်ရှိလှသော ဖြစ်ရပ်များနှင့် ပတ်သက်၍ အမှန်တရားများကို သိလိုစိတ် ပြင်းပြနေသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုအမှန်တရားများကို ရင်ဆိုင်ပြီးနောက် နိုင်ငံ၏ သမိုင်းကဏ္ဍဟောင်းတစ်ရပ်ကို ပြည်ဖုံးကားချပြီး ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်လိုစိတ်လည်း ပြင်းပြလျက်ရှိသည်။ ကျွန်ုပ်တို့သည် ဂျာမန်ခေါင်းဆောင်သစ်များ၏ ထိုဆန္ဒကို လက်တွေ့ဖော်ဆောင်ရာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နေကြခြင်း ဖြစ်သည်။

သို့သော် ထိုဆင်ခြင်တုံတရားသည် လန်ဒန်ဌာနချုပ်မှ ပုဂ္ဂိုလ်များ၏ ဆင်ခြင်တုံတရားဖြစ်သည်။ ကျွန်ုပ်၏ ဆင်ခြင်တုံတရား မဟုတ်။ ကျွန်ုပ်၏ ဆင်ခြင်တုံတရားမှာ ဓာတ်ငွေ့ခန်းတွင် သေပွဲဝင်ကြရမည့်လူ ၃၀၀ ကို မသေမီ ဆုတောင်းခွင့်ကိုမျှ မပြုနိုင်လောက်အောင် သွေးအေးအေးဖြင့် ရက်စက်တတ်သည့် လူတစ်ဦး ကို လက်စားချေရန်ပင် ဖြစ်သည်။

ကျွန်ုပ်သည် လန်ဒန်မှ ပေးပို့သည့်မှတ်တမ်းပါ အချက်အလက်များကို အစီအစဉ်ပြုခြင်း၊ ဆက်စပ်ကြည့်ခြင်းနှင့် ခေါင်းထဲသို့ထည့်၍ ခိုင်မြဲအောင် မှတ်သားခြင်းလုပ်ငန်းတို့ကို ပြုလုပ်ခဲ့ရာ နံနက် (၃) နာရီတွင်မှ ပြီးဆုံးခဲ့သည်။

အိပ်ယာမဝင်မီ ပြတင်းပေါက်နားသို့ သွားရောက်၍ ပြင်ပလေကို တဝကြီး ရှူလိုက်သည်။ အိပ်မောကျနေသော ဘာလင်မြို့ကြီးကိုလည်း အပေါ်မှ စီး၍ ကြည့်လိုက်သည်။ ဤမြို့ကြီး၏ လမ်းကြိုလမ်းကြားပါမကျန် နေရာဒေသ အသီးသီးတွင် ကျွန်ုပ် လှည့်လည်လှုပ်ရှားဆောင်ရွက်ရမည့် လုပ်ငန်းများကို စဉ်းစားကြည့်မိသည်။ ကျွန်ုပ် ဆောင်ရွက်ရမည့်တာဝန်သည် လျှပ်တစ်ပြက် စစ်ဆင်ရေးပမာ လျင်လျင်မြန်မြန် လုပ်ချင်လုပ်၊ ထိုသို့ မလုပ်နိုင်ပါက အောင်မြင်ဖွယ် အလားအလာ မရှိသောလုပ်ငန်းမျိုးဖြစ်ကြောင်း ကျွန်ုပ် နားလည်ထားသည်။ အချိန်တစ်လမျှအတွင်း သူ့ကို တွေ့အောင်ရှာနိုင်လျှင်ရှာ၊ မရှာနိုင်ပါက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်လက် မကြိုးပမ်းဘဲ လုံးဝလက်မြှောက်အရှုံးပေးရမည့် လုပ်ငန်းမျိုးလည်း ဖြစ်သည်။

လန်ဒန်ဌာနချုပ်မှ ပေးပို့ထားသော ဖိုဆန်နှင့် အဆက်အသွယ် ရှိနိုင်သည့်လူ ၄၀ ကျော်ကို တစ်ဦးချင်းထိတွေ့စုံစမ်းခြင်းသည် အချိန်ယူရမည့် နည်းလမ်း ဖြစ်သည်။ 'ကျူ' မှတ်တမ်းကို ဖတ်ကြည့်ရုံဖြင့် လန်ဒန်ဌာနချုပ်က ဖြိုခွင်းရန် တာဝန်ပေးခဲ့သော နာဇီလက်သစ်ဂိုဏ်းတွင် ဖိုဆန်သည် အဓိက ခေါင်းဆောင်ဖြစ်ကြောင်း ထင်ရှားသည်။ သူ့ကို အလဲထိုးနိုင်ပါက ဂိုဏ်းတစ်ခုလုံး ပြိုကျသွားနိုင်သည်ကိုလည်း ကျွန်ုပ် နားလည်လိုက်သည်။ ထို့ကြောင့် သူ့ကို တိုက်ရိုက်ထိတွေ့နိုင်အောင် ကြိုးပမ်းခြင်းသည် အထိရောက်ဆုံးနှင့် အမြန်ဆုံး နည်းလမ်းဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်။

ဘာလင်မြို့သူမြို့သား လူ ၃.၅ သန်းထဲမှ တစ်ဦးသောသူကို တိုက်ရိုက် ထိတွေ့ဆက်သွယ်မိအောင် ရှာဖွေရမည့်လုပ်ငန်းမှာ မလွယ်ကူလှပေ။ အကောင်းဆုံးနည်းလမ်းမှာ ကျွန်ုပ်က မရှာဘဲ သူက ကျွန်ုပ်ကို ရှာအောင် ဆွဲဆောင်ရန်ပင် ဖြစ်သည်။ ဤအကွက်ကို ဆိုက်အောင် ဖန်တီးနိုင်သည့် ထစ်ခုတည်းသော နည်းလမ်းမှာ ကျွန်ုပ်က သူ့ကိုရှာနေသည်ဟူသောအချက်ကို သူ ခြင်သာအောင် ပြသရန်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပစ်ကွင်းထဲသို့ တိုးဝင်သည့်နည်းဖြင့် ပစ်မည့်လူကို တွေ့အောင်ရှာရန်ပင်ဖြစ်သည်။ ထို့နောက်တွင်မှ သူက ကျွန်ုပ်ကို အဆုံးမစီရင်မီ သူ၏ဇိဝိန်ကို လက်ဦးအောင် ခြွေရန်ပင် ဖြစ်သည်။

ပိုး(လ်)နှင့် စတွေ့စဉ်ကပင် ကျွန်ုပ်သည် ထိုအစီအစဉ်ကို အကြမ်းဖျင်း လျာထားကြည့်ပြီးဖြစ်သည်။ ထို့ကြောင့်လည်း မည်သည့်အကာအကွယ်ပေးမည့်သူမျှ မလိုဘဲ တစ်ဦးတည်း လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးရန် ပိုး(လ်)အားတိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

ယခုည ၁၂ နာရီကျော်၍ နောက်တစ်နေ့သို့ဝင် ကူးပြောင်းလာခဲ့ပြီဖြစ်ရာ ဘာလင်ဌာနခွဲသည် ကျွန်ုပ်၏အကြောင်းကြားချက်များကို လက်ခံရရှိလောက်ပြီဖြစ်သည်။ ၆ လ ကျော်မျှ သိပ်သည်းသော အကာအကွယ်ပေးသူများကြားတွင် လှုပ်ရှားခဲ့ရသော ကျွန်ုပ်သည် ယခုအခါတွင် တစ်ဦးတည်း 'ထီးထီးကြီး' ရပ်နေပြီဖြစ်သည်။ မှောင်ရိပ်များတွင်လည်းကောင်း၊ လမ်းမအသီးသီးပေါ်တွင် ရပ်ထားသော ကားများ၏ နောက်ကွယ်တွင်လည်းကောင်း၊ ကျွန်ုပ်၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေသူများ ယခုအခါတွင် တစ်ဦးမျှရှိတော့မည် မဟုတ်ကြောင်း ကျွန်ုပ် သိလိုက်ပေပြီ။



(၄)

"ခင်ဗျား အလုပ်အကိုင်ဘာလုပ်သလဲ၊ ဟားစထရော(ဘ်)လင်း"

"ပန်းရောင်းဝယ်ရေးလုပ်ပါတယ်"

သူသည် တရားခံများ အစစ်ဆေးခံရသည့်စင်မြင့်ရှိ ထိုင်ခုံပေါ်တွင် ခြေထောက်နှစ်ဖက်ကို ချိတ်၍ ထိုင်နေသည်။ သူ့ဖိနပ်များသည် တောက်ပြောင်နေပြီး သူ့အပေါ်အင်္ကျီအထက်အိတ်ထဲတွင် ပန်းပွင့်တစ်ပွင့် ထိုးထားသည်။

"ခင်ဗျား ပန်းရောင်းတယ်ပေါ့"

"ဟုတ်ပါတယ်။ မြို့ကြီးအတော်များများမှာ ပန်းအရောင်းဆိုင်တွေ ခွင့်ထားပါတယ်"

"ဒါကြောင့် ခင်ဗျားက အင်္ကျီအိတ်ထဲမှာ ပန်းထိုးထားတာကိုး"

"မဟုတ်ပါဘူး။ ဒါဟာ ကျွန်တော့်ရဲ့ အလေ့အကျင့်တစ်ခုပါ"

ရုံးတွင် လာရောက်နားထောင်နေသည့် ပရိသတ်ထဲမှ တစ်စုံတစ်ဦးက 'ထွီး' ဟူသော အသံဖြင့် မနှစ်မြို့မှုကို ပြလိုက်သည်။

အခန်းတွင်းတွင် အပူပေးစက်ကို အမြင့်ဆုံးဖွင့်ထားသဖြင့် ပူအိုက်နေသော်လည်း စစ်ဆေးမှုများကို စိတ်ဝင်စားနေကြသော ပရိသတ်များသည် အပေါ်အင်္ကျီများကို ချွတ်ရန်သတိ မရကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လာရောက်နားထောင်သည့် ပရိသတ်များကို တစ်ဦးချင်း လှမ်းကြည့်လိုက်သည်။ ကျွန်ုပ်သည် ဤခုံရုံးတွင် စွဲချက်တင်ခံရမည့် တရားခံများကို သိသော်လည်း ပရိသတ်ထဲတွင် မည်သူများလာရောက် နားထောင်ကြသည်ကို ကျွန်ုပ် မသိပေ။

ပရိသတ်ထဲတွင် အချို့မှာ စွဲချက်တင်ခံရသူများ၏ ဆွေမျိုးသားချင်းများ ဖြစ်သည်။ တရားခံများကို အာမခံဖြင့် လွှတ်ထားရာ သူတို့သည် တရားခွင်သို့ မိသားစုများနှင့် အတူတကွ လာရောက်ပြီး တစ်နေ့တာ စစ်ဆေးမှုများ ပြီးဆုံးချိန်တွင်လည်း အိမ်သို့ မိသားစုအလိုက် အတူတကွ ပြန်တတ်ကြသည်။

လာရောက်နားထောင်သူများတွင် အမျိုးသမီး အနည်းငယ်မျှသာ ရှိသည်။ ထိုအမျိုးသမီးများအနက် ယနေ့နောက်ကျမှ ရောက်လာခဲ့သော အမျိုးသမီးတစ်ဦးကို ကျွန်ုပ် အထူးဂရုပြုမိခဲ့သည်။

ခုံရုံးစစ်ဆေးနေစဉ် လူတစ်ဦးသည် တံခါးပေါက်မှ အပြင်သို့ လူအလစ်တွင် အမှတ်တမဲ့ထွက်ရန် ပြင်ဆင်နေသည်။ ထိုအခြင်းအရာကို တရားခွင်မှ လှမ်းမြင်နေရသော တရားသူကြီးက "အစောင့်တွေ" ဟုလှမ်းအော်လိုက်ရာ အစောင့်များက ထိုသူကို လာရောက်တားဆီးကြသည်။

"ရှေ့နေကြီး၊ ခင်ဗျား ဘယ်ကိုသွားမလို့လဲ" ဟု တရားသူကြီးက အပြင်သို့ ထွက်ရန်ပြင်နေသူအား မေးလိုက်သည်။

"ကျွန်တော်သတင်းပို့ချက်တစ်ခုသွားပြီး လက်ခံယူစရာ ရှိလို့ပါ ဟားရစ်(ရှ်)တာ"

"အမှုစစ်ဆေးနေစဉ်အတွင်းမှာ ဒီတရားခွင်က မည်သူမျှ အပြင်ကို မထွက်ရဘူးဆိုတာ ခင်ဗျားကို ကျွန်တော် ပြောထားတယ် မဟုတ်လား"

"ကျွန်တော့်အမှုသည်နဲ့ ပတ်သက်တဲ့သတင်းမို့ပါ။ အရေးကြီးလို့ပါ၊ ဟား ..."

"ကိုယ့်နေရာကိုယ် ပြန်သွားပါ" တရားသူကြီးက သူ့စကားကို ဖြတ်ပြီး အမိန့်ပေးလိုက်သည်။

နာဇီရာဇဝတ်ကောင်များ စစ်ဆေးသည့်တရားခွင်တွင် ဤအဖြစ်မျိုးသည် ရိုးနေပြီဖြစ်သည်။ တရားရုံးမှ တရားသူကြီးများကို စိတ်အနှောင့်အယှက် ဖြစ်အောင်နှင့် စိတ်တိုအောင် လုပ်ကြသည့် နည်းပရိယာယ်တစ်ခု ဖြစ်သည်။ ထို့ပြင် တရားခံ၏ အကျိုးဆောင်ရှေ့နေများသည် အမှုစစ်ဆေးစဉ် လူမသိအောင် အပြင်သို့ ထွက်နေတတ်ပြီး ခုံရုံးမှ ဆုံးဖြတ်ချက်ချသည့်အချိန်တွင် သူတို့အမှုသည်များသည် ဥပဒေဆိုင်ရာ ကာကွယ်ပြောဆိုနိုင်ခွင့်မရှိကြောင်း၊ ရှေ့နေများ၏





မျက်ကွယ်တွင် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း အကြောင်းအမျိုးမျိုးပြ၍ အယူခံဝင်တတ်ကြသည်။

ခုံရုံးလုပ်ထုံးလုပ်နည်းများကိုလည်း မကြာခဏ ကန့်ကွက်တတ်ကြသည်။ တရားရုံးများအတွင်း ထိုသို့ အနှောင့်အယှက်ပြုကြရုံမက၊ တရားရုံးပြင်ပတွင်လည်း စစ်ရာဇဝတ်ကောင်များ စစ်ဆေးမှုများကို ရပ်ဆိုင်းရန် ဆန္ဒပြမှုများ မကြာခဏ ပြုလုပ်တတ်ကြသည်။

"နာဇီအကျဉ်းစခန်းမှာ ခင်ဗျား ဘာတာဝန်ယူရတယ်ဆိုတာ ပြောပြပါ၊ ဟားစထရော့(ဘ်)လင်း ..."

စထရော့(ဘ်)လင်းသည် တရားသူကြီး၏ မေးခွန်းကို စဉ်းစားလိုက်သည်။ သူသည် ငွေရောင်ဆံပင်ရှိပြီး သပ်ရပ်စွာ ဝတ်ဆင်ထားသူဖြစ်သည်။ ကြီးမားလေးပင်ဟန်ရှိသော အနက်ရောင်ကိုင်းမျက်မှန်၏ နောက်ကွယ်မှ သူ့မျက်လုံးများသည် သူ၏တည်ငြိမ်သောစိတ်ဓာတ်ကို ဖော်ထုတ်ပြသလျက် ရှိသည်။ သူ၏ရုပ်လက္ခဏာသည် ယုံကြည်ကိုးစားလောက်သည့် ထိပ်တန်း ဆေးဘက်သမားတော်ကြီးတစ်ဦး၏ ရုပ်လက္ခဏာမျိုးပင်ဖြစ်သည်။

"အကျဉ်းစခန်းမှာ လူတွေရဲ့ ငြိမ်ဝပ်ပိပြားရေးနဲ့ ကျန်းမာသန့်ရှင်းရေး တာဝန်ကို ယူရပါတယ်။"

"နောက်အထူးတာဝန်တွေ ဘာတွေယူခဲ့ရသေးသလဲ"

"ကျွန်တော့်မှာ ဘာ အထူးတာဝန်မှ မရှိပါဘူး"

"ခင်ဗျားဟာ နွားတွေတင်တဲ့ ထရပ်ကားကြီးတွေထဲမှာ တင်ပြီးသယ်ဆောင်လာတဲ့ ဂျူးအကျဉ်းသားအသစ်တွေ ရောက်လာတိုင်း အသုတ်လိုက် အသုတ်လိုက်စိစစ်ပြီး ဓာတ်ငွေ့ခန်းထဲ ပို့ရမယ့်လူတွေကို ရွေးချယ်ပေးရတဲ့ အထူးတာဝန်ကို ယူရတယ်လို့ ခုံရုံးက ရရှိထားတဲ့ အထောက်အထားများမှာ ကျုပ်တို့ တွေ့ရတယ်"

စွဲချက်တင်သည့်အရာရှိများ၏ စွပ်စွဲချက်ကို သူသည် ငြိမ်၍ နားထောင်နေသည်။ 'ဆွဲချ' အရာရှိများမှာ လူငယ်များဖြစ်ကြသည်။ ဂျာမနီနိုင်ငံသစ်က နိုင်ငံဟောင်း၏ သမိုင်းဆိုးများကို ချေဖျက်ပစ်ရမည့်လုပ်ငန်းတွင် အဝင်ခွင်ကျဖြစ်အောင် ထိုသို့ တာဝန်ပေးထားခြင်း ဖြစ်ပေလိမ့်မည်။

"နိုင်လုံတဲ့ မျက်မြင်သက်သေများရဲ့ ထွက်ဆိုချက်အရ ခင်ဗျားဟာ အဲဒီသတ်ပစ်ရမယ့်လူတွေကို ရွေးချယ်ပေးရုံတင်မကဘူး။ ကိုယ်အင်္ဂါမသန်စွမ်းတဲ့ အကျဉ်းသားတစ်ဦးဟာ ဓာတ်ငွေ့ခန်းကို မြန်မြန်ရောက်အောင် မသွားနိုင်တဲ့အတွက် ခင်ဗျားက စိတ်မရှည်ဘဲ သူ့ချိုင်းထောက်ကြီးကို ယူပြီး သူ့ကို ခင်ဗျား ကိုယ်တိုင် ရိုက်သတ်ခဲ့တယ်လို့ ဆိုတယ်။ အဲဒါ ဟုတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ကျွန်တော် ဘာမှမသိဘူး"

"ခင်ဗျား ဒီကိစ္စကို မသိဘူးလို့ ဖြေပိုင်ခွင့်မရှိဘူး။ လုပ်သလား၊ မလုပ်ဘူးလား၊ ဒါကိုပဲ ဖြေရမယ်။ ဒါဟာ ခင်ဗျားမေ့ပျောက်ပစ်လို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူး"

"နှစ်ပေါင်း ၂၀ ကျော်ကြာသွားပြီလေ"

သူက ဆက်လက်ငြင်းကွယ်ရန် ကြိုးစားပြန်သည်။

"ဟုတ်ပါတယ်။ သက်သေထွက်ခဲ့တဲ့လူတွေဟာလဲ နှစ် ၂၀ က အကြောင်းကို ပြန်ပြောကြရတာပဲ၊ သူတို့ မမေ့ကြသေးဘူးလေ"

ကျွန်ုပ်သည် နားထောင်နေကြသည့် ပရိသတ်ကိုလှမ်း၍ အကဲခတ်ကြည့်လိုက်ပြန်သည်။ မနှစ်မြို့သည့် အမူအရာဖြင့် တစ်ဦးနှင့်တစ်ဦး တီးတိုးပြောနေကြသည်ကို တွေ့ရသည်။

"ခတ်ငွေ့ခန်းထဲဝင်ကြသူတွေဟာ သူတို့ဆန္ဒအရ စိတ်လိုလက်ရဝင်ရောက်ခဲ့ကြတာ ဖြစ်တယ်လို့ ခင်ဗျား ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့က ဒါတွေဟာ လူတွေရဲ့ ခန္ဓာကိုယ်မှာ ကပ်နေတဲ့ သန်းကြီးမတွေကို ရှင်းလင်းသုတ်သင်တဲ့ အခန်းဖြစ်တယ်လို့ သူတို့ကို ပြောထားပါတယ်"

"ဒါဖြင့် သူတို့ဟာ သူတို့ဘာသာသူတို့ အဝတ်အစားများကို ချွတ်ပြီး အေးအေးလူလူနဲ့ တန်းစီဝင်သွားကြတယ်ပေါ့"

"ဟုတ်ပါတယ်။ သူတို့ကို ကျွန်တော်တို့က ဘာမျှသွေးဆောင်အကျပ်ကိုင်တာ မပြုလုပ်ခဲ့ပါဘူး"

"ကျုပ်တို့ ခုံရုံးကရရှိထားတဲ့ အထောက်အထားများအရ အချို့ဟာ သူတို့ အသတ်ခံရတော့မှာကို သိနေကြတယ်လို့ ဆိုတယ်။ အချို့ အမျိုးသမီးများဟာ သူတို့ကလေးငယ်များ အသက်ရှင်ကျန်ရစ်အောင် အဝတ်လဲခန်းထဲမှာ ကလေးများကို အဝတ်များအောက်မှာ ဖွက်ပစ်ခဲ့ကြတယ်လို့ ဆိုတယ်။ ခင်ဗျား ကိုယ်တိုင်ပဲ အဲဒီလိုဖွက်ထားတဲ့ ကလေးများကို ရှာပြီးတွေ့ရင် လုံ့စွပ်နဲ့ ထိုးသတ်တယ်လို့ အထောက်အထားများမှာ တွေ့ရတယ်"

သူသည် ဆက်လက် ငြင်းကွယ်နိုင်စွမ်းအား မရှိတော့၊ ခေါင်းငိုက်စိုက်ကျလျက် ရှိပေပြီ။

"ကျုပ်ပြောခဲ့ပြီးပါပြီကော။ သူတို့အားလုံးဟာ ဂျူးတွေပါလို့"

ပရိသတ်ထဲမှ တစ်စုံတစ်ဦးသည် ရှိုက်ကာရှိုက်ကာ ငိုကြွေးပြီး သတိလစ်သွားသည်။ အစောင့်များက သူ့ကို ပွေ့ချီ၍ အပြင်သို့ ထုတ်သွားသည်။ ဤအဖြစ်မျိုးမှာလည်း ခုံရုံးတွင် တွေ့မြင်နေကြ မြင်ကွင်းများဖြစ်သည်။





စောစောပိုင်းက တရားရုံးအတွင်းသို့ နောက်ကျပြီးမှ ဝင်လာသူ သိုးမွှေးဦးထုပ်ကို ဆောင်းထားသည့် အမျိုးသမီးသည် သတိလစ်သွားသူအား စိုက်၍ ကြည့်နေသည်။ သူမသည် ကျွန်ုပ်ဘက်သို့ တစ်ကြိမ်မျှ လှည့်မကြည့်ခဲ့သဖြင့် သူမ၏ အပြုအမူနှင့် မျက်နှာအမူအယာများကို ကျွန်ုပ်ကောင်းစွာ အကဲခတ်နိုင်ခွင့်ရခဲ့သည်။ ခုရုံးမှ စစ်ဆေးမှုများ ပြုလုပ်နေသည့်တစ်ချိန်လုံးတွင် သူမသည် မျက်နှာဖြူဖပ်ဖြူရော်ဖြင့် တရားခံကိုသာ စူးစိုက်၍ ကြည့်နေတတ်သည်။

"ဒီအကျဉ်းသားအားလုံးကို ကျုပ်မှန်တယ်ထင်တဲ့အတိုင်း ကြိုက်သလို ကိုင်တွယ်စီရင်နိုင်တဲ့ အခွင့်အာဏာ အပြည့်အဝ ကျုပ်ကို ပေးထားတယ်"

"ဒါဖြင့် ၁၀ နှစ်အရွယ်ကလေးငယ်ကို အပျော်သဘောသက်သက်နဲ့ ချတ်ထစ်သတ်ဖြတ်ခဲ့တာဟာ မှန်တယ်လို့ ခင်ဗျားထင်သလား"

"ကျုပ်ရဲ့ လက်အောက်ငယ်သားတွေကို စိတ်ဓာတ်မာကြောအောင် လေ့ကျင့်ပေးရမယ်လို့ အထက်အရာရှိများက ကျုပ်ကိုအတိအကျ ညွှန်ကြားထားတာရှိတယ်။ ဒီညွှန်ကြားချက်အရ သူတို့ကို နမူနာပြဖို့အတွက် လုပ်ပြရတာပဲ"

ပရိသတ်ထဲမှ အမျိုးသမီးတစ်ဦးသည် ပေါက်ကွဲအံ့ဆဲဆဲ ဒေါသစိတ်ဖြင့် အံသွားများကို ကြိတ်၍ ညည်းတွားလျက်ရှိသည်။ တရားသူကြီး၏ ညွှန်ကြားချက်အရ သူမကို အပြင်သို့ တွဲခေါ်သွားသည်။

"ဒီလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ကျုပ်ရဲ့ အထက်အရာရှိ ဂိုအက်(စ်)က တာဝန်ပေးခဲ့ခြင်း ဖြစ်တယ်"

"သူက ဒီမှာမရှိဘူး။ ဘယ်လိုလုပ်ပြီး ခင်ဗျား ထွက်ဆိုချက်ကို အတည်ပြုချက် ရယူနိုင်မလဲ"

ဂိုအက်(စ်)နှင့် ပတ်သက်သောအကြောင်းအချက်များသည် ကျွန်ုပ်၏ မှတ်တမ်းတွင် ရှိနေပြီးဖြစ်သည်။ သူသည် အာဂျင်တီးနားနိုင်ငံတွင် ရှိနေပြီး အနောက်ဂျာမနီ တရားရေးဝန်ကြီးဌာနမှ သူ့ကို ဂျာမနီသို့ ပြန်ပို့ပေးရန် အာဂျင်တီးနား အစိုးရအား တောင်းခံထားဆဲဖြစ်သည်။

ကျွန်ုပ်သည် ပရိသတ်ကို တစ်ကြိမ် အကဲခတ်ကြည့်လိုက်ပြန်သည်။ ထိုသော် ပရိသတ်ထဲတွင် ကျွန်ုပ် အထူးဂရုပြုမှတ်သားရမည့်သူတစ်ဦးမျှ မပါဝင်သည်ကို တွေ့ရသည်။ ရာဇဝတ်မှုကျူးလွန်ခဲ့သူများသည် သူတို့ ရာဇဝတ်မှုကျူးလွန်ခဲ့သည့် နေရာများသို့ အမှတ်တရ ပြန်လည်လာရောက်တတ်ကြသည်မှာ သဘာဝပင် ဖြစ်သည်။ ဤတရားရုံးမှာ ရာဇဝတ်မှုကျူးလွန်ခဲ့သည်များကို သက်သေများ၏ ထွက်ဆိုချက်နှင့် မှတ်တမ်းမှတ်ရာများဖြင့် ပြန်လည်ဖော်ထုတ်သည့်နေရာ ဖြစ်ပေရာ ပြစ်မှုကျူးလွန်ခဲ့သည့်နေရာ တစ်ခုကဲ့သို့ပင် ရာဇဝတ်ကောင်များကို ဆွဲဆောင်နိုင်ပေသည်။ ကျွန်ုပ်သည် ဤခုံရုံးသို့ လာရောက် နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်သူများထဲမှ မသင်္ကာသူများကို ခြေရာကောက်သည့်နည်းဖြင့် ရာဇဝတ်ကောင် (၅) ဦးကို ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်သည်။

ခုံရုံး၏ တစ်နေ့တာ စစ်ဆေးမှုများပြီးချိန်တွင် နေ့၏အလင်းရောင်ပျောက်ကွယ်၍ အမှောင်ထုက စတင်လွှမ်းမိုးနေပြီဖြစ်သည်။ ခုံရုံးအတွင်းမှ ပြန်လည် ထွက်ခွာကြသည့်သူများ၏ မျက်နှာသည် မေ့ဆေးပြယ်ကာစလူများ၏ မျက်နှာကဲ့သို့ သုန်မှုန်လျက်ရှိသည်။ ဝရိသတ်များသာမက ခုံရုံးတရားသူကြီးများမှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာ အတိတ်ဖြစ်ရပ်များနှင့် တစ်နေ့လုံး ကြားသိထိတွေ့နေရသူများဖြစ်ရာ စိတ်ပန်းကျမှု မဖြစ်စေရန် ဆရာဝန် ၃ ဦးဖြင့် အစဉ်စောင့်ကြပ်နေရသည်။

ခုံရုံးမှ အထွက်တွင် ကျွန်ုပ်စောစောပိုင်းက အထူးဂရုပြုမိခဲ့သော သိုးမွေးဦးထုပ်နှင့် အမျိုးသမီးသည် ကျွန်ုပ်ရှေ့မှ လမ်းလျှောက်၍ ထွက်သွား သည်ကို တွေ့ရသည်။ လမ်းထိပ်အရောက်တွင် ခုံရုံးမှ ထွက်လာသူများအနက် ကျွန်ုပ်၏ အနီးအနားတွင် လူ ၃ ဦးသာ ရှိတော့သည်ကို သတိထားမိသည်။ ကျွန်ုပ်နှင့် မလှမ်းတမ်းတွင် အငှားယာဉ်လှမ်းခေါ်နေသော ယောကျ်ားတစ်ဦး၊ ခုံရုံးနှင့်မျက်နှာချင်းဆိုင်ရှိ ဆေးဆိုင်သို့ ဦးတည်သွားနေသူ ယောကျ်ားတစ်ဦးနှင့် သိုးမွေးဦးထုပ်ကို ဆောင်းထားသည့် အမျိုးသမီးတို့ပင် ဖြစ်သည်။

ဝှစ်တေးနော– စထရော့လမ်းမကြီးအတိုင်း ကျွန်ုပ် လမ်းလျှောက်လာစဉ် အမျိုးသမီးသည် ကျွန်ုပ်၏ ရှေ့ ၁၀ ကိုက်အကွာခန့်မှ လျှောက်သွားနေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် မြန်မြန်လှမ်း၍ လျှောက်လာရာ သချိုင်းကုန်းတစ်ခုကို ကာရံထားသည့်ကိုက် ၂၀ ခန့်ရှည်သော အုတ်နံရံကြီးရှိသည့် နေရာသို့ ရောက်လာသည်။ ထိုအချိန်တွင် သူမသည် ကျွန်ုပ်နှင့် ၃–၄ ကိုက်မျှသာ ကွာတော့သည်။

ထိုစဉ်တွင် တဘက်လမ်းကျဉ်းကလေးထဲမှ အရှိန်ပြင်းစွာ မောင်းထွက်လာသောကားတစ်စီးသည် ကျွန်ုပ်တို့နှစ်ဦး အနီးသို့ရောက်လာချိန်တွင် ကျွန်ုပ်တို့ဘက်သို့ တစ်ဆစ်ချိုးကွေ့၍ လှည့်လိုက်သည်။ ကျွန်ုပ်သည် ခမ်းလျားထိုးမှောက်ချလိုက်ပြီး ကားပေါ်မှ သေနတ်ဖြင့် ပစ်ပါက ထိမှန်ခြင်းမရှိ သက်သာရာရနိုင်ရန် ကားဘက်သို့ ခြေဦးလှည့်မိသည့်အနေအထားရှိအောင် ကိုယ်ကို သုံးလေးပတ်လှိမ့်လိုက်သည်။ ကားသည် အရှိန်ပြင်းလှရာ အုတ်နံရံနှင့် ကားနောက်မြီးပိုင်းတို့ ပွတ်တိုက်မိပြီး အင်္ဂတေအမှုန့်များပင် ကျွန်ုပ်မျက်နှာပေါ်သို့ လွင့်စင်ကျခဲ့သည်။ ကားသည် အရှိန်ပြင်းလှသဖြင့် ကား၏ ဦးခေါင်းပိုင်းသည် လမ်းကျဉ်းလေးဘက်သို့ ပြန်၍လည်ထွက်သွားပြီး ဆက်လက်မောင်းထွက်သွားသည်။ လဲနေရာမှ ကျွန်ုပ် မတ်တပ်ထရပ်လိုက်ချိန်တွင် ကားသည် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီ





ဖြစ်သည်။ ကားနံပါတ်ကို အတုတပ်ထားမည်မှာ သေချာလှသဖြင့် ကားနံပါတ်ကို မှတ်သားရန် ကျွန်ုပ် မကြိုးစားတော့ပါ။ ထို့နောက် အနီးအနား ပတ်ဝန်းကျင်သို့ စူးစမ်း ကြည့်လိုက်ရာ အုတ်နံရံထောင့်တွင် မှီလျက်သား လဲနေသောသူမကို တွေ့ရသည်။

ကျွန်ုပ်သည် သူမအနီးသို့သွား၍ ဂျာမန်ဘာသာဖြင့် "မင်းထိနိုက်သွားသေးသလား" ဟု မေးလိုက်သည်။

သူမသည် ကျွန်ုပ်မေးသည်ကိုပင် သတိမပြုမိနိုင်ဘဲ ခပ်ဝေးဝေးသို့ ရောက်နေပြီဖြစ်သော မော်တော်ကားကို စိုက်ကြည့်လျက် တိုးတိုးကျိန်ဆဲနေသကဲ့သို့ ပါးစပ်မှ ရေရွတ်နေသည်။

ဤကဲ့သို့သော ရာသီဥတုအခြေအနေတွင် ကားများသည် နှင်းခဲများအပေါ်တွင် ဘီးချော်တတ်သည်။ ဤကားသည် အရှိန်ပြင်းသဖြင့် ထိုသို့ ဘီးချော်သွားခြင်းလော၊ ရည်ရွယ်ချက်ဖြင့် ပစ်မှတ်ကို သတ်မှတ်၍ အပိုင်ကြံစည်ခြင်းလော၊ မော်တော်ကားလာရာလမ်းကြောင်းကို ကြည့်ရခြင်းဖြင့် ကျွန်ုပ်တို့ကား နောက်ပိုင်းဖြင့် ချိတ်ယူလိုက်ပြီး နံရံနှင့် ညှပ်၍ ပွတ်ဆွဲသွားရန် ရည်ရွယ်ခြင်း ဖြစ်ဟန်တူသည်။ ဤအလုပ်မျိုးသည် မှန်ကန်စွာ စဉ်းစားဆုံးဖြတ်မှုနှင့် အတိကျစွာ ချိန်ဆတတ်မှုများစွာလိုသော အလုပ်မျိုးဖြစ်သည်။ ကျွန်ုပ်သည် ထောက်လှမ်းရေးလုပ်ငန်းအတွက် သင်တန်းများတက်ရောက်စဉ်က လှုပ်ရှားပစ်မှတ်နေရာတွင် သဲအိတ်များထား၍ ဤနည်းကို လေ့ကျင့်ခဲ့ဖူးသည်။ အလွန်ခက်ခဲသောနည်းဖြစ်ကြောင်း သိခဲ့ရသည်။ သို့သော် ယခုသူတို့ မအောင်မြင်ခြင်းမှာ ကျွန်ုပ်တွင် ရှိခဲ့သော အလေ့အကျင့်များအရ အချိန်မီရှောင်တိမ်းနိုင်ခြင်းကြောင့် ဆိုသည်ထက် နှင်းခဲများကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ နှင်းခဲများပေါ်တွင် မောင်းလာသောကားသည် ဤနည်းလမ်းကို ကျင့်သုံးရာတွင် နှင်းခဲပေါ်တွင် ဘီးချော်တတ်သော သဘာဝကြောင့် အရှိန်ထိန်းသိမ်းမှုတွင် အချိန်အဆလွဲမှားတတ်သည်။

သူမသည် ကျွန်ုပ် နားမလည်နိုင်လောက်အောင် တိုးလှသော လေသံဖြင့် တစ်စုံတစ်ခုကို ပြောလိုက်သည်။

"ဘာပြောတာလဲ"

"သူတို့ ကျွန်မကို သတ်ဖို့ ကြိုးစားနေကြပြီ"

သူမ၏ ဂျာမန်ဘာသာဖြင့်ပြောသော လေသံသည် ဘာလင်မြို့ကြီးသူတစ်ဦး၏ လေသံမျိုးဖြစ်သည်ကို သတိပြုမိသည်။

"ဟုတ်လား" ဟု ကျွန်ုပ်က မေးလိုက်သော်လည်း သူမသည် ဘာမျှ မပြောတော့ဘဲ နောက်ဘက်သို့လှည့်၍ လျှောက်သွားသည်။ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုသော်လည်း ပြေးသွားသည်ဟု ဆိုရလောက်အောင်ပင် လျင်မြန်စွာ လျှောက်သွားခြင်းဖြစ်သည်။ သူမ၏အမြင်တွင် ကျွန်ုပ်ကဲ့သို့သော လူစိမ်းတစ်ယောက်ကို ဤအကြောင်းအရာများ မပြောသင့်ဟု ဆုံးဖြတ်မိလိုက်ပုံရသည်။

ကျွန်ုပ်သည် သူမနောက်သို့ ပြေးလိုက်ခဲ့ရာ သူမနှင့် ပခုံးချင်းယှဉ်မိချိန်တွင် တံတိုင်း၏ ထောင့်ကွယ်မှ လူတစ်ယောက်ထွက်လာပြီး –

"ဖရော်လိန်း၊ မင်းတို့ ဘာအကူအညီပေးရမလဲ" ဟု ပြောလိုက်သည်။

သူမသည် ထိုသူကို လုံးဝလှည့်မကြည့်ဘဲ ကျွန်ုပ်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေရာမှ "ဘာမှမလိုဘူး" ဟု ပြန်ပြောလိုက်သည်။ ထိုသူလည်း ချာခနဲ ပြန်လှည့်ထွက်သွားသည်။

သူမသည် သူမ၏ မျက်လုံးအစုံကို ကျွန်ုပ်၏မျက်နှာမှ မခွာဘဲ စိန်းစိန်းကြီး စူးစိုက်ကြည့်နေဆဲဖြစ်၍ သူမ၏ကြောက်စိတ်များ ပြေပျောက်စေရန်အတွက် "ငါသူတို့အထဲက မဟုတ်ပါဘူး" ဟုပြောလိုက်သည်။

"ဒါဖြင့် ရှင်ဘယ်သူလဲ"

"ငါ သူတို့အထဲက မဟုတ်ပါဘူး ဖရော်လိန်း ဝင်ဆာ"

"ရှင် ဝင်မရှုပ်စမ်းပါနဲ့"

ကျွန်ုပ်သည် စောစောပိုင်းက လူစိမ်းက သူမကို ဖရော်လိန်းဟူ၍ နှုတ်ဆက်လိုက်သည်ကို မှတ်ထားလိုက်ပြီး ဖရော်လိန်းနှင့် ကျွန်ုပ်တို့၏ စကားဝှက် 'ဝင်ဆာ' ကိုတွဲ၍ သူမကို "ဖရော်လိန်း၊ ဝင်ဆာ" ဟုခေါ်လိုက်ခြင်းဖြစ်သည်။ သူမသည် ကျွန်ုပ်တို့ဘက်မှ ဆိုပါက "ဝင်ဆာ" ဟူသော စာလုံးကိုကြားလိုက်သည်နှင့် ကြောက်စိတ်ပြေပျောက်လောက်ပြီဖြစ်သည်။ သို့သော် သူမသည် တစ်စုံတစ်ရာ ထူးခြားမှု မပြခဲ့။ အကြောက်လွန်နေ၍ ထိုနာမည်ဝှက် စကားလုံးကို သူမ မကြားလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ယခုလုပ်ရပ်မှာ ကျွန်ုပ်ကို ဦးတည်သောလုပ်ရပ်ဖြစ်သည်ကို ကျွန်ုပ် အသေအချာသိသော်လည်း သူမက သူ့ကို ဦးတည်ခြင်းဖြစ်သည်ဟု တစ်ထစ်ချ ယုံကြည်နေသည်။ ယင်းအချက်က သူမသည် ဘာလင်မြို့ရှိမှ ဖြစ်နိုင်ကြောင်း ယူဆဖွယ်ရာဖြစ်ခဲ့သည်။ သို့သော် ကျွန်ုပ်စကားဝှက်ကို မတုန့်ပြန်ခြင်းကြောင့် ယင်းအချက်မှာလည်း စဉ်းစားဖွယ်ရာဖြစ်လာပြန်သည်။ နာဇီရာဇဝတ်ကောင်များ စုံစမ်းဖော်ထုတ်ရေး 'ဇက်' ကော်မရှင်သည် အမျိုးသမီးအဒေတာ်များများကို အသုံးပြုနေပေရာ သူမသည် ဇက်ကော်မရှင် မှရောမဖြစ်နိုင်ဘူးလား၊ ကျွန်ုပ် စဉ်းစားကြည့်မိသည်။

သူမသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်အနေအထားမှ တဖြည်းဖြည်း နောက်ဆုတ် နောက်ဆုတ်နှင့် သွားနေသည်။ သူမသည် ကျွန်ုပ်နှင့် ဝေးရာသို့



ထွက်ပြေးရန် ကြိုးပမ်းလျက်ရှိပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူမ ယုံကြည်လာအောင် လှည့်ကွက်တစ်ခုကို သုံးကြည့်လိုက်သည်။

"ဒီတစ်ကြိမ်လဲ သူတို့ဟာ ပထမအကြိမ်တုန်းကလိုပဲ အရေးနိမ့်ခဲ့ရတယ် မဟုတ်လား"

"ရှင် ဘယ်သူလဲဆိုတာ ပြောပြပါလားရှင်" သူမ၏ လေသံမှာ အတော်ဝင် ပျော့ပျောင်းလာပြီဖြစ်သည်။ ကျွန်ုပ်၏ လှည့်ကွက်ကို သူယုံကြည်သွားပြီဖြစ်သည်။

သူတို့ ပထမအကြိမ် ကြိုးပမ်းခဲ့ခြင်း ရှိမရှိ ကျွန်ုပ်မသိပေ။ သို့သော် သူတို့ ပထမအကြိမ် ကြိုးပမ်းခဲ့သေးသည်။ ထိုအချက်ကိုလည်း ကျွန်ုပ်သိနေသည်ဟူ၍ သူမက ထင်မြင်အောင် ကျွန်ုပ်ပြောလိုက်ခြင်းဖြစ်သည်။ ဤသို့ ကားနှင့် တိုက်သတ်သည့် လုပ်နည်းလုပ်ဟန်မျိုးတွင် ပထမအကြိမ်၌ မတော်တဆယာဉ်တိုက်မှုပုံစံမျိုး ထင်မြင်အောင် ပြုလုပ်တတ်ကြပေရာ မအောင်မြင်ပါက ပစ်မှတ်ဖြစ်သော လူသည် မတော်တဆမှုက သီသီကလေး လွတ်ခဲ့သည်ဟူ၍သာ ထင်မှတ်တတ်ပေသည်။ သို့ဖြစ်ရာ ပထမအကြိမ် ကြိုးပမ်းခဲ့ခြင်း ရှိမရှိ သူမကိုယ်တိုင် မသေချာနိုင်ပေ။ ထိုသဘောသဘာဝကို ပိုင်ပိုင်နိုင်နိုင်အသုံးပြု၍ သူမက ကျွန်ုပ်အပေါ်ယုံကြည်ပြီး အထင်ကြီးလာအောင် ပြောခဲ့ခြင်းဖြစ်သည်။

"စားသောက်ဆိုင်တစ်ခုကိုဝင်ပြီး အဖျော်ယမကာ သောက်ကြစို့လား" ဟု ကျွန်ုပ်က အင်္ဂလိပ်သံပီပီသသဖြင့် ပြောလိုက်သည်။

ဤသည်မှာလည်း သူမက ယုံကြည်လာအောင် ကြိုးပမ်းလိုက်ခြင်းပင်ဖြစ်သည်။ စောစောပိုင်းက ကားသည် သူ့ကို သတ်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟုသူမက ယုံကြည်နေပေရာ ဤကားကို နာဇီကားဟု ယူဆထား၍ ဖြစ်ပေလိမ့်မည်။ နာဇီအရာရှိများတွင် အင်္ဂလိပ်သံ ပီပီသသပြောနိုင်သူ အလွန်ပင် ရှားလိမ့်မည်ဖြစ်ရာ ကျွန်ုပ်က ထိုကဲ့သို့ပြောခြင်းဖြင့် ကျွန်ုပ်အပေါ် သူမပို၍ သံသယရှင်းသွားလိမ့်မည်ဟု ယူဆထားသည်။

"ရှင့်နာမည် ဘယ်သူလဲ"

"မင်းသိမှာ မဟုတ်ပါဘူးကွာ၊ လာ လမ်းဟိုဘက်က စားသောက်ဆိုင်ထဲဝင်ကြစို့"

သူမတွင် မလှုပ်မယှက် ငြိမ်ငြိမ်နေတတ်သည့် စွမ်းအား အလွန်ပင်ကြီးမားကြောင်း ကျွန်ုပ် ရိပ်စားမိသည်။ စားသောက်နေချိန်တွင် သူမသည် မျက်တောင် တစ်ကြိမ်မျှ မခတ်ဘဲ ကျွန်ုပ်ကို စိုက်ကြည့်နေသည်။ သူမ စိတ်ကျေနပ်လောက် အောင်စစ်ဆေးပြီးသည့်အချိန်တွင်မှ –

www.burmeseclassic.com



"လုံခြုံတဲ့ တစ်နေရာမှာ ကျွန်မတို့ စကားပြောကြရအောင်၊ ကျွန်မအခန်းမှာဆိုရင် ဘယ့်နဲ့လဲ"

သူမ၏အိမ်သို့ တစ်မိုင်ကျော်မျှ လမ်းလျှောက်သွားရသည်။ လမ်းတစ်လျှောက်လုံးတွင် ကျွန်ုပ်သည် စောစောကဖြစ်ရပ်များကို ပြန်လည်စဉ်းစားကြည့်မိသည်။ စဉ်းစားရကျပ်လှသော ပြဿနာမှာ သူတို့ ဘာကြောင့် ဒါလောက်လျှင်လျှင်မြန်မြန် ကျွန်ုပ်ကို စတင်ထိုးနှက်ခဲ့ကြသနည်းဟူသော ပြဿနာပင်ဖြစ်သည်။ စဉ်းစား၍ရသမျှသော အဖြေများမှာလည်း ကျေနပ်ဖွယ်ရာမရှိသည်ကိုတွေ့ရသည်။ သူတို့သည် ကျွန်ုပ်အား အကာအကွယ်ပေးမည့်သူများကို ရုပ်သိမ်းလိုက်၍ ထူးခြားချက်ကို ရိပ်မိပြီး ဒါလောက် သဲကြီးမဲကြီးလုပ်နေခြင်းလော။ သို့မဟုတ် ယနေ့ ဘာလင်မှ ထွက်ခွာရမည့် ကျွန်ုပ်သည် စီစဉ်ထားသည့်အတိုင်း ထွက်ခွာခြင်းမပြုပါက ဘာလင်တွင် ကျွန်ုပ်အား ဆက်လက်ရှင်သန်နေထိုင်ခွင့်မပြုနိုင်တော့ဟု သူတို့ ဆုံးဖြတ်ထား၍လော။ သို့မဟုတ် ယနေ့နံနက်ပိုင်းက ကျွန်ုပ်သည် ဟန်နိုဗာခုံရုံးသို့ မသွားဘဲ ဘာလင်ခုံရုံးသို့ သွားရောက်ခဲ့သည်။ ထိုသို့ 'ပုံမှန်မဟုတ်သော နေရာများ' တွင် ကျွန်ုပ်ကို တွေ့နေရခြင်းက သူတို့၏ သံသယစိတ်ကို အဆုံးစွန်သို့ရောက်အောင် နှိုးဆွပေးခဲ့သလေသလား။ ကျွန်ုပ်ကို ဘာကြောင့် သူတို့ လျှင်လျှင်မြန်မြန် စတင်တုန့်ပြန်တိုက်ခိုက်နေသည် ဟူသော အချက်ကို ကျွန်ုပ်အနေဖြင့် သေချာကနမသိနိုင်သော်လည်း သူတို့ ကျွန်ုပ်ကို စတင်တိုက်ခိုက်နေပြီဟူသော အချက်မှာ သေချာပေသည်။ ကျွန်ုပ်သည် ပစ်ကွင်းကို ထွက်၍ ရှောင်ပြေးရန် မလိုတော့။ သူတို့ကပင် စတင်ပစ်ခတ်နေပြီ ဖြစ်သည်။ နိုဆန်ကို ရှာဖွေဖော်ထုတ်ရန် တာဝန်ယူပြီးနောက် ၂၄ နာရီအကြာတွင် နိုဆန်က ကျွန်ုပ်အား အမဲလိုက်သကဲ့သို့ လိုက်နေပြီဖြစ်သည်။

(၅)

လမ်းမနှင့် စားသောက်ဆိုင်စသော လူမြင်ကွင်းနေရာများတွင် ကျွန်ုပ်ကို မယုံကြည်ရဲသော သူမသည် သူမအတွက် ပိုမိုအန္တရာယ်ကြီးသော အခန်းကျဉ်းတွင် ဘာကြောင့်ယုံကြည်ကိုးစားရန် အသင့်ရှိနေသနည်း။ ထိုနေရာတွင် သူ့ကို အကာအကွယ်ပေးမည့်သူ တစ်စုံတစ်ဦး ရှိနေလိမ့်မည်ဟု ကျွန်ုပ် စဉ်းစားမိလိုက်သည်။

ကျွန်ုပ် အယူအဆ မှန်ပေသည်။ သူမ၏ အခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် 'သူ့' ကို တွေ့လိုက်ရသည်။ 'သူ' သည် ၅ နှစ်သားအရွယ်ခန့် ရှိမည်ဖြစ်သော အိုဗာရှုအာင်ခွေးကြီးဖြစ်သည်။ ခွေးကြီးသည် ပါးစပ်တိုဟ၍ ဦးခေါင်းကိုအောက်သို့နိမ့်ပြီးနောက် ခြေထောက်များက ခုန်အုပ်တော့မည့် အနေအထားမျိုးဖြင့် ကျွန်ုပ်ဘက်သို့ စူးစိုက်ကြည့်လျက် ရှိသည်။ သူ့မျက်လုံးများသည် ကျွန်ုပ်၏လည်မျိုကို ချိန်ရွယ်ထားသည်။

'သူ့' အသွင်အပြင်ကို ကြည့်ခြင်းဖြင့် 'သူ' သည် လူတစ်ဦးကို အသေတိုက်သတ်နိုင်စွမ်းရှိသည့် ခွေးမျိုးဖြစ်ကြောင်း သိလိုက်သည်။

အမျိုးသမီးသည် အပေါ်အင်္ကျီကို ဖြည်းညင်းစွာ ချွတ်လိုက်သည်။ ကျွန်ုပ်ကမူ မလှုပ်မယှက်ဖြင့် လက်ပိုက်၍ ခွေးကြီးကိုသာ စူးစိုက်ကြည့်နေသည်။ ကျွန်ုပ်၏လက်များကို သူမဘက်သို့ အနည်းငယ်မျှ ရွှေ့ရှားလိုက်သည်နှင့် ခွေးကြီးသည် ခုန်အုပ်ပြီး ကျွန်ုပ်၏ လည်မျိုကိုခဲတော့မည်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ကုလားထိုင်တွင် ထိုင်လိုက်ပြီးနောက် –

"ဂျာကင်၊ သက်သက်သာသာနေစမ်း" ဟုပြောလိုက်သည်နှင့် ခွေးကြီးသည် အသင့်အနေအထားဖြင့် ကျွန်ုပ်ကို စူးစူးရဲရဲကြည့်နေရာမှ တစ်ဘက်သို့ လှည့်သွားပြီး အခန်းထောင့် တစ်နေရာတွင်သွား၍ ဝပ်နေလိုက်သည်။

သူမသည် လမ်းမပေါ်မှာကဲ့သို့ပင် ကျွန်ုပ်အား စူးစမ်းကြည့်နေဆဲ ဖြစ်သည်။ သူမသည် ပိန်ပါးသေးသွယ်သော်လည်း သူမဝတ်ထားသော ဆွယ်တာအပေါ်တွင် လှပကြော့ရှင်းသော သူမ၏ ကိုယ်ခန္ဓာအရေးအကြောင်းများသည် ပေါ်လွင်လျက် ရှိသည်။ သူမ၏ ဆံပင်များသည် ရွှေရောင်ဦးထုပ်ကို ဆောင်းထားသည့်အလား ညီညီညာညာ လှလှပပ ရှိနေသည်။

"မင်းခုထိ ငါ့ကို မယုံသေးဘူးလား" ကျွန်ုပ်က မေးလိုက်သည်။

သူမသည် သူမ၏ ခွေးကြီးကို "သက်သက်သာသာနေရန်" သာ ပြောထားသည်။ "ငါ့မိတ်ဆွေပဲ၊ အန္တရာယ်မပေးရဘူး" ဟု ပြောခဲ့ခြင်း မဟုတ်သည်ကို ကျွန်ုပ်စဉ်းစားမိသည်။

"ရှင် ဘာသောက်မလဲ"

"မင်းမှာရှိတာ ဘာမဆိုသောက်မှာပေါ့"

သူမသည် စကော့ဝီစကီပုလင်းနှင့် ဖန်ခွက်နှစ်ခွက်ကို ဗီရိုထဲမှ ဖွင့်ယူလိုက်သည်။ ဝီစကီကို ဖန်ခွက်များထဲသို့ ငှဲ့ထည့်ရင်း –

"ကျွန်မ ဘယ်သူ့ကိုမှ မယုံဘူး"

"ဒါကို ကိုယ်မအံ့သြပါဘူး။ ဒါထက် သူတို့ ပထမအကြိမ်တုန်းက မင်းကို ဘယ်လိုသတ်ဖို့ ကြိုးစားခဲ့သလဲ"

"အဲဒီတုန်းက ကျွန်မဟာ ရထားဘူတာပလက်ဖောင်းပေါ်က လူအုပ်ထဲမှာ ရှိနေတယ်"

"အဲဒီအချိန်မှာ တစ်စုံတစ်ယောက်က မင်းကို တွန်းလိုက်တယ် မဟုတ်လား"

"ဟုတ်တယ်။ ရထားဝင်လာတဲ့အချိန်နဲ့ ကိုက်ပြီး တွန်းလိုက်တယ်။ တော်သေးတာပေါ့။ ရထားက ရပ်လိုက်လို့"

"မင်း ဖက်တော်မရှင်ကလား"

"ဘာလဲ၊ ဖက်ကော်မရှင်ဆိုတာ"

ထို့နောက်တွင် ဤဖြစ်ရပ်ကို သူမဆက်၍ မပြောလိုတော့သည့်အလား မျက်နှာကို တစ်ဘက်သို့ လှည့်လိုက်သည်။

"မင်းဟာ သိပ်ငယ်သေးတယ်။ ဖရော်လိန်း၊ လင့်(ဒ်)။ မင်းစစ်ကြီးရဲ့ အနိဋ္ဌာရုံတွေကို တွေ့ကြုံဖူးမှာ မဟုတ်ဘူး"





ကျွန်ုပ်က သူမ၏ အမည်အတိအကျကို စကားထဲတွင် ထည့်ပြောလိုက်သဖြင့် သူမ အံ့အားသင့်သွားသည်။ ထို့နောက် သူမ၏ ဘေးပတ်ဝန်းကျင်ကို မျက်စေ့ဝေ့၍ ကြည့်လိုက်ရာ 'ဖရော်လိန်း၊ အင်ဂါ၊ လင့်(ဒ်)' ဟု အမည်တပ်ထားသော စာအိတ်တစ်အိတ်ကို စားပွဲပေါ်တွင် သူမ တွေ့လိုက်ရသဖြင့် အခြေအနေကို နားလည်သွားသော မျက်နှာဖြင့် ကျွန်ုပ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"မင်း ဘာကြောင့် ဘာလင်စစ်ရာဇဝတ်ကောင်များ စစ်ဆေးရေးခုံရုံးကို နေ့တိုင်းသွားပြီး နားထောင်နေတာလဲ"

သူမသည် ကျွန်ုပ်၏ အမေးကို မဖြေဘဲ "ရှင်ဘယ်သူလဲဆိုတာ ပြောပြဖို့ ရှင့်ဘက်က ခုအထိ အဆင်သင့် မဖြစ်သေးဘူးလား" ဟု မေးလိုက်သည်။

ကျွန်ုပ်သည် အိတ်ထဲမှ နိုင်ငံကူးလက်မှတ်ကို သူမအား ထုတ်ပေးလိုက်သည်။ ထိုလက်မှတ်သည် ကျွန်ုပ်ကိုင်ဆောင်ထားသော လက်မှတ် အများအပြားအနက်တစ်ခုမျှသာဖြစ်ပြီး ထိုလက်မှတ်တွင် ကျွန်ုပ်၏ အလုပ်အကိုင်ကို – ကျွဲလား၊ နေတိုးအဖွဲ့၏ ကြက်ခြေနီလုပ်ငန်းကိုယ်စားလှယ် ဟုဖော်ပြထားသည်။ ထို့ပြင် ပေါ်တူဂီနှင့် စပိန်နှစ်နိုင်ငံသို့ ကျွန်ုပ်ရောက်ရှိခဲ့သည့် မှတ်ချက်နှစ်ခုသာ ထိုလက်မှတ်တွင် ပါဝင်သည်။ ကျွန်ုပ်တို့သည် နိုင်ငံစုံသို့ ရောက်ခဲ့ပြီး အတွေ့အကြုံများသူများ ဖြစ်သည်ဟူ၍ မိမိတို့ကို အခြားသူများက မထင်မြင်စေလိုပေ။

ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်ကိုကြည့်ပြီးနောက် သူမသည် စိတ်ထဲတွင် အတော်ပင် သက်သောင့်သက်သာရှိသွားပုံရပြီး "ကျေးဇူးတင်ပါတယ်၊ ဟားကွဲးလား" ဟု ပြောလိုက်သည်။ နိုင်ငံကူးလက်မှတ်သည် ဓာတ်ပုံရိုက် ကင်မရာထက်ပို၍ လှည့်စားတတ်သည်ဟူသော အချက်ကို သူမ သိပုံမရပေ။

"ကိုယ်ဟာ အင်္ဂလန်မှာ ကွယ်လွန်ခဲ့ကြတဲ့ ဂျာမန်ဒုက္ခသည်များရဲ့ ဆွေမျိုးသားချင်းများကို လိုက်လံရှာဖွေပေးနေရတဲ့ တာဝန်ကို ယူထားရတယ်လေ။ သူတို့အထဲက အချို့ဟာ စစ်ရာဇဝတ်ကောင်များ စစ်ဆေးရေးခုံရုံးမှာ သက်သေအဖြစ် ပါနေကြတယ်လေ။ ဒါကြောင့် ခုံရုံးကို ကိုယ်လာလာနေရတာပေါ့"

ကျွန်ုပ်က သူမယုံကြည်လောက်အောင် စကားကို အမျိုးမျိုးအကွက်ဆင်၍ ပြောနေသော်လည်း သူမက ကျွန်ုပ်၏စကားကို ဂရုပြုဟန်မရှိဘဲ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ရန် ကြိုးပမ်းနေသကဲ့သို့ ရှိနေသည်။ အတန်ကြာမှ ကျွန်ုပ်နှင့် ပိုမိုနီးကပ်အောင်တိုးလာပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ အင်္ဂလိပ်လူမျိုးပေါ့။ အင်္ဂလိပ်လူမျိုးတစ်ဦးအနေနဲ့ ဟစ်တလာကို ရှင် ဘယ်လိုမြင်သလဲ"

သူမ၏ စိတ်ထဲတွင် မျိုသိပ်ထားရသမျှတို့ကို ဖော်ထုတ်ရန် အစပျိုးလိုက်ပြီဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်။

"အင်းလေ၊ သူလဲ လူတစ်မျိုးပေါ့" သူမ၏ သဘောထားမည်သို့ ရှိမည်ကို မပြောနိုင်သဖြင့် မယုတ်မလွန် ပြောလိုက်ခြင်းဖြစ်သည်။

သူသည် ကျွန်ုပ်၏သဘောထားကို မကျေနပ်ဟန်ဖြင့် နှုတ်ခမ်းကို အနည်းငယ် ရှုံ့လိုက်ပြီး 'ဟင်း' ခနဲ့ သက်ပြင်းချလိုက်သည်။

"ရှင်တို့ အင်္ဂလိပ်လူမျိုးတွေဟာ ကျွန်းကလေးပေါ်မှာ သိပ်ပြီးလုံလုံခြုံခြုံနေကြရတာကိုး။ ဒီတော့ ကျွန်မတို့ ကြုံတွေ့ရတဲ့ဒုက္ခ၊ သုခတွေကို ရှင်တို့ ဘယ်သိမလဲ"

"မင်းမှားနေပြီ၊ ကိုယ့်ခါးက အမာရွတ်ဟာ ဒါချောနာဇီအကျဉ်းစခန်းမှာရခဲ့တဲ့ ဒဏ်ရာပေါ့"

ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်တွင် ဖော်ပြထားသော ကိုယ်တွင်ထင်ရှားသည့် အမှတ်အသားကို ရည်ညွှန်း၍ ကျွန်ုပ်က ပြောလိုက်ခြင်းဖြစ်သည်။

"သူ့ကို ထူးခြားပြောင်မြောက်သူတစ်ဦးလို့ ရှင်ထင်သလား"

"ဟုတ်တယ်၊ ထင်တယ်"

ကျွန်ုပ်၏အဖြေကို ကြားလိုက်ရသည့်အခါတွင် သူမသည် ဒေါသဖြင့်တဆတ်ဆတ် တုန်လာသည်။ "ဒီလိုလူမျိုးလား ထူးချွန်ပြောင်မြောက်တာ" ဟု တစ်ဦးတည်း ရေရွတ်သကဲ့သို့ ပြောလိုက်သည်။

"မကောင်းတဲ့ဘက်မှာ ထူးချွန်ပြောင်မြောက်တာကို ပြောတာလေ" ဟု ကျွန်ုပ်က နောက်ပြောင်သလို ဆက်ပြောလိုက်မှ သူမသည် အတော်စိတ်သက်သာသွားပုံရသည်။

ကျွန်ုပ်သည် ထူးခြားသော မိန်းမပျိုတစ်ဦးနှင့် တွေ့နေရပြီဖြစ်သည်။ သူမသည် လူပေါင်းများစွာ အစုအလိုက်အပြုံလိုက် သတ်မှုများကို စစ်ဆေးသည့် ခုံရုံးတွင် စွဲစွဲလမ်းလမ်းဖြင့် သွားရောက်နားထောင်တတ်သူဖြစ်သည်။ သူမကို နှစ်ကြိမ်တိုင် လုပ်ကြံရန် ကြိုးပမ်းခဲ့သည်ဟု စွဲစွဲမြဲမြဲ ထင်မှတ်နေသူလည်း ဖြစ်သည်။ မျိုသိပ်ထားရသော ပြင်းထန်သည့် စိတ်ခံစားချက်များ ရှိနေသူလည်း ဖြစ်သည်။

"သူ့ရဲ့အမည်ကို သမိုင်းကဏ္ဍက လုံးဝချေဖျက်ပစ်လိုက်ဖို့ လိုအပ်တယ်ဆိုတဲ့ အချက်နဲ့ သူဟာ လုံးဝမရှိတော့ဘူးဆိုတဲ့အချက်ကို လူတွေဟာ





ဘယ်တော့များမှ သဘောပေါက်လက်ခံလာကြမလဲ မသိဘူး" ဟု သူမက တစ်ကိုယ်တည်း ရေရွတ်နေသကဲ့သို့ ဆက်ပြောလိုက်ပြန်သည်။

နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့်ပတ်သက်၍ ချစ်စိတ်– မုန်းစိတ် ယှဉ်တွဲနေသော အစွန်းရောက်စိတ်လက္ခဏာများရှိသူ အများအပြားကို ကျွန်ုပ်ကြောခဏ တွေ့ခဲ့ဖူးသည်။ သူမသည် ထိုသူမျိုးဖြစ်သော်လည်း လက်ရှိကာလတွင်မူ ချစ်စိတ်၊ မုန်းစိတ်ယှဉ်တွဲတည်ရှိမှု စိတ်လက္ခဏာတွင် ဟစ်တလာကို သုံးဝပစ်ပယ်လိုသည့် မုန်းစိတ်က လွှမ်းမိုးနေသည့် အခြေအနေရှိကြောင်း တွေ့ရသည်။

သူမ ငယ်ရွယ်စဉ်ဘဝက ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် ပတ်သက်၍ သူမ၏ အတွင်းစိတ်တွင် မျိုသိပ်ထားရသည့် ခံစားချက်များသည် ပြင်းထန်လှပေရာ သူတပါးကို ပြန်လည်ရင်ဖွင့်ခြင်းဖြင့် စိတ်သက်သာမှုရှာဖွေရသည့် အခြေအနေမျိုးသို့ ဆိုက်ရောက်နေကြောင်း ကျွန်ုပ်သတိထားမိသည်။

"သူ့ကို မေ့ပျောက်ပစ်ဖို့ အကောင်းဆုံး နည်းလမ်းကတော့ သူ့အကြောင်းကို မစဉ်းစားဘဲ နေဖို့ပဲ" ကျွန်ုပ်က စကားကြောကို ဆက်ပေးလိုက်ပြန်သည်။

ပြော၍သာ ပြောရသည် သူမအနေဖြင့် မေ့ပျောက်၍လည်းမရ၊ မစဉ်းစားဘဲလည်း မနေနိုင်ရုံမက မပြောဘဲပင် မနေနိုင်တော့ကြောင်း ကျွန်ုပ်သိသည်။

"ကျွန်မဟာ ငယ်စဉ်ဘဝက ဘန်ကာခြံဝင်းကြီးထဲမှာ နေခဲ့တယ်"

သူမသည် အတိတ်ဇာတ်ကြောင်းကို ပြန်လှန်ရန် စလိုက်ပေပြီ။

"ဟစ်တလာနေတဲ့ ဖော်ရာဘန်ကာခြံကြီးကို ပြောတာလား"

"ဟုတ်တယ်"

သူမက ယခုအထိ မတို့ထိရသေးသော အရက်ခွက်မှ အရက်တစ်ငုံကို သောက်လိုက်ပြီးနောက် ပြောလိုက်သည်။

"ဘယ်အချိန်တုန်းကလဲ။ ဆိုလိုတာက စစ်ကြီးရဲ့ အစပိုင်းလား၊ အဆုံးပိုင်းလား၊ သို့မဟုတ် စစ်ကာလတစ်လျှောက်လုံးလား"

"စစ်ကြီးအစကနေ အဆုံးတိုင်အောင် တစ်ချိန်လုံးပေါ့"

"အဲဒီတုန်းက မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"၉ နှစ်သမီးပေါ့"

"သြော် ကလေးဘဝပဲ ရှိသေးတာပဲ"

"ဟုတ်တယ်"

သူမ၏အသံသည် အတက်အကျ အနိမ့်အမြင့်မရှိ။ သံမှန်ကြီးဖြင့် ပြောနေသည်။ ကျွန်ုပ်၏ မေးခွန်းများကို ဖြေရာတွင် စိတ်မှ စဉ်းစားမနေဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်မှ အလိုအလျောက်ထွက်လာသကဲ့သို့ ပြောနေရာ စိတ်ကုထုံးဆရာ
တွင် အိပ်မွေ့ချ၍ အမေးခံနေရသူကဲ့သို့ ရှိနေသည်။ ကျွန်ုပ်သည် စကားဆက်
မေးခွန်းများ ဆက်ကာဆက်ကာမေး၍ သူ့ကို ရင်ထဲရှိသမျှ ပွင့်အောင်လာအောင်
ဆွဲခေါ်သည့်နည်းကို ကျင့်သုံးခဲ့သည်။ စကားလမ်းကြောင်းကို အရှိန်အဟုန်
လာအောင် ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ် ဆွဲခေါ်သည့်အတိုင်း သူမ လို
လာပေပြီ။ စိတ်ထဲတွင်ရှိသမျှကို ကရားရေလွှတ် တတွတ်တွတ် ပြောချလို
တော့သည်။

"ကျွန်မရဲ့အမေဟာ ဟစ်တလာရဲ့ သီးသန့်ဆရာဝန်ကြီး ဖြစ်တဲ့
ဒေါက်တာမော့(စ်)မိုလာရဲ့ ဆေးအဖွဲ့က သူနာပြုဆရာမတစ်ဦးဖြစ်တယ်။
ကြောင့် ကျွန်မတို့ဟာ မြေကြီးထဲမှာ နေခွင့်ရတာပေါ့။ မြေဝင်းကြီးထဲမှာ ဟစ်တလ
ရဲ့ အထူးလက်ထောက် ဂိုဘဲ(လ်) မိသားစုရဲ့ ကလေးနှစ်ယောက်အပါအဝင်
ကျွန်မနဲ့ ရွယ်တူကလေး နှစ်ဦးရှိတယ်။ ကျွန်မတို့ဟာ လူကြီးတွေလုပ်နေကြ
တဲ့ အလုပ်တွေကို ဘာမှမသိကြတဲ့ အပြစ်ကင်းစင်တဲ့ ကလေးအရွယ်တွေပေါ့
မြေဝင်းကြီးထဲမှာ နေတဲ့သူတွေထဲမှာ ဦးလေးကြီးဟာမန်းကို ကျွန်မတို့ အချစ်ဆုံး
ပေါ့။ သူဟာ ကျွန်မတို့ကို စားစရာတွေ လက်ဆောင်တွေ မကြာခဏ ပေးတတ်
တယ်"

"ဟာမန်း ... ဟာမန်း၊ ဗိုက်ဂျဲလင်၊ ... နာဇီ လျှို့ဝှက်ထောက်လှမ်းရေးမှူး
ကျွန်ုပ်၏ စိတ်ထဲတွင် ဆက်စပ်စဉ်းစားကြည့်လိုက်သည်။

"ကျွန်မဟာ အန်ကယ်ဟာမန်းကြီး မိသားစု မြေဝင်းထဲပြောင်းလာကြ
တာကိုလဲ မြင်ခဲ့ရတယ်။ တခါဝင်းကြီးထဲက သူပြန်ပြောင်းသွားတာကိုလဲ တွေ့
ရတယ်။ သူ့တို့က ပြန်ခေါ်လို့ အန်ကယ်ဟာမန်းကြီး မြေထဲပြန်ပြောင်းလာတာ
ကိုလဲ ကောင်းကောင်းမှတ်မိနေတယ်။ သူမြေထဲမှာနေစဉ် ဟစ်တလာက သူ့
ဆဲဆိုကြိမ်းမောင်းနေတာကိုလဲ အကြိမ်ကြိမ် ကြားခဲ့ရတယ်။ တစ်နေ့မှာ သူ
ဟာ အန်ကယ်ဟာမန်းကို ဟစ်တလာနေတဲ့ အိမ်ကြီးနောက်က ပန်းခြံထဲကို
သွားပြီး ပစ်သတ်လိုက်တာကို ကျွန်မတို့ ကစားနေစဉ် လှမ်းမြင်လိုက်ရတယ်
ကျွန်မတို့ဟာ အံအားသင့်ပြီး ကြက်သေသေကုန်ကြတယ်။ သူတို့ ဘာကြောင့်
အန်ကယ်ဟာမန်းကို သတ်တာလဲလို့ ကျွန်မအမေကို မေးကြည့်တော့ သူဟာ
ယုတ်မာတယ်လို့ အမေက ပြောတယ်။ ကျွန်မဟာ အဲဒီအချိန်ကစပြီး လူတ
ယောက် သေတယ်ဆိုတာ တစ်နေရာသွားပြီး သူ့ကို တခြားသူတွေက နောက်
ထပ် ပြန်မမြင်ရတော့တာကို ခေါ်တာပဲလို့ နားလည်ခဲ့ရတယ်။ အဲဒီနောက်ပိုင်း
တော့ အိပ်မက်ဆိုးတွေ စတော့တာပဲ။ ကျွန်မရဲ့ ကိုယ်ခန္ဓာထဲမှာ အရာရာ
စိစိညက်ညက် ကျေပြုန်းသွားတယ်လို့ ကျွန်မ ခံစားရတဲ့ အဖြစ်ဆိုးတွေပေါ့





င်းထဲမှာ နေကြတဲ့လူကြီးတွေရဲ့ အပြုအမူတွေဟာ ထူးထူးခြားခြားနဲ့ ပြာပြာ
လဲဖြစ်နေတာကို တွေ့ရတယ်။ ကျွမဟာ ဘာတွေဖြစ်နေသလဲဆိုတာ သိချင်
ပြင်းပြတာနဲ့ တစ်ခါတလေမှာဆိုရင် ကြောင်အိမ်ထဲမှာ ဝင်ပုန်းပြီး လူကြီးတွေ
တာကို ခိုးပြီးနားထောင်ကြည့်မိတယ်။ တစ်ချိန်မှာတော့ ကျွန်မ အိမ်ထဲမှာ
ကစားနေတုန်း သေနတ်သံတစ်ချက်ကြားလိုက်ရတယ်။ ခဏကြာတော့
ခေါင်းဆောင်ကြီး သေပြီလို့ ကျွန်မအမေက ကျွန်မကို ပြောပြတယ်။ လူကြီးတွေ
ပြောပြချက်တွေကို အကြိမ်ကြိမ်အခါခါ နားထောင်ခဲ့ရတဲ့ ကျွန်မတို့ကလေး
ဟာခေါင်းဆောင်ကြီးကို 'ဘုရားသခင်' လို့ ထင်ထားကြတယ်။ အဲဒီအချိန်
ပဲ တစ်စုံတစ်ခုကို မီးရှို့လိုက်တဲ့ အနံ့ရလို့ ပြတင်းပေါက်က ထွက်ကြည့်လိုက်
တော့ ဥယျာဉ်ထဲက မီးနိုးထွက်နေတာတွေ့ရတဲ့အတွက် ဥယျာဉ်ဘက်ကို ထွက်
ခဲ့တယ်။ ဒါပေမယ့် အစောင့်တစ်ယောက်က မောင်းထုတ်လိုက်လို့ ကျွန်မ
ခဲ့ရတယ်။ အိမ်ထဲပြန်ဝင်လာတော့ ကျွန်မအမေကိုယ်တိုင်ကလဲ ပျူးတူးပျာတာ
အမူအယာတွေ ထူးခြားနေတာတွေ့ရပြန်တယ်"

သူမက မောပန်းသွားဟန်ဖြင့် ခဏနားလိုက်သည်။ ပထမစပြောစဉ်က
သော စိတ်လှုပ်ရှားမှုများသည်လည်း အတော်အတန် ပြေပျောက်သွားပုံရ
သည်။ ထို့ကြောင့် ပိုမိုတည်ငြိမ်လာသော လေသံဖြင့် –

"အဲဒီနောက်မှာတော့ တဝုန်းဝုန်း တဒိုင်းဒိုင်းအသံများ ဆူညံပြီး မြေကြီး
လျှင်လှုပ်သလို တုန်လှုပ်လာတယ်။ လူတွေရဲ့ ပါးစပ်ကလဲ ရုရှတွေလာနေ
လို့ ထိတ်ထိတ်ပျာပျာ ပြောနေတာ ကြားရတယ်။ ကျွန်မနဲ့ ကျွန်မအမေဟာ
ဘဲ(လ်)မိသားစုနေတဲ့ အိမ်ဘက်ကို ကူးလာခဲ့တယ်။ ကျွန်မအမေဟာ သူတို့အိမ်
ထဲ ဝင်သွားပြီး ခဏအကြာမှာ ပြန်ထွက်လာတယ်။ ဒီနောက် ကျွန်မကို
ဆွဲပြီး အိမ်ဘက်ကို ပြန်ပြေးခဲ့ကြတယ်။ အိမ်ရောက်တော့ အမေက ဂိုဘဲ(လ်)
သားစုအားလုံး သေကုန်ကြပြီလို့ ပြောလိုက်တော့ ကျွန်မ တုန်လှုပ်သွားခဲ့ရ
တယ်။ နောင်အတော်ကြာမှ သိရတာကတော့ ကျွန်မအမေဟာ သူတို့အိမ်ကို
ပြီး ဆေးလုံးတွေကို ပေးပစ်ခဲ့တယ်လို့ သိရတယ်။ ဒါလဲ ဂိုဘဲ(လ်)ရဲ့ အမိန့်
ရ လုပ်ရတာပဲ"

အစန်းထောင့်တွင် ဝပ်နေသော ခွေးကြီးသည် သူ့သခင်မ၏ မျက်နှာ
တွင် ပေါ်လွင်နေသော နာကျည်းချက်များကို သိနေသည့်အလား ဂနာမငြိမ်
လှုပ်လှုပ် ဖြစ်လာသည်။

"လူကြီးတွေအကြားမှာ ကမ္ဘာပျက်သလို ပွက်လောရိုက်နေကြတာ
တွေ့နေရတဲ့အပြင် မြေဝင်းကြီးထဲမှာ ကျွန်မနဲ့အတူ နေခဲ့ကြတဲ့ ကစားဖော်
စားဖက်ကလေးတွေအားလုံးလည်း မရှိတော့တာကို သိလိုက်ရတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ အကြီးအကျယ် တုန်လှုပ်ချောက်ခြားသွားခဲ့တယ်။ ကျွန်မ ဘာဆက်လုပ်ရမှန်း မသိအောင်ကြောင်နေတုန်း ဝိုတဲ(ခ်)ရဲ့ လက်ထောက်ဖြစ်တဲ့ ဦးလေးဂုအန်သာကြီးအနေနဲ့ [illegible] ဖြတ်သွားတာမြင်ရလို့ အားကိုးတကြီး သူ့ဆီ ပြေးသွားခဲ့တယ်။ ခါတိုင်းဆို သူဟာ ကျွန်မကို သိပ်ချစ်တယ်။ ဒါပေမယ့် ဒီတစ်ခါတော့ "ဒီကောင်မလေး သွားစမ်း" ဆိုပြီး ကျွန်မကို ဆော်လွှတ်လိုက်တယ်။ နောက်မှ သိရတာကတော့ ဥယျာဉ်ထဲမှာ သတ်သေကြတဲ့လူကြီးတွေအားလုံးရဲ့ အလောင်းတွေကို ဖြာကျအောင် မီးရှို့ဖို့ အန်ကယ်ဝူအမ်သာကြီးကို တာဝန်ပေးထားတယ်လို့ ဆိုတာပဲ"

"အဲဒီညမှာပဲ ကျွန်မအမေဟာ ကျွန်မကိုခေါ်ပြီး တစ်နေရာကို ထွက်ပြေးခဲ့တယ်။ အခြားလူတွေလဲ ပါပေမယ့် ဘယ်သူတွေလဲဆိုတာ မမှတ်မိတော့ဘူး"

ကျွန်မတို့ထွက်ပြေးချိန်မှာ မြေပြင်တစ်ခုလုံးဟာ ပုံးခံအမြောက်ဆံများကြောင့် တုန်ခါနေပြီး ကောင်းကင်တစ်ခုလုံးဟာလဲ နီရဲနေတယ်။ ဘာလင်မြို့ရဲ့ ဝေဒမ် ဒန်မာတံတားအရောက်မှာ ကျွန်မလဲ မောလွန်းပြီး သတိလစ်သွားခဲ့တယ်"

စကားဆုံးလျှင် ဆုံးချင်းသူမသည် ဖြတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။ ဤအပြုအမူကြောင့် သူမ၏ အစောင့်ခွေးကြီးသည် ထိတ်လန့်ပြီး တစ်ချက်ဟောင်လိုက်သည်။ ကျွန်ုပ်ကမူ သူမဘာဆက်ပြောမည်ကို ငြိမ်ပြီးစောင့်နေသည်။ ခွေးကြီး၏ အခြေအနေမှာလည်း ဂနာမငြိမ်ဖြစ်နေရာ ညောင်းညာလာပြီဖြစ်သော ခြေထောက်ကိုပင် မလှုပ်ဘဲ ထိန်းချုပ်ထားရသည်။

"တကယ်တော့ အဲဒီအချိန်ဟာ ကျွန်မရဲ့ ကလေးဘဝမှာ တုန်လှုပ်ဖွယ်ရာ အကောင်းဆုံးကာလပဲ။ ကျွန်မချစ်ခင်အားကိုးဆုံး အန်ကယ်ဟာမန်းကြီးဟာ ကျွန်မရှေ့မှာ ပစ်သတ်ခံရတယ်။ လူကြီးတွေရဲ့ ကမ္ဘာ့ရူးထိုးဖြစ်နေတဲ့ အမှုအရာများကလည်း နားမလည်နိုင်တဲ့ ကျွန်မအတွက် ခြိမ်းခြောက်သလိုဖြစ်ခဲ့တယ်။ လူကြီးတွေကို နားမလည်နိုင်တော့လို့ ကျွန်မနားလည်နိုင်တဲ့ ကစားဖော် ကစားဖက်ဖြစ်တဲ့ ကလေးများဆီကိုသွားတော့လဲ သူတို့အားလုံး မရှိကြတော့တာ တွေ့ရတယ်။ လူတိုင်းဟာ ဒုက္ခရောက်နေပြီး ဘယ်သူ့ကိုမှ အားကိုးရာမရတဲ့ အခြေအနေမျိုးပဲ၊ အဲဒီအချိန်မှာ အလွန်ဩဇာအာဏာကြီးမားပြီး ဘယ်တော့မှ မသေနိုင်ဘဲ လူတိုင်းကိုအခက်အခဲက ကျော်လွှားနိုင်အောင် ကူညီပေးနိုင်တဲ့ လူတစ်ဦးကသာ ကျွန်မကို ကယ်တင်နိုင်လိမ့်မယ်လို့ ကျွန်မ ထင်မြင်မိခဲ့တယ်။ အဲဒီလူမျိုးကတော့ လူကြီးတွေက မကြာခဏ အမွှမ်းတင်ပြောဆိုပြီး ကျွန်မတို့ ကလေးများက ဘုရားသခင်တမျှ ထင်မှတ်နေကြတဲ့ ခေါင်းဆောင်ကြီးပဲလို့ ကျွန်မ စဉ်းစားမိခဲ့တယ်"





သူမသည် ဦးခေါင်းကို အောက်သို့ငုံ့၍ ပြောနေရာမှ ဖြတ်ခနဲ မော့လိုက်ပြီး ကျွန်ုပ်မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ ထို့နောက် ထူးခြားသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ဒါကို ပြင်းထန်တဲ့ ဘဝဒဏ်လို့ ခေါ်မှာပေါ့၊ ဟုတ်လား"

"ကိုယ်ကတော့ ပိုပြီး ရိုးစင်းတဲ့အမည်ပေးချင်တယ်"

"ဘယ်လိုပေးချင်လို့လဲ"

"ဆွေးမြေ့နေတဲ့ အတွေးအကြံကို စွဲလမ်းခြင်းလို့ပေါ့"

"အတူတူပါပဲလေ၊ ကျွန်မ ဟိုတစ်ချိန်က ဒါကို စိတ်ကုဆရာဝန်တွေဆီမှာပြကြည့်သေးတယ်။ ခုတော့ သူတို့ဆီ မသွားတော့ဘူး"

"အင်းလေ၊ ခုတော့ ခုံရုံးမှာ နေ့တိုင်းသွားနားထောင်နေတယ်ပေါ့။ ဟုတ်လား၊ ဒါဘာကြောင့်လဲ၊ မင်းကိုယ်မင်းရော သိရဲ့လား"

"ရှင်လဲ သိတယ်မဟုတ်လား။ အရက်စွဲသူများကို အရက်ပြတ်သွားအောင်ကုသနိုင်တဲ့ အကောင်းဆုံးကုထုံးဟာ အရက်သောက်ရင် အော့အန်တတ်တဲ့ ဆေးတိုက်ကြွေးတာပဲ မဟုတ်လား။ လူတစ်ယောက်ဟာ သူ့ကို အော့အန်အောင် ပြုလုပ်တဲ့အရာတစ်ခုကို ဆက်ပြီးမြတ်နိုးနိုင်ပါဦးမလား"

ကျွန်ုပ်သည် သူမ၏အခန်းသို့ ရောက်ခဲ့သည့်အချိန်မှ ယခုအထိ စကားအပြန်အလှန်ပြောဆိုရာတွင် ကျွန်ုပ်ကသာ ဦးဆောင်မေးပြီး ကျွန်ုပ်ဘက်သို့ မေးခွန်းလှည့်မလာအောင် သတိထား၍ ရှောင်တိမ်းခဲ့သည်။ အပြန်အလှန် ပြောဆိုရာတွင် ကျွန်ုပ်ကို အမေးမခံဘဲ သူကသာ ပြောနေစေရန် ထိန်းထားခဲ့ခြင်းဖြစ်သည်။

"ရှင် ကျွန်မကို ကောင်းကောင်းနားလည်ပါပြီနော်"

"နားလည်ပါတယ်။ နားမလည်နိုင်လောက်အောင် ရှုပ်ထွေးတဲ့ အခြေအနေမျိုးလဲ မဟုတ်ပါဘူး"

ထို့နောက် ကျွန်ုပ်သည် သူမထံမှ မေးခွန်းမလာမီ သူမကို မေးခွန်းတစ်ခု လျှင်လျှင်မြန်မြန် မေးရန်စဉ်းစားလိုက်သည်။ ရှည်ရှည်ဝေးဝေးစဉ်းစားရန် မလိုပါ။ သူမကို မမေးဘဲ ချန်ထားသောမေးခွန်းတစ်ခု ကျွန်ုပ်တွင် အသင့်ရှိနေသည်။

"မင်းကို တစ်စုံတစ်ဦးက မကြာမီကပဲ ဒုတိယအကြိမ်လုပ်ကြံဖို့ ကြိုးစားခဲ့တယ်လို့ မင်းထင်နေတယ်။ အဲဒီအကြောင်းကိုလဲ မင်းဘာမှ ရှင်းမပြသေးပါလား"

"ဒီလို လုပ်ကြံဖို့အတွက် သူတို့မှာ အကြောင်းတွေရှိနေတယ်"

"သူတို့ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နာစီဆုပ်ရှုပေါ့။ ကျွန်မဟာ တက္ကသိုလ်မှာ ပညာသင်ကြားရှုများပြီး ချိုတာနဲ့ ဒီအဖွဲ့ထဲကို ဝင်ခဲ့တာပဲ။ သူတို့အဖွဲ့ကို ဖီးနစ်(စ်) လို့ အမည်ပေးထား တယ်။ ကျွန်မနဲ့အတူ ရုန်းကန်ထွက်လာတော့ ကျွန်မနဲ့အတူ ထွက်ပြေးလာ တဲ့ တောင်နက်တော်တသောပေါ်လဲရောက်ရော ဖုံးဆံထိမှန်ပြီး ကွယ်လွန်ခဲ့တယ်။ အဲဒါကြောင့်လဲ ဒီအဖွဲ့ကို ကျွန်မရဲ့ ရန်သူအဖွဲ့များလို သဘောထားပြီး ဝင်ခဲ့တာ ဖြစ်တယ်။ လွှင့်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်တတော့ ကျွန်မ ဒီအဖွဲ့ကို စွန့်ခွာခဲ့ပါ တယ်။ စွန့်ခွာတယ်ဆိုတာဟာလဲ ပြန်စကြား အဆက်ဖြတ်လိုက်ခြင်း မဟုတ် ပါဘူး။ သူတို့ဌာနချုပ်ကို သွားတော့တဲ့ နေတဲ့သဘောပါ။ သူတို့ဟာ ကျွန်မကို လိုက်ရှာပြီး သူတို့နဲ့ ပြန်လည်ဆက်သွယ်သွားလာဖို့ ပြောခဲ့တယ်။ သူတို့ ဒီလို ကျွန်မကို ပြန်ခေါ်ရတာဟာလဲ ကျွန်မဟာ သူတို့အကြောင်း အများကြီး သိနေလို့ ဖြစ်တယ်။ နာစီထိပ်တန်း အရာရှိတွေထဲမှာ ဘယ်သူတွေ အသက်ရှင်နေဆဲရှိပြီး အချို့ဟာ ဘယ်ကိုထွက်ပြေးကြတယ်ဆိုတာကိုလဲ ကျွန်မ သိနေတယ်၊ သူတို့ ကျွန်မကို ဆွဲဆောင်ပေမယ့် ကျွန်မဟာ သူတို့အဖွဲ့နဲ့ ပြန်မဆက်သွယ်ခဲ့ဘူး။ ဒါပေမယ့် ကျွန်မဟာ သူတို့ စိတ်ကျေနပ်အောင် သူတို့အကြောင်း ဘယ်သူ့မှ မပြောပါဘူးလို့ သူတို့ဌာနချုပ်မှာရှိတဲ့ 'တစ်စုံတစ်ခု' ရှေ့မှာ ကျမ်းကိုန်တတိပြုခဲ့ တယ်။ ဒါပေမယ့် ခုတော့ ကျွန်မဟာ သူတို့အကြောင်းကို တခြားသူများကို ပြောတယ်ပဲ ထင်လို့လား၊ သူတို့အထဲမှာ ခေါင်းဆောင်အပြောင်းအလဲဖြစ်ပြီး သဘောထား ပြောင်းလာလို့ပဲလားတော့ မသိဘူး။ ကျွန်မကို နှစ်ကြိမ်ရှိပြီ လုပ်ကြံ ဖို့ ကြိုးစားနေတာ"

ကျွန်ုပ်သည် သောက်လက်စဖန်ခွက်ထဲမှ လက်ကျန်ဝီစကီကို ကုန် အောင် မော့ချလိုက်ပြီး ပြန်တော့မည်ဟု ဟန်ပြင်လိုက်သည်။ ကျွန်ုပ် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အတွက် ရှင်းလင်းထင်ရှားသော လမ်းစများ ပေါ်လာပြီဟု စဉ်းစားမိလိုက်သည်။ သို့သော် သူမကမူ ပြောစရာကျန်နေသေး ပုံရသည်။

"ကျွန်မတို့တစ်တွေဟာ ဘာကြောင့်များ မလုပ်သင့်ဘူးလို့ ကိုယ်တိုင် သိမြင်ခံယူထားတဲ့ အလုပ်ကို လုပ်ချင်တဲ့စိတ် ရှိနေရသလဲ မသိဘူးနော်" သူမက ရေရွတ်လိုက်ပြန်သည်။

"ဒါဟာ လူတွေရဲ့ သဘာဝစိတ်ပါပဲလေ။ ကားပေါ်ကိုရောက်ရင် လီဗာကို အားကုန်နင်းချင်တယ်။ ဘရိတ်ကို မုန်းတတ်တယ်။ ဒီလိုစိတ်မျိုးပေါ့။ ဒါပေမယ့် ဒီစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားပါ။ မပြောဘဲ မနေနိုင်လောက် အောင်ဖြစ်လာရင် အသံသွင်းစက်ရှေ့မှာ ပြောလိုက်ပါ။ ပြီးတော့မှ တိတ်ကြိုးခွေ ကို မီးရှို့ပစ်ပေါ့။ ဒါမှမဟုတ်ရင်လဲ ဂျာဂင်ကြီးကို ပရိုသတ်အဖြစ်သဘောထားပြီး





ပြောပေါ့။ ဒါပေမယ့် လူစိမ်းတစ်ယောက်ကိုတော့ ဘယ်တော့မှ ဒီအကြောင်းတွေ မပြောပါနဲ့။ မင်း ပြောလိုက်တဲ့လူဟာ နာဇီဆန့်ကျင်ရေးအုပ်စုက ဖြစ်နေရင် ဖီးနစ်(စ်)ဂိုဏ်းက မင်းကို မတော်တဆယာဉ်တိုက်မှု ပုံစံမျိုးနဲ့ လုပ်ကြံနေမှာတော့ မဟုတ်ဘူး။ မင်းအိမ်ကို တစ်နာရီအတွင်းရောက်လာပြီး အပြစ်ရှင်းတဲ့အလုပ်မျိုး လုပ်မှာ သေချာတယ်။ အဲဒီအခါမှာ မင်းရဲ့ဂျာဂင်ကြီးဟာလဲ ကျည်ပြီးဆေး ရှိလို့ မင်းကို ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး"

ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်သည် တံခါးပေါက်ဘက်သို့ လှည့်၍ လျှောက်လာခဲ့ရာ ဂျာဂင်ကြီးသည် ဝပ်နေရာမှထ၍ သတိအနေအထားမျိုးဖြင့် ကျွန်ုပ်ကို စူးစိုက်ကြည့်နေသည်ကို သတိပြုမိလိုက်သည်။

"ဒီအခြေအနေမှာ ကျွန်မဟာ ဘာလင်က ထွက်ခွာသွားရင် ကောင်း မလား" သူမက တံခါးပေါက်နား အရောက်တွင် မေးလိုက်သည်။

"ဒါဆိုပိုပြီး လုံခြုံမှု ရှိမယ်လို့ ထင်ရတာပဲ"

သူမသည် ကျွန်ုပ်အတွက် တံခါးကိုဖွင့်ပေးလိုက်ပြီးနောက် "ရှင်ဟာ နာဇီဆန့်ကျင်ရေး အဖွဲ့အစည်းတစ်ခုခုကတော့ မဟုတ်ပါဘူးနော်" ဟု ကျီစယ် ဟန်ဖြင့် ပြောလိုက်သည်။

အပြင်တွင် လမ်းများသည် နှင်းခဲများဖြင့် ဖုံးလွှမ်းနေပြီဖြစ်သည်။ နှင်းခဲ များအပေါ်တွင် လျှောက်သွားရင်း ကျွန်ုပ်သည် သူမ၏အကြောင်းများကိုသာ စဉ်းစားလာခဲ့သည်။ ကျွန်ုပ် သူမအိမ်ခန်းသို့ လိုက်သွားခြင်းသည် ပစ်ကွင်းထဲသို့ တိုးဝင်သည့်နည်းကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ သူမအိမ်သည် ပစ်ကွင်းတစ်ခု ဖြစ်ရမည်ဟု ကျွန်ုပ်ယူဆထားခဲ့သည်။ ထိုယူဆချက် မှန်ကန်ကြောင်းကို သူမ အိမ်မှ အပြန်လမ်းတွင်ဝင် ကျွန်ုပ် ခိုင်ခိုင်မာမာ သိရှိခဲ့ရသည်။ သူမ အိမ်ခန်းမှ ထွက်လာပြီးနောက် ခပ်လှမ်းလှမ်းအရောက်တွင် ပတ်ဝန်းကျင်ကို လှေလာကြည့် လိုက်ရာ ကျွန်ုပ်အား နောက်ယောင်ခံလိုက်နေသူဟု မသင်္ကာဖွယ်လူနှစ်ဦးကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၆)

အန်တာ၊ဒင်အိချုန့်လမ်းကြေးအတိုင်း လျှောက်လာချိန်တွင် နောက်ယောက်ခံလိုက်နေသူများသည် ကျွန်ုပ်၏နောက် အတော်ခပ်လှမ်းလှမ်းမှ ဖြန့်၍ လိုက်လာနေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် အကာအကွယ်ကောင်းတစ်ခုကို ရှာကြည့်လိုက်ရာ ဘီယာသေတ္တာများတင်ထားသည့် ထရပ်ကားတစ်စီးရပ်ထားသည်ကို တွေ့လိုက်ရသဖြင့် ထိုကား၏ရှေ့မှဖြတ်၍ တစ်ဘက်အကွယ်တွင် ပုန်းနေလိုက်သည်။ ကား၏စက်ခန်းဘေးဘက်သို့ ထွက်နေသော နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်ရာ ကျွန်ုပ်ကို နောက်ယောက်ခံလိုက်လာသူတစ်ဦးမှာ ကျွန်ုပ် ကားဘေးတွင် ခိုဝင်လိုက်သည်ကို သိပုံမရဘဲ ဆက်လိုက်လာသည်ကို မြင်နေရသည်။ ကျွန်ုပ် အကာအကွယ် ယူနေသည့်ကားအနီးသို့ သူရောက်လာချိန်တွင် သူ့အမူအရာကို အကဲခတ်ကြည့်လိုက်ရာ ကျွန်ုပ်ကို မျက်ခြေပြတ်သွားသဖြင့် မျာပျာသလဲဖြစ်ပြီး ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်လိုက်ရှာနေသည်ကို တွေ့ရှိရသည်။ ကားဘေးမှ သူဖြတ်သွားပြီး ခပ်လှမ်းလှမ်း အရောက်တွင်မှ ကျွန်ုပ်သည် လမ်းတစ်ဘက်သို့ ကူးလိုက်သည်။ ထို့နောက် ချောင်ကောင်းကောင်း တစ်နေရာတွင် ခိုဝင်လိုက်ပြီး သူ့ကို အကဲခတ်ကြည့်နေလိုက်သည်။

သူသည် ရှေ့တွင် ကျွန်ုပ်ကို လှမ်း၍မမြင်ရတော့သည့်အချိန်တွင် နောက်သို့ ပြန်လှည့်လာပြီး ကျွန်ုပ်အား မျက်ခြေပြတ်သွားသည့်နေရာ အနီး





အနားရှိအရက်ဆိုင်များ၊ ဆေးဆိုင်များနှင့် သတင်းစာအရောင်းဆိုင်များတွင် ကျွန်ုပ်ကို ရှာကြည့်နေသည်ကို တွေ့နေရသည်။ ထို့နောက် သူသည် စိုးရိမ်စိတ်ပြင်းပြလာဟန်ဖြင့် ပလက်ဖောင်းပေါ်တွင် ခြေထောက်ကိုဆောင့်လျက် ဟိုဟိုဒီဒီကြည့်နေပြန်သည်။ နောက်ဆုံးတွင် လက်လျှော့သည့်အနေဖြင့် ရှေ့သို့ ဆက်လျှောက်သွားပြီး ဘီယာဆိုင်တစ်ခုထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်သည် (၁၅) မိနစ်ခန့်ဆိုင်အပြင်မှ စောင့်ကြည့်နေရာ သူ့ထံသို့ မည်သူမျှ လာရောက်ဆက်သွယ်ခြင်းမရှိသည်ကို တွေ့ရသည်။ သူသည် ကျွန်ုပ်ကို နောက်ယောက်ခံလိုက်နေသူဖြစ်သည်မှာ သေချာသော်လည်း ရန်သူဘက်မှလော၊ ကျွန်ုပ်တို့ အင်အားစုဘက်မှလော၊ စဉ်းစားရကျပ်နေသည်။ သို့သော် ကျွန်ုပ်၏ ဇာက်ကွင်းထဲ တိုးဝင်ရေး 'အယူအဆ' သည် ဤနေရာတွင်လည်း အသံစီးရသွားပြီ ဖြစ်သည်။ ကျွန်ုပ်သည် ဆိုင်ထဲသို့ဝင်၍ သူ့ကိုရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

သူထိုင်နေသော စားပွဲတွင်နေရာယူလိုက်သည်နှင့် သူ့မျက်နှာကို ကျွန်ုပ် ကောင်းကောင်းမှတ်မိလိုက်သည်။ သူသည် ဟင်ဂဲလ်ဆိုသူဖြစ်ပြီး ကျွန်ုပ်၏ မှတ်တမ်းဖိုင်တွင် သူ့ဓာတ်ပုံအောက်၌ 'လုံးလုံးလျားလျား မှီခိုအားထားနိုင်သူ' ဟု စာလုံးမဲကြီးများဖြင့် ရေးထားသည်ကို ကျွန်ုပ်မှတ်မိလိုက်သည်။ ဗိုး(လ်) ပြောသွားသည့် အားကိုးရမည့် လူငယ်နှစ်ဦးတွင် သူသည် တစ်ဦးဖြစ်ကြောင်းကိုလည်း ပြန်လည်စဉ်းစားမိသည်။ သူသည် လူငယ်တစ်ဦးဖြစ်ပြီး ဤလုပ်ငန်းတွင် အတွေ့အကြုံနည်းဟန်ရှိသည်။

"မင်းကို နောက်တစ်ခါ ဒီလိုလိုက်လာဝံ့မျိုးတွေ့ရင် ငါ ဘာလင်ဌာနခွဲကို မှတ်ချက်နဲ့ သတင်းပို့လိုက်မယ်။ မင်းဒုက္ခရောက်သွားချင်သလား" ဟု ကျွန်ုပ်က ခပ်တင်းတင်း မျက်နှာထားဖြင့် ပြောလိုက်သည်။

"ခင်ဗျား သိတယ် မဟုတ်လား။ ကော၊ အဲလ်၊ ဂျေ ဘာဖြစ်သွားသလဲဆိုတာ"

"အေး သိတယ်၊ ငါ ဒါမျိုးအဖြစ်မခံဘူးဆိုတာ မင်းမှတ်ထားပါ"

"သူဟာ အတော့်ကို တော်တဲ့လူပဲ"

"မှန်တယ်၊ သူဟာ သိပ်တော်တယ်။ ဒါပေမယ့် သူဟာ အကာအကွယ်ကို သုံးခဲ့တယ်။ သူ့ကို အကာအကွယ်ပေးမယ့် လူတွေက သူ့ကို ကာယ်နိုင်ခဲ့ဘူး"

လူငယ်သည် မခံချင်စိတ်ကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ဖြင့် "ကျွန်တော်ဟာ သူ့ရဲ့ အကာအကွယ်ပဲ" ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါသိတာပေါ့၊ ဒါပေမယ့် မောင်ရင်စိတ်မပျက်နဲ့။ အကာအကွယ် အစောင့်အရှောက် အထပ်ထပ်ချထားတဲ့ သမ္မတတွေတောင် လုပ်ကြံခံရသေးတာပဲ။ ဒါနဲ့ နေပါဦး၊ ငါ့ကို အကာအကွယ်ပေးဖို့ မင်းကို ဘယ်သူက အမိန့်ပေးခဲ့သလဲ"

သူသည် ရိုးသားသောလူငယ်တစ်ဦး ဖြစ်သော်လည်း ဤလုပ်ငန်းမျိုးတွင် အရေးကြီးဆုံးသော 'လျှို့ဝှက်တတ်မှု' အရည်အချင်း ချို့တဲ့သူဖြစ်ကြောင်း ကျွန်ုပ် နားလည်လိုက်သည်။ ကော၊ အဲလ်၊ ဂျေကို အကာအကွယ်ပေးမည့်သူအဖြစ် ဘာလင်မြို့ရှိက သူ့ကို ဘာကြောင့်ရွေးခဲ့သည်ကို ကျွန်ုပ်စဉ်းစား၍ပင် မရပေ။

"အေး၊ ငါ့လုပ်ငန်းမှာ မင်းဝင်မရှုပ်နဲ့တော့။ ငါ့လုပ်ငန်းအတွက် အကာအကွယ်ပေးမယ့် သူ မလိုတော့ဘူးလို့ ငါပိုး(လ်)ကို ပြောထားပြီးပြီ။ လွန်ခဲ့တဲ့ ညသန်းကောင်အချိန်ကစပြီး အားလုံးရုပ်သိမ်းပြီးပြီ"

သူသည် ခေါင်းငိုက်စိုက်ဖြင့် ငြိမ်နေသည်။ ကျွန်ုပ်၏ပြောဆိုချက်များနှင့်ပတ်သက်၍ သူ့ဘက်မှ စောဒက တက်လာမည်ဆိုပါက ကျွန်ုပ်တွင် သူ့အား ထပ်ဆင့်မေးရန် မေးခွန်းများစွာ ရှိနေသည်။ သူကျွန်ုပ်ကို ဘယ်နေ့ရာကစပြီး ခြေရာ ကောက်ခဲ့သနည်း။ သူသည် ကျွန်ုပ်၏ ဟိုတယ်ကို သိနေမည်မှာ သေချာပေရာ ထိုနေရာကပင် စတင်ခြေရာကောက်ခဲ့ခြင်းလော။ မဖြစ်နိုင်။ ဤသို့ဆိုပါက ကျွန်ုပ် သတိပြုမိမည်မှာ အမှန်ပင်ဖြစ်သည်။ ဘာလင်ခုံရုံးသို့သွားခြင်းမှာလည်း ကျွန်ုပ်က အချိန်ကပ်၍ ဆုံးဖြတ်ခဲ့သည့်ကိစ္စဖြစ်၍ သူမသိနိုင်ပေ။ ထို့ပြင် သူသည် မော်တော်ကားနှင့်တိုက်ရန် ကြိုးပမ်းမှုကိုလည်း သိပုံမရပေ။ သူသည် ကော၊အဲလ်၊ ဂျေ သေဆုံးရမှုတွင် မိမိတာဝန်မကောင်းကြောင်း လိပ်ပြာမသန့်ဖြစ်နေရာ ကျွန်ုပ်ကို အကာအကွယ်ပေးရန် အစော်အတန် ကြိုးပမ်းမည်သာဖြစ်သည်။ သို့ဖြစ်ရာ မော်တော်ကားကိစ္စသာ သူသိပါက ဤနေရာတွင် ကျွန်ုပ်ကို ထုတ်မပြောဘဲ နေနိုင်မည်မဟုတ်။ ကျွန်ုပ် အင်ဂါလင့်(ဒ်) အိမ်ခန်းသို့ လိုက်သွားသည်ကိုလည်း သူ သိပုံမရပေ။ အဖြစ်နိုင်ဆုံး အလားအလာမှာ သူသည် ကျွန်ုပ် အန်တာ၊ ဒင်၊ အီချန် လမ်းမကြီး၏ အလယ်ခန့်ရောက်သည့်အခါတွင်မှ ကျွန်ုပ်ကို အမှတ်တမဲ့ လှမ်းမြင်လိုက်ပြီး သူ့အဆုံးအဖြတ်ဖြင့် သူ လိုက်လာခဲ့ပုံရသည်။

ဘာလင်မြို့ရှိသည် အန်တာ၊ ဒင်၊ အီချန် လမ်းမကြီးနှင့် ရိန္နာအလီ လမ်းကျဉ်းတို့ ဆုံရာထောင့်တွင်ရှိသော အဆောက်အအုံ၏ နဝမထပ်တွင် ရှိသည်။ သို့ဖြစ်ရာ ထိုအဆောက်အအုံအပေါ်မှ စီးကြည့်ပါက လမ်း နှစ်သွယ်စလုံး၏ မြင်ကွင်းကို ထင်းထင်းကြီး မြင်နေနိုင်သည့် အခြေအနေရှိသည်။ အဆောက်အအုံသို့ ဝင်လာသူတိုင်း၏နောက်တွင် နောက်ယောက်ခံလိုက်သူများ ရှိမရှိ





နှစ်တကျူ စူးစမ်းလေ့လာသည့် မျှော်စင်တစ်ခုလည်း ရှိသည်။ ထိုမျှော်စင်တွင် ပိုက် ၅၀ အကွာအဝေးမှ ယင်ကောင်၏ အမွေးအမျှင်များကိုပင် မြင်နိုင်သည့် အားကောင်းသော မှန်ပြောင်းများလည်း တပ်ဆင်ထားသည်။ သို့ဖြစ်ရာ ကျွန်ုပ် ဤအနီးအနား ပတ်ဝန်းကျင်သို့ ဖြတ်သွားတိုင်း သူတို့မြင်ကြမည်သာ ဖြစ်သည်။ ယခုသူသည် ထိုနေရာမှစ၍ ကျွန်ုပ်နောက်သို့ လိုက်လာခဲ့ခြင်းဖြစ်ပေမည်။ သို့သော် သူသည် ခဏမျှသာ လိုက်ရသေးသည်။ ကျွန်ုပ်ကို မျက်ခြေပြတ်ခဲ့သည်။

ကျွန်ုပ်သည် ဖန်ခွက်ထဲရှိ ဘီယာကို အကုန်သောက်ချလိုက်ပြီး နောက်အရက်ဆိုင်ထဲမှ ထွက်ခဲ့သည်။

ဟိုတယ်သို့ ပြန်ရောက်သည့်အချိန်တွင် ကျွန်ုပ်တို့၏ အချက်ပြ အသံလွှင့်ဌာနဖြစ်သော ဥရောပအသံကို ဖမ်း၍နားထောင်လိုက်သည်။

'ဥရောပအသံ' အသံလွှင့်ဌာနသည် နေတိုးအဖွဲ့ကြီးက တရားဝင်တည်ထောင်ထုတ်လွှင့်နေသည့် အသံလွှင့်ဌာနတစ်ခုဖြစ်သည်။ ထိုအသံလွှင့်ဌာနသည် အမေရိကန်၊ ဗြိတိန်တို့နှင့် ပြင်သစ်တို့မှ သတင်းများနှင့် စီးပွားရေး ဆိုင်ရာသတင်းကြေညာချက်များကို အထူးဦးစားပေး၍ ထုတ်လွှင့်ပြီး ဖျော်ဖြေရေး အစီအစဉ်များကိုလည်း ကြားညှပ်၍ ထုတ်လွှင့်တတ်သည်။ သို့သော် ထိုအသံလွှင့်ဌာန၏ 'ဆက်သွယ်ရေး စာတိုက်နှင့် အစုရှယ်ယာဈေးနှုန်းသတင်း' အစီအစဉ်သည် ကျွန်ုပ်တို့၏ လုပ်ငန်းအတွက် လျှို့ဝှက်အချက်ပြ ဆက်သွယ်မှုများ ပြုလုပ်နိုင်ရန် သီးသန့်ထည့်သွင်းထားသည့် အစီအစဉ်တစ်ခု ဖြစ်သည်။

လန်ဒန်ဌာနချုပ်၊ ဘာလင်မြို့ရှိနှင့် ကွင်းဆင်းထောက်လှမ်းနေသူများအကြား အရေးကြီးသောဆက်သွယ်မှုများ ပြုလုပ်လိုပါက 'ဥရောပအသံ' အသံလွှင့်ဌာနသို့ စာတိုက်မှပင် လုံခြုံစွာ သတင်းပေးပို့နိုင်သည်။ ဥရောပအသံမှ ထင်းလျှို့ဝှက်သတင်းများကို 'ဆက်သွယ်ရေးစာတိုက်နှင့် အစုရှယ်ယာ ဈေးနှုန်းသတင်း' အစီအစဉ်မှ အသံလွှင့်ရာတွင် ကုမ္ပဏီအမည်များ၊ ပစ္စည်းအမည်များနှင့် ဈေးနှုန်းများကို စကားဝှက်များပြုလုပ်၍ အသံလွှင့်ပေးသည်။

ဗိုဆန်ကို ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းတွင် ကျွန်ုပ်အသုံးပြုရမည့် မှတ်တမ်းကို ဌာနချုပ်မှ 'ကျူ' ဟူသောစကားဝှက်ဖြင့် သတ်မှတ်ပေးထားပြီး ထိုစစ်ဆင်ရေးတစ်ခုလုံးကိုမူ 'ကိုတာ' ဟု စကားဝှက်ပေးထားသည်။ ဥရောပအသံမှ အသံလွှင့်ရာတွင် 'ကိုတာ၊ ဖရိုတ်၊ တင်ဒါ' ကုမ္ပဏီအမည်ဖြင့် စကားဝှက်ပြုလုပ်၍ လွှင့်ခဲ့သည်။ ဥရောပအသံသို့ သတင်းပေးပို့ရာတွင် စာတိုက်မှ ပေးပို့သည့်အပြင် အရေးပေါ်ကိစ္စအတွက် တယ်လီဖုန်းဖြင့် သတင်းပေးပို့ပါက ကမ္ဘာတွင် နားလည်သူ အလွန်ရှားပါးလှသော ဘာသာစကားတစ်ခုဖြင့် သတင်းပေးပို့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အရှေ့ပါကစ္စတန်၊ တောင်ပေါ်တိုင်းရင်းသားအချို့ ပြောကြားသော ရာဘင်ဒါ၊ တာနာ(သ်) ဘာသာစကားကို အသုံးပြုကြသည်။

ကျွန်ုပ်သည် ဥရောပအသင်း၏ အသံလွှင့်ချက်များကို နားထောင်နေစဉ် နောက်ဆုံးအစုရှယ်ယာဈေးနှုန်းနှင့် သတင်းကြေငြာချက်တွင် 'ကေအဲလ်ဂျေ ရေနံတူးမှုကုမ္ပဏီရှယ်ယာများသည် ဈေးကွက်တွင်အရောင်းအဝယ် လုံးဝမဖြစ်တော့ကြောင်း' ကြေညာချက်ကို ကြားလိုက်ရသည်။

ထို့နောက်တွင် ကျွန်ုပ်သည် ရေဒီယိုကို ပိတ်လိုက်ပြီး ပိုး(လ်) အကြောင်းကို ဆက်လက် စဉ်းစားကြည့်လိုက်သည်။ ကျွန်ုပ်သည် ယခုအထိ ပိုး(လ်) မည်သူမည်ဝါဖြစ်သည်ကို မသိရသေး။ သူသည် လန်ဒန်ဌာနချုပ်နှင့် ဘာလင်ပြူရိုအကြား တိုက်ရိုက်ဆက်သွယ်ပေးနေသူ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်သည် ဂျာမနီသို့ ရောက်ရှိနေသည်မှာ ၆ လမျှပင် ရှိနေပြီး ဂျာမနီသို့ မရောက်မီကလည်း အီဂျစ်နှင့် ကျူးဘားတို့တွင် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ရာ အင်္ဂလန်နိုင်ငံနှင့် ကင်းကွာလာခဲ့သည်မှာ နှစ်နှစ်ကျော်မျှ ရှိပြီဖြစ်သည်။ ထို့ကြောင့် ပိုး(လ်)ကို ကျွန်ုပ် မသိခြင်းဖြစ်ပေမည်။ သူယခု ဘယ်ရောက်နေသနည်း။ လန်ဒန်ကို ပြန်သွားပြီလော။ ကျွန်ုပ် စဉ်းစားရင်း အိပ်ပျော်သွားသည်။

အိပ်ရာမှ နိုးလာသည့်အချိန်တွင် ကျွန်ုပ်၏ စိတ်အာရုံတွင် ပထမဆုံး မြင်မိသောအာရုံရိပ်မှာ သူမ၏ သေးသွယ်သော ကိုယ်ခန္ဓာနှင့် ကျယ်ပြန့်သော ဝန်းသားများပင် ဖြစ်သည်။ ကျွန်ုပ်သည် အိပ်ရာမဝင်မီ လုပ်ငန်းကိစ္စများ အကြောင်းကို ခေါင်းပူအောင် စဉ်းစားခဲ့သဖြင့် အိပ်ပျော်စဉ်တွင် လုပ်ငန်းများ အကြောင်းကိုသာ အိပ်မက်များ မက်ခဲ့သည်။ မနေ့ညက လုပ်ငန်းအကြောင်းကို မစဉ်းစားမီ သူမနှင့် တွေ့ခဲ့ရသော အတွေ့အကြုံမှာမူ ကျွန်ုပ်၏ဦးနှောက်တွင်းသို့ စောစောရောက်လာသော အမှတ်သညာဖြစ်၍ အိပ်ရာမှ နိုးသည့်အခါတွင်မှ နောက်ကျ၍ သတိရလာခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် အိပ်ရာမဝင်မီ စဉ်းစားတွေးတောခဲ့ရသော ပြဿနာအတွက် အိပ်ရာထတွင် အဖြေများအသင့် ပေါ်လာတတ်သည်။ ယခု ကျွန်ုပ် အိပ်ရာမှ နိုးပြီးနောက် လုပ်ငန်းနှင့် ပတ်သက်၍ စဉ်းစားလိုက်သည့်အခါတွင် ကျွန်ုပ်၏ ဦးခေါင်းတွင် ဆုံးဖြတ်ချက်တစ်ရပ်မှာ ခိုင်ခိုင်မာမာ ရှိနေပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်မှာ "ယနေ့ပင် လုပ်ငန်းကို စတင်ရန်"

■

ယခုအချိန်အထိ ကျွန်ုပ်သည် မှန်းဆချက်အတော်များများပြုလုပ်၍ လုပ်ငန်းကို စတင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ အကယ်၍ ကျွန်ုပ်၏ မှန်းဆချက်များ မှားယွင်းပါက ကျွန်ုပ်၏ လှုပ်ရှားမှုများလည်း မှားယွင်းနိုင်သည်။ ခုံရုံးမှ အပြန်တွင် မော်တော်ကားဖြင့်တိုက်ရန် ကြိုးပမ်းမှုသည် ကျွန်ုပ်ကို ဦးတည်ခြင်း





ဖြစ်သည်။ မစ္စအင်ဂါလင့်(ဒ်)ကို ဦးတည်ခြင်းမဟုတ်ဟု မှန်းဆခဲ့ယူထားခဲ့သည်။ သူမ၏ အခန်းမှ ထွက်လာစဉ် ကျွန်ုပ်နောက်သို့ ခြေရာခံလိုက်လာသူသည် ရန်သူ ဘက်မှဖြစ်မည်ဟု ပထမတွင် ယူဆခဲ့သည်။ ဤနေရာတွင် ကျွန်ုပ် မှားခဲ့သည်။ သို့ဖြစ်ရာ မော်တော်ကားဖြင့် တိုက်ရန်ကြိုးပမ်းမှုနှင့် ပတ်သက်သော မှန်းဆချက်မှာလည်း မှားယွင်းကောင်း မှားယွင်းနိုင်သည်။ ယခုချိန်အထိ ဖီးနစ်ဂိုဏ်းသည် ကျွန်ုပ်၏ လုပ်ငန်းတာဝန်သစ်ကို သိကောင်းမှ သိပေမည်။ သို့ဖြစ်ရာ ရိုဆန်ကို ကျွန်ုပ်က မရှာမီ သူက ကျွန်ုပ်ကို လိုက်ရှာနေပြီဟု ယူဆ၍ လှုပ်ရှားမှုများကို စတင်ပြုလုပ်ပါက ကျွန်ုပ်၏ လှုပ်ရှားမှု တစ်ခုလုံးသည် မှားယွင်းသွားနိုင်သည်။

ကျွန်ုပ် စတင်လှုပ်ရှားရမည့် အကောင်းဆုံးနည်းလမ်းမှာ သူတို့အာရုံကို ဆွဲခေါ်သွားရန်အတွက် သူတို့ ပစ်ကွင်းထဲသို့ တိုးဝင်သည့်နည်းကို ထိထိရောက်ရောက် ဆက်လက်ကျင့်သုံးရန်ပင် ဖြစ်သည်။ သူတို့ရှိသည့်နေရာကို အရောက်သွားရန် ဖြစ်သည်။ လက်ဝှေ့ပွဲတွင် အနာခံ၍ လှုချင်းပူးမိအောင် ဝင်ပြီး ပူးမိသည့်အခါတွင်မှ ပိုင်ပိုင်နိုင်နိုင်ချိန်ရွယ်ပြီး ပင့်လက်သီးတစ်လုံးတည်းဖြင့် အလဲထိုးရန် ဖြစ်သည်။ အရေးကြီးသည်မှာ လှုချင်းပူးမိရန် အနာခံ၍ ကြိုးပမ်းရသည့် အချိန်တွင် မိမိအလဲထိုးမခံရအောင် အတတ်နိုင်ဆုံး ရှောင်တိမ်းရန်ပင် ဖြစ်သည်။

ကျွန်ုပ်သည် နာဇီရာဇဝတ်ကောင်များ ဖော်ထုတ်ရေးကော်မရှင် (ဇက်ကော်မရှင်)နှင့် ယခင်ကပင် ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း လျှို့ဝှက်ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခု ဖီးနစ်(ခ်) ဂိုဏ်း၏ အာရုံကို ဆွဲဆောင်ပြီး မိမိကိုယ်မိမိ ထင်ရှားသောပစ်မှတ်အဖြစ် ပေါ်လွင်အောင် ပြုလုပ်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ဇက်ကော်မရှင်နှင့် ဆက်သွယ်လှုပ်ရှားမှုများကို ပေါ်ပေါ်ထင်ထင် ပြုလုပ်ရန်ပင် ဖြစ်သည်။ ဇက်ကော်မရှင်သည် သူတို့ သဲကြီးမဲကြီး အာရုံစူးစိုက်နေသည့် အဖွဲ့အစည်း မဟုတ်လော။

ထိုနေ့ နံနက် ၁၀ နာရီတွင် ကျွန်ုပ်သည် ရဲချုပ်ရုံးသို့သွားရောက်၍ ယခင်ကပင် ကျွန်ုပ် ထောက်လှမ်းရရှိထားခဲ့သော နာဇီရာဇဝတ်ကောင် ၃ ဦး၏ ဓာတ်ပုံများကို ရဲချုပ်အားပေးလိုက်သည်။ ထို့ပြင် ကျွန်ုပ်နှင့် ဇက်ကော်မရှင်တို့၏ အဆက်အသွယ်ရှိမှုများကို ဖော်ပြသည့် အထောက်အထားစာရွက် စာတမ်းများ ထိုပါ တစ်ပါတည်း ပေးအပ်ခဲ့သည်။

"ကျုပ်တို့ ဒီလူ ၃ ဦးရဲ့အကြောင်း ဘာမှ မသိခဲ့ပါလား"

"ခုတော့ သိရပြီ မဟုတ်လား၊ ရဲချုပ်"

သူသည် လေးလေးပင်ပင် ခေါင်းညိတ်လိုက်သည်။ ကျွန်ုပ်သည် သူနှင့်ပတ်သက်သော ကိုယ်ရေးမှတ်တမ်းများကို လွန်ခဲ့သော ၆ လကျော်ကဝင်



www.burmeseclassic.com

www.burmeseclassic.com



လေ့လာခဲ့ရပြီး ဖြစ်သည်။ ထို့နောက်တွင် သူကိုယ်တိုင်က မသိသော်လည်း ကျွန်ုပ်သည် ဖမ်းဆီးရမည့် စစ်ရာဇဝတ်ကောင်များ၏ သတင်းအချက်အလက်များကို သူ့ရုံးသို့ အစဉ်မပြတ် ပေးပို့ခဲ့ရသည်။

သူသည် ဆုံလည်ကုလားထိုင်ကြီးပေါ်တွင် ဟိုဘက်ဒီဘက်လှည့်ကာလှည့်ကာဖြင့် ကျွန်ုပ် ပေးသောဖိုင်များကို အပြန်ပြန် အလှန်လှန် မိနစ် ၂၀ ခန့် ဖတ်နေသည်။ ထို့နောက်တွင်မှ –

"တယ်လဲ အသေးစိတ်ကျပါလား၊ ဟားကွီးလား"

"ဟုတ်ပါတယ်"

"ခင်ဗျားရတဲ့ သတင်းအရင်းအမြစ်တွေဟာ နိုင်မာပုံရပါတယ်။ ခင်ဗျားအတော်အပင်ပန်းခံပြီး ကြိုးပမ်းဖော်ထုတ်ထားတာဖြစ်မှာပဲ"

သူသည် ကျွန်ုပ်၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ သူ့အမှုအရာမှာ သူလုံးဝမသိသော ကျွန်ုပ်လို လူမျိုးက ဤမျှအသေးစိတ်ကျသော သတင်းအချက်အလက်များကို မည်သို့စုဆောင်းယူသည်ကို သိချင်နေပုံရသည်။ သို့သော် သူသည် ထိုအကြောင်းကို ကျွန်ုပ်အား မေးမြန်းခြင်း မပြုခဲ့ပေ။

"ဒီလူတွေဟာ ချောက်ချင်းဖမ်းနိုင်လောက်တဲ့ လူတွေပဲ"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျား ဒီလူတွေရဲ့ လိပ်စာတွေကို ကျွန်တော့်ကို ပေးပါလား"

"ဖမ်းဆီးမယ့် ရဲတွေနဲ့ ကျွန်တော် တစ်ပါတည်း လိုက်သွားပါ့မယ်"

"ဒီလောက်ထိအောင် မလိုပါဘူး"

"ရပါတယ်၊ ကျွန်တော်ကိုယ်တိုင် လိုက်ပြပါမယ်"

"ဩော်၊ ဒီလူတွေကို ဖမ်းထားကို ခင်ဗျားက ပယ်ပယ်နယ်နယ်ကြီး အရသာခံပြီး ကြည့်ချင်တယ်ပေါ့၊ ဟုတ်လား"

"ဆိုပါတော့"

"ဒါဖြင့်၊ ကျုပ်စီစဉ်ပေးပါမယ်"

သူသည် ထိုသို့ပြောဆိုပြီးနောက် တယ်လီဖုန်းကို ကောက်၍ ဆက်လိုက်သည်။

ကျွန်ုပ်သည် ထိုသူ ၃ ဦးအား ဖမ်းဆီးသည့်အချိန်တွင် သူတို့မျက်နှာတွင် ပေါ်လွင်နေမည့် ထိတ်လန့်တုန်လှုပ်သည့် အမူအရာများကို ကြည့်၍ အရသာယူလိုသည့် စိတ်ဓာတ်မျိုးရှိသူမဟုတ်ပေ။ ထိုသူ ၃ ဦးအနက် ရော့(ချ်)နစ် ဆိုသူ၏ ရက်စက်သော အပြုအမူကိုသာ ကျွန်ုပ်ကိုယ်တိုင် မျက်မြင် ကိုယ်တွေ့ကြုံခဲ့ရဖူးသည်။ သူသည် ထိုစဉ်က ဒါချောအကျဉ်းစခန်းတွင် အဝတ်မပါ ဗလာကိုယ်ထီးဖြစ်သော ဂျူးအမျိုးသမီးငယ်များကို တန်းစီ၍ စစ်ဆေးနေသည်ကို





တွေ့ရသည်။ ထို့နောက် သူသည် အမျိုးသမီး ၁၀ ဦးကို ဆေးပညာဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ရန် ခေါ်သွားခဲ့သည်။ ထိုအမျိုးသမီးများ နောက်ဆုံး မည်သို့ဖြစ်သွားသည်ကို မသိရသော်လည်း သူတို့သည် မသက်မသာ သေပွဲဝင်ကြရမည်မှာ အလွန်သေချာလှသည်။

အခြားသူ နှစ်ဦးဖြစ်သော ဖို(ဂျ်)နှင့် ရှရေဒါတို့ကို စစ်အတွင်းက ကျွန်ုပ် မတွေ့ဖူးခဲ့သော်လည်း စုဆောင်းရသမျှသော မှတ်တမ်းများအရ သူတို့သည် လူမဆန်သည့် နေရာတွင် ဒေါက်တာ ရော(ချ်)နစ်ထက်ပင် သာလွန်ခဲ့ကြသူများ ဖြစ်သည်။

သူတို့အား ဖမ်းဆီးရာတွင် ကျွန်ုပ်ကိုယ်တိုင် ပါဝင်လိုခြင်းမှာ အကြောင်း ရှိသည်။ ကျွန်ုပ်၏ ဖော်ထုတ်ချက်နှင့် တိုက်တွန်းချက်အရ သူတို့ကို ဖမ်းဆီးခြင်း ဖြစ်သည်ကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်နိုင်ပါက ဗီးနစ်(ခ်)ဂိုဏ်းသည် ကျွန်ုပ်နောက်သို့ သဲကြီးမဲကြီး လိုက်ကြပေလိမ့်မည်။ ဤအခြေအနေမျိုးကို ဖန်တီးယူလိုသည့် ရည်ရွယ်ချက်ရှိသည်။

"နောက် ၁၅ မိနစ်အတွင်း ခင်ဗျားကို ကားနဲ့ လာခေါ်လိမ့်မယ်၊ ဟားတွီးလား" သူသည် ထိုသို့ပြောပြီးနောက် ကျွန်ုပ်ပေးအပ်သော ဖိုင်များရရှိကြောင်း လက်မှတ်ထိုးပေးလိုက်သည်။

"အားလုံး ချောချောမောမော ဖြစ်စေရပါမယ်။ ကျွန်တော် တာဝန်ယူပါတယ် ရဲချုပ်"

ကျွန်ုပ်သည် ရဲမှူးတစ်ဦးနှင့် ရဲကြပ်တစ်ဦးတို့နှင့်အတူ ဒေါက်တာ ရော(ချ်)နစ်၏ ဆေးကုသခန်းသို့ ထွက်ခဲ့သည်။ ရဲအရာရှိနှစ်ဦးသည် လက်နက်များ ကိုင်ဆောင်လာသော်လည်း အရပ်ဘက်အဝတ်အစားကို ဝတ်ဆင်ထားသည်။ ဆေးခန်းတွင် ကုသမှုခံယူသူတစ်ဦးချင်းအတွက် အကန့်များ ကန့်၍ထားသော အခန်းကျဉ်းကလေးများရှိရာ ထိုနေရာနှင့် ဧည့်ခန်းတို့ကို အိမ်တွင်း အလှစိုက် ပန်းနွယ်ပင်များ တွယ်တက်နေသည့် လေးကွက်ကြား သံဇကာဖြင့် ကာရံထားသည်။ တစ်ခန်းလုံးမှာ ရေမွှေးရနံ့တို့ဖြင့် မွှေးကြိုင်လျက်ရှိသည်။

ကျွန်ုပ်တို့သည် ဒေါက်တာရော(ချ်)နစ် ဆေးကုသနေသော အခန်းထဲသို့ တန်းတန်းမတ်မတ်ဝင်သွားကြသည်။ ဒေါက်တာရော(ချ်)နစ်သည် နှယ်စားယောင်းကတော်တစ်ဦး၏ မျက်နှာကို ပလတ်စတစ်ဆာဂျရီနည်းဖြင့် လှပအောင် ပြုပြင်ပေးနေသည်။ သူသည် အသက်အရွယ် အတော်ကြီးနေပြီဖြစ်သော်လည်း စစ်အတွင်းက ကျွန်ုပ် တွေ့ခဲ့ရစဉ်ကထက် ပို၍ ဝဖြိုးလျက်ရှိသည်။ ကျွန်ုပ်သည် သူ့ကို မြင်လျှင်မြင်ချင်း မှတ်မိလိုက်သဖြင့် ရဲအရာရှိကို ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားနာမည် ဂျူလီးယပ်၊ ရော(ချ်)နစ် မဟုတ်လား"

www.burmeseclassic.com



ရဲအရာရှိ၏ စကားကို ကြားလိုက်သည်နှင့် သူသည်သိသိသာသာ တုန်လှုပ်သွားပြီး သူ့နာမည်မှာ ဒေါက်တာလိုင်ဘဇ်ဖဲလ်ဖြစ်ကြောင်း ရော(ချ်) နစ်ဟူသော အမည်ကို သူ မကြားဖူးကြောင်း ငြင်းကွယ်ယင်း ပြန်ပြောလိုက် သည်။

ရဲအရာရှိက ၁၉၄၅ ခုနှစ်လောက်က ရိုက်ကူးထားသော သူ၏ဓာတ်ပုံ တစ်ပုံကို ထုတ်ပြလိုက်သည်။ ဤဓာတ်ပုံကို ဇက်ကော်မရှင်၏ မှတ်တမ်းဌာနမှ ယခု မနက်တွင်မှ ကျွန်ုပ် သွားရောက်ယူလာခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ခုတင်ပေါ်ရှိ အမျိုးသမီးသည် မသတိလှသော မျက်နှာထားဖြင့် ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်နေသည်။

"ခင်ဗျားတို့ လူမှားနေပြီလို့ ကျွန်တော် ထင်တယ်။ အခု ကျွန်တော် ပြုလုပ်နေတဲ့ ခွဲစိတ်ကုသမှုကို ခဏရပ်ထားလိုက်မယ်ဆိုရင် မြို့စားကတော်ရဲ့ နူးညံ့လှတဲ့ မျက်နှာအသား တစ်ရှူးများဟာ ပျက်စီးကုန်နိုင်တယ်"

မြို့စားကတော်၏ မျက်နှာကို ငယ်မူငယ်သွေးပေါ်ပြီး အလှသွေးကြွယ် လာအောင် ကျွမ်းကျင်စွာ ခွဲစိတ်ပြုပြင်မှုများ ပြုလုပ်နေသော သူ၏လက်ချောင်း ကလေးများသည် တစ်ချိန်က ဒါချောအကျဉ်းစခန်းတွင် ဂျူးအမျိုးသမီးငယ်များ ၏ မျက်နှာနှင့် ကိုယ်ခန္ဓာရှိ အသားဆိုင်များကို လှီးဖြတ်ခုတ်ထစ်ခဲ့သည့်လက်များ ဖြစ်သည်ဟူသော အချက်ကို သိရှိသူမှာ အလွန်ပင်နည်းပါးပေလိမ့်မည်။

"ခင်ဗျား ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ"

ရဲအရာရှိက အလုပ်သဘောဖြင့် တိုက်ရိုက်ပြောလိုက်သည်။

"ကျွန်တော့် ဝတ်လုံနဲ့ တယ်လီဖုန်းဆက်ပြီး တိုင်ပင်ပါရစေဦး"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ဌာနချုပ်ကို ရောက်တော့မှ ဆက်သွယ် တာပေါ့"

"ကျုပ်အလုပ်လုပ်နေစဉ်မှာ ခင်ဗျားတို့ခေါ်သွားရင် ဒီအမျိုးသမီးဟာ

"ခင်ဗျား အေးအေးဆေးဆေး လိုက်လာမယ်ဆိုရင် ဘယ်သူ့ကိုမှ စိတ် အနှောင့်အယှက် မဖြစ်စေနိုင်ပါဘူး၊ ဟားရော(ချ်)နစ်"

ရဲအရာရှိသည် ပြောပြောဆိုဆိုဖြင့် သူ၏လက်ကို ဖမ်းဆွဲလိုက်ပြီး စည့်ခန်းသို့ ခေါ်လာခဲ့သည်။ သူသည် မါးစပ်မှ စိတ်ဆိုးမာန်ဆိုးအော်ဟစ် ယက်ကန်ယက်ကန် ပါလာခဲ့သည်။

ကျွန်ုပ်တို့အဖွဲ့ ဒေါက်တာရော(ချ်)နစ်၏ ဆေးခန်းမှ အပြင်သို့ထွက် တွင် ကျွန်ုပ် ကြိုတင်သတင်းပေးထားသဖြင့် ဓာတ်ပုံသတင်းထောက်များသည် အိမ်ရှေ့တွင် စောင့်ကြိုလျက်ရှိသည်ကို တွေ့ရသည်။





ကျွန်ုပ်သည် ရော(ချ်)နစ်၏ဘေးတွင် အနီးဆုံးယှဉ်တွဲ၍ ရပ်လိုက် သည်။ သတင်းဓာတ်ပုံဆရာများ၏ ကင်မရာများမှာ အရောင်တဝင်းဝင်းလက်၍ သွားသည်။ ညနေပိုင်းထုတ် သတင်းစာများတွင် ကျွန်ုပ်၏ဓာတ်ပုံများ ပါလာ မည်မှာ သေချာပေသည်။ ဖီးနစ်(ခ်) အဖွဲ့ကြီးက ကျွန်ုပ်ကို တွေ့ရှိတော့မည်မှာ လည်း သေချာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

ပဲ(လ်) မင်အင်ရိုဆန်သယ်ပစ္စတို၏ ၈ မမကျည်ဆံသည် ပြောင်းဝမှ အထွက်တွင် တစ်စက္ကန့်လျှင် အကြိမ် ၂၀၀၀ နှုန်းခန့်ဖြင့် လည်ပတ်၍ထွက်နိုင်သည်။ ကျည်ဆံလည်ပတ်မှုနှုန်း မြင့်မားလှရာ လူကိုအနီးကပ်၍ ပစ်ပါက ထိမှန်သည့်နေရာတွင် အသားစများ စုတ်ဖွာသွားလောက်အောင် ပြင်းထန်သည်။ ပစ်လိုက်ချိန်တွင် ကာဗွန်မိုနောဆိုက် ထွက်ရှိမှုလည်း များပေရာ ကျည်ထိမှန်သည့် နေရာပတ်ဝန်းကျင်တွင် အမဲကွက်များ ထင်ကျန်နေတတ်သည်။ ကျည်သည် ခန္ဓာကိုယ်ထဲသို့ လည်ပတ်မှုအားကောင်းသော လွန်သွားကဲ့သို့ မွှေ၍ ဝင်သွားတတ်သည်။

ရှရေဒါ၏ ဒဏ်ရာကို စစ်ဆေးကြည့်ရာတွင် ဦးခေါင်းတစ်ခြမ်းသည် စုတ်ဖွာပွင့်လန်လျက်ရှိပြီး မျက်နှာတစ်ခြမ်းမှာလည်း မမှတ်မိနိုင်လောက်အောင် ဖြစ်နေသည်။

ရဲအရာရှိသည် သူ့မျက်နှာကို ဓာတ်ပုံနှင့် တိုက်ဆိုင်စစ်ဆေးကြည့်လိုက်သည်။ ထို့နောက် ဧည့်ခန်းတွင်သူ၏ အတွင်းရေးမှူးထံမှ ထွက်ချက်များ ရယူခဲ့ပြီးနောက် မှခင်းဆိုင်ရာ ရဲသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်သည်။ ကိုယ့်ကိုကိုယ် သတ်သေမှုများသည် မှခင်းဘက်ဆိုင်ရာရဲနှင့်သာ သက်ဆိုင်သောကိစ္စရပ်များ ဖြစ်သည်။





ကျွန်ုပ်သည် ရှရေဒါ၏ အခန်းတွင်အရေးကြီးသော စာရွက်စာတမ်းများကို ရှာဖွေကြည့်သော်လည်း ဖိုဆန်နှင့် ပတ်သက်သော သဲလွန်စတစ်ခုမျှ မရခဲ့။ အတွင်းရေးမှူး၏ ပြောပြအစစ်ခံချက်အရ လူတစ်ဦးက မစ္စတာရှရေဒါထံ တယ်လီဖုန်းဖြင့် စကားအတော်ကြာအောင် ပြောဆိုပြီးနောက် မစ္စတာရှရေဒါသည် အနားယူခန်းတွင်းသို့ ဝင်သွားခဲ့ကြောင်း၊ ခဏအကြာတွင် အခန်းတွင်းမှ သေနတ်သံကြားခဲ့ရခြင်းဖြစ်ကြောင်း၊ တယ်လီဖုန်းကို ပထမမိမိကောက်ကိုင်ခဲ့ခြင်းဖြစ်သော်လည်း တစ်ဘက်မှ ပြောဆိုသူ၏ အသံကိုကြားရုံဖြင့် မည်သူမည်ဝါဖြစ်သည်ကို မိမိ မမှန်းမိနိုင်ကြောင်း စသည့်အချက်အလက်များကို သိရှိခဲ့ရသည်။

ရှရေဒါထံ တယ်လီဖုန်းဆက်သည့် အချိန်သည် ကျွန်ုပ်တို့ ရော(ချ်)နှစ်ကို ဖမ်းဆီးပြီးနောက် နာရီဝက်ခန့်အကြာတွင်ဖြစ်ရာ တစ်စုံတစ်ဦးက သူ့ကို ဖမ်းဆီးတော့မည့်သတင်းကို ပေးခဲ့ခြင်းဖြစ်မည်ဟု ကျွန်ုပ်တို့ အတတ်သိလိုက်သည်။ သူသည် အကျပ်အတည်းကို ကျော်လွှားနိုင်ရေးအတွက် တစ်ကြိမ်တည်းနှင့် ပြီးစီးနိုင်သည့်နည်းကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရွေးချယ်သွားခဲ့ခြင်းဖြစ်သည်။ ဤဖြစ်ရပ်မျိုးသည် မကြာခဏ ဖြစ်တတ်ပေရာ ဖက်ဒရယ်မှုခင်းသည် ဖမ်းဆီးမှုများပြုလုပ်ရန်ရှိပါက မြန်မြန်ထက်ထက် လက်ဦးမှုရှိအောင် လုပ်ရှားဆောင်ရွက်ရပေသည်။

ရှရေဒါ၏ ရှရေဒါ–ဗာတန်သဘောလုပ်ငန်း ကိုယ်စားလှယ်ဌာနမှ အထွက်တွင် သတင်းဓာတ်ပုံဆရာ နှစ်ဦးကို တွေ့လိုက်ရသည့်အတွက် ရဲအရာရှိများမှာ စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသည်။ သို့သော် ကျွန်ုပ် တယ်လီဖုန်းဆက်ထားကြောင်းကိုမူ သူ့ကို ပြောမပြခဲ့ပေ။ ကျွန်ုပ်သည် သူတို့ရိုက်မည့် ဓာတ်ပုံတွင် ကျွန်ုပ်၏ပုံကို ရှေ့ဆုံးမှ ထင်းထင်းကြီး ပေါ်နေအောင်သာ နေရာယူလိုက်သည်။

ဖမ်းဆီးရမည့်သူများအနက် တစ်ဦးလွတ်သွားပြီဖြစ်ရာ နောက်ဆုံးလူတစ်ဦး ထပ်မံလက်မလွတ်ရေးအတွက် ကျွန်ုပ်တို့သည် အမှတ်ပြင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း သိလိုက်သည်။ သို့ဖြစ်ရာ ဘာလင်မြို့ပြင်ရှိ အော်တိုဘန်းအဝေးပြေးလမ်းမကြီးတစ်ခုဘက်သို့ ထွက်ခဲ့ကြသည်။ အဝေးပြေးလမ်းမကြီးပေါ်တွင်ညပိုင်းက ကျထားသော ဆီးနှင်းများကြောင့် ကားများကို သတိဖြင့်ထား၍ မောင်းနေရသည်။ မြို့ပြင်အထွက်ရှိ ဟာမ်စတက်စစ်ဆေးရေးစခန်းတွင် အချိန်မနှောင့်နှေးရန်အတွက် ကျွန်ုပ်တို့တွင် ပါလာသော အရေးကြီးစာရွက်စာတမ်းအချို့ကို ထုတ်ပြလိုက်ရသည်။

စတားအော့(ဖ်)၊ ဒေဗစ်ကျောင်းသည် ဘာလင်မြို့မှ မိုင် ၃၀ ခန့်အကွာတွင်ရှိသည်။ ကျောင်းဝင်းအတွင်းသို့ ကျွန်ုပ်တို့ ဝင်လိုက်ချိန်တွင် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံထဲမှ ကလေးများ၏ သီချင်းသံကို ကြားနေရသည်။ အဆောက်အအုံတွင်းမှ ကလေးများ၏ သီချင်းသံနှင့် အဆောက်အအုံပြင်ပတွင် ကျနေသော ဆီးနှင်းများ၏ မြင်ကွင်းက ခရစ္စမတ်ပွဲတော်ကာလကို အမှတ်ရစေသည်။

ပါမောက္ခဗို့(ဂျ်) ကိုဖမ်းဆီးရာတွင် ကလေးများ စိတ်မချမ်းမသာ မဖြစ်စေရေးအတွက် စာသင်ခန်းအတွင်းသို့ ရဲအရာရှိများ ဝင်ရောက်ခြင်းမပြုဘဲ၊ ကျွန်ုပ်တစ်ဦးတည်းသာ အတွင်းသို့ဝင်၍ ခေါ်ယူလာရန် ကျွန်ုပ်တို့ ညှိနှိုင်းသဘောတူခဲ့ကြသည်။

အခန်းတွင်းသို့ ဝင်သွားချိန်တွင် ပါမောက္ခဗို့(ဂျ်) သည် စင်မြင့်ပေါ်တွင် ရှိနေသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်သည် စင်မြင့်၏ရှေ့နားတွင် ကပ်၍ ရပ်နေလိုက်ပြီး သီချင်းဆိုနေသော ကလေးများကို အကဲခတ်ကြည့်လိုက်သည်။ ဗို့(ဂျ်) သည် စင်မြင့်ပေါ်တွင် မျက်စေ့ကို မှိတ်ရှိတစ်လှည့်၊ ဖွင့်ရှိတစ်ခါဖြင့် ကလေးများ၏သီချင်းသံ အနိမ့်အမြင့်ကို သူ့လက်များ၏ လှုပ်ရှားမှုဖြင့် လမ်းညွှန်ပြသလျက်ရှိသည်။ ကလေးများကလည်း သူ့ကို ချစ်ခင်တွယ်တာသည့် မျက်လုံးများဖြင့် သူ၏လတ်လှုပ်ရှားမှုများကို ကြည့်၍ သီချင်းကို စိတ်ပါလက်ပါ သီဆိုနေကြသည်။

သီချင်းတစ်ပုဒ် ပြီးဆုံးသွားချိန်တွင် ကျွန်ုပ်သည် ကလေးများအား နှိုးကျူးသည့်အနေဖြင့် လက်ခုပ်တီး၍ ဩဘာပေးလိုက်သည်။ ထို့နောက်တွင်မှ ဝါမောက္ခဗို့(ဂျ်) ဘက်သို့လှည့်၍ ကျွန်ုပ်သည် သီချင်းများထုတ်ဝေသည့် ကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ထိုအလုပ်ကိစ္စနှင့် ပတ်သက်၍ လူကြီးမင်းနှင့် စကားအနည်းငယ် ပြောလိုကြောင်း လေသံတိုးတိုးကလေးဖြင့် ပြောလိုက်သည်။

ပါမောက္ခဗို့(ဂျ်)က မိမိစည့်ခန်းသို့ ထွက်လာခဲ့မည်ဖြစ်ကြောင်း ပြောလိုက်သည်။ သူ၏အသံမှာ သူ၏မျက်နှာ အမူအယာကဲ့သို့ပင် နူးညံ့သိမ်မွေ့လှသည်။ သူ၏ကောက်ကျစ်ယုတ်မာသော စိတ်ဓာတ်ကို သူ၏မျက်လုံးများတွင်သာ တွေ့မြင်နိုင်သည်။ အပေါ်ယံတွင် ပြုံးနေသောမျက်နှာနှင့် အတွင်းတွင် လူတစ်ဦးကို စိစိညက်ညက်ကြေအောင် ဝါးမျိုပစ်လိုက်မည်ဟူသော ကောက်ကျစ်သော စိတ်တို့ ယှဉ်တွဲနေမှုကို ဖော်ပြသည့် မျက်နှာမျိုးဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦး ဧည့်ခန်းသို့ ထွက်လာချိန်တွင် ရဲအရာရှိ နှစ်ဦးနှင့်အတူ ကျောင်းအုပ်ချုပ်ရေးမှူးလည်း ရောက်ရှိနေပြီဖြစ်သည်။ ရဲအရာရှိများသည် ကျောင်းအုပ်ချုပ်ရေးမှူးအား အခြေအနေအရပ်ရပ်ကို ရှင်းပြပြီး ဖြစ်ဟန်ရှိသည်။ သူ၏မျက်နှာတွင် တုန်လှုပ်ချောက်ခြားမှုများသည် ထင်ထင်ရှားရှား ပေါ်လွင်လျက်ရှိသည်။ အခန်းတွင်းတွင် တစ်ဦး၏ အသက်ရှူသံကိုပင် တစ်ဦးက ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ရဲအရာရှိသည် တာဝန်





အရ သူပြောရမည့်စကားများကို ပြောချလိုက်ပြီးသည့်အခါတွင်မှ ပါမောက္ခဗို့(ဂျ်) သည် ကြောက်လန့်တုန်လှုပ်စိတ်ဖြင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက် ရှိသည်။

"ဒါကြောင့် လူကြီးမင်း၊ ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့ပါ"

ရဲအရာရှိ သည်သူပြောရမည့် စကားကို နိဂုံးချုပ်၍ ပြောလိုက်သည်။

"ဟုတ်ကဲ့၊ လိုက်ခဲ့ပါမယ်" သူသည် ညင်ညင်သာသာ ပြောလိုက်ပြီး ပြတင်းပေါက်ကိုကျော်၍ ထူထဲလှသော နှင်းထုအတွင်းတွင် ထိုးထိုးထောင်ထောင် ရှိနေသည့် ခပ်လှမ်းလှမ်းမှ သစ်ပင်တန်းများအား ငေးစိုက်ကြည့်နေသည်။ သူသည် ယနေ့ကြုံတွေ့နေရသည့် အခြေအနေမျိုးကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်းတွင်ရင်တမမဖြင့် စောင့်ဆိုင်းနေခဲ့ပုံရသည်။ ရဲအရာရှိများသည် သူ့ကို အပြင်ဘက်သို့ ခေါ်ထုတ်သွားသည်။

ကျွန်ုပ်လည်း ပြန်တော့မည်ဟု တံခါးပေါက်သို့ လျှောက်လာစဉ် ကျောင်းအုပ်ချုပ်ရေးမှူးသည် ကျွန်ုပ်နောက်မှကပ် လိုက်လာပြီး –

"မယုံကြည်နိုင်စရာပါပဲဗျာ" ဟုရေရွတ်ရင်း ပြောလိုက်သည်။

"ကျွန်တော်လဲ စိတ်မကောင်းပါဘူး"

"သူဟာ ကျွန်တော်တို့လို ဂျူးလူမျိုးပဲ၊ ဘာကြောင့် ကျွန်တော်တို့ကို သစ္စာဖောက်ရတာလဲ မသိဘူး"

"ကြောက်စိတ်ကြောင့် ဒီလိုလုပ်တာဖြစ်မှာပေါ့"

"ကြောက်စိတ်ကြောင့်၊ ဟုတ်လား၊ သူဟာ နာဇီတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို မခံနိုင်လို့လား"

"ဟုတ်မှာပေါ့လေ၊ ဒါပေမယ့် နာဇီတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို ခံစားကြရတဲ့ ဂျူးလူမျိုး ခြောက်သန်းတောင်ရှိခဲ့တယ်။ နာဇီတွေဟာ သူ့ရဲ့ ကြောက်စိတ်ကို ထိရောက်စွာ အသုံးပြုနိုင်ခဲ့တယ်။ မှတ်တမ်းများအရ သူဟာ သူ့ရဲ့ မိတ်ဆွေများနဲ့ အိမ်နီးချင်းများရဲ့ အမည်များနဲ့ သူတို့ပုန်းကွယ်နေတဲ့ နေရာများကို နာဇီဂက်စတာပိုရဲအဖွဲ့ကို သတင်းပေးခဲ့တယ်လို့ ဆိုတယ်။ သူ့အပေါ်မှာ ပိုပြီး တိကျတဲ့ စွပ်စွဲချက်ကတော့ သူဟာ အော(ရှ်)ဝစ်(ဇ်) အကျဉ်းစခန်းက ဓာတ်ငွေ့ခန်းတွေကိုပို့ဖို့ ဂျူးလူမျိုးတွေ ထရပ်ကား ၁၀ စီးစာ စုစည်းပေးခဲ့ရတယ်လို့ ဆိုတယ်"

"ဒါထက် စကားမစပ် ခင်ဗျား ဒီစတားအော့(ဖ်)ဒေးဗစ်ကျောင်းအကြောင်း ဘာသိသလဲ"

"ဒီကျောင်းဟာ ခေတ်မီတယ်၊ တိုးတက်တယ်၊ အနုပညာကို ဦးစားပေး သင်ကြားတယ်၊ ဒါလောက်ပဲ ခန့်မှန်းလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒါကို ဆိုလိုတာ မဟုတ်ပါဘူး။ လာပါလေ၊ ပြတင်းပေါက်နား သွားရအောင်၊ ကျွန်တော် ပြောပြပါမယ်"

ကျောင်း၏ ခြည့်ခန်းပြတင်းပေါက်မှ ကြည့်လိုက်ရာ မြေပြင်အနေအထားသည် ကျောင်းနှင့် ဝေးရာအက်သို့ ပြေပြေကလေး မြင့်တက်သွားသည်ကို တွေ့ရသည်။ ခပ်လှမ်းလှမ်းတွင် သစ်ပင်တန်းများကို လှမ်းမြင်ရပြီး ထိုသစ်ပင်များ၏ နောက်ကွယ်တွင် အဆောက်အအုံပျက်များ၏ အမိုးအကာများကို မြင်နေရသည်။ ကျောင်းအုပ်ချုပ်ရေးမှူးက–

"ဒီကျောင်းဟာ ဂျူးကလေးငယ်များအတွက် အထူးရည်ရွယ်ဆောက်လုပ်ထားတာ ဖြစ်တယ်။ ကျောင်းဝင်းနဲ့ ပြင်ပပတ်ဝန်းကျင်ဒေသတွေဟာ သာယာလှပတဲ့အတွက် ကလေးတွေဟာ ပျော်ကြတယ်။ သူတို့ဟာ ဒီကွင်းပြင်တွေထဲမှာ ဆော့တစားပြီး ဟိုဘက်မှာ မြင်နေရတဲ့ သစ်ပင်တန်းတွေကြားမှာလည်း သွားပြီး ဆော့ကစားကြတယ်။ ဒါဟာ သူတို့ရဲ့ လွတ်လပ်ရာနယ်မြေပဲ။ သစ်ပင်တန်းရဲ့နောက်မှာ မို့မောက်နေတဲ့ မြေပြင်တစ်နေရာကို တွေ့တယ် မဟုတ်လား။ အဲဒီနေရာဟာ ဟိုတုန်းက မီးရထားလမ်း နေရာပေါ့။ ခုလှမ်းမြင်နေရတဲ့ အဆောက်အအုံပျက်တွေ စဆောက်တုန်းက ပစ္စည်းတွေသယ်ဖို့အတွက် အဲဒီမီးရထားလမ်းကို ဖောက်လုပ်ခဲ့တာပေါ့။ နောက်တော့ အဲဒီမီးရထားလမ်းကိုပဲ အသုံးပြုပြီး ဂျူး အကျဉ်းသားတွေကို သယ်ယူခဲ့တယ်။ အဲဒီနေရာမှာပဲ ဆေးပညာဆိုင်ရာ စမ်းသပ်မှုတွေ လုပ်ခဲ့တာပဲ။ ခု ကျွန်တော်တို့ ကျောင်းနေရာဟာ ဟိုတုန်းက ခတ်ငွေ့ခန်း ရှိခဲ့တဲ့နေရာပေါ့။ အဲဒီတုန်းက အကျဉ်းစခန်း တာဝန်ခံတွေရဲ့ အမိန့်ကို မနာခံတဲ့ အကျဉ်းသားတွေကို ခုမြင်နေရတဲ့ သစ်ပင်တွေမှာ တစ်နေ့လုံး ဓောက်ထိုးဆွဲထားခဲ့ကြတာပေါ့။ ခုတော့ ဒီနေရာမှာ တစ်ချိန်က အကျဉ်းစခန်းရှိခဲ့တယ်ဆိုတာ သိတဲ့လူ အတော်ရှားနေပြီလေ။ နာဇီတွေဟာ စစ်ရှုံးတော့မယ်ဆိုတာ သိလာတဲ့အချိန်မှာ သူတို့ရဲ့ အကြမ်းဖက်ရက်စက်မှု လုပ်ရပ်အထောက်အထားတွေအားလုံးကို ဖြိုဖျက်ပစ်ဖို့အတွက် လုပ်ဆောင်ခဲ့တဲ့ 'ကလောက်ဖိုင်းရား' အစီအစဉ်အရ အကျဉ်းစခန်းတွေကို ဖြိုဖျက်ရာမှာ ဒီစခန်းက သူတို့အချိန်မီ ဖြိုဖျက်သွားနိုင်ခဲ့တဲ့ စခန်းတစ်ခုပေါ့။ ဒါကြောင့်မို့ ဒီနေရာကို အမှတ်ရစေဖို့ ကျောက်တိုင်တစ်ခု စိုက်ထားတာထက် နုလိုကလေးတွေအတွက် ကျောင်းဆောက်ထားတာပိုပြီး သင့်လျော်မယ်လို့ ယူဆပြီး ဒီကျောင်းကို ဆောက်ခဲ့ခြင်း ဖြစ်တယ်။ ဒီမှာကလေးတွေဟာ ပျော်ရွှင်ကြပေမယ့် သူတို့ရဲ့ အဘိုးအဘွားများဟာ ဒီနေရာမှာ မရှုမလှ အသက်ဆုံးရှုံးခဲ့ကြရတယ်ဆိုတာ သူတို့ မသိရှာကြဘူး။ ကျွန်တော် ဒါတွေကို ပြန်ပြောနေရတာကတော့ ပါမောက္ခဖို့(ဂျ်) ဟာ ဘာကြောင့် ဒီမှာလာပြီး တာဝန်ထမ်းဆောင်နေတာလဲဆိုတာ ကျွန်တော် စဉ်းစားလို့





ရအောင် ဖြစ်နေလို့ပါ။ သူဟာ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့ပြီး ကလေးတွေကလဲ သူ့ကို ချစ်ကြတယ်။ ဒါပေမယ့် သူဟာ ဒီနေရာအကြောင်း မသိဘူးလား၊ ခင်ဗျားရော သူသိတယ်လို့ မထင်မိဘူးလား"

"သူသိမှာပါလေ"

"ဒါဖြင့် ဘာကြောင့် ဒီမှာလာပြီး အမှုထမ်းရသလဲ"

"နောင်တစိတ်တို့၊ ကျူးလွန်ခဲ့တဲ့ အပြစ်ရဲ့ ခြောက်လှန့်မှုတို့ဆိုတာတွေပါဗျာ၊ သူရဲဘောကြောင်သူတွေဟာ နောင်တတရားရဲ့ ဖိစီးမှုဝန်ထုပ်ဝန်ပိုးကို ပြီးခံစားကြရတတ်တယ်။ သူဟာ ဒီပတ်ဝန်းကျင်မှာ လာနေခြင်းအားဖြင့် သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှုများအတွက် သူ့ကိုယ်သူ ပြန်ပြီး ဒဏ်ခတ်နေတဲ့ သဘောလဲ ရှိနိုင်တယ်"

ကျွန်ုပ် စကားဆုံးသည်နှင့် သူသည် ကျွန်ုပ်၏လက်ကိုဆွဲ၍ အခန်းပေါက်ဝထိ လိုက်ပို့ခဲ့သည်။ ကလေးများသည် သံစုံတေးများသီဆိုရန် စောင့်မျှော်နေမည်ဖြစ်သဖြင့် သူ့ကို ခွင့်ပြုပါရန်လည်း တောင်းပန်ပြောကြားသည်။ ကျွန်ုပ် အော်တော်ကားဖြင့် ထွက်ခွာပြီး ကျောင်းဝင်းတံခါးသို့ အရောက်တွင်မှ အဆောက်အအုံတွင်းမှ ကလေးများ၏ သီချင်းသံများကို စတင်ကြားလိုက်ရသည်။

ဘာလင်မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် ညနေအတော်စောင်းနေပြီဖြစ်သည်။ ညနေထုတ် ဒိုင်းလုသတင်းစာကို ဝယ်ကြည့်လိုက်ရာ ရှေ့ဆက်နှာဖုံး စာမျက်နှာတွင်ပင် ကျွန်ုပ်နှင့် ရော(ချ်)နစ်တို့ယှဉ်၍ ရပ်နေသည့်ပုံကို တွေ့လိုက်ရသည်။ အခြား သတင်းစာ နှစ်စောင်တွင်မူ ထိုဓာတ်ပုံအပြင် ရှေ့ဒါ … ဖာဘင်ရုံးရှေ့တွင် ထပ်မံရိုက်ကူးသော ဓာတ်ပုံများကိုပါ ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုနေ့ ညနေပိုင်း သတင်းစာများတွင် ဖော်ပြထားသည့် အခြားထူးခြားသော သတင်းတစ်ပုဒ်မှာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ကုန်းလမ်းပို့ဆောင်မှု လုံခြုံရေးကော်မတီ အတွင်းရေးမှူး ဖရန့်(ခ်)ရုန်း မိမိကိုယ်မိမိ သတ်သေသည်ဟူသော သတင်းဖြစ်သည်။ သူသည်လည်း နာဇီစစ်ရာဇဝတ်မှုများနှင့် ပတ်သက်ခဲ့ကြောင်း ကျွန်ုပ်သိထားရာ ဤသတင်းမှာ ကျွန်ုပ်အတွက် မဆန်းလှပေ။

ပါမောက္ခဖို့(ဂျ်)အား ဖမ်းဆီးရာတွင် သတင်းထောက်များကို ကြိုတင်အကြောင်းကြားထားခြင်း မရှိခဲ့ပေ။ ထိုသို့ ကြိုတင်အကြောင်းမကြားရခြင်းမှာလည်း ဓာတ်ပုံသတင်းထောက်များကို ခေါ်သွားခြင်းဖြင့် ကျောင်းမှကလေးများအတွက် ထိတ်ထိတ်ပျာပျာ ဖြစ်နိုင်သောကြောင့်ဖြစ်သည်။ သို့သော် ထိုနေ့က ဖမ်းဆီးခဲ့ရသည့် လူ ၃ ဦးသည် ဆက်စပ်နေသည်ဟူသော အချက်ကို သတင်းစာတွင် စောင်းပေးဖော်ပြရန် ကျွန်ုပ်က ဆွဲဆောင်နိုင်ခဲ့သဖြင့် သူတို့အားလုံး အဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ခံရမှုသည် ကျွန်ုပ်၏ လက်ရာဖြစ်ကြောင်း သူတို့သိရှိသွားအောင် ပြုလုပ်နိုင်ခဲ့သည်။ ဖီးနစ်(စ်) ဂိုဏ်းသည် ဤအချက်ကို ဂရုမပြုမိစရာ မရှိဟု အသေအချာ ယူဆနိုင်သည်။

ကျွန်ုပ်သည် တည်းခိုသည့် ပရင့်(စ်)ဂျိုဟန် ဟိုတယ်သို့ ပြန်ရောက်လျှင် ရောက်ချင်း ညစာစားရန် စားသောက်ခန်းသို့ တစ်ဆက်တည်း သွားရောက်ခဲ့သည်။ ဟိုတယ်ဝန်ထမ်းအချို့သည် ကျွန်ုပ်၏ ဓာတ်ပုံကို ယနေ့ထုတ် သတင်းစာတွင် တွေ့မြင်ခဲ့ရပြီးဖြစ်၍ စားသောက်ခန်းသို့ ဝင်လာချိန်တွင် ကျွန်ုပ်အား စူးစိုက်ကြည့်နေကြသည်။ ကျွန်ုပ်ကို အရက်လာ၍ ငှဲ့ပေးသူ လူလတ်ပိုင်းအရွယ် စားပွဲထိုးမှာ အရက်ငှဲ့ရာတွင် လက်များ တုန်ယင်နေသည်ကို သတိထားမိလိုက်သည်။ ၁၉၃၉ ခုနှစ်နှင့် ၁၉၄၅ ခုနှစ်များအတွင်းတွင် ထိုလူငယ်သည် မည်သည့်နေရာတွင် ရှိနေမည်နည်း။ ကျွန်ုပ် စဉ်းစားကြည့်လိုက်မိသည်။

စားသောက်ခန်းတွင် လူအနည်းငယ်မျှသာ ရှိတော့သည်။ စားသောက်ပြီးချိန်တွင် အမေရိကန်လူငယ်တစ်ဦးသည် ကျွန်ုပ်၏ စားပွဲသို့လာရောက်၍ ညနေထုတ်သတင်းစာကို စားပွဲပေါ်တွင်ချလိုက်ပြီး ကုလားထိုင်ကို ကျွန်ုပ်အနီးသို့ ရွှေ့၍ထိုင်လိုက်သည်။ ကျွန်ုပ်သည် သတင်းစာမျက်နှာဖုံးတွင်ပါသော ကျွန်ုပ်၏ ဓာတ်ပုံကို တစ်ချက်ကြည့်လိုက်ပြီး သူ့မျက်နှာကို ကြည့်လိုက်သည်။ သူက ပြုံးရွှင်သောမျက်နှာဖြင့် –

"ကျွန်တော်တို့ သဘောဟာ ဆိပ်ကမ်းနဲ့ တဖြည်းဖြည်း နီးကပ်လာပြီလို့ ဆိုရမှာပေါ့နော်" ဟု နာဇီရာဇဝတ်ကောင်များ အရေးယူမှုကို ရည်ညွှန်း၍ ပြောလိုက်သည်။

ကျွန်ုပ်သည် ယခုလိုအခါမျိုးတွင် သူနှင့်စကားပြောဖို့ မဆိုထားနှင့် သူ ဘယ်သူလဲဆိုတာကိုပင် မသိချင်ပေ။ သို့သော် တစ်ခါတစ်ရံတွင် တစ်စုံတစ်ဦးက တွေ့လာသည်ကို မတုန့်ပြန်ခြင်းကြောင့် အန္တရာယ်ရှိတတ်သည်ကို အတွေ့အကြုံအရ ကျွန်ုပ် သိပြီးဖြစ်သည်။

"အင်းလေ၊ နီးလောက်လောင်းလေပေါ့။"

သူသည် ပိုး(လ်) ပြောခဲ့သည့် ယုံကြည်နိုင်လောက်သူ နှစ်ဦးအနက် အမေရိကန်လူငယ် ဘရန်းဖြစ်ပေလိမ့်မည်။ သူသည် မျက်နှာပြားပြား၊ မျက်လုံး အညိုရောင်နှင့် သဘောသဘာဆံပင်ကဲ့သို့ တိုနံ့နံ့ဆံပင်ရှိသူ ဖြစ်သည်။

သူသည် ကျွန်ုပ်အား အကူအညီပေးရန် စိတ်အားထက်သန်နေသည်မှာ ထင်ရှားသည်။ သို့သော် ကျွန်ုပ်သည် မိမိကိုယ်မိမိ သတင်းစာပေါ်တွင် ထင်ထင်ပေါ်ပေါ် ကြေညာထားပြီးသူဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်း၏ ဦးတည်ချက်မှာ မိမိလမ်းကို မိမိတစ်ဦးတည်း လျှောက်ရန် အစပျိုးလိုက်ခြင်းပင်





ဖြစ်သည်။ ရန်သူ၏ကျည်ကို မြူနေသူတစ်ဦးသည် ကျည်ထိမှန်စရာရှိပါက သူသာလျှင် ထိမှန်ရပေမည်။ ကိုယ့်ကိုကိုယ် ထင်ထင်ပေါ်ပေါ် ကြေညာလိုက်ပြီးဖြစ်သဖြင့် ကျွန်ုပ်သည် ဘာလင်ဌာနခွဲတည်ရှိရာ အန်တာ၊ ဒင်၊ အီချန်နှင့် ဂိုနာ အလီလမ်းဆုံ၏ တစ်မိုင်ပတ်လည်အတွင်းသို့ မချဉ်းကပ်မိအောင် ရှောင်ရှားရပေတော့မည်။ သူတို့သည် ကျွန်ုပ်နောက်သို့ လိုက်နေကြတော့မည်ဖြစ်ရာ ကျွန်ုပ်ဤနေရာသို့ မကြာခဏ ချဉ်းကပ်ပါက သူတို့သည် ကျွန်ုပ်၏ ဌာနခွဲရုံးတည်ရာကို ခြေရာခံကောက်မိနိုင်ဖွယ်အကြောင်း ရှိသည်။ 'ကွင်းပြင်သို့ထွက်၍ ရပ်ပြလိုက်ခြင်း' သည် မိမိကိုယ်မိမိ ဒေသဌာနခွဲနှင့် အဆက်ဖြတ်လိုက်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်သည် ရှေ့တွင် ဥရောပဒုအသံမှ အသံလွှင့်ချက်များကိုသာ အားကိုးအားထား ပြု၍ အဆက်အသွယ်များ ပြုလုပ်ရပေတော့မည်။ ကွင်းပြင်သို့ ထွက်ရပ်ပြသည့်နည်းပရိယာယ်သည် ကျွန်ုပ်အတွက် အန္တရာယ်ကြီးသကဲ့သို့ ကျွန်ုပ်နှင့် ထိတွေ့ဆက်သွယ်လိုသူများအတွက်လည်း အန္တရာယ်ကြီးသည်။ ဤအခြေအနေမျိုးကို နှံ့စား၍ ဖန်တီးယူခဲ့သူ ထောက်လှမ်းရေးသမားတစ်ဦးသည် ဘေးလူများက ဝင်ရောက်အကူအညီပေးခြင်းဖြင့် သူ့အတွက်ပို၍ အန္တရာယ်ကြီးတတ်သည်။ ကွင်းပြင်သို့ရောက်နေသူ ထောက်လှမ်းရေးသမားတစ်ဦးအတွက် အကာအကွယ်ပေး မည့်သူ၊ ဆက်သွယ်ပေးမည့်သူများ လုံးဝ မရှိရပေ။ အားလုံးနှင့် အဆက်အသွယ် ဖြတ်ထားရပေသည်။

"မင်း ဘာလင်မှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

"ကျွန်တော် ဒီမှာပဲ အမြဲနေတယ်လို့ ဆိုရမှာပဲ"

ဤနေရာတွင် စကားကို ဆင်ဆင်ခြင်ခြင် ပြောရမည်ဟူသော အချက်ကို ကျွန်ုပ်တို့ နှစ်ဦးစလုံး နားလည်ထားကြသည်။ အသံဖမ်းယူသည့် စက်များ လျှို့ဝှက်တပ်ဆင်ထားလျှင်ပင် အရေးကြီးသော စကားများပါ မသွားအောင် သတိထားပြောရပေမည်။ ထို့ကြောင့် ကျွန်ုပ်သည် ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်လိုက်ပြီး –

"ငါသိပ်ပြီး ပူအိုက်နေတယ်ကွာ" ဟုပြောလိုက်သည်။

ကျွန်ုပ်ပြောလိုက်သော "သိပ်ပြီး ပူအိုက်နေတယ်" ဟူသော စကားမှာ ကျွန်ုပ်တို့အချင်းချင်းသာ နားလည်နိုင်သော စကားဖြစ်သည်။ ထိုစကားရပ်၏ ဆိုလိုချက်မှာ "ငါဟာ အန္တရာယ်ဟောကို ဝင်နေပြီ၊ သိပ်ပူလောင်နေပြီ၊ ငါ့အနား မကပ်နဲ့" ဟူ၍ဖြစ်သည်။

သူသည် ကျွန်ုပ်၏ စကားဆုံးသည်နှင့် မတ်တပ်ရပ်လိုက်ပြီး သတင်းစာကို ကောက်ယူ၍ ချိုင်းကြားတွင်ညှပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဆက်ပြီး အနှောင့်အယှက် မပေးတော့ပါဘူး။ ဒါပေမယ့် ခင်ဗျား အချိန်မရွေး ကျွန်တော့်ကို သုံးနိုင်ပါတယ်ဆိုတာ ကျွန်တော် ပြောချင်တယ်"

လူငယ်သည် ထိုသို့ပြောဆိုပြီးနောက် စားသောက်ခန်းအတွင်းမှ ထွက်ခွာသွားသည်။ ကျွန်ုပ်သည် သူထွက်သွားသည်ကို မိနစ်အနည်းငယ်မျှ နောက်မှ ကြည့်နေပြီးနောက် ခွက်ထဲတွင် လက်ကျန်ရှိနေသေးသော အရက်ကို အကုန်မော့ချလိုက်ပြီး ကျွန်ုပ်၏ အိပ်ခန်းသို့ ပြန်တက်ခဲ့သည်။

အိပ်ခန်းအရောက်တွင် ဥရောပအသံ၏ 'စာပို့ဆက်သွယ်ရေးနှင့် အစုရှယ်ယာဈေးနှုန်းသတင်းကြေညာချက်' အစီအစဉ်အတွက် အချိန်လိုသေးသော်လည်း စောစောဖွင့်၍ နားထောင်လိုက်သည်။ မြူးကြွဖွယ်သီချင်းများ အသံလွှင့်နေသည်ကို ကြားရသည်။ နောက်ဆုံး 'စာပို့တိုက်သတင်း' ကြေညာရာတွင် ကျွန်ုပ်အတွက် ညွှန်ကြားချက်တစ်ခု ပါလာသည်ကို တွေ့ရသည်။ ကုမ္ပဏီများ၏ စကားဝှက်များဖြင့် လွှင့်ထုတ်လိုက်သော ညွှန်ကြားချက်ကို ပြန်လည်အဓိပ္ပါယ် ဖော်ယူကြည့်ခဲ့ရာ 'အရာရာကို သတိထားဆောင်ရွက်ပါ။ သင်သည် အနီစက်ဝိုင်းတွင်းသို့ ရောက်နေပြီ' ဟူသော ညွှန်ကြားချက်ဖြစ်ကြောင်း တွေ့ရသည်။

ရေဒီယိုအစီအစဉ်ပြီးသည်နှင့် အညောင်းအညာဖြေရန် အိပ်ရာပေါ်တွင် ခေတ္တလှဲလိုက်ပြီး လုပ်ငန်းအကြောင်း ပြန်လည်စဉ်းစားကြည့်လိုက်မိသည်။ လူတွေသည် ကျွန်ုပ်ကို စိတ်တိုအောင် ပြုလုပ်နေကြသည်ဟု စိတ်ထဲတွင် ခံစားမိသည်။ ပထမတွင် ဟင်ဂဲလ်သည် ကျွန်ုပ်နောက်သို့ သူ့သဘောဖြင့် သူ နောက်ယောင်ခံလိုက်ခဲ့သည်။ ထို့နောက်တွင် ကျွန်ုပ်သည် 'ပူလောင်နေသော' ထောက်လှမ်းရေးသမားတစ်ဦး အနေအထားမျိုးသို့ ရောက်နေပြီဟူသော အချက်ကိုသိလျက်နှင့် ဘရန်းသည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်ထိတွေ့ခဲ့သည်။ ယခုတစ်ဖန် ဘာလင်မြို့ရှိက ဥရောပအသံမှတစ်ဆင့် 'သတိထားရန်' ကျွန်ုပ်အား သတိပေးနေပြန်ပြီ။ ထို့ပြင် 'အနီရောင်စက်ဝိုင်း' အတွင်းသို့ ရောက်ရှိနေပြီဟုလည်း သတိပေးလိုက်သေးသည်။ ဤအရာအားလုံးက ဘာကိုဆိုလိုနေသနည်း။ ဘာလင်မြို့ရှိရုံးက ကျွန်ုပ်၏ လှုပ်ရှားမှုများသည် အန္တရာယ်ကြီးလွန်းသည်။ လျှို့ဝှက်ချက်များ ပေါက်ကြားနိုင်သည်။ အရဲစွန့်လွန်းသည်ဟု ထင်မြင်နေခြင်း ပင်ဖြစ်သည်။ သူတို့ ကျွန်ုပ်အပေါ် ယုံကြည်မှုမရှိပါက တာဝန်ကို ရုပ်သိမ်းရန် မှတစ်ပါး အခြားမရှိနိုင်။ ထိုအခါတွင်လည်း ကျွန်ုပ်သည် လန်ဒန်သို့ အေးအေးလူလူ ပြန်ရုံမှတစ်ပါး အခြားမရှိနိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် အိပ်ရာပေါ်တွင် လဲလျောင်း





နေရာမှ ထလိုက်ပြီး စာရွက်တစ်ရွက်ကိုယူ၍ အကြောင်းပြန်ကြားစာ ရေးလိုက်သည်။

"ကျွန်ုပ်၏ အဆုံးအဖြတ်များအပေါ် မယုံကြည်ပါက တာဝန်မှ ရုပ်သိမ်းပါ။ ကျူ"

ထို့နောက် ကားကိုမောင်း၍ ဝီလ်မာ(လ်စ်) ဒေါ့ရုပ်ကွက်အထိသွားရောက်ပြီး ကျွန်ုပ် ရေးသားထားသော အကြောင်းကြားချက်ကို စာတိုက်ပုံးတစ်ခုထဲသို့ ထည့်လိုက်သည်။ ကျွန်ုပ်သည် စာထည့်ပြီးနောက် ကားကို ထိုနေရာတွင် ဝင်ရပ်ထားခဲ့ပြီး သူမ၏ အခန်းသို့ ခြေကျင်လျှောက်၍ သွားခဲ့သည်။ သူမ၏ အခန်းသို့သွားရောက်ခြင်းဖြင့် ကျွန်ုပ်၏ လုပ်ငန်းအတွက် ဆိုးကျိုးဖြစ်စေနိုင်သလော၊ ကောင်းကျိုးဖြစ်စေနိုင်သလော အချိန်ယူ၍ စဉ်းစားကြည့်ခဲ့ပြီး ဖြစ်သည်။ လောလောဆယ်အားဖြင့် သွားရောက်ခြင်းမပြုရန်ဘက်မှ အလေးကဲသော ဆုံးဖြတ်ချက်ကိုလည်း ချမှတ်ထားခဲ့သည်။ သို့သော် စိတ်တိုဖွယ်ရာများကိုသာ တစ်နေ့လုံး ကြုံတွေ့ခဲ့ရသော ကျွန်ုပ်သည် စိတ်ဖြေဖျောက်နိုင်မည့်နေရာသို့သာ ခြေဦးလှည့်ခဲ့မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၈)

လွန်ခဲ့သော ၂၄ နာရီအတွင်း သူတို့ ကျွန်ုပ်အား လိုက်နေကြပြီဟူသော အထောက်အထားများကို အတော်များများ တွေ့ခဲ့ရပြီဖြစ်သည်။ ကျွန်ုပ်သည် အင်ဂါ၏ အခန်းတွင် ညသန်းကောင်ယံအထိ နေခဲ့သည်။ သူမသည် ကျွန်ုပ်နှင့် စကားပြောနေစဉ် ဂနာမငြိမ်သည့် အမူအရာများကို တွေ့ရသည်။ သို့သော် ကျွန်ုပ် ဤတစ်ကြိမ် လာရောက်ရာတွင် ထူးခြားချက်မှာ ဂျာဂင်ကြီးသည် ကျွန်ုပ်အား ပထမအကြိမ်ကကဲ့သို့ သတိထား စောင့်ကြည့်မနေခြင်းပင် ဖြစ်သည်။ ကျွန်ုပ်အခန်းထဲသို့ ဝင်လာစကပင် သူမက 'မီတ်ဆွေ' ဟု တစ်ချက်အော်၍ ပြောထားရာ ခွေးကြီးသည် သူ့နေရာတွင်သူ အေးအေးလူလူသွား၍ အိပ်နေခဲ့သည်။

ကျွန်ုပ်တို့နှစ်ဦးသည် အရက်သောက်ရင်း စကားပြောကြသည်။ သူမသည် အားကစားဝတ်စုံကဲ့သို့သော အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားရာ အလင်းရောင်အောက်တွင် သူမ၏ ကိုယ်ခန္ဓာသည် ကျော့ရှင်းလှပ၍နေသည်။

ယခုတစ်ကြိမ် တွေ့ဆုံရာတွင်လည်း ကျွန်ုပ်သည် မိမိကိုယ်မိမိ ကြက်ခြေနီ ကိုယ်စားလှယ်တစ်ဦးဟူသော အနေအထားဖြင့်သာ စကားအမှားမပါအောင် ပြောခဲ့သည်။ သူမကမူ စကားပြောရင်းဖြင့် ရှေးဟောင်းနှောင်းဖြစ်များ





အကြောင်း ပြောသည့်အခါတွင် ဖီးနစ်(စ်)ဂိုဏ်းအကြောင်း နှစ်ခါမျှ ထည့်ပြောခဲ့သည်ကို ကျွန်ုပ် သတိထားမိလိုက်သည်။ ထို့ပြင် ရော့(သ်)စတိန်းဟူသော အမည်ကိုလည်း တစ်ကြိမ် ထည့်ပြောခဲ့ရာ ထိုသူ မည်သူမည်ဝါဆိုသည်ကို ကျွန်ုပ် ချက်ချင်း သိလိုက်သည်။ ထိုသူသည် ဘာလင်တွင် မရှိဟူ၍ ကျွန်ုပ် သိထားသော်လည်း ယခု သူမ ပြောရာ၌ ဘာလင်တွင်ရှိနေသကဲ့သို့ ပြောနေသဖြင့် တစ်နေ့တွင် သူ့ကို တွေ့အောင်ရှာဖွေရန် စဉ်းစားမိလိုက်သည်။

ကျွန်ုပ် သူမအိမ်မှ ပြန်ချိန်တွင် လမ်းများသည် လူသူကင်းမဲ့လျက်ရှိပေပြီ။ တိတ်ဆိတ်ငြိမ်သက်မှုသည် ကြီးစိုးလျက်ရှိရာ ကျွန်ုပ်၏ ဖိနပ်သံများသည်ပင် တိုက်နံရံများတွင် ပဲ့တင်သံပေါ်လျက် ရှိနေခဲ့သည်။

ကျွန်ုပ်၏ကားသည် ညနေပိုင်းက ကျွန်ုပ်ထားခဲ့သည့် နေရာတွင်ပင် ရှိနေသည်။ ကားတံခါး၏ အခြေအနေနှင့် တံခါးသော့ပေါက်အခြေအနေကို စစ်ဆေးကြည့်ရာတွင် တစ်စုံတစ်ရာ ထူးခြားချက်ကို မတွေ့ရ။ ကားကို သူတို့ မထိမတို့ခဲ့ပေ။

ကျွန်ုပ်သည် ကားကိုစက်နှိုး၍ စတက်(ဂ်)လစ်လမ်းအတိုင်း မောင်းခဲ့သည်။ ခပ်လှမ်းလှမ်းအရောက်တွင် နောက်ကြည့်မှန်မှတစ်ဆင့် နောက်ဘက်သို့ လှမ်း၍ အကဲခတ် ကြည့်လိုက်သည်။ ထို့နောက် ကားကို ညာဘက်လမ်းထဲသို့ ကွေ့၍ နောက်ဘက်ကို ထပ်မံစစ်ဆေးကြည့်လိုက်ပြန်သည်။ ကျွန်ုပ်၏ကားကို သူတို့ မထိမတို့သော်လည်း စောင့်ကြည့်နေသည်မှာ သေချာသည်။ သူတို့သည် ကျွန်ုပ် ပရင့်(စ်)ဂျိုဟန် ဟိုတယ်မှ ညနေပိုင်းက ထွက်လာသည့်အချိန်မှစ၍ ကျွန်ုပ်နောက်သို့ နောက်ယောင်ခံလိုက်ခဲ့ကြပြီး အင်ဂါ၏ အခန်းသို့ဝင်သွားချိန်တွင်လည်း ကျွန်ုပ်၏ ကားထားရာနေရာမှပင် ဆက်လက် စောင့်ဆိုင်းနေဟန်ရှိသည်။

ကျွန်ုပ်သည် ခြေလျင်နောက်ယောင်ခံလိုက်ခြင်းကို အမြဲသိရှိနိုင်သည်။ သို့သော် ကားဖြင့် နောက်ယောင်ခံလိုက်ပါက သိရန်ပိုမိုခက်ခဲပြီး မျက်ခြေပြတ်အောင် ပြုလုပ်ရန်လည်း ခက်ခဲသည်။ ညနေပိုင်းက ကျွန်ုပ်ဟိုတယ်မှ ဝီ(လ်)မားဒါ့ရပ်ကွက်သို့ ထွက်လာစဉ်က နောက်ယောင်ခံလိုက်ခဲ့ခြင်းကို ကျွန်ုပ် သတိထားမိခဲ့ပေ။ ယခုမူ လမ်းများတွင် ကားများလည်း ရှင်းနေရာ သူတို့နောက်မှ လိုက်နေခြင်းကို ကျွန်ုပ်ချက်ချင်း သိနိုင်ခဲ့သည်။ ယခု ကျွန်ုပ်နောက်သို့ လိုက်နေသောကားသည် ဒီကေဒဗလျူ-အက်ဖ်-၁၀၂ ကားမျိုးဖြစ်ကြောင်း ခန့်မှန်းရသည်။

သူတို့သည် ကျွန်ုပ်ကို ဖိလိုက်နေသည်မှာ သေချာသော်လည်း လှမ်းကြည့်လိုက်နေခြင်း မဟုတ်ကြောင်း ကျွန်ုပ် သိသည်။ ကျွန်ုပ်၏ အခြေခံယူဆချက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူတို့သည် ကျွန်ုပ်အား ရော(ချ်)နစ်၊ ရှရေဒါနှင့် ဖို့(ဂျ်) တို့အား ဖမ်းဆီးရာ တွင် ပါဝင်ခဲ့သူ ဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် သတ်ပစ်လိမ့်မည် မဟုတ်။ သူတို့သည် ထိုမျှအမြော်အမြင်နည်းသူများ မဟုတ်နိုင်ဟူ၍ ဖြစ်သည်။ ဇတ်တော်မရှင်သည် နာဇီရာဇဝတ်ကောင်များကို အဆက်မပြတ် ဖော်ထုတ် နေသော်လည်း ထိုကော်မရှင်တွင် တာဝန်ထမ်းဆောင်နေသူများကို သူတို့ လုပ်ကြံ သတ်ဖြတ်ခြင်း မပြုခဲ့ပေ။ ဖီးနစ်အဖွဲ့၏ မူဝါဒမှာ ရန်သူအင်အားစုနှင့်ထိပ်တိုက် ဖြစ်မှုကို အတတ်နိုင်ဆုံးရှောင်ရှားပြီး လျှို့ဝှက်လှုပ်ရှားမှုကို ဦးစားပေးခြင်းပင် ဖြစ်သည်။ ကင်းနက်၊ လင်းစဒေးဂျူး အသတ်ခံရခြင်းမှာလည်း သူ့ကို တစ်ကြိမ် တည်း အဆုံးစီရင်ခဲ့ခြင်း မဟုတ်ဘဲ အမျိုးမျိုးစမ်းသပ်ပြီးမှ နောက်ဆုံး နည်းလမ်း အဖြစ် သုတ်သင်ခဲ့ခြင်းဖြစ်သည်။ လိမ္မော်သီးကို လှွင့်မပစ်မီ ရနိုင်သမျှ အရည် ညှစ်ယူရေးသည် ဖီးနစ်(စ်)ဂိုဏ်း၏ လက်ရှိမူဝါဒဖြစ်သည်။ သူတို့သည် လိမ္မော် သီးကို အရည်မညှစ်ရသေးဘဲ လွှင့်ပစ်လိမ့်မည် မဟုတ်။

သတ်ဖြတ်ရှင်းလင်းပစ်ရလောက်အောင် ဖြစ်လာနိုင်သည့်အခြား အခြေ အနေတစ်ရပ်မှာ ရန်သူသည် သူတို့၏ လှည့်ကွက်များကို အမျိုးမျိုးရှောင်တိမ်း၍ သူတို့၏ ပဟိုချက်မနှင့် တဖြည်းဖြည်း နီးလာသည်အထိ ချဉ်းကပ်မိလာသည့် အခြေအနေမျိုးဖြစ်သည်။ ထိုအခြေအနေသည် တဖြည်းဖြည်း ဆိုးရွားလာပြီး သူတို့ဂိုဏ်း၏ လုံခြုံစိတ်ချရမှု အနေအထားကို ထိပါးလာနိုင်စရာဖြစ်လာသည့် အခါမျိုးတွင်သာ သူတို့သည် လူပုဂ္ဂိုလ်အရ သုတ်သင်သည့်အလုပ်ကို လုပ် ဆောင်ကြပေမည်။

လက်ရှိကာလတွင် ကျွန်ုပ်အနေဖြင့် အခွင့်အလမ်း သာသည့်အချက် မှာ ကျွန်ုပ်၏ လှုပ်ရှားမှုများသည် ဇိုဆန်ကို ရှာဖွေရေးအတွက် ဦးတည်နေသည် ဟူသော အချက်ကို သူတို့ မသိရှိခြင်းပင် ဖြစ်သည်။ ယခုအချိန်အထိ ကျွန်ုပ်ကို ရော(ချ်) နစ်၊ ရှရေဒါနှင့် ဖို့(ဂျ်) ဖမ်းဆီးမှုများတွင် ပါဝင်ခဲ့သော 'မျက်နှာသစ်' တစ်ဦး အနေဖြင့်သာ သိနေကြသေးသည်။ ထိုမျက်နှာသစ် မည်သူလဲဆိုသည်ကို သူတို့ ယခု သဲသဲမဲမဲ လေ့လာနေခြင်းဖြစ်သည်။ ယခု ကိုက် ၁၀၀ ခန့်အကွာမှ လေ့လာနေသော်လည်း နောင်တွင်ပို၍ ပို၍ နီးကပ်အောင်တိုးလာပြီး လေ့လာကြ ပေလိမ့်မည်။ သူတို့သည် ကျွန်ုပ် တည်းခိုရာ ဟိုတယ်ကိုသိပြီး ဖြစ်ပေလိမ့်မည်။ ကျွန်ုပ် ဘယ်ကိုသွား၍ ဘာတွေလုပ်နေသည်ကို ယခု သူတို့သိချင်နေကြပြီ ဖြစ် သည်။

သူတို့သည် ကျွန်ုပ်နေထိုင်ရာ ဟိုတယ်ကို သိနေပြီးဖြစ်ရာ သူတို့ကို လုံးဝခြေရာ ဖျောက်ရန်မှာ အချည်းနှီးပင်ဖြစ်ပေသည်။ သို့သော် ကျွန်ုပ်သည် အင်ဂါ၏အခန်းတွင် သောက်လာသောအရက်ရှိန်နှင့် အခန်းကျဉ်းကလေးထဲ





ကျယ်ပြန့်သော မိုးကောင်းကင်အောက်သို့ ထွက်လာခဲ့သည့် လွတ်လပ်မှု စိတ် ဓာတ်တို့၏ အရှိန်ကြောင့် ကျောင်းသားတစ်ဦးကဲ့သို့ လန်းဆန်းတက်ကြွနေ သည်။ ထို့ကြောင့် သူတို့ကို အရူးလုပ်ရန် ဆုံးဖြတ်ပြီး အချိန်အတော်ကြာအောင် တစ်လမ်းဝင် တစ်လမ်းထွက်နှင့် လုပ်နေခဲ့သည်။ သို့သော် ညဦးနက်သန်းကောင် ယံတွင် ကားတစ်စီးဖြင့် ယောက်ယက်ခတ်နေသူသည် ယာဉ်ထိန်းသိမ်းရေးရဲများ နှင့် ပြဿနာပေါ်တတ်သည်။ ကျွန်ုပ်သည် သူတို့နှင့် အမှုအခင်း မဖြစ်လိုပေ။ ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူခံရပါက မလိုအပ်ဘဲ အချိန်ကုန် လူ ပမ်းဖြစ်ရမည့်အပြင် ကျွန်ုပ်၏ ကိုယ်ရေးဖြစ်စဉ်မှတ်တမ်းမှတ်ရာများကိုပင် အစစ် ဆေးခံရဖွယ်ရှိသည်။

ကျွန်ုပ်သည် နောက်မှလိုက်နေသော ကားနှင့် အချိန်အတော်ကြာအောင် ဝင် လိုက်တမ်းပြေးတမ်းကစားသကဲ့သို့ လှည့်ပတ်မောင်းနှင်ပြီးနောက် လူပြတ် သော လမ်းကျဉ်းတစ်ခုထဲသို့ ချိုးဝင်လိုက်သည်။ ကား၏အရှိန်ကိုလည်း လျှော့ လိုက်သည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ သူတို့၏ သဘောထားကို စမ်းကြည့် ရန်ပင်ဖြစ်သည်။ တကောက်ကောက် ထက်ချပ်မကွာ လိုက်နေရ၍ ပင်ပန်းနွမ်းနယ် ပြီး ကျွန်ုပ်ကို တစ်ကြိမ်တည်းနှင့် ရင်ဆိုင်လိုက ရင်ဆိုင်ရန် အခွင့်ကောင်းကို ဖန်တီးပေးလိုက်ခြင်း ဖြစ်သည်။ သို့သော် သူတို့သည် ကျွန်ုပ် မျှော်လင့်သလို ကျွန်ုပ်၏ကားကို အရှိန်ပြင်းပြင်းဖြင့် ကျော်တက်ပြီးရှေ့မှ ပိတ်ရပ်၍ ရင်ဆိုင်သည့် အလုပ်ကို မလုပ်ကြပေ။ နောက်မှ အရှိန်သတ်၍သာ လိုက်နေသည်။ ကျွန်ုပ် သိလိုက်ပြီ ဖြစ်သည်။ သူတို့သည် ကျွန်ုပ် ဘယ်ကိုသွား၍ ဘာကိုလုပ်မည်ကို သာ သိအောင် ကြိုးပမ်းနေခြင်းဖြစ်သည်။

သူတို့၏ ရည်ရွယ်ချက်ကို ပို၍သေချာအောင် ကျွန်ုပ် နောက်တစ်နည်း စမ်းသပ်ကြည့်လိုက်ပြန်သည်။ ကျွန်ုပ်သည် လမ်းမကြီးတစ်ခုထဲသို့ ချိုးဝင်လိုက် ပြီး ကားအရှိန်ကို အစွမ်းကုန်မြှင့်တင်၍ မောင်းလိုက်သည်။ သူတို့ကလည်း ကျွန်ုပ်အား မျက်ခြေမပြတ်ရအောင် စက်ကုန်ဖွင့်၍ မောင်းလိုက်ခဲ့သည်။ တစ်နေရာ အရောက်တွင် ကျွန်ုပ်က ဘရိတ်ကိုနင်း၍ ချက်ချင်း အရှိန်လျှော့ပစ်လိုက်သည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်သည် ရှေ့မှပြေးသူဖြစ်၍ လုပ်မည့်အလုပ်ကို ကြိုတင်စိတ်ကူး၍ လုပ်နိုင်သည့်အခွင့်အရေး ရှိနေသည်။ သူတို့က နောက်မှ လိုက်သူဖြစ်၍ ကျွန်ုပ်၏အဆုံးအဖြတ်အပေါ်တွင် အခြေခံ၍ ထပ်ဆင့်စဉ်းစား လုပ်ကိုင်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်က ကားအရှိန်ကို ရုတ်တရက် လျှော့လိုက်သော်လည်း သူတို့က အငိုက်မမိပြီး အရှိန်ကို ရုတ်တရက် လျှော့၍ ရကောင်းမှ ရနိုင်မည်။ ထိုအချိန်တွင် ကားနှစ်စီးသည် အလွန်နီးကပ်သော အနေ အထားမျိုး ရှိလာနိုင်ပေရာ မထူးတော့ပါဟူသော သဘောဖြင့် သူတို့သည် ကျွန်ုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ကောင်းဆိုင်သိမ့်မည်ဟု ကျွန်ုပ်တွက်ဆခဲ့သည်။ သို့သော် သူတို့သည် ယခုအကြိမ်တွင်လည်း ရင်ဆိုင်မိမည့် အနေအထားကို မြစ်သည့်နည်းဖြင့် ရှောင်ကွင်းသွားခဲ့သည်။

တစ်ချိန်တွင် သူတို့သည် ကျွန်ုပ်ကို မျက်ခြေပြတ်သွားခဲ့သည်။ သို့သော် သူတို့ကံကောင်း၍ တစ်နေရာတွင် ပြန်လည်ဆုံမိခဲ့ခြင်းဖြစ်သည်။ ထောင့်ချိုး တစ်နေရာသို့ ကျွန်ုပ်အကွေ့တွင် သူတို့သည် ကျွန်ုပ်ကို မျက်ခြေပြတ်သွားမည်ကို စိုးရိမ်ပူပန်စိတ်ဖြင့် ကားကို အရှိန်ဖြင့်မောင်းပြီး ကွေ့လိုက်ရာ ဘီးချော်ပြီး ကားမှာ တစ်ပတ်လည်သွားခဲ့သည်။ 'ကျွီး' ဟူသော ဘီးချော်သွားသည့်အသံသည် လမ်းကျဉ်းတလေးထဲတွင် ပဲ့တင်ထပ်သွားသည်။ ကျွန်ုပ်က သူတို့အား မြေရာချောက်၍ ချန်ခဲ့ရန် ဤမျှ ခရိုန်ကြာအောင် သဲကြီးမဲကြီး ကြိုးပမ်းနေသဖြင့် ကျွန်ုပ်သည် သူတို့ မသိစေလိုသော လျှို့ဝှက်တစ်နေရာသို့သွားရန် ဦးတည်နေသည်ဟု သူတို့ပို၍ နိုင်မာစွာ ထင်မြင်ယူဆလာခဲ့ပုံရသည်။ ထိုသို့ ထင်မြင်လာလေ မျက်ခြေပြတ်သွားနိုင်သည်ဟူသော သူတို့၏ စိုးရိမ်စိတ်သည် ပို၍ပြင်းထန်လာလေ ဖြစ်သည်။

တစ်ချိန်တွင် ကျွန်ုပ်သည် ဖလှာဂါဖင်ဘူတာရုံနားသို့ ရောက်လာရာ လမ်းကြောင်းအတိုင်း ဆက်သွားပါက ကျွန်ုပ်တည်းခိုသော ဗရင့်(စ်)ဂျိုဟန် ဟိုတယ်အနီးသို့ ရောက်လာနိုင်သည်ကို စဉ်းစားမိသဖြင့် နောက်သို့ ပြန်လှည့်လိုက်သည်။ ကျွန်ုပ် နောက်ပြန်လှည့်သည်ကို မြင်လိုက်သည်နှင့် သူတို့သည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ရမည်ကို ရှောင်ရှားလိုဟန်ဖြင့် နီးရာလမ်းကျဉ်း တစ်ခုသို့ ဝင်လိုက်သည်ကို တွေ့ရသည်။ ကျွန်ုပ်လာလမ်းအတိုင်း ပြန်မောင်းလာစဉ်တွင် ထိုလမ်းကျဉ်းထဲမှ သူတို့ထွက်လာပြီး ဆက်လိုက်လာသည်ကို တွေ့လိုက်ရပြန်သည်။ ကျွန်ုပ် ဟိုတယ်နားသို့ မသွားလိုခြင်းမှာ ကျွန်ုပ်သည် ဟိုတယ်သို့ ပြန်ရန် ကြိုးပမ်းနေခြင်းမဟုတ်၊ အရေးကြီးသော တစ်နေရာသို့သွားရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သူတို့တွေးထင်မိအောင် ဖန်တီးခြင်းဖြစ်သည်။ နောက်ဆုံးတွင်မှ သူတို့နောက်မှ တကောက်ကောက် လိုက်နေသဖြင့် မူလဦးတည်သည့်နေရာသို့ မသွားနိုင်ဘဲ လက်မြှောက်အရှုံးပေးသည့်အနေဖြင့် ဟိုတယ်သို့ပြန်ရန် ကျွန်ုပ် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ကျွန်ုပ်သွားမည်ဟု သူတို့ ထင်မြင်သောနေရာ တစ်နေရာသည် ဘယ်နေရာဖြစ်နိုင်မည်ကို သူတို့ဆက်ပြီး စဉ်းစားနေအောင် အလုပ်ပေးပြီးမှ ကျွန်ုပ် အိပ်ရာဝင်ရန် ရည်မှန်းလုပ်ဆောင်ခြင်း ဖြစ်သည်။

တင်ပဲ(လ်)ဟောဖ်လေဆိပ်အနီးရှိ လမ်းဆုံအရောက်တွင် ကျွန်ုပ်သည် လက်ယာဘက်သို့ ကွေ့မည့်ဟန်ဖြင့် ယာဉ်ကြောကို နေရာယူလိုက်ပြီးနောက်





ဘယ်ဘက်သို့ ကွေ့လိုက်ရာ သူတို့သည် ကျွန်ုပ်နှင့်မျက်ခြေပြတ်သွားမည်ကို စိုးရိမ်ပြီး ကားကို တစ်ဆစ်ချိုးကွေ့လိုက်သည်။ အရှိန်ပြင်းသဖြင့် ကားမှာလည်း လွတ်ပြီး ဘေးမှကားတစ်စီးနှင့် ဘေးချင်းယှဉ်တိုက်မိလိုက်သည်။ ကွန်ကရီ မျက်နှာပြင်နှင့် သံပြားတို့ ပွတ်တိုက်မိသည့် စူးရှကျယ်လောင်သော အသံကြီးနှင့်အတူ သူတို့ကားသည် လမ်းပေါ်တွင် ဘေးတိုက်တစောင်းအနေအထားဖြင့် ၄–၅ ကိုက်ခန့် ရှတ်တိုက် လွင့်စဉ်သွားသည်ကို မြင်လိုက်ရသည်။ ကျွန်ုပ် ခပ်လှမ်းလှမ်းအရောက်တွင် နောက်ကြည့်မှန်မှ တစ်ကြိမ်ပြန်ကြည့်လိုက်ရာ သူတို့ ကားရပ်သွားသည့်နေရာတွင် မီးတောက်တစ်ခု ထွက်လာသည်ကို တွေ့လိုက်ရသည်။

သူတို့ကားအတွင်းမှ လူတစ်ယောက်၏ အော်ဟစ်ညည်းညူသံကို ကြားလိုက်ရသည်။ မီးလောင်နေသောကားအတွင်းမှ တံခါးဖွင့်၍ မထွက်နိုင်သူ ဖြစ်ရမည်ဟု ကျွန်ုပ် စဉ်းစားမိလိုက်သည်။ ကျွန်ုပ်ထိုနေရာသို့ ကားကိုပြန်လှည့်မောင်းပြီး သူ့အတွက်တံခါးကို ဖွင့်ပေးမည်ဆိုက ဖြစ်နိုင်သည်။ ကျွန်ုပ်၏ လူသားစိတ်က ထိုသို့ပြုလုပ်ရန် တိုက်တွန်းနေသော်လည်း တစ်ဘက်တွင် ကျွန်ုပ်၏ လုပ်ငန်းအတွေ့အကြုံက ထိုသို့ မပြုလုပ်ရန် ထားမြစ်လျက်ရှိသည်။

လူများများ သတ်နိုင်ရေးကို အဓိကရည်မှန်းချက်အဖြစ်ထားရှိသော စစ်ပွဲတစ်ပွဲတွင်ပင် လူသားချင်းညှာတာသည့်စိတ်ဓာတ်နှင့် ယင်းစိတ်ဓာတ်ကို ထင်ဟပ်နေသည့်ဖြစ်ရပ်များကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရဖူးသည်။ သို့သော် စစ်သားများသည် တစ်ဦးချင်းလှုပ်ရှားကြသူများ မဟုတ်ပေ။ အစုအဖွဲ့များဖြင့် လှုပ်ရှားလုပ်ကိုင်နေသူများ ဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့မှာမူ တစ်ဦးချင်း လှုပ်ရှားနေကြရသူများဖြစ်သည်။ တစ်ဦးချင်း တိုက်ပွဲဝင်နေသူများဖြစ်သည်။ လဲသွားပါက ထူပေးမည့်သူ မရှိသူများ ဖြစ်ကြသည်။ ကျွန်ုပ်က လူသား၏ မေတ္တာစိတ်ဖြင့် ထယ်လိုက်သူတစ်ဦးက အခွင့်အလမ်းပေါ်လာသည့် တစ်နေ့တွင် ကျွန်ုပ်၏ခန္ဓာကိုယ်အတွင်းသို့ ကျည်ဆံများ ပစ်သွင်းထည့်မည့်သေနတ်မောင်းကို အားပါးတရ နှိပ်လိုက်နိုင်သည့် အခြေအနေမျိုး ရှိနိုင်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် လူကြီးလူကောင်းဆန်သည်ဟူသော ဂုဏ်ပုဒ်ကို ဂုဏ်ရှိရှိ အရသာယူ၍ ခံယူနိုင်ကြသူများ မဟုတ်ကြပေ။

ထိုနေ့ည ဖြစ်ရပ်သည် သူတို့ ကျွန်ုပ်ကို လိုက်နေပြီဟူသော အချက်ကို ထင်ရှားစေသည့် သာဓကတစ်ခုမျှသာ ဖြစ်သေးသည်။ ဒုတိယအကြိမ် ထင်ရှားသော သာဓကကို နောက်တစ်နေ့ နံနက်အရုဏ်တက်ချိန်တွင်ပင် ကျွန်ုပ် ထပ်မံတွေ့ကြုံရပြန်သည်။

နောက်တစ်နေ့ နံနက် ၅ နာရီတွင် ကျွန်ုပ် အိပ်ရာမှထပြီးနောက် ဟိုတယ် ပြတင်းပေါက်နားတွင် ရပ်လျက် အင်ဂါအကြောင်းကို စဉ်းစားနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ကျွန်ုပ်သည် သေလွန်ပြီးသူများအတွက် စဉ်းစားလုပ်ဆောင် နေရသည်က များလှသဖြင့် ရှင်နေသူများအတွက် အကြောင်းမဲ့ အချိန်ကုန်ခံ ပြီး စဉ်းစားမနေသင့်ဟု ယူဆခဲ့သည်။ ထို့ကြောင့် သူမအကြောင်း စဉ်းစားနေ ခြင်းကို ချက်ချင်း ရပ်ဆိုင်းပစ်လိုက်သည်။ ယနေ့ ကျွန်ုပ်လုပ်ဆောင်ရမည့် တာဝန်မှာ မနေ့ညက သူမ ပြောသည့်စကားတွင် ထည့်ပြောခဲ့သော ရော့(သ်) စတိန်းကို မတွေ့တွေ့အောင် ရှာရန်ပင်ဖြစ်သည်။

ကျွန်ုပ်သည် ဟိုတယ် ပြတင်းပေါက်မှ အောက်ဘက်လမ်းမကြီးပေါ်သို့ ကြည့်နေစဉ် လူသူနှင့် ယာဉ်များကင်းရှင်းနေသော လမ်းမကြီးပေါ်တွင် အငှား ယာဉ်ကားတစီးကိုသာ တွေ့ရသည်။ ၎င်းကားကို မြင်လိုက်သည်နှင့် ကျွန်ုပ်၏ စိတ်အာရုံတွင် မနေ့က ဖြစ်ရပ်များကို ပြန်လည်သတိရလာသည်။ ကျွန်ုပ် ယနေ့ပို၍ သတိထားရမည်ဟုလည်း စိတ်ထဲတွင် ဆုံးဖြတ်လိုက်သည်။ ယခု အထိ ကျွန်ုပ်နှင့်ရင်ဆိုင်၍ ဉာဏ်ချင်းပြိုင်သည့်နေရာတွင် သူတို့ဘက်က အရှုံး များနိုင်သာ ရင်ဆိုင်ခဲ့ရသည်။ သို့ဖြစ်ရာ မခံချင်စိတ်သည် သူတို့ကို ပိုမို စနစ် တကျ လှုပ်ရှားလာအောင်သော်လည်းကောင်း၊ ပိုမို၍ လက်ဦးမှု ယူလာအောင် လည်းကောင်း လှုံ့ဆော်ပေးလိမ့်မည်ဟု ကျွန်ုပ် ယူဆထားသည်။

နောက်တစ်ချက် ကျွန်ုပ် စဉ်းစားမိသည်မှာ ဖီးနစ်(စ်)ဂိုဏ်းကြီးသည် အခြားကြီးမားသော အဖွဲ့အစည်းများနည်းတူ သဘာဝအားနည်းချက် တစ်ခုရှိ နိုင်သည်ဟူသော အချက်ဖြစ်သည်။ ထိုအဖွဲ့မျိုးတွင် လျှို့ဝှက်မှုသည် အရေးကြီး ဆုံးလိုအပ်ချက်ဖြစ်ပေရာ လျှို့ဝှက်မှုကို ဦးစားပေးကျင့်သုံးယင်းဖြင့် ဘယ်လက် က လုပ်သည့်အလုပ်ကို ညာလက်က မသိနိုင်သည့် အခြေအနေ မျိုးအထိ ရှိ နေနိုင်သည်။ ထိုသို့သော အခြေအနေတွင် အဖွဲ့၏ အထက်အဖွဲ့အစည်းက ကျွန်ုပ်အား ကြိုးရှည်ရှည်ဖြင့် လှန်ထားရန် တိကျသောအမိန့်ကို ပေးထားစေကာ မူ ထိုအမိန့်ကို အကောင်အထည်ဖော်မှုနှင့် မသက်ဆိုင်သူ တစ်စုံတစ်ဦးက ဆုံးရှုံး သွားရသော လူတစ်ဦးအတွက် တစ်ဦးတည်း အဆုံးအဖြတ်ဖြင့် လက်စားချေမှု များလည်း ပြုလုပ်လာနိုင်သည့် အလားအလာရှိသည်။

ပြတင်းပေါက်တွင်ရပ်၍ စဉ်းစားနေစဉ် စောစောပိုင်းက မြင်လိုက်သော အငှားယာဉ်သည် ရှေ့လမ်းကွေ့တစ်ခုအတွင်းသို့ ချိုးဝင်ပြီး လမ်းထိပ်တွင်ရပ် လိုက်သည်ကို တွေ့ရသည်။ ထို့နောက် ထိုကားမှ အလင်းရောင်တန်းတစ်ခုသည် ကျွန်ုပ် တည်းခိုသည့် ဟိုတယ်၏ မျက်နှာချင်းဆိုင် အဆောက်အအုံရှိ အခန်း တစ်ခုသို့ မိုတ်တုတ်မိုတ်တုတ်ဖြင့် ကျရောက်နေသည်ကို တွေ့မြင်ရသည်။ မျက်နှာချင်းဆိုင် အဆောက်အအုံတွင် ကျွန်ုပ်ကို စောင့်ကြည့်နေသူများ ရှိနေပြီး သူတို့အချင်းချင်း အချက်ပြနေသည်မှာ သေချာပေသည်။ နောက်ယောင်ခံလိုက်





ခြင်း ခံရပါက အလိုက်ခံရသူသည် တစ်စုံတစ်ရာ တုန့်ပြန်နိုင်သော်လည်း စောင့် ကြည့်နေသူကိုမူ မည်သို့မျှ မတုန့်ပြန်နိုင်ပေ။ မမြင်နိုင်အောင် ကန့်လန့်ကာများ ချထားသော်လည်း ၎င်းတို့ကို ဖောက်ထွင်းမြင်နိုင်သည့် မှန်ပြောင်းများကို သုံး နိုင်သည်။ တံခါးများပိတ်ထားပါက လမ်းပေါ်သို့ ရောက်သည့်အခါတွင် မြင်နိုင် သည်။

ဒေါက်တာရော့(သ်)စတိန်း၏ လိပ်စာကို တယ်လီဖုန်းလမ်းညွှန်စာအုပ် တွင် ရှာဖွေကြည့်ရာ မိနစ် ၂၀ ခန့်အကြာတွင်မှ တွေ့ရှိရသည်။ ကျွန်ုပ်သည် သူ့ကို ချက်ချင်းမတွေ့သေးဘဲ နောက်ပိုင်းမှ တွေ့ရန် စဉ်းစားကြည့်မိသည်။ သို့သော် နောက်ပိုင်းတွင် ကျွန်ုပ်နှင့် ဖီးနစ်(စ်)ဂိုဏ်းတို့အကြား ထိပ်တိုက်ရင်ဆိုင် မှုသည် ပို၍ပြင်းထန်လာနိုင်ရာ ထိုအချိန်တွင်မှ သူ့ကိုတွေ့ဆုံခြင်းဖြင့် သူ့အတွက် အန္တရာယ်ကြီးနိုင်မည်ဟုလည်း တွက်ဆမိသည်။ ထို့ကြောင့် ယခုပင် သူနှင့် တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်၏ အပြင်စိတ်က ဒေါက်တာရော့(သ်)စတိန်းနှင့် သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်ခဲ့သော်လည်း အတွင်းစိတ်ကမူ လမ်းမမြင်ကွင်းသို့ ထွက်၍ လျှောက်သွားရမည်ကို စိုးရိမ်နေခဲ့သည်။ ဟိုတယ်လှေကားထစ်များမှ ဆင်းလာ ရာတွင် မျက်နှာချင်းဆိုင် အဆောက်အအုံရှိ ကျွန်ုပ် မသင်္ကာသည့် အခန်းပြတင်း ပေါက်ကို အမှတ်မထင် ကြည့်လိုက်သည်။ အဆင်းတွင် လှေကား ၇ ထစ်ရှိသည့် အနက် ၃ ထစ်အရောက်တွင် ကျွန်ုပ်သည် ကျည်ကွယ်အနေအထားရော၊ မျက် ကွယ်အနေအထားမှပါ လွတ်ထွက်လာပြီဖြစ်သည်ကို သတိပြုမိသည်။ ထိုသို့ သတိပြုမိခြင်းနှင့်အတူ ကျွန်ုပ်၏ အသက်ရှူမှုသည်လည်း တင်းကျပ်ကျပ်ကြီး ဖြစ်လာသည်။ ရေဆင်းကူးသူတစ်ဦးသည် ပထမတွင် သူ့ရင်အုပ်ပေါ်သို့ ရေ၏ ဖိအား ကျရောက်မှုကြောင့် အသက်ရှူမဝသလို ခံစားရသည်။ လှေကားထိပ် မှ ပလက်ဖောင်းပေါ်သို့ အဆင်းတွင် မျက်နှာချင်းဆိုင်အခန်းဆီသို့ အမှတ်မထင် တစ်ကြိမ် ထပ်ကြည့်လိုက်ရာ မှန်ပြောင်းအဝ နှစ်ခုကို တွေ့လိုက်ရသည်။ လမ်းမ ပေါ်တွင် လုံးဝတိတ်ဆိတ်ငြိမ်သက်လျက်ရှိသော်လည်း မသိစိတ်က လွှမ်းမိုး လျက်ရှိနေသော ကျွန်ုပ်၏ သောတအာရုံတွင်မူ သေနတ်သံကိုသာ ကြားနေရ သည်။

လမ်းလျှောက်သွား၍ ခပ်လှမ်းလှမ်းအရောက်တွင်မူ သူတို့ ယခုအထိ ကျွန်ုပ်အပေါ် သေနတ်အသုံးမပြုလိုသေးကြောင်း စိတ်ချယုံကြည်လိုက်သည်။ သို့သော် ကျွန်ုပ်၏အဖြစ်ကို ပြန်လည်တွေးမိပြီးနောက် အတော်ပင် စိတ်အနှောင့် အယှက် ဖြစ်ခဲ့မိသည်။ လူတိုင်းတွင် ကြောက်စိတ်ရှိသည်ဟူသော အချက်မှာ မဆန်းကျယ်လှပေ။ သို့သော် ထိုကြောက်စိတ်ကို အပြင်တွင် ပေါ်လွင်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝဲတော်ပြမိသည့်အတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း ဖြစ်သည်။ လူတိုင်းတွင် သဘာဝကြောက်စိတ်သည် ရှိမည်သာ ဖြစ်သည်။ ထို စိတ်သာမရှိပါက ကျွန်ုပ်တို့သည် အထိန်းအချုပ်ကင်းမဲ့သော သတိလက်လွတ် အပြုအမူများကြောင့် စောစောစီးစီး သေဆုံးကြရဖွယ်ရှိသည်။ သို့သော် ကျွန်ုပ် ဘာကြောင့် ထိုကြောက်စိတ်ကို သိသိကြီးတွေး၍ ထင်းထင်းကြီးပေါ်အောင် ဖော်ပြနေမိသနည်း။ ၆ လ ကြာမျှ ကိုယ်ပျောက်လျှို့ဝှက်၍ နေခဲ့သော ကျွန်ုပ်သည် အသားတကျဖြစ်နေသော လုံခြုံမှုအနေအထားကို စွန့်ခွာပြီး အန္တရာယ်နှင့် ထင်ထင်းကြီး ရင်ဆိုင်လိုက်ချိန်တွင် ကျွန်ုပ်၏ အာရုံကြောများက အလိုအလျောက် တုန့်ပြန်သည့် သဘောပင်ဖြစ်ပေလိမ့်မည်။

ဒေါက်တာ ရှော(သ်)စတိန်း၏ ဓာတ်ခွဲခန်းသည် ဖေလန်ဒေါ်ဖ်ရပ်ကွက် ပေါ(စ်)ဒမ်မှာ – စထေရောလမ်းအပေါ်ရှိ အဆောက်အအုံတစ်ခု၏ အပေါ်ဆုံးထပ် တွင်ရှိသည်။ ကျွန်ုပ်ရောက်သွားချိန်တွင် သူသည် ရှေ့ခန်းတွင် တစ်ဦးတည်း ရှိနေသည်။ သူသည် ကျွန်ုပ်ကို ရုတ်တရက် မမှတ်မိပေ။ အတန်ကြာမှ သူ့ မျက်လုံးများသည် ဝမ်းသာအားရမှုဖြင့် အရောင်တလက်လက်ဖြစ်လာပြီး –

"ကွီးလ် … " ဟုခေါ်လိုက်ပြီး စကားကို ဆက်မပြောနိုင်သေးဘဲ ကျွန်ုပ်၏လက်နှစ်ဖက်ကို အားရပါးရ ဖမ်းဆုပ်လိုက်သည်။

ကျွန်ုပ်တို့နှစ်ဦးသည် အော(စ်)ဝိစ်(ဇ်) အကျဉ်းစခန်းတွင် စစ်အတွင်း က ဆုံဆည်းမိခဲ့ကြသူများ ဖြစ်သည်။ ထို့နောက်တွင် တစ်ကြိမ်သာလျှင် အမှတ် မထင်ပြန်လည်တွေ့ဆုံခဲ့ကြသည်။ ယခုအကြိမ်သည် ကျွန်ုပ်တို့၏ တတိယ အကြိမ် တွေ့ဆုံမှုပင် ဖြစ်သည်။ သို့သော် ဤအကြိမ်တွေ့ဆုံမှုကို ကျွန်ုပ် တစ် သက်လုံး အမှတ်ရနေမိမည်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်အား သူ့ကိုလာ ရောက်တွေ့ဆုံခြင်း မပြုပါက သူသည် လူ့ဘဝတွင် ဆက်လက်ရှင် သန်ခွင့် ရှိနေမည်ဖြစ်သောကြောင့်တည်း။

(၉)

"ကျွန်တော်တို့နှစ်ယောက် မတွေ့ရတာ အတော်ကြာပြီနော်" ရှော(သ်) စတိန်းက အင်္ဂလိပ်လို ပြောလိုက်သည်။

သူသည် လွန်ခဲ့သော ၃ နှစ်အတွင်းက ကျွန်ုပ်နှင့်မြူးနစ်မြို့တွင် အမှတ် မထင်တွေ့ခဲ့ရသည့်အချိန်မှ ယခုအချိန်အထိကာလကို ဆိုလိုဟန်မရှိဘဲ အော(ဇ်) ဝစ်(ဇ်) အကျဉ်းစခန်းတွင် ဆုံဆည်းခဲ့သည့်အချိန်မှ ယနေ့အထိကာလကို ရည် ညွှန်းပြောဆိုနေခြင်း ဖြစ်သည်။

အော(ဇ်)ဝစ်(ဇ်) စခန်းမှ အကျဉ်းသား ၁၇ ဦးကို ကျွန်ုပ်ကယ်ဆယ် ခဲ့ရာတွင် ၄ ဦးသာလျှင် လျှပ်စစ်ဓာတ်အားလွှတ်ထားသော သံဆူးကြိုးများနှင့် ထိမိပြီး သေဆုံးခဲ့ကြသည်။ ကျန်လူများသည် ယခုထိ အသက်ရှင်နေဆဲဖြစ်ရာ သူတို့ထဲတွင် ရှော(သ်)စတိန်းသည် တစ်ဦးအပါအဝင်ဖြစ်သည်။ နောက်ပိုင်းတွင် ရှော(သ်)စတိန်းသည်လည်း ကျွန်ုပ်တို့၏ အကျဉ်းသားကယ်တင်ရေး အဖွဲ့တွင် ပါဝင်လာခဲ့သည်။ စစ်ကြီးတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့ အဖွဲ့အစည်းသည် အကျဉ်းစခန်း အသီးသီးမှ လူ ၂၀၀ ကျော်ကို ကယ်တင်နိုင်သည့်အနက် ၉၁ ဦးမှာ ကျွန်ုပ်တစ်ဦးတည်းက ကယ်တင်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ထိုစဉ်က ဟင်မလာ၏ ရုံးအဖွဲ့တွင်ရှိသော ဦးလေးတစ်ဦး ၏ အဆက်အသွယ်ဖြင့် အကျဉ်းစခန်း အစောင့်တာဝန်ကို ရအောင်ယူခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကျွန်ုပ်သည် နာဇီအရာရှိများ ယုံကြည်အောင် ဗြိတိသျှနန်းရင်းဝန် ချာချီကို မကြာခဏ ဆဲဆိုကြိမ်းမောင်းပြခဲ့ရာ ကျွန်ုပ်၏ အပြုအမူများ သဘာဝ ကျလွန်း၍ အကျဉ်းစခန်းဝန်ထမ်းများ၏ ကပွဲတစ်ခု ပြုလုပ်ရာတွင် ကျွန်ုပ်ကို ပြဇာတ် ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်စေခဲ့သည်။

ကျွန်ုပ်နှင့် ရှော့(သ်)စတိန်းသည် အော(စ်)ဝစ်(ဇ်) စခန်းကို မဟာမိတ်များ ပြန်လည်သိမ်းပိုက်ချိန်တွင် အကျဉ်းစခန်းနှင့် ပတ်သက်သောအကြောင်း အရာအသေးစိတ်ကို အထောက်အထားများနှင့်တကွ သက်ဆိုင်ရာသို့ ရှင်းလင်း တင်ပြခဲ့သည်။ ကျွန်ုပ်တို့ တင်ပြခဲ့သော အထောက်အထားနှင့် သက်သေထွက်ဆို ချက်များအရ ထိုစခန်းမှ နာဇီအရာရှိ ၉ ဦးနှင့် အစောင့် ၁၄ ဦးတို့သည် ဟန်နိုဗာ ခုံရုံးမှ သေဒဏ်ချမှတ်ခြင်းကို ခံခဲ့ရသည်။

ရှော့(သ်)စတိန်းသည် အနှစ် ၂၀ မျှ ကုန်လွန်ခဲ့ပြီဖြစ်သော်လည်း အသက်အရွယ်အရ သူ့မျက်နှာတွင် ဇရာ၏ အရေးအကြောင်းများ ပေါ်လွင်နေသည်မှလွဲ၍ စိတ်ဓာတ်မှာမူ စစ်ကြီးအတွင်းကကဲ့သို့ပင် တက်ကြွလန်းဆန်း လျက်ရှိကြောင်း တွေ့ရသည်။ သူသည် အပေါ်ယံအားဖြင့် နူးညံ့သိမ်မွေ့ဟန် ရှိသော်လည်း စိတ်ကြီးသူနှင့် အမှတ်သညာကြီးသူဖြစ်သည်။ သူ့ကိုတွေ့လျှင် တွေ့ချင်း သူ့မျက်နှာကို အကဲခတ်ကြည့်လိုက်ရာ သူ့အတွင်းစိတ်တွင် မျိုသိပ် ထားသော ဒေါသစိတ်များ ကိန်းအောင်းနေဆဲဖြစ်သည်ကို ခန့်မှန်းကြည့်မိသည်။ ထိုဒေါသစိတ်ကြောင့် သူသည် ဘဝတွင် ငြိမ်သက်သည့်အခါတွင်မှ အေးချမ်းသာယာ စွာနေထိုင်သွားနိုင်ဖွယ်ရာ မရှိဟု ကျွန်ုပ်ထင်မြင်မိလိုက်သည်။

"ခင်ဗျား ဘာလင်မှာ ရောက်နေတာကို ကျွန်တော် မနေ့ကမှ သိရ တယ်"

"ဒါဖြင့် ကြားကြားချင်း ခင်ဗျားလာတွေ့တာပေါ့၊ ဟုတ်လား၊ အင်း ဗျာ ကျေးဇူးတင်လိုက်တာ၊ ဒါနဲ့ ခင်ဗျား ဘာလင်မှာ ဘာလာလုပ်နေတာလဲ"

သူက အမှတ်တမဲ့ မေးလိုက်မိသော်လည်း အတွင်းခန်းတွင် သူ့လက်ထောက် နှစ်ဦးရှိနေသည်ကို သူအမှတ်ရမိပြီး သူ့မေးခွန်းအတွက် အဖြေကို မစောင့်တော့ ဘဲ အခြားအကြောင်းအရာတစ်ခုကို ပြောင်းလဲပြောရန် စဉ်းစားနေခဲ့သည်။ ထို အခြေအနေကိုသိသော ကျွန်ုပ်သည် သူ့စကားကို မစောင့်ဘဲ ကျွန်ုပ်ကပင်စ၍ ပြောလိုက်သည်။

"ခင်ဗျား ခုထက်ထိ ပိုးမွှားတွေနဲ့ပဲ အလုပ်လုပ်နေတုန်းပဲလား"

"ဒါပေါ့ဗျာ"

သူက ပြုံး၍ ဖြေလိုက်သည်။ လွန်ခဲ့သော ၃ နှစ်က သူနှင့်ကျွန်ုပ် မြူးနစ်မြို့တွင် တွေ့ဆုံစဉ်က သူသည် ပိုးမွှားစစ်ဆင်မှု တားဆီးတိုက်ဖျက်ရေး





ဆိုင်ရာ ပိုးမွှားဗေဒပညာရှင်များ၏ ကွန်ဖရင့်သို့ တက်ရောက်နေခြင်းဖြစ်ကြောင်း သူထုတ်ပြောသဖြင့် ကျွန်ုပ် သိခဲ့ရသည်။

ရှော့(သ်)စတိန်း၏ ဓာတ်ခွဲခန်းကို စူးစမ်းကြည့်လိုက်ရာ ရောဂါပိုးမွှား များ မွေးမြူသည့် ပစ္စည်းကိရိယာများ အပြည့်ရှိနေသည်ကို တွေ့ရသည်။ ရှော့(သ်)စတိန်းသည် သူ့လုပ်ငန်းများ အကြောင်းကျွန်ုပ်ကို ရှင်းပြနေသော်လည်း ထိုလုပ်ငန်းများအကြောင်းထက် ပို၍ အရေးကြီးသောစကားကို ကျွန်ုပ်အား ဖွင့်ဟ ပြောရန် ဆန္ဒပြင်းပြနေပုံရသည်။ သူသည် မကြာခဏ ဦးခေါင်းကို မော့ပြီး အတွင်းခန်းရှိ သူ့လက်ထောက်နှစ်ဦးအား အကဲခတ်ကြည့်ခဲ့သည်။ ထိုသို့ကြည့် ပြီးတိုင်း ကျွန်ုပ်ဘက်သို့ မျက်နှာကိုလှည့်၍ အရေးကြီးသည့် စကားကို ပြော တော့မည့်ကဲ့သို့ပြုပြီးမှ သူ၏ အတွင်းစေ့ဆော်အားကို ပြန်လည်ထိန်းချုပ်လိုက် ရသကဲ့သို့ ခေါင်းကိုအောက်သို့ ငိုက်စိုက်ချလိုက်သည်ကိုသာ တွေ့ရသည်။ သူ၏ထိုကဲ့သို့ ခေါင်းငိုက်စိုက်ချထားသည့် အနေအထားကို မြင်ရတိုင်း အော(စ်) ဝစ်(ဇ်) အကျဉ်းစခန်းသို့ သူရောက်စက သူ၏အပြုအမူတစ်ခုကို အမှတ်ရမိ သည်။ ထိုစဉ်က သူတို့ အကျဉ်းသားများကို နွားတင်သည့် ထရပ်ကားကြီးများ ဖြင့် စခန်းတွင်းသို့ သယ်ယူလာခဲ့ပြီးနောက် အမျိုးသမီးနှင့် အမျိုးသားများကို သီးသန့်ခွဲခြားထားရန် အစောင့်များက သူ၏ငယ်ရွယ်နုပျိုသော ဇနီးကို အတင်း အဓမ္မဆွဲခေါ်စဉ်ကလည်း သူသည် ဤသို့ ကြိတ်မနိုင်ခဲမရစိတ်ဖြင့် ခေါင်းငိုက်စိုက် ချနေသည်ကို ကျွန်ုပ် အမှတ်ရမိနေသည်။

သူသည် ပြောချင်သည့်စကားကို မပြောရဘဲ မပြောချင်သည့် သူ့လုပ် ငန်းနှင့် ပတ်သက်သော အကြောင်းများကို ပြောနေရသည်ကို ငြီးငွေ့လာပုံရ သည်။

"ခင်ဗျား ခု ဘယ်မှာတည်းနေသလဲ၊ ကျုပ်တို့ ထပ်တွေ့ကြဦးစို့လား"

သူက အားမလို အားမရဖြင့် ပြောလိုက်သည်။

"ပရင့်(စ်) ဂျိုဟန်မှာ တည်းတယ်လေ"

"အို ... အဲဒီ ဟိုတယ်က သိပ်ဈေးကြီးတယ်"

"အင်းလေ၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျွန်တော်ဟာ ဂျာမနီကို ရောက် ရင် အပေါစားဟိုတယ်တွေမှာ အိပ်လို့ကို မရဘူးဆိုတာ"

ဤစကားကို ကျွန်ုပ်၏ အတွင်းစိတ်တွင် သိမ်မွေ့ကဲ့သို့ စွဲနေသော အတွေ့အကြုံတစ်ခုကို အခြေခံ၍ လှောင်ခနဲ့ ပြောလိုက်မိခြင်းဖြစ်သည်။ စစ်အတွင်း က ရေဗင်ဘရပ်(ခ်) အကျဉ်းစခန်းတွင် ဓာတ်ငွေ့ခန်းသို့ ပို့မည့် အမျိုးသမီးများ အားမပို့မီ ဆံပင်များကို ဖြတ်ပစ်ခဲ့ကြသည်။ ထို့နောက်ဆံပင်များကို ဆေးကြောပြီး အထုပ်များဖြင့်ထုပ်၍ ခေါင်းအုံးနှင့်မွေ့ယာလုပ်သည့် လုပ်ငန်းများသို့ ပေးပို့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ စစ်ပြီးခေတ် ဂျာမနီနိုင်ငံ၏ အပေါ်စားဟိုတယ်များတွင် ထိုဖွဲ့ယာနှင့် ခေါင်းအုံးများကို အသုံးပြုခဲ့ကြသည်။ ဤအချက်ကို အမှတ်ရ၍ ကျွန်ုပ်ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါဖြင့် ကျုပ်တို့ နောက်ထပ်ပြီး တွေ့ကြသေးတာပေါ့။"

သူသည် ကျွန်ုပ်က ပြန်ရန်ပြင်နေသည်ကို ရိပ်စားမိလိုက်ပြီး ပြောလိုက်သည်။ ကျွန်ုပ်ကလည်း "ကောင်းပြီလေ" ဟုပြောကာ မတ်တတ်ရပ်လိုက်သည်။ သို့သော် ကျွန်ုပ်တို့သည် မည်သည့်နေ့ရက်တွင် တွေ့ဆုံကြမည်ကို ချိန်းဆိုခြင်း မပြုခဲ့ကြ။

လမ်းမဘက်သို့ ပြန်ထွက်လာစဉ်တွင် ကျွန်ုပ်သူ့ထံသို့ မသွားမိပါက ကောင်းမည်ဟု စဉ်းစားမိလိုက်သည်။ သူကရော ကျွန်ုပ်ကို သူ့ရုံးသို့လာစေလိုသည့်စိတ် ရှိပါမည်လောဟုလည်း တွေးမိသည်။ သို့သော် တစ်ခုတော့ သေချာသည်။ သူ့ရင်ထဲတွင် ကျွန်ုပ်ကို ဖွင့်ဟလိုသည့် အရေးကြီးသောအကြောင်းအရာတစ်ခု ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

ညနေပိုင်းတွင် ရှော့(သ်)စတိန်းသည် ကျွန်ုပ်ထံ ဖုန်းဆက်ခဲ့သည်။ တယ်လီဖုန်းထဲတွင် သူ့နာမည်ကို မဖော်ပြဘဲ "ကျွန်တော်ပါ" ဟူ၍သာ ပြောခဲ့ရာ သူသည် သတိကြီးစွာထား၍ ပြုမူနေသည်မှာ ထင်ရှားသည်။ ထိုစဉ်က ကျွန်ုပ်သည် ပိုး(လ်) အကြောင်းကို စဉ်းစားနေမိသဖြင့် ဖုန်းဆက်သူမှာ ပိုး(လ်) ဖြစ်မည်ဟူ၍ပင် ထင်မိခဲ့သည်။ ထို့ကြောင့် ဘာဆက်ပြောရမည်ကို မသိဘဲ တုန့်ဆိုင်းနေခဲ့သည်။ သူသည် သူ၏အမည်ကို ထုတ်မပြောဘဲ သူမည်သူ ဆိုသည်ကို ကျွန်ုပ်မှတ်မိစေရန် –

"မတွေ့ရတာ အချိန်တွေ အတော်ကြာခဲ့ပြီနော်" ဟု မနက်ပိုင်းက ပြောခဲ့သည့်စကားကိုပင် ထပ်၍ ပြောလိုက်သည်။

ထိုအချိန်တွင်မှ ကျွန်ုပ်သည် သူ့အသံကို မှတ်မိလိုက်ပြီး "ဪ၊ ဟုတ်ပြီ၊ ပြောလေ" ဟု ပြန်ပြောလိုက်သည်။

"ကျွန်တော်ခင်ဗျားကို ခုပဲလာတွေ့မယ်၊ စောင့်နေပါ"

သူသည် ထိုစကားကို ပြောပြီးနောက် တယ်လီဖုန်းစကားပြောခွက်ကို ချက်ချင်း ပြန်ချလိုက်သည်။

သူသည် သူပြောလိုသည့်စကားကို ရင်ထဲတွင် ဆက်လက်မျိုသိပ်မထားနိုင်တော့ကြောင်း ထင်ရှားသည်။ ကျွန်ုပ်နှင့်တွေ့စဉ်က ပြောသင့်မသင့် ချီတုံချတုံဖြစ်နေပြီး ကျွန်ုပ်သူ့ထံမှ ပြန်သွားသည့်အချိန်တွင်မှ ဖွင့်ဟပြောရန် နိုင်နိုင်မာမာ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပုံရသည်။ ကျွန်ုပ်နှင့် တွေ့စဉ်ကပင် ပြောရန် ဆုံးဖြတ်ပြီးဖြစ်ပါက ကျွန်ုပ်နှင့် တစ်နေရာရာတွင် တွေ့ဆုံရန် တစ်ခါတည်း





ချိန်းလိုက်မည်သာ ဖြစ်သည်။ သူသည် မည်သူ့ကိုမျှ မယုံရဲလောက်အောင် သတိကြီးစွာ ထားနေရသူပါတကား။

သူသတိကြီးစွာ ထားမည်ဆိုကလည်း ထားလောက်စရာပင်ဖြစ်သည်။ ကျွန်ုပ်သူနှင့် စကားပြောနေစဉ်တွင် တယ်လီဖုန်းထဲမှ ကလစ်၊ ကလစ်ဟူသော သေကာဖွယ်အသံကို ကြားနေရသည်။ ကျွန်ုပ်၏ဖုန်းကို ဖြတ်၍နားထောင်နေသည်ကို အတွေ့အကြုံအရ ချက်ချင်းသိလိုက်သည်။ မည်သူက ဖြတ်၍နားထောင်နေသနည်း။ ဘာလင်ဗျူရိုမှ မဖြစ်နိုင်၊ ထိုသို့မလုပ်ရန် ကျွန်ုပ်ပိုး(လ်)နှင့် တွေ့စဉ်ကပင် ပြတ်ပြတ်သားသား ပြောလိုက်ပြီး ဖြစ်သည်။ ရန်သူ၏လက်ချက် ဖြစ်မည်ကို ကျွန်ုပ် အဟုတ်သိလိုက်ပြီဖြစ်သည်။ ကျွန်ုပ်ကို သူတို့ သဲကြီးမဲကြီး လိုက်နေသည့် နောက်ထပ် အထောက်အထားတစ်ခုပင်။

ကျွန်ုပ် ချက်ချင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်သည်။ ဒေါက်တာရှော့(သ်)စတိန်းထံ တယ်လီဖုန်းပြန်ဆက်ရန်ပင် ဖြစ်သည်။ သူတို့ ကျွန်ုပ်၏တယ်လီဖုန်းကို ဖြတ်နားထောင်နေသော်လည်း အကြောင်းမဟုတ်၊ ကျွန်ုပ် ပြောမည့်စကားမှာ သူကျွန်ုပ်ထံ မလာရန် အကြောင်းကြားမည့်စကားမျှသာ ဖြစ်သည်။ ကျွန်ုပ်၏ တွက်ဆချက်မှာ သူသည် အလွန်အန္တရာယ်ကြီးသော အနေအထားတွင် ရောက်ရှိနေပြီး သူလုပ်သမျှကို သတိကြီးစွာ ထားနေရသည့် အခြေအနေဖြစ်သည်။ သူသည် ဖီးနစ်(စ်) ဂိုဏ်းက အထူးစောင့်ကြည့်ခံနေရသူ ဖြစ်မည်။ သို့ဖြစ်ရာ သူတို့သည် သူ့အသံကိုပင် မှတ်မိကောင်းမှတ်မိနေနိုင်သည်။ သူသည် စစ်အတွင်းက နာဇီတို့၏ ရက်စက်မှုကို လက်စားချေနိုင်ရန် သူတို့ဂိုဏ်းနှင့် မျှော၍ဆက်သွယ်ပြီး ချက်ကောင်းကို ရှာနေသူလည်း ဖြစ်နိုင်သည်။

"ဒေါက်တာရှော့(သ်)စတိန်း ခေတ်ခွဲခန်းကပါ"

"ကျွန်တော် သူနဲ့ စကားပြောချင်ပါတယ်"

"သူ ခုပဲ အပြင်ထွက်သွားပါတယ်။ ဘာများပြောစရာရှိပါသလဲခင်ဗျာ"

"မရှိပါဘူး၊ ဒါပါပဲ" ကျွန်ုပ်သည် တယ်လီဖုန်းစကားပြောခွက်ကို ချက်ချင်း ပြန်ချလိုက်သည်။

တစ်စုံတစ်ခုကို ဖွင့်ဟလိုသည့် စိတ်သည် ဒေါက်တာရှော့(သ်)စတိန်း၏ ရင်ထဲတွင် လောင်မြိုက်လျက် ရှိပေပြီ။ သူတို့သည် သူ့အသံကို မှတ်မိနေမည်သာဖြစ်ရာ သူ ယခု ကျွန်ုပ်ထံလာနေပြီကို သိကြမည်ဖြစ်သည်။ သူတို့သည် ဖြစ်သမျှနည်းဖြင့် ကျွန်ုပ်နှင့် သူမဆုံမိအောင် ကြိုးပမ်းကြတော့မည်သာ ဖြစ်သည်။ ထိုအခြေအနေကို တားဆီးရန် ကျွန်ုပ်ဘာမျှ မတတ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သတိကြီးစွာထားနေသူဖြစ်ရာ ကျွန်ုပ်ထံသို့ တိုက်ရိုက်လာမည်မဟုတ်။ နောက်ယောင်ခံမည့်သူများရှိက မျက်ခြေပြတ်အောင် လှည့်ပတ်ရှောင်ကွင်းပြီးမှ လာမည်သာဖြစ်သည်။ သို့ဖြစ်ရာ သူလာဖွယ်ရှိသည့်လမ်းကြောင်းကိုမှန်းဆ၍ လမ်းခုလယ်မှ တားဆီးရန်မှာလည်း မဖြစ်နိုင်။ ဟိုတယ်မှ စောင့်နေရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့။

လက်မှနာရီကို ကြည့်လိုက်ရာ ညနေ ၅ နာရီ ၉ မိနစ်ရှိပြီဖြစ်ကြောင်း တွေ့ရသည်။ သူသည် ကားဖြင့်လှည့်ပတ်မောင်းနှင်လာပါက မိနစ် ၂၀ မှ ၂၅ မိနစ်အထိကြာမှ ကျွန်ုပ်ထံရောက်နိုင်မည်ဟု တွက်ဆလိုက်သည်။ ထို့ကြောင့် မျက်နှာချင်းဆိုင် အဆောက်အအုံမှ စောင့်ကြည့်နေသူများ၏ အခြေအနေကို တစေ့တစောင်း အကဲခတ်ကြည့်နိုင်ရန်နှင့် ဟိုတယ်ရှေ့လမ်းမပေါ်တွင် တစ်စုံတစ်ရာ ထူးခြားသောလှုပ်ရှားမှု ရှိမရှိ စောင့်ကြည့်ရန် ဟိုတယ်အောက်သို့ ဆင်းခဲ့သည်။ ဟိုတယ် အောက်ထပ်ညည့်ခန်းဆောင်ရှိ တယ်လီဖုန်းစက်ခုံရှေ့တွင် နံ ခေါက် သုံးခေါက်မျှ ခေါက်တုန့်ခေါက်ပြန် လျှောက်နေလိုက်သည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ရော့(သ်)စတိန်းသည် သူ့နောက်သို့ နောက်ယောင်ခံလိုက်သူများ ရှိပါက ကျွန်ုပ်ထံသို့ မလာတော့ဘဲ သူ့ရုံးခန်းသို့ပြန်ပြီး ကျွန်ုပ်ထံ တယ်လီဖုန်းဖြင့် အကြောင်းကြားပါက တယ်လီဖုန်းစက်ခုံမှ အမျိုးသမီးများက ကျွန်ုပ် အခန်းထဲတွင် မရှိတော့ကြောင်း ကြို၍ သိနေရန်ဖြစ်သည်။

ထို့နောက်တွင် ကျွန်ုပ်သည် ဟိုတယ်၏ အပြင်ဘက်သို့ထွက်လိုက်ပြီး လမ်းတစ်ဘက်သို့ ဖြတ်ကူးလိုက်သည်။ သူသည် လမ်းမ၏ တစ်ဘက်ဘက်မှ ဝင်လာနိုင်ပေရာ သူဝင်လာနိုင်သည့် လမ်းမ၏ ဟိုဘက် ဒီဘက် နှစ်ဖက်စလုံးကို ကျွန်ုပ်သည် သတိဖြင့် စောင့်ကြည့်နေရန် လိုပေမည်။ ထိုသို့ စောင့်ကြည့်ရာတွင် မျက်နှာချင်းဆိုင် တိုက်ပေါ်မှ လူများကကျွန်ုပ်ကို မမြင်စေဘဲ လွတ်လွတ်လပ်လပ် ကြည့်နိုင်ရန်အတွက် အဆောက်အအုံ၏ လှေကားထစ်အပေါက်ဝနားအထိ ကပ်၍ နေရာယူလိုက်သည်။

ကျွန်ုပ် စောင့်ကြည့်နေစဉ် ငါးနာရီခွဲခန့်တွင် ဆော(ခ်)ဝပ်ကားကလေးတစ်စင်းသည် လမ်း၏ အရှေ့ဘက်မှဝင်လာသည်ကို မြင်လိုက်ရသည်။ ကားသည် ဟိုတယ်နှင့် ချွပ်လှမ်းလှမ်းတစ်နေရာတွင် ရပ်လိုက်သည်။ ထို့နောက် လူတစ်ယောက် ကားထဲမှ ထွက်လာပြီး တစ်ဘက်ပလက်ဖောင်းပေါ်မှ ဟိုတယ်ဘက်သို့ ဦးတည်၍ လျှောက်လာခဲ့သည်။ ကျွန်ုပ်သည် လှေကားထိပ်မှ ပလက်ဖောင်းပေါ်သို့ ကူးလိုက်ပြီး တစ်ဘက်ပလက်ဖောင်းပေါ်တွင် လျှောက်လာနေသူကို အကဲခတ် ကြည့်လိုက်သည်။ သူဟုတ်မှန်ကြောင်း သေချာသည့်အခါတွင်မှ လမ်းကို ဖြတ်ကူးပြီး သူ့ဘက်သို့ ပြေးသွားခဲ့သည်။ ကျွန်ုပ်နှင့်သူ ကိုက်





ခန့်အကွာခန့်သို့ ရောက်သည့်အချိန်တွင် မျက်နှာချင်းဆိုင် အဆောက်အအုံ တုတ္တထပ်ရှိ အခန်းသို့ တစ်ချက်လှမ်း၍ ကြည့်လိုက်သည်။ သူ့ဘက်သို့ ဦး ချိန်ထားသော သေနတ်ပြောင်းဝတစ်ခုကို တွေ့လိုက်ရသည်။ ကျွန်ုပ်သည် ချက်ချင်းပင် သူ့နာမည်ကို အော်ခေါ်လျက် သူ့ထံ ပြေးသွားခဲ့သည်။ ရှောင်တိမ်း လည်း အော်ပြောလိုက်သည်။ သူသည် အံ့အားသင့်ပြီး ကျွန်ုပ်ကို စိုက်ကြည့် နေသည်။ ကျွန်ုပ်သည် အောင်းဘီအိတ်အတွင်းမှ သော့တွဲကို နှိုက်ယူလိုက်ပြီး အနေအထား ပျက်သွားအောင် သူ့မျက်နှာတည့်တည့်ကို ချိန်၍ အားကုန်ပစ် လိုက်သည်။ ထို့သော် သော့တွဲသည် သူ့မျက်နှာကို မထိဘဲ လွဲသွားသည်။ ကြောင့်ဆိုသော် သော့တွဲနှင့် သူ့မျက်နှာမထိတွေ့မီ တစ်ဘက်အဆောက် အုံ စတုတ္ထထပ်မှ ပေါ်ထွက်လာသော သေနတ်သံတစ်ချက်နှင့်အတူ သူ၏ ခန္ဓာကိုယ်မှာ ပျော့ခွေကျသွားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်သည် သူ၏လဲကျ သွားသော ခန္ဓာကိုယ်ကို လက်နှစ်ဖက်ဖြင့် လှမ်းဖက်ထားလိုက်သည်။ ပါးစပ်မှ လည်း "ဒေါက်တာ ကျုပ်မှားသွားပြီ" ဟု ရေရွတ်လိုက်မိသည်။ သို့သော် နောက် ကျသွားပြီ ဖြစ်သည်။ ကျွန်ုပ်၏ ဝန်ခံချက်ကို သူ မကြားနိုင်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ကျွန်ုပ်သည် ဆယ်မိနစ်အတွင်း ရဲဌာနချုပ်သို့ တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်သည်။

"ကျေးဇူးပြုပြီး ရဲအဖွဲ့ဝင်များကို ဝေါ့(စ်)ဒါမာ စထရွေလမ်း၊ အမှတ် ၁၉၃၊ အပေါ်ဆုံးထပ်မှာရှိတဲ့ ဓာတ်ခွဲခန်းကို လွှတ်ပေးပါ။ အန္တရာယ်ရှိနိုင်တဲ့ အတွက် လက်နက်များ ကိုင်ဆောင်လာဖို့လဲ မမေ့ပါနဲ့"

တစ်ဘက်မှ ရဲမှူး၏အသံကို ကျွန်ုပ် ကောင်းစွာ မှတ်မိသည်။

"အဲဒီအခန်းကို လူဆိုးတွေကဝင်စီးတယ်လို့ တယ်လီဖုန်းနဲ့ အကြောင်းကြားခဲ့လို့ ခုပဲရဲတပ်ဖွဲ့ဝင်တွေကို လွှတ်လိုက်ပြီ။ ဝင်စီးသူတွေဟာ အရေးကြီးစာရွက်စာတမ်းများကိုလည်း မွှေနှောက်ယူသွားကြတယ်လို့ သတင်းပို့ချက်ရထားတယ်"

"ဖြစ်နိုင်ရင် အဲဒီစာရွက်စာတမ်းတွေကို မရရအောင် ပြန်ယူဖို့ ကျွန်တော် တိုက်တွန်းလိုတယ်။ ပြီးတော့ အဲဒီအခန်းဟာ ဒေါက်တာဆော်လမွန်၊ ရှော့(သ်)စတိန်းရဲ့ အခန်းဖြစ်ပြီး သူဟာ ခုပဲ ပရင့်(စ်)ဂျိုဟန်ဟိုတယ်နားမှာ သေနတ်နဲ့ ပစ်သတ်ခံလိုက်ရတယ်။ ဟိုတယ်နဲ့ မျက်နှာချင်းဆိုင် အဆောက်အအုံရဲ့ စတုတ္ထထပ်မှာရှိတဲ့ အရှေ့ဘက်ကစရေတွက်ရင် ၇ ခုမြောက် ပြတင်းပေါက်ကနေပြီး ရှန်ပြောင်းတပ်သေနတ်နဲ့ ပစ်တာလို့ ယူဆရတယ်။ ခင်ဗျားတို့ လာရင် ကျွန်တော် အဲဒီမှာ ရှိနေမယ်"





ကျွန်ုပ်သည် ဒေါက်တာရှော့(သ်)စတိန်း၏ အလောင်းကို စောင့်ကြပ်ကြည့်ရှုထားရန် အနီးရှိမော်တော်ယာဉ်ရဲတစ်ဦးအား မှာကြားပြီး စုပြုံလာသော လမ်းသွားလမ်းလာများအကြားမှ ပြေးထွက်၍ မျက်နှာချင်းဆိုင် အဆောက်အအုံဘက်သို့ ပြေးလာခဲ့သည်။ အဆောက်အအုံရှိ ဓာတ်လှေကားဖြင့် စတုတ္ထထပ်သို့ တက်ရာတွင် ဓာတ်လှေကားမောင်းသူအား မှုခင်းဆိုင်ရာရဲများ မကြာမီ ဤအဆောက်အအုံသို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်းနှင့် သူတို့ မလာမီ မည်သူ့အားမှ အဆင်းအတက် ပို့မပေးရန် ပြောထားလိုက်သည်။

စတုတ္ထထပ်သို့ ရောက်သည့်အခါတွင် သေနတ်ပစ်လိုက်သော အခန်းကို ရှာကြည့်လိုက်ရာ အခန်းအမှတ် ၃၀၃ ဖြစ်ကြောင်းတွေ့ရသည်။ ကျွန်ုပ်သည် အခန်းတံခါးနောက်တွင် လူဆိုးက ပုန်းအောင်း၍ ကျွန်ုပ်အား အန္တရာယ်ပေးနိုင်သည့် အလားအလာကို စဉ်းစားမနေတော့ဘဲ တံခါးကိုတွန်းဖွင့်၍ အထဲသို့ဝင်လိုက်သည်။ ကျွန်ုပ်သည် လူဆိုးကို အခန်းထဲတွင်ပင် တွေ့ရလိမ့်မည်ဟု မျှော်လင့်မထားပေ။ ကျွန်ုပ် ရဲဌာနချုပ်သို့ တယ်လီဖုန်းဆက်နေစဉ်အချိန်တွင် သူသည် ဤအခန်းအတွင်းမှသာမက ဤအဆောက်အအုံနှင့်ဝေးရာသို့ပင် ထွက်ပြေးတိမ်းရှောင်သွားနိုင်ပေလိမ့်မည်။ အခန်းထဲတွင် မည်သည့်ထူးခြားချက်မှ မတွေ့ရဘဲ ပြတင်းပေါက်ပေါင်ပေါ်တွင် စီးကရက်အတိုများဖြင့် ပြည့်နေသောဆေးလိပ်ခွက်တစ်ခုကိုသာ တွေ့ရသည်။

ကျွန်ုပ်သည် ပြတင်းပေါက်ပေါင်များကို လက်ဖြင့် မထိကိုင်မိစေဘဲ၊ အဆောက်အအုံ၏အောက်ဘက်လမ်းပေါ်သို့ ငုံ့ကြည့်လိုက်သည်။ ဟိုတယ်ရှေ့သို့ လူနာတင်ယာဉ်တစ်စီးလာနေသည်ကို တွေ့ရသည်။

ကျွန်ုပ်အနေဖြင့် လောလောဆယ်တွင် ဒေါက်တာရှော့(သ်)စတိန်းအကြောင်းကို အချိန်ကုန်ခံ မစဉ်းစားသေးဘဲ ဖြစ်လာသောအခြေအနေကို တုန့်ပြန်လျက် သွက်သွက်လက်လက် လှုပ်ရှားနေရန် လိုအပ်သည်။ ဒေါက်တာရှော့(သ်)စတိန်းနှင့် ပတ်သက်၍ ကျွန်ုပ်တွင် နောင်တစိတ်နှင့် မိမိတွင် အပြစ်ရှိသည် ဟူသောစိတ်တို့ကို နောက်ပိုင်းတွင် ခံစားရမည်မှာ သေချာသည်။ ဤအဖြစ်ကိုရှောင်လွှဲ၍ မရနိုင်။ ကျွန်ုပ်သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ အတွင်း ကျွန်ုပ် သတ်ခဲ့သောလူများ၏ အရေအတွက်ကိုပင် ပြန်လည်ရေတွက် မကြည့်မိခဲ့။ သူတို့သည် နာဇီအရာရှိများနှင့် ကျွန်ုပ်၏အသက်ကို အန္တရာယ်ပေးမည်သူများဖြစ်၍ ကျွန်ုပ် သတ်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ကျွန်ုပ်၏ ရန်သူများဖြစ်သည်။ သို့သော် ဒေါက်တာရှော့(သ်)စတိန်းမှာမူ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည်။ သူသည် ကျွန်ုပ်၏ သတိလက်လွတ် ပြုမိမှုကြောင့် သေဆုံးခဲ့ရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုဖြစ်ရပ်အတွက် ကျွန်ုပ်၏ဘဝတစ်လျှောက်လုံး ခံစားရမည့် နောင်တစိတ် ဝင်မလာမီ လောလောဆယ်တွင် ကိုယ့်ကိုယ်ကို ဒေါသဖြစ်သည့် စိတ်ကို ပျောက်လွင့်အောင်နိုင်အောင် ကြိုးပမ်းရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းရာတွင် အကောင်းဆုံးနည်းမှာ ဖြစ်လာသည့်အခြေအနေကို လက်တွေ့လုပ်ရှားမှုများဖြင့် တုန့်ပြန်ဆောင်ရွက်ရန်ပင် ဖြစ်သည်။

လမ်းမပေါ်သို့ ကျွန်ုပ်ပြန်ရောက်ချိန်တွင် မာစီဒီးကားအနက်ကြီးသည် လူနာတင်ယာဉ်နောက်တွင် ထိုးရပ်လိုက်သည်ကို တွေ့ရသည်။ မှူခင်းရဲတပ်ဖွဲ့ဝင်များ ရောက်လာပေပြီ။

ကျွန်ုပ်သည် ထိုနေရာသို့ မသွားဘဲ ဟိုတယ်ဝင်းထဲသို့ ခပ်သုတ်သုတ် လျှောက်သွားပြီး ကားဂိုဒေါင်ထဲမှ ကျွန်ုပ်၏ဖော(စ်)ဝက်ဂွန်းကားကို ထုတ်လိုက်သည်။ ထို့နောက် ဒေါက်တာရှော့(သ်)စတိန်း၏ ဓါတ်ခွဲခန်းရှိရာ ပေါ့(စ်) ဒါမာ-စထရော(စ်)လမ်းသို့ အရှိန်ပြင်းပြင်း မောင်းနှင်ခဲ့သည်။

ရှော့(သ်)စတိန်း၏ ဓာတ်ခွဲခန်းတွင် ရဲမှူးစတက်နာကို တွေ့ရသည်။ သူသည် ဇက်ကော်မရှင်မှဖြစ်ပြီး ရှော့(ချ်)နစ်၊ ရှရေဒါနှင့် ဖို့(ဂျ်)တို့ ၃ ဦးအား ကျွန်ုပ်နှင့်အတူ ဖမ်းဆီးခဲ့သူဖြစ်သည်။ သူက -

"ဒေါက်တာ၊ ရှော့(သ်)စတိန်းက ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော် ခင်ဗျားကို ပြောခဲ့ပြီးတဲ့ အချက်တွေထက်ပိုပြီး ကျွန်တော် ဘာမှ မသိသေးဘူး"

"ကျွန်တော် မှုခင်းရဲတွေကို အဲဒီနေရာကို လွှတ်လိုက်တယ်။ ခင်ဗျား သူတို့ကို ထွက်ချက်ပေးခဲ့ပြီးပြီလား"

"မပေးရသေးဘူး၊ ကိစ္စမရှိပါဘူး။ နောက်မှပေးရင်လဲ ဖြစ်ပါတယ်။ ဒီနေရာက အခြေအနေကို ကျွန်တော်ပိုပြီး သိချင်တယ်"

ဒေါက်တာရှော့(သ်)စတိန်း၏ လက်ထောက်နှစ်ဦးမှာ သိသိသာသာ တုန်လှုပ်ချောက်ခြားလျက်ရှိသည်။ အခန်းကို ဝင်ရောက်စီးနင်းခဲ့သူများသည် အချိန်လု၍ အလုပ်လုပ်ကြရသဖြင့် စနစ်တကျရှာဖွေသိမ်းယူမှုများ မပြုလုပ်နိုင်ခဲ့သည်မှာ ထင်ရှားသည်။ ပိုးမွှားများ မွေးမြူသည့် ဖန်ပေါင်းချောင်အချို့သည် ကြမ်းပြင်တွင် ကျဲလျက်ကွဲကျေနေသည်။ ရဲအဖွဲ့ဝင်များသည် ရှုတ်ထွေးပြန့်ကျဲနေသည့်ပစ္စည်းများကြားမှ ဒေါက်တာရှော့(သ်)စတိန်း၏ သုတေသနမှတ်တမ်းဖိုင်များကို ရွေးချယ်၍ စာရင်းသွင်းသိမ်းဆည်းနေသည်။

ဗီးနစ်(စ်)ဂိုဏ်း၏ လုပ်နည်းလုပ်ဟန်မှာ ရှင်းရှင်းကလေး ဖြစ်သည်။ သူတို့သည် ဒေါက်တာရှော့(သ်)စတိန်းကို သိနေသည်မှာ သေချာသည်။ ထို့ပြင် သူသည် သူတို့ဂိုဏ်းနှင့် နှစ်ဖက်ချွန်လုပ်ပြီး ဆက်သွယ်နေသည်ဟုလည်း သူတို့





သံသယ ရှိနေပုံရသည်။ သို့သော် သူ့ကို ထုတ်မပြောဘဲ ကြိုးရှည်ရှည်ဖြင့် လှန်ထားခဲ့သည်။ သူသည် ကျွန်ုပ်နှင့်စစ်အတွင်းက ပူးပေါင်းအလုပ် လုပ်ခဲ့သည့် လူသော အချက်ကိုလည်း မှတ်တမ်းများအရ သူတို့ သိနေမည်သာ ဖြစ်သည်။ ကျွန်ုပ် သူ့အခန်းသို့သွားသည်ကို သူတို့ တွေ့ရသည့်အချိန်တွင် သူတို့၏ အခင်ရှိနေသော သံသယသည် ခိုင်မာလာခဲ့သည်။ သူ ကျွန်ုပ်ထံ လာမည်ဟု တယ်လီဖုန်းဆက်သည်ကို သိရသည့်အချိန်တွင်မှ 'အရေးယူရန်' ယတိပြတ် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေမည်။ သို့သော် ဓာတ်ခွဲခန်းမှ သူထွက်အလာတွင် လုပ်ကြံရန်အတွက် အနီးဝတ်ဝန်းကျင်တွင် သူတို့လူအသင့်ရှိနေပုံမရပေ။ ထို့ကြောင့် 'သတ်မိန့်' ကို အခန်းနံပါတ် ၃၀၃ ရှိ သူတို့လူထံ အကြောင်းကြားခဲ့ခြင်း ဖြစ်ပေမည်။ အခန်းနံပါတ် ၃၀၃ မှ လူထံတွင် သေနတ်အသင့်ရှိနေမည်မှာ သေချာသည်။ အရေးကြီးသော သူတစ်ဦးအား စောင့်ကြည့်နေရသူ တစ်ဦးအား သေနတ်ဆောင်ထားခြင်းဖြင့် အရေးကြုံပါက 'သတ်မိန့်' ကို အလွယ်တကူ ပေးနိုင်မည် မဟုတ်လော။

အခန်းနံပါတ် ၃၀၃ သို့ 'သတ်မိန့်' ပေးပြီးလျှင်ပြီးချင်း သူတို့သည် ဒေါက်တာရှော့(သ်)စတိန်း၏ ဓာတ်ခွဲခန်းကို ဝင်ရောက်စီးနင်းခဲ့ခြင်း ဖြစ်ပေမည်။ သူတို့၏ ရည်ရွယ်ချက်မှာ ဒေါက်တာရှော့(သ်)စတိန်းက ကျွန်ုပ်အား ဖွင့်ဟပြောဆိုသော အကြောင်းအရာနှင့် ပတ်သက်သည့် အချက်အလက်မှတ်တမ်း မှတ်ရာများကို သိမ်းဆည်းရန် ဖြစ်ပေမည်။

"တစ်စုံတစ်ခု ထူးခြားတာများ တွေ့ကြရဲ့လား"

ကျွန်ုပ်က ရဲမှူးစတက်နာအား မေးလိုက်သည်။ သူက ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး -

"သူဟာ ခင်ဗျားရဲ့ မိတ်ဆွေလား"

"ဟုတ်ပါတယ်။ ခင်ဗျားတို့ ဘာများတွေ့ထားတာရှိလို့လဲ"

"ဒီမှာလေ ဖိုင်တွဲတွေ၊ ပြီးတော့ တခြားစာရွက်စာတမ်းတွေလဲ တွေ့ထားတယ်"

"ဒါတွေက ဘာမှ မထူးခြားဘူး မဟုတ်လား"

သူက ကျွန်ုပ်ကို ဆက်လက်စူးစမ်းကြည့်လိုက်ပြန်သည်။ ကျွန်ုပ်က လည်း သူ့ကို စူးစူးရဲရဲ ပြန်ကြည့်လိုက်သည်။ ထို့နောက်တွင်မှ သူက "ဒီမှာ ကြည့်စမ်း" ဟုဆိုကာ အလျား ၃၀ စင်တီမီတာ၊ အနံ ၁၅ စင်တီမီတာခန့်ရှိမည့် အနက်ရောင်ဆေးသုတ်ထားသော သံသေတ္တာလေးတစ်လုံးကို ထုတ်ပြလိုက်သည်။ သေတ္တာကလေး၏ အဖုံးဘက်တွင် ဆဲလိုတိပ်ဖြင့် ကပ်ထားသော သံ တန်းတစ်ခုကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် သေဆုံးပါက ဤသေတ္တာကို အာကျင်တီးမှားနိုင်ငံ၊ ဆန်ကာ တာရီနုဒ်မြို့၊ ကာလေဒီဇလိုးလမ်း၊ အမှတ် (၁၅) ရှိ ကျွန်ုပ်၏ညီ အစ်ဇက် ရှော့(သ်)စတိန်း ထံပို့ပေးပါ။ သူကိုယ်တိုင် ဖွင့်ရန်ဖြစ်သည်" – အက်စ်၊အ

"ဒါကို ဆိပ်စာအတိုင်း ခင်ဗျားစာတိုက်ကနေ ပို့ပေးမလို့လား"

"ဒီကိစ္စဟာ ကျွန်တော် ဆုံးဖြတ်နိုင်တဲ့ကိစ္စ မဟုတ်ဘူး။ အထက်က ပို့ပေးလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ အဖြစ်နိုင်ဆုံးကတော့ အစ်ဇက် ရှော့(သ်)စတိန်းကို ဒီကိုလာဖို့ အကြောင်းကြားပြီး ကျွန်တော်တို့ရှေ့မှာပဲ ဖွင့် နိုင်းဖို့ပဲ"

သူသည် ထိုသို့ပြောပြီးနောက် သေတ္တာကို ရဲကြပ်ကြီးတစ်ဦးထံ လှမ်း ပေးလိုက်သည်။ တစ်ချိန်တည်းမှာပင် သူတို့ ပြန်တော့မည်ဖြစ်ကြောင်း ကျွန်ုပ် အား နှုတ်ဆက်လိုက်သည်။

ရဲအရာရှိများ ထွက်ခွာသွားပြီးနောက် မကြာမီပင် ကျွန်ုပ်လည်း မှုခင်း ရဲဌာနသို့ ထွက်လာခဲ့သည်။ လမ်းပေါ်တွင် ယာဉ်အသွားအလာမှာလည်း ထူ ထပ်လျက်ရှိသည်။ ကျွန်ုပ် နောက်သို့ နောက်ယောင်ခံလိုက်သူရှိမရှိ မသေချာ ပေ။ သို့သော် ဤအချက်မှာ အရေးမကြီးတော့ပါ။ ယခုအခါ သူတို့သည် ကျွန်ုပ် ကို ဝစ်မှတ်အဖြစ် ဦးတည်ထားတော့မည်မှာ သေချာသည်။

ကျွန်ုပ်သည် ဒေါက်တာရှော့(သ်)စတိန်း ပစ်သတ်ခံရသည့် မျက်မြင် ကိုယ်တွေ့ဖြစ်ရပ်အခြေအနေကို ၁၀ မိနစ်မျှ မှုခင်းရဲဌာနတွင် သက်သေထွက် ချက် ပေးခဲ့သည်။ မှုခင်းရဲအရာရှိသည် ထွက်ချက်ကို ဖတ်ကြည့်ပြီး ကျွန်ုပ်၏ နောက်ကြောင်းများကို နာရီဝက်ခန့် စစ်ဆေးနေပြန်သည်။ စိတ်မရှည်နိုင်တော့ သော ကျွန်ုပ်က –

"ခင်ဗျားတို့ အခန်းနံပါတ် (၃၀၃) က လုံလောက်တဲ့ သက်သေ အထောက်အထားမရရင် ရှော့(သ်)စတိန်းရဲ့ ဓာတ်ခွဲခန်းကို သွားရှာပါလား။ ဒါမှ မတွေ့နိုင်သေးရင် ကျုပ်ရဲ့ဟိုတယ်အခန်းကိုလဲ တက်ရှာကြပေါ့" ဟု ပြော လိုက်သည်။

"ခင်ဗျား ဒီကနေ ဟိုတယ်အခန်းကို တိုက်ရိုက်ပြန်မှာလား"

"ဟုတ်တယ်"

"ဒါဖြင့် ကျွန်တော်တို့လူအချို့ကို ခင်ဗျားနဲ့ တစ်ခါတည်း ခေါ်မသွား နိုင်ဘူးလား"

"ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ။ ကျုပ်အခန်းမှာ ခင်ဗျားတို့ ကြိုက် သလောက်ရှာနိုင်တယ်"





ထိုစဉ်တွင် တယ်လီဖုန်းခေါ်သံ မြည်လာသည်။ မှုခင်းရဲမှူးသည် ကောက်၍ နားထောင်လိုက်ပြီး ခဏအကြာတွင် စကားပြောခွက်ကို ကျွန်ုပ်အား လှမ်းပေးလိုက်သည်။ တစ်ဘက်မှအသံသည် ဇက်ကော်မရှင်မှ ရဲမှူးစတက်နာ၏ အသံဖြစ်သည်ကို ကျွန်ုပ် သိလိုက်သည်။

"ခင်ဗျား ဒီဘက်ကို အမြန်လာနိုင်မလား ဟားကွိုးလား။ သိပ်အရေး ကြီးတဲ့ကိစ္စ ရှိတယ်"

"ကောင်းပြီလေ၊ ခုပဲလာခဲ့မယ်"

ကျွန်ုပ်သည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး မှုခင်းရဲမှူးအား ကျွန်ုပ် ဇက်ကော်မရှင်ရုံးသို့သွားရန် အရေးတကြီးကိစ္စ ပေါ်လာကြောင်း ပြောလိုက် သည်။ သူသည် ချက်ချင်း မျက်နှာပျက်သွားသည်။

"ခင်ဗျား ကျွန်တော်ကို့ လူတွေကို ခင်ဗျားရဲ့ဟိုတယ်ခန်းကို ခေါ်သွား မယ်ဆို"

"ဟုတ်ပါတယ်။ ဒါပေမယ့် ခုတော့ မဖြစ်နိုင်တော့ဘူး။ တယ်လီဖုန်း သတင်းက သိပ်အရေးကြီးနေတယ်။ ကျွန်တော်ဟာ ဇက်ကော်မရှင်နဲ့ တရားဝင် ဆက်သွယ်ဆောင်ရွက်နေတဲ့သူတစ်ဦး ဖြစ်တယ်ဆိုတာကို ခင်ဗျားတို့ သိထားဖို့ ကောင်းတယ်"

ကျွန်ုပ်သည် ဆက်မပြောတော့ဘဲ အခန်းတွင်းမှ ထွက်ခဲ့သည်။

'ဇက်' ကော်မရှင်ရုံးသို့ ကျွန်ုပ် ရောက်သည့်အချိန်တွင် ရုံးရှေ့တွင် သူနာပြုယာဉ်တစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ ရဲမှူးစတက်နာ၏ ရုံးခန်း တွင်းသို့ဝင်လိုက်ရာ သူနှင့်အတူ ရှော့(သ်)စတိန်း၏ ဓာတ်ခွဲခန်းသို့ သွားရောက်ခဲ့ ကြသည့် ရဲတပ်ကြပ် ၅ ဦးကို တွေ့ရသည်။ သူတို့အားလုံး၏ အကျႌဘယ်လက် များကို ခေါက်တင်ထားကြသည်ကိုလည်း ထူးခြားစွာ တွေ့လိုက်ရသည်။

ရဲမှူးစတက်နာက စိုးရိမ်ပူပန်သော မျက်နှာဖြင့် –

"ဒေါက်တာရှော့(သ်)စတိန်း အခန်းထဲက ကွဲသွားတဲ့ ပိုးမွှားဖန်ပေါင်း ချောင်တစ်ခုထဲမှာ အန္တရာယ်ကြီးတဲ့ ဘက်တီးရီးယားပိုးတစ်မျိုး ထည့်ထားတဲ့ အကြောင်းသိရတယ်"

သူသည် ထိုသို့ ပြောလိုက်ပြီးနောက် အနီးရှိ ဆရာဝန်တိုလှမ်းကြည့် လိုက်သည်။ ဆရာဝန်က ဆေးထိုးအပ်ကို ပြင်ဆင်ရင်းဖြင့် –

"သိပ်တော့ အခြေအနေမဆိုးနိုင်ပါဘူး။ ဒါပေမယ့် လိုလိုမယ်မယ် ကြိုတင်ကာကွယ်ဆေးထိုးထားတာ မမှားနိုင်ပါဘူး"

ကျွန်ုပ်သည် ဘာမှပြန်မပြောဘဲ အပေါ်အင်္ကျီကို ချွတ်လိုက်သည်။ တစ်ခန်းလုံးတွင် အီသာနံ့မှာ ပျံ့နှံ့လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာကို ဝင်ရောက်စီးနင်းကြတဲ့ လူတွေရော ဘယ်လိုနေမလဲ"

"ရေဒီယိုနဲ့ ရုပ်မြင်သံကြား အစီအစဉ်တွေက တစ်ဆင့် သတိပေး ကျေညာချက်များ မကြာခဏ လွှင့်ထုတ်ပေးဖို့ ကျွန်တော် အကြောင်းကြားထားပြီးပြီ။ သတင်းစာများကလည်း စက်ရုပ်သတင်းအဖြစ် ထည့်ပေးပါလိမ့်မယ်"

ရဲမှူးစတက်နှာသည် စကားပြောယင်း ကျွန်ုပ်၏ လက်မောင်းအသားတွင်းသို့ ဆေးထိုးအပ်ဝင်သွားသည်ကို လှမ်းကြည့်နေသည်။

ဆေးထိုးပြီးနောက် ကျွန်ုပ်သည် ဖက်ကော်မရှင်ရုံးမှ ပြန်ထွက်ခဲ့သည်။ နောက်မိနစ် ၂၀ ဆိုလျှင် ဥရောပအသံ၏ 'ဈေးနှုန်းသတင်းကျေညာချက်' လာတော့မည်။ ဟိုတယ်သို့ အနီးဆုံးလမ်းမှ ပြန်ပါက ၁၅ မိနစ်အတွင်း ရောက်နိုင်သည်။

ဖက်ကော်မရှင်မှ ဟိုတယ်သို့ အပြန်လမ်းသည် ဘာလင်တံတိုင်းနားမှ ကပ်၍ဖြတ်သွားရသည်။ ထို့ကြောင့် ခါတိုင်းဆို ထိုလမ်းကြောင်းကို ကျွန်ုပ် ရှောင်ရှားခဲ့သော်လည်း ယနေ့တွင်မူ ဟိုတယ်သို့ မြန်မြန်ပြန်ရောက်ရန် ထိုလမ်းတပင်သွားရတော့မည်။ တံတိုင်းအနီးသို့ရောက်လျှင် ကျွန်ုပ်၏စိတ်ထဲတွင် ဖိစီးမှုများဖြင့် နောက်ကျိလာသည်။ ဒေါက်တာရှေ့(သ်)စတိန်း၏ အကြောင်းမှာလည်း ခေါင်းထဲသို့ ဝင်လာသဖြင့် သတိထားပြီး ဖယ်ထုတ်လိုက်ရသည်။

ကရူး(ဖ်)ဘာ့(ဒ်)လမ်း၏ တောင်ဘက်ပိုင်းသို့အရောက်တွင် နောက်ကြည့်မှန်ထဲမှ ကား၏အနောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဘာမှမတွေ့ရ။ ထပ်မံစစ်ဆေးကြည့်ပြန်သည်။ မည်သည့်ထူးခြားချက်ကိုမျှ မတွေ့၊ မထူးခြား၍ ငြီးငွေ့သလိုပင် ဖြစ်လာသည်။ သို့သော် နောက်ယောင်ခံလိုက်သူများကို တွေ့ပါကလည်း အကြောင်းမဟုတ်တော့။ ကျွန်ုပ် ရင်ဆိုင်နေရသော တိုက်ပွဲအခြေအနေသည် ဤအဆင့်များကို ကျော်ခဲ့ပြီဖြစ်သည်။

ကျွန်ုပ်၏ ညာဘက်တွင် ချင်ကဲ(လ်)ကျောက်တိုင်ကြီးကို မီးရောင်စုံ ဝင်းဝင်းထိန်ထိန်ဖြင့် တွေ့နေရသည်။ ဤကျောက်တိုင်သည် ဘာလင်မြို့၏ အထိမ်းအမှတ်ကျောက်တိုင်ဖြစ်သည်။ အနီမှ အစိမ်း၊ အစိမ်းမှ အနီသို့ ပြောင်းလဲနေသောလမ်းဆုံလမ်းခွမှ မီးရောင်များကိုလည်း မြင်နေရသည်။ ရှေ့အတော်လှမ်းလှမ်းသို့ ဆက်မောင်းပြီးနောက်တွင် ကျွန်ုပ်၏ မျက်စေ့များသည် အနီရောင်ကို မမြင်ရတော့၊ အစိမ်းရောင်ကိုသာ မြင်နေရသည်။ သို့ဖြင့် ကားကို စက်ကုန်ဖွင့်၍မောင်းနေမိသည်။ လမ်းဘေးမှ အသံချဲ့စက်ဖြင့် အော်နေသံကို ကြားသော်လည်း မောပန်းနွမ်းနယ်လွန်း၍ သူတို့နှင့် စကားအချေအတင် မပြောချင်၊ ကားကိုဆက်၍သာ မောင်းခဲ့သည်။ ခဏအကြာတွင် လမ်း၏ဝဲယာတစ်ဘက် တစ်ချက်ရှိ အဆောက်အအုံတန်းကြီး နှစ်ခုသည် လမ်းပေါ်သို့ အုပ်ဆိုင်းကျ လာနေ





သည်ဟု ကျွန်ုပ်မျက်စေ့ထဲတွင် မြင်လာသည်။ ထို့နောက်တွင် အုပ်ဆိုင်းလာသော အဆောက်အအုံများသည် ကျွန်ုပ်၏ကားကို ဖုံးမိလိုက်တော့မည်ဟု ထင်မြင်လာခဲ့သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် အလိုအလျောက် ဘရိတ်ကို နင်းမိလျက်သား ဖြစ်သွားသည်။ ရီဝေလေးလံနေသော ကျွန်ုပ်၏ မျက်လုံးထဲတွင် လူများ ထိုးထိုးထောင်ထောင်နှင့် ဝိုင်းအုံလာနေသည်ကို မြင်နေရသည်။ ထိုသူများထဲမှ တစ်ဦးက ထွက်လာပြီး ကျွန်ုပ်နားနားသို့ကပ်၍ 'ဟိုဘက်တိုးလိုက်စမ်း' ဟု ပြောလိုက်သည်။ ကျွန်ုပ်၏ အမြင်အာရုံများ မှေးမှိန်ချိနဲ့နေသော်လည်း အကြားအာရုံမှာ ကောင်းဆဲဖြစ်သည်။ ကျွန်ုပ်သည် လက်ကိုမြှောက်၍ သူ့တို တွန်းပစ်လိုက်ရန် ကြိုးပမ်းကြည့်သေးသော်လည်း ထိုသို့ပြုလုပ်ရန်ပင် အားမရှိတော့ကြောင်း သိရသည်။

"ဟိုဘက်ကို ပြောင်းထိုင်လိုက်စမ်း၊ မင့်ကားကို ငါမောင်းမယ်"

ကျွန်ုပ်သည် လေးပင်ထိုင်းမှိုင်းလျက်ရှိသော ခန္ဓာကိုယ်ကို တစ်ဘက်သို့ ကိုင်းညွတ်လိုက်ပြီး လက်များနှင့် ခြေထောက်များ၏ စုပေါင်းအားဖြင့် တစ်ဘက်ခုံသို့ရောက်အောင် ကိုယ့်ကိုကိုယ် တွန်းရွှေ့လိုက်သည်။ ကျွန်ုပ်တွင် နာခံတတ်သည့် စိတ်ဝင်နေပြီဖြစ်သည်။

သူသည် ကားတံခါးကို ဖွင့်၍အထဲသို့ ဝင်လိုက်သည်။ ထို့နောက် ကားကို စက်နှိုး၍ အရှိန်ပြင်းပြင်းဖြင့် မောင်းထွက်သွားတော့သည်။ မှုန်ဝါးရီဝေနေသော ကျွန်ုပ်၏မျက်စိထဲတွင် သူ၏ကိုယ်ခန္ဓာကို လှုပ်ရှားနေသောအရိပ်များကဲ့သို့ မြင်နေရသော်လည်း ကျွန်ုပ်၏ခြေလက်များသည် ဘာမှတုန့်ပြန်နိုင်စွမ်း မရှိတော့။ ကျွန်ုပ်သည် ခေါင်းငိုက်စိုက်အနေအထားဖြင့်ပင် သူ့ဘေးမှ လိုက်ပါသွားခဲ့သည်။

သတိမလစ်မီ ကျွန်ုပ်၏ခေါင်းထဲတွင် နောက်ဆုံးပေါ်လာသော အာရုံရိပ်များမှာ .... အပ်သွားချွန်ချွန်၊ ဖန်ပြွန်ကြီးကြီး၊ အရည်ဝါဝါများပင် ....

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ကျွန်ုပ်ကောင်းစွာ ပြန်လည်သတိရလာသည့်အချိန်တွင် ပတ်ဝန်းကျင်ကိုစူးစမ်းကြည့်လိုက်သည်။ အခန်းကြီးသည် အလွန်ကျယ်ဝန်းပြီး မျက်နှာကျက်မှာလည်း မြင့်လှသည်။ အခန်းနံရံများကို မာဘဲလ်ကျောက်သားများဖြင့် ပြုလုပ်ထားသည်။ ရောင်စုံဘရိုကိတ်ထည်များဖြင့် ပြုလုပ်ထားသော ခန်းဆီးကြီးများနှင့် ကန့်လန့်ကာကြီးများလည်း ခန်းလုံးပြည့်မျှ ဖြစ်သည်။

ဤနေရာသည် ဆေးရုံလည်းမဟုတ်၊ အကျဉ်းထောင်လည်း မဟုတ်၊ ဟိုတယ်၏ အခန်းတစ်ခုလည်း မဟုတ်နိုင်။ ဤနေရာသည် ကျွန်ုပ်နှင့် အလွန်စိမ်းလှသည်။ ကျွန်ုပ်နှင့် မအပ်စပ်သောနေရာ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်သည် မအပ်စပ်သောနေရာကို ရောက်နေသလော။ မရှိရမည့်နေရာတွင် ရှိနေပြီလော။ ကျွန်ုပ်၏ မရေရာသောအတွေးများကို သေချာစေပြီး ဒွိဟာစိတ်များကို တိကျစေသောမြင်ကွင်းမှာ ကျွန်ုပ်၏ ဘယ်ဘက်နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံများပင်ဖြစ်သည်။ ဖြူဖွေးနေသော မာဘဲလ်ကျောက်သား နောက်ခံတွင် နာဇီခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများသည် ကြွရွနေအောင် ထင်ရှားပေါ်လွင်လျက် ရှိသည်။ ကျွန်ုပ်သည် နာဇီတို့၏ လှောင်အိမ်အတွင်းသို့ ကျရောက်နေပေပြီ။

ကျွန်ုပ်သည် ဦးခေါင်းကို အနည်းငယ် လှုပ်ကြည့်လိုက်သည်။ မူးဝေခြင်း မရှိ၊ ကျွန်ုပ်အား ထိုးလိုက်သောဆေးသည် အာနိသင်ပြယ်ပြီးနောက် ဆင့်ပွားခံစားရသည့် ဝေဒနာနည်းပါးသော ဆေးမျိုးဖြစ်ပေသည်။





ကျွန်ုပ်သည် အခန်း၏ အလျားလိုက်နံရံကြီးဘက်သို့ မျက်နှာမူလျက် ဖိုးချည်ဘရိုကိတ်များဖြင့် ဖုံးအုပ်ထားသည့်နောက်မှီ ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်လျက် အနေအထားရှိနေသည်ကို တွေ့ရသည်။ ကျွန်ုပ်၏ဦးခေါင်းနောက်ဘက်တွင် ခေါင်းကို သက်သက်သာသာ မှေးတင်ထားနိုင်ရန် ခေါင်းအုံးတစ်လုံးခုပေးထားသည်ကို တွေ့ရသည်။ အခန်း၏ အစွန်းတစ်ဘက်တွင် ရွှေရောင်တဝင်းဝင်းထွက်နေသည့်ဘောင်များရှိသော တံခါးပေါက်တစ်ခုကို လှမ်းမြင်နေရသည်။ ကျွန်ုပ်သည် အကျဉ်းသားပင် ဖြစ်သော်လည်း ဘုရင်ငယ်တစ်ပါးနှင့်သာ ဆီလျော် ထိုက်တန်သော ပတ်ဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်သည်။

လက်မှနာရီကို ကြည့်လိုက်ရာ ၉ နာရီ ၁ မိနစ်ရှိနေပြီကို တွေ့ရသည်။ သူတို့ ကျွန်ုပ်အား ဖမ်းဆီးခဲ့သည်မှာ တစ်နာရီပင် မပြည့်သေး၊ သူတို့သည် ဇက်ကော်မရှင်ရုံးမှ ထွက်လာစဉ်ကပင် နောက်ယောင်ခံလိုက်လာခဲ့ခြင်း ဖြစ်ပေမည်။ ဆေးတန်ခိုးပြလာသည့်အချိန်တွင် ကျွန်ုပ်၏ကားသည် ထိုးရပ်လိမ့်မည်ဟု သူတို့ မျှော်လင့်ထားပေလိမ့်မည်။ ကြမ်းတမ်းမှုမပါ။ စိတ်အနှောင့်အယှက် ဖြစ်စေခြင်း မရှိသည့်နည်းပေတည်း။

အခန်းထဲတွင် ကျွန်ုပ်တစ်ဦးတည်း ရှိနေသည်ဟု ပထမတွင် ထင်မိသည်။ သို့သော် အာရုံများကြည်လင်လာသည့်အချိန်တွင် ကျွန်ုပ်အတွက် အဖော်လေးဦးရှိနေသည်ကို တွေ့လိုက်ရသည်။ တံခါးပေါက်တွင် တစ်ယောက်၊ အမှုပေးစက်ကို ကျောပေးတိုင်နေသူတစ်ဦး၊ ပြတင်းပေါက်သို့ လှမ်းမျှော်ကြည့်နေသူတစ်ဦးနှင့် ကျွန်ုပ်ဘက်သို့ ဦးတည်လျှောက်လာနေသူတစ်ဦး ဖြစ်သည်။

"ကျုပ်ကိုခွင့်ပြုပါနော်" ကျွန်ုပ်ထံ လျှောက်လာသူက ဟိုက်ဒယ်ဘာတ်ဒေသမှ ဂျာမန်လူမျိုးလေသံဖြင့် ပြောလိုက်ပြီး ကျွန်ုပ်၏မျက်ခွံ တစ်ဘက်ကို ဖြဲကြည့်လိုက်သည်။ သူသည် ကျွန်ုပ်ခန္ဓာကိုယ်တွင် ဆေးအာနိသင်မည်မျှ ကျန်သေးသည်ကို သိရှိရန် စစ်ဆေးကြည့်နေပုံရသည်။

"ကျွန်တော့်အခြေအနေ ဘယ်လိုရှိပါသလဲ"

သူသည် ယဲ့ယဲ့ကလေး ပြုံးလိုက်ပြီး ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင်လိုက်သည်။ သူသည် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး အဖြူရောင် ကြွကြွရွရွဆံပင်များရှိသူဖြစ်သည်။ သူသည် လက်သူကြွယ်တွင် ရွှေလက်စွပ်ကြီး နှစ်ခုကို တစ်ခုနှင့်တစ်ခုထပ်၍ ဝတ်ဆင်ထားသည်။

"ခင်ဗျား အခြေအနေသိပ်ကောင်းသွားပါပြီ"

ထို့နောက်တွင် အခန်းတွင်းရှိ လူအားလုံးသည် လျင်လျင်မြန်မြန် ရွေ့လျားနေရာယူလျက်ရှိသည်ကို သတိပြုမိလိုက်သည်။ ပြတင်းပေါက်တွင် ရှိနေသူသည် အခန်း၏ တံခါးမကြီးဘက်သို့ သွားရောက်ခဲ့ပြီး တံခါးပေါက်တွင် ယခင်



www.burmeseclassic.com

www.burmeseclassic.com



က ရှိနှင့်ပြီးသောသူနှင့် ပူးပေါင်းလိုက်သည်။ သူတို့သည် အစောင့်များ ဖြစ်ကြပြီး ယခုအခါ တံခါးမကြီးတွင် မိမိတို့တာဝန်ကို စတင်ထမ်းဆောင်နေကြပြီဖြစ်သည်။

အပူပေးစက်ကို ကျောပေးနေသူသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသူထံ လာရောက်ပူးပေါင်းခဲ့သည်။ ကျွန်ုပ်သည် သူ့မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ ရက်စက်ကြမ်းကြုတ်မှုနှင့် ကောက်ကျစ်စဉ်းလဲမှုများသည် သူ့မျက်နှာတွင် အထင်းသားပေါ်လွင်လျက်ရှိသည်။ သူ့သဘောဆန္ဒမပါဘဲ ကျွန်ုပ်သည် ဤအခန်းအတွင်းမှ အသက်ရှင်လျက် ပြန်လည်ထွက်ခွာနိုင်ရန်မှာ မဖွယ်လှကြောင်း စဉ်းစားမိလိုက်သည်။

"ကျုပ်အော့တိုးဘားပါ"

သူက သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

သတိပြန်လည်ရလာစက အခန်းထဲတွင် မြင်တွေ့ရသော အလှအပနှင့် ခမ်းနားတင့်တယ်မှုများအားလုံးသည် ကျွန်ုပ်၏ စိတ်အာရုံမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ကျွန်ုပ်သည် အကျည်းတန်လှသူများနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

"ကျွန်တော် ကွီးလားပါ"

ကျွန်ုပ်က ဦးခေါင်းကို တစ်ချက်ညိတ်၍ ပြောလိုက်သည်။

"ခင်ဗျားအနေနဲ့ ပြောစရာရှိတာတွေကို အကုန်ထုတ်ပြောဖို့ အသင့်ရှိနေပြီလို့ ထင်ပါတယ်"

အခြေအနေကို မည်သို့တုန့်ပြန်ရမည်ကို ကျွန်ုပ် စဉ်းစားကြည့်လိုက်သည်။ ဆရာဝန်တစ်ဦးကို ဤနေရာတွင် မည်သည့်ရည်ရွယ်ချက်ဖြင့် ခေါ်ထားသည်ကို ကျွန်ုပ် ကောင်းစွာ နားလည်ထားပြီးဖြစ်သည်။ ကျွန်ုပ်အတွက် ရွေးချယ်စရာလမ်းသည် အလွန်နည်းလှသည်။ အော့တိုဘားဆိုသူ၏ ရက်စက်ကြမ်းကြုတ်မှုကို ဖွဲ့သတ္တိဖြင့် ကျော်လွှားရန် ကြိုးပမ်းရပေတော့မည်။ ဖွဲ့၊ သတ္တိ၊ ခံနိုင်ရည်၊ ဉာဏ်ရည်၊ ပရိယာယ်တို့ကို ရှိသမျှထုတ်သုံးရတော့မည့် ပြိုင်ပွဲပင် ဖြစ်သည်။

"ဆေးထိုးခံရတဲ့ အခြားဖက်ကော်မရှင်က ရဲအရာရှိတွေရော ဘယ်လိုနေသလဲ"

အချိန်ဆွဲလိုသည်မှလွဲ၍ အခြားဘာရည်ရွယ်ချက်မှ မရှိဘဲ မေးလိုက်သောမေးခွန်း ဖြစ်သည်။

"သူတို့ကို အန္တရာယ်မရှိတဲ့ဆေးနဲ့ ထိုးလိုက်တာလေ"

"ဩော် ..၊ ဒီလိုလား၊ အစီအစဉ်တကျ လုပ်လိုက်ကြတာပေါ့"

"ဟုတ်ပါတယ်။ ခင်ဗျားကို ဖမ်းဆီးတဲ့အခါမှာ ခင်ဗျားဘက်ကပြန်ပြီး ဒုက္ခမပေးဘဲ အေးအေးဆေးဆေး ကိစ္စပြီးဖို့ကို ကျွန်တော်တို့ လိုလားပါတယ်"





ထိုစဉ် ကျွန်ုပ်ထံပထမဆုံး လာရောက်စစ်ဆေးသူသည် အခန်း၏ပြတင်းပေါက်တစ်ခုဘက်သို့ လျှောက်သွားသည်။ သူ့ တာဝန်ယူရမည့်အပိုင်း ကဏ္ဍမရောက်သေးသည်ကို ကျွန်ုပ် သိသည်။

"ဒါဖြင့် ခုအချိန်အထိ ခင်ဗျားဟာ ကျွန်တော့်ကို နာကြင်အောင်လုပ်ဖို့ မလိုလားဘူးပေါ့"

"ဟုတ်တယ်၊ မလိုလားဘူး"

"ဒါဖြင့် ဘာကြောင့် ကျွန်တော့်ကို အုတ်နံရံနဲ့ မော်တော်ကားကြားမှာ စီစီညက်ညက်ကြေအောင် တိုက်သတ်ဖို့ ကြိုးစားရတာလဲ"

"ဒါဟာ အမှားအယွင်းတစ်ခု ဖြစ်သွားတာပါ"

ကြီးမားကျယ်ပြန့်သော အဖွဲ့အစည်းတစ်ခုတွင် လက်ဝဲဘက်လက်တာဘာလုပ်သည်ကို လက်ယာလက်လက်က မသိနိုင်ပေ။ သို့သော် အဖွဲ့အစည်း၏အမိန့်ကို ဆန့်ကျင်၍ ကျွန်ုပ်အားအပြတ်ရှင်းရန် ကြိုးပမ်းသည့် ထိုသူသည် ယခုမည်သည့်အခြေအနေသို့ ရောက်ရှိနေသနည်း။ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံရပြီလော။ ကြိုးပေးခံလိုက်ရပြီလော။ အပိုင်းပိုင်း အတစ်တစ် ခုတ်ထစ်လိုက်ကြပြီလော။ 'ကြောင်စာ' ဟူသောစာလုံးပါသည့် သံဖြူဘူးထဲသို့ရောက်ပြီး ကုန်တိုက်များရှိ ပစ္စည်းတင်စင်များပေါ်တွင် ရောက်နေပြီလော။

ကျွန်ုပ်သည် အော့တိုဘားကို လှေ့လာကြည့်လိုက်သည်။ နဖူးပြင်နှင့် မေးစေ့တို့၏ အကျယ်မှာ တူညီနေလောက်အောင်ပင် မျက်နှာမှာလေးထောင့်ကျလျက်ရှိသည်။ ဆံပင်ကို ဟစ်တလာပုံစံအတိုင်း ဖိကပ်နေအောင် ဖြီးထားပြီး ဆံစတစ်ခုကို နဖူးပေါ်သို့ ခပ်စောင်းစောင်းချထားသည်။ အနက်ရောင်မျက်စေ့များသည်စူးရှတောက်ပြောင်လျက်ရှိပြီး လူသားစိတ်ကင်းမဲ့မှုကို ဖော်ပြလျက်ရှိသည်။ သူ၏ပါးစပ်မှာ ဖြောင့်တန်းနေသည့် ထူထဲသော မျဉ်းတန်းတစ်ခုကဲ့သို့ ထင်ရသည်။ ကျွန်ုပ် အကဲခတ်နေစဉ် သူက စကားကို ဆက်ပြောလိုက်သည်။

"ကဲ၊ ပြောလေဗျာ"

ကျွန်ုပ် မည်သို့မျှ ပြောမည်မဟုတ်သည်ကို သူသိမည်သာ ဖြစ်သည်။ တစ်စုံတစ်ခုကို ထုတ်ပြောပါက ကျွန်ုပ်ပြောခြင်းမဖြစ်နိုင်။ သတိလက်လွတ်ဖြစ်နေသော ကွီးလားဟူခေါ်သည့် 'ခန္ဓာ' ကိုယ်ကြီးက ပြောခြင်း ဖြစ်ပေလိမ့်မည်။ ဤခန္ဓာကိုယ်ကြီး၏ သိစိတ်မပါသော တုန့်ပြန်မှုကို အခြေခံ၍ သူတို့သည် ကျွန်ုပ်ထံမှ အရေးကြီးသော သတင်းအချက်အလက်များကို ညှစ်ထုတ်ယူနိုင်မည် မဟုတ်။ ကျွန်ုပ်တွင် အကာအကွယ်ပေးရမည့်သူ အများအပြားရှိနေသည်။ သူတို့အတွက် ကျွန်ုပ်အသေအချာ အာမခံချက်ပေးနိုင်သည့်အချက်မှာ ကျွန်ုပ်အနေဖြင့် သူတို့၏ အမည်များကို ထုတ်ဖော်ပြောမိပါက ကွီးလားဟူသောကျွန်ုပ်က ပြော



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မဖြစ်နိုင်။ သိစိတ်မရှိတော့သော ကိုယ်ခန္ဓာကြီးက ပြောခြင်းသာ ဖြစ်လိမ့်မည်ဟူသော အချက်ပင်ဖြစ်သည်။ ဘူချန်ဝေါ နာဇီအကျဉ်းစခန်းတွင် အကျဉ်းသားများကို နည်းမျိုးစုံဖြင့် စစ်ဆေးခဲ့သည်ကို ကျွန်ုပ်မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးသည်။

အော့တိုဘား၏ အသံက ကျွန်ုပ်၏အတွေးအမျှင်ကို ဖြတ်ပစ်လိုက်သည်။

"ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်တို့ သိထားပါတယ်။ ချာချီ* ရဲ့စစ်ပွဲမှာ ခင်ဗျားဟာ စစ်မှုထမ်းဖို့အတွက် ငြင်းဆိုခဲ့တယ်။ ခင်ဗျားဟာ ဂျာမနီကိုလာပြီး ဂျာမန်စစ်သားတစ်ဦး ဟန်ဆောင်ခဲ့တယ်။ ပြီးတော့ ကျုပ်တို့နာဇီတွေရဲ့ 'အဆုံးသတ်ဖြေရှင်းချက်'** လုပ်ငန်းစဉ်ကြီးကို အတွင်းကနေပြီး ဝင်နှောင့်ယှက်ခဲ့တယ်။ ဂျူးလူမျိုးတွေနဲ့ 'လူလို့ မခေါ်နိုင်လောက်တဲ့သက်ရှိ' တွေကို သူတို့ မလွဲမသွေ လက်ခံကြုံတွေ့ကြရမယ့် ကံကြမ္မာကနေ ခင်ဗျား ကယ်တင်ခဲ့တယ်။ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားရဲ့ 'ကြီးကျယ်လှတဲ့' လုပ်ငန်းကြီးမှာ အောင်မြင်မှု မရခဲ့ပါဘူး။ စစ်ကြီးပြီးတဲ့အခါမှာ ပိုလန်၊ နယ်သာလန်နဲ့ ဆွီဒင်အစိုးရတွေက ချီးမြှင့်တဲ့ ဆုတွေကို ခင်ဗျား လက်မခံခဲ့ဘူးလေ။ ဒါဟာ ခင်ဗျားရဲ့ မအောင်မြင်မှုနဲ့ အဲဒီကနေ တစ်ဆင့်ပေါ်လာတဲ့ ရှက်စိတ်ကို ဝန်ခံလိုက်တာပဲ။ ဒါတွေကျုပ်တို့ အများကြီး သိထားပါတယ်လေ"

ကျွန်ုပ်အတွက် လွတ်မြောက်နိုင်သည့်နည်းလမ်းတစ်ခုတည်းသာ ရှိသည်။ ထိုနည်းလမ်းကိုပင် သုံးရပေတော့မည်။ ကျွန်ုပ်သည် အဆုတ်နှစ်ဖက်စလုံးတွင် လေများ ပြည့်တင်းလာသည်အထိ အသက်ကို ဖြည်းဖြည်းချင်းဖြင့် တဝကြီး ရှူရှိုက်လိုက်သည်။ သွေးထဲတွင် အောက်ဆီဂျင် ပြည့်ဝသွားသည်နှင့်အမျှ ခန္ဓာကိုယ်၏ကြွက်သားများတွင် အားအင်များ ပြည့်ဖြိုးလာသည်။ ထို့နောက် ထက်အောင်းများ၊ ခြေထောက်များနှင့် ဝမ်းဗိုက်ကြွက်သားများကို စိတ်ဖြင့် အာရုံပြု၍ တဖြည်းဖြည်း တင်းလိုက်သည်။ ထို့နောက် တဖြည်းဖြည်းချင်း ပြန်လျှော့လိုက်သည်။ ထိုလေ့ကျင့်မှုကို အကြိမ်ကြိမ်အခါခါ ပြုလုပ်လိုက်သည်။ အောက်ဆီဂျင် ရှူသွင်းမှု တိုးမြှင့်ခြင်းက ခန္ဓာကိုယ်တွင် သွေးလှည့်ပတ်မှုကို အားကောင်းစေပြီး ကြွက်သားများကို အားအင်ပြည့်ဖြိုးအောင်လည်း ပြုလုပ်နိုင်ခဲ့သည်။

"ခင်ဗျားဟာ မှတ်ဉာဏ်လေ့ကျင့်မှု၊ အိပ်စက်ခြင်းသဘာဝ၊ ကိုယ့်ကိုကိုယ် သတ်သေသူများရဲ့ ကိုယ်ရည်ကိုယ်သွေးပုံစံနှင့် ပြင်းထန်သော မြန်ရှိန်နှုန်းဖြင့် ကားမောင်းခြင်းပညာတွေမှာ တစ်အက်ကမ်းခပ်အောင် ကျွမ်းကျင်ထားသူ

* ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီကို ရည်ညွှန်းခြင်းဖြစ်သည်။

** နာဇီတို့၏ ဂျူးသုတ်သင်ရေးအစီအစဉ်ကို Final Solution ဟုခေါ်သည်။





ဖြစ်တယ်။ လောလောဆယ်မှာ ခင်ဗျားဟာ ဗြိတိသျှအမ်အိုင် ၆ မှာ တာဝန်ထမ်းဆောင်နေတယ်"

သူ မှားပေသည်။ သို့သော် ဤသည်မှာ အကြောင်းမဟုတ်ပါ။ သူသည် ကျွန်ုပ်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြောနေရာတွင် ကျွန်ုပ်၏မျက်နှာကို အမြဲစူးစိုက် အကဲခတ်လျက် ပြောနေခြင်းဖြစ်သည်။ သူပြောသည့် သတင်းများ မှန်မမှန်ကို ကျွန်ုပ်၏မျက်နှာက တုန့်ပြန်ဖော်ပြလိမ့်မည်ဟု သူမျှော်လင့်ထားသည်။ သူပြောသည့် အချက်အများစုမှာ မှန်သည်။ သို့သော် ထိုအချက်ကို ကျွန်ုပ်၏မျက်စေ့များက မည်သို့မျှ တုန့်ပြန်ဖော်ပြခြင်း မရှိစေရန် ထိန်းချုပ်ထားရသည်။ တစ်ချိန်တည်းမှာပင် ကြွက်သားများ တင်းအောင် ပြုလုပ်ခြင်းနှင့် ရုတ်တရက် လျှော့ချပေးခြင်းကိုလည်း ပုံမှန်လုပ်ဆောင်ချက် ရှိသည်။

"လွန်ခဲ့တဲ့ ၆ လအတွင်းမှာ ဟန်နိုဗာခုံရုံးကို တင်ပြီးစစ်ဆေးဖို့ စစ်တရားခံတွေကို ဖော်ထုတ်ပေးနေတာ ခင်ဗျားပဲဆိုတာ ကျုပ်တို့ မသိဘူးလို့ ခင်ဗျားက ထင်နေတယ်။ ကျုပ်တို့ဟာ ခင်ဗျားကို တွေ့တဲ့နေရာတိုင်းမှာ မှတ်တမ်းတင်ပြီး ဆက်ရပ်ကြည့်ခဲ့တယ်။ ဘာလင်ခုံရုံးကို ခင်ဗျား သွားတုန်းကလဲ ကျုပ်တို့ သိတာပဲ၊ ခင်ဗျားရဲ့ အကာအကွယ်တွေကို ရုပ်သိမ်းသွားတာကိုလဲ ကျုပ်တို့ သိတာပဲ။ အဲဒါကို သိခဲ့လို့လဲပဲ ခင်ဗျားဟာ အထူးတာဝန်တစ်ခုကို ဆောင်ရွက်ဖို့ တာဝန်ပေးခံရတယ်ဆိုတာ ကျုပ်တို့ မှန်းဆကြည့်နိုင်ခဲ့တာပေါ့။ အဲ ခင်ဗျားနဲ့ ပတ်သက်လို့ ကျုပ်တို့ မသိတာဆိုရင် နည်းနည်းပဲ ရှိတယ်"

ကျွန်ုပ်သည် အသက်ကို ပြင်းပြင်းရှူသွင်းလိုက်သည်။ ကျွန်ုပ် ရှိနေသည့် နေရာသည် တံခါးမကြီးထက် ပြတင်းပေါက်နှင့်ပို၍ နီးသည်။ ပြတင်းပေါက်တွင် လိုက်ကာများ ကာရံထားသော်လည်း ဟနေသောနေရာမှ ကြည့်လိုက်ရာ ခေတ်မီးတိုင်၏ ထိပ်ဖျားကို မြင်နေရသည်။ ခေတ်မီးတိုင်ထိပ်ဖျားကို မြင်နေရသဖြင့် ကျွန်ုပ် ယခုရောက်နေသည့်အခန်းမှာ အဆောက်အအုံ၏ တတိယထပ် သို့မဟုတ်၊ စတုတ္ထတွင် ရှိနေရမည်ဟု ခန့်မှန်းကြည့်လိုက်သည်။ သို့ဖြစ်ရာ ကျွန်ုပ်၏လွတ်မြောက်ရာလမ်းသည် ပြတင်းပေါက်မှ ခုန်ချ၍ မရနိုင်။ တံခါးမကြီးမှ လွတ်မြောက်အောင် ထွက်ပြေးရန်ပင် ဖြစ်သည်ဟု တွက်မိလိုက်သည်။

"ကျုပ်တို့ မသိရသေးတဲ့ အချက်ကတော့ ခင်ဗျားတို့ရဲ့ ဘာလင်ဗျူရိုနဲ့ ဆိုင်တဲ့သတင်းတွေ ဖြစ်တယ်။ ကျုပ်တို့ဟာ သူတို့ရဲ့ လှုပ်ရှားမှုကို အနီးကပ် စောင့်ကြည့်နေတာ ကြာပါပြီ။ သူတို့အကြောင်း ပြည့်ပြည့်စုံစုံသိမှလဲ အမ်အိုင် ၆ တစ်ခုလုံးရဲ့ လုပ်ငန်းတွေကို ပုံဖော်ကြည့်လို့ရမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အော့တိုဘားသည် ယဉ်ယဉ်ကျေးကျေး ပြောချင်၍ ပြောနေခြင်း မဟုတ်။ ကျွန်ုပ်က စကားပြောလာအောင် ပရိယာယ်ဖြင့် ဆွဲဆောင်နေခြင်း ဖြစ်သည်။ အမ်-အိုင် ၆ ဟူသောစကားကို ဒုတိယအကြိမ် ထပ်ပြောလိုက်ခြင်းသည် ရည်ရွယ်ချက်ဖြင့် ပြောခြင်းဖြစ်သည်။ ကျွန်ုပ်အမ်အိုင် ၆ မှ ဟုတ်မဟုတ်ကို အတည်ပြုချက်ရလို၍ ပြောခြင်းဖြစ်သည်။ သူက လူသိလူတတ်လုပ်၍ ပြောသည့် အကြောင်းအရာကို ကျွန်ုပ်က မခံချင်စိတ်ဖြင့် တုန့်ပြန်လိုက်ပါက သူလို နေသော အဖြေကို ထုတ်ဖော်ပြောမိပေလိမ့်မည်။ ထို့ကြောင့် အသက်ကို ဖြည်း ဖြည်းလေးလေး ပြည့်ပြည့်ဝဝ ရှူရှိုက်နေခြင်းဖြင့် အာရုံကို ပြောင်းထားလိုက် သည်။

အော့တိုဘားသည် အခြေအနေကို သိလိုက်ပြီဖြစ်သည်။ ရက်စက် ယုတ်မာမှု အနိုးအငွေ့များ ထွက်နေသည့် မျက်လုံးများဖြင့် ကျွန်ုပ်ကို စူးစိုက် ကြည့်လိုက်သည်။

"ခင်ဗျား မပြောရင်တော့၊ ကျုပ်တို့က ပြောအောင်လုပ်ရတော့မှာပေါ့"

အော့တိုဘားသည် ရက်စက်ကြမ်းကြုတ်သော်လည်း ဉာဏ်ထက် မြက်၍ ပါးနပ်ပုံရသည်။ သူသည် ယခုအထိ ကျွန်ုပ်ကို ခြိမ်းခြောက်မှု တစ်စုံ တစ်ရာကိုမျှ မပြုလုပ်သေးပေ။ ကျွန်ုပ်သည် ထိုသို့သော စစ်ဆေးမှုများကို အကြိမ် ကြိမ် အတွေ့အကြုံရရှိခဲ့ပြီး ဖြစ်မည်ဟူ၍လည်း သူကြိုတင်သိထားသည်။ အစစ် မေးခံရသူအနေဖြင့် နောက်ဆုံးတွင် ပြောရန်မှတစ်ပါး အခြားမည်သည့်နည်းလမ်း မှ မရှိတော့သော အခြေအနေသို့ရောက်အောင် ပြုလုပ်သည့်နည်းလမ်းများကို လည်း သူ ကျွမ်းကျင်နှံ့စပ်ပြီး ဖြစ်လိမ့်မည်။ ထို့ကြောင့်လည်း သူသည် "ပြော အောင် လုပ်ရတော့မှာပေါ့" ဟူသောစကားကို ရည်ရွယ်ချက်ဖြင့် တမင်ပြောပြီး လက်တွေ့ မလုပ်သေးဘဲ -

"ကဲ ပြောတော့လေ" ဟု အသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

ဤပုဂ္ဂိုလ်နှင့် ဤနေရာတွင် ရင်ဆိုင်တွေ့ဆုံရသည် ကျွန်ုပ်၏ တာဝန် သစ်ကို အကောင်အထည်ဖော်ရာတွင် အစက ဦးတည်ထားသည့် ရည်မှန်းချက် ပင် ဖြစ်သည်။ သို့သော် ကျွန်ုပ် မျှော်လင့်သည်မှာ ဤနေရာသို့ သတိကင်းလွတ် နေသော အနေအထားမျိုးဖြင့် မဟုတ်ဘဲ ရောက်လာရန်သာ ဖြစ်သည်။ ကျွန်ုပ် အား ဆေးထိုးပြီး ဖမ်းဆီးခေါ်ယူသည့် အစီအစဉ်မှာ သေသေသပ်သပ် ပိပိရိရိ စီစဉ်ခဲ့သော အစီအစဉ်တစ်ရပ်ဖြစ်သည်။ ထိုအစီအစဉ်ကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနမှ ရဲမှူးစတက်နှာထံ ဖုန်းဆက်အကြောင်းကြားပြီး သူနာပြုယာဉ် တစ်စီး၊ ဆရာဝန်တစ်ဦးနှင့် သူနာပြုဆရာမတစ်ဦးကို စေလွှတ်ပေးခဲ့ခြင်း ဖြစ်ပေ မည်။ ဖိုးနစ်(စ်)ဂိုဏ်းသည် ဤမျှအဆက်အသွယ်ကောင်းသော ဂိုဏ်းကြီးတစ်





ဖြစ်သည်။ ဟန်နိုဗာခုံရုံးတွင် စွဲချက်တင်ခံရသူတစ်ဦးသည် မိုအန်ဘာ(ခ်) ဆေး ပညာဌာန၏ အကြီးအကဲ ဖြစ်သည်။ အနောက်ဂျာမနီအစိုးရ၏ ဝန်ကြီးဌာန အတော်များများတွင် နာဇီအရာရှိဟောင်းများသည် အရေးကြီးသော တာဝန်များ ကို ရယူထားလျက်ရှိသည်။ ကျွန်ုပ်ကို သတိလက်လွတ် အနေအထားဖြင့် ဤ နေရာသို့ခေါ်ဆောင်လာရေးမှာ သူတို့လုပ်ဆောင်အပ်သည့် အလုပ်ပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်သည် လုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် 'ကွင်းပြင်သို့ ထွက်ရပ်ပြသည့်နည်းများ' နှင့် 'ကျည်မြှုသည့်နည်းများ' ကို ကျင့်သုံးခဲ့သည်။ ထိုသို့ကျင့်သုံးရာတွင် ကျွန်ုပ်၏ အဓိကဦးတည်ချက်မှာ သူတို့၏ ဌာနချုပ်စခန်း မည်သည့်နေရာတွင်ရှိသည်ကို သိရန်ပင် ဖြစ်သည်။ ယခု ကျွန်ုပ်သည် ထိုဌာနချုပ် စခန်းထဲသို့ ရောက်နေပေပြီ။ ဤသည်မှာ ကျွန်ုပ်၏အောင်ပွဲပင် ဖြစ်သည်။ ကျွန်ုပ် သည် ဤအချက်ကို ရင်ထဲအသည်းထဲတွင် စွဲမြဲအောင် ပြုလုပ်ထားနိုင်မှသာ လျှင် ကျွန်ုပ် ဆက်လက်ရင်ဆိုင်ရမည့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်း ပန်းမှုများကို ကြံ့ကြံ့ခံကျော်လွှားနိုင်ပေမည်။

"ကဲ ခင်ဗျားပြောမှာလား"

သူသည် စိတ်မရှည်နိုင်သော အမူအရာ ဖြင့်ပြောလိုက်သည်။

"မပြောဘူး"

ထို့နောက်တွင် အခန်းအတွင်းတွင် မြင်ကွင်းသည် ပြောင်းလဲသွား သည်။ အော့တိုဘားက အချက်ပြလိုက်သည်နှင့် တံခါးဝတွင်ရှိသည့် အစောင့် နှစ်ဦးသည် ကျွန်ုပ်ဘက်သို့ ဦးတည်လျှောက်လာခဲ့ကြသည်။ ကျွန်ုပ်၏ ကုလား ထိုင်နှင့် ၃ ကိုက်ခန့်အကွာတွင် သူတို့ နှစ်ဦးစလုံး ရပ်လိုက်ကြပြီး ၈ မီလီမီတာ ဂန်(စ်)လစ်ပစ္စတိုများကို ခလုပ်ဖွင့်၍ ချိန်ထားလိုက်ကြသည်။ အော့တိုဘားက ကျွန်ုပ်၏ ကုလားထိုင်နောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုတွင်မှ ကျွန်ုပ် ၏ နောက်ဘက်တွင် ပဉ္စမမြောက်လူတစ်ဦး ရှိနေသည်ကို သတိပြုမိသည်။ သူသည် ရှေ့သို့တိုးလာပြီး ကျွန်ုပ်ဘေးတွင် ရပ်လိုက်သည်။ ဇက်ကော်မရှင် ခန်းတွင် ကျွန်ုပ်တို့အား ဆေးထိုးခဲ့သည့် ဆရာဝန်ပင်ဖြစ်သည်ကို ချက်ချင်း သိမိလိုက်သည်။ ဖြူဖွေးသန့်စင်နေသော ဆရာဝန်များ ဝတ်ဆင်သည့် ဂျူတီ ကုတ်ကို ဝတ်ဆင်ထားသည့် ထိုသူသည် ကျွန်ုပ်၏ဘေးဘက်ရှိ ယွန်းစားပွဲ ငယ်လေးပေါ်တွင်ရှိသော ဆေးပစ္စည်းသေတ္တာထဲမှ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန် ကို ထုတ်ယူလိုက်သည်။ ဇက်ကော်မရှင်ရုံးတွင် သုံးခဲ့သည့် ဆေးထိုးအပ်ပင် ဖြစ်မည်ဟု ကျွန်ုပ် တွေးမိလိုက်သည်။

သူတို့လုပ်မည့် အစီအစဉ်ကို ကျွန်ုပ် သိလိုက်ပေပြီ။ ထိုသူသည် မေ့ ဆေးဆရာဝန် ဖြစ်ပေမည်။ အခန်းထဲတွင် ကျွန်ုပ်ကို ပထမဆုံး လာရောက် စစ်

www.burmeseclassic.com



ဆေး သူသည် စိတ်ခွဲပညာရှင်တစ်ဦးဖြစ်ပေမည်။ သူတို့သည် ကျွန်ုပ်ကို စစ်ဆေးရာတွင် ကြမ်းတမ်းရက်စက်သော နည်းများကို မကျင့်သုံးဘဲ၊ ကျွန်ုပ်၏ အတွင်းစိတ်ကို ‘ကျူးကျော်ဝင်ရောက်သိမ်းပိုက်ရန်’ ဆေးပညာနည်းဖြင့် ကြိုးပမ်းကြတော့မည်ဖြစ်သည်။

ကျွန်ုပ်သည် စောစောပိုင်းက ကြိုတင်စဉ်းစားထားသည့် လွတ်မြောက်ရေးနည်းလမ်းကို ပြန်လည်သုံးသပ်ကြည့်လိုက်သည်။ အစောင့်များသည် ကျွန်ုပ်၏ အနီးသို့ ရောက်ရှိနေပြီး အသင့်အနေအထားဖြင့် စောင့်ကြည့်နေရာ လှုပ်ရှားရန်ပင် ခက်ခဲနိုင်သည်။ သို့သော် ကျွန်ုပ်အတွက် အခွင့်အလမ်းသာသည်မှာ အခန်းတွင်းရှိလူ အားလုံးသည် ကျွန်ုပ် အနီးသို့ စုပြုံရောက်ရှိနေသဖြင့် ပစ်မှတ်ကို စုစုစည်းစည်းထိုးနက်ပိုင်ခွင့် ရှိနေခြင်းပင်ဖြစ်သည်။ အနီးတွင်ရှိနေသော အတားအဆီးများကို လျှပ်တစ်ပြက်နည်းဖြင့် ရှင်းလင်းနိုင်ပါက ကျွန်ုပ်သည် တံခါးပေါက်သို့ လွတ်လွတ်ကျွတ်ကျွတ် ပြေးနိုင်သည့် အခွင့်အလမ်းရှိနေသည်။

ဤနေရာတွင် သေနတ်များ၏ အန္တရာယ်ကို များစွာအလေးထားရန် မလိုပေ။ သူတို့သည် ကျွန်ုပ်ထံမှ အရေးကြီးသော သတင်းများရရှိရေးအတွက် ကျွန်ုပ် အသက်ရှင်နေအောင်ပင် သတိကြီးစွာထား၍ ကြိုးပမ်းရမည်ဖြစ်ရာ သေနတ်ကိုသုံးရန် စဉ်းပင်စဉ်းစားမည် မဟုတ်။ ကျွန်ုပ်က ထွက်ပြေးရန် ကြိုးပမ်းပြီး လွတ်မြောက်နိုင်မည့် အလားအလာလည်းရှိ၍ သေနတ်ဖြင့် ပစ်ရပါကလည်း ခြေထောက်ကိုသာ ပစ်မည်ဖြစ်သည်။ ခြေထောက်ကို ပစ်ရာတွင်လည်း အမိက အာရုံကြောကြီးကိုထိအောင် မမှန်နိုင်ပါက ဒဏ်ရာရှိသူတစ်ဦးအတွက် လွတ်အောင်ဆက်ပြေးနိုင်စွမ်းရှိသည်။

ကျွန်ုပ်သည် စစ်ကာလမဟုတ်သည့်အချိန်တွင် မည်သည့်အခါတွင်မှ သေနတ်ကို မဆောင်တတ်ပေ။ သေနတ်ယူသွားရခြင်းသည် သွားလာရာတွင် အနှောင့်အယှက်ဖြစ်နိုင်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အတားအဆီးတစ်ခုလည်း ဖြစ်နိုင်သည်။ အချို့သော ထောက်လှမ်းရေးသမားများသည် သွားလေရာနေရာတွင် သေနတ်များ၊ ဓကားဝှက်ဓားအုပ်များ၊ လက်နှိပ်ဓာတ်မီးများနှင့် ‘သေဆေး’ များကို ယူဆောင်သွားတတ်ကြသည်။

သေနတ်ဆောင်သွားခြင်းသည် မိန်းမလက်ကိုင်အိတ်တစ်ခုကို ယူသွားရသကဲ့သို့ တို့လို့တွဲလောင်းနိုင်လှသည်။ လက်တွေ့အားဖြင့် မိမိကိုယ်မိမိ ကာကွယ်ရာတွင်လည်း မထိရောက်လှပေ။ ခပ်လှမ်းလှမ်းတွင် မိမိအား သေနတ်ဖြင့် ချိန်ထားသူတစ်ဦးကိုတွေ့ပါက မိမိသေနတ်ကို ဆွဲမထုတ်နိုင်မီပင် ထိုတစ်ဘက်မှ ကျည်ဆံက မိမိထံရောက်နှင့်ပြီး ဖြစ်ပေလိမ့်မည်။ ရှော့(သ်)ဓတိန်း ဖြစ်ရပ်တွင် ပြတင်းပေါက်မှ ထွက်နေသည့် သေနတ်ပြောင်းဝကို ကျွန်ုပ် လှမ်းမြင်လိုက်သော်





လည်း ဤအခြေအနေမျိုးတွင် ခြောက်လုံးပြူးဖြင့် သူ့ကို လက်ဦးအောင် ရှင်းလင်း၍ မရနိုင်ပေ။

သေနတ်ဆောင်မသွားခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ အကျိုးအမြတ်လည်း ရနိုင်သည်။ အထူးသဖြင့် ရန်သူက မိမိတွင် သေနတ်မပါကြောင်း သိထားပါက ၎င်း၍ အခွင့်အလမ်းကောင်းနိုင်သည်။ သေနတ်မပါပါက ရန်သူက မိမိကိုမကြောက်ပေ။ ကြောက်ခြင်းသည် သတိထားခြင်းကို ဖြစ်စေရာ မကြောက်ခြင်းကြောင့် သတိလက်လွတ် ပြုမူကျင့်ကြံတတ်ပေသည်။ သို့ဖြစ်ရာ ‘မိမိတွင် လက်နက်ဆောင် မလာခြင်းဖြင့် ရန်သူကို လက်နက်ဖြုတ်နိုင်သည်’ ဆိုပြင် သေနတ်ဖြင့် ဦးခေါင်းကိုတေ့၍ တစ်စုံတစ်ခုကို ရအောင်တောင်းယူရန် ကြိုးပမ်းခြင်းသည် မအောင်မြင်ဖို့က များသည်။ အဘယ်ကြောင့်ဆိုသော် ခြိမ်းခြောက်ခံရသူထံမှ တစ်စုံတစ်ခုကို အရေးတကြီး အလိုရှိနေသော်လည်း သူသေသွားပါက ထိုအရေးကြီးသော တစ်စုံတစ်ခုသည် လုံးဝမရနိုင်တော့သည့် အခြေအနေမျိုးရှိနေခြင်းကြောင့် ဖြစ်သည်။

ယခု ကျွန်ုပ်ရောက်ရှိနေသည့် အခြေအနေမျိုးတွင်လည်း သေနတ်သည် လုံးဝအသုံးမဝင်နိုင်ပေ။

“ခဝ်ဗျားရဲ့ အပေါ်အင်္ကျီကို ချွတ်လိုက်ပါ”

အော့တိုဘားက အော်၍ ပြောလိုက်သည်။

မေ့ဆေးဆရာဝန်က ဆေးထိုးပြွန်ဖြင့် ဆေးရည်များကို စုပ်ယူနေသည်။ ဆေးရည်များသည် နှစ်အောင်စခန့် ရှိမည်ဟု ထင်ရပြီး အရောင်အဆင်းမရှိပေ။

ကျွန်ုပ်သည် မတ်တပ်ရပ်လိုက်သည်။ အသက်ကို လေးလေးပြင်းပြင်း ရှူသွင်းလိုက်သည်။ အပေါ်အင်္ကျီကိုချွတ်ရန် ဟန်ပြင်လိုက်သည်။ ကြွက်သားများကို အာရုံဖြင့် ထိန်းချုပ်ကြည့်လိုက်သည်။ ‘ငါ့ဘက်မှာ အခွင့်အလမ်းသာမှုများရှိနေသည်’ ဟူသော စိတ်ဓာတ်ကိုလည်း ခေါင်းထဲသို့ ရိုက်သွင်းထည့်လိုက်သည်။ ကျွန်ုပ် လုပ်မည့်အလုပ်အတွက် နောက်ဆုံးလိုအပ်ချက်တစ်ရပ်မှာ လုံလောက်သော ဒေါသစိတ်ဝင်လာရန်ပင် ဖြစ်သည်။ ဒေါသစိတ်သည် ခန္ဓာကိုယ်အတွင်းရှိ အင်ဒရီနာလင် အကျိတ်ရည်များကို ပို၍ထွက်စေနိုင်သည်။ သွေးထဲသို့ အင်ဒရီနာလင် အများအပြားကို ရုတ်ခြည်းပို့လွှတ်လိုက်မှသာ ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ အားထုတ်လှုပ်ရှားမှုအတွက် စက်ဆီချောဆီများ ထုတ်လိုက်သကဲ့သို့ အရှိန်အဟုန် ကောင်းစေမည်မဟုတ်လော။

ကျွန်ုပ်သည် စစ်အတွင်းက နာဇီတို့၏ ရက်စက်မှုများကို အာရုံထဲ ပြန်လည်ပုံဖော်ကြည့်လိုက်ပြီး ဒေါသစိတ်ကို မီးမွှေးပေးလိုက်သည်။ အပေါ်အင်္ကျီကို ဆွဲချွတ်နေသည့်ကာလတွင် ကျွန်ုပ်၏ လက်နှစ်ဖက်သည် အင်္ကျီ၏ အစနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဓားကို ကိုင်ထားရာ ထိုအချိန်သည် ကျွန်ုပ်၏တိုက်ကွက်ကို အစပျိုးရော အချိန်အခါ အခွင့်ကောင်းပင်ဖြစ်သည်ဟု တွက်ဆမိလိုက်သည်။ နောက်ဆုံး အကြိုလက်မောင်း နှစ်ဖက်ကို ချုပ်ပြီးသည်နှင့် တစ်ပြိုင်တည်း အော့တိုဘား၏ မျက်နှာတည့်တည့်ကို ချိန်ရွယ်၍ ကုတ်အကျီကို လွှဲပစ်လိုက်သည်။ သူသည် နောက်သို့ လဲကျသွားစဉ် သူ့ဝမ်းဗိုက်ကို ဒူးဖြင့်ဆောင့်၍ ကန်လိုက်သည်။ ကုတ်အကျီကို အရှိန်ဖြင့် လွှဲပစ်လိုက်စဉ်က တစ်ချိန်တည်းမှာပင် ခြေထောက် တစ်ဘက်ဖြင့် ဘေးဘက်ရှိ ယွန်းစားပွဲကလေးကို သွားထိမိလိုက်သည်။ တစ် ဘက်သို့ ပြန်လှည့်လိုက်စဉ် အခြားအစောင့်တစ်ဦးက လှမ်း၍ကန်လိုက်သော ခြေထောက်သည် ကျွန်ုပ်၏လည်ပင်းဆီသို့ ဦးတည်လာသည်ကို လက်မတင် ကလေး ရှောင်လိုက်နိုင်သော်လည်း လည်ပင်းကို မထိဘဲ လက်ပြင်ကို ကန်လျှ ဖြတ် ထိခဲ့သည်။ သို့သော် ကျွန်ုပ်သည် ခြေထောက်ကို ကျွန်ုပ်၏ကိုယ်မှ ခွာ ခွင့်မပြုဘဲ လက်နှစ်ဖက်ဖြင့် ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်လိုက်ပြီး မိမိတစ်ကိုယ် လုံးကိုလှည့်၍ လိမ်ချိုးလိုက်သည်။ သူ့ဒူးဆစ်မှ 'ဒုတ်၊ ဒုတ်' ဟူသော အသံ နှင့်အတူ ပါးစပ်မှလည်း "အား" ဟူသော အသံကြီး ပေါ်ထွက်လာသည်။

ထိုစဉ် တစ်စုံတစ်ယောက်က သေနတ်ဖြင့် ပစ်လိုက်သည်။ သို့သော် မထိအောင်ပစ်သည်မှာ သေချာသည်။ ကျွန်ုပ်သည် အစောင့်၏ ခြေထောက်ကို မိမိကိုယ်ကို တပတ်လှည့်၍ လိမ်ရိုးလိုက်ရသဖြင့် ကိုယ်မှာလည်း ဟန်ချက်ပျက် ပြီး နောက်သို့ ထိုင်လျက်ကျသွားသည်။ သို့သော် အခြေအနေမှာ ကျွန်ုပ်ဘက် အခွင့်အလမ်းသာနေသည်။ အော့တိုဘားသည် ယိမ်းယိမ်းယိုင်ယိုင်ဖြင့် ကျွန်ုပ်ဆီ သို့ ပြန်လည်ဦးတည်လာသော်လည်း ကျွန်ုပ်သည် ချက်ချင်း ထရပ်လိုက်ပြီး သူ့ခါးကို ဒူးဖြင့် တစ်ချက်ထပ်၍ တိုက်လိုက်ရာ 'အင့်' ဟူသော လည်ချောင်း ကြီးနှင့်အတူ လဲကျသွားပြန်သည်။ ဤပွဲတွင် အနီးအနားၐ ရှိနေသောဆရာဝန် နှင့်စိတ်ခွဲဆရာတို့ကို ထည့်တွက်ရန်မလို၊ ဆရာဝန်သည် ယွန်းစားပွဲပေါ်တွင် တင်ထားသော သူ့ပစ္စည်းများ လွင့်စင်ကျကုန်၍ ဘာလုပ်ရမှန်းမသိအောင် ဖြစ် နေသည်။ စိတ်ခွဲပညာရှင်သည်လည်း ဤတိုက်ပွဲတွင် ပါဝင်လာဖွယ်မရှိ၊ ဤ အလုပ်မျိုးသည် သူတို့ လေ့ကျင့်ထားသည့်အလုပ် မဟုတ်။

ကျွန်ုပ်သည် အခွင့်ကောင်းကို အသုံးချ၍ တံခါးပေါက်ဘက်သို့ ထွက် ပြေးခဲ့သည်။ သို့သော် အစောင့်တစ်ယောက်၏ သေနတ်သံ၊ အော့တိုဘား၏ အော်ဟစ်အမိန့်ပေးသံနှင့်အတူ အခန်းအပြင်ဘက်မှ ခြေသံများကိုလည်း ကြား လိုက်ရသည်။ တစ်ချိန်တည်းမှာပင် စောစောပိုင်းက ခြေထောက်နာသွား၍ လဲ သောအစောင့်က သူ့ခြေထောက်အကောင်းတစ်ဖက်ဖြင့် ကျွန်ုပ်၏ခြေထောက် ကို ဖြတ်ကန်လိုက်သည်ကို ကျွန်ုပ် မရှောင်မိလိုက်သဖြင့် ရှေ့သို့ ဟပ်ထိုးလဲကျ





သွားခဲ့သည်။ ထိုစဉ်တွင် စောစောပိုင်းက အပြင်မှကြားလိုက်သော ခြေသံများ သည် အခန်းနှင့်နီးလာပြီး ခဏအကြာတွင် လက်နက်ကိုင်အစောင့် ၃ ဦးသည် တံခါးဝတွင် ဝိတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

အော့တိုဘားက ကျွန်ုပ်၏ လဲနေသောခန္ဓာကိုယ်ကို အပေါ်တွင် မိုး လျက် ခါးထောက်၍ ရပ်နေပြီး –

"ကဲလေ၊ ထပြီး အေးအေးဆေးဆေးနဲ့ ကိုယ့်နေရာကိုယ် ပြန်ယူလိုက် ပါ"

ကျွန်ုပ်သည် သူ့အမိန့်ကို နာခံသည်ထက် လဲနေသော အနေအထား ဖြင့်သူနှင့် စကားမပြောလိုသဖြင့် ချက်ချင်းပင် ထရပ်လိုက်ပြီး မူလကုလားထိုင် ရှိရာသို့ သွား၍ထိုင်လိုက်သည်။

စောစောပိုင်းက ဆေးထိုးပစ္စည်းများ တင်ထားသည့် ယွန်းစားပွဲလေး မှာ အပိုင်းပိုင်းအစစ ကျိုးပဲ့နေသည်။ မေ့ဆေးဆရာဝန်သည် သူ့ပစ္စည်းများကို တစ်ခုချင်း ပြန်ကောက်နေသည်။ ကျွန်ုပ်၏ ကုလားထိုင်နောက်တွင် အစောင့် တစ်ဦး ရှိနေသည်ကို ကျွန်ုပ် လှည့်မကြည့်ဘဲ သိနေသည်။ ယခုအခါ ကျွန်ုပ်၏ ပတ်လည်တွင် လက်နက်များကိုင်ဆောင်ထားသည့် အစောင့် ၆ ဦးမျှရှိနေသည်။ စိတ်ခွဲပညာရှင်သည် အစောင့်များ၏ နောက်တွက်ရပ်လျက် ကျွန်ုပ်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ အော့တိုဘားမှာမူ နာကြင်မှုကို ကြိတ်မှိတ်မျိုသိပ် လျက် ကျွန်ုပ် ရှေ့တည့်တည့်တွင် မတ်တပ်ရပ်လျက်ရှိသည်။

ခဏအကြာတွင် အော့တိုဘားသည် မေ့ဆေးဆရာဝန်ဘက်သို့ လှည့် ကြည့်လိုက်သည်။ မေ့ဆေးဆရာဝန်က –

"အားလုံး အဆင်သင့်ဖြစ်ပါပြီ၊ ဆက်ပြီး အလုပ်လုပ်လို့ရပါပြီ ဟား အော့တိုဘား" ဟု ပြောလိုက်သည်။

အော့တိုဘားက အစောင့်များကို ကျွန်ုပ်၏ ကုလားထိုင်နှင့်ပို၍ နီးကပ် အောင်ဝိုင်း၍ နေရာယူရန် အမိန့်ပေးလိုက်သည်။

ထို့နောက် ကျွန်ုပ်အား ကုလားထိုင်ကို နောက်မှီထိုင်လိုက်ရန် အမိန့် ပေးလိုက်သည်။ တစ်ဆက်တည်းပင် သူ၏အစောင့်များကိုလည်း တစ်ဦးချင်း တာဝန်များ ပေးနေသည်။

"ဓနိဒါက ဘယ်လက်ခြေထောက်ကို သေနတ်နဲ့ချိန်ထား၊ ဂတ်ဘတ် က ညာခြေထောက်၊ ရုဲလ်က လက်ဝဲဘက်လက်၊ ဘရော်(န်)က လက်ယာဘက် လက်နဲ့ ကရိုးဆစ်က နှလုံးသားနေရာကို တိတိကျကျ ချိန်ထားပါ"

ကျွန်ုပ်၏ ပတ်လည်တွင် သေနတ်ပြောင်းများ အစီအရီရှိနေသည်ကို တွေ့လိုက်ရသည်။ သေနတ်၏ ခလုတ်များကိုလည်း အသင့်ဖွင့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



“မိမိတာဝန်ကျတဲ့ အရိုင်းဘာ နည်းနည်းလုပ်တာနဲ့ ပစ်နိုင်တယ်၊ ငါ့အမိန့်ကို စောင့်ဆိုင်းနေစရာမလိုဘူး”

အောဂတိုဘားက တိကျသော အမိန့်ကို ပေးလိုက်သည်။

ထို့နောက် အောဂတိုဘားသည် ဆေးဆရာဝန်ဘက်သို့လှည့်၍-

“သူ့ နောက်ထပ်တစ်ခေ ချဉ်းကပ်ပါ။ နောက်ပြီး ကျည်လမ်းကြောင်း ကလွဲတဲ့နေရာ တစ်ခုပြီး ခင်ဗျားလုပ်ရမယ့် အလုပ်ကို လုပ်ပါ”

ကျွန်ုပ်ကိုလည်း –

“ခင်ဗျားရဲ့ ခြေထောက်နဲ့ လက်တွေကို နည်းနည်းမှ မလှုပ်မိအောင် သတိထားပြီး ထိန်းထားပါ။ အထူးသဖြင့် ခင်ဗျားရဲ့ အသားထဲကို ဆေးထိုးအပ် ဝင်သွားတဲ့အခါမှာ ပိုပြီး သတိထားပါ”

ဆေးဆရာဝန်သည် ကျွန်ုပ်၏ နောက်ဘက်မှနေ၍ ကျွန်ုပ်၏ အကျႌလက်မောင်းကို ခေါက်တင်လိုက်သည်။ အိသာနံ့သည် နှာခေါင်းထဲသို့ စူးစူးဝါးဝါး ထိုးနှက်ဝင်ရောက်ခဲ့သည်။ ကျွန်ုပ်သည် ဦးခေါင်းကို မလှည့်ဘဲ မျက်စေ့ကိုသာ လှည့်တစ်ချက် လှမ်း၍ ဝတ်ဝန်းကျင်ကို စူးစမ်းကြည့်လိုက်သည်။ စိတ်ခွဲပညာရှင်သည် ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်လျက်ပင် ရှိသည်။ အစောင့်များသည်လည်း သူတို့တာဝန်ကျရာ ကျွန်ုပ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းကိုသာ ကွက်၍ စူးစိုက်ကြည့်နေကြသည်။ သူတို့၏ လက်ညှိုးများကို သေနတ်မောင်းပေါ်တွင် တင်၍ စောင့်ထားကြသည်။ ကျွန်ုပ် ဘာဆက်လုပ်ရမည်ကို ဆက်၍ မတွေးတော့။ လုပ်စရာအလုပ်လည်း မရှိတော့။

‘ဆက်လုပ်’ အောဂတိုဘား၏ အမိန့်သံ ဖြစ်သည်။

ကျွန်ုပ်၏ အသားထဲသို့ ဆေးထိုးအပ်စူးဝင်သွားသည်ကို ခံစားမိလိုက်သည်။

(၁၂)

ဆေးထိုးသွင်းလိုက်သည်မှာ ၁၅ မိနစ်မျှ ကြာသွားပြီဖြစ်သည်။ ဆေးတန်ခိုးပြလာမည့် အခြေအနေကို သိနိုင်ရန်အတွက် ကျွန်ုပ်သည် ပထမတွင် အမြင်အာရုံ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ အမြင်အာရုံပြောင်းလဲမှုကို စစ်ဆေးရန်အတွက် အခန်းတွင်းရှိ လူ ၇ ဦး၏ အရွယ်အစား၊ အနေအထား၊ တံခါးပေါင်တွင်ရှိသော ရွှေရောင်များ၏ ရောင်ပြန်ဟပ်မှု အခြေအနေ၊ အခန်းမျက်နှာကြက်၏ အနိမ့်အမြင့်၊ အနေအထားနှင့် အခြားမြင်နိုင်သည့် အရာများဖြင့် စူးစမ်းကြည့်ခဲ့သည်။

သူတို့သည် ကျွန်ုပ်အား လှုံ့ဆော်မှုအာရုံ ဖြစ်ပေါ်စေနိုင်သည့်ဆေးကို ထိုးပေးခဲ့သည်မှာ သေချာသည်။ သို့သော်လည်း ကျွန်ုပ်၏ ဦးခေါင်းထဲမှ ပရမ်းပတာအာရုံများထွက်လာမည်ကို သူတို့လိုလားမည် မဟုတ်၊ ကျွန်ုပ်၏ ဦးနှောက်ထဲတွင် စုစည်းသိမ်းထားသည့် မှန်ကန်သောအာရုံများကိုသာ လိုလားမည် ဖြစ်သည်။

တစ်ခန်းလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ မျက်နှာကြက်မှ တွဲလောင်းကျနေသောကြီးမားလှသည့် လျှပ်စစ်မီးပန်းဆိုင်းကြီးသည် အနည်းငယ်မျှပင် လှုပ်ရှားမှု မရှိ၊ အစောင့်များမှာလည်း ကျောက်ဆစ်ရုပ်များကဲ့သို့ ငြိမ်သက်နေသည်။ ကျွန်ုပ်နှင့် ပို၍နီးသောနေရာတွင် အောဂတိုဘားသည် လက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို နောက်တွင်ပစ်လျက် ခြေထောက်နှစ်ချောင်းကို ခပ်ကားကားအနေအထားဖြင့် မလှုပ်မယှက် ရပ်လျက်ရှိသည်။ ကျွန်ုပ်၏ ရှေ့တည့်တည့်တွင် စိတ်ပညာရှင်သည် ဦးခေါင်းကို အနည်းငယ်ညွှတ်၍ ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်နေသည်။ သူလည်း မလှုပ်မယှက် –

ကျွန်ုပ်၏ ဘေးမှမေ့ဆေးဆရာဝန်မှာမူ ကျွန်ုပ်မျက်ကွယ် ဘယ်နေရာတွင် ရောက်နေသည်မသိ။

ယခုကဲ့သို့သော အခြေအနေတွင် ကျွန်ုပ်အတွက် အကောင်းဆုံးမိတ်ဆွေမှာ နာရီပင်ဖြစ်သည်။ သို့သော် ထိုနာရီမှာ ကျွန်ုပ်၏နာရီမဟုတ်။ ကျွန်ုပ်ရှေ့တွင်လက်ပိုက်၍ ကျွန်ုပ်ကိုစိုက်ကြည့်နေသူ စိတ်ပညာဆရာ၏ နာရီပင် ဖြစ်သည်။ သူသည် သူလုပ်ရမည့်အလုပ်တွင် အလွန်စိတ်ဝင်စားလျက်ရှိရာ သူ့နာရီကို အသုံးပြု၍ ဆေး၏ အာနိသင်များကို ကြံ့ကြံ့ခံနိုင်အောင် ကျွန်ုပ် ကြိုးစားနေသည်ကို သူ သတိမထားမိခဲ့ပေ။ လူတစ်ဦးတွင် စစ်မှန်သော အာရုံထင်ဟပ်မှုများ တဖြည်းဖြည်း ဆုတ်ယုတ်လာပါက သူသည် စစ်မှန်သော တစ်စုံတစ်ခုကို ခိုင်ခိုင်မာမာ ဆွဲယံဖက်ထားရန် လိုအပ်သည်။ လူတို့ သတ်မှတ်ထားသော အချိန်ကာလသည် တိကျသောအပိုင်းအခြားများဖြင့် ဖော်ပြထားသဖြင့် စစ်မှန်ပေသည်။ လူတစ်ဦးသည် ကာလအပိုင်းအခြားတစ်ခုကို တနာရီကြာပြီဟု မှန်းဆ သတ်မှတ်ထားသော်လည်း နာရီက သူ၏အမှားအမှန်ကို ညွှန်ပြနိုင်သည်။ လက်ရှိအခြေအနေတွင် နာရီသည် ကျွန်ုပ်ကို နည်း ၃ နည်းဖြင့် ကယ်တင်နိုင်သည်။ အချိန်နှင့်ပတ်သက်သော သိစိတ်ချွတ်ယွင်းလာမှုကို ကြိုတင်သတိပေးနိုင်ပြီး ပြုပြင်ရန် ကြိုးပမ်းမှုကိုလည်း စေ့ဆော်ပေးနိုင်သည်။ ထို့ပြင် နာရီသည် ယခု ကျွန်ုပ်နှင့် ရင်ဆိုင်နေရသော ရန်သူကို ဖော်ထုတ်ပေးနိုင်သည်။ ကျွန်ုပ်၏ သွေးကြောအသီးသီးတွင် ပျံ့နှံ့ပြီး ကျွန်ုပ်၏ဦးနှောက်ကလာပ်စည်းများကို အားနည်းအောင် ပြုလုပ်နေသောဆေးသည် ဗင်တိုသား(လ်)လော၊ အမိုင်တဲ(လ်)လော ဟိုင်ယော့စင်းလော ခွဲခြားဖော်ပြနိုင်သည်။ မူးယစ်ထုံထိုင်းဆေးများ၏ အာနိသင်သည် အချိန်ကာလနှင့် ပတ်သက်သော ကွဲပြားခြားနားမှုများရှိသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏နာရီကို အားကိုးအားထားမပြုနိုင်၊ ကျွန်ုပ်၏နာရီကို မကြာခဏကြည့်ပါက သူတို့ရိပ်မိပြီး နာရီကို ဖြုတ်ယူထားနိုင်သည်။ စိတ်ပညာဆရာကမူ ကျွန်ုပ် ရှေ့တည့်တည့်တွင် လက်ပိုက်ထားသဖြင့် သူ့နာရီကို လွယ်လွယ်ကူကူ ကြည့်နိုင်သည်။ သို့သော် သူမရိပ်မိစေရန်အတွက် ကျွန်ုပ်သည် သူ၏ခေါင်းမှခြေထောက်၊ ခြေထောက်မှခေါင်းသို့ အပြန်ပြန် အလှန်လှန် မျက်စေ့ကို ရွေ့လျား၍ကြည့်နေသည်။ ထိုသို့ကြည့်နေစဉ်မှာပင် ဆေးအာနိသင်၏ ဂယက်ရိုက်ခတ်မှုဟု ထင်မှတ်ရာဖြစ်အောင် တစ်ချက်တစ်ချက်တွင် မျက်စေ့ထို





မှေး၍ ထားလိုက်သည်။ မျက်တောင်ခတ်ရင်းဖြင့်သာ သူ့နာရီကို ခိုးကြည့်ခဲ့သည်။ ဆေးထိုးပြီးသည်မှာ ၁၇ မိနစ်ရှိပေပြီ။ ထို ၁၇ မိနစ်အတွင်း အခန်းတစ်ခုလုံးတွင် အသံကိုမျှ မကြားရ၊ လုံးဝတိတ်ဆိတ်၍ နေသည်။ ထို့နောက်တွင်မှ သူက စကားကို စပြောလိုက်သည်။

"ကျုပ်နာမည် ဖေဘီယန်ပါ။ ခင်ဗျားနာမည်ကို ကျုပ်မသိရသေးဘူး"

မေ့ဆေးဆရာဝန်သည် ကျွန်ုပ်ဘေးရှိ ထိုင်ခုံကလေးတစ်ခုပေါ်တွင် ထိုင်လျက် ကျွန်ုပ်၏လက်မောင်းတွင် တပ်ဆင်ထားသော သွေးဖိအားတိုင်း ကိရိယာကို စစ်ဆေးလျက်ရှိသည်။ ထို့မှမက သူသည် ကျွန်ုပ်၏ သွေးခုန်နှုန်းနှင့် အသက်ရှူသံတို့ကိုလည်း ဂရုတစိုက် စစ်ဆေးလျက်ရှိသည်။

ဆေး၏ အာနိသင်များသည် ကျွန်ုပ်အပေါ်တွင် တဖြည်းဖြည်း ရိုက်ခတ်လွှမ်းမိုးလာပြီဖြစ်သည်။ ကျွန်ုပ်သည် စိတ်ကို ပြင်းပြင်းထန်ထန် အလုပ်ပေးပြီး လန်းဆန်းတက်ကြွနေအောင် ထိန်းသိမ်းထားခြင်းဖြင့် ဆေးအာနိသင်ကို ကြံ့ကြံ့ခံရန် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်၏ ခန္ဓာကိုယ်ထဲသို့ ထိုးသွင်းခဲ့သော ဆေးသည် မည်သည့်ဆေးမျိုးဖြစ်သည်ကိုလည်း စိတ်အလုပ်တစ်ခုအဖြစ် အမှန်မပြတ်အောင် စဉ်းစားနေခဲ့သည်။ ထိုဆေးသည် ဘာဘီကျူရိတ်အိပ်ဆေး အမျိုးအစား ဖြစ်ပေမည်။ အင်ဖီတာမိုင်း စိတ်ကြွဆေးအမျိုးအစား မဖြစ်နိုင်။

စိတ်ခွဲပညာရှင်၏ ချဉ်းကပ်ပုံချဉ်းကပ်နည်းကို လေ့လာကြည့်ခြင်းဖြင့် သူသည် ကျွန်ုပ်အား ဆေးအာနိသင်ဖြင့် စိတ်ဓာတ်ကျဆင်းအောင် ပြုလုပ်ပြီး လိုက်လျောတတ်သည့်စိတ်များ ဝင်လာအောင် ပြုလုပ်ရန် ဦးတည်ကြိုးပမ်းနေသည်မှာ သေချာပေသည်။ သို့သော် မူးယစ်ထုံထိုင်းဆေးများသည် ခံစားရသူ၏ တုန့်ပြန်မှုကို လိုက်၍ ဆေးတန်ခိုးပြမှု ကွာခြားတတ်သည်။ ကျွန်ုပ်သည် ခွဲစိတ်ခန်းတွင် ကျွန်ုပ်၏ရောဂါကို ကုသပေးရန်အတွက် ဆရာဝန်ကပေးမည့် မေ့ဆေး၏ အာနိသင်ကို အသိစိတ်ဖြင့် တစ်စုံတစ်ရာ တုန့်ပြန်ရန် ကြိုးပမ်းမည် မဟုတ်ပေ။ သို့ရာတွင် ဤအခန်းတွင်မူ ကျွန်ုပ် အတတ်နိုင်ဆုံး ရုန်းကန်တုန့်ပြန်ရပေမည်။

ကျွန်ုပ်၏ အသွေးအသားများထဲသို့ စိမ့်ဝင်ပျံ့နှံ့နေသော ဆေး၏ အမျိုးအစားကို စဉ်းစားတွေးယူရာတွင် ဆေးတစ်မျိုးချင်း၏ အာနိသင်နှင့် ခန္ဓာကိုယ်၏တုန့်ပြန်မှု အနေအထားတို့ကို တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းဖြင့် စဉ်းစားကြည့်ရသည်။

ကျွန်ုပ်၏ မျက်ခွံများသည် တဖြည်းဖြည်း လေးလံလာသည်။ စိတ်ခွဲဆရာဝန်ကလည်း ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်နေသည်။ ကျွန်ုပ်ထံမှ အဖြေကို စောင့်မျှော်နေပုံရသည်။ ထို့နောက်တွင်မှ –

www.burmeseclassic.com



"ခင်ဗျားနာမည်ဘာလဲ"

"ကွီးလား"

"နာမည်ရဲ့ ပထမအမည်စာလုံးကို ပြောပါ"

ကျွန်ုပ်သည် စိတ်ကို ကြည်ကြည်လင်လင် ထားလိုက်ပြီးဆေး၏ အာနိသင်ကို စဉ်းစားနေလိုက်သည်။ သူ့အမေးကို ဘာမှပြန်မဖြေခဲ့။ သူသည် ကျွန်ုပ်ထံမှ ထိရောက်သောအဖြေကို ရယူလိုပါက ယခုအချိန်ကလေးကို ကောင်းစွာ အသုံးပြုရမည်သာဖြစ်သည်။ ကျွန်ုပ် သတိလစ် မသွားမီ အချိန်ကလေးကို ကောင်းစွာ အသုံးပြုရမည်သာဖြစ်သည်။ ကျွန်ုပ် သတိလစ်မသွားမီ အချိန်ကလေးနှင့် သတိပြန်လည်လာစအချိန်ကလေးတွင်သာ အငိုက်ဖမ်း၍ မေးခွန်းများ မေးနိုင်ပေမည်။

ဖေဘီယန်ဟူသော သူ့နာမည်ကို ကျွန်ုပ် စဉ်းစားကြည့်လိုက်သည်။ ဂျာမန်ဆေးပညာလောကတွင် ဤအမည်ကို ကျွန်ုပ် တစ်ရင်းတစ်နှီးကြားဖူးသည်။ ဂျာမနီနိုင်ငံ၏ ထိပ်တန်းစိတ်ခွဲပညာရှင်တစ်ဦး ဖြစ်ပေမည်။ ဖိုးနစ်(စ်)အဖွဲ့သည် အကောင်းဆုံးကို အသုံးချနိုင်စွမ်းရှိသူများ ဖြစ်သည်။

"ခင်ဗျားနာမည်ဘာလဲ" သူက ထပ်၍ မေးလိုက်ပြန်သည်။

ကျွန်ုပ်သည် ဘာမှပြန်မပြောမိအောင် သတိဖြင့် ထိန်းချုပ်လိုက်သည်။

သူသည် အခွင့်ကောင်းကို လက်လွှတ်ရတော့မည်။ ကျွန်ုပ် သတိလွှတ်မသွားမီဆဲဆဲသို့ ရောက်နေသည်ကို ကျွန်ုပ်ကိုယ်တိုင် သိနေသည်။ သူသည် မိနစ်ပိုင်းအချိန်ကလေးကို အခွင့်ကောင်းမယူနိုင်ပါက ကျွန်ုပ်ထံမှ ရှေ့နောက်ညီညွတ်သော အဖြေများကို ရနိုင်တော့မည် မဟုတ်။

သူတို့ ကျွန်ုပ်ထံမှ ဘာကိုသိလိုနေကြသနည်း။ ပထမအချက်မှာ ဘာလင်ဌာနခွဲအကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် လျှို့ဝှက်ထောက်လှမ်းရေးသမားများ၏ အမည်များနှင့် စကားဝှက်စနစ်များကို သိရန်ဖြစ်သည်။ ဒုတိယအချက်မှာ သူတို့ ဖိုးနစ်(စ်) ဂိုဏ်းအကြောင်း ကျွန်ုပ်မည်မျှ သိထားသည်ကိုသိလိုပေမည်။ တတိယအချက်မှာ ကျွန်ုပ်လက်ရှိ တာဝန်ယူထားသည့်လုပ်ငန်းသဘာဝအတိအကျကို သိလိုခြင်းဖြစ်ပေမည်။ သို့သော် သူတို့သည် ထိုအချက်အလက်များကို ကျွန်ုပ်အား တိုက်ရိုက်မေးမည် မဟုတ်။ လမ်းပြမေးခွန်းများကို မေးခြင်းဖြင့် ကျွန်ုပ်က ရောင်တိမ်းခြင်း၊ လိမ်ညာခြင်းနှင့် ဖုံးကွယ်ခြင်းတို့ကို ပြုလုပ်လာအောင် ဖန်တီးယူမည်သာ ဖြစ်သည်။ ဤနည်းမှာ အစဉ်အလာနည်းတစ်ခုဖြစ်ပြီး မေးခွန်းတစ်ခုကို ကျွန်ုပ်က ပြန်လည်ဖြေရန် နှောင့်နှေးနေခြင်းကပင် သူတို့အတွက် သဲလွန်စတစ်ခု အဖြစ်ရနိုင်သည်။ သို့သော် ဤနည်းသည် လူပုဂ္ဂိုလ်အမည်များနှင့် ပတ်သက်၍ ဖော်ထုတ်ယူရန် ခက်ခဲသည့်နည်းဖြစ်သည်။





"အင်ဂါ"

သူ၏ ကျယ်လောင်ပြတ်သားသည့် အသံသည် ကျွန်ုပ်၏ နားထဲသို့ တိုးဝင်လာသည်။

ကျွန်ုပ်သည် ဆေးအရှိန်ကို တုန့်ပြန်တားဆီးထားနိုင်ရန်အတွက် ရှင်းရှင်း လင်းလင်းစဉ်းစားသည့်အလုပ်ကို အသိစိတ်ကပ်၍ ပင်ပန်းကြီးစွာ ကြိုးစမ်းလုပ်ဆောင်နေသူဖြစ်သည်။ သို့သော် ပင်တိုသား(လ်)ဆေး၏ အာနိသင်သည် အသိစိတ်နယ်ပယ်တွင် စိုးမိုးချယ်လှယ်လျက် ရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ အတွင်းစိတ်တွင် သိုလှောင်ထိန်းသိမ်းထားသည့် အာရုံဟောင်းများသည် အပြင်စိတ်၏ လက္ခဏာများဖြစ်သော အန္တရာယ်ကို ရှောင်ကွင်းလိုစိတ်နှင့် လျှို့ဝှက်ထိန်းချုပ်ထားလိုစိတ်များကို ကျော်လွှား၍ အပြင်သို့ ပွင့်အန်ထွက်လာရန် တာစူနေပြီဖြစ် ည်။ သူမသည် ကျွန်ုပ်၏အတွင်းစိတ်တွင် ပီပြင်ထင်ရှားသော အာရုံဆိုင်တစ်ခုအဖြစ် ရှိနေပေလိမ့်မည်။

"ခင်ဗျားနာမည် အင်ဂါလား"

သူသည် လမ်းပြမေးခွန်းကို မေးလိုက်ခြင်းဖြစ်သည်။

"မှန်တယ်"

လူပါးကို တစ်ပတ်လှည့်ရန် ကျွန်ုပ် ကြိုးပမ်းလိုက်ခြင်းပင်ဖြစ်သည်။

သို့သော် ထိုစကားကို ပြောပြီးလျှင်ပြီးချင်း ပထမဆုံး သံသယစိတ်သည် ကျွန်ုပ်၏ဦးခေါင်းထဲသို့ ဝင်လာခဲ့သည်။ ကျွန်ုပ်သည် သူတို့အဖွဲ့ကို တစ်ပတ်ရိုက်၍ ရနိုင်ပါမည်လော။ ကျွန်ုပ်၏ အာရုံခံ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ထိုးနှက်လွှမ်းမိုးနိုင်မည့် အာနိသင်ပြင်းလှသော ဆေးများသည် ကျွန်ုပ်၏ ဦးနှောက်အတွင်းသို့ ရောက်နေပြီဖြစ်သည်။ ကမ္ဘာ့အဆင့်အတန်းဖြင့် ထင်ရှားသည့် စိတ်ခွဲပညာရှင်တစ်ဦးကလည်း ကျွန်ုပ်ရှေ့တွင် ရှိနေပြီဖြစ်သည်။

ကျွန်ုပ်၏ မျက်ခွံများသည် လေးလံပြီး မှိတ်တော့မည့်ဆဲဆဲဖြစ်နေပေပြီ။ ဆေးအာနိသင်သည် လျင်လျင်မြန်မြန် တိုးဝင်လာနေပြီဖြစ်သည်။ ကျွန်ုပ်အတွက် လုပ်နိုင်သည့်နည်းလမ်း တစ်လမ်းသာရှိတော့သည်။

သိစိတ်ဖြင့် ထိန်းချုပ်တားဆီးထား၍သာ ဆေးတန်ခိုးကို ဤမျှတွန်းလှန်ထားနိုင်ခြင်းဖြစ်သည်။ ယခုအခါ ဆေးအာနိသင်သည် အမြင့်ဆုံးအချိန်သို့ ရောက်လာပြီဖြစ်ရာ စိတ်ကို ရုတ်တရက် လျှော့ချလိုက်ပါက ကျွန်ုပ်သည် ချက်ချင်းပင် သတိလစ်သွားနိုင်သည်။ ဖိအားများနေသော ရေကာတာမှ ရေတံခါးကို ရုတ်ချည်း ဖွင့်လိုက်သကဲ့သို့ ဖြစ်နိုင်သည်။ ထိုနည်းလမ်းအတိုင်း ကျင့်သုံးရန် ဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်တည်း ကျွန်ုပ်၏အာရုံတွင် အမှောင်ထုလွှမ်းမိုးသွားပေတော့သည်။

www.burmeseclassic.com



သတိပြန်လည်ရရှိလာသည့်အချိန်တွင် ကျွန်ုပ်၏ အမြင်အကြားအာရုံများ အားလုံးရှုပ်ထွေးလျက်ရှိသည်။ အင်ဂါ၏ မျက်နှာသည် လေထဲတွင် ပျံ့ဝဲလျက် ရှိသည်။ ကျွန်ုပ်၏ ရှေ့နှင့်ဘေးဘက်ရှိ လူများ၏ မျက်နှာများတွင် အနီးအဝေးများ ထွက်နေသည်။ အမှန်တကယ်ရှိနေ၊ ဖြစ်နေသည့် အခြေအနေများနှင့် လွဲမှားသော အာရုံများသည် ရောထွေးလျက်ရှိသည်။ ကျွန်ုပ်၏ လက်မောင်း အထက်ပိုင်းတွင်လည်း စူးရှနာကျင်သော ဝေဒနာတစ်ခုကို ခံစားမိနေသည်။

အာရုံများ လေးလံရှုပ်ထွေးနေသည့် အခြေအနေမှ ပေါ့ပါးကြည်လင်လာသည့်အခြေအနေသို့ တဖြည်းဖြည်း ကူးပြောင်းလာသည်နှင့်အမျှ လက်မှစူးရှနာကျင်သော ဝေဒနာအကြောင်းကို စဉ်းစားကြည့်လာမိသည်။ ကျွန်ုပ်သတိလစ်သွားစဉ်သူတို့ ဆေးတစ်လုံးထပ်ထိုးခဲ့ခြင်း ဖြစ်ပေမည်။ ယခုဆိုလျှင် ထိုဆေးများသည် ကျွန်ုပ်၏ ဦးနှောက်ဆီသို့ တရွေ့ရွေ့ စိမ့်ဆင်းလာနေလောက်ပေပြီ။

အခန်း၏ မျက်နှာကြက်တွင် ချိတ်ဆွဲထားသော မီးပန်းဆိုင်းကြီးမှာ သန်းပေါင်းများစွာ ကြယ်တာရာများရှိသော မိုးကောင်းကင်ပြင်တွင် မျောလျက်ရှိသည်။ ကျွန်ုပ်သည် သိစိတ်ကို အားဖြည့်၍ အာရုံမှားများကို ထိန်းချုပ်ကြည့်လိုက်သည်။ ထို့နောက် အချိန်ကိုစစ်ဆေးရန် သတိရလာသည်။ သို့သော် သူ့နာရီမှာ မရှိတော့။ သူသည် လက်ကိုပိုက်မထားတော့ဘဲ ဘေးချထားသည်။ ကျွန်ုပ်၏အကွက်ကို သူသိသွားပြီလော၊ မတတ်နိုင်၊ တစ်စုံတစ်ရာကို တွေးတောနေခြင်းဖြင့် သတိကို ထိန်းထားရပေမည်။ အာရုံကိုထိန်းထား၊ သတိကို ကပ်ထား မိမိ၏ စိတ်ထဲတွင် ရေရွတ်နေမိသည်။

ကျွန်ုပ်သည် စိတ်ကို အလုပ်ပေးသည့်အနေဖြင့် ကျွန်ုပ်၏ အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ်အခြေအနေများကို စဉ်းစားကြည့်နေမိသည်။ အတိတ်ကို စဉ်းစားကြည့်ရာတွင် ဆေးထိုးခံရသည့် အခြေအနေ၊ မိနစ် ၂၀ ခန့် ဆေးရှိန်တက်နေသည့်အခြေအနေ၊ ပင်တိုသားဆေးဖြစ်နိုင်သည်ဟု ထင်မှတ်ခဲ့သည့် အခြေအနေများကို စဉ်းစား၍ရသည်။ ကျွန်ုပ်အား စစ်ဆေးမှုနှင့် ပတ်သက်၍ ကျွန်ုပ်၏ အမည်ကို မေးသည်မှလွဲ၍ အခြားဘာမျှ မမှတ်မိတော့၊ ဘာကြောင့် မမေးသလဲ။ ချက်ချင်း သတိလစ်သွား၍လော၊ စဉ်းစားကြည့်လိုက်သည်။

ပစ္စုပ္ပန်အခြေအနေကို စဉ်းစားကြည့်ရာတွင် သတိပြန်လည်လာသည့် အခြေအနေ၊ အင်ဂါ၏ ရုပ်ပုံလွှာကို အာရုံတွင် ထင်မြင်နေသည့် အခြေအနေ စသည်တို့ကို သတိရသည်။ သို့သော် သတိပြန်လည်လာစတွင် မေးခွန်းမေးခဲ့ခြင်း ရှိမရှိ မမှတ်မိတော့။

အနာဂတ်အခြေအနေ ဒုတိယအကြိမ် ထိုးလိုက်သည့်ဆေးက မည်သို့ဒုက္ခပေးမည်နည်း၊ ထိုဆေး၏ အာနိသင်ကို မည်သို့ တုန့်ပြန်ရမည်နည်း။ သူတို့





က မည်သည့်နည်းကို ကျင့်သုံးရန် ကြိုးပမ်း၍ ကျွန်ုပ်က မည်သို့တုန့်ပြန်ရမည်နည်း စသည်ဖြင့် စဉ်းစားကြည့်လိုက်သည်။

"ခင်ဗျား အိပ်ရေး၀၀ အိပ်လိုက်ရရဲ့ မဟုတ်လား"

အသံက အကြားအာရုံကို နှိုးဆွလိုက်သကဲ့သို့ အကြားအာရုံကလည်း အမြင်အာရုံကို ကောင်းစေသည်။ လောလောဆယ်တွင် ကျွန်ုပ်၏ အာရုံများသည် လျင်လျင်မြန်မြန် ကြည်လင်လာသည်။ နက်ရှိုင်းမည်းမှောင်လှသောနေရာမှ ကြည်လင်တောက်ပလှသောနေရာသို့ ဒုံးပျံ၏ အရှိန်အဟုန်ဖြင့် ပျံတက်လာသကဲ့သို့ပင် ဖြစ်သည်။ ပင်တိုသားဆေး၏ ပုံမှန်အာနိသင်သည် ထိုသို့မဟုတ်။

အလင်းရောင်များသည် တည်ငြိမ်လာသည်။ အဖြူရောင်ကျောက်သား နံရံနောက်ခံတွင် စိတ်ခွဲပညာရှင်၏ မျက်နှာပုံပန်းသဏ္ဌာန်သည် ပီပြင်လာခဲ့သည်။ သူတို့ ဘာလုပ်ခဲ့သည်ကို ကျွန်ုပ် သိလိုက်ပြီဖြစ်သည်။

"ခင်ဗျား ပုံမှန်အခြေအနေကို ပြန်ရောက်နေပြီ ကွိုးလား။ ခင်ဗျား ဘယ်လိုခံစားနေရတယ်ဆိုတာ ပြောပြပါ"

"ကျုပ် သက်သက်သာသာ ရှိပါတယ်" ကိုယ့်ကိုကိုယ် မထိန်းချုပ်လိုက်နိုင်မီ ထိုစကားလုံးများသည် ပါးစပ်မှ လွတ်ထွက်သွားသည်။

သူတို့သည် ပင်တိုသားဆေးကို ထပ်မံထိုးသွင်းလိုက်ခြင်း မဟုတ်နိုင်၊ ဆိုဒီယမ်–အမိုင်တဲယ်ကို တဖြည်းဖြည်းချင်း ထိုးသွင်းပြီး ဘင်ဇီဒရင်း (သို့မဟုတ်) ဒါဇီတင်းကို ရုတ်ချည်းထိုးသွင်း၍ အိပ်ပျော်နေသူကို အိပ်ရာမှ ကြည်ကြည်လင်လင်ကြီး နိုးလာအောင် ပြုလုပ်ခဲ့ခြင်းဖြစ်ပေမည်။ ကျွန်ုပ်၏ ဦးနှောက်သည် ဆေး၏အာနိသင်ဖြင့် အလွန်ပင်ကြည်လင်လျက်ရှိရာ ၁၉၄၈ ခုနှစ်က ကျွန်ုပ် နားထောင်ခဲ့ရသော ဟောပြောပို့ချချက်တစ်ခုမှ စကားလုံးတိုင်းကို ပြန်၍မှတ်မိလာသည်။

ကျွန်ုပ်အတွက် အလွန်အမင်း သတိထားရမည့်အခြေအနေ ဖြစ်လာပေပြီ။ အာရုံများ ရုတ်တရက် ကြည်လင်လာသည့် အခြေအနေသည် စိတ်ထဲတွင် ရှိနေသမျှကို ပါးစပ်မှ ထုတ်ပြောလာအောင် ဖိအားပေးတတ်သည်။ ထိုအခြေအနေသည် အရှိန်အမြင့်ဆုံးအဆင့်သို့ ရောက်လာသည့်အချိန်တွင် 'ပြောလိုစိတ်'သည် တားမရဆီးမနိုင်အောင် ဖြစ်လာတတ်သည်။

ကျွန်ုပ်၏ ခန္ဓာကိုယ်သည် အားအင်များစိမ့်ဝင်နေသကဲ့သို့ တုန်ခါလာသည်။ အလင်းရောင်များသည် စိတ်၏အရောင်ကဲ့သို့ တလက်လက်[illegible] အသံများသည် ခေါင်းလောင်းသံတမျှ ကြည်လင်နေသည်။ ခန္ဓာကိုယ်တွင် အားအင်များ ပြည့်ဖြိုးလာသကဲ့သို့ ခံစားရပေရာ မတ်တပ်ရပ်၍ ကြုံးဝါးလိုစိတ်ပင်ပေါ်လာသည်။ တစ်ချိန်တွင် မျက်နှာကြက်မှ တွဲလောင်းဆွဲထားသော မီးဝန်း

www.burmeseclassic.com



ဆိုင်းကြီးကို လက်ဖြင့် တစ်ချက်တည်း ရိုက်ချလိုက်လိုစိတ် ပြင်းပြပြီးလက်ကို မြှောက်လိုက်မိသည်။ သို့သော် လက်သည် နေရာမှပင်မရွေ့၊ ကျွန်ုပ်၏လက်များနှင့်ခြေထောက်များကို လှုပ်ရှား၍ မရအောင် သားရေပတ်များဖြင့် ချည်နှောင်ထားသည်ကို သတိထားမိလိုက်သည်။ ကျွန်ုပ်သည် မကြုံစဖူးအောင် အားအင်ပြည့်ဖြိုးနေသော်လည်း လက်ကိုမျှ လှုပ်ရှား၍မရ၊ ထိန်းချုပ်၍မရလောက်အောင် စကားပြောလိုစိတ်ပြင်းပြနေသော်လည်း ပြော၍မဖြစ်၊ ထိုဆန့်ကျင်ကွဲပြားသော အခြေအနေများက စိတ်တိုမှုနှင့် စိုးရိမ်သောကစိတ်များကို ဖြစ်ပေါ်စေခဲ့သည်။

"ခင်ဗျားပြောလိုတာတွေ အားလုံးပြောနိုင်ပါပြီ၊ ကွီးလား"

"ကျွန်တော့်မှာ ပြောစရာဘာမှ မရှိဘူး"

"အင်းလေ၊ ကျုပ်ကတော့ ခင်ဗျားပြောမှာကို နားထောင်ဖို့ စောင့်နေပါတယ်"

"ကျုပ်ပြောမှာ မဟုတ်ဘူး ဖေဘီယန်။ ကျုပ်မှာ ခင်ဗျားကို ပြောစရာဘာမှမရှိဘူး"

"ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားပြောမှာကိုပဲ စိတ်ဝင်စားနေတယ်။ ကျုပ်တို့အကြားမှာ နားလည်မှုရှိပြီးပါပြီလေ"

"ခင်ဗျားကို ဒီနေရာမှာ ကြာကြာထိန်းမထားပါဘူး။ ခုလောက်ဆို ခင်ဗျားရဲ့ ဘာလင်ဌာနခွဲက စိတ်ပူနေရောပေါ့။ ခင်ဗျား သတင်းမပို့နိုင်တာ..."

"ကျုပ် သတင်းမပို့ဘူး။ ပို့စရာလဲ မလိုဘူး၊ သူတို့ဟာ..."

ကျွန်ုပ်သည် ပါးစပ်ဝသို့ ရောက်လာပြီဖြစ်သော စကားလုံးများကို အချိန်မီ ထိန်းချုပ်လိုက်နိုင်သည်။

"ဒါပေမယ့် ခင်ဗျားသူတို့နဲ့ အဆက်ဖြတ်ထားလို့ မရဘူး မဟုတ်လား"

"ရပါတယ်၊ တာပို့တိုက်အစီအစဉ်နဲ့ ..."

ထပ်မံ ထိန်းချုပ်လိုက်ရပြန်သည်။

"ပြော် ... ဟုတ်လား၊ ဆိုပါဦး"

သူက စကားကို ဆက်ပြောအောင် ထောက်ပေးလိုက်ခြင်းဖြစ်သည်။

"တာပို့သမားဟာ ကျုပ်အခန်းကို တစ်နေ့နှစ်ကြိမ် လာပါတယ်"

စကားကို သတိထား၍ လမ်းလွှဲပြောလိုက်သည်။

"ကျုပ်တို့က ခင်ဗျားရဲ့ ဘာလင်ဌာနခွဲကို အကြောင်းကြားပြီးပါပြီ။ ခင်ဗျားဟာ နာဇီအနည်းငယ် သူတို့နဲ့ အဆက်အသွယ် ပြတ်နေလိမ့်မယ် ဆိုတာကိုလဲ ပြောထားပြီးပြီ"





"ဒီမှာ ဖေဘီယန်၊ ခင်ဗျား ဒါမျိုးလုပ်လယ်လုပ်ပြီး ကျုပ်ကို တစ်ပတ်ရိုက်လို့ မရဘူး။ ခင်ဗျားက ကျုပ်ကို ကုလားထိုင်ပေါ်မှာထိုင်ခိုင်း၊ ဆေးတစ်လုံးထိုး၊ ဒီနောက်မှာ မေးသမျှကို ကျုပ်က ဖြေလိမ့်မယ်လို့ မျှော်လင့်ထားသလား"

ကျွန်ုပ်၏ အခြေအနေမှာ အရက်မူးသမားတစ်ဦး၏ အခြေအနေမျိုးဖြစ်သည်။ ထပ်သောက်ရန် ပုလင်းဘက်သို့ လှမ်းနေသောလက်ကို မသောက်သင့်တော့ဟု သိနေသောစိတ်က လိုက်၍ တားဆီးနေသော်လည်း လက်မှာပုလင်းကို ကိုင်မိလျက်သား ဖြစ်နေသကဲ့သို့ပင်။

"ခင်ဗျားတို့အချင်းချင်း ဆက်သွယ်တဲ့အခါမှာ စာပို့တိုက်ကို အသုံးပြုဖို့ မလိုဘူးဆိုတာ ကျုပ်တို့ သိပါတယ်" သူက စောစောပိုင်းက ကျွန်ုပ် လွှတ်ခနဲပြောလိုက်မိသော စကားလုံးကို နင်းပြီး ထပ်မေးလိုက်ခြင်း ဖြစ်သည်။

"တင်းကျပ်တဲ့ လျှို့ဝှက်မှုနဲ့ ကျုပ်တို့ လုပ်နေတဲ့ကိစ္စတွေကို ခင်ဗျားတို့သိတယ်ဆိုတာ သက်သက်ညာတာပဲ။ ခင်ဗျားတို့ ဗီးနစ်(စ်)လိုဂိုဏ်းကြီးမျိုးနဲ့ ရင်ဆိုင်လှုပ်ရှားနေရတဲ့ ကျုပ်တို့လို အဖွဲ့အစည်းကြီးက လျှို့ဝှက်မှုကို ဒါလောက်ထိန်းသိမ်းမထားနိုင်ဘဲ နေပါ့မလား။ ပိုး(လ်)လို လူမျိုးတစ်ယောက်ကို လွှတ်ပြီး ထမင်းရုံမှာ ကျုပ်နဲ့ အဆက်အသွယ်လုပ်ခဲ့တာမျိုးကို ခင်ဗျားတို့ သိနိုင်ပါ့မလား"

ပြောရင်းပြောရင်းဖြင့် ပိုး(လ်)အကြောင်းပါသွားပြန်ပြီ။ အရက်ပုလင်းဆီသို့ လက်ကရောက်သွားပြန်ပြီ ဖြစ်သည်။ ဖေဘီယန်သည် "ကျုပ်တို့ သိပါတယ်" ဟူသော စကားလုံးများဖြင့် ကျွန်ုပ်၏ မခံချင်စိတ်ကို နှိုးဆွပေးပြီး သူလိုသမျှ အချက်အလက်များ ကျွန်ုပ်၏ ပါးစပ်မှ ထွက်လာအောင် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကျွန်ုပ်၏အတွင်းစိတ်တွင် နိုင်နိုင်မာမာ အမြစ်တွယ်နေသော စွဲလမ်းကြီးမှုကြီး ၃ ခုကို သူတို့ကောင်းစွာ အသုံးပြုရန် ကြိုးပမ်းကြပေလိမ့်မည်။ ထိုစွဲလမ်းမှုကြီး ၃ ခုမှာ အင်္ဂါအပေါ်တွင် ရောဂနှင့် ပတ်သက်သော စွဲလမ်းမှု၊ ကင်းနတ်၊ လင်းစ်ခေးဂျုံး အသတ်ခံရမှုနှင့် ပတ်သက်၍ အံ့ဩတုန်လှုပ်မှုနှင့် ရော့(သ်)စတိန်း အသတ်ခံရမှုနှင့် ပတ်သက်၍ မိမိတွင် အပြစ်ရှိသည်ဟု စွဲစွဲလမ်းလမ်း ခံယူထားမှုများ ဖြစ်သည်။

ဆေးအရှိန်တက်လာသည်နှင့်အမျှ ကျွန်ုပ် တစ်ကိုယ်လုံးသည် တုန်လှုပ်လျက်ရှိသည်။ စကားလုံးများအတွက် 'ဆာလောင်မွတ်သိပ်မှု' သည် တားဆီး၍ မရတော့။

"ဒေါက်တာရော့(သ်)စတိန်းနဲ့ ခင်ဗျားဘယ်လိုဆက်သွယ်ခဲ့သလဲဆိုတာလဲ ကျုပ်တို့ သိတာပဲ၊ ဒါကြောင့် သူ့ကို လက်ဦးမှုရှိရှိနဲ့ သုတ်သင်လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ လှယုတ်မာတွေ၊ လင်း(စ်)ဒေးဂျုံးကိုလဲ ခင်ဗျားတို့သတ်ပစ်ခဲ့ပြီ၊ ရှော့(သ်)စတိန်းကိုလဲ သတ်ခဲ့တယ်။ ဒါတော့ ကျုပ်အပြစ်ပဲ။ ကျုပ်မှာ ဒါနဲ့ပတ်သက်ပြီး အပြစ်အများကြီးရှိတယ်"

သူသည် ကျွန်ုပ်၏ အတွင်းစိတ်ထဲမှ ခံစားချက်များကို ဖွင့်ဟချက်များအဖြစ် ပါးစပ်မှ ပေါ်ထွက်လာအောင် ကြိုးပမ်းလျက်ရှိပေပြီ။

"ခင်ဗျား ဘာကြောင့် ဘာလင်မှာ ဆက်ရှိနေရတာလဲ"

"ဘာလင်မှာရှိတဲ့ စွဲမက်စရာ အပျော်အပါးကလေးတွေကို ခံစားကြည့်ဖို့ ဆက်ရှိနေတာပေါ့။ လေဆိပ်ဟော်တယ်က ကပွဲဟာ အတော်စွဲမက်စရာ ကောင်းတယ်လေ"

"ကျုပ်တို့ ကြားသိထားတဲ့ အချက်က ခင်ဗျားဟာ လန်ဒန်ကိုလေယာဉ်နဲ့ ပြန်မယ်ဆိုတာပဲ"

"လေယာဉ်နဲ့ပျံတယ်။ ဟုတ်လား။ ငှက်တွေသာ လေထဲမှာပျံတာ။ မီးနစ်(စ်)တွေသာ လေထဲမှာပျံတာ။ ဒါပေမယ့် မြင့်မြင့်ပျံလေ မြန်မြန်ကျလေပဲ"

ကျွန်ုပ်၏ ပါးစပ်မှ ထွက်လာသော စကားလုံးများသည် အကြောင်းအရာများ ရောထွေး၍ အဓိပ္ပာယ်ကင်းမဲ့လျက်ရှိသည်။ ဆေး၏ လွှမ်းမိုးမှုကြောင့် မိမိစိတ်ထဲတွင် ပြောမည်ဟု အစပျိုးလိုက်သည့်စကားလုံးများကို ပေါ်လာလျှင် လာခြင်းသိစိတ်ဖြင့် အရင်းအမြစ်မှ ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ခြင်းကြောင့် လက်တွေ့ ပါးစပ်မှ ထွက်လာသောစကားလုံးများမှာ အဓိပ္ပာယ် မရှိတော့လောက်အောင် ရှုပ်ထွေးလာခဲ့ခြင်း ဖြစ်သည်။

"ဒေါက်တာ ရှော့(သ်)စတိန်းရဲ့ ရည်ရွယ်ချက်က ဘာလဲ"

"ဒါ ကျုပ်အပြစ်ပဲ၊ ကျုပ်အပြစ်ပဲ"

"သူဟာ ဘာကို သုတေသနလုပ်နေတာလဲ"

"ဂျာမန်စစ်ပွဲအကြောင်းကိုပေါ့"

"ပိုးမွှားစစ်ဆင်ရေး (ဂျမ်းဝါးဖဲယား) ကိုပြောတာ မဟုတ်လား"

ကျွန်ုပ် ဘာမျှ ပြန်မပြောတော့၊ အမေးအဖြေပြုလုပ်ရင်းပင် ဆေးတာန်းမှာလည်း တဖြည်းဖြည်း လျော့ပါးလာသည်ကို သတိထားမိသည်။ ယခုအထိ ကျွန်ုပ်သည် အင်ဂါ၊ ရှော့(သ်)စတိန်း၊ လင်းစ်ဒေးဂျုံးနှင့် ပိုး(လ်) စသည့် အမည် ၄ ခုကိုသာ ထုတ်ဖော်ပြောမိခဲ့သည်။ ထိုသူ ၄ ဦးတွင်လည်း ရှော့(သ်)စတိန်းနှင့် လင်း(စ်)ဒေးဂျုံးတို့မှာ သေကုန်ကြပြီဖြစ်သည်။ ပိုး(လ်)သည် ပြန်သွားပြီ ဖြစ်သည်။ အင်ဂါ တစ်ဦးသာ ဘာလင်တွင် ရှိနေသည်။ အကြောင်း မဟုတ်တော့။ စိတ်ခွဲပညာရှင်သည် ကျွန်ုပ်၏ ပြောစကားများတွင်ပါဝင်သော အချက်အလက်များကို အစကောက်၍ ခြေရာခံမေးခွန်းများ ထုတ်ခြင်း၊ သီးခြား တစ်ခုချင်းသော





အချက်အလက်များကို တစ်ခုလုံးသော ရုပ်ပုံကားချပ်ကြီးအဖြစ် မြင်နိုင်အောင် ဆက်စပ်ကြည့်ခြင်းတို့ကို ပြုလုပ်ခဲ့သော်လည်း အချည်းနှီးပင် ဖြစ်ပေမည်။

"ကျုပ် ခင်ဗျားတို့ရဲ့ ဌာနခွဲနဲ့ အဆက်အသွယ်ရပြီးပြီ။ ခင်ဗျားရဲ့ ဌာနခွဲက ချက်ချင်း အစီရင်ခံဖို့ ခင်ဗျားကို အမိန့်ပေးထားပြီ။ ကဲ စပြောပေတော့။ ကွီးလား"

လက်လျှော့ရမလိုဖြစ်နေသော စစ်ဆေးသူ၏ နောက်ဆုံးလှည့်ကွက်ချက်ဖြစ်သည်။ ကျွန်ုပ်သည် ယခုအချိန်တွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ရာ သူ့ကို ဘာမျှ မတုန့်ပြန်တော့။

ဖေဘီယန်သည် ခေါင်းငိုက်စိုက်ချလျက် သူ့နောက်တွင် မလှုပ်မယှက် ရပ်နေသော အော့တိုဘားဘက်သို့ လှည့်လိုက်သည်။ ထို့နောက် သူတို့နှစ်ဦးသည် ကျွန်ုပ်နှင့် ခပ်လှမ်းလှမ်း တစ်နေရာသို့ ရွှေ့သွားကြပြီး လေသံတိုးကိုးဖြင့် စကားပြောနေကြသည်။ သူတို့ ဘာတွေပြောနေသည်ကို ကွဲကွဲပြားပြား မကြားရသော်လည်း သူတို့ လက်လျှော့ရမည့်အကြောင်းကို ပြောနေခြင်း ဖြစ်မည်မှာ သေချာသည်။

ခဏအကြာတွင် အော့တိုဘားသည် သုန်မှုန်သောမျက်နှာဖြင့် ကျွန်ုပ်ဘက်သို့ လျှောက်လာသည်။ ကျွန်ုပ်၏ ရှေ့တည့်တည့်အရောက်တွင် ခါးထောက်၍ ရပ်လိုက်ပြီး မျက်လုံးအစုံဖြင့် ကျွန်ုပ်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ထို့နောက်တွင်မှ သူက စကားကို တစ်လုံးချင်း ပီပီသသကြီး ပြောလိုက်သည်။

"ခင်ဗျားဟာ ကျုပ်တို့ရဲ့ အချိန်တွေကို အလဟဿဖြုန်းပစ်ခဲ့ပြီးပြီ။ ဒါဟာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ အပြစ်ပဲ"

ထို့နောက် သူသည် ကျွန်ုပ်နှင့် မနီးမဝေးတွင်ရှိနေသော အစောင့်များထံလျှောက်သွားပြီး အသံတိုးတိုးဖြင့် ပြောလိုက်သည်။ သို့သော် သူ ဘာပြောသည်ကို ကျွန်ုပ် ကြားရသည်။

"ရှိလ်နဲ့ ဘရောင်းလာခဲ့ကြစမ်း၊ တို့ ခု သူ့ကို နောက်ဆုံးဆေးတစ်လုံး ထပ်ထိုးပေးမယ်။ သူသတိလစ်သွားတဲ့အချိန်မှာ သူ့ကို မင်းတို့ကားနဲ့ ဂရန်းဝေါလ်တံတားကို ခေါ်သွား၊ အဲဒီကိုရောက်တော့မှ နောက်ဘက်ကနေပြီး လည်ဝင်း အထက်နားဆီကို သေနတ်နဲ့ပစ်လိုက်ပြီး တံတားပေါ်ကနေ ရေထဲကို ကန်ချလိုက်ကြ၊ ဟုတ်ပြီလား။"

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

လက်နှင့်ခြေထောက်များကို ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ထားရာ နောက်ဆုံး ဆေးတစ်လုံးကို ထိုးသွင်းချိန်တွင် ကျွန်ုပ်သည် အနည်းငယ်မျှပင် တုန့်ပြန်တားဆီးနိုင်ခြင်း မရှိပေ။ ဆေးရှိန်သည် မိနစ်ဝက်အတွင်း တက်လာဖွယ်ရှိရာ အော့တိုဘားနှင့် အစောင့်နှစ်ဦးသည် ကျွန်ုပ်၏ရှေ့တည့်တည့်တွင် ရပ်၍ ကျွန်ုပ် သတိလစ်ပြီး ပျော့ခွေသွားမည့်အချိန်ကို စောင့်နေကြသည်။ စက္ကန့် ၃၀ မျှသောအချိန်အတွင်းတွင် ဆေးရှိန်ကို တုန့်ပြန်ရန် အမျိုးမျိုး ကြိုးပမ်းခဲ့သည်။ သတိလစ်သွားပါက လူ့ဘဝတွင် ကျွန်ုပ် ဆက်လက်ရှင်သန်ရပ်တည် နေနိုင်ရေးမှာ လုံးဝ မျှော်လင့်ချက်တင်းမဲ့သွားမည်ဖြစ်သည်ကို ကျွန်ုပ် နားလည်ထားပြီး ဖြစ်သည်။ သို့သော် ကျွန်ုပ်၏ ကြိုးဝမ်းမှုသည် အချည်းနှီးပင် ဖြစ်သည်။

စက္ကန့် ၃၀ အတွင်း သတိလစ်သွားစေနိုင်သောဆေး၏ အာနိသင်ကို ဆန့်ကျင်တွန်းလှန်ရင်းဖြင့် တစ်မိနစ်ခန့် ချုကြာခဲ့သော်လည်း ထိုနောက်ပိုင်းတွင် ဆေးတန်ခိုးသည် အမြင့်ဆုံးအဆင့်သို့ ရောက်ခဲ့သည်။ ထိန်းချုပ်၍ မရတော့။ ကျွန်ုပ်၏ အာရုံတွင် အမှောင်ထုက တဖြည်းဖြည်း စိုးမိုးချယ်လှယ်လာခဲ့သည်။ ထိုမှတစ်ဆင့် လုံးဝမှောင်မိုက်သည့်ကာလကို စတင်ဖြတ်ကျော်ရပေပြီ။

သေခြင်းသည် မှောင်မိုက်လှပြီး အေးလည်းအေးစက်လှသည်။ ကျွန်ုပ်သည်သေမင်းနှင့် နဖူးတွေ့ ဒူးတွေ့ကြုံကြိုက်ခဲ့ပြီဟူ၍ လက်ခံထားခဲ့ပြီး ဖြစ်သည်။





သို့သော် အသက်ပြန်လည်ရှင်သန်လာခြင်းက ပို၍ အေးစက်လှကြောင်း ကျွန်ုပ်တွေ့ရသည်။

ကျွန်ုပ် သတိပြန်လည်ရလာချိန်တွင် လေသီရေအိုင်ကြီး၏ ကမ်းစပ်ရှိ ရေများသည် ကျွန်ုပ်၏ခြေထောက်များကို ရိုက်ခတ်နေကြောင်း တွေ့ရသည်။ ကျွန်ုပ်၏ မျက်နှာမှာမူ မြေကြီးနှင့် ထိကပ်လျက်ရှိနေပြီး ခြေထောက်များမှာ ကမ်းခြေရေစပ်စပ်တွင် ရှိနေသည်။ ဦးခေါင်းကို မြေပြင်မှ အနည်းငယ်မပြီး ဘေးဘက်သို့ လှမ်းကြည့်လိုက်ရာ ဂရန်းဓေါ်တာမှ မီးရောင်များကို မြင်နေရသည်။

လည်ကုပ်အထက်နားဆီမှ နာကျင်သော ဝေဒနာကို ခံစားမိနေသည်။ ကျွန်ုပ်သည် ခြေထောက်များကို ကမ်းစပ်ရေပြင်မှ လွတ်စေရန် တံတောင်ဆစ်နှင့်လက်ဖြင့် မြေကြီးပေါ်တွင် ထောက်၍ ရှေ့သို့တွားသွားခဲ့သည်။ ခပ်လှမ်းလှမ်းသို့ရောက်သည့်အခါတွင်မှ လက်ကိုမြှောက်၍ လည်ကုပ်မှဒဏ်ရာကို စမ်းကြည့်မိသည်။ မည်သည့်ဒဏ်ရာမှမရှိဟု သိလိုက်သည်။ ထိုအသိသည် ဝေဒနာကို ချက်ချင်း ပျောက်ကင်းစေခဲ့သည်။ "လည်ပင်းအထက်နားကို နောက်ဘက်မှ ခုတ်လိုက်" ဟူသော အော့တိုဘား၏ အမိန့်သည် ကျွန်ုပ်၏ မသိစိတ်တွင် စွဲထင်သွားခဲ့ပြီး၊ မဖြစ်သေးသည့် အရာကို တကယ့်အဖြစ်ဟူ၍ ကူးပြောင်း ခံယူမိခဲ့ခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် လမ်းမရှိရာ ရှေ့ဘက်သို့ လှမ်းကြည့်လိုက်ရာ လမ်းနှင့် လှမ်းမကမ်း မျက်စောထဲတွင် ကျွန်ုပ်၏ ဗော(စ်)ဝက်ဂွန်းကားကလေးကို တွေ့ရသည်။ သူတို့သည် ဤကားဖြင့်ပင် ကျွန်ုပ်ကို တံတားပေါ်သို့ ရောက်အောင် တင်လာခဲ့ခြင်း ဖြစ်ပေသည်။ ကျွန်ုပ်သည် ကားရှိရာဘက်သို့ မသွားဘဲ ရေကန်၏ ကမ်းစပ်တစ်လျှောက် တွားသွားပြီး တံတားအောက်ဘက် မှောင်ရိပ်တွင် နားနေလိုက်သည်။

မော်တော်ကားတွင်ရှိသော မောင်းပြီးခဲ့သည့် ခရီးမိုင်ကိုဖော်ပြသည့် ဒိုင်ခွက်ကို လေ့လာကြည့်ခြင်းဖြင့် သူတို့ဌာနချုပ် ရှိနိုင်မည့်နေရာကို အကြမ်းဖျင်း သတ်မှတ်၍ ရနိုင်သည်ဟု ကျွန်ုပ် စဉ်းစားမိသည်။ သို့သော်လည်း လက်တွေ့ မဖြစ်နိုင်တော့။ ကျွန်ုပ်ကို စတင်ဖမ်းဆီးခေါ်ဆောင်သွားစဉ်က ကျွန်ုပ်သည် သတိလစ်လှဆဲ အခြေအနေရှိနေပေရာ ခရီးမိုင်ပြဒိုင်ခွက်ကိုကြည့်၍ မှတ်သားနိုင်သည့် အခြေအနေ မရှိခဲ့။ သို့သော် ထိုသို့ကြည့်နိုင်ခဲ့သည့်တိုင်အောင် လက်တွေ့တွင် ခက်ခဲမှုများ ရှိနိုင်သည်။ သူတို့သည် ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်သွားရာတွင် ညီသည့်နည်းဖြင့်မှ လမ်းဖြောင့်အတိုင်း သွားမည်မဟုတ်၊ လှည့်ပတ်မေးနှင့်ပြီးမှသာ သူတို့ဌာနချုပ်ကို သွားခဲ့ခြင်းဖြစ်ပေမည်။ ကျွန်ုပ်ကို ဖမ်းဆီးပြီးနောက် မော်တော်ကားကို မောင်းခဲ့သည့် မိုင်ပေါင်း အတိအကျကို သိရှိသည်ထားဦး၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဌာနချုပ်တည်ရာကို စကော့ရန်းမိုင် မည်ရွေ့မည်မျှအတွင်း ရှိနိုင်မည်ဟူ၍သာ ခန့်မှန်းနိုင်ပေမည်။ ဘာလင်ကဲ့သို့သော မြို့ကြီးတွင် ဤသို့သော ခန့်မှန်းချက်မျိုး ဖြင့် နေရာဒေသတစ်ခုကို ရှာဖွေရန်မှာ လက်တွေ့တွင် မဖြစ်နိုင်လောက်အောင် ခက်ခဲပေမည်။

တံတားအောက်တွင် ခေတ္တနားပြီးနောက် တဖြည်းဖြည်း အားယူ၍ မတ်တပ်ရပ်ကြည့်လိုက်သည်။ ကိုယ်တစ်ဝက်မှာ ရေစိုနေသဖြင့် ချမ်းအေးလှပြီး ခန္ဓာကိုယ်မှာ တဓိုက်ဓိုက်တုန်လျက် ရှိသည်။ အနွေးဓာတ်ရလိုရငြား နေရာမရွေ့ ဘဲ ပြေးလွှားသည့် လေ့ကျင့်မှုကို ပြုလုပ်ကြည့်သည့်အခါတွင်မှ ကျွန်ုပ်၏ ခြေ ထောက်တွင် ဖိနပ်မရှိတော့ကြောင်း သိရသည်။

အနွေးဓာတ်ရရှိရန် အခြားနည်းလမ်းမရှိတော့။ ခပ်လှမ်းလှမ်းရှိ မိုလာ စထရော့(စ်) လမ်းမကြီးဘက်သို့ ကြည့်လိုက်ရာ အချို့သော အရက်ဆိုင်များ ဖွင့်ထားဆဲရှိသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် လမ်းမကြီးဘက်သို့ လျှောက် သွားပြီး ဘားဆိုင်တစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ယခုကဲ့သို့ အချိန်မဟုတ် ညကြီးမင်းကြီးတွင် အရက်ဆိုင်များသည် ချစ်သူများနှင့် ဘဝကို လက်မြောက်အရှုံးပေးထားသူများ၏ ခိုလှုံရာ၊ အပန်းဖြေ ရာနေရာ ဖြစ်သည်။ ကျွန်ုပ်သည် ထိုနှစ်မျိုးစလုံးတွင် ပါဝင်သူ မဟုတ်ရာ ထိုနေ ရာတွင် လူစိမ်းသက်သက်ဖြစ်နေသည်။ ထို့အပြင် ကိုယ်တစ်ဝက် ရေစိုနေပြီး ညစ်ပတ်ပေရေနေသော ကျွန်ုပ်၏ အသွင်အပြင်ကလည်း ဆိုင်ဝန်ထမ်းများကို အံ့အားသင့်စေသည်။

ကျွန်ုပ်သည် အရက်နှစ်မန်ခွက်ကို ဆက်တိုက်မော့ချလိုက်ပြီးသည့် နောက်တွင် ခန္ဓာကိုယ်အနှံ့တွင် အနွေးဓာတ်သည် ပျံ့နှံ့လာခဲ့ပြီး တဓိုက်ဓိုက် တုန်နေသော ခန္ဓာကိုယ် အစိတ်အပိုင်းများသည် တည်ငြိမ်လာသည်။ ခန္ဓာကိုယ် ၏အပူဓာတ်သည် ရေစိုနေသော အဝတ်များကို အပူပေး၍ ခြောက်သွေ့စေသကဲ့ သို့ ဖြစ်သည်။

ခဏအကြာတွင် ကျွန်ုပ်သည် ဆိုင်အပြင်ဘက်သို့ထွက်၍ ခန္ဓာကိုယ် အတွင်း သွေးလှည့်ပတ်မှုအားကောင်းစေရန် အတွက် နှစ်ဖာလုံခန့် လမ်းလျှောက် သွားခဲ့သည်။ ကျွန်ုပ်လျှောက်သွားစဉ် နောက်မှ နောက်ယောင်ခံလိုက်နေသူ တစ်ဦးမျှ မရှိသည်ကို တွေ့ရသည်။ 'ကျွန်ုပ်သေပြီ' ဟု သူတို့ ယုံကြည်ထား၍ ဖြစ်ပေမည်။ ထို့ကြောင့် ကျွန်ုပ်သည် ပရင့်ဂျိုဟန်ဟိုတယ်သို့ မပြန်တော့ဘဲ အနီးအနားရှိ စန်ထရယ်ဟိုတယ်တွင် တည်းခိုပြီး 'သေပြီ' ဟူသောအနေအထား ဖြင့် ခေတ္တရုပ်ဖျောက်နေရန် ဆုံးဖြတ်လိုက်သည်။





ဟိုတယ်အခန်းသို့ရောက်ချိန်တွင် တစ်ညနေလုံး ပင်ပန်းနွမ်းနယ်ထား သည့်အတွေ့အကြုံများကြောင့် မျက်ခွံများ စင်းနေအောင် အိပ်ချင်လာသည်။ သို့သော် အိပ်၍ မဖြစ်သေး၊ ဖြစ်ပျက်ခဲ့သမျှသော အခြေအနေများကို ပြန်လည် သုံးသပ်၍ ဆုံးဖြတ်ချက်များ ထုတ်ယူရပေဦးမည်။ သို့မှသာ နောက်တစ်နေ့ ကျွန်ုပ် ဆက်လက်လှုပ်ရှားရမည့် လမ်းကြောင်းများကို တွေ့ရှိနိုင်မည်ဖြစ်သည်။ အဓိက စဉ်းစားရမည့် ပြဿနာမှာ ကျွန်ုပ် ဘာကြောင့် ဆက်လက်အသက်ရှင် ကျန်တည်နေနိုင်သနည်းဟူသော အချက်ဖြစ်သည်။ အိပ်ရာပေါ်တွင် ပက်လက် လှန်လဲလျောင်းယင်း ထိုပြဿနာနှင့် ပတ်သက်၍ မှန်းဆချက်အမျိုးမျိုးကို ထုတ် ယူကြည့်ခဲ့သည်။

မှန်းဆချက် (တစ်) ..... ။ အစောင့်များသည် အမိန့်ပေးထားသည့် အတိုင်း ကျွန်ုပ်ကို ကားဖြင့် ခေါ်ဆောင်လာပေမည်။ ဂရန်းဝေါတံတားပေါ်သို့ အရောက်တွင် ကျွန်ုပ်အား ကားထဲမှ ထုတ်ပြီး၊ သေနတ်ဖြင့် ပစ်ရန် အသင့်ပြင် ကြလိမ့်မည်။ ထိုစဉ် ရဲပတ္တရောင်ကား သို့မဟုတ် တစ်စုံတစ်ခု အနှောင့်အယှက်ဝင် လာခဲ့သဖြင့် သေနတ်ဖြင့် မပစ်တော့ဘဲ ဒီအတိုင်းရေထဲသို့ ပစ်ချလိုက်ခြင်းဖြစ် ပေမည်။ သတိလစ်နေသော ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီးကို ကားထဲသို့ ပြန်သွင်း သည်ကို ရဲများက မြင်သွားမည့်အန္တရာယ်ထက် ရေထဲသို့ ပစ်ချခြင်းကြောင့် ပေါ်ထွက်လာမည့် ဝုန်းဟူသောအသံကို ကြားသွားမည့်အန္တရာယ်က ပို၍ သက် သာနိုင်သည်ဟု သူတို့ တွေးထင်ပုံရသည်။ အစောင့်များသည် အမိန့်ကို တိကျစွာ ဆောင်ရွက်ပြီးဖြစ်သည်ဟုပင် သတင်းပို့ပေလိမ့်မည်။ တစ်ဘက်တွင် ထိုသို့ လိမ် သည့်သတင်းပို့ခြင်း မပြုပါက သူတို့အတွက် အပြစ်ပေးခံရမည့် အန္တရာယ် လည်း ရှိနေသည်။

မှန်းဆချက် (တစ်) သာမှန်ကန်မည်ဆိုပါက 'ကျွန်ုပ်သေပြီ' ဟူ၍ အော့တိုဘားက ယုံကြည်နေမည်ဖြစ်သည်။ ကျွန်ုပ်ဘဝသည် ဇာတ်သိမ်းသွား ပြီဖြစ်၍ သူတို့သည် ထုံးစံအတိုင်း 'စာရင်းပိတ်' ၍ ကျွန်ုပ်နှင့်ပတ်သက်သမျှ အားလုံးကို မေ့ပျောက်ပစ်လိုက်ပြီး ဖြစ်ပေလိမ့်မည်။ ဤအယူအဆကို ထောက်ခံ အားဖြည့်ပေးသည့် လက်တွေ့အခြေအနေမှာ ကျွန်ုပ်နောက်သို့ နောက်ယောင်ခံ လိုက်နေသူများ မရှိခြင်းပင်ဖြစ်သည်။

မှန်းဆချက် (နှစ်) ..... ။ အော့တိုဘားသည် ကျွန်ုပ်ကို နှစ်ဆင့်လိမ် နည်းဖြင့် လှည့်စားလိုက်ခြင်း ဖြစ်ပေမည်။ ကျွန်ုပ်သေပြီဟူသော ယူဆချက်ကို သူယုံကြည်သွားပြီဟု ကျွန်ုပ်အနေဖြင့် ထင်မြင်နေစေရန် သူက လိုလားပုံရပေ သည်။ သို့မှသာ ကျွန်ုပ်သည် လူမြင်ကွင်းတွင် ဖြောင့်လှုပ်ရှားသည့်နည်းကို စွန့်လွှတ်ပြီး လျှို့ဝှက်လှုပ်ရှားနည်းကို ပြောင်းလဲကျင့်သုံးလာပေမည်။ သို့မှသာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်ဌာနခွဲ၏ တည်နေရာကို သူတို့ သိရှိနိုင်ပေမည်။ ထိုအစီအစဉ်
အကောင်အထည်ဖော်ရေးအတွက် သူသည် အစောင့်များကို ကျွန်ုပ်အား တကက
မသတ်ရန် ကျိတ်၍ အမိန့်ပေးခဲ့ပေမည်။ ထိုအမိန့်အရ အစောင့်များသည် ကျွ
အား ရေထဲတွင် ခုတ္တနစ်လိုက်ပြီး သတိမရသည့်အနေအထားဖြင့်ပင် ကမ်း
တွင် ချထားခဲ့ခြင်း ဖြစ်ပေမည်။ သို့မှသာ ကျွန်ုပ်အနေဖြင့်လည်း သူတို့က ရေထဲ
ပစ်ချခဲ့သော်လည်း ရေနှင့်ထိတွေ့၍ သတိပြန်လည်ပြီး ကမ်းသို့ရောက်အော
ကူးခတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ပေလိမ့်မည်။ ကမ်းစပ်သို့ရောက်မှ ဖြ
လည်သတိလစ်သွားခြင်း ဖြစ်လိမ့်မည်ဟုလည်း ကျွန်ုပ်က ယုံကြည်ပေလိမ့်မည်
အမိန့်အတိုင်း ဘာကြောင့်သေနတ်ဖြင့် မပစ်ခဲ့သနည်း ဟူသောအချက်နှင့် ထ
သက်၍မူ မှန်းဆချက်တစ်တွင် ဖော်ပြသည့်အတိုင်း ကျွန်ုပ်က တွေးထင်လိမ့်မ
ဟု သူတို့ မျှော်လင့်ထားပုံရသည်။ ထိုသို့မဟုက်ပါကလည်း အသေအချာ သေ
ဝင်ရတော့မည်ဟု သိထားသူတစ်ဦးအနေဖြင့် သူသိထားသည့်အတိုင်း ဖြစ်မထ
ဘဲ ဆက်လက်အသက်ရှင်ခွင့် ရှိနေသည်ဟု တွေ့ရှိရပါက ဤအချက်လောက်
ရေးကြီးခွင်ကျယ်လုပ်၍ စဉ်းစားမနေလောက်အောင် မျော်လ်ငမှုမျိုးကို ရရှိလာလိ
မည်ဟု သူတို့ မျှော်လင့်ထားပုံရသည်။

ဤမှန်းဆချက်နှစ်ရပ်စလုံးကို အားနည်းစေသည့်အချက်မှာ သူ
သည် ကျွန်ုပ်၏ ဌာနခွဲရုံး၏ တည်ရာနေရာကို သိလိုပါက ကျွန်ုပ်နောက်
နောက်ယောင်ခံလိုက်မည့်သူများ မထားဘဲ မဖြစ်နိုင်ပေ။ ယခုမူ ထိုသို့ မရှိ။

မှန်းဆချက် (သုံး) ....။ အောတိုဘားက ဆေး၏အစွမ်းဖြင့် ရေ
နိုင်ခြင်း မရှိသည်ကို သေခြင်းအန္တရာယ်ဖြင့် ခြိမ်းခြောက်၍ ရယူရန် တစ်
လှည့်၍ ကြိုးပမ်းခြင်း ဖြစ်ပေမည်။ ထိုသို့ ခြိမ်းခြောက်ရာတွင် ထိရောက်စေ
အတွက် ကျွန်ုပ်၏ စိတ်အတွင်းက ရရှိခဲ့သော နာဇီအကျဉ်းစခန်း အတွေ့အ
များကို ကောင်းစွာ အသုံးချခဲ့ခြင်း ဖြစ်ပေမည်။ သူသည် နာဇီလူသတ်သ
တစ်ဦး၏ ပုံစံအတိုင်း ဘိငန်းတမ်းလျှောက်နည်းဖြင့် ကျွန်ုပ်ထံ လျှောက်လာခဲ့
ကျွန်ုပ်က သူ့အချိန်ကို ဖြုန်းခဲ့၍ ခွင့်မလွှတ်နိုင်ကြောင်းကိုလည်း မာစ်တလာ
ပုံစံအတိုင်း ကျွန်ုပ်မျက်နှာကို စူးစူးရဲရဲကြည့်၍ ပြောခဲ့သည်။ ထို့နောက် အစော
များထံသွားပြီး အသံကို မမြင့်သော်လည်း ကျွန်နေရာမှ ကြားလောက်သောအ
ဖြင့် အမိန့်ပေးခဲ့သည်။ ဤနည်းအားဖြင့် ကျွန်ုပ်အတွက် သေဒဏ်ကို ကျွ
ကြားလောက်အောင် တမင် ဖန်တီးပြောဆိုခဲ့ခြင်းဖြစ်သည်။ လူတို့တွင် ရဲ
သတ္တိအမျိုးမျိုးရှိရာ မြင့်မားသော တောင်ကမ်းပါးယံတွင် တည်ငြိမ်စွာ ရပ်နေ
သူသည် မြေကို လက်ဖြင့်ကိုင်ရန် ကြောက်တတ်သည်။ လှိုင်းလေခက်ထန်သေ
သမုဒ္ဒရာပြင်ကျယ်ကို ဖြတ်သန်းနိုင်စွမ်းရှိသူသည်လည်း သွေးတစ်စက်ကို မြ





ဖြင့် သတိလစ်သွားတတ်သည်။ သို့ဖြစ်ရာ ခြေလက်များလွှတ်လပ်နေချိန်တွင်
နတ်ကိုင်ထားသူများ အပါအဝင်လူ ၅ ဦးကို ရင်ဆိုင်ရန် ဆုံးဖြတ်ရဲလောက်
ောင် သတ္တိကောင်းသူသည် ခြေလက်များ တုပ်နှောင်ခံနေရပြီး မိမိ စကန်
ပွဲဝင်ရမည့် အခြေအနေ အသေးစိတ်ကို သိလာပါက သတ္တိကြောင်သွားနိုင်
ည်ဟုလည်း အောတိုဘားက မျှော်လင့်ထားပုံရသည်။

မှန်းဆချက် (တစ်) နှင့် (နှစ်) တို့တွင် အောတိုဘားသည် အခြား
သူကင်းရှင်းသည့် နေရာများ အမြောက်အများရှိပါလျက် ဘာကြောင့် ဂရန်း
ဝါတံတားကို ရွေးချယ်ခဲ့သည်ဟူသော အချက်မှာ စဉ်းစားဖွယ်ရာ ဖြစ်ခဲ့သည်။
သော် မှန်းဆချက် (သုံး) တွင် ထိုအချက်မှာ အဖြေထွက်ပြီးဖြစ်သွားသည်။
န်ုပ်ကို နောက်ဆုံးခြိမ်းခြောက်သည့်နည်းကို ကျင့်သုံးရာတွင် အောတိုဘား
ည် ဂရန်းဝေါတံတားကို ရည်ရွယ်ချက်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပေမည်။ ကင်း
၊ လင်း(စ်)ဒေး၊ ဂျူးသည် ထိုတံတားတွင်ပင် အသတ်ခံခဲ့ရပေရာ ဤတံတား
အမည်ကို ကျွန်ုပ်ကြားအောင် ထုတ်ပြောခြင်းဖြင့် ကျွန်ုပ်၏ ကြောက်စိတ်ကို
ကြီးမားအောင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မှန်းဆချက်သုံးရပ်တွင် ဒုတိယမှန်းဆချက်သည် လက်ခံချင်စဖွယ်
သည်။ ထိုမှန်းဆချက်ကို မှန်းဆချက် (သုံး) နှင့် ဆက်စပ်၍ အဓိပ္ပာယ်
ကောက်ယူ၍လည်း ရနိုင်သည်။ ထိုနှစ်ခုကို ပေါင်းစပ်၍ အဓိပ္ပာယ်ကောက်ယူပါ
သူသည် ကျွန်ုပ်စကားပြောလာအောင် နောက်ဆုံးခြိမ်းခြောက်ကြည့်သည်။
အောင်မြင်သဖြင့် သတ်ပစ်ဟန်ဆောင်ပြီး ရေကန်စပ်တွင် ထားခဲ့သည်။ ဤသို့
 ကျွန်ုပ်၏ ဌာနခွဲတည်ရှိရာ နေရာကို သိအောင်ကြိုးပမ်းခြင်းဖြစ်သည်' ဟူ
ာ အဓိပ္ပာယ်ထွက်သည်။ သို့သော် မှန်းဆချက်များ မှန်ကန်ပါက သူတို့
ုပ်လျှင် မဖြစ်သည့် နောက်ဆက်တွဲအလုပ်တစ်ခုပဲ ရှိနေသည်။ သူတို့သည်
ုပ်နောက်သို့ နောက်ယောင်ခံလိုက်မည့်သူများ မထား၍ မဖြစ်ပေ။ ယခုထိုသို့
ားရှိခြင်းက ယင်းမှန်းဆချက်နှစ်ခုစလုံးကို အားနည်းစေသည်။ သို့ဖြစ်ရာ
ုပ် သေသွားပြီဟု သူတို့ ယုံကြည်နေပြီ" ဟူသော ပထမ မှန်းဆချက်ကို
ခံသည့် ကောက်ချက်ကိုသာ ဆွဲယူရပေတော့မည်။

အဖြေတခုကို ထုတ်၍ ကောက်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆွဲပြီး
ည်နှင့် တစ်ပြိုင်တည်း ကျွန်ုပ်၏ ထိန်းချုပ်ထားသော စိတ်အာရုံသည် ကြိုးဖြေ
လျှော့ပေးလိုက်သည့်ပမာ ပေါ့ပါးလွတ်လပ်သွားပြီး မှောင်မိုက်သော
င်းကင်ပြင်သို့ ပျံတက်သွားပေတော့သည်။

နံနက် အိပ်ရာမှ နိုးလျှင်နိုးချင်း ပထမဆုံး ကျွန်ုပ်ဆောင်ရွက်ခဲ့သည့်အလုပ်
ာ ရဲဌာနသို့ ဖုန်းဆက်၍ အညီရောင်ပေါ(စ်)ဝဇ်ဘွန်းကားတစ်စီးကို ဂရန်း



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်တံတားအနီးတွင် မသက်ာဖွယ်တွေ့ရှိရကြောင်း သတင်းပို့လိုက်ခြင်းပင် ဖြစ်သည်။ အကယ်၍ ဖီးနစ်(စ်)ဂိုဏ်းက ကားကိုစောင့်ကြည့်နေသည့် အစီအစဉ် ရှိပါက ထိုကားကို ရဲများလာရောက်သိမ်းယူသည်ကိုသာ တွေ့ကြရမည်ဖြစ်ပြီး ကျွန်ုပ် ယူသည်ကို တွေ့ကြရမည် မဟုတ်ပေ။ ကျွန်ုပ်သည် 'သေပြီ' ဖြစ်နေပေပြီ။

နံနက်စာစားပြီးသည်နှင့် ဟိုတယ်အနီးရှိ ဟာဇ်ကား အငှားဌာနသို့ သွားရောက်ပြီး ဘီအမ်ဒဘလျူ ၃၅၀၀ ကားတစ်စီးကို ငှားလိုက်သည်။ ထို့နောက် ခရီးဆောင်သေတ္တာတစ်လုံးကိုလည်း ဝယ်လိုက်သည်။ ဟိုတယ်သို့ ပြန်ရောက်ချိန်တွင် ကျွန်ုပ်သည် ဟိုတယ်ဝန်ထမ်းများ၏ အမြင်တွင် အထက်တန်းကျသော ကမ္ဘာလှည့်ခရီးသွားတစ်ဦး၏ ပုံစံနှင့်သဏ္ဌာန်ကို ရရှိနေပြီဖြစ်သည်။

ညနေပိုင်းတွင် ကျွန်ုပ်သည် အင်္ဂါနေ့ထိုင်ရာ ဝီလ်မာ(စ်)ဒေါ့ ရပ်ကွက်သို့ ဦးတည်ထွက်ခဲ့သည်။ ကျွန်ုပ်ယခုထိ နားလည်နိုင်စွမ်းမရှိသေးသောအတွင်း ဆေးဆော်အားတစ်ခုက ကျွန်ုပ်၏ ခြေဦးကို ထိုနေရာဘက်သို့ အလိုအလျောက် လှည့်လာအောင် ဖန်တီးပေးခဲ့သည်။ ဤဆေးဆော်အားကို တုန့်ပြန်တားဆီးရန် ကျွန်ုပ် သတ္တိပင် မရခဲ့ပေ။

(၁၄)

သူမသည် ကျွန်ုပ်အတွက် အရက်ခွက်များကို ပြင်ဆင်လျက်ရှိသည်။ ခွက်များထဲတွင် လီမွော်အခွံကလေးများမှာ လှပစွာ ပေါလောပေါ်လျက် ရှိနေသည်။ ကျွန်ုပ်တို့နှစ်ဦးသည် ဧည့်ခန်း၏ ကြမ်းပြင်ပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိပြီး မြတင်းပေါက်မှ ဖြတ်သန်းလာသော နေရောင်ခြည်သည် ကျွန်ုပ်တို့နှစ်ဦးစလုံးပေါ်တွင် ဖြန့်၍ကျနေသည်။ နေရောင်ခြည်တွင် သူမ၏ ရွှေရောင်ဆံပင်မှာ ဝင်းလက်တောက်ပြောင်လျက်ရှိသည်။ အခန်းတစ်ခုလုံးတွင် မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ သူမ၏ ခန္ဓာကိုယ် လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်တိုင်း အဝတ်အစားနှင့် သူမ၏အသားပြင်များ ပွတ်တိုက်သည့်အသံကိုပင် ကြားနေရသည်။ သူမသည် မကြာခဏ ခြေထောက်များကို လှုပ်ရှားပြောင်းရွှေ့နေရာ ထိုလှုပ်ရှားမှုများကိုကြည့်၍ ကျွန်ုပ် စိတ်ကြည်နူးမှုရစေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ကျွန်ုပ် နားလည်လိုက်သည်။ သူမသည် ကျွန်ုပ်၏ စိတ်ခံစားချက်အခြေအနေကို ကောင်းစွာသိနေသကဲ့သို့ သူမ၏ စိတ်ခံစားချက်များကိုလည်း ကျွန်ုပ် မသိအောင် ထိန်းချုပ်ကွယ်ဝှက်ရန် မကြိုးစားခဲ့ပေ။

"ကျွန်မဟာ တစ်ခါတလေမှာ လူသတ်ဖူးတဲ့ လူတွေကို သူတို့မျက်နှာမြင်တာနဲ့ သိနိုင်တယ်။ ရှင်ဟာ အဲဒီလို လူမျိုးဆိုတာ ကျွန်မ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်"

"ကျွန်မ ဆိုလိုတာက စစ်ပွဲအတွင်းမှာ သတ်ခဲ့တာမျိုးကို ပြောတာ မဟုတ်ဘူး"

"ဟုတ်ပါတယ်။ ကိုယ်ကလဲ ဒါကိုပဲ ဝန်ခံနေတာပါပဲ"

"အဲဒီအလုပ်မျိုးလုပ်တဲ့အခါမှာ ဘယ်လိုခံစားရသလဲ"

"အို၊ စိတ်ပျက်စရာကြီးပါ"

"စိတ်လှုပ်ရှားမှု အရသာမျိုး မခံစားရဘူးလား"

"ကိုယ်ဟာ ဒီလုပ်ငန်းမျိုးကို စိတ်အရသာခံဖို့လုပ်တာ မဟုတ်ဘူး။ သူ့ဘက်ကိုယ့်ဘက်၊ ဘက်နှစ်ဖက်ဟာ သေရေးရှင်ရေးအတွက် လုကြတဲ့အခါမှာ လုပ်ရတဲ့လုပ်ငန်းမျိုးပဲ။ စိတ်ပျက်စရာကောင်းတာကတော့ မြန်ရင်မြန်၊ မမြန်ရင် ခံရမယ့် အလုပ်မျိုးဖြစ်လို့ပဲ"

သူမ၏ မေးခွန်းများက သူမ၏စိတ်ဓာတ်ကို ဖော်ပြနေသည်။ သူမ၏ ဘဝတွင် လူသတ်ခဲ့သည့်သူများကို မကြာခဏ မြင်တွေ့ခဲ့ရသဖြင့် ထိုသူများ အပေါ် စိတ်ဝင်စားနေခြင်းဖြစ်သည်။ သူမသည် ဘာလင်စစ်ရာဇဝတ်ကောင်များ စစ်ဆေးရေးခုံရုံးသို့ အမြဲသွားရောက်ခဲ့ခြင်းမှာ လူသတ်ခဲ့သူများ၏ အပြုအမူများကို လေ့လာကြည့်ရန် ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့နှစ်ဦးသည် ဟာစ်တလာ၏ခြံကြီးအတွင်းမှ ဖြစ်ရပ်များ အကြောင်းကို ဆက်၍ ပြောကြသည်။ သူမသည် ထိုအကြောင်းများကို ပြောရသည်ကို ထူးခြားစွာ အရသာတွေ့နေပုံရသည်။ သို့သော် ကျွန်ုပ်အတွက်မှာမူ ခံစားချက်တစ်မျိုးရှိနေသည်။ သူမပြောနေသောအရေးကိစ္စများသည် ချစ်ရေးကိစ္စများအတွက် အစပျိုးစကားများ မဟုတ်၊ ဆက်စပ်၍ ရနိုင်သည့် အခြေအနေပင် မရှိ။

သူမ၏ ငယ်စဉ်ဘဝအခြေအနေများအကြောင်းကို ပြောနေစဉ် သူမ၏ လက်များသည် တုန်ယင်လျက်ရှိသည်ကို ကျွန်ုပ် သတိထားမိလိုက်သည်။ သို့သော် သိသိသာသာ တုန်ယင်နေခြင်း မဟုတ်။ သူမ ဝတ်ဆင်ထားသော လက်ကောက် တစ်နေရာမှ တွဲလောင်းကျနေသည့် ရွှေကြိုးစကလေး၏ တုန်ခါနေခြင်းကို ကြည့်၍ သာသိနိုင်ခဲ့ခြင်းဖြစ်သည်။ သူမသည် ထိုအကြောင်းအရာများကို ကြာရှည်စွာ ဆက်မပြောနိုင်တော့။ စကားစကို ဖြတ်လိုက်ပြီး ဆက်ခနဲ မတ်တပ်ရပ်၍ သူမ၏ အိပ်ခန်းအတွင်းသို့ ခပ်သွက်သွက် လျှောက်၍ ဝင်သွားသည်။ အခန်းတွင်းမှ သူမပြန်ထွက်လာချိန်တွင်မူ သူမ၏ခန္ဓာကိုယ်တွင် မူလဝတ်ထားသော အဝတ်အစားများ မရှိတော့။ ဒိုးယိုပေါက်မြင်နိုင်သော ပါးလွှာသည့် ညဝတ်အင်္ကျီကို ဝတ်ဆင်ထားသည်ကို တွေ့လိုက်ရသည်။





မနေ့က ခံစားခဲ့ရသော အမိုင်တဲလ်ဆေး၏ ပြန်လည်တန်ခိုးပြမှုကြောင့် အာရုံများယွင်းခြင်းလော၊ တကယ့်ဖြစ်ရပ်၊ တကယ့်အာရုံလော။ မိမိကိုယ်မိမိ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သည်။

ကျွန်ုပ်သည် ကြက်သေသေပြီး သူမကို ကြည့်နေစဉ်အတွင်း ရှေ့ဘက်မှ တံခါးခေါင်းလောင်း နှိပ်သံကို ကြားလိုက်ရသည်။ သူမ တံခါးဆီသို့ သွားပြီး တံခါးကို ဖွင့်လိုက်သည့်အခါတွင် တံခါးဝ၌ အော့တိုဘား ခါးထောက်၍ ရပ်နေသည်ကို ကျွန်ုပ် လှမ်းမြင်လိုက်သည်။

မနေ့ညက ဂရန်းဝေါတ်တားမှ ထွက်ခွာလာသည့်အချိန်မှစ၍ စဉ်းစားတွေးခေါ်မှုများသည် မှားယွင်းခဲ့သည်။ ထိုနေ့ညနေစောစောပိုင်းက အမိုင်တဲလ်ဆေး၏လွှမ်းမိုးမှုအောက်တွင် ကျွန်ုပ်သည် အင်ဂါအကြောင်းကို အိပ်မက်ပမာ စိတ်ကူးယဉ်ခဲ့သည်။ စိတ်ကူးယဉ်ခဲ့သည့်အတိုင်းလည်း ပါးစပ်မှ 'အင်ဂါ' အကြောင်းကို သူတို့အား ထုတ်ပြောခဲ့သည်။ ဖီးနစ်(စ်)ဟူသော အမည်ကိုလည်း ထုတ်ပြောမိခဲ့သည်။ ဤထုတ်ဖော်ချက်များကို အခြေခံ၍ ကျွန်ုပ်နှင့်အင်ဂါတို့၏ ဆက်ဆံရေး အခြေအနေကို သူတို့ ခန့်မှန်းယူနိုင်ပေသည်။

ယခုပြန်လည်စဉ်းစားကြည့်သည့်အခါတွင်မှ မနေ့ညက အမိုင်တဲလ်ဆေးအရှိန်ပြေစအချိန်တွင် အော့တိုဘားနှင့် ဒေါက်တာဖေဘီယန်တို့ နှစ်ဦးချင်း ပြောနေသည့်စကားရပ်များသည် ကျွန်ုပ်၏ခေါင်းထဲတွင် အစီအရီပေါ်၍လာသည်။ ထိုစကားများကို ထိုစဉ်က အာရုံ၏မကြည်လင်မှုကြောင့် သဲသဲကွဲကွဲ နားမလည်ခဲ့သော်လည်း ယခုပြန်လည် စဉ်းစားကြည့်ရာတွင်မူ ကြည်လင်ပြတ်သားလာသည်။

"ကျုပ်တို့ ဒီအတိုင်းတော့ သူ့ကိုစကားပြောအောင် လုပ်နိုင်မှာ မဟုတ်တော့ဘူး"

ဖေဘီယန်က ကျွန်ုပ်အား မည်သို့မျှ စစ်မေး၍မရသည့်အဆုံးတွင် အော့တိုဘားဘက်သို့ လှည့်ပြောလိုက်သည်။

"ဒါဖြင့် ကျုပ်တို့ အထူးနည်းကိုပဲ သုံးရတော့မှာပေါ့"

"ကျွန်တော့်အထင်တော့ သုံးဖို့မလိုဘူးလို့ ထင်တယ်။ ဒီနည်းကို သုံးရင် ကျုပ်တို့သာ ဆုံးရှုံးစရာရှိတယ်။ သူဟာ ဖွဲ့ရှိတဲ့လူဖြစ်လို့ ဘယ်လောက်ပဲ ညှဉ်းပန်းနှိပ်စက်ပေမယ့် ပြောမဲ့လူမျိုး မဟုတ်ဘူး။ ပြောပါကလဲ အခြေအနေသိပ်ဆိုးတဲ့ အချိန်ကျမှ ပြောမှာဖြစ်တဲ့အတွက် ရှေ့နောက်ညီတဲ့ အချက်အလက်တွေ ရမှာ မဟုတ်ဘူး။ ပြီးတော့ နောင်မှာ သူ့ကို ဆက်သုံးဖို့အတွက် လိုအပ်သေးတဲ့ အတွက် သူ့ကို သေသွားလောက်အောင် လုပ်လို့လဲ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှေ့ဘာဆက်လုပ်သင့်တယ်ဆိုတာ ကျွန်ုပ်ကို အကြံပေးပါ"

"သူ့ပါးစပ်က အင်ဂါလို့ ပြောလိုက်တဲ့အခါမှာ ခင်ဗျားမျက်နှာမှာ ထူးခြားတဲ့စိတ်ဝင်စားမှု အရိပ်အရောင်တွေ ပေါ်လာတာ ကျုပ်သတိထားမိလိုက်တယ်။ သူမကို သိသလား၊ သူမဟာ ဘယ်သူလဲ"

"ဒီဂိုဏ်းက ထွက်သွားတဲ့ အဖွဲ့ဝင်တစ်ဦးပဲ"

"သူမ ဘယ်မှာနေတယ်ဆိုတာ သိသလား"

"သိတာပေါ့"

"ဒါဖြင့် သူ့ကို သူမ ဆီသွားအောင် လုပ်ကြတာပေါ့။ သူဟာ အမိုင်တဲလ် ဆေးရိုန်တက်နေစဉ်က စိတ်ကူးခဲ့တာတွေကို သတိပြန်လည်လာတဲ့အချိန်မှာ လက်တွေ့လုပ်မှာ သေချာတယ်။ သူ့ရဲ့ ရူးမှုက်ဖောကလဲ အဲဒီနေရာကို ရောက်အောင်တွန်းပို့လိမ့်မယ်။ သူအဲဒီနေရာကို သွားလိုတဲ့စိတ်ပိုပြီး ပြင်းပြအောင် ကျုပ်တို့က ဖန်တီးပေးရမယ်။ ကင်းနက်၊ လင်းစဒေး၊ ဂျုံးနဲ့ ရော့(သ်)စတိန်းတို့အကြောင်းကို သူထုတ်ပြောခဲ့တာတွေဟာ သူ့ရဲ့သေရမှာ ကြောက်တဲ့စိတ်ကို အထင်အရှားပြနေတယ်။ အဲဒီစိတ်ကို ကျုပ်တို့ အခွင့်ကောင်းယူပြီး အသုံးချရမယ်။ အကောင်းဆုံးကတော့ သူသေရတော့မယ်ဆိုတဲ့အချက်ကို နှစ်နှစ်ကာကာ သူယုံကြည်အောင် သရုပ်ပါပါလုပ်ပြဖို့ပဲ၊ ဒီနောက်မှာ တကယ်မသေဘူးဆိုတဲ့ အသိကိုရအောင် လုပ်ပေးလိုက်ရမယ်။ အဲဒီထူးခြားတဲ့ အတွေ့အကြုံက သူ့ကို ကိုင်လှုပ်လိုက်သလိုဖြစ်ပြီး သူ့ရဲ့ ဘဝရှင်သန်လိုစိတ်တွေဟာ တဟုန်ထိုး မြင့်တက်လာလိမ့်မယ်။ အဲဒီစိတ်ဓာတ်နဲ့အတူ လောဘရမ္မက်နဲ့ တပ်မက်စိတ်တွေလဲ ရှင်သန်အားကောင်းလာလိမ့်မယ်။ ဒီအခြေအနေတွေဖြစ်လာတဲ့အခါမှာ သူဟာ သူမဆီကို တန်းတန်းမတ်မတ်သွားမှာ သေချာတယ်"

"ကျုပ်တော့ ခင်ဗျားရဲ့အယူအဆကိုသိပ်ပြီး ဘာဝင်မကျချင်ဘူး"

"ကျုပ် ပြောတာကိုယုံပါ။ ဟားအော့တိုဘား၊ ကျုပ်ဟာ လူ့စိတ်ရဲ့ ဒီလိုသဘာဝမျိုးကို စစ်အတွင်းက ကောင်းကောင်းလေ့လာသိရှိခဲ့ဖူးတယ်။ ဒါ ချောနဲ့နက်ဇ်ဝေလာအကျဉ်းစခန်းတွေမှာ အကျဉ်းသားတချို့ကို စစ်မေးတဲ့အခါ ဒီနည်းကို ကောင်းကောင်းသုံးကြည့်ခဲ့ဖူးတယ်။ ပထမ သူတို့ အသတ်ခံရတော့မယ် ဆိုတဲ့အချက်ကို သူတို့ နက်နက်နဲနဲ ယုံကြည်အောင်လုပ်လိုက်တယ်။ သူတို့ စိတ်ထဲမှာ အဲဒီယုံကြည်ချက်အသားကျသွားအောင် ၃ – ၄ ရက်အချိန်ပေးထားလိုက်တယ်။ ဒီနောက်မှာ တကယ်သတ်တော့မယ့်ပုံစံမျိုး လုပ်ပြလိုက်တယ်။ နောက်ဆုံး လက်မတင်အချိန်ကလေးကျမှ သတ်မိန့်ကို ရုပ်သိမ်းတဲ့အထက်အမိန့် လာတယ်လို့ပြောလိုက်ပြီး သတ်မယ့်အစီအစဉ်တွေကို ချက်ချင်း ရုပ်ဆိုင်းလိုက်





တယ်။ အဲဒီနောက်မှာ သူတို့ကို အမျိုးသမီးစစ်မေးသူတစ်ဦးနဲ့ နှစ်ဦးချင်းတွေ့ဆုံခွင့်ပေးလိုက်တဲ့အခါမှာ ရင်ထဲရှိသမျှ အကုန်ပြောတော့တာပဲ"

ဤစကားများကို ပြန်လည်ကြားယောင်လာသည်နှင့်အမျှ ကျွန်ုပ်၏ အတွေးအခေါ်များ မှားယွင်းမှုကို ဒေါသဖြစ်လာခဲ့သည်။ သူတို့သည် ကျွန်ုပ်နောက်သို့ နောက်ယောင်ခံလိုက်မည့် သူများတာဝန်ချထားရန် မလိုအပ်ပေ။ ကျွန်ုပ်မည်သည့်နေရာသို့ သွားမည်ဟူသော အချက်ကို သူတို့ ကြိုတင်သိပြီး ဖြစ်နေသည်။

▣

အော့တိုဘားသည် အခန်းအလယ်တွင် ရပ်လျက်ရှိသည်။ သူနှင့်အတူ အစောင့် ၃ ဦး ပါလာသည်။ တစ်ဦးသည် အခန်းတံခါးမကြီးနားတွင် စောင့်မျှော်လျက်ရှိပြီး၊ တစ်ဦးက အင်ဂါ၏ အိပ်ခန်းဝတွင် စောင့်နေသည်။ ကျန်တစ်ဦးကမူ ကျွန်ုပ်၏ နောက်ဘက်ရှိ ရေချိုးခန်းအဝတွင် စောင့်နေသည်။

ကျွန်ုပ်သည် အင်ဂါဘက်သို့လှည့်၍ အကဲခတ်လိုက်သည်။ သူမ၏ မျက်နှာတွင် ကြောက်စိတ်သည် အထင်းသား ပေါ်နေသော်လည်း လွန်လွန်ကဲကဲ ကြောက်နေသည့် အနေအထားမျိုး မဟုတ်။ ဣန္ဒြေဖြင့် ဟန်မပျက်ရပ်တည်နိုင်စွမ်းရှိသည်။ သူမသည် ထိုသူများ မည်သူတို့ဖြစ်ကြောင်း ကောင်းကောင်း သိနေသည်။

"မင်းဟာတို့ကို စွန့်ခွာမသွားသင့်ဘူး။ ပိုပြီးအရေးကြီးတာက မင်းဟာတို့ရဲ့ရန်သူနဲ့ တိုင်ပင်နှီးနှောတဲ့အလုပ်မျိုး မလုပ်အပ်ဘူး။ မင်း သူ့ကို ဘယ်လောက်ပြောပြီးပြီလဲ"

အော့တိုဘားက သူမအား ပြောလိုက်ခြင်း ဖြစ်သည်။

"ဘာမှမပြောပါဘူး"

ကျွန်ုပ်က ကြားဝင်၍ ပြောလိုက်သည်။

အော့တိုဘားသည် ကျွန်ုပ်ဘက်သို့ တစ်ချက်မျှ လှည့်မကြည့်ဘဲ သူမကို စူးစိုက်ကြည့်လျက် –

"သူကရော မင်းကို ဘယ်လောက်ပြောပြီးပြီလဲ"

"သူဟာ ရန်သူ မဟုတ်ပါဘူး။ သူဟာ ကြက်ခြေနီလုပ်ငန်းကို လုပ်နေတဲ့သူ ဖြစ်တယ်"

နောက်ဆုံးတွင်မှ အော့တိုဘားသည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်ပြီး–

"ကဲ အခြေအနေကတော့ ခင်ဗျား သိတဲ့အတိုင်းပဲ၊ ခင်ဗျားကို ကျုပ်တို့ ဘာမှ မလုပ်ပါဘူး။ ဒါပေမယ့် ခင်ဗျားဟာ ကျွန်တော်တို့ လိုချင်တဲ့အရာကို ပေးဘဲနေလို့တော့ မရဘူး။ ဒါကြောင့် အခြေအနေကို ခင်ဗျားဘက်မှ မှန်မှန်ကန်



www.burmeseclassic.com

www.burmeseclassic.com



ထန် လက်ခံတုန့်ပြန်မယ်ဆိုရင်တော့ အချိန်ကုန်သက်သာပြီး ဝေ့ဒနာခံစားရမှုလဲ နည်းနိုင်မှာပဲ"

"ခင်ဗျား မေးချင်မေးလေဗျာ၊ ဒါပေမယ့် မေးချင်တဲ့မေးခွန်းအားလုံးကို တစ်ခါတည်းမေးပါ။ ဒါမှလဲ ကျုပ်က အဆက်အစပ်ကို စဉ်းစားပြီး ဖြေနိုင်မှာ ပေါ့။ ဒါဟာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ကြားမှာ နားလည်မှုတစ်ခု ယူတာပေါ့"

အမှန်မှာ ဤအစီအစဉ်ကို တင်ပြခြင်းမှာ ကျွန်ုပ်က မေးခွန်းတစ်ခုမျှ မမေးဘဲ သူ့ဆီက အဖြေများကို ရရှိရန် ဦးတည်ခြင်းဖြစ်သည်။ သူမေးမည့် မေးခွန်းတစ်ခုချင်းက သူ ကျွန်ုပ်တို့အကြောင်းမည်မျှသိ၍ မည်မျှမသိသည်ကို ဖော်ပြပေလိမ့်မည်။

သူသည် ကျွန်ုပ်ကို စိုက်ကြည့်လျက် ရှိနေသကဲ့သို့ ကျွန်ုပ်ကလည်း သူ့ကို စိုက်ကြည့်နေသည်။ သူနှင့် ကျွန်ုပ် နှစ်ဦးစလုံးသည် အခြား ကျွန်ုပ်တို့ ကဲ့သို့သောသူများ အများအပြားနှင့် ဆက်ဆံဖူးသည့် အတွေ့အကြုံရှိခဲ့သူများ ဖြစ်ကြသည်။ ဓွဲ၊ သတ္တိနှင့် ဉာဏ်ရည်ချင်းပြိုင်ရန် အသင့်ရှိနေကြသူများ ဖြစ် သည်။ ယခု ဤနေရာတွင် သူနှင့်ရင်ဆိုင်နေရသည့် အနေအထားတွင် ကျွန်ုပ် ဘက်မှ နိုင်နိုင်မာမာ လက်ခံထားရမည့် အချက်နှစ်ချက်မှာ သူသည် ကျွန်ုပ်အား ဤနေရာမှ အသက်ရှင်လျက် မည်သည့်နည်းဖြင့်မျှ ပြန်လည်လွှတ်ပေးမည် မဟုတ်ဟူသော အချက်နှင့် သူမေးလိုသည့် မေးခွန်းများကို ဖြေ၍ မပြီးမချင်း သူသည် ကျွန်ုပ်ကို မည်သည့်နည်းဖြင့်မျှ သတ်ပစ်လိမ့်မည်မဟုတ် ဟူသော အချက်များ ဖြစ်သည်။

အော့တိုဘားသည် ကျွန်ုပ်နှင့် တစ်ကြိမ်ရင်ဆိုင်ခဲ့ပြီးသူဖြစ်ရာ သူလို နေသောအရာကို ကျွန်ုပ်ထံမှ လွယ်လွယ်ကူကူ ရနိုင်မည်မဟုတ်ကြောင်း သိ ထားပြီး ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်၏တောင်းဆိုချက်သည် သူ့ဘက်မှ အ အလမ်းမသာဖွယ်ရာရှိပြီး၊ ကျွန်ုပ်မှာလည်း ဤသို့ နားလည်မှုယူရန် တောင်း ခွင့်ရှိသူ မဟုတ်သည်ကို သိသော်လည်း သူသည် ကျွန်ုပ်တင်ပြသော အ အစဉ်အတိုင်း လက်ခံ၍ မေးခွန်းများမေးရန် သဘောတူခဲ့သည်။

"ခင်ဗျားရဲ့လက်ရှိလုပ်ငန်းတာဝန်ဟာ ဘာလဲ၊ စစ်ခုံရုံးတွေမှာ တရား ဖို့ လူတွေထပ်ပြီး ရှာပေးဖို့လား။ ဘာကြောင့် ခင်ဗျားဟာ အကာအကွယ် မယူဘဲ လှုပ်ရှားနေတာလဲ၊ ရှော့(သ်)စတိန်းက ခင်ဗျားကိုပေးမယ်ဆိုတဲ့ သတ ဟာ ဘာလဲ၊ ခင်ဗျား ခု ဘာကို ဦးတည်လှုပ်ရှားနေတာလဲ၊ ဒါကျုပ်မေးချင် မေးခွန်း အားလုံးပဲ"

သူသည် များစွာပါးနပ်သူဖြစ်သည်။ ကျွန်ုပ်တင်ပြသော အစီအစဉ် လက်ခံပြီး မေးခွန်းများ မေးခဲ့သော်လည်း သူသည် ဝှက်ဖဲဖြင့် မေးခွန်းများ





ပြခဲ့ခြင်းဖြစ်သည်။ ဘာလင်ဌာနခွဲရုံး ဘယ်မှာရှိသလဲ၊ ကင်းနက်လင်းစ့အေး၊ မသေမီ ဌာနချုပ်ကို ဘာသတင်းတွေ ပို့ပြီးပြီလဲ၊ ခင်ဗျားတို့အဖွဲ့အစည်း အသီးသီးမှာ တာဝန်ယူနေကြတဲ့ လူတွေရဲ့အမည်တွေက ဘာလဲစသည်ဖြင့် အရေးကြီးသောမေးခွန်းများကို တမင်ချန်ခဲ့ခြင်းဖြစ်သည်။ သူသည် ၁၀၀ ကျပ် ရမည်ဟူသော မျှော်လင့်ချက်ဖြင့် ၂၀ ကျပ်ဖိုးလောက် လိုက်လျောရမည်ကိုပင် တွန့်တိုပြီး ၅ ကျပ်ဖိုးဖြင့် အရယူရန် ကြိုးပမ်းနေသူဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် ကလည်း အခြေအနေကို ကြည့်၍မေးခွန်းများကို ဖြေရန်ဆုံးဖြတ်လိုက်သည်။

"ကဲ၊ ခင်ဗျားရဲ့မေးခွန်းတွေကို ကျုပ် တစ်ခုစီ ဖြေမယ်"

သူက မည်သည့်အမူအရာဖြင့်မျှ တုန့်ပြန်ခြင်းမပြု၊ ကျွန်ုပ် ပေးမည့် အဖြေများကိုလည်း သူယုံကြည်ပုံမရ။

"တစ်အချက်က ကျုပ်ရဲ့ လက်ရှိတာဝန်ဟာ ဖိုးနှစ်(စ်)ဂိုဏ်းကြီး အကြောင်းရနိုင်သမျှ သတင်းစုဆောင်းပြီး ဌာနချုပ်ကို ပို့ပေးဖို့ပဲ"

ထိုအချက်သည် သူသိပြီးသော အချက်ဖြစ်သည်။ ထိုအကြောင်းကို ဖွင့်ပြောခြင်းဖြင့် ကျွန်ုပ်တို့ဘက်မှ ထပ်ဆင့်ဆုံးရှုံးဖွယ်ရာ မရှိ။

"နှစ်အချက်က နောက်ထပ်ရာဇဝတ်ကောင်များ ဖော်ထုတ်ပြီး ခုံရုံး တင်ပေးဖို့ တာဝန်လဲ ကျုပ်မှာ ရှိနေသေးတယ်။ သုံးအချက်က အကာအကွယ် များ မသုံးခြင်းဟာ ကျုပ်ကိုယ်တိုင် လွတ်လွတ်လပ်လပ် လှုပ်ရှားရတာကို နှစ် သက်လို့ဖြစ်တယ်။ ဒါကြောင့် သူတို့ကို ရုတ်သိမ်းပေးဖို့ အေသခွဲရုံးကို ကျုပ်ကိုယ် တိုင် အကြောင်းကြားခဲ့ခြင်း ဖြစ်တယ်။ လေးအချက်က ဒေါက်တာ ရှော့(သ်) စတိန်း ပေးမယ်ဆိုတဲ့အကြောင်း ကျုပ်ဘာမှ မသိဘူး။ ဒီသတင်းနဲ့ ပတ်သက်ပြီး သူ့ခေတ်ခွဲခန်းကို ဝင်စီးတာဟာ တစ်ခုံတစ်ခုကို ကြိုတင်သိထားတာရှိလို့ မဟုတ်လား။ အဲနောက်ဆုံးအချက်ကတော့ ခု ကျုပ်ဆောင်ရွက်ဖို့ ရည်မှန်းတဲ့ အဓိကဦးတည်ချက်ကတော့ ဖိုးနှစ်(စ်)ဂိုဏ်းကို အဓိက ဦးဆောင်မှုပေးနေသူကို ရှင်းလင်းဖို့ ဖြစ်တယ်"

"ခင်ဗျားကို ဖိုးနှစ်(စ်) ဆိုတဲ့အမည်ကို ဘယ်သူကစပြောတာလဲ"

"ဒါလောက်ကြီးတဲ့ အဖွဲ့အစည်းတစ်ခုဟာ ဘယ်လိုလုပ်ပြီး အစဉ်အမြဲ လျှို့ဝှက်ထားလို့ ရပါ့မလဲ"

"သူက ပြောတာလား" အင်ဂါဘက်သို့ လှည့်၍ မေးလိုက်ပြန်သည်။

"ဖရော်လိန်၊ အင်ဂါ၊ လင့်(ဒ်) လို မိန်းကလေးက ကျုပ်လို လူစိမ်းတစ် ယောက်ကို ဒီလိုစကားမျိုး ပြောပါ့မလား"

"ဖိုးနှစ်(စ်)ဂိုဏ်းကြီးရဲ့ အဓိကခေါင်းဆောင်လို့ ခင်ဗျားပြောတာ ဘယ် သူ့ကို ပြောတာလဲ"

www.burmeseclassic.com



"ကျုပ် မသိဘူး။ ဒီဂိုဏ်းထဲမှာ ကျုပ်သိတဲ့ နာမည်တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ခင်ဗျားနာမည်ပဲ"

"ခင်ဗျားရဲ့ ဘာလင်ဌာနခွဲဘယ်မှာရှိသလဲ"

"ခင်ဗျားနဲ့ ကျွန်တော် ကြိုတင်နားလည်းမှု ယူထားတာက ခင်ဗျား ချခင်းပြမယ့် မေးခွန်းတွေကိုပဲ ဖြေရမယ်လေ"

သူသည် အင်ဂါနှင့် အနီးဆုံးနေရာတွင်ရှိသော အစောင့်တစ်ယောက်ကို လှမ်း၍ အမိန့်ပေးလိုက်သည်။

"ဒီကောင်မလေးကို အိပ်ခန်းထဲခေါ်သွား၊ ပြီးတော့ အိပ်ခန်းတံခါးကို ကျယ်ကျယ်ဖွင့်ထား"

ကျွန်ုပ်ကြိုတင်မှန်းဆထားသည့်အတိုင်း သူသည် နားလည်မှုယူထားခြင်းကို တစ်ဖက်သတ်ချေဖျက်ရန် အစပျိုးလိုက်ပေပြီ။

အင်ဂါသည် အစောင့်က သူ့ကိုဆွဲမခေါ်မီ ကျွန်ုပ်ရှေ့မှ ဖြတ်၍ သူ့ကိုယ်တိုင်အိပ်ခန်းဆီသို့ လျှောက်သွားခဲ့သည်။ ကျွန်ုပ် ရှေ့မှ ဖြတ်အသွားတွင် ကျွန်ုပ်မျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်သဖြင့် "စိတ်အေးအေးထားပါကွာ" ဟု ပါးစပ်မှ ရေရွတ်ရင်း ပြောလိုက်သည်။ အစောင့်နှစ်ဦးသည် သူမနှင့်အတူ အခန်းတွင်းသို့ ဝင်လိုက်သွားပြီး သူတို့အားလုံး အခန်းတွင်းသို့ရောက်သည်နှင့် အော့တိုဘားက အစောင့်များအား လှမ်း၍ အမိန့်ပေးလိုက်ပြန်သည်။

"သူမကို အဝတ်အစားအားလုံး ချွတ်လိုက်ကြ"

ကျွန်ုပ် နားလည်လိုက်ပြီဖြစ်သည်။ အော့တိုဘားသည် ဒေါက်တာ ဖော်ဘီယန်၏ စိတ်ပညာနည်းကိုပင် ဆက်လက်ကျင့်သုံးရန် ဦးတည်ထားပေသည်။ သူသည် ကျွန်ုပ်ကို စိတ်ဝေဒနာနှစ်မျိုးခံစားရအောင် ပြုလုပ်လိမ့်မည်ဖြစ်သည်။ ဝေဒနာတစ်မျိုးမှာ ညှဉ်းပမ်းနှိပ်စက်မှုကို ခံစားနေရသည့် ဘဝတူလူသားတစ်ဦးအပေါ် သနားစိတ်ကို အခြေခံသည့် ဝေဒနာနှင့် အခြားတစ်မျိုးမှာ 'အဖိုသတ္တဝါတစ်ဦး' ၏ 'အမသတ္တဝါတစ်ဦး' အပေါ်ကြင်နာစိတ်ကို အခြေခံသည့် ဝေဒနာမျိုးဖြစ်သည်။

အခန်းတွင်းမှ သူမ၏ဒေါသသံပါသော စကားများကို ကြားရသည်။ သို့သော် အဓိပ္ပာယ်နားလည်လောက်အောင် မသဲကွဲ၊ သူမ၏ အဝတ်အစားများကို အစောင့်က ချွတ်ပေးမခံဘဲ သူမကိုယ်တိုင် ချွတ်နေပုံရသည်။ စောစောပိုင်းကကဲ့သို့ဝင် အဝတ်နှင့်သူမ၏ အသားပြင်များ ပွတ်တိုက်မိသည့် အသံမျိုးကို ကြားနေရသည်။ ဤအသံနှင့် ပတ်သက်၍ ကျွန်ုပ်၏ စိတ်ခံစားချက်မှာမူ စောစောပိုင်းက ခံစားမှုမျိုးနှင့် လုံးဝ မတူတော့။ ထို့ကြောင့် ကျွန်ုပ်သည် ဆုံးဖြတ်ချက်





တစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်ပြီး အော့တိုဘား၏ မျက်နှာကို စေ့စေ့ကြည့်၍ တစ်ဆက်တည်း ပြောချလိုက်သည်။

"ဒီမှာအော့တိုဘား၊ ကျုပ်တခင်ဗျားရဲ့ စိတ်ဓာတ်ရေးရာ နှိပ်စက်မှုကို မခံနိုင်လို့ ပြောရမယ်ဆိုရင် တစ်ဝက်တစ်ပျက်ကွဲက်ပြီး ပြောလို့မရဘူး။ ဒီလိုထုတ်ပြောရင်လဲ ကျုပ်တို့ဌာနချုပ်နဲ့ ဌာနခွဲတစ်ခုလုံးကို ခင်ဗျားလက်ထဲထိုးအပ်လိုက်ရသလိုဖြစ်မှာပဲ။ ကျုပ် ဒါမျိုးအလုပ်ကို ဘယ်တော့မှ မလုပ်ဘူးမှတ်ပါ။ အော့တိုဘား၊ သူမကို ခင်ဗျား ကြိုက်သလိုလုပ်ပါ။ ဖြည်းဖြည်းချင်း ညှဉ်းပြီး သတ်မလား။ လုပ်ချင်တာလုပ်ပါ။ သူမရဲ့ သွေးရူးသွေးတန်းအော်သံတွေကိုပဲ ကျုပ်ကြားအောင် လုပ်မလား။ သေလုမျောပါးနဲ့ မရှိမဆန့် ခံစားနေရတဲ့ သူမရဲ့ ခန္ဓာကိုယ်ကိုပဲ ကျုပ်မြင်အောင် ပြမလား၊ လုပ်ချင်တာလုပ်ကြပါ။ ကျုပ် ခင်ဗျားတို့ကို ဘာစကားတစ်လုံးမှ မပြောဘူး။ ဒါ့အပြင် သူမဘက်ကနေ လှည့်လုပ်တဲ့နည်းနဲ့ မအောင်မြင်လို့ ကျုပ်ဘက်ကိုပြန်လှည့်ပြီး ကျုပ်လက်သည်းခွံတွေကို ခွာမလား၊ လက်ချောင်းတွေကို ရေနွေးစိမ်မလား။ လိင်အင်္ဂါတွေကို ချွတ်ယွင်းအောင် လုပ်မလား။ မျက်လုံးအိမ်တွေ ပေါက်ပက်ဖြစ်သွားအောင် မျက်စေ့တွေကို ထုတ်ပစ်မလား။ အို … ခင်ဗျားတို့မှာ ရှိတဲ့နည်းတွေကို အားလုံးသုံးလိုက်စမ်းပါ။ အဲ ဘာတစ်ခုမှတော့ ကျုပ်ဆီက ရလိမ့်မယ်မထင်နဲ့"

ကျွန်ုပ်စကားဆုံးသည်နှင့် အော့တိုဘားသည် အခန်းထဲရှိ သူ့လူများတိုလှမ်း၍ အမိန့်ပေးလိုက်ပြန်သည်။

"အခန်းထဲမှာ ရှိသမျှ မီးတွေအားလုံး ဖွင့်လိုက်ကြ၊ တစ်ခုမကျန် ဖွင့်လိုက်"

အိပ်ခန်းထဲရှိ မီးများလင်းလာသည်နှင့်အမျှ အိပ်ခန်းထဲရှိ လူ ၃ ဦး၏ အရိပ်များသည် အိပ်ခန်းတဘက်နံရံတွင် ထင်ထင်ရှားရှား ပေါ်လာသည်။ အိပ်ခန်း အပေါက်တည့်တည့်တွင် ရပ်နေသော ကျွန်ုပ်သည် အရိပ်များထင်နေသည့် နံရံကို မျက်နှာချင်းဆိုင်လျက်ရှိရာ အရိပ်များကို ကောင်းစွာမြင်နေရသည်။

"လုပ်ငန်းစတော့" ဟု အော့တိုဘားက ပြောလိုက်သည်နှင့် နံရံပေါ်ရှိ အရိပ်များသည် ရှုပ်ယှက်ခတ်၍သွားသည်။ သူမ၏ ဒေါသသံနှင့် ညည်းတွားသံများ အစောင့်များ၏ လောဘရမ္မက်သံများမှာ ရှုပ်ထွေးရောပြွမ်း၍ ပေါ်လာသည်။ ကျွန်ုပ်သည် လက်ပိုက်လျက် အရိပ်များကို ကြည့်နေသည်။ ကျွန်ုပ်က ထိုသို့ ကြည့်နေရန် အော့တိုဘားက လိုလားပေသည်။ လိုလားရုံမကသေး။ ကျွန်ုပ် ကြည့်နေသည်ကို မြင်ရခြင်းဖြင့် သူသည် ကြည်နူးမှုအရသာကို တဝကြီး ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းတွင် အစောင့်များသည် အင်ဂါကို ဗလက္ကာရပြုရန် ကြိုးပမ်းနေသည်မှာ သေချာသည်။ အင်ဂါကလည်း ရှိသမျှအင်အားဖြင့် ရုန်းကန်တုန့်ပြန်နေသည်မှာ သေချာသည်။ သို့သော် ခဏအကြာတွင်မူ 'ချလောက်' ဟူသော လက်ထိပ်ခတ်သံကို ကြားလိုက်ရပြီးနောက် အရိပ်များ၏ လှုပ်ရှားမှုသည် အနည်းငယ် ငြိမ်သက်သွားသည်။ သူမ၏ ညည်းတွားသံသာ ကျယ်လောင်၍လာသည်။

ကျွန်ုပ်တို့အလုပ်သည် လူကြီးလူကောင်းများကဲ့သို့ လုပ်ရသည့်အလုပ်မျိုးမဟုတ်၊ ဤမျှ ယဉ်ကျေးသိမ်မွေ့မနေနိုင်။ သို့သော် လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာတွင် လူတဦးချင်း၏ အခွင့်အရေးကို လေးစားရမည်ဟု ကျွန်ုပ်တို့သည် အလေ့အကျင့်အားဖြင့် ခံယူထားခဲ့ကြသူများဖြစ်သည်။

ယခု ဤအစဉ်အလာခံယူထားချက်ကို ကျွန်ုပ် ချိုးဖောက်မိခဲ့ပြီ ဖြစ်သည်။ ကျွန်ုပ်သည် ရည်ရွယ်ချက်ဖြင့် မဟုတ်သည့်တိုင် အင်ဂါကို ကျွန်ုပ်၏ လုပ်ငန်းတွင် ပါဝင်ပတ်သက်မိအောင် ပြုလုပ်ခဲ့သည်။ ရည်ရွယ်ချက်မရှိဟု ဆိုသော်လည်း လုပ်ငန်းသဘောအရ ဆိုပါက ပေါ့ဆမှုပင် ဖြစ်သည်။ အင်ဂါသည် ဖီးနစ်(စ်) အဖွဲ့မှ ထွက်လာခဲ့သူဖြစ်ကြောင်း ကျွန်ုပ်သိထားပြီးဖြစ်ရာ သူ့ကို ရှောင်ကွင်းနေသင့်သည်။ သို့ဖြစ်ရာ ယခုကဲ့သို့ သူမ ဒုက္ခကြုံတွေ့နေရခြင်းသည် ကျွန်ုပ်တွင် တာဝန် လုံးလုံးလျားလျား ရှိနေသည်။ ကျွန်ုပ်အနေဖြင့် သူမ သက်သာရေးအတွက် တစ်စုံတစ်ခု လုပ်နိုင်မှသာ သူမအပေါ် တာဝန်ကျေပေမည်။

ကျွန်ုပ်အနေဖြင့် ယခုကဲ့သို့ အခြေအနေကို တစ်စုံတစ်ရာ တုန့်ပြန်ခြင်းမပြုဘဲ မသေမီ ရှုံးသွပ်သွားလောက်အောင် ညှဉ်းပမ်းနှိပ်စက်ခံရမှု ဝေဒနာကို ခံစားနေရသော သူမအား လက်ပိုက်ကြည့်နေ၍ တရားမျှတနိုင်ပါမည်လော။

သူမကို နှိပ်စက်နေခြင်းသည် ကျွန်ုပ်ကို 'စကားပြော' လာအောင် အကျပ်ကိုင်နေခြင်း ဖြစ်သည်။ သို့ဖြစ်ရာ သူမကို လက်ရှိအခြေအနေမှ ကယ်တင်ရန်အတွက် ကျွန်ုပ် 'စကားပြော' ရန်မှတစ်ပါး အခြားနည်းလမ်း မရှိ။ သို့သော် ကျွန်ုပ် 'စကားပြော' ပါက ကျွန်ုပ်၏ လုပ်ငန်းတစ်ခုလုံးနှင့် ကျွန်ုပ်ကိုယ်စားပြုထားသည့် အဖွဲ့အစည်း၏ ရည်ရွယ်ချက်တစ်ခုလုံးကို ပျက်စီးအောင်ပြုလုပ်သကဲ့သို့ ဖြစ်နိုင်သည်။ ထိုရည်ရွယ်ချက် ပျက်စီးသွားပါက နာဇီဖက်ဆစ်ဝါဒ ပြန်လည်ခေါင်းထောင်လာနိုင်သည့် အခြေအနေနှင့် ကမ္ဘာစစ်ကြီးတစ်ခု ထပ်မံဖြစ်ပွားလာနိုင်မည့် အလားအလာများ တိုးတက်ကြီးမားလာပေမည်။

သူမ၏ ဝေဒနာကို အဆုံးသတ်ပေးနိုင်ပြီး တစ်ချိန်တည်းမှာပင် ကျွန်ုပ်၏ အဖွဲ့အစည်းက ထားရှိသော မွန်မြတ်သည့်ဦးတည် ရည်မှန်းချက်များကိုလည်း ကာကွယ်နိုင်ရန်အတွက် လက်ရှိအခြေအနေတွင် ကျွန်ုပ် ဆောင်ရွက်နိုင်





သည့် နည်းလမ်းနှစ်ခုသာရှိသည်။ ထိုနည်းလမ်းနှစ်ခုတွင်လည်း တစ်ခုမှာ လက်တွေ့ဆောင်ရွက်၍ မဖြစ်နိုင်ပေ။ ကျွန်ုပ်၏ ပေါ့ပေါ့ပါးပါး သွားလာလှုပ်ရှားတတ်သော အလေ့အကျင့်ကြောင့် အခြားထောက်လှမ်းရေးမှူးများ ဆောင်ယူနေကျဖြစ်သော လက်နက်၊ စကားဝှက်စာအုပ်နှင့် သေဆေးလုံးများ ကျွန်ုပ် ယူဆောင်မလာခဲ့ပေ။ သေဆေးလုံးများ ယူမလာခဲ့မိခြင်းသည် ပထမနည်းလမ်းကို အလိုအလျောက် ချေဖျက်ပြီးဖြစ်သည်။ ဒုတိယနည်းလမ်းကိုသာ ကျင့်သုံးရန် ကျန်ပေသည်။

အိပ်ခန်းထဲမှ လှုပ်ရှားသံများမှာလည်း ပို၍ကျယ်လောင်လာခဲ့သည်။ သူမ၏ ပါးစပ်မှ မဟုတ်ဘဲ လည်ချောင်းထဲမှ ထွက်လာသော အသံတစ်သံကိုလည်း ကျွန်ုပ်ကြားလိုက်သည်။ ထိုအသံသည် လည်ချောင်းထဲမှ ကျပ်ကျပ်တည်းတည်း တိုးထွက်လာရသောအသံဖြစ်၍ မသဲကွဲသော်လည်း 'ကျေးဇူးပြု၍' ဟူသော စကားလုံးဖြစ်သည်ကို ကျွန်ုပ် သိလိုက်သည်။ ဤစကားလုံးသည် အစောင့်များကိုပြောခြင်း မဟုတ်နိုင်။ ကျွန်ုပ်ကို ဦးတည်၍ပြောခြင်းဖြစ်ပေမည်။ သူမသည် ကျွန်ုပ်၏ အကူအညီကို မျှော်လင့်နေသည်မှာ သေချာသည်။

အော့တိုဘားသည် ကျွန်ုပ်မျက်နှာကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်နေသည်။ ထို့နောက်တွင်မှ အိပ်ခန်းဘက်သို့လှည့်၍ –

"အရှိန် ထပ်မြှင့်လိုက်စမ်း" ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

သူမ၏ လည်ချောင်းထဲမှ ထွက်လာသော အသံတစ်မျိုးကို ထပ်မံကြားလိုက်ရသည်။ ကျွန်ုပ်လည်း တစ်စုံတစ်ခုကို စတင်ပြုလုပ်လိုက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကျွန်ုပ် သတိလစ်သွားပေပြီ။

သတိလုံးဝမလစ်မီ ကျွန်ုပ် နောက်ဆုံး မှတ်မိသောဖြစ်ရပ်မှာ ကြမ်းပြင်ပေါ်သို့ လဲကျသွားသော ကျွန်ုပ်၏ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ် မရောက်မီ အော့တိုဘားက လှမ်း၍ ဖမ်းထားလိုက်ခြင်းပင်ဖြစ်သည်။

သတိလစ်အောင် ပြုလုပ်လိုက်ခြင်းသည် ကျွန်ုပ်လက်ရှိ ရင်ဆိုင်နေရသော အကျပ်အတည်းမှ လွတ်မြောက်နိုင်သည့် နောက်ဆုံးနည်းလမ်းဖြစ်သည်။

ကျွန်ုပ်တွင် သတိလစ်အောင်ပြုလုပ်ရန်အတွက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကောင်းများ ရှိနေသည်။ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများတွင် ကြာရှည်စွာ မလှုပ်မယှက် မတ်တပ်ရပ်နေရသည့် အခြေအနေသည် သတိလစ်ခြင်းကို ဖြစ်ပေါ်စေသည့် အကောင်းဆုံး အခြေအနေပင် ဖြစ်သည်။ အခန်းမှာ ကျဉ်းပြီး လေဝင်လေထွက်လည်း နည်းလှသည်။ အပူပေးစက်မှာလည်း ဖွင့်ထားသဖြင့် အခန်းတွင် အပူရှိန်မှာ တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်။ ထို့ပြင် အခန်းတွင်းတွင် တစ်ဦးလျှင် ကိုယ်တွင်းအပူရှိန် ၉၈.၄ ဒီဂရီဖာရင်ဟိုက် ရှိသောလူ ၄ ဦး တိုးလာခဲ့ခြင်းကလည်း အခန်းတွင်း အပူရှိန်ကို တဖြည်းဖြည်း မြင့်တက်စေသည်။ လူတစ်ဦး သတိလစ်ခြင်းသည် အဓိကအားဖြင့် အောက်စီဂျင် ချို့တဲ့မှုနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုအားကြီးခြင်းတို့သည် အရေးပါဆုံးသော အကြောင်း





တရားများဖြစ်သည်။ ကျွန်ုပ်၏ အခြေအနေတွင် ပိတ်လှောင်၍ ပူလောင်နေသောအခန်းထဲတွင် အောက်စီဂျင် ချို့တဲ့မှုသည် အလိုအလျောက်ရှိနေပြီဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ အခြေအနေမှာလည်း အခွင့်အလမ်းသာပြီးဖြစ်သည်။ ကျွန်ုပ်သည် မျှော်လင့်ချက် လုံးဝကင်းမဲ့နေသော အခြေအနေတွင်ရှိနေပြီး စိတ်ပိုင်းဆိုင်ရာတင်းမာမှု အခြေအနေများမှာလည်း စက္ကန့်၊ မိနစ်နှင့်အမျှ ဖိအားတိုးပွားလျက် ရှိနေသည်။ ကျွန်ုပ်၏ အပြင်စိတ်လက္ခဏာများဖြစ်သော အသိစိတ်နှင့် မာန်မာနစိတ်များက ထိုအခြေအနေကို မည်မျှပင် ငြင်းပယ်တုန့်ပြန်ထားစေကာမူ အတွင်းစိတ်ကမူ အခြေအနေကို အရှိအတိုင်းလက်ခံပြီး 'သတိလစ်ခြင်း' နည်းဖြင့် သက်သာမှုထွက်ပေါက်ကို ရှာနေမည်သာဖြစ်သည်။

သာမန်ပတ်ဝန်းကျင် အခြေအနေများတွင် သတိလစ်ခြင်းကို ဖန်တီးယူရန် ခက်ခဲသည်။ သတိလစ်မည်ကို ကြောက်နေတတ်သည်။ ဗီဇစိတ်က သတိလစ်အောင် လုပ်လိုသည့်ဆုံးဖြတ်ချက်ကို တွန်းလှန်အနိုင်ယူသည်ကသာ များသည်။

မိမိကိုယ်မိမိ သတိလစ်အောင် ကျွန်ုပ်ပြုလုပ်နေခြင်းကို အော့တိုဘားကစိုက်ကြည့်နေသော်လည်း ကျွန်ုပ် ဤအတွက် စိုးရိမ်ခြင်းမဖြစ်ခဲ့။ သတိလစ်လုဆဲအခြေအနေ၏ လက္ခဏာများကို ကျွန်ုပ်က ဖန်တီးယူခြင်း ဖြစ်သော်လည်း ထိုလက္ခဏာများသည် စစ်မှန်သောလက္ခဏာများ ဖြစ်ပေသည်။ ကျွန်ုပ်သည် ဟန်ဆောင်ခြင်းမဟုတ်။ ဖန်တီးယူခြင်းသာ ဖြစ်သည်။ ကျွန်ုပ်သည် စိတ်ဓာတ်ကို တဖြည်းဖြည်း ဖြေလျှော့ချပြီး၊ အသက်ရှူခြင်းကိုလည်း အောင့်နိုင်သမျှ အောင့်ထားသည်။ နှလုံးသွေးထဲသို့ အောက်စီဂျင်စီးဝင်မှုကို အတတ်နိုင်ဆုံး လျှော့ချလိုက်ခြင်းဖြစ်သည်။

၁၀ မိနစ်ခန့် ထိုသို့ အာရုံစူးစိုက်လုပ်ဆောင်ပြီးသည့်နောက်တွင် ကျွန်ုပ်၏ နားထဲမှ တဝီဝီအသံများ ထွက်လာပြီး အမြင်အာရုံများလည်း မှုန်ဝါးလာသည်။ တစ်ခန်းလုံး အမှောင်ထု လွှမ်းလာသည်ဟု ထင်လိုက်မိသည်။ ထိုအချိန်တွင် အော့တိုဘား၏ လက်များက ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ပွေ့ဖက်ထားလိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် အခက်အခဲမှ ရုန်းထွက်ရေးအတွက် သတိလစ်အောင်ပြုလုပ်သည့်နည်းကို ကျင့်သုံးရာတွင် အော့တိုဘား၏ စိတ်ဓာတ်ရေးရာ အခြေအနေကိုလည်း အကဲခတ်၍ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ် သတိလစ်သွားခြင်းကို သူ့အနေဖြင့် နှစ်မျိုး တွေးကြည့်နိုင်သည်။ တစ်မျိုးမှာ ကျွန်ုပ် သတိလစ်ခြင်းသည် အစစ်အမှန် မဟုတ်။ ဟန်ဆောင်ခြင်းသာ ဖြစ်သည်ဟု ထင်မြင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နောက်တစ်မျိုးမှာ ကျွန်ုပ် သတိလစ်သွားခြင်းကို စစ်မှန်သည်ဟု လက်ခံပြီး ကျွန်ုပ်ကို ပျော့ညံ့သူအဖြစ် အသိအမှတ်ပြုလိုက်ခြင်းပင် ဖြစ်သည်။

ပထမ အယူအဆဘက်တွင် ပိုမိုအားကောင်းချက်များ ရှိနေသည်။ ထောက်လှမ်းရေးမှူးများသည် အခက်အခဲ အကျပ်အတည်းများကို မည်မျှပင် ရင်ဆိုင်ကြုံတွေ့ရစေကာမူ သတိလစ်သွားသည့် အခြေအနေမျိုးကို ကြုံတွေ့ရခဲ သည်။ အကျပ်အတည်းသည်ပင် သူတို့ဘဝဖြစ်ပြီး အကျပ်အတည်းအတွက် အသက်ရှင်ရပ်တည်နေကြသူများ ဖြစ်သည်။ ထို့ပြင် အကျပ်အတည်းအတွက်ပင် သေပွဲဝင်နိုင်ကြသူများဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်ယခုကဲ့သို့ လွယ်လွယ်ကူကူ သတိလစ်သွားခြင်းသည် သာမန်မဟုတ်ဟု ထင်မှတ်မည်သာ ဖြစ်သည်။

သို့သော် အော့တိုဘားသည် ထိုအယူအဆထက် ဒုတိယအယူအဆ ကို ပိုမိုလက်ခံဖွယ်ရာရှိသည်။ သတိလစ်ခြင်းသည် စိတ်ဓာတ်အားနည်းမှု၏ လက္ခဏာပင်ဖြစ်သည်။ အော့တိုဘားနှင့် ကျွန်ုပ်သည် ရန်သူများဖြစ်ရာ သူသည် ကျွန်ုပ်၏ အားနည်းမှုကို မြင်တွေ့လိုမည်မှာ မဆန်းပင်ဖြစ်သည်။ လူ့သဘာဝ သည် မိမိနှစ်သက်သည်ကိုသာ ယုံကြည်တတ်လေရာ ပထမအယူအဆတွင် မည် မျှပင် အားကောင်းချက်များရှိနေစေကာမူ ဒုတိယအယူအဆကိုသာ သူ လက်ခံ မည် ဖြစ်သည်။

ကျွန်ုပ် သတိလစ်သွားသည်မှာ အချိန်မကြာလှပေ။ သတိပြန်လည်ချိန်တွင် အေးစက်စွတ်စိုလှသော ခံစားမှုကို ပထမဆုံး ကျွန်ုပ် ခံစားမိလိုက်သည်။ ထို့နောက်တွင် လက်ခုံဖြင့် ကျွန်ုပ်၏မျက်နှာကို ခပ်ဆတ်ဆတ် ရိုက်လိုက်သည် ကို ခံစားရသည်။ ကျွန်ုပ်ကို သူတို့ရေလောင်း၍ သတိပြန်ရအောင် ပြုလုပ်ခြင်း ဖြစ်ပေသည်။ ထို့နောက်တွင် သူတို့သည် ကျွန်ုပ်ကို ချိုင်းကြားနစ်ဖက် ဆွဲမလိုက်သည်ကို သိလိုက်သည်။ ကိုယ်အနည်းငယ် မတ်မတ်ရပ်မိလိုက် သည်နှင့် သူတို့သည် စမ်းသပ်သည့်သဘောဖြင့် ဖေးမထားသည့် လက်များ လွှတ်လိုက်သည်။ ကျွန်ုပ်ကလည်း သတိထားလျက်ရှိရာ မိမိကိုယ်မိမိ ထိန်း ထားခြင်း မပြုဘဲ ပုံလျက်လဲကျဟန်ပြုလိုက်သည်။ ထိုအနေအထားဖြင့်ပင် ဆက်လက်သတိလစ်နေဟန် ဆောင်လိုက်သည်။

ခဏအကြာတွင် သူတို့အချင်းချင်း တီးတိုးပြောသံ၊ သွားလာလှုပ်ရှား သံများနှင့် တံခါးဖွင့်သံနှင့် ပိတ်သံများကို ကြားရသည်။ ထို့နောက်တွင် အင်ဂါ၏ အခန်းတွင်းမှ သူမ၏ညည်းတွားသံမှအပ မည်သည့်အသံမျှ မကြားရတော့ဘဲ တစ်ခန်းလုံး ငြိမ်သက်သွားသည်။ ကျွန်ုပ်မျက်စိ ဖွင့်ကြည့်လိုက်သည့်အချိန်တွင် သူတို့အားလုံး မရှိတော့ပေ။





ကျွန်ုပ်သည် ချက်ချင်းပင် သူမ ရှိရာအိပ်ခန်းတွင်းသို့ ဒယီးဒယိုင်ဖြင့် ဝင်သွားခဲ့သည်။ သူမသည် ခုတင်၏ တစ်ဘက်စွန်းတွင် ကိုယ်ခန္ဓာဗလာကျင်း၍ မှောက်လျက်အနေအထားဖြင့် ရှိနေသည်ကို တွေ့ရသည်။ သူမ၏ ခြေထောက် များတွင် သွေးစသွေးနများကိုလည်း တွေ့ရသည်။ ကျွန်ုပ်သည် ချက်ချင်းပင် အခန်းအပြင်သို့ ပြန်ထွက်၍ သူမ၏ မှတ်တမ်းစာအုပ်ထဲမှ တယ်လီဖုန်း နံပါတ် ကိုယူ၍ သူမ၏ ဆရာဝန်ထံ အကြောင်းကြားလိုက်သည်။

အခန်းထဲပြန်ဝင်ပြီးနောက်တွင် မှောက်လျက်ရှိနေသော သူမ၏ လှပ ကျော့ရှင်းသော ကိုယ်ခန္ဓာကို ပက်လက်အနေအထားသို့ ရောက်အောင်အသာ အယာဆွဲလှည့်လိုက်သည်။ ထို့နောက် သူမ၏ ပါးပြင်နှစ်ဖက်ကို ကျွန်ုပ်၏ လက်နှစ်ဖက်ဖြင့် အုပ်၍ –

"ဆရာဝန် မကြာခင် ရောက်လာလိမ့်မယ်"

ကျွန်ုပ်၏ လက်ဝါးနှစ်ဖက်ကြားမှပင် သူမ၏ဦးခေါင်းကို အသာ အယာ ညိတ်ပြလိုက်သည်။

"ကိုယ်မင်းကိုထားခဲ့ပြီး ဒီနေရာက အမြန်ဆုံးခွာမှ ဖြစ်မယ် အင်ဂါ။ သူတို့ ပြန်လာရင် ပြဿနာကို အစအဆုံး တစ်ပတ်ပြန်ကျော့ပြီး ရင်ဆိုင်နေရဦး မယ်"

သူမသည် ဘာမှ ပြန်မပြော၊ ကျွန်ုပ်ကို တားဆီးခြင်းလည်း မပြု၊ သို့သော် သူမ၏ မျက်နှာတွင် စိတ်အားငယ်မှုသည် ထင်ထင်ရှားရှားပေါ်လွင် နေသည်။ ကျွန်ုပ်သူမ၏ အိပ်ခန်းတွင်းမှ ထွက်ခဲ့ပြီးနောက် စာရေးစားပွဲပေါ်ရှိ စာရွက်တစ်ရွက်ပေါ်တွင် စာနှစ်ကြောင်းကိုရေး၍ ထားပစ်ခဲ့သည်။

"မင်း ငါ့ဆီကို အရေးကြီးတဲ့ကိစ္စရှိလို့ ဆက်သွယ်ချင်ရင် ပရင့်(စ်) ရှိုဟန် ဟိုတယ်ကတစ်ဆင့် ဆက်သွယ်ပါ"

ကျွန်ုပ် လမ်းမပေါ်သို့ ရောက်သည့်အချိန်တွင် လမ်းမီးများပင် လင်း လျက် ရှိပေပြီ။ နာရီကို ကြည့်လိုက်ရာ ဥရောပအသံ၏ ဈေးနှုန်းသတင်းကြေညာ ချက် လွှင့်ချိန်မှာ နီးကပ်နေပြီဖြစ်ကြောင်း တွေ့ရသည်။

ဟိုတယ်သို့ ပြန်ရောက်လျှင်ရောက်ချင်း ရေဒီယိုကို ဖွင့်လိုက်ရာ ကိုတာ ဓရိုတ်ကုမ္ပဏီအကြောင်း ကြေညာလျက်ရှိသည်ကို တွေ့ရသည်။

**"ကိုတာဓရိုတ်ကုမ္ပဏီမှ အကြောင်းကြားချက်မရ၊ အမြန်ဆုံးအစီရင် ခံစာရရန် စောင့်မျှော်လျက်ရှိသည်"**

ကျွန်ုပ်နှင့် ဗီးနစ်(စ်)ဂိုဏ်းတို့ ရင်ဆိုင်မိပြီဟူသော အချက်ကို သူတို့ သိပြီးဖြစ်ပေမည်။ တိုက်ပွဲ၏ အရှုံးအနိုင်ကို သူတို့သိလိုပေမည်။ သူတို့သည် ကျွန်ုပ်အတွက် ပူပင်သောကဖြစ်နေခြင်း မဟုတ်၊ ကျွန်ုပ် အဖမ်းခံရပြီး အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



သော သတင်းအချက်အလက်များကို မပြော၍ မရသည့်အခြေအနေမျိုးသို့ ဆိုက်ရောက်သွားမည်ကို သူတို့ စိုးရိမ်ပူပန်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်သည် အစေ့တကြီး တာဝန်ကို ယူနေရသူဖြစ်ရာ ကျွန်ုပ် စကားမပြော၍ မရသည့်အခြေအနေမျိုး ကြုံတွေ့လာပါက ဘာလင်ဗြူရိုတစ်ခုလုံး မိုင်းဗုံးခွဲခံရသကဲ့သို့ ဖြစ်နိုင်သည် မဟုတ်လော။

ကျွန်ုပ်သည် အစီရင်ခံစာကိုစာ ၃ မျက်နှာခန့် ရေးလိုက်သည်။ အစီရင်ခံစာ အကျဉ်းချုပ်ကိုလည်း မှတ်တမ်းတွင်ရေးသွင်းလိုက်သည်။

"ဒေါက်တာရော့(သ်)စတိန်းသည် မည်သူနှင့်မျှ ဆက်သွယ်ဆောင်ရွက်နေခြင်းမဟုတ်၊ တစ်ဦးချင်း သီးခြားလှုပ်ရှားနေခြင်းဖြစ်သည်ဟု ယူဆသည်။ သူ၏ တစ်ခုတည်းသော ရည်မှန်းချက်မှာ သူ့ဇနီးအတွက် လက်စားချေရန် ဖြစ်သည်။ သူ့ထံမှ ရရှိသော သေတ္တာထဲတွင် မိုက်ကရိုဖလင်ပါဖွယ်ရာရှိသည်။ ဗီးနစ်(စ်)ဂိုဏ်းသည် ကျွန်ုပ်ကို ဒုက္ခပေးလျက်ရှိနေပြီ။ သူတို့မှာ လျှို့ဝှက်ချက်အများအပြား ရှိနေသည်။ ကျွန်ုပ်ထံမှလည်း သူတို့ သိလိုသည့်အချက်အလက်အများအပြား ရှိနေသည်။ ယခုထိ သူတို့ ကျွန်ုပ်ထံမှ ဘာမှမသိရသေး"

ဤမျှသာ အစီရင်ခံနိုင်ဦးမည်ဖြစ်သည်။ ပိုး(လ်) ကျွန်ုပ်ထံ လာရောက်ထိတွေ့ ဆက်သွယ်ခဲ့သည်မှာ ၅ ရက်မျှသာ ရှိသေးသည်။ ဤလုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်ရန် ကျွန်ုပ် သတ်မှတ်ထားသည်ကာလမှာ တစ်လဖြစ်သည်။ သို့ဖြစ်ရာ ဆောင်ရွက်ပြီးသမျှ လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုလည်းကောင်း၊ လုပ်ငန်းတစ်ခုလုံး၏ အလားအလာများကိုလည်းကောင်း၊ အစီရင်ခံစာတွင် ထည့်သွင်းမဖော်ပြလိုသေးပေ။ ထို့ကြောင့်လည်း အစီရင်ခံစာ အဆုံးပိုင်းတွင် ကျွန်ုပ်၏သဘောထားကို ထည့်၍ ရေးလိုက်သည်။

"အစီရင်ခံစာကို ဤမျှအလျင်စလို တောင်းခံနေသည့် အချက်ကို ကျွန်ုပ် နားမလည်ပါ။ သင့်လျော်သောအချိန်တွင် တိုက်ရိုက်အစီရင်ခံမည်။ ကျွန်ုပ်ထံမှ တိုက်ရိုက်ပေးပို့ခြင်း မဟုတ်သော သတင်းများကို လက်ခံစဉ်းစားခြင်း မပြုပါနှင့်။ အခြေအနေများ ရှုပ်ထွေးနိုင်သည်"

နောက်ဆုံးစာကြောင်းများကို ဟင်ဂဲလ်နှင့် ဘရန်းတို့ကို ရည်ရွယ်၍ ထည့်သွင်းရေးသားလိုက်ခြင်း ဖြစ်သည်။ သူတို့နှစ်ဦးသည် ကျွန်ုပ်က တားဆီးထားသော်လည်း ကျွန်ုပ်၏လှုပ်ရှားမှု အခြေအနေကို ကျွန်ုပ်၏မျက်ကွယ် အရပ်အများနေရာမှ လေ့လာနေသည်ဟု ယူဆထား၍ဖြစ်သည်။ ကျွန်ုပ် ဗီးနစ်(စ်)ဂိုဏ်းနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ပြီဟူသော သတင်းကိုလည်း သူတို့ကဝင်ဌာနချုပ်သို့ ပေးပို့ခဲ့ခြင်း ဖြစ်ပေမည်။





အချိန်မှာ ည ၉ နာရီ ၇ မိနစ်ရှိပေပြီ။ အစီရင်ခံစာရေးပြီးနောက် ကျွန်ုပ်အတွက် ဆက်လက်လုပ်ဆောင်ရမည့်အလုပ်တစ်ခု ကျန်နေသေးသည်။ အော့တိုသည် ဘာ့ကြောင့် အင်ဂါ၏အခန်းမှ ပြန်လည်ထွက်ခွာသွားသနည်း။ ကျွန်ုပ်ထံမှ သူရယူလိုသော အရာများမရသေးဘဲ ဘာကြောင့်ပြန်သွားသနည်း။ သူ့အမြင် ရှုပ်ထွေးသွားပြီလော။ နှစ်ကြိမ်တိုင် ကျွန်ုပ်၏စိတ်ဓာတ်ကို ချိုးနှိမ်ရန် ကြိုးပမ်းခဲ့သည်။ နှစ်ကြိမ်စလုံး သူအရေးနိမ့်ခဲ့သည်။ ရှေ့ ဘာဆက်လုပ်ရမည်နည်း။ ဤအချက်ကို သူအချိန်ယူစဉ်းစားလို ပေလိမ့်မည်။

ရန်သူက အမြင်ရှုပ်ထွေးသွားသည့် အခြေအနေကို ကျွန်ုပ် မလိုလားပေ။ အမြင်ရှုပ်ထွေးပါက ကြံရာမရဖြစ်ပြီး တဇွတ်ထိုး ဆုံးဖြတ်ချက်များချ၍ လုပ်ဆောင်တတ်သည်။

ကျွန်ုပ်သည် ယနေ့ညနေပိုင်းတွင် ဖြစ်ခဲ့သောအကြောင်းအရာများကို ပြန်လည်သုံးသပ်ပြီး အဖြေထုတ်ယူကြည့်လိုက်သည်။ တာဝန်သစ်ကို ဆောင်ရွက်သည့် ၅ ရက်တာအချိန်ကာလအတွင်း နှစ်ကြိမ်တိုင် သူတို့လက်ခုပ်တွင်းသို့ ကျရောက်ခဲ့သည်။ ထိုနှစ်ကြိမ်စလုံးတွင် သူတို့ကလည်း ကျွန်ုပ်ထံမှ ဘာအချက်အလက်မှမရသကဲ့သို့ ကျွန်ုပ်ကလည်း သူတို့ဂိုဏ်းမှ လူ ၅ ဦးခန့်၏ အမည်စာရင်းကိုသာ ရခဲ့သည်။ သို့သော် ထိုအမည်များမှာလည်း ကျွန်ုပ်၏ မှတ်တမ်းတွင် စာရင်းမဝင်သေးသည့် အမည်သစ်များ မဟုတ်။ ဤအခြေအနေက ကျွန်ုပ်အနေဖြင့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် များစွာကျန်ရှိနေသေးသည်ဆိုသောအချက်ကို ဖော်ပြနေသော်လည်း သူတို့ဘက်မှ ကြည့်ပါက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများစွာ မကျန်တော့ကြောင်း ဖော်ပြနေသည်။ နှစ်ကြိမ်တိုင် ကျွန်ုပ်အား ကျူးသွင်းပြီးနောက် ယဉ်ပါးအောင် မပြုလုပ်နိုင်ပါက ရှင်းလင်းပစ်ရန်မှတစ်ပါး သူတို့အတွက် အခြားဆုံးဖြတ်ရန် မရှိတော့။ ထိုအခြေအနေက ကျွန်ုပ်ဘက်မှ မြန်မြန်ထက်ထက် လှုပ်ရှားဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြလျက်ရှိသည်။

အချိန်မရှိတော့၊ ယခုချက်ချင်းပင် စတင်လှုပ်ရှားရမည်။

ကျွန်ုပ်သည် မော်တော်ကားကို မယူဘဲ ခေတ္တအပြင်သို့ထွက်၍ လမ်းလျှောက်ရန် ဆုံးဖြတ်လိုက်သည်။ ရည်ရွယ်ချက်မှာ ကျွန်ုပ်၏ လက်ရှိ အခြေခံစခန်းဖြစ်သော စန်ထရယ်ဟိုတယ်ကို သူတို့သိရှိပြီး ဖြစ်မဖြစ်စမ်းသပ် ကြည့်ရန်ဖြစ်သည်။ လမ်းမပေါ်တွင် ၅ မိနစ်မျှ လမ်းလျှောက်လိုက်သည်နှင့် ကျွန်ုပ်နောက်မှ နောက်ယောင်ခံလိုက်နေသူတစ်ဦးရှိကြောင်း သတိထားမိလိုက်သည်။ ရှုပ်ထွေးသွားစေရန် ကျွန်ုပ် လမ်းကြိုလမ်းကြားများသို့ ကွေ့ကောက်၍ လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင် ၃ ခုထဲသို့ ဝင်လိုက်သည်။ သူသည် ကျွန်ုပ် နောက်မှလိုက်ခဲ့ပင် ဖြစ်သည်။

သေချာပေပြီ။ သူတို့သည် ကျွန်ုပ်၏ အခြေခံစခန်းသစ်ဖြစ်သော [illegible] ထရယ်ဟိုတယ်ကို သိသွားကြပြီဖြစ်သည်။ မနေ့ညက ဂရန်းဝေါတ်တား ဟိုတယ်အထိ ပြန်လာစဉ်က သူတို့ မရှိသည်မှာ သေချာသည်။ ထိုစဉ်က သူတို့သည် ကျွန်ုပ်အား အင်ဂါ၏ အခန်းတွင်ပြန်လည်ဆုံတွေ့ရမည်ဟု အပိုင်တွက်ထားခဲ့ရာ နောက်ယောင်ခံမည့်သူထားရန် မလိုခဲ့။ သို့သော် ယနေ့ညပိုင်း အင်ဂါ၏ အခန်းမှ ကျွန်ုပ်ပြန်လာချိန်တွင် သူတို့ စတင်နောက်ယောင်ခံလိုက်ခဲ့ခြင်းဖြစ်ပေမည်။

အခြေခံစခန်းနေရာသစ်ကို သူတို့ သိသွားခြင်းဖြင့် ကျွန်ုပ်အတွက်ပို၍ အဆင်ပြေနိုင်သည်။ ကျွန်ုပ် ဘယ်မှာရှိသည်ကို ဖီးနစ်(စ်)ဂိုဏ်းအား အသိမပေးဘဲ ကျွန်ုပ်၏ထိုးစစ်ကို စတင်ရန် မလွယ်ပေ။ သူတို့ဆီကို ရောက်လိုပါက ကျွန်ုပ်ဆီကို ရောက်နိုင်သည့်လမ်းကို သူတို့အား ပထမဆုံးပြထားရပေမည်။

ဟိုတယ်သို့ ပြန်ရောက်ချိန်တွင် ညသန်းခေါင်ယံအချိန်ရှိနေပြီ။ ကျွန်ုပ်၏ ထိုးစစ်ကို လမ်းများပေါ်တွင် လူရှင်းနေသည့် နောက်နေ့နံနက်အရုဏ်တက်ချိန်တွင် စတင်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်လိုက်တော့သည်။

(၁၆)

နံနက်အရုဏ်မတက်မီ ကျွန်ုပ်၏ထိုးစစ် စတင်ခဲ့သည်။ သို့သော် ဆူညံသောလှုပ်ရှားမှုဖြင့် စတင်ခဲ့ခြင်းမဟုတ်။ သူလူကင်းရှင်းသော လမ်းမကြီးပေါ်တွင် တစ်ဦးတည်း လမ်းလျှောက်ခြင်းဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။

လမ်းမပေါ်သို့ရောက်လျှင်ရောက်ခြင်း သူသည် ခပ်လှမ်းလှမ်းတွင် ကျွန်ုပ်နောက်သို့လိုက်ရန် အသင့်ဖြစ်နေသည်ကို မြင်လိုက်သည်။

လမ်းမပေါ်တွင် ကျွန်ုပ် တစ်ဦးတည်းကဲ့သို့ ရှိနေရာ နောက်ယောင်ခံလိုက်သူသည် ကျွန်ုပ် သတိမထားမိစေရန် အတော်ဝေးဝေးမှ ပုန်းလျှိုးကွယ်လျှိုလိုက်ရသည့် အခြေအနေမျိုးဖြစ်သည်။

ယခုတစ်ကြိမ် ကျွန်ုပ် ကျင့်သုံးမည့်နည်းမှာ ကျွန်ုပ်တို့နယ်ပယ်တွင် လေ့လည်ထားသည့် ဝေါဟာရအရဆိုပါက 'ဘက်ပြောင်းခြင်း' နည်းဖြစ်သည်။ နောက်ယောင်ခံလိုက်သည့်လုပ်ငန်းတွင် အခြေအနေ ၅ မျိုး ဖြစ်နိုင်သည်။ ပထမတစ်မျိုးမှာ နောက်ယောင်ခံလိုက်ခြင်း ခံရသူသည် နောက်ယောင်ခံလိုက်နေသည်ကို မသိခြင်းပင်ဖြစ်သည်။ ထိုအခြေအနေတွင် လိုက်သူသည် အလိုက်ခံရသူ သွားရောက်ဆက်သွယ်သည့်နေရာကို သိသွားနိုင်သည်။ ထိုအခြေအနေသည် ရရန် အလွန်ခဲယဉ်းသော အခြေအနေဖြစ်သည်။ နောက်ယောင်ခံလိုက်နေသည်ကိုပင် သတိမပြုမိတတ်သူသည် ဤလုပ်ငန်းတွင် ကြာရှည်မရပ်တည်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအခြေအနေတစ်မျိုးမှာ နောက်ယောင်ခံလိုက်နေခြင်းကိုသိသော် လည်း သူ့ကိုမျက်ခြေပြတ်အောင် မလုပ်နိုင်ခြင်းပင် ဖြစ်သည်။ ထိုအခြေအ တွင် နောက်ယောင်ခံလိုက်ခြင်း ခံရသူသည် လိုက်သူကို မောအောင်လုပ်ပြီ မိမိသွားမည့်နေရာကို မသွားဘဲနေလိုက်ရုံသာရှိသည်။

တတိယအမျိုးအစားမှာ နောက်ယောင်ခံလိုက်သည်ကို သိပြီး မျက်ခြေ ပြတ်အောင်လည်း ပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။ ထိုအခြေအနေတွင် ထောက် လှမ်းရေးမှူးသည် သူ သွားရန်ရည်ရွယ်သည့်နေရာကို အနှောင့်အယှက်မရှိ သွား နိုင်သည်။

စတုတ္ထအမျိုးအစားမှာ နောက်ယောင်ခံခြင်းကို သိရှိပြီး မျက်ခြေပြတ် အောင်လုပ်နိုင်ရုံမက နောက်ယောင်ခံသူကို ပြန်လည်ရင်ဆိုင်မိအောင် ပြုလုပ် စိန်ခေါ်ခြင်းပင် ဖြစ်သည်။ ထောက်လှမ်းရေးမှူးများသည် ဤအခြေအနေ များစွာ သတိထားရသည်။ နောက်ယောင်ခံသူကို မျက်ခြေဖြတ်နိုင်ပြီးပါက ခေါ်ချင်သည့်စိတ် သည် အလိုအလျောက်ဝင်လာတတ်သည်။ ထိုအခါတွ မိမိလုပ်ငန်း၏ အဓိကဦးတည်ချက်ကို မျက်ခြေပြတ်တတ်သည်။

ပဉ္စမအမျိုးအစားမှာ နောက်ယောင်ခံသည်ကိုသိပြီး မျက်ခြေဖြတ် သည့်အပြင် သူ့ကိုပြန်၍ နောက်ယောင်ခံလိုက်ခြင်းဖြစ်သည်။ နောက်ယော လိုက်သူကို ထပ်မံ၍နောက်ယောင်ခံခြင်းဖြစ်သည်။ ထိုနည်းသည် 'ဘက်ပြော ခြင်းနည်း' ဖြစ်သည်။

ထောက်လှမ်းရေးမှူးများသည် 'ဘက်ပြောင်းခြင်း' နည်းကို အကြော မဲ့ကျင့်သုံးခြင်း မပြုပေ။ သူတို့သည် အလုပ်ကိုဖယ်ဆက်သလို လုပ်နေကြ များဖြစ်ရာ အချိန်ကုန်ခံပြီး နောက်ယောင်ခံသည့်အလုပ်ကို မလုပ်တတ်ကြ မျက်ခြေဖြတ်သည့်အလုပ်ကို အောင်အောင်မြင်မြင် လုပ်ပြီးပါက သူတို့ ဦးတ ရည်မှန်းထားသည့်နေရာသို့သာရောက်အောင် သွားကြသည်။

ယခု ကျွန်ုပ် 'ဘက်ပြောင်းသည့်နည်း' ကို ကျင့်သုံးရန် ဆုံးဖြတ်ခြင်း အကြောင်းရှိသည်။ ကျွန်ုပ်သည် 'ထိုးစစ်' ကိုဆင်နွှဲမည့်သူဖြစ်ရာ သူတို့ဌာန ကို တွေ့အောင်ရှာရမည်ဖြစ်သည်။ ကျွန်ုပ်ကို နောက်ယောင်ခံလိုက်သူသ မျက်ခြေပြတ်သွားပါက သူ့ဌာနချုပ်သို့ပြန်၍ သတင်းပို့မည်ဖြစ်သည်။ သို့ ရာ သူ့ကို ထပ်ဆင့် နောက်ယောင်ခံခြင်းဖြင့် သူတို့ဌာနချုပ်ကို သိနိုင်မည် သည်။

ဗီးနစ်(စ်)ဂိုဏ်း၏ ဌာနချုပ်သည် ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်သ သည့်နေရာပင် ဖြစ်ပေမည်။ ယခုထိုနေရာသို့ ကိုယ့်အစီအစဉ်ဖြင့်ကိုယ်သွာ အပွန်းအပဲ့မရှိ ပြန်ထွက်လာရန် ဦးတည်ကြိုးပမ်းရပေမည်။





ကျွန်ုပ်တွင် ဗီးနစ်(စ်)ဂိုဏ်း၏ ဌာနချုပ်နေရာကို သိနိုင်သည့်အခြား နည်းလမ်းနှစ်ခုရှိနေသည်။ တစ်နည်းမှာ ဒေါက်တာရော့(သ်)စတိန်း၏ သေတ္တာ ထဲတွင် ရှိနေသည့် တစ်စုံတစ်ခုက ကျွန်ုပ်အား သူတို့ ဌာနချုပ်ကို သိနိုင်သည့် အချက်အလက်များကို ပေးကောင်းပေးနိုင်လိမ့်မည်။ သို့သော် ကျွန်ုပ်သည် မိမိ၏ ယောဂဖြင့် အသတ်ခံရသူတစ်ဦး၏ အကူအညီကို ထပ်မံယူလိုစိတ် မရှိတော့။ အခြားနည်းလမ်းမှာ အင်ဂါထံမှ စုံစမ်းယူခြင်းဖြစ်သည်။ သူမသည် ဗီးနစ်(စ်) ဂိုဏ်းမှ ထွက်လာသူဖြစ်ရာ ဂိုဏ်း၏ ဌာနချုပ်နေရာကို သိနိုင်သည်။ သို့သော် လည်း ကျွန်ုပ်၏ အရေးကိစ္စတွင် သူမကိုလည်း ဆွဲမထည့်ချင်။ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့်သာ ဤလုပ်ငန်းကို ဆောင်ရွက်လိုသည်။

ကျွန်ုပ်သည် နှစ်နာရီကြာမျှ လမ်းကြီးလမ်းငယ်နှင့် ဆိုင်ကြီးဆိုင်ငယ် များကိုဖြတ်သန်း ဝင်ထွက်ပြီး သူ့ကို မျက်ခြေပြတ်ရန် ကြိုးပမ်းခဲ့သည်။ နံနက် ခင်း ရောင်ခြည်သန်းလာသည်နှင့်အမျှ လမ်းမပေါ်တွင်ကားနှင့် လူများ တစ်စ ထက်တစ်စ စည်ကားများပြားလာသည်။ ထိုအခြေအနေသည် မျက်ခြေဖြတ်ရန် လွယ်ကူသည့် အခြေအနေများဖြစ်သည်။ နံနက် ၇ နာရီခွဲခန့်တွင် လူစည်ကားရာ နေရာတစ်ခု၌ ကျွန်ုပ်သည် ရှေ့သို့ ငိုက်စိုက်ငိုက်စိုက်ဖြင့် သွားနေရာမှ မီးပွိုင့် တစ်ခုအနီးတွင် ရုတ်တရက် ခပ်သွက်သွက်လမ်းကို ဖြတ်ကူးလိုက်သည်။

လမ်းတစ်ဘက်အရောက်တွင် သူရှိသည့်ဘက်သို့ လှမ်း၍ကြည့်လိုက် သည်။ သူသည် ကားတစ်စီးလာသည်ကို သတိမထားမိဘဲ အလောတကြီး လမ်းကို ဖြတ်ကူးလိုက်ရာ နောက်သို့ ပြန်ခုန်လိုက်သဖြင့်သာ ကားနှင့်သီသီ လေး လွတ်သွားသည်ကို မြင်လိုက်ရသည်။ သူထူပူပြီး သတိလက်လွတ် ဖြစ်သွားနိုင်မည့် ထိုတဒင်္ဂအခြေအနေကလေးကို အခွင့်ကောင်းယူ၍ ကျွန်ုပ်သည် အနီးဆုံး အဆောက်အအုံ၏ လှေကားတွင်ကွယ်၍ နေလိုက်သည်။

ကျွန်ုပ်အား နောက်ယောင်ခံလိုက်နေသူသည် ကျွန်ုပ်ရှိရာ ပလက် ဖောင်းဘက်သို့ ကူးလာခဲ့ပြီး ထိတ်ထိတ်ပျာပျာဖြင့် အနီးအနားပတ်ဝန်းကျင်ကို ဝေ့ကာ၍ ကြက်တောင်းမျှော်လိုက်၍ ရှာနေသည်ကို လှမ်းမြင်နေရသည်။ ရှေ့ဆက် လိုက်ရမလို အနီးအနားတွင် အသေးစိတ်ပင် ရှာရမလိုဖြင့် ခြေမကိုင်မိ လက်မကိုင် မိ ဖြစ်နေသည်။ ခဏအကြာတွင် ရှေ့ဘက်သို့ ဆက်လိုက်သွားသော်လည်း ကျွန်ုပ်၏ အစအနကိုမျှ မမြင်ရသဖြင့် မူလနေရာသို့ ပြန်လာခဲ့ပြန်သည်။ ထို့နောက် သူသည် အားလျှော့လက်မှိုင်ချပြီး အနီးရှိ တယ်လီဖုန်းရုံလေးထဲသို့ ဝင်သွား သည်။ သူ့အရေးနိမ့်ရသည့် အခြေအနေကို သူ့ဌာနချုပ်သို့ သတင်းပို့ခြင်း ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းရုံထဲမှ ထွက်လာပြီးနောက်တွင်မှ ဘက်ပြောင်းသည့်အစီအစဉ်စတင်ခဲ့ပြီဖြစ်သည်။ သူသည် တယ်လီဖုန်းရုံမှ အထွက်တွင် အငှားယာဉ်တစီးကိုငှား၍ တစ်နေရာသို့ ထွက်သွားသည်။ ကျွန်ုပ်လည်း သူ့နောက်သို့ အငှားကားဖြင့်ပင် ချက်ချင်းလိုက်ခဲ့သည်။

သူ၏ ဌာနချုပ်က သူ့အားမည်သို့ ညွှန်ကြားချက်ပေးလိုက်သည်ကို ၁၀ မိနစ်အတွင်း ကျွန်ုပ် သိခဲ့ရသည်။ သူ၏ကားသည် သူ့ဌာနချုပ်သို့ မပြန်ဘဲ ကျွန်ုပ်၏ ဌာနချုပ်ဖြစ်သော ဖန်ထရယ်ဟိုတယ်သို့ ပြန်သွားခဲ့သည်။ ကျွန်ုပ်ကို မျက်ခြေပြတ်သွားသူသည် ကျွန်ုပ်ကို အသေချာဆုံး ပြန်လည်တွေ့နိုင်သည့် နေရာမှပင်ပြန်၍ စောင့်နေပေပြီ၊ တစ်မနက်ခင်းသည် အချည်းနှီးဖြင့် ကုန်ခဲ့ရလေပြီ။

ဖီးနစ်(စ်)ဂိုဏ်း၏ ဌာနချုပ်တည်နေရာကို ဤနည်းဖြင့်ရှာရန် မလွယ်ကူကြောင်း ကျွန်ုပ် စဉ်းစားမိသည်။ အခြားနည်းကို စဉ်းစားကြည့်ရပေဦးမည်။ စောစောပိုင်းက ဒေါက်တာရှော့(သ်)စတိန်း၏ သဲလွန်စဖြင့်လိုက်သည့်နည်းကို ကျွန်ုပ်၏စိတ်က အလိုအလျောက်ပယ်ချခဲ့သည်။ ဤသည်မှာ ခံစားချက်တလွှမ်းမိုးသော ဆုံးဖြတ်ချက်ဖြစ်သည်။ နှလုံးသားဖြင့် ဆုံးဖြတ်ခြင်းပင် ဖြစ်သည်။ ဦးနှောက်ဖြင့် စဉ်းစားဆုံးဖြတ်ကြည့်သည့်အခါတွင် ဤနည်းလမ်းသည် အကောင်းဆုံးဖြစ်ဖွယ်ရာရှိသည်ဟု တွက်ဆမိသည်။ ဤနည်းကို ကျင့်သုံးခြင်းသည် သူ့ကို အလွဲသုံးစားပြုခြင်းမဟုတ်၊ သူ့အသက်ပေးတိုက်ပွဲဝင်သွားသော ရည်မှန်းချက်ကြီးကို ဖော်ဆောင်ခြင်းပင်ဖြစ်သည်။

ကျွန်ုပ်သည် 'ဖက်' ကော်မရှင်မှ ရဲမှူးစတာက်နာထံ တယ်လီဖုန်း ဆက်လိုက်သည်။ စတာက်နာ၏ အသံမှာ လန်းဆန်းတက်ကြွနေသည်။

"အိုး ... မစ္စတာကျွီးလား၊ ခင်ဗျားနဲ့ အဆက်အသွယ်ရဖို့ ကျွန်တော် ကြိုးစားနေတာကြာပြီ။ ခင်ဗျား ဘယ်သောင်ဘယ်တမ်းဆိုက်နေသလဲ"

တယ်လီဖုန်းကို ဖြတ်နားထောင်သည့်အရိပ်အရောင် တစ်စုံတစ်ရာမတွေ့ရသော်လည်း အနည်းငယ်မျှပင် အတိမ်းအစောင်းမခံနိုင်သည့် အခြေအနေမျိုး ဖြစ်နေ၍ သတိထားပြီး ထိန်းချုပ်ပြောလိုက်သည်။

"ခင်ဗျား ရုံးကို ကျုပ်တစ်နာရီအတွင်း အရောက်လာခဲ့မယ်"

ထိုမျှသာ ပြောပြီးဖုန်းကို ပြန်ချလိုက်သည်။

ဖက်ကော်မရှင်ရုံးသို့ အသွားတွင် ကျွန်ုပ်၏ခေါင်းထဲတွင် အတွေးတစ်ခု ဝင်လာသည်။ ကျွန်ုပ်သည် ကင်းနက်၊ လင်းစဒေး၊ ဂျူးအသတ်မခံရမီ နောက်ဆုံး ရောက်နေသည့် အခြေအနေမျိုးကိုပင် ဆိုက်ရောက်နေပြီလော ဟု စဉ်းစားမိလိုက်သည်။ လင်းစဒေး၊ ဂျူးသည် ဘာလင်ဌာနခွဲသို့ အစီရင်ခံစာပေးပို့ပြီးနောက်





မကြာမီ အသတ်ခံရခြင်းဖြစ်သည်။ ဤအစီရင်ခံစာအသေးစိတ်ကို သိရပါက ဖီးနစ်(စ်)ဂိုဏ်းက မည်သို့သောအခြေအနေမျိုးတွင် 'ရန်သူ' ကို ရှင်းလင်းပစ်ရန် ဖြစ်တတ်သည်ကို ကျွန်ုပ် သိနိုင်မည်။ ထိုသို့ သိနေခြင်းဖြင့် အခြေအနေကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘာလင်ဌာနခွဲထံမှ လင်းစဒေး၊ ဂျူး၏ နောက်ဆုံးအစီရင်ခံစာကို တောင်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်သည် ကားကိုခေတ္တရပ်ပြီး အသင့်ပါလာသော ကတ်ပြားတစ်ခုပေါ်တွင် 'ကော၊ အဲလ်၊ ဂျေ ၏ နောက်ဆုံးအစီရင်ခံစာမူရင်းကို အမြန်ဆုံးကြည့်လိုသည်။ ကျွီးလား၊ ဖန်ထရယ်ဟိုတယ်' ဟူသော စာတမ်းကို ထင်ထင်ရှားရှား ရေး လိုက်သည်။

'ဖက်' ကော်မရှင်ရုံးသို့ သွားသည့်လမ်းပေါ်ရှိ ဘာလင်ဌာနခွဲရုံးရှေ့ အရောက်တွင် ကားပေါ်မှပင် ကတ်ပြားကို ထောင်ပြလိုက်သည်။ ထိုသို့ ထောင်ပြရာတွင် အဆောက်အအုံပေါ်ရှိ မှန်ပြောင်းများရှိရာဘက်နှင့်ချိန်၍ ထောင်ပြလိုက်ခြင်း ဖြစ်သည်။

ရဲမှူးစတာက်နာကို သူ့ရုံးခန်းတွင် တစ်ဦးတည်းရှိနေသည်ကို တွေ့ရသည်။ သူသည် အသက် ၃၀ ကျော်အရွယ်မျှသာ ရှိသေးသူဖြစ်ပြီး ခံ့ညားသော ရုပ်လက္ခဏာရှိသည်။ သို့သော် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တီထွင်ကြံဆ လုပ်ကိုင်နိုင်မှု အားနည်းသူ ဖြစ်သည်။ အမှန်အားဖြင့် သူသည် အမိန့်ကို နာခံပြီး ဦးဆောင်မှုကို ခံယူရန် မွေးဖွားလာရသူမျိုးကဲ့သို့ ဖြစ်သည်။ သူသည် ယခုထက် အသက် ၁၅ နှစ်ခန့် ပိုကြီးမည်ဆိုပါက ဟစ်တလာ၏ လူငယ်တပ်ဖွဲ့ ကျောင်းကို တက်ရောက်ပြီး ဟစ်တလာ၏ ရုပ်နက်တပ်တွင် တက်တက်ကြွကြွ ပါဝင်ခဲ့မည်မှာ သေချာသည်။ သို့သော် ယခုမူ သူသည် နာဇီရာဇဝတ်ကောင်များကို တရားစွဲ ဆိုရသည့်တာဝန်ကို ယူရသူဖြစ်နေသည်။

"ခင်ဗျား ကြည့်ရတာ အိပ်ရေးတော်တော်ပျက်နေပုံရတယ်။ ဟားကျွီးလား"

"ဟုတ်တယ်။ အိပ်ရေးပျက်တာ ကြာလှပြီ။ ဒါပေမယ့် အိပ်ရေးပျက်တာထက် အော့တိုဘားရဲ့ နှိပ်စက်မှုကို ဆက်တိုက်ခံခဲ့ရတာက ပိုပြီးဆိုးတယ်။ ဒါထက် ခင်ဗျားက ကျွန်တော်နဲ့ အဆက်အသွယ်ရဖို့ ကြိုးစားနေတယ်ဆို"

"ဟုတ်တယ်။ ခင်ဗျား ဟိုတယ်ပြောင်းသွားတာကို ကျွန်တော့်ဆီ အကြောင်းမကြားလို့ ဆက်သွယ်ရခက်နေခဲ့တယ်။ ဒါထက် ခင်ဗျား ဒေါက်တာ ရှော့(သ်)စတိန်းနဲ့ ကောင်းကောင်းရင်းနှီးတယ် မဟုတ်လား"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သိလာကြတာပဲ"

"စစ်ကြီးအတွင်းတုန်းကတည်းက ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒါဖြင့် စစ်ကြီးအတွင်းက သူဘာလုပ်ခဲ့တယ်ဆိုတာ ကျွန်တော့်ကို ပြောမပြနိုင်ဘူးလား"

"နေပါဦး၊ ခင်ဗျားက ကျုပ်ဆီက ဘာအကူအညီယူချင်တယ်ဆိုတာ တိတိကျကျ ပြောပါဦး"

စတက်နှာသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ရဲဝန်ထမ်းတစ်ဦး မှုသာဖြစ်ပြီး ကျွန်ုပ်မှာမူ ဂျာမနီနိုင်ငံကို ထိန်းသိမ်းစောင့်ရှောက်နေသည့် အင်အားကြီးနိုင်ငံတစ်ခု၏ ထောက်လှမ်းရေးမှူးဖြစ်သည်။ သို့ဖြစ်ရာ တာဝန်နှင့် အဆင့်အတန်း သဘောအရ ကျွန်ုပ်က မြင့်သဖြင့် သူ့ကို အထက်စီးမှ ပြန်ပြော လိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဟာ စကားဝှက်နဲ့ ရေးထားတဲ့စာတစ်ခုကို အဓိပ္ပာယ်ဖော်ကြည့်နေကြတယ်။ ဒါပေမယ့် မအောင်မြင်သေးဘူး။ ခင်ဗျားဟာ ဒေါက်တာ ရှေ့(သ်)စတိန်းနဲ့ တစ်ချိန်က အတူတကွ အလုပ်လုပ်ခဲ့ဖူးလို့ သူ သုံးတဲ့ စကားဝှက်စနစ်ကို အတော်အတန် တီးခေါက်မိနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

သူတို့ ဘာဖြစ်နေပြီကို ကျွန်ုပ် သိလိုက်သည်။ သူက ဆက်လက်၍—

"ကျွန်တော်တို့ အာဂျင်တီးနားမှာရှိတယ်ဆိုတဲ့ ဒေါက်တာရှေ့(သ်) စတိန်းရဲ့ညီ အစ်ဇက်–ရှေ့(သ်)စတိန်းကို ဆုံးစမ်းကြည့်တာလဲ အစအနတောင် မရဘူး။ ကျွန်တော်တို့ဟာ သူ့သေတ္တာကလေးထဲမှာ ပေါက်ကွဲစေတတ်တဲ့ အရာ ပါမပါ စမ်းသပ်စစ်ဆေးပြီးတဲ့နောက်မှာ ဖွင့်လိုက်ကြတယ်။ အထဲမှာ ဖန်ပြွန်တစ်ခု နဲ့ စကားဝှက်နဲ့ ရေးထားတဲ့ စာရွက်တစ်ရွက်ကို တွေ့ခဲ့ရတယ်"

"အင်းလေ၊ ကျုပ် အဲဒီ စကားဝှက်ကို ကြိုးစားပြီး အဓိပ္ပာယ်ဖော်ကြည့် မယ်လေ။ ဒါထက် ခင်ဗျားတို့ ဖန်ပြွန်ကို ဖွင့်ကြည့်ဖို့ စဉ်းစားနေသလား"

"ကျွန်တော့်အထက်အရာရှိတွေရဲ့ သဘောထားအရတော့ ဒီလိုလုပ်ဖို့ ဟာ အလွန်အန္တရာယ်ကြီးနိုင်တယ်လို့ ဆိုတယ်။ ဒေါက်တာရှေ့(သ်)စတိန်းရဲ့ ဓာတ်ခွဲခန်းလက်ထောက်တစ်ဦးကို ကျုပ်တို့ စစ်ဆေးကြည့်ခဲ့ပြီးပါပြီ။ သူ့ထွက်ဆို ချက်အရတော့ ဒေါက်တာရှေ့(သ်)စတိန်းဟာ လူတွေအတွက် အလွန်အန္တရာယ် ကြီးတဲ့ တက်တီရီးယားပိုးတစ်မျိုးကို စမ်းသပ်သုတေသနပြုနေတယ်လို့ ဆိုတယ်။ ဒါကြောင့် စကားဝှက်မှာ ဖော်ပြထားတဲ့အကြောင်းအရာတွေမှာ ဒီဖန်ပြွန်ကိုဖွင့်ဖို့ လုံလောက်စိတ်ချရတဲ့ ညွှန်ကြားချက် တစ်စုံတစ်ရာမပါ ရင်ဒါကို အဖုံးမဖွင့်ဘဲ မီးဖိုထဲ ထည့်လိုက်ဖို့ပဲ ရှိတော့တယ်"





စတက်နှာသည် စကားဆုံးသည်နှင့် စာအိတ်တစ်အိတ်ကို ကျွန်ုပ်အား ထုတ်ပေးပြီး –

"ဒီမှာ ခင်ဗျားအတွက် စကားဝှက်မိတ္တူတစ်စောင်၊ ခင်ဗျား ကြိုးစားမှ အောင်မြင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

'ပက်'၊ ကော်မရှင်မှ အပြန်တွင် ကျွန်ုပ်၏ကားနောက်မှ အင်(န်) အက်(စ်)ယူ ကားတစ်စီး လိုက်လာနေသည်ကို ကား၏နောက်ကြည့်မှန်ထဲတွင် တွေ့နေရသည်။ ကျွန်ုပ်သည် အခြားတစ်နေရာသို့ သွားရန်ဖြစ်သော်လည်း သူ့ကို လှည့်စားရန်အတွက် ဇန်ထရယ်ဟိုတယ်ဘက်သို့ ဦးတည်မောင်းနှင်ခဲ့သည်။ ကျွန်ုပ် ဟိုတယ်သို့သွားလိမ့်မည်ဟု သူ တစ်ထစ်ချ ယုံကြည်သွားပါက နောက် ယောင်ခံလိုက်ခြင်းကို ခပ်ပေါ့ပေါ့ပင် ပြုလုပ်ပေလိမ့်မည်။ ထိုအခြေအနေကို အခွင့် ကောင်းယူ၍ သူ့ကို မျက်ခြေပြတ်ရန် ကြိုးပမ်းရပေမည်။ ကျွန်ုပ် တွေးထင်သည့် အတိုင်းပင် ဇန်ထရယ်ဟိုတယ်သို့ မရောက်မီ လမ်းဆုံတစ်ခုတွင် ကျွန်ုပ် သူ့ကို မျက်ခြေပြတ်နိုင်ခဲ့သည်။

စကားဝှက်အဓိပ္ပာယ်ဖော်ရမည့်လုပ်ငန်းသည် အချိန်ယူလုပ်ရမည့် လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းကို ဆောင်ရွက်ရင်း ဇန်ထရယ်ဟိုတယ်တွင်ဝင် အချိန်ဖြုန်းနေမည်ဆိုပါက အော့တိုဘားသည် ကျွန်ုပ်ထံ အချိန်မရွေး လာရောက် ၍ အန္တရာယ်ပေးမည်သာဖြစ်သည်။ ကျွန်ုပ်နှင့်ပတ်သက်၍ အော့တိုဘားသည် ထပ်မံအချိန်ကုန်မခံလိုတော့ကြောင်း ကျွန်ုပ် ကောင်းကောင်းသိထားပြီဖြစ်သည်။ အင်ဂါ၏ အခန်းမှ သူ ရုတ်တရက် ပြန်သွားခြင်းသည် ကျွန်ုပ်စကားမပြော၍ စိတ်ပျက်သွားခြင်း မဟုတ်၊ ကျွန်ုပ်သည် သူတို့အတွက် သုံးမရသည့်သူတစ်ဦး ဖြစ်သည်ဟု သူဆုံးဖြတ်ပြီး အထက်မှ သတ်မိန့်တောင်းရန် ပြန်သွားခြင်းဖြစ်ပေ မည်။

သူတို့သည် ဇန်ထရယ်ဟိုတယ်ရှိ ကျွန်ုပ်၏အခန်းကို ဝင်စီးပါက ကျွန်ုပ်၏ လက်ထဲတွင်ရှိနေသော ရှေ့(သ်)စတိန်း၏ စကားဝှက်ကိုပါ သိမ်းယူ မည်ဖြစ်သည်။ ထိုအခါတွင် စကားဝှက်ကို 'ချေဖျက်' ရန် ကြိုးပမ်းမည်ဖြစ်ပြီး စကားဝှက်ကို ချေဖျက်၍ မရပါက ကျွန်ုပ်ကို ချေဖျက်ပစ်မည်သာဖြစ်သည်။

ဟိုတယ်သို့ ပြန်ရောက်သည့်အခါတွင် ကျွန်ုပ်သည် ရဲမှူးစတက်နှာ ပေးလိုက်သော ရှေ့(သ်)စတိန်း၏ စကားဝှက်စာရွက် မိတ္တူမှန်ကို ကြည့်လိုက် သည်။ စကားဝှက်များကို စာရွက်တစ်ရွက်တည်းတွင် အင်္ဂလိပ်အက္ခရာစာလုံး ကြီးများဖြင့် ရိုက်ထားသည်။ စာကြောင်းတစ်ကြောင်းတွင် ပျမ်းမျှစာလုံးရေ ၁၀ လုံးပါဝင်သော စာကြောင်း ၂၅ ကြောင်းရှိသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် စကားဝှက်၌ ဖော်ပြထားသော စာလုံးများသည် စကားဝှက်များလော၊ သင်္ကေတများလော၊ သို့တည်းမဟုတ် ကမ္ဘာတွင် လူသိနည်းသော ဘာသာစကားတစ်ခုခုဖြင့် တီထွင်ရေးသားထားခြင်းလော စဉ်းစားကြည့်သည်။ ပါဝင်သော စကားလုံးများကို အပြန်ပြန် အလှန်လှန် အမျိုးမျိုးတွဲစပ်ကြည့်ခဲ့သည်။

စကားဝှက်ကို ဖော်ထုတ်ရာတွင် အဓိကအားဖြင့် သင်္ချာနည်း၊ စကားလုံးများ၏ အစဉ်ကိုတွက်ယူသည့်နည်းနှင့် စကားလုံးများကို အမျိုးမျိုးတွဲစပ်ပြီး စမ်းသပ်ကြည့်သည့်နည်းတို့ကို ကျင့်သုံးလေ့ရှိသည်။ ဤလုပ်ငန်းမျိုးကို ဆောင်ရွက်ရာတွင် စိတ်ရှည်မှုသည် အရေးကြီးဆုံးသော လိုအပ်ချက်ဖြစ်သည်။ ကျွန်ုပ်သည် ထိုညသန်းခေါင်ကျော်အထိ စာလုံးများဖြင့် အလုပ်ရှုပ်လျက် ရှိသည်။ ကြာလာသည့်အခါတွင်မူ ဦးနှောက်များ ပူထူလာပြီးဆက်စဉ်းစား၍ မရတော့။ သို့သော် နောက်တစ်ကြိမ် ဆက်လက်စဉ်းစားရန်အတွက် ခိုင်မာသည့် အခြေခံများ ရရှိခဲ့ပြီဖြစ်သည်။ အိပ်ရာဝင်ချိန်တွင်မူ အင်္ဂလိပ်အက္ခရာစာလုံးများသည် ကျွန်ုပ်၏ အာရုံထဲတွင် ပျံဝဲလျက်ရှိနေသည်။

(၁၇)

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် ကားဖြင့် အပြင်သို့ ထွက်ခဲ့သည်။ လမ်းမပေါ်တွင် နှစ်ဖာလုံခန့် မောင်းနှင်သွားပြီးနောက် စစ်ဆေးကြည့်လိုက်ရာ တောနပ်(စ်) ၁၂ အမ် အမျိုးအစား ကားတစ်စီးနောက်မှ လိုက်လာနေသည်ကို တွေ့ရမည်။

ခန်ထရယ်ဟိုတယ်နှင့် တစ်မိုင်ခွဲခန့်အကွာရှိ ပန်းခြံတစ်ခုသို့ ရောက်သည့်အခါတွင် ကားကိုအပြင်တွင် ရပ်လိုက်သည်။ နောက်မှလိုက်လာသော တောနပ်(စ်)ကားမှာလည်း ကျွန်ုပ်၏ကားနောက်တွင်ပင် ရပ်လိုက်သည်ကို တွေ့ရသည်။ ကျွန်ုပ်သည် သူ့အရှင်စော၍ ကားထဲမှ ထွက်လိုက်သည်။ ပန်းခြံထဲသို့ ကျွန်ုပ် လျှောက်၍ ဝင်သွားချိန်တွင် သူလည်း နောက်ဘက် ခပ်လှမ်းလှမ်းမှ လိုက်လာနေသည်ကို တွေ့ရသည်။

ပန်းခြံထဲတွင် လူသူကင်းရှင်းလျက် ရှိသည်။ ပန်းခြံအလယ်ဘက်သို့ ရောက်သည့်အချိန်တွင် ကျွန်ုပ်ကိုယ်ကို နောက်ဘက်သို့ ပြန်လှည့်လိုက်ပြီး သူနှင့် မျက်နှာချင်းဆိုင် လိုက်သည်။

သူသည် ကျွန်ုပ်ဘက်သို့ ဆက်၍လျှောက်လာပြီး ကျွန်ုပ်၏ ခြေလှမ်း လေးငါးလှမ်းလောက်အကွာတွင်မှ ရပ်လိုက်သည်။ ကျွန်ုပ် မှတ်မိစေရန်အတွက် ဦးထုပ်ဆောင်းထားသော သူ၏ ဦးခေါင်းကို အနည်းငယ်မော့လိုက်သည်။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်မျက်မှန်ကိုင်းသည် ဆောင်ဦးနံနက်ခင်း၏ နေရောင်ခြည်နှင့် ထိတွေ့ပြီး အရောင်ဝင်းလက်လျက် ရှိသည်ကို တွေ့လိုက်ရသည်။

သူ့ကို ကျွန်ုပ် ကောင်းကောင်းမှတ်မိလိုက်ပြီဖြစ်သည်။

"ကျွန်တော် အလိုရှိနေတာက ကေအဲလ်ဂျေရဲ့ အစီရင်ခံစာပဲ၊ ခင်ဗျား ကိုယ်တိုင်လာသလား၊ ဘာပြုလို့ အခြားတစ်ယောက်ယောက်ကို မလွှတ်သလဲ"

"ခင်ဗျားနဲ့ စကားပြောစရာလဲရှိနေလို့ ကျုပ်ကိုယ်တိုင်လာခဲ့တာပဲ၊ ဒါနဲ့ ခင်ဗျားနောက်ကို သူတို့ ဘာကြောင့် နောက်ယောင်ခံလိုက်မလာကြတာလဲ"

ကျွန်ုပ် ကားနောက်သို့ သူ့ကားတစ်စီးသာ လိုက်လာခဲ့သည်ကို သူ သတိပြုမိသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်နေတဲ့ဟိုတယ်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ အရက်ဆိုင်ထဲမှာ သူတို့ လူတစ်ယောက် အမြဲချထားတယ်။ သူ နဘာကြောင့် လိုက်မလာသလဲ ဆိုတာ ကျွန်တော်လဲ စဉ်းစားလို့မရဘူး"

"ကျုပ်တို့ဟာ ခင်ဗျားအတွက် အတော်ပဲ စိုးရိမ်ပူပန်နေကြရတယ်"

ဖီးနစ်(စ်) ဂိုဏ်းက ကျွန်ုပ်ကို စကားပြောအောင်လုပ်မည့်အခြေအနေကို သူတို့ စိုးရိမ်ပူပန်နေခြင်းဖြစ်ကြောင်း ကျွန်ုပ် နားလည်လိုက်သည်။ ထို့ကြောင့် သူစိတ်ချရစေရန်အတွက် –

"ကျွန်တော့်ကို သူတို့ချိုးနှိမ်လို့ မရပါဘူး"

"ဒါပေမယ့် သူတို့ကြိုးစားကြသေးတယ် မဟုတ်လား"

ဘာလင်ဌာနခွဲသည် ကျွန်ုပ်၏ လုပ်ငန်းအခြေအနေကို မည်မျှအထိ သိနေသနည်း။ လက်တွေ့တာဝန်ကို ယူနေကြရသည့် ထောက်လှမ်းရေးမှူးများသည် ရန်သူအင်အားစုက နောက်ယောင်ခံလိုက်သည်ကို သိနိုင်သော်လည်း မိမိအင်အားစုက အဝေးမှ လေ့လာနေသည်ကို သိရန် ခဲယဉ်းသည်။ ကျွန်ုပ်သည် ရန်သူက နောက်ယောင်ခံခြင်းကို ဉာဏ်ရည်ပြိုင်ပွဲတစ်ခုအနေဖြင့် နှစ်သက်သော်လည်း မိမိဘက်မှ စောင့်ကြည့်နေသည်ကိုမူ ရွံမုန်းသည်။

"ခင်ဗျားတို့ ဘာလင်ဌာနခွဲက အော့တိုဘားကို သိသလား"

"သိတာပေါ့"

"သိတာ ဘယ်လောက်ကြာပြီလဲ"

"ခုနှစ်လရှိပြီ"

၇ လကဆိုသည်မှာ ကင်းနတ်၊ လင်းစဒေး၊ ဂျုံး မတိုင်မီ ဤတာဝန်ကို ယူခဲ့သည့် ချာရင်တန်လက်ထက်က ဖြစ်ပေမည်။ ချာရင်တန်ရော လင်းစဒေးကိုပါ အော့တိုဘားပင် သတ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။





"ကျွန်တော် အလိုရှိနေတာကတော့ ကေအဲလ်ဂျေရဲ့ နောက်ဆုံးအစီရင်ခံစာပဲ"

"ကျုပ်နဲ့အတူ ပါလာတယ်လေ"

"ခုနဦး၊ ခု မပေးနဲ့ဦး"

ပန်းခြံအတွင်းတွင် လူသူကင်းရှင်းနေသော်လည်း သူတို့ဘက်မှ နောက်ယောင်ခံလိုက်ခြင်းရှိမရှိမှာ မသေချာပေ။ ဖန်ထရယ်ဟိုတယ်မှ အထွက်တွင် နောက်မှလိုက်သူမရှိဟု ထင်မြင်ခြင်းမှာလည်း မှားကောင်းမှားနိုင်သည်။ ပိုး(လ်)က ကျွန်ုပ်အား တစ်စုံတစ်ခု ပေးသည်ကို သူတို့မြင်သွားပါက သူတို့သည် ကျွန်ုပ်ကို ချက်ချင်း 'ခုန်အုပ်'တော့မည်မှာ သေချာသည်။

ပိုး(လ်)က သူကိုယ်တိုင် လာရောက်တွေ့ဆုံရသည့်အခြေအနေကို ဆက် ပြောလိုက်သည်။

"ခင်ဗျားနဲ့ ပထမဆုံးတွေ့ပြီးတဲ့နောက် ဘာလင်ဌာနခွဲမှာပဲ ကျုပ်ကို တွဲဖက်ထားတယ်။ အခု ကျုပ်ကို ခင်ဗျားနဲ့ တွေ့ဖို့ လွှတ်လိုက်တာကတော့ အစီရင်ခံစာပေးဖို့နဲ့ ခင်ဗျားကို အခြေအနေရှင်းပြဖို့ ဖြစ်တယ်။ အော့တိုဘားနဲ့ ဖိုးနစ်(စ်)ဂိုဏ်းအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဟာ ခင်ဗျားလောက် အသေးစိတ် မသိသေးပါဘူး။ ဒါပေမယ့် ကျုပ်တို့ဟာ သူတို့ဂိုဏ်းရဲ့ နောက်ခံ အခြေအနေကိုတော့ ခင်ဗျား ထက်ပိုပြီးသိတယ်"

"ဌာနခွဲရုံးက ကျွန်တော် သိသင့်သိထိုက်တာထက်ပိုပြီး ကျွန်တော့်ကို မပြောသင့်ဘူးလို့ ယူဆတယ်"

"ကျုပ်အပေါ်မှာ နားလည်မှု မလွဲပါနဲ့ ကွီးလား။ ခင်ဗျားနဲ့ ပထမဆုံး တွေ့စဉ်ကတည်းက ခင်ဗျား ယူရမယ့်တာဝန်နဲ့ ပတ်သက်လို့ အထွေထွေ အခြေအနေကို ခင်ဗျားကို ရှင်းပြဖို့ ကျုပ်မှာ တာဝန်ရှိတယ်။ ဒါပေမယ့် အဲဒီတုန်းက ခင်ဗျားက ကျုပ်ပြောမယ့် အခြေအနေတွေကို လက်ခံယုံကြည်ဖို့ အသင့် မရှိသေးဘူးလို့ ကျုပ်ယူဆတဲ့အတွက် မပြောသေးဘဲ ရွှေ့ဆိုင်းထားခဲ့တယ်။ နာဇီ ခေတ် ဘက်ခေါင်းဆောင်တွေ စိမ့်ဝင်နေတဲ့ ဂျာမန်စစ်ဦးစီးဌာနဟာ ဥရောပမှာ စစ်ပွဲသစ် တစ်ခု ဆင်နွှဲလာနိုင်တယ်လို့ ခင်ဗျား မထင်ဘူးလား"

"ဒီလောက်ထိအောင်ဖြစ်နိုင်မယ်လို့ ကျွန်တော် ခုအချိန်ထိ မထင်မိ သေးဘူး"

"ဒါဖြင့် ခင်ဗျားဟာ ခင်ဗျားခုတာဝန်ယူနေရတဲ့ လုပ်ငန်းဘယ်လောက် အရေးပါတယ် ဆိုတာကိုရော သိရဲ့လား"

"ကျွန်တော်ဟာ သီးသန့်လုပ်ငန်းတစ်ခုကို ဖွင့်ဖွင့်စားစားလုပ်ဖို့ အတွက် ဌာနချုပ်က တာဝန်ပေးခြင်းခံရတဲ့လူတစ်ယောက်လို့ပဲ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထားတယ်။ ဂျာမန်စစ်ဦးစီးဌာနဟာ ဖီးနစ်(စ်) ဂိုဏ်းအကြောင်းကို သိတောင် သိမှာ မဟုတ်ဘူးလို့ ကျွန်တော်တော့ ယုံကြည်ထားတယ်"

သူသည် အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်ရှည်သူ ဖြစ်သည်။ စကားကို ဆက်မပြောသေးဘဲ ကျွန်ုပ် ပြောခဲ့ပြီးသည့်စကားကို ကျွန်ုပ်ကိုယ်တိုင် ပြန်လည်သုံးသပ်နိုင်အောင် အချိန်ပေးပြီးစောင့်ဆိုင်းနေခဲ့သည်။ သူ့အတွေးအမြင် မှန်ပေသည်။ ကျွန်ုပ်သည် စကားပြတ်သွားသည့် ခဏသာမျှအချိန်ကလေးတွင် လုပ်ငန်းနှင့် ပတ်သက်၍ ကျွန်ုပ်ခံယူထားသော သဘောထားကို ပြန်လည် သုံးသပ်ကြည့်မိသည်။ ကျွန်ုပ်သည် ရှေ့တန်းလူတစ်ဦးဖြစ်သော်လည်း နောက်တန်း လူတစ်ဦး၏ အမြင်ကို သိထားသင့်သည်။ သစ်ပင်တစ်ပင်ချင်း၏ အနေအထား အပြင် သစ်တောတစ်တောလုံး၏ အနေအထားကိုလည်း သိထားသင့်သည်။

သူသည် ကျွန်ုပ်၏ ခေါင်းထဲတွင် စဉ်းစားနေသည့်အချက်များကို သူ့မျက်စေ့ဖြင့် 'တွေ့မြင်' နေရဘိသည့်အလား ကျွန်ုပ်စဉ်းစားပြီးလျှင် ပြီးချင်း စကားကို ဆက်၍ ပြောလိုက်သည်။

"ခင်ဗျားဟာ ခုယူနေရတဲ့တာဝန်ကို အောင်အောင်မြင်မြင် ဆောင်ရွက်ပြီး ဖီးနစ်(စ်)ဂိုဏ်းကြီးကို ချေဖျက်နိုင်မယ်ဆိုရင် အသိန်းအသောင်းမကတဲ့လူတွေရဲ့ အသက်ကို ကာကွယ်ပေးနိုင်မှာဖြစ်တယ်။ ဒီတာဝန်ကို ဆောင်ရွက်ရင်းနဲ့လဲ ခင်ဗျားရဲ့အသက်ပါဆုံးရှုံး ရနိုင်တယ်။ ဒီအချက်ကို ကျုပ်တို့သိထားသလို ခင်ဗျားလဲ သိထားဖို့လိုတယ်။ ခင်ဗျား ခုယူနေရတဲ့တာဝန်ရဲ့ အရေးပါမှုကို မှန်မှန်ကန်ကန် မမြင်နိုင်ရင် ခင်ဗျားဟာ ဒီလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ ခင်ဗျားအသက်ရှင်နေနိုင်သမျှ ကာလအတွင်းမှာ ခင်ဗျားရဲ့ လုပ်ရှားမှုတွေထဲက အကောင်းဆုံးရလဒ်တွေ ထွက်လာဖို့ကို ကျုပ်တို့ မျှော်လင့်ထားတယ်"

သူ့အသံမှာ တည်ငြိမ်လေးနက်လှသည်။ အလုပ်သဘောဖြင့် တိကျကျ ပြတ်ပြတ်သားသား ပြောနေခြင်းလည်းဖြစ်သည်ကို ကျွန်ုပ် နားလည်လိုက်သည်။

"ကျုပ်တို့ ခင်ဗျားအတွက် စိတ်ပူနေတယ်ဆိုတာ ဒါတွေကို ရည်ရွယ်ပြီးပြောတာ ဖြစ်တယ်။ ခင်ဗျားအနေနဲ့ ခင်ဗျား ခု တာဝန်ယူနေရတဲ့လုပ်ငန်းဟာ သာမန်သတင်းစုဆောင်းရေးလုပ်ငန်းတစ်ခုပဲလို့ သဘောထားရင် ခင်ဗျားရဲ့ ကြိုးပမ်းမှုတွေက အကောင်းဆုံး အဖြေတွေပေါ်ထွက်လာမှာ မဟုတ်ဘူး။ ကျုပ်တို့က သူတို့ရဲ့ သတင်းအချက်အလက်ကို အပူတပြင်း အလိုရှိနေသလိုပဲ။ သူတို့ကလည်း ကျုပ်တို့ရဲ့ သတင်းကို အလိုရှိနေတာပဲ။ ကျုပ်တို့ရဲ့သတင်းအချက်အလက်ကို သူတို့တိုက်ရိုက်ရနိုင်တဲ့နည်းကတော့ ခင်ဗျားဆီကပဲ ဖြစ်တယ်"





သူ ပြောနေသည့်စကားအားလုံးသည် အမှန်များချည်းသာဖြစ်ရာ ကျွန်ုပ်အနေဖြင့် မည်သို့မျှ ဝင်ရောက်မစွက်ဖက်လိုတော့။ သူပြောမည့်စကားကိုသာ ဆက်၍နားထောင်ရန် ဆန္ဒရှိနေသည်။ အော့တိုဘားက ကျွန်ုပ်အား ကြိုးရှည်ရှည်ဖြင့် လှန်ထားပြီး ထူးခြားသောနည်းလမ်းများဖြင့် ကိုင်တွယ်နေသည်မှာလည်း အဓိပ္ပာယ်ရှိလိမ့်မည်ဟု သူပြောနေသည့်စကားများနှင့် ဆက်စပ်၍ ကျွန်ုပ် စဉ်းစားမိလိုက်သည်။ အော့တိုဘားသည် ချာရင်တန်ထံမှ ထူးထူးခြားခြား သတင်းမရနိုင်တော့ကြောင်း သိရသည့်အချိန်တွင် သူ့ကို သုတ်သင်ခဲ့သည်။ လင်းစဒေး ကျူးမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

ပိုး(လ်)က စကားစကို ပြန်ကောက်၍ ဆက်ပြောပြန်သည်။

"လက်ရှိအခြေအနေမှာ ခင်ဗျား ဘယ်အနေအထားမှာ ရှိနေတယ်ဆိုတာနဲ့ ပတ်သက်ပြီး ခင်ဗျားကိုယ်တိုင် မှန်မှန်ကန်ကန် သဘောမပေါက်မှာကို ကျုပ်တို့က ပူပင်နေတယ်။ ကျုပ်ရှင်းရှင်းပြောလိုက်မယ်။ အားကောင်းတဲ့ ရန်ဖက်စစ်တပ်ကြီးနှစ်ခုဟာ ကွင်းပြင်ထဲမှာ တစ်ဘက်နဲ့တစ်ဘက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြဖို့ အသင့်ရင်ဆိုင်မိနေကြတယ်။ ဒါပေမယ့် မြူနှင်းတွေက သိပ်ကျနေတော့ တစ်ဘက်ရဲ့ တပ်ဖြန့်ထားတဲ့ အနေအထားကို အခြားတစ်ဘက်က မသိကြရတဲ့အတွက် စောင့်ဆိုင်းနေကြရတယ်။ ခင်ဗျားဟာ အဲဒီတပ်ကြီးနှစ်ခုရဲ့ အလယ်တည့်တည့်မှာ ရောက်နေသူဖြစ်တယ်။ ခင်ဗျားဟာ ကျုပ်တို့ဘက်ကို လှမ်းမြင်နိုင်သော်လဲ ခုအချိန်ထိ သူတို့ဘက်ကို မမြင်နိုင်သေးဘူး။ ခင်ဗျားတာဝန်က သူတို့နဲ့ အနီးကပ်ဆုံးနေရာအထိ ရောက်အောင်သွားပြီး သူတို့ ဘယ်အနေအထားရှိတယ်ဆိုတာ ကျုပ်တို့ကို အချက်ပြဆက်သွယ်ပေးဖို့ပဲ ဖြစ်တယ်။ အဲဒီတော့ မဖွတာကျွဲလား၊ ခင်ဗျား စွဲစွဲမြဲမြဲမှတ်ထားဖို့က ခင်ဗျားဟာ လုံသွားနှစ်ခုရဲ့ကြားထဲမှာ ရှိနေတယ်"

သူသည် သူပြောပြီးသည့်စကားကို ကျွန်ုပ်က မှတ်မိအောင်ပြန်လည် စဉ်းစားကြည့်ရန် အချိန်ပေးသည့်သဘောဖြင့် စကားကို ဆက်မပြောဘဲ ခေတ္တစောင့်ဆိုင်းနေပြန်သည်။ သူပြောပြီးသည့်စကားတွင် တိုက်ရိုက်ထည့်မပြောခဲ့သော်လည်း သွယ်ဝိုက်၍ ကျွန်ုပ်အား နားလည်စေလိုသည့်အချက်မှာ တစ်ချက်သာရှိသည်။ ကျွန်ုပ်သည် သူတို့ကို အချက်ပြနိုင်ရန်အတွက် ရန်သူနှင့်အနီးဆုံး ရောက်အောင်သွားရမည်။ ဤတာဝန်ကို ကျွန်ုပ်ပြီးမြောက်အောင် ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အသက်ကို အသေခံ၍ဆောင်ရွက်ရမည်။ ဤသည်မှာ သူက ကျွန်ုပ်အား တိတိကျကျ နားလည်စေလိုသည့် တစ်ခုတည်းသော အချက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မိုး(လ်)၊ ကျွန်တော် နားလည်ပါပြီ။ ကျွန်တော် သူတို့နဲ့ အနီးဆုံးရောက်အောင်လဲ သွားပါမယ်။ လိုအပ်တဲ့ အချက်ပြကိုလဲ ပေးဖို့ပါမယ်။ ပြီးတော့ အသက်ရှင်လျက် ပြန်လာနိုင်အောင်လဲ ကြိုးစားပါမယ်။ ခု ကျွန်တော် လိုချင်တာကတော့ အစီရင်ခံစာပဲ"

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ပန်းခြံအပြင်ဘက်သို့ ထွက်ခဲ့သည်။ ကျွန်ုပ် ကားထဲသို့ ဝင်ထိုင်လိုက်ပြီးနောက် သူက ကားတံခါးကိုပိတ်ပေးလိုက်ပြီး ခါးကို အနည်းငယ်ကုန်း၍ ကျွန်ုပ်နှင့်စကားပြောဟန်ပြုလိုက်သည်။ ထို့နောက် သူ့ကိုယ်ကို အကာအကွယ်ယူ၍ စာအိတ်တစ်အိတ်ကို သူ့အပေါ်အင်္ကျီအိတ်ထဲမှ ထုတ်ယူပြီးကား အတွင်းသို့ ပစ်ချပေးလိုက်သည်။

"ကျူပ်တို့အဖွဲ့ကြီး တစ်ခုလုံးဟာ ခင်ဗျားနောက်မှာ ရှိနေတယ်ဆိုတာကို ခင်ဗျား ဘယ်တော့မှမမေ့ပါနဲ့"

"ဟုတ်ပါပြီ။ ကျွန်တော့်ကိုလဲ ဝင်မနှောင့်ယှက်ပါနဲ့၊ လွတ်လွတ်လပ်လပ်လှုပ်ရှားပါရစေ"

ပန်းခြံမှ အပြန်တွင်စားသောက်ဆိုင် တစ်ခုသို့ဝင်၍ ချောင်ကျကျစားပွဲတစ်ခုတွင်ထိုင်လိုက်ပြီး စာအိတ်ထဲမှ အစီရင်ခံစာကို ဖွင့်၍ ဖတ်လိုက်သည်။

"ဒီခင်ဗျာ ၃၊ နောက်ယောင်ခံလိုက်သူများက အနှောင့်အယှက်ပေးလျက်ရှိသည်။ သူတို့ကို မျက်ခြေပြတ်ရန် ကြိုးပမ်းယင်းအချိန်များစွာ ကုန်ရသည်။ သို့သော် သူတို့ ဌာနချုပ်ကို ရောက်နိုင်မည့် လမ်းကြောင်းကို တွေ့ထားသည်။ မကြာမီ ထပ်မံအတည်ပြုမည်။ အခြေအနေများ အလွန်ရှုပ်ထွေးနေသည်။ ကျွန်ုပ်နှင့် ဆက်သွယ်ရန် လုံးဝမကြိုးစားပါနှင့်။ ကျွန်ုပ်ဘက်မှလည်း ဌာနခွဲရုံးနှင့် အချိန်အတော်ကြာအောင် ဆက်သွယ်မှု ပြုလုပ်မည်မဟုတ် .... ကေအဲ(လ်)ဂျေ"

ကေအဲ(လ်)ဂျေသည် ကျွန်ုပ် ယခုရောက်နေသည့် အခြေအနေမျိုးသို့ ရောက်ခဲ့သည်မှာ သေချာသည်။ ကျွန်ုပ် စောစောက မိုး(လ်)အား ပြောသကဲ့သို့ လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်ခွင့် ပေးရန်ကိုလည်း သူတောင်းဆိုခဲ့သည်။ ထို့နောက်တွင် သူသည် ပစ်မှတ်နေရာကို တန်းတန်းမတ်မတ် ဝင်သွားပေလိမ့်မည်။ သူ့အစီရင်ခံစာတွင် ပါဝင်သည့်ဌာနချုပ်ကို ရောက်နိုင်မည့်လမ်းကြောင်း ဆိုသည်မှာ အဘယ်နည်း။

ကျွန်ုပ် စားသောက်ဆိုင် အပြင်သို့ ထွက်လာချိန်တွင် ကျွန်ုပ်နောက်သို့ နောက်ယောင်ခံလိုက်နေသော အင်(န်)အက်(စ်)ယူ ကားကလေးသည် ကျွန်ုပ်၏ ဘီအမ်ဒဗလျူကား နောက်တွင် ကား ၃ စီးခြား၍ ရပ်ထားသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် ဟိုတယ်သို့ မပြန်မီ ဟာ့(ဇ်) အငှားကားဌာနသို့ဝင်၍ ဘီအမ်ဒဗလျူ ကားကို အခြားကားတစ်စီးနှင့် လဲလှယ်ယူရန် စဉ်းစားထားရာ နောက်ယောင်





ခံသူကို မျက်ခြေဖျက်ထားရန် လိုအပ်သည်။ သို့သော် ကျွန်ုပ်သည် ဟိုတယ်သို့ ပြန်ရောက်ပါက ရှေ(သ်)စတိန်း၏ စကားဝှက်ကိုလည်း ဆက်လက်အဓိပ္ပာယ်ဖော်ရဦးမည်ဖြစ်ရာ အချိန်ကုန်လည်း မခံလိုပေ။ ထို့ကြောင့် အစဉ်အလာနည်းအရ ကားကိုလှည့်ပတ်မောင်းယင်းဖြင့် သူ့ကို မျက်ခြေပြတ်နိုင်အောင် ကြိုးပမ်းခြင်းမပြုဘဲ ဖြတ်လမ်းနည်းတစ်ခုကို သုံးလိုက်သည်။

ရှေ့ခြေလှမ်း ၂၀ လောက်တွင်ရှိသောလမ်းဆုံး တစ်နေရာတွင် ယာဉ်ထိန်းရဲတစ်ဦးရပ်နေရာ သူ့ထံသို့ ကျွန်ုပ်လျှောက်သွားပါသည်။ ထို့နောက် ကျွန်ုပ်အား နောက်ယောင်ခံလိုက်နေသူ၏ အင်(န်)အက်(စ်)ယူ ကားနံပါတ်ကို ပြောပြ၍ ထိုကားတွင် မသင်္ကာဖွယ်ရာ တွေ့ရကြောင်း သတင်းပို့လိုက်သည်။ ထို့နောက် ကျွန်ုပ်နှင့် ရဲသားတို့သည် ထိုကားရှိရာဘက်သို့ လျှောက်လာခဲ့သည်။ ကျွန်ုပ်၏ ဘီအမ်ဒဗလျူကားအနီးသို့ ရောက်သည့်အခါတွင် ကျွန်ုပ်သည် ယောင်လည်လည်လုပ်ပြီးနောက်တွင် ချန်နေခဲ့သည်။ ရဲသားသည် သူ့တာဝန်ကို အာရုံစူးစိုက်နေရာ ကျွန်ုပ် ကျန်ခဲ့သည်ကို သတိမထားမိဘဲ ရှေ့ဆက်လျှောက်သွားသည်။ ထို့နောက် ကျွန်ုပ်သည် ကားကိုစက်နှိုး၍အရှိန်ဖြင့် မောင်းထွက်ခဲ့သည်။ ကား၏နောက်ကြည့်မှန်မှ ကြည့်လိုက်ရာ ရဲသားသည်အင်(န်)အက်(စ်)ယူ ကားမောင်းသမား၏ လိုင်စင်ကိုယူ၍ စစ်နေသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်သည် နောက်ယောင်ခံမည့်သူမရှိဘဲ ဟာ့(ဇ်) ကားအငှားဌာနတွင် လွတ်လွတ်လပ်လပ်ကားကို လဲယူခဲ့သည်။ ကျွန်ုပ် ယခုလဲယူလာသောကားမှာ မာစီဒီး – ၂၃၀ – အက်(စ်)အဲလ် အမျိုးအစားကားဖြစ်ရာ အလွန်လျင်မြန်ပြီး သူတို့ဘက်မှ မထင်မှတ်ဆုံး ကားမျိုး ဖြစ်သည်။

ဟိုတယ်သို့ ပြန်ရောက်လျှင် ရောက်ချင်းရှေ(သ်)စတိန်း၏ စကားဝှက်ကို ထပ်မံအဓိပ္ပာယ်ဖော်ကြည့်ပြန်သည်။ အင်္ဂလိပ်အက္ခရာများကို အမျိုးမျိုးတွဲကြည့်သည်။ ထို့နောက်တွဲထားသော စကားလုံးများကို နိုင်ငံခြားဘာသာအမျိုးမျိုးရှိ စာလုံးများနှင့် တိုက်ဆိုင်၍ အဓိပ္ပာယ်ဖော်ကြည့်သည်။ တစ်မျိုးတွဲ၍ အဓိပ္ပာယ်ဖော်မရပါက အခြားတစ်မျိုးတွဲကြည့်ပြီး အဓိပ္ပာယ်ဖော်ပြန်သည်။ စိတ်ပျက်ဖွယ်ရာကောင်းလှသောအလုပ်ကို ၃ နာရီကျော်မျှ ဇွဲရှိရှိလုပ်ပြီးသည့်နောက်တွင် အပီးဒမစ် (ကူးစက်တတ်သောရောဂါပိုး) ဟူသော အင်္ဂလိပ်စကားလုံးတစ်ခုကို ရရှိခဲ့သည်။

တစ်စကို ဆွဲမိပါက တစ်ထွေးလုံးပါလာနိုင်သည်ဖြစ်ရာ စကားတစ်လုံးကို အဓိပ္ပာယ်ဖော်၍ ရသည်နှင့် သူ့စကားဝှက်တစ်ခုလုံး၏ ဆိုလိုချက်ကို ကျွန်ုပ်ရရှိပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ရဲမှူးစတက်နာ၏ လက်ရှားမှာ တုန်ယင်လျက်ရှိသည်။ သူသည် ကျွန်ုပ် ပေးသော ရှော့(သ်)စတီန်း၏ စကားဝှက်အဓိပ္ပာယ်ဖော်ထားသည့် စာရွက်ကို ဖတ်၍ မဆုံးမီ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"လိုင်းခွဲနံပါတ် -၁၅ ပေးပါ" တယ်လီဖုန်းစက်ခုံသို့လှမ်း၍ တောင်းလိုက်သည်။ ဆေးဘက်ဆိုင်ရာ ပစ္စည်းများ စာတ်ခွဲခန်းသို့လှမ်း၍ ဆက်သွယ်ခြင်း ဖြစ်ပေမည်။ ဤနေရာသည် ရှော့(သ်)စတီန်း၏ ဖန်ပြွန်ကို အလုံခြုံဆုံး သိမ်းဆည်းထားနိုင်မည့်နေရာ ဖြစ်သည်။ သူသည် သူ၏အသံကို အတော်တည်ငြိမ်အောင် ထိန်းသိမ်းလျက်ဆက်၍ ပြောလိုက်သည်။

"ရဲမှူးစတက်နာပါ၊ ခင်ဗျားတို့ဆီမှာ ပစ္စည်းအမှတ် - ၃၇ အဖြစ် ထိန်းသိမ်းထားတဲ့ ဖန်ပြွန်တစ်ခုရှိတယ်။ အဲဒီဖန်ပြွန်ကို ဖွင့်ကြည့်ဖို့ ခင်ဗျားတို့ အမိန့်ရပြီးပြီလား"

သူသည် ခေတ္တနားထောင်နေပြီး ကျွန်ုပ်၏မျက်နှာကို စူးစိုက်ကြည့်နေသည်။ ထို့နောက် -

"ခင်ဗျားတို့ အဲဒီအမိန့်ကို ရလို့ရှိရင်၊ ရရချင်း ကျွန်တော့်ဆီကို အကြောင်းကြားပါ။ အဲဒီဖန်ပြွန်ထဲမှာ အလွန်အန္တရာယ်ကြီးတဲ့ ပစ္စည်းတွေပါ တယ်လို့ ကျွန်တော် သတင်းရထားတယ်။ လောလောဆယ်မှာ အဲဒီပစ္စည်းကို





သေသေ ချာချာပိတ်ပြီး သီးခြားထားဖို့ အထူးဂရုပြုစေလိုတယ်။ ဖန်ပြွန် မတော်တဆ ကွဲသွားရင် ကြီးမားတဲ့ဘေးဒုက္ခကြုံတွေ့ ရနိုင်တယ်"

တယ်လီဖုန်းကို ပြန်ချပြီးနောက် သူသည် စာရွက်တွင် ဖော်ပြထားသော အချက်အလက်များကို ဆက်၍ဖတ်နေသည်။

"ကျွန်တော်တော့ ဒီလိုဘက်ဆီလပ်(စ်) ရောဂါပိုးမျိုး တစ်ခါမှ မကြားဖူးဘူး။ ခင်ဗျားရော ကြားဖူးသလား"

"နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်"

"ဒေါက်တာရှော့(သ်)စတီန်းဟာ ဒီအလုပ်မျိုး လုပ်တယ်ဆိုတော့ သူဟာ စိတ်မှ မှန်ရဲ့လား"

"ဒါလောက် ရှုပ်နေတဲ့ ကမ္ဘာကြီးမှာ လူတစ်ယောက် စိတ်မှန်တယ်၊ မမှန်ဖူးဆိုတာ ကျုပ်တို့ဘယ်လိုလုပ်ပြီး တိုင်းတာကြည့်နိုင်ပါ့မလဲ၊ စတက်နာ"

"ဒီလောက်သေးငယ်တဲ့ ဖန်ပြွန်ကလေးထဲက ရောဂါပိုးဟာ ဒီလောက်ကြီးမားတဲ့ ပလိပ်ရောဂါကပ်ကြီးကို ဖြစ်စေနိုင်တယ်ဆိုတာ ကျွန်တော် အံ့သြနေလို့ပါ"

သူသာ စိတ်တည်တည်ငြိမ်ငြိမ် ရှိနေမည်ဆိုပါက ကျွန်ုပ်သည် ရှော့(သ်)စတီန်း ဘာရည်ရွယ်ချက်ဖြင့် ဒီအလုပ်မျိုးလုပ်ခဲ့သည်ကို သူ အမြင်ရှင်းအောင် နောက်ကြောင်းပြန်ပြောလိုသည်။ သို့သော် ယခုမူ သူသည် အံ့သြတုန်လှုပ်မှုဖြင့် စိတ်ဂနာမငြိမ်နိုင်လောက်အောင် ဖြစ်နေရာ သူမေးသမျှအချက်ကိုသာ လိုရင်းကို ချုပ်၍ ဖြေရပေမည်။

"ဟုတ်တယ် စတက်နာ၊ ဒီလောက်သေးတဲ့ ဖန်ပြွန်ထဲက ပစ္စည်းက ဒီလောက်ကြီး အန္တရာယ်ကို ဖြစ်စေနိုင်တယ်။ ဒီနေ့ ကမ္ဘာ့နိုင်ငံကြီးတွေဟာ ရောဂါပိုးမျိုးသစ်တွေကို ရှာဖွေစမ်းသပ်နေကြတယ်။ အလွန်အန္တရာယ်ကြီးတဲ့ ပိုးမျိုးကို တွေ့ရင် ပိုးအောင်စအနည်းငယ်ကို ကမ္ဘာ့လေထုထဲ ဖြန့်လိုက်တာနဲ့ ကမ္ဘာမှာ ရှိနေတဲ့ လူအားလုံးကို သေကျေစေနိုင်တယ်။ ရှော့(သ်)စတီန်းဟာ ဒီလိုအလုပ်မျိုး လုပ်နေတာလဲ ဖြစ်နိုင်တယ်"

စတက်နာသည် ကျွန်ုပ် ပြောနေသမျှကို နားမလည်သည့်အသွင် တွေတွေကြီး ကြည့်၍ နားထောင်နေသည်။ သူသည် ပစ္စည်းအမှတ် ၇၃ နှင့် အဲကျင်တီးနားနိုင်ငံတို့ မည်သို့ဆက်စပ်နေသည်ကို စဉ်းစားနေဟန်ရှိသည်။

"အဲကျင်တီးနားနိုင်ငံမှာ ပလိပ်ရောဂါဟာ ကပ်ရောဂါအနေနဲ့ မဖြစ်တာ အတော်ကြာနေပြီ။ ဒါကြောင့် လူတွေမှာ ဒီရောဂါကိုခံနိုင်တဲ့ သဘာဝခုခံအား နည်းနေပြီ။ ဒါကြောင့်မို့ ဒေါက်တာရှော့(သ်)စတီန်းရဲ့ညီက ဖန်ပြွန်ကို အခုံး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး လူစည်ကားတဲ့ ရုပ်ရှင်ရုံတစ်ခုရဲ့ အပေါ်ထပ်ကနေ ရောဂါပိုးတွေကို ကြဲချလိုက်မယ်ဆိုရင် ဆန်ကာတာရီနားမြို့မှာ ခိုလှုံနေတဲ့ ဂျာမန်နာဇီ (၇) သောင်းဟာ တစ်ပတ်အတွင်းမှာ တစ်ယောက်မကျန် သေကုန်နိုင်ထယ်"

စတက်နာသည် ၁၅ စက္ကန့်မျှ လုံးဝ စကားမပြောဘဲ တွေဝေငေးစိုက်နေသည်။ ထို့နောက်တွင်မှ စကားကို တစ်လုံးချင်း ပြောလိုက်သည်။

"ဟားကွီးလား၊ သူဘာကြောင့် ဒါတွေလုပ်နေတာလဲ"

"နာဇီတွေက သူ့မိန်းမကို သတ်ခဲ့လို့ လက်စားချေတာ ဖြစ်မှာပေါ့"

"ကျွန်တော်တော့ နားမလည်တော့ဘူး။ ခင်ဗျား ကျွန်တော့်ကို နောက်ပြောင်နေတာလို့ပဲ ထင်တော့တယ်"

"ဒီအကြောင်းကို ခင်ဗျားဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ဘူးလို့ ကျုပ် ထင်တယ်။ ခင်ဗျားအသက်က ငယ်လွန်းတော့ ဒါတွေကို နားလည်ဖို့ ခက်ခဲနေမှာပေါ့။ ခင်ဗျားမိဘများကို မေးကြည့်ရင် သူတို့က ဒီအကြောင်းတွေကို ကောင်းကောင်း ပြောပြပါလိမ့်မယ်။ နာဇီတွေဟာ ၅ နှစ်တာကာလလေးအတွင်းမှာ လူ ၁၂ သန်းကို သတ်ခဲ့တယ်။ အဲဒီအထဲမှာ တစ်ဝက်ကျော်ဟာ ဂျူးလူမျိုးတွေဖြစ်တယ်။ ဂျူး ၆ သန်းကိုသတ်ခဲ့တာနဲ့ ပတ်သက်လို့ ခုံရုံးမှာသူတို့ရဲ့အကြောင်းပြချက်ကိုလဲ ခင်ဗျား ကြားခဲ့ရမှာပေါ့။ ဂျူးဖြစ်လို့ သတ်တာတဲ့လေ။ မုန်းလို့လဲ မဟုတ်ဘူး။ ကြောက်လို့လဲ မဟုတ်ဘူး။ လက်စားချေတာလဲ မဟုတ်ဘူး။ ဂျူးလူမျိုးဖြစ်တဲ့ အကြောင်းတစ်ခုတည်းနဲ့ သတ်ခဲ့ကြတယ်။ အဲဒါကိုရော ခင်ဗျား နားလည်နိုင်ပါ့မလား။ ကျုပ်ဟာ ဒေါက်တာရှော့(သ်)စတိန်းရဲ့ ရည်ရွယ်ချက်ကို ကောင်းကောင်းနားလည်တယ်။ သူဟာ တစ်ကိုယ်တော်လက် စားချေရေးအတွက် ကြိုးပမ်းနေသူဖြစ်တယ်။ သူ့ရဲ့ ဒေါသစိတ်အတိုင်းအတာကို သူ့ဇနီးအပေါ် ချစ်တဲ့စိတ်နဲ့သာ တိုင်းတာလို့ရမယ်"

စတက်နာသည် ရုတ်ခြည်း မတ်တပ်ရပ်လိုက်သည်။ သူသည် သူ မွေးဖွားခဲ့လာခဲ့ရသော ကမ္ဘာကြီးအကြောင်းကို နားလည်နိုင်အောင် မနည်းကြိုးပမ်းနေရသူ ဖြစ်သည်။

"ဒီပလိပ်ရောဂါဟာ ဆန်ကာတာရီနားတွင်ပဲလား။ အာဂျင်တီးနားတစ်နိုင်ငံလုံး ပျံ့နှံ့မကုန်နိုင်ဘူးလား"

"ဒါတင်ဘယ်ကမလဲ၊ အခြားအနီးအနားနိုင်ငံတွေကိုလဲ ကူးစက်ကုန်နိုင်တာပေါ့။ တရားမျှတမှုကို ခပ်ကြမ်းကြမ်းတောင်းဆိုတဲ့ လူမျိုးဟာ ဒါတွေကို ထည့်မစဉ်းစားနိုင်တော့ဘူးလေ"

ကျွန်ုပ်သည် စတက်နာနှင့် ဆက်လက်စကားမပြောလိုတော့။ နှစ်ရက်လုံးလုံး စကားဝှက်များကို ပင်ပန်းကြီးစွာ ဖော်ခဲ့ရသော်လည်း စကားဝှက်တွင်





ပါဝင်သော အကြောင်းအရာများက ကျွန်ုပ်အား ဖီးနစ်(စ်)ဂိုဏ်းနှင့် နီးစပ်အောင် ဖန်တီးမပေးနိုင်ကြောင်း တွေ့ရသည့်အခါတွင် စိတ်ဓာတ်ကျဆင်းခဲ့သည်။ ဤစကားဝှက်သည် ရှော့(သ်)စတိန်းက ကျွန်ုပ်ကိုပြောလိုသည်ဆိုသောအကြောင်းအရာမဖြစ်နိုင်၊ အာဂျင်တီးနားနိုင်ငံရှိ မြို့ကလေးတစ်မြို့ကို ရောဂါပိုးများဖြင့် ဖျက်ဆီးပစ်လိုသည့် သူ့ရည်ရွယ်ချက်သည် ကျွန်ုပ်အား အရေးတကြီးပြောရမည့် ကိစ္စမျိုးမဟုတ်။ ကျွန်ုပ်ကလည်း ဤအယူအဆမျိုးကို လက်ခံမည် မဟုတ်ကြောင်းကို သူ သိထားပေမည်။ သို့ဖြစ်ရာ ကျွန်ုပ်ကို တိုင်ပင်လိုသည်ဆိုသော ကိစ္စမှာ အဘယ်နည်း။ ဤကိစ္စကို ကျွန်ုပ်သည် အဖြေမထွက်မချင်း ဆက်လက်စဉ်းစားရပေဦးမည်။

"ကျွန်တော် အများကြီးကျေးဇူးတင်ပါတယ် ဟားကွီးလား၊ ဒီစကားဝှက်အဓိပ္ပာယ်ဖော်ပြချက်ကိုလဲ ကျွန်တော့်အထက်အရာရှိများကို ဆက်လက်တင်ပြလိုက်ပါမယ်"

ကျွန်ုပ် သူ့အခန်းမှ မထွက်ခွာမီ သူ့ကို မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ခင်ဗျားဒေါက်တာရှော့(သ်)စတိန်းရဲ့ ဓာတ်ခွဲခန်းကို စစ်ဆေးတုန်းက တွေ့ရှိတဲ့ အခြေအနေတွေထဲမှာ အရေးကြီးတာ တစ်ခု ဒါမှမဟုတ် ကျုပ်ကို မပြောဖို့ ချန်လှပ်ထားတဲ့ကိစ္စ တစ်စုံတစ်ခုများ ရှိသလား"

သူသည် အံ့အားသင့်သကဲ့သို့ ဖြစ်သွားပြီး "ဘာမှမတွေ့ပါဘူး၊ ကျွန်တော့်ကို ယုံပါ" ဟုပြောလိုက်သည်။

"ကျုပ်ဟာ ခင်ဗျားအကျိုးကို ဆောင်ရွက်ပေးခဲ့သူဖြစ်တယ်။ ဒါကြောင့် ခင်ဗျားဘက်က ပထမဆုံးကျေးဇူးတုန့်ပြန်ဖို့ တာဝန်ရှိတယ်။ လောလောဆယ်တော့ ဒီဖန်ပြွန်တစ်ခုကလွဲပြီး ဘာမှထူးခြားတာ မတွေ့ခဲ့ဘူးဆိုတဲ့ ခင်ဗျားရဲ့ စကားကို ကျုပ် ယုံကြည်ထားလိုက်ပါမယ်"

သူသည် ကျွန်ုပ်ကို လိမ်ပြောနေခြင်း မဟုတ်နိုင်။ သို့သော် ကျွန်ုပ်အနေဖြင့်မူ လိမ်ပြောနေခြင်းသာ ဖြစ်စေလိုသည်။ သို့မှသာ ကျွန်ုပ်အနေဖြင့် ရှော့(သ်)စတိန်း၏ ပဟေဠိကို ဖြေရှင်းရန်အတွက် မျှော်လင့်ချက်တစ်ခုကို တွယ်ဖက်ထားနိုင်ပေမည်။

'စက်' ကော်မရှင်ရုံးမှ ထွက်လာချိန်တွင် ကျွန်ုပ်၏ကားအနီးပတ်ဝန်းကျင်တွင် နောက်ယောင်ခံလိုက်မည့်သူ၏ အရိပ်အရောင်ကိုမျှ မတွေ့ရ။ ကားကို မောင်းထွက်ပြီးနောက် ခပ်လှမ်းလှမ်းအရောက်တွင် နောက်ဘက်သို့ ထပ်မံစစ်ဆေးကြည့်လိုက်ပြန်သည်။ အားလုံးရှင်းလင်းလျက်ရှိသည်။ သူတို့ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှန်ထားသော ကြိုးသည် တဖြည်းဖြည်း ရှည်၍လာနေပြီလော။ ဤအခြေအနေ သည် ကျွန်ုပ်အတွက် သတိကြီးစွာထားရမည့် အခြေအနေပင်ဖြစ်သည်။

မိမိဘက်မှ တိုက်ပွဲကို စတင်ဖိတ်ခေါ်သည့်နည်းဗျူဟာကို အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်ထင်ထားသည်ထက်ပို၍ ခက်ခဲနေကြောင်းတွေ့ရ သည်။ ရှော(သ်)စတိန်း၏ စကားဝှက်ကို အဓိပ္ပာယ်ဖော်ရန်အတွက် နှစ်ရက်မျှ အချိန်ဖြုန်းခဲ့ရသော်လည်း ပစ်မှတ်ကို တွေ့နိုင်မည့်သတင်း အစအနမျှပင် မရ သေး"

ကျွန်ုပ် ဖန်ထရယ်ဟိုတယ်အနီးသို့ ရောက်ချိန်တွင် ဆည်းဆာချိန် ကွယ်ပျောက်၍ အမှောင်ဘက်သို့ လှနေပြီဖြစ်သည်။ မာစီဒီးကားဖြင့် ကျွန်ုပ် ဟိုတယ်ဝင်းထဲသို့ ဝင်သွားပါက သူတို့ ကျွန်ုပ်ကို မှတ်မိမည်မဟုတ်။ ဟိုတယ်နှင့် မျက်စောင်းထိုးနေရာရှိ အရက်ဆိုင်တွင် သူတို့ဘက်မှ အစောင့်ရှိနိုင်သော်လည်း သူသည် ဘီအမ်ဒဗလျူကားကိုပင် မဲ၍ ကြည့်နေမည်သာဖြစ်သည်။

ဟိုတယ်မရောက်မီ မီးပွိုင့်အနီးတွင် ကားကိုခဏရပ်ပြီး လမ်းမပေါ် တွင် ကားများ စုပြုံမိလာသည်အထိ စောင့်ဆိုင်းနေလိုက်သည်။ ကားများစုမိလာ သည်နှင့် ကားတန်း၏ကြားထဲမှဝင်၍ တန်းစီလိုက်သည်။ မီးပွိုင့်မှထွက်သည်နှင့် ရှေ့ကားကိုကပ်၍ လိုက်ခဲ့သည်။ အရက်ဆိုင်ရှေ့အရောက်တွင် မျက်နှာကို အတတ်နိုင်ဆုံးတစ်ဘက်သို့ လှည့်ထားလိုက်သည်။ ဟိုတယ်ဝင်းတံခါးအနီးသို့ ရောက်သည့်အခါတွင် ကားအရှိန်ကို မမြန်လွန်းမနှေးလွန်းအောင် ထိန်းပြီးချိုး ဝင်လိုက်သည်။

ကားကို ဟိုတယ်ဝင်းအတွင်းရှိ ကားဂိုဒေါင်ထဲသို့ ဝင်သွားပြီးချိန်တွင် ပတ်ဝန်းကျင်အနှံ့အပြားကို စစ်ဆေးကြည့်လိုက်သည်။ ကျွန်ုပ် ပြန်ဝင်လာသည် ကို သူတို့ လုံးဝသတိမထားမိသည်မှာ သေချာသည်။ ဤသည်မှာ ကျွန်ုပ် အတွက် အခြေအနေကောင်းပင်ဖြစ်သည်။ အရေးပေါ်အခြေအနေရှိပါက ဤ ကားဖြင့်ပင် ကျွန်ုပ် လွတ်လွတ်လပ်လပ် ဟိုတယ်မှ ထွက်ခွာနိုင်ပေမည်။

ဟိုတယ်အခန်းသို့ ပြန်ရောက်ချိန်တွင် လုပ်ရိုးလုပ်စဉ် စစ်ဆေးမှုများကို ပြုလုပ်ကြည့်ခဲ့သည်။ ဘာမျှလက်ရာခြေရာ ပျက်နေသည်ကို မတွေ့ရ။ သူတို့ သည် ကျွန်ုပ်နှင့် ခပ်လှမ်းလှမ်းမှနေ၍ နေကြပြီဖြစ်သည်။ ကြိုးကို ရှည်သည်ထက် ရှည်အောင် ဖျော့ပေးနေကြပြီဖြစ်သည်။

အိပ်ရာပေါ်တွင် အညောင်းဖြေလဲလျောင်း၍ အခြေအနေအရပ်ရပ်ကို တစ်နာရီမျှ ပြန်လည်သုံးသပ်ကြည့်လိုက်သည်။ အဖြေမထွက်သေးသော ပဟေဠိ အချို့အတွက် အဖြေရရှိခဲ့ပြီ။ စဉ်းစား၍မရနိုင်သည့် ပြဿနာသစ်များလည်း ပေါ်လာခဲ့သည်။





ထို့နောက်တွင် ဘာလင်ဌာနခွဲသို့ အစီရင်ခံစာတစ်စောင် ထပ်ရေးလိုက် သည်။

"ရှော(သ်)စတိန်း၏ ဓာတ်ခွဲခန်းမှ တွေ့ရှိသော သေတ္တာငယ်တွင် မိုက် တရိုဖလင်ပါဝင်ခြင်းမရှိ။ အန္တရာယ်ကြီးသော နူမိုးနစ်ပလိပ်ရောဂါပိုးများ ပါဝင် သည့် ဖန်ပြွန်သာ ပါဝင်သည်။ အာဂျင်တီးနားနိုင်ငံ ဆန်ကာတာရီနားမြို့တွင် ရောဂါဖြန့်ရမည့်နည်းလမ်းများပါဝင်သည့် သင်္ကေတ ညီထံရေးသော စကားဝှက်လည်း အတူပါရှိသည်။ အသေးစိတ်သိလိုပါက ဇက်ကော်မရှင်မှ ရဲမှူးစတက်နာထံ စုံစမ်းပါ"

ကျွန်ုပ်သည် တစ်နေ့တာအတွက် လုပ်စရာကျန်သည်များကို စဉ်းစား ကြည့်လိုက်သည်။ အင်ဂါ၏ အခြေအနေကို တယ်လီဖုန်းဆက်၍ စုံစမ်းကြည့် ရန်လိုအပ်သည်ဟုလည်း စဉ်းစားမိလိုက်သည်။ ဤတယ်လီဖုန်းလိုင်းတွင် ကြား ဖြတ်နားထောင်ခြင်း မရှိသည်ကို ကျွန်ုပ် သိထားပြီးဖြစ်သည်။

"မင်း အခြေအနေကောင်းရဲ့လား အင်ဂါ"

"ကောင်းသွားပါပြီ။ ဒါထက် ရှင် အခုချက်ချင်း ကျွန်မဆီကို လာနိုင် မလား"

"သိပ်အန္တရာယ်ကြီးတယ် အင်ဂါ"

"ဘာမှ အန္တရာယ်မရှိပါဘူး။ ရှင့်အတွက် သိပ်အရေးကြီးတဲ့ အကြောင်း အရာတစ်ခု ကျွန်မ ပြောဖို့ ရှိနေတယ်။ ကျွန်မကို ယုံပါ"

ဤအခြေအနေကို ကျွန်ုပ် ချက်ချင်း တုန့်ပြန်ရပေမည်။ အဆုံးအဖြတ် ပေးရပေမည်။ ကျွန်ုပ်တွင် စဉ်းစားရွေးချယ်ရန် လမ်းနှစ်သွယ်သာ ရှိသည်။ သူမ၏ အခြေအနေကိုလမ်းဆုံးအောင် လိုက်ကြည့်မည်လော။ သူမနှင့် လုံးဝ အဆက် အသွယ်ဖြတ်ပြီး ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆက်လက်လှုပ်ရှားမည်လော၊ တိုက် ကွက်ကို ရှာနေသူတစ်ဦးအတွက် ပထမလမ်းကို ရွေးချယ်ခြင်းဖြင့် စွန့်စားမှုတစ်ခု ကို ထပ်မံပြုလုပ်ရပေတော့မည်။

"၁၅ မိနစ်အတွင်း ကိုယ် မင်းဆီကို အရောက်လာခဲ့မယ်"

ကျွန်ုပ်သည် ကားဂိုဒေါင်ထဲသို့ ရောက်နေပြီဖြစ်သော မာစီဒီးကားကို ပြန်မထုတ်တော့ဘဲ ဟိုတယ်အပြင်လမ်းမဘက်သို့ လမ်းလျှောက်၍ ထွက်ခဲ့ သည်။ ထို့နောက် စာတိုက်ပုံးရှိရာသို့သွား၍ စောစောပိုင်းက ရေးထားသော အစီရင်ခံစာကို ထည့်လိုက်ပြီးနောက် အငှားကားတစ်စီးဖြင့် ထွက်ခဲ့သည်။ ကျွန်ုပ် သည် အလွန်လျင်မြန်ပြီး သူတို့ မသိရသေးသော ကျွန်ုပ်၏ ၂၃၀ အက်(စ်)အယ်လ် မာစီဒီးကားကို အရေးပေါ်အခြေအနေတွင်သာ သုံးရန် ရည်ရွယ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဂါနေသော အဆောက်အအုံသို့ ဝင်သွားချိန်တွင် ကျွန်ုပ်ကို စောင့်ကြည့်နေသူတစ်ဦးမျှ မရှိနိုင်ဟု ကျွန်ုပ် ထင်မိသည်။ အဆောက်အအုံအပေါ်ထပ်သို့ တက်သည့် ဓာတ်လှေကားနှင့် အဆောက်အအုံ ဝရန်တာများတွင်လည်း လူသူကင်းရှင်းလျက် ရှိသည်။ ကျွန်ုပ်သည် သူမ၏အခန်းမှ ဧည့်ခေါင်းလောင်းကို နှိပ်လိုက်သည်။

သူမသည် အနီရောင်ဝတ်စုံကို ဝတ်ထားသည်။ အနီရောင်မှာ အလွန်တောက်ပြောင်လှရာ သူမ၏ လက်ဆောင်းရင်းနှစ်ဖက်ကို ကျွန်ုပ်ဆုပ်ကိုင်လိုက်စဉ် ကျွန်ုပ်၏လက်များတွင် အနီရောင်များထင်ဟပ်လျက်ရှိသည်ကို တွေ့ရသည်။ သူမ ဤအရောင်မျိုးရှိသော အဝတ်အစားများ ဝတ်ဆင်သည်ကို ကျွန်ုပ် ယခုတစ်ကြိမ်တွင်သာ တွေ့ဖူးသည်။

"သူက ဟဲမတ်၊ ဘရောင်းပါ" သူမက အနီးရှိ လူစိမ်းတစ်ဦးနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးလိုက်သည်။

ဟဲမတ်၊ ဘရောင်းဆိုသူသည် မျက်စေ့ပေါက်ကျဉ်းကျဉ်း၊ နှာခေါင်းပွပွနှင့် အရပ်အမောင်းမှာ ပုပြတ်ပြတ်ရှိသူဖြစ်သည်။ အင်ဂါသည် စိတ်လှုပ်ရှားနေသလောက်သူသည် မလှုပ်မယှက် ငြိမ်သက်နေသည်။ အင်ဂါသည် နောက်ဘက်ရှိ အီဘော်နီစားပွဲကြီးပေါ်ရှိ တစ်စုံတစ်ခုကို မကြာခဏ လှမ်းကြည့်နေသည်ကို သတိထားမိလိုက်သည်။

"ကျွန်တော်ဟာ သူတို့အဖွဲ့ထဲက အဖွဲ့ဝင်တစ်ဦးပါ" ဘရောင်းက သူ့ကိုယ်သူ ထပ်ဆင့်မိတ်ဆက်လိုက်သည်။

ကျွန်ုပ်သည် မဆင်မခြင်ခြေလှမ်းတစ်လှမ်းကို လှမ်းခဲ့ပြီဟု သတိပြုမိလိုက်သည်။ ကျွန်ုပ်တို့သည် အခြေအနေသစ်တစ်ခုထဲသို့ တိုးဝင်မည်ဆိုပါက ထိုသို့မပြုလုပ်မီ အချိန်အနည်းငယ်ယူ၍ ထိုသို့ပြုလုပ်ခြင်းဖြင့် ပေါ်ပေါက်လာနိုင်သော အလားအလာများကို တွက်ဆကြည့်ရသည့် အလေ့အကျင့်ရှိကြသည်။ သို့သော် ယခုမူ ကျွန်ုပ် သူမဆီသို့ တယ်လီဖုန်းဆက်ခဲ့သည်မှာ မိနစ်နှစ်ဆယ်ခန့် ရှိပြီဖြစ်သော်လည်း ထိုအလားအလာများကို အနည်းငယ်မျှပင် တွက်ချက်မကြည့်ရသေး။ ယခုလောလောဆယ်ကာလတွင် ကျွန်ုပ် မျှော်လင့်မထားသော အခြေအနေနှစ်ခုနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ အဘယ့်ကြောင့် သူမနှင့်အတူ လူစိမ်းတစ်ယောက်ရှိနေရသနည်း။ အင်ဂါ မကြာခဏ လှမ်းကြည့်နေသော စားပွဲပေါ်မှ ပစ္စည်းမှာ အဘယ်နည်း။

"သူတို့အဖွဲ့ ဟုတ်လား"

ကျွန်ုပ်က သူ့စကားကို နားမလည်ဟန်ဖြင့် သူ ဆက်ပြောရန် လမ်းခင်းပေးလိုက်သည်။





"ဖီးနစ်အဖွဲ့ပါ"

သူက ပြုံး၍ ပြောလိုက်သည်။

သူ့အမူအရာကို ကြည့်၍ သူသည် ကျွန်ုပ်နှင့် အလုပ်သဘော လေးလေးနက်နက် လုပ်ရန် ကိစ္စတစ်ခုရှိနေလိမ့်မည်ဟု ကျွန်ုပ် စဉ်းစားမိလိုက်သည်။ ကျွန်ုပ် ထိုသို့စဉ်းစားနေစဉ်မှာပင် သူသည်စားပွဲပေါ်မှ အရာဝတ္ထုကို ကောက်ယူလိုက်ပြီး—

"ဒါဟာ ခင်ဗျားအတွက် ဖြစ်ပါတယ်၊ ဟားကွီးလား" ဟုပြောရင်း ကျွန်ုပ်လက်ထဲသို့ ထည့်ပေးလိုက်သည်။ ထိုအရာမှာ ဖိုင်တွဲကြီးတစ်ခု ဖြစ်သည်။

အင်ဂါသည် အနက်ရောင်ကတ္တီပါစများဖြင့် ဖုံးအုပ်ထားသည့် ဆက်တီကုလားထိုင်တစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။ ကုလားထိုင်ပေါ်တွင် ထိုင်နေသော သူမသည် မီးသွေးတုံးပေါ်တွင် ထွက်နေသောမီးလျှံကဲ့သို့ ထင်မှတ်ရသည်။

ကျွန်ုပ်သည် လက်ထဲသို့ ရောက်နေသောဖိုင်တွဲကြီးကို ဖွင့်မကြည့်မီ သူမဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သော်လည်း သူမသည် စိတ်လှုပ်ရှားနေဟန်ဖြင့် ဦးခေါင်းကို အောက်သို့စိုက်၍ ကြမ်းပြင်ကိုသာ ကြည့်နေသည်။

ဖိုင်တွဲကို လှန်လိုက်သည်နှင့် ပထမစာရွက်တွင် 'စပရင်းဘို့(ဒ်) စစ်ဆင်ရေး' ဟူသော စကားလုံးမည်းကြီးများကို တွေ့လိုက်ရသည်။

"ကျုပ် ဒီဖိုင်တွဲထဲမှာ ရှိနေတာတွေကို အကုန်လုံးကြည့်ရမှာလား"

"ဟုတ်ပါတယ်။ ကြိုက်သလို ကြည့်နိုင်ပါတယ်"

ဖိုင်တွဲထဲမှ စာရွက်များကို တစ်ရွက်ချင်း လှန်၍ ကြည့်နေစဉ်တွင် သူတို့နှစ်ဦးသည် ကျွန်ုပ်၏မျက်နှာကို စူးစိုက်ကြည့်နေကြသည်။ ဒုတိယစာမျက်နှာတွင် အနောက်ဂျာမနီအစိုးရ၏ စစ်ဦးစီးဌာနချုပ်မှ ထိပ်တန်းအရာရှိကြီးများ၏ အမည်များကို ဖော်ပြထားသည်။ နောက်တစ်ရွက်တွင် စစ်ပွဲအတွက် အသင့်ဖြစ်နေသော လက်နက်ကိုင် တပ်ဖွဲ့များ၏ စာရင်းကိုဖော်ပြထားသည်။ နောက်စာမျက်နှာများတွင် စစ်ဆင်ရေး၏ အဆင့်များ၊ အဓိကအချက်အလက်များနှင့် ထိုးစစ်နေရာများကို ဖော်ပြထားသည်။ စစ်ဆင်ရေးကြီးတွင် ကြည်း၊ ရေ၊ လေ၊ တပ်ပေါင်းစုံပါဝင်မည်ဖြစ်ပြီး လျှပ်တစ်ပြက် စတင်ရန် စီစဉ်ထားသည်။ နာဇီတို့နှင့် အဆက်အသွယ်ရှိသော နိုင်ငံတကာသတင်းဌာနများကို အသုံးပြု၍ ဆာဟာရသဲကန္တာရထဲတွင် ညူကလီးယား မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းဖြန့်ပြီးနောက် ပြည်သူတို့အတွင်း အထွေထွေစိတ်ချောက်ချားမှုများ ဖြစ်နေစဉ်အတွင်း ထိုစစ်ကို စတင်ရန်ဖြစ်သည်။ ဆာဟာရသဲကန္တာရထဲမှ အဲလ်ဂျီးရီးယား၊ လစ်ဗျား၊ ဂျီဘရော်တာ၊ အစ္စရေး၊ ဂရိ(စ်)၊ ဆိုက်ပရပ်(စ်) နှင့် [illegible]ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို စတင်တိုက်ခိုက်ရန်ဖြစ်သည်။ မြေထဲပင်လယ်ဝန်းကျင်ဒေသများမှတစ်ဆင့် ဥရောပသို့ စစ်မီးကူးစက်စေပြီး တတိယကမ္ဘာစစ်ကို အစ ပျိုးရန် ဖြစ်သည်။

နာဇီလက်သစ်များ၏ ယုတ်မာလှသော အကြံအစည်ပင်တည်း။

ကျွန်ုပ်သည် ၁၅ မိနစ်အတွင်း ဖိုင်တစ်ခုလုံးကို ဖတ်ပြီးခဲ့သည်။ ထို ၁၅ မိနစ်ကာလအတွင်း သူတို့နှစ်ဦးသည် အပ်ကျသံပင်ကြားရလောက်အောင် ငြိမ်၍ ကျွန်ုပ်ကို အကဲခတ်နေခဲ့သည်။

"ဒီစစ်ဆင်ရေး ဘယ်နေ့၊ ဘယ်အချိန်မှာစမယ်ဆိုတာကိုလဲ ဖော်ပြမထားပါလား" ကျွန်ုပ်က ဖိုင်တွဲကို စားပွဲပေါ်တွင် ပြန်တင်လိုက်ရင်း ပြောလိုက်သည်။

ဟဲမတ်၊ ဘရောင်းသည် အံ့အားသင့်သွားပြီး –

"ကျွန်တော် အဲဒီအချက်ကို သတိမထားမိခဲ့ဖူး။ ဒီဖိုင်ကို ယူခဲ့ရတာခက်ခဲကြီးမားတဲ့ အန္တရာယ်တွေကြားထဲက ယူခဲ့ရတာဖြစ်လို့ အသေးစိတ်မကြည့်မိခဲ့ဘူး"

စောစောပိုင်းက ကျွန်ုပ်၏အမူအရာကို မျက်တောင်မှုမခတ်နိုင်ဘဲ ငေးစိုက်လှေလာနေခဲ့သော အင်ဂါသည် ယခုအခါတွင် ဂနာမငြိမ်သော အမူအရာဖြင့် လက်ဝါးနှစ်ဖက်ကို အကြောင်းမဲ့ပွတ်တိုက်လျက် အောက်ဘက်သို့စိုက်၍ ကြည့်နေသည်။ ဖြစ်ပေါ်နေသော အခြေအနေသစ်နှင့် ပတ်သက်၍ သူမသည် စိတ်လှုပ်ရှားလျက်ရှိသည်မှာ ထင်ရှားသည်။ ဘရောင်းကမူ ဘာမှမပြောဘဲ ကျွန်ုပ်ကိုသာ စိုက်၍ကြည့်နေသည်။

"ခင်ဗျားသိရသလောက် အခြေအနေတွေအရ သူတို့ရဲ့ စစ်ဆင်ရေးဟာ ဘယ်တော့လောက်ဖြစ်နိုင်မလဲဆိုတာ မှန်းဆကြည့်စမ်းပါ"

"ကျွန်တော့်ရဲ့ မှန်းဆချက်အရဆိုရင် ရက်ပိုင်းပဲ လိုတော့တယ်လို့ထင်တယ်၊ ဟားကွီးလား"

ထို့နောက်တွင် ကျွန်ုပ်သည် သူ့အနီးသို့ တိုးကပ်သွားပြီး –

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ဒီဖိုင်တွဲကြီးကို စွန့်စွန့်စားစား ယူခဲ့ရတာလဲ၊ ပြီးတော့ ဘာရည်ရွယ်ချက်နဲ့ ကျုပ်ကို ပြတာလဲ"

"ကျွန်တော်ဟာ အင်ဂါရဲ့မိတ်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဖီးနစ်(စ်)ဂိုဏ်းဝင် တစ်ဦးဖြစ်သော်လဲ ဒီဂိုဏ်းကို ဆန့်ကျင်လုပ်ရှားနေတယ်ဆိုတာ သူသိပါတယ်။ ခင်ဗျားအကြောင်းကို အင်ဂါက ကျွန်တော့်ကို ပြောပြတဲ့အတွက် ဒါကို အခွင့်ကောင်းတစ်ရပ်အနေနဲ့ ယူပြီး ခုလိုဆုံးဖြတ်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဟားကွီးလား ... နောက်ပြီး ကျွန်တော်ဟာ ဂျူးလူမျိုးပါ"





သူ့မျက်နှာတွင် ကျွန်ုပ်၏နားလည်မှုနှင့် ယုံကြည်မှုကို တောင်းခံလျှက်ရှိသည့် အမူအရာများ ပေါ်လွင်လျက်ရှိသည်။ သူက ဆက်လက်၍ –

"ဒီဖိုင်ကြီးဟာ ကျွန်တော့်အတွက် အသုံးမဝင်သော်လဲ ခင်ဗျားအတွက် အသုံးဝင်မယ်လို့ ကျွန်တော်သိထားတဲ့အတွက် ခင်ဗျားဆီကို ယူလာခဲ့တာ ဖြစ်ပါတယ်"

သူသည် စကားပြတ်သွားသည်နှင့် အသံတစ်သံကို ကြားလိုက်ရသည့် အလားတံခါးပေါက်ဘက်သို့ ဖြတ်ခနဲလှည့်ကြည့်ပြီး နားစွင့်နေသည်။ ထို့နောက် တံခါးပေါက်ဘက်သို့ ခြေဖျားထောက်၍သွားပြီး တံခါးကို ပါးဖြင့်ကပ်၍ နားထောင်နေသည်။ ကျွန်ုပ်ကမူ ထိုခဏမျှသောအချိန်ကလေးတွင် ရှေ့ဘာဆက်လုပ်ရမည်ကို စဉ်းစားကြည့်လိုက်သည်။

ကျွန်ုပ်တို့ကဲ့သို့ အန္တရာယ်တောတွင် လှုပ်ရှားနေရသူများသည် တစ်ခါတစ်ရံတွင် ပြဿနာတစ်ရပ်ကို စွန့်စွန့်စားစားရင်ဆိုင်ပြီး တစ်ချက်တည်းနှင့် အပြတ်ရှင်းသည့်အလုပ်မျိုးကို ပြုလုပ်ရာတွင် မျက်ကန်းကဲ့သို့ ကမူးရှူးထိုးလုပ်ခြင်း မဖြစ်ရပေ။ အန္တရာယ်ကြီးသော စွန့်စားမှုကြီးတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်ရာတွင် ထိုသို့ ဆုံးဖြတ်နိုင်လောက်သည့် ရေရာသေချာမှုများရှိရပေမည်။ ကျွန်ုပ်၏ လက်ရှိ အခြေအနေတွင် ရေရာသေချာမှုများ အထိုက်အလျောက် ရှိနေသည်ဟု ကျွန်ုပ် သုံးသပ်မိသည်။

ရှော(သ်)စတိန်း ဘာကြောင့်အသတ်ခံရသည်ကို ကျွန်ုပ်သိသည်။ သူတို့ ဘာကြောင့် ကျွန်ုပ်ကို ကြိုးရှည်ရှည်နှင့် လှန်ထားသည်ကိုလည်း သိနေသည်။ ယနေ့ညတွင် ဘာကြောင့် အင်ဂါသည် ထူးထူးခြားခြား အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်ကိုလည်း ကျွန်ုပ်သိသည်။ ယခု 'စပရင်းဘို့ဒ် စစ်ဆင်ရေး' ဆိုင်ရာမှတ်တမ်းကြီးကို ကျွန်ုပ်လက်ထဲသို့ ဘာကြောင့်ထိုးအပ်နေသည်ကိုလည်း ကျွန်ုပ် သိသည်။

သို့သော်လည်း တစ်ခါတစ်ရံတွင် မိမိကဲ မှန်ကန်သည်။ တိကျသေချာသည်ဟု စွဲစွဲမြဲမြဲခံယူထားသော အကြောင်းအရာများသည် ဆန့်ကျင်ဖြင့် ဆုံးဖြတ်ခံယူထားခြင်းများ ဖြစ်တတ်သည်။ တစ်ခါတစ်ရံတွင် မိမိတို့စိတ်ထဲတွင် ရှိနေသော အချက်အလက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မိနေပြီး တစ်ခုလုံးအနေဖြင့် အဆက်အစပ်မိ၍ လှပသော ရုပ်ပုံကားချပ်လေးတစ်ခုကဲ့သို့ ဖြစ်နေတတ်ပေရာ နောက်ထပ် ရရှိမည့် သတင်းအချက်အလက်သည် ထိုရုပ်ပုံကားချပ်နှင့် ဆီလျော်ညီညွတ်ခြင်း မရှိပါက လက်မခံလိုဘဲ ငြင်းပယ်တတ်သည်။ သို့ဖြစ်၍ တစ်ချက်တည်းဖြင့် အပြတ်ရှင်းရသည့်နည်းကို ကျင့်သုံးခြင်းသည် စွန့်စားရသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မျိုးဖြစ်သည်။ အရေးကြီးသည်မှာ အသေအချာ သုံးသပ်ပြီးမှ လုပ်ဆောင်သည့် စွန့်စားမှုမျိုးဖြစ်ရန် လိုအပ်ခြင်းပင်ဖြစ်သည်။

ဘရောင်းသည် တံခါးကိုကပ်၍ နားထောင်နေရာမှ ကျွန်ုပ်တို့ဆီသို့ ပြန်လာခဲ့သည်။

"ကျွန်တော်ဟာ အလွယ်တကူထိ ဘဲလန့် တုန်လှုပ်တတ်တဲ့ လူမျိုးဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာကိုလဲ ကျွန်တော် နည်းနည်းမှ မနှစ်မြို့ပါဘူး။ ဒီလို စိတ်ဓာတ်ရှိလို့လဲ ကျွန်တော့်လှုပ်ရှားမှုတွေဟာ မထိရောက်အောင် ဖြစ်နေတာပဲ"

သူသည် လေသံတိုးတိုးကလေးဖြင့် ပြောလိုက်သည်။

ကျွန်ုပ်က ဖိုင်တွဲကြီးကို တစ်ချက်ကြည့်လိုက်ပြီး –

"ခင်ဗျား ဒီဖိုင်တွဲကြီးကို ကျွန်တော့်ဆီယူလာဖို့ ဆုံးဖြတ်ခဲ့တာဟာ မဆိုးပါဘူး"

ကျွန်တော် ပြောလိုက်သောစကားသည် သူ့ကို အားပေးလိုက်သကဲ့သို့ ဖြစ်သည်။ သူ့မျက်နှာတွင် စိတ်ဓာတ်တက်ကြွမှုသည် သိသိသာသာ ပေါ်လွင်လာသည်။

"ဒီဖိုင်တွဲကြီးကို ခင်ဗျားလူတွေဆီ ယူသွားမှာလား"

သူက အားတက်သရော မေးလိုက်သည်။

"ဟုတ်တာပေါ့၊ ဒီဖိုင်တွဲနဲ့ ပတ်သက်လို့ အတည်ပြုချက်ယူပြီးတာနဲ့ သူတို့ဆီ ယူသွားမှာပေါ့။ ကျုပ်အဖွဲ့က လူတွေက ဒါမျိုးကို အရင်းအမြစ်က စုံစမ်းပြီး အတည်ပြုချက်ရယူလိုတဲ့ သဘောထားရှိကြတယ်။ ပြီးတော့ အချိန်ကလဲ သိပ်မရှိတော့ဘူး"

"ခင်ဗျား ဘယ်လိုလုပ်ပြီး အတည်ပြုချက် ယူမှာလဲ"

သူက အံ့အားသင့်သော အမူအရာဖြင့် မေးလိုက်သည်။

"သတင်းအရင်းအမြစ်ရှိတဲ့ ဖီးနစ်(စ်)ကိုထ်းရဲ့ ဌာနချုပ်ကို ကျုပ်သွားပြီး အတည်ပြုချက်ယူရမှာပေါ့။ သူတို့ ဌာနချုပ်ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိထားတယ်။ ဂရန်းဝေါ(လ်)တံတားရဲ့ အနီးက အိမ်တစ်အိမ် မဟုတ်လား"

ကျွန်ုပ် ထိုစကားကို ပြောလိုက်သည့်အချိန်တွင် သိသိသာသာတုန်လှုပ်သွားသည့် အင်ဂါ၏ အမူအရာကို ကျွန်ုပ်သတိထားမိလိုက်သည်။

(၁၉)

အင်ဂါ၏ လက်များသည် တဆတ်ဆတ် တုန်လှုပ်လျက်ရှိသည်။ ဘရောင်း၏အမူအရာမှာလည်း ဂနာမငြိမ်တော့။ ဖီးနစ်(စ်) ဌာနချုပ်ဟူသော စကားလုံးသည် သူတို့နှစ်ဦးအတွက် မိုးကြိုးပစ်သံကဲ့သို့ပင် ဖြစ်သည်။

"သူတို့ဌာနချုပ်ကိုသွားရင် အသက်ရှင်လျက် ပြန်ထွက်လာနိုင်မှာ မဟုတ်ဘူး"

ဘရောင်းက တုန်တုန်ယင်ယင် အသံဖြင့် ပြောလိုက်သည်။

ကျွန်ုပ်သည် ဖိုင်တွဲကို ကောက်ယူလိုက်ရာ ဘရောင်းက ကမန်းကတန်း တားဆီးလိုက်ပြီး –

"ခင်ဗျား မသွားဖို့ ကျွန်တော် တောင်းပန်ပါတယ်။ သွားရင်လဲ ဒီဖိုင်တွဲကြီးကို ယူမသွားဖို့ တောင်းပန်ပါတယ်"

"ဒါအတွက် မပူပါနဲ့။ ကျုပ် ဒါကို ဘယ်ကရတယ်ဆိုတာ သူတို့ကို ပြောမပြပါဘူး"

"မဟုတ်သေးဘူး၊ ဟားကွီးလား၊ ခင်ဗျား ကျွန်တော့်ရဲ့ အနေအထားကို သဘောမပေါက်သေးဘူး။ ဒီဖိုင်ကို ဘယ်သူခိုးယူတယ်ဆိုတာ သိရအောင် သူတို့ စုံစမ်းထောက်လှမ်းမှာ သိပ်သေချာပါတယ်။ သူတို့ဟာ ဒီဖိုင်တွဲပေါ်မှာ ရှိနေတဲ့ လက်ရာတွေကို စစ်ဆေးကြမှာပဲ။ ကျွန်တော်နဲ့ အင်ဂါရဲ့လက်ရာတွေဟာ အဲဒီစာရွက်တွေပေါ်မှာ ရှုပ်ယှက်ခတ်နေတာ သူတို့ တွေ့မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘရောင်းသည် ထိုသို့ပြောပြီးနောက် ကျွန်ုပ်၏လက်ထဲမှ ဖိုင်တွဲကြီးကို သူ့အားပြန်ပေးရန် လက်ကမ်းလိုက်သည်။

ကျွန်ုပ်က သူ့လက်ထဲသို့ မထည့်ဘဲ ဖိုင်တွဲကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး –

"ကောင်းပြီ၊ ကျုပ်ပြန်လာတဲ့အခါမှာ ဒီဖိုင်တွဲကို ကျုပ်ကို ပေးရမယ်"

"ခင်ဗျား ဘယ်တော့မှ ပြန်ရောက်မှာ မဟုတ်ပါဘူး"

သူက သက်ပြင်းကြီးချယင်း ပြောလိုက်သည်။

သူသည် ကျွန်ုပ်ကို တားဆီး၍ မရမှန်းသိသည်။ သို့ဖြင့် အကူအညီရလိုရငြား အင်ဂါဘက်သို့ လှည့်ကြည့်လိုက်သည်။ သို့သော် သူမသည် တစ်ဘက်သို့ လှည့်ထွက်သွားပြီး အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ အခန်းထဲမှ သူမ ပြန်ထွက်လာချိန်တွင် သူမသည် စစ်သားများ ဝတ်ဆင်သော အပေါ်အင်္ကျီကို ဝတ်ဆင်ထားပြီး ကြယ်သီးများကို ရင်ဘတ်၏ လက်ယာဘက်တွင် တပ်ဆင်ထားသည်ကို တွေ့ရသည်။ ကျွန်ုပ်၏အနီးသို့ ရောက်လျှင်ရောက်ချင်း –

"ကျွန်မ ရှင်နဲ့အတူ လိုက်ခဲ့မယ်" ဟု သူမက ပြောလိုက်သည်။

ဘရောင်းကမူ အံ့အားသင့်သောအမူအရာဖြင့် 'အင်ဂါ' ဟု ပါးစပ်မှ ရေရွတ်လိုက်ပြီး နိုက်ကိုးရာမဲ့သူဖမာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းငိုက်စိုက်ချလိုက်သည်။

ကျွန်ုပ်တို့နှစ်ဦးသည် အခန်းအပြင်ဝရန်တာတွင် နှစ်ဦးလက်တွဲပြီး ခပ်သွက်သွက် လျှောက်သွားစဉ် ဘရောင်းသည် အခန်းတံခါးပေါက်တွင် တွေတွေကြီးရပ်၍ ကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။

လမ်းမပေါ်သို့ ကျွန်ုပ်တို့နှစ်ဦးရောက်လာစဉ်တွင် နောက်ဘက်မှ ခြေသံများကြား၍ လှည့်ကြည့်လိုက်ရာ ဘရောင်းနောက်မှ လိုက်လာနေသည်ကို တွေ့ရသည်။ သူသည် ပါးစပ်မှ 'ဟားကွီးလား' 'အင်ဂါ' ဟု အော်ဟစ်လိုက်လာသော်လည်း ကျွန်ုပ်တို့သည် သူ့ကို ပြန်လှည့်မကြည့်တော့။ သို့သော် သူသည် ကျွန်ုပ်တို့ နောက်မှကပ်၍ လိုက်လာခဲ့သည်။ တစ်နေရာ အရောက်တွင် ကျွန်ုပ်တို့သည် အငှားယာဉ်တစ်စီးကို ခေါ်၍ စောင့်နေရာ သူ ကျွန်ုပ်တို့ကို မီလာခဲ့သည်။ အငှားယာဉ်ထဲသို့ ကျွန်ုပ်တို့နှစ်ဦးဝင်လိုက်စဉ်တွင် သူပါတစ်ပါတည်း လိုက်ဝင်ခဲ့သည်။ အငှားယာဉ်မောင်းသူကို ဂရန်းဝေါတံတားကို မောင်းပို့ရန် ပြောလိုက်သည်။

ဖီးနစ်(စ်)ဌာနချုပ် တည်ရာနေရာသည် ဂရန်းဝေါတံတားအနီးတွင် ရှိသည်ဟူသောအချက်မှာ ကင်းနတ်၊ လင်းစဒေးငျူး၏ အစီရင်ခံစာတွင် ဖေါ်လွင်နေသည်။ သူ၏နောက်ဆုံး အစီရင်ခံစာတွင် 'ဌာနချုပ်နှင့် နီးကပ်နေပြီ' ဟူသော အချက်သည် ဂရန်းဝေါတံတားနှင့် နီးကပ်နေခြင်းကိုပင် ဆိုလိုသည်။ ထိုနေရာတွင်ပင် သူ့ကို ဖီးနစ်(စ်)ဂိုဏ်းက သတ်ပစ်လိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်ကို သူတို့ဖမ်းသွားစဉ်က အခန်း၏ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ရာ အုန်းငှက်ပျောပင်တစ်ပင်၏ ထိပ်ဖျားကို မြင်ခဲ့ရသည်။ သို့ဖြစ်ရာ ယခု ကျွန်ုပ်တို့ သွားရမည့်နေရာမှာ ဂရန်းဝေါတံတားအနီးရှိ အုန်းငှက်ပျောပင်တစ်ပင်ရှိသော အဆောက်အအုံပင် ဖြစ်သည်။

ဂရန်းဝေါတံတားအနီးသို့ ရောက်လာသည်နှင့်အမျှ ကားထဲတွင် ပါလာသော ဘရောင်းမှာ ဂနာမငြိမ်ဖြစ်လာသည်။ တစ်နေရာအရောက်တွင် သူသည် ဆက်လက်မအောင့်အည်းနိုင်တော့ဘဲ ကားကိုရပ်ပေးရန် ကားမောင်းသမားအား ပြောလိုက်သည်။

"ကျွန်တော် ခင်ဗျားတို့နဲ့အတူ မလိုက်တော့ဘူး။ ကျွန်တော် ကြောက်ပြီး သေလိမ့်မယ်"

ကားမောင်းသမားသည် ကားကိုရပ်ပေးလိုက်ရာ သူဆင်းသွားသည်။ ကားရပ်ထားသော နေရာမှ လှမ်းကြည့်လိုက်ရာ လက်ဝဲဘက်တွင် တံတားကြီးကို မီးရောင်တဝင်းဝင်းဖြင့် မြင်နေရပြီဖြစ်သည်။ တံတား၏ တစ်ဘက်ထိပ်အနီးရှိ ကျွန်ုပ်တို့သွားမည့် အဆောက်အအုံနေရာဘက်သို့ မှန်းဆကြည့်လိုက်ရာ ထိုနေရာသည် မှောင်နေသည်ကို တွေ့ရသည်။ သို့သော်လည်း ရှေ့ဘက်တွင် မီးအလင်းရောင်ဖြင့် အုန်းငှက်ပျောပင်တစ်ပင်ကို လှမ်းမြင်နေရသည်။ ကျွန်ုပ်သည် အင်ဂါဘက်သို့ လှမ်းကြည့်၍ –

"တို့လဲ ဒီကနေဆင်းပြီး လမ်းလျှောက်သွားရအောင်"

သူမသည် မလှုပ်မယှက် တောင့်တောင့်တင်းတင်းကြီး ထိုင်နေသည်။ သူမ၏မျက်နှာသည် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ ကျွန်ုပ်သည် ကားတံခါးကို ဖွင့်၍ ကားအပြင်သို့ ထွက်လိုက်သည်။ ထို့နောက် ကားခပိုက်ဆံကို ပေးရင်း သူမ ထွက်အလာကို စောင့်နေလိုက်သည်။ သူမ ကားထဲမှ ထွက်လာလျှင်လာချင်း သူမ၏လက်ကိုဆွဲ၍ တံတားဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့သည်။ တစ်နေရာတွင် ခဲကလေးတစ်လုံးကို နင်းမိပြီး သူမ၏ခြေထောက်မှာ ချော်ရွေ့သွား၍ မနည်းပင် ထိန်းထားလိုက်ရသည်။ သူမ၏ ခြေထောက်များသည် အားအင်ကုန်ခမ်းလျက် ရှိပေပြီ။

အငှားကားလည်း ထွက်သွားပြီ။ ဘရောင်းလည်း မရှိတော့။ သူမသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်လျက်ရှိသော်လည်း ကျွန်ုပ် ဆွဲခေါ်ရာနောက်သို့ တကုတ်ကုတ်ရိုက်၍ လိုက်နေရသဖြင့် ဘာစကားမျှ မပြောဖြစ်ခဲ့။ ကျွန်ုပ်တို့နှစ်ဦးသည် တံတားတစ်ဘက်ထိပ်ကို ကျော်ပြီးနောက် ခြံဝင်းတစ်ခုထဲသို့ ဝင်ခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



ရွေ့လျားနေသော လူရိပ်များသည် ကျွန်ုပ်တို့၏ ရှေ့နောက်နှင့် ဝဲယာပတ်ဝန်းကျင်တွင် ကျရောက်လျက်ရှိသည်။ ပတ်ဝန်းကျင်တွင် အစောင့်အကြပ်များ ရှိနေသည်မှာ သေချာသည်။ အဆောက်အအုံထဲသို့ ဝင်လိုက်ပြီးနောက် အပေါ်ထပ်သို့တက်သည့် လှေကားကို ငြိမ်သက်စွာပင် တက်သွားခဲ့သည်။ ကျွန်ုပ်တို့၏ ခြေသံမှ လွဲ၍ အခြားအသံဗလံဟူ၍ ဘာမှမကြားရသော်လည်း လူရိပ်များမှာမူ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် အလှုိလှုိပေါ်၍ လာနေသည်။ အပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲသို့ ကျွန်ုပ်တို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်တည်း နောက်မှ တံခါးသည် အလိုအလျောက် ပိတ်သွားခဲ့သည်။ ကျွန်ုပ်၏ စွန့်စားမှုသည် စတင်ပေပြီ။ နောက်ဆုတ်၍ မရတော့ကြောင်း ကျွန်ုပ် သိလိုက်ပေပြီ။

နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည့်အခါတွင် အနက်ရောင်ဝတ်စုံဖြင့် လူ ၃ ဦးသည် ပိတ်ထားသောတံခါးကို ကျောနှိုင်း၍ ရပ်နေသည်ကို တွေ့ရသည်။ သူတို့သည် ရဲရဲတင်းတင်းနှင့် စိုက်စိုက်မတ်မတ်ဝင်လာသော ကျွန်ုပ်တို့နှစ်ဦးကို နားလည်ရန် ခက်ခဲနေသကဲ့သို့ ဖြစ်နေသည်။

ကျွန်ုပ်တို့ ဝင်ရောက်ခဲ့သောအခန်းမှာ ကျယ်ဝန်းလှပြီး သပ်သပ်ရပ်ရပ် ပြင်ဆင်ထားသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် အင်ဂါ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ သူမ၏ ကိုယ်ခန္ဓာသည် တဆတ်ဆတ် တုန်လျက်ပင် ရှိနေသည်။ ကျွန်ုပ် ကြည့်လိုက်စဉ် သူမတာလည်း ကျွန်ုပ်ဘက်သို့ လှည့်ကြည့်လိုက်ရာ အကြည့်ချင်း ဆုံမိခဲ့ကြသည်။ ထိုအချိန်တွင်မှ သူမသည် စောစောပိုင်းကပင်ပြောရန် အားယူဟန်ပြင်ခဲ့သောစကားကို နှုတ်သံတိုးတိုးကလေးဖြင့် ကျွန်ုပ်နားနားသို့ကပ်၍ ပြောလိုက်သည်။

"ဒီနေရာကနေ အသက်ရှင်လျက် ကျွန်မတို့ ပြန်ထွက်နိုင်လိမ့်မယ်လို့ ရှင် ယုံကြည်ထားသလား"

"ယုံတယ်။ အသေအချာကို ယုံထားတယ်"

ကျွန်ုပ်က ထိုသို့ ပိုင်ပိုင် နိုင်နိုင် ပြောလိုက်မှ သူမသည် အနည်းငယ်အကြောက်ပြေသွားခဲ့ပုံရသည်။

သူမသည် နောက်ထပ်စကားပြောရန် နှုတ်ခမ်းများကို လှုပ်ရှားအားယူနေစဉ်မှာပင် နောက်မှခြေသံကြား၍ လှည့်ကြည့်လိုက်ရာ အစောင့်နှစ်ဦးက ရှေ့တိုးလာသည်ကို တွေ့ရသည်။

"ခင်ဗျားတို့ နှစ်ယောက်စလုံး ကျုပ်တို့နဲ့ လိုက်ခဲ့ပါ"

အစောင့်တစ်ဦးက ပြောလိုက်သည်။





ကျွန်ုပ်တို့နှစ်ဦးသည် အစောင့်များနောက်သို့ လိုက်သွားသည်။ လှေကားထစ် ၁၅ ထစ်ကိုတက်၊ တစ်ဆစ်ချိုးအကွေ့တစ်ခုကိုကျော်၊ နောက်ထပ်လှေကားတစ် ၁၀ ထစ်ဆက်တက်၊ ထိုအချက်အလက်များကို ကျွန်ုပ် ယခင်ကစိတ်ထဲတွင် မှတ်သားပြီးဖြစ်သော အချက်များနှင့် ထပ်ပေါင်းထည့်လိုက်သည်။ ကျွန်ုပ် သူတို့ ခြံဝင်းထဲဝင်လာသည်မှ ယခုအထိ မှတ်သားပြီးသည့်အချက်များမှာ အိန်ငှက်ပျောပင်မှ သူတို့ခြံဝင်းဂိတ်ဝအထိ ပျှမ်းမျှခြေလှမ်း ၆ လှမ်း၊ ဝင်းခြံတံခါး အမြင့် ၁၂ ပေခန့်၊ ဂိတ်ဝမှ အဆောက်အအုံ၏လှေကားထိပ်အထိ ခြေလှမ်း ၂၇ လှမ်း၊ ဂိတ်ဝမှ အဆောက်အအုံကြား အကာအကွယ်ယူနိုင်သည့် ပန်းခြံများရှိသည့်အချက်များဖြစ်သည်။

ကျွန်ုပ်တို့သည် တံခါးပေါက်များစွာကို ဖြတ်ကျော်ပြီးနောက် တစ်နေရာအရောက်တွင် 'ဟိုင်းဟာစ်တလာ' ဟူသော ကျွန်ုပ်အနှစ် ၂၀ ကျော်ခန့်က အထပ်ထပ် ကြားခဲ့ရသည့် အသံမျိုးကို ပထမဆုံးအကြိမ် ပြန်ကြားလိုက်ရသည်။ အစောင့်တစ်ဦးက တံခါးကို ဖွင့်ပေးလိုက်ချိန်တွင် နာဇီတို့၏ တတိယဂျာမနီနိုင်ငံတော်သို့ ဝင်ရောက်ရတော့မည်ဟု ကျွန်ုပ် နားလည်လိုက်သည်။

ဤအခန်းသည် ကျွန်ုပ်အား ပထမအကြိမ်က ဖမ်းဆီးခေါ်ဆောင်ခဲ့သည့်အခန်း မဟုတ်၊ သူတို့၏ စစ်ဆင်ရေးဆိုင်ရာ ခန်းမပင် ဖြစ်ပေမည်။ အခန်း၏တစ်ဘက် ထိပ်နံရံတွင် နံရံအပြည့်မျှရှိသော ဥရောပမြေပုံကြီးရှိပြီး အရေးကြီးသော နေရာများကို မီးလုံးများဖြင့် ထိုးပြထားသည်။ မြေပုံကြီး၏ အထက်တွင် နာဇီတို့၏ စကြာတံဆိပ်အမှတ်အသားကြီးများသည် ထင်းထင်းကြီး ရှိနေသည်။

မြေပုံကြီး၏ မျက်နှာချင်းဆိုင်နံရံအနီးတွင် စားပွဲရှည်ကြီးတစ်ခုရှိပြီး ထိုစားပွဲကြီးနောက်တွင် လူ ၇ ဦး ထိုင်လျက်ရှိသည်ကို တွေ့ရသည်။ သူတို့နောက်ဘက်ရှိ နံရံတွင် ကြီးမားလှသော ဟစ်တလာ၏ ဓာတ်ပုံကြီးကို ချိတ်ဆွဲထားသည်။ ဓာတ်ပုံကြီးအောက်တွင် 'ကျွန်ုပ်တို့၏ မြင့်မြတ်သောခေါင်းဆောင်ကြီး' ဟူသောစာတန်းကို ရွှေစာလုံးကြီးများဖြင့် ရေးထားသည်။

စားပွဲတွင် ထိုင်နေသူလူ ၇ ဦးတွင် အလယ်တွင် ထိုင်နေသူသည် ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သည်။ သူတို့အားလုံးသည် ရင်ဘတ်တွင် ရွှေရောင်စကြာတံဆိပ်ကြီးများ တပ်ဆင်ထားပြီး အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်ထားသည်။ သူတို့ထဲတွင် အလယ်မှလူသည် ကျွန်ုပ် ရှာနေသူ ဗိုဆန်ပင် ဖြစ်ပေလိမ့်မည်။ အော့တိုဘားသည် ဗိုဆန်၏ ဘေးတွင်ကပ်လျက် ထိုင်နေသည်ကို တွေ့ရသည်။

အခြားသူများသည် ကျွန်ုပ်တို့ကို မလှုပ်မယှက် စူးစိုက်ကြည့်နေသော်လည်း အော့တိုဘားကမူ ခဏအကြာတွင် ထိုင်နေရာမှထ၍ ကျွန်ုပ်တို့ဆီသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အော့တိုဘား ကျွန်ုပ်တို့အနီးသို့ ရောက်လာချိန်တွင် အင်ဂါသည် သူမ၏ အပေါ်အင်္ကျီအိတ်ထဲမှ အနက်ရောင်ဖိုင်တွဲကြီးကို ထုတ်ယူလိုက်ပြီး အော့တိုဘားကို လှမ်းပေးလိုက်သည်။

"ဒီဖိုင်ကြီးထဲမှာပါတဲ့ စာရွက်စာတမ်းတွေအားလုံးကို သူဖတ်ပြီးပြီ"

အော့တိုဘားသည် ဖိုင်တွဲကို လက်နှစ်ဖက်ဖြင့် ကိုင်ထားပြီး ကျွန်ုပ်ကို တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်သော်လည်း စကားလုံးများမှာ သူ့ပါးစပ်မှ ထွက်မလာခဲ့ပေ။ သူသည် စကားပြောရာတွင် ဤသို့ တုန့်ဆိုင်းနေတတ်သူ မဟုတ်ကြောင်းကို ယခင်အတွေ့အကြုံများအရ သိရှိထားပြီးဖြစ်သည်။ ယခုမူ သူ့အထက်အရာရှိကြီးရှေ့တွင် ရောက်နေ၍ ထိုသို့တုန့်ဆိုင်းနေခြင်း ဖြစ်ပေလိမ့်မည်။

အော့တိုဘားသည် အင်ဂါဘက်သို့လှည့်၍ ဖြစ်ပျက်ခဲ့သမျှသော အခြေအနေကို အစီရင်ခံရန် အမိန့်ပေးလိုက်သည်။ သူမသည် ကျွန်ုပ်နှင့်ခြေလှမ်းသုံးလေးလှမ်းမျှခွာလိုက်ပြီး ကျွန်ုပ်ကို တစ်ချက်မျှပင် လှည့်မကြည့်ဘဲ အကြောင်းစုံကို စတင်အစီရင်ခံခဲ့သည်။

"ခေါင်းဆောင်ကြီးရှင့်၊ ကျွန်မဆီကို ဘရောင်းလာလည်ခဲ့ပါတယ်။ သူဟာ ဒီဖိုင်တွဲကြီးကိုယူလာပြီး ကွီးလားကို ပြလိုကြောင်းနဲ့ ကွီးလားက သူ့ဌာနခွဲကို ယူသွားလိုပါကလည်း ယူသွားစေမည်ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ ခေါင်းဆောင်ကြီးရှင့်။ ကျွန်မကို အဖွဲ့ကြီးက အဖွဲ့က သစ္စာဖောက်သွားသူတစ်ဦးအဖြစ် လုပ်ရှားသွားဖို့ လမ်းညွှန်တာဝန်ပေးထားတဲ့အတွက် ဘရောင်းရဲ့ အစီအစဉ်ကို ဘယ်လိုမှ တားဆီးဖို့မလွယ်ကူခဲ့ပါဘူး။ သူဟာ ..."

"ရုပ်စမ်း" စားပွဲကြီးတွင် ထိုင်နေသူများထဲမှ အလယ်မှလူကြီးက လှမ်းအော်လိုက်သည်။ ကျွန်ုပ်သည် သူ့မျက်နှာကို လေ့လာအကဲခတ် ကြည့်လိုက်သည်။ သူသည် သားစားသတ္တဝါတစ်ဦး၏ ရုပ်လက္ခဏာမျိုးရှိသူဖြစ်သည်။ ရက်စက်မှု၊ ယုတ်မာမှုနှင့် ကောက်ကျစ်စဉ်းလဲမှုများသည် သူ့မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။

"ဒီထက်ပိုပြီး တိတိကျကျ အစီရင်ခံစမ်း"

သူ့အသံသည် တစ်ခန်းလုံး ဟိန်းထွက်သွားသည်။

အင်ဂါသည် ခြေထောက်နှစ်ဖက်ကို စုလိုက်ပြီး မူလကပင် တောင့်တင်းနေသော သူမ၏ကိုယ်ခန္ဓာကို ပိုမိုတောင့်တင်းအောင် ပြုလုပ်ပြီး ဆက်လက်အစီရင်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ခေါင်းဆောင်ကြီးရှင့်၊ ဘရောင်းက ကျွန်မနဲ့ ဆက်သွယ်ပြီး ကွီးလားနဲ့ တွေ့လိုကြောင်းပြောခဲ့ပါတယ်။ ကျွန်မဟာ ဒီအခြေအနေကို





ခေါင်းဆောင် အော့တိုဘားကို သတင်းပို့ခဲ့ပါတယ်။ သူ့ညွှန်ကြားချက်အရ ဘရောင်းနဲ့ တွေ့ဆုံခဲ့ခြင်းဖြစ်ပါတယ်။ သူရောက်တဲ့အချိန်ကျတော့မှ သူက ဖိုင်တွဲကြီးကို ကွီးလားဆီ ပေးပို့လိုကြောင်း ပြောပြခဲ့တဲ့အတွက် ကျွန်မဟာ ဘယ်လိုမှ မတားဆီးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူ့ရှေ့မှာ ဌာနချုပ်ရဲ့ လမ်းညွှန်မှုကိုလဲ ထပ်တောင်းဖို့ မလွယ်ပါဘူး။ ကျွန်မစိတ်ထဲမှာ ယုံကြည်ထားတာတစ်ခုကတော့ ဒီဖိုင်ကြီးကို ကွီးလားကို ပေးလိုက်တာတောင် သူဟာ ဒီဖိုင်ကြီးကို သူ့ဌာနခွဲကို ရောက်အောင်ယူသွားနိုင်မှာ မဟုတ်ဘူးဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အစောင့်တွေက လမ်းကနေဖြတ်ပြီး တားဆီးနိုင်တယ်ဆိုတဲ့အချက်ကို ကျွန်မ နားလည်ထားပါတယ်"

"ခဏနေပါဦး"

ခေါင်းဆောင်ကြီးက ကြားဝင်ဖြတ်ရိုက်ပြန်သည်။

"ဒီဖိုင်တွဲဟာ သူတို့ဌာနခွဲကို ရောက်မသွားပေမယ့် တစ်စုံတစ်ဦးအဖတ် လိုက်ရရုံနဲ့ တို့အတွက် အန္တရာယ်ရှိတယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

"သိပါတယ် ခေါင်းဆောင်ကြီး။ ဒါပေမယ့် ကျွန်မကို ဌာနချုပ်က တာဝန် ပေးထားတာက ကွီးလားရဲ့ ယုံကြည်မှုကိုရအောင် စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်သိမ်းသွင်းမှုတွေပြုလုပ်ဖို့ ဖြစ်ပါတယ်။ နောက်ပြီး ကွီးလားနဲ့ တွေ့လို့ ဘရောင်းရဲ့ဆန္ဒကို မလိုက်လျောခဲ့ရင်လဲ ကျွန်မကို ဂိုဏ်းကြီးကခွဲထွက်လာသူ အဖြစ် သူက ယုံကြည်တော့မှာ မဟုတ်တော့ဘူးလို့ ကျွန်မ တွေးမိပါတယ်။ ဒါကြောင့် ကျွန်မဟာ အကောင်းဆုံးလမ်းကြောင်းကို ကိုယ်တိုင်ပဲ ဆုံးဖြတ်ရွေးချယ်ခဲ့ရခြင်း ဖြစ်ပါတယ်"

သူမသည် ခေတ္တရပ်လိုက်သည်။

အော့တိုဘားက "ဆက်ပြောပါ" ဟု အမိန့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခေါင်းဆောင်ကြီးရှင်၊ ကျွန်မ မူလက ရည်ရွယ်တာကတော့ ကျွန်မအခန်းက ကွီးလား ပြန်ထွက်သွားတာနဲ့ တစ်ပြိုင်တည်း ဌာနချုပ်ကို တယ်လီဖုန်းနဲ့ ဆက်ပြီးအကြောင်းကြားဖို့ ဖြစ်ပါတယ်။ ကျွန်မ နေထိုင်တဲ့ အဆောက်အအုံပတ်ဝန်းကျင်မှာ အစောင့်တွေ ထူထူထပ်ထပ် ချထားတဲ့အတွက် ဌာနချုပ်က အမိန့်ရတာနဲ့ တစ်ပြိုင်တည်း သူ့ကိုဖမ်းပြီး သူ့လက်ထဲက ဖိုင်ကိုလဲ ပြန်သိမ်းနိုင်မှာ ဖြစ်ပါတယ်။ သို့သော်လဲ လက်တွေ့မှာ ဒီအခြေအနေထိ မလိုအပ်ခဲ့ပါဘူး။ သူကိုယ်တိုင် ဒီကိုလာပြီး ဖိုင်တွဲနဲ့ပတ်သတ်ပြီး အတည်ပြုချက် ရယူမယ်လို့ သူက ပြောလာခဲ့ပါတယ်။ သူဟာ သူပြောသလို တကယ်လုပ်မယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါကြောင့် သူနဲ့အတူ ကျွန်မလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါမှလဲ လမ်းမှာ သူ့ဌာနခွဲနဲ့ ဆက်သွယ်ဖို့ကြိုးစားခဲ့ရင်

www.burmeseclassic.com



ကျွန်မ အနီးပတ်ဝန်းကျင်မှာရှိတဲ့ အဆောင့်တွေကို အချက်ပြပြီး သူ့ကို တားဆီးနိုင်မယ် မဟုတ်လား။ ခေါင်းဆောင်ကြီးရှင့်၊ ကျွန်မ ခုလုပ်ခဲ့တဲ့ လုပ်ငန်းအားလုံးဟာ ကျွန်မကို ပေးထားတဲ့တာဝန်ကို အကောင်းဆုံးနဲ့ အအောင်မြင်ဆုံးဖြစ်အောင် အလေးအနက်ထားပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်ဆိုတာ ကျွန်မ ပြောလိုပါတယ်"

အော့တိုဘားသည် သူမကို စူးစူးစိုက်စိုက်ကြည့်၍ နားထောင်နေရာမှ ကျေနပ်သွားသည့်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ သူသည် သူ့လက်အောက်ငယ်သားတစ်ဦး၏ အမှားအယွင်းအတွက် တာဝန်ခံရမည့်သူဖြစ်ရာ သူမ၏ အဆုံးအဖြတ်တွင် အားနည်းချက်များရှိပါက သူ့အပေါ် ဂယက်ရိုက်ခတ်နိုင်သည်။ ယခုမူ သူမ၏ အကြောင်းပြချက်များ ကောင်းနေ၍ သူဝမ်းသာသွားပုံ ရသည်။

အော့တိုဘားသည် ကျွန်ုပ်ဘက်သို့ လှည့်၍ ကျွန်ုပ်၏မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်သည်။

"ခင်ဗျား ဒီဖိုင်ထဲက အချက်အလက်တွေအားလုံးကို ဖတ်ပြီးပြီပေါ့။ ဟုတ်လား" သူက အသံမာမာဖြင့် မေးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ဖတ်ပြီးပြီ"

"ဘာကြောင့် ခင်ဗျားက ဒီကိုလာဖို့ ဆုံးဖြတ်ခဲ့တာလဲ"

"ဖိုင်တွဲထဲမှာပါတဲ့ အချက်အလက်တွေကို အတည်ပြုချက်ရယူဖို့ပေါ့။ အချို့အချက်တွေဟာ မှားကောင်းမှားနိုင်တယ်။ ပြီးတော့ ဘရောင်းဆိုတဲ့လူကိုလဲ ကျုပ် တစ်ခါမျှ မတွေ့ဖူးခဲ့ဘူး။ ဒါကြောင့် သူနဲ့ပတ်သက်လို့လဲ အတည်ပြုချက် ရယူချင်တယ်။ ဒါကြောင့် ဒီကိုလာခဲ့တာပေါ့"

"ဒါဖြင့် ခင်ဗျား ခု ဒီအလုပ်တွေကို လုပ်ပြီးပြီပေါ့"

"ဟုတ်တယ်"

"ကျုပ်တို့ ဒီဌာနချုပ်ထဲကို လွယ်လွယ်ကူကူနဲ့ ဝင်လာနိုင်သလို လွယ်လွယ်ကူကူနဲ့ ပြန်ထွက်နိုင်လိမ့်မယ်လို့ ထင်ရလောက်အောင် ခင်ဗျားမှာ ဘာအားကိုးအားထားတွေ ရှိနေသလဲ"

"အတွေ့အကြုံပေါ့။ အကျဉ်းအကြပ်တွေ အမျိုးမျိုးထဲက ရှောင်ထွက်နိုင်လောက်အောင် လေ့ကျင့်ရယူခဲ့ရတဲ့ အတွေ့အကြုံတွေ ရှိနေလို့ပေါ့"

အော့တိုဘားက မည်သည့်ခံစားမှုမှ မရှိသောမျက်နှာမျိုးဖြင့် ဆက်၍ ပြောလိုက်သည်။

"ခင်ဗျား ဒီကို မရောက်မီ အချိန်အနည်းငယ်ကပဲ မြောက်ပိုင်းအာဖရိကမှာရှိတဲ့ ကျုပ်တို့ကိုယ်စားလှယ်က သတင်းပေးပို့ခဲ့ပြီးဖြစ်တယ်။ အနုမြူစမ်းသပ်ဖောက်ခွဲမှုလုပ်ငန်းကို ယနေ့ည ၁၁ နာရီမှာ ပြုလုပ်မှာဖြစ်တယ်။ ဒီအချိန်က





ပြီး မိနစ် ၂၀ လောက်ပဲ လိုတော့တယ်လို့ ဆိုရမှာပေါ့။ အဲဒါကို ဖောက်ခွဲပြီးတာနဲ့ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတဲ့ အခြေအနေတွေကို အခွင့်ကောင်းယူပြီး မြေထဲပင်လယ်တစ်ဝိုက်ဒေသများကို ကျုပ်တို့လက်နက်ကိုင်တပ်တွေက မိုးမလင်းမီ တစ်ချိန်တည်း တစ်ပြိုင်တည်း အုပ်စီးနိုင်မှာ ဖြစ်တယ်"

သူသည် ထိုသို့ပြောပြီးနောက် အခန်းအလယ်ရှိ စားပွဲတစ်ခုရှိရာသို့ လျှောက်သွားခဲ့သည်။ ထိုစားပွဲသည် မြေပုံတင်စားပွဲဖြစ်သည်။ သူသည် စားပွဲထောင့်ရှိ ကလစ်တစ်ခုကို ဖြုတ်လိုက်ပြီး မြေပုံအဖုံးကို ဖွင့်လိုက်ရာ မြေထဲပင်လယ်ဒေသမြေပုံ ပေါ်လာသည်။

"ကဲ ... ခင်ဗျားကိုယ်တိုင် အခြေအနေကို လာကြည့်ပါ"

သူက ဖိတ်ခေါ်လိုက်သည်။ ကျွန်ုပ်လည်း စားပွဲနားသို့သွား၍ မြေပုံကို ကြည့်လိုက်ရာ မြေထဲပင်လယ်ပတ်ဝန်းကျင်ဒေသ၏ ထိုးစစ်အခြေပြမြေပုံ[illegible] မြားများ၊ စက်ဝိုင်းများ၊ လေးထောင့်ကွက်များနှင့် ရောင်စုံကွက်များဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် မြေပုံကို မိနစ်အနည်းငယ် စူးစိုက်၍ကြည့်နေစဉ် အော့[illegible]ဘားသည် ကျွန်ုပ်၏မျက်နှာကို အကဲခတ်ကြည့်လျက် ရှိသည်။

"ခင်ဗျား [illegible]ယ်လို သဘောရသလဲ၊ ဟားကွီးလား"

ကျွန်ုပ်သည် သူ့မေးခွန်းကို မဖြေသေးဘဲ နံရံမှ နာရီကို လှမ်းကြည့်လိုက်သည်။ ထို့နောက် သူ့မေးခွန်းကို ဖြေသည့်သဘောဖြင့် မဟုတ်ဘဲ တစ်ဦးတည်း ရေရွတ်သည့်သဘောဖြင့် ရေရွတ်လိုက်သည်။

"ဘရောင်းက အတော်နောက်ကျမှ လာပေးတာကိုး"

"ဒီအတိုင်းပဲဖြစ်ရမှာပေါ့။ အချိန်သတ်မှတ်ချက်တွေဟာ ဖိုင်တွဲထဲမှာ ထည့်မထားတဲ့အပြင် သူကလဲ မှန်းဆယူနိုင်လောက်အောင် အခြေအနေကို သိနေတဲ့လူ မဟုတ်ဘူးလေ။ ခုအချိန်မှာဆိုရင် ဆာဟာရဒေသမှာ ကျုပ်တို့ အင်အားစုတွေဟာ အားလုံးအသင့်ရှိနေကြပြီ။ ခင်ဗျား ဒီအခြေအနေကို ဘယ်လိုမှ တားဆီးလို့ မရနိုင်တော့ဘူး။ ၇ နှစ်လုံးလုံး သိပ်သိပ်သည်းသည်းနဲ့ စနစ်တကျ ပြင်ဆင်ခဲ့ရတဲ့ ဒီစစ်ဆင်ရေးကြီးကို ၁၅ မိနစ်ကျော်ကျော်ကလေး လိုတော့တဲ့အချိန်မှာ အပျက်စီး မခံနိုင်တော့ဘူး။ ပျက်စီးဖို့လဲ အခြေအနေမရှိဘူး"

အခန်းတစ်ခုလုံး ငြိမ်သက်လျက် ရှိနေသည်။

"ကျွန်တော်တော့ ခင်ဗျားတို့ ပြောတာတွေကို နည်းနည်းမှ လက်မခံဘူး"

အော့တိုဘားသည် ကျွန်ုပ်ဘက်သို့ တည့်တည့်လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။ သူ့မျက်စိထဲတွင် ဒေါသရိပ်များ တဖိတ်ဖိတ်တောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဘဝင်ကျအောင် ပြောပြဖို့က ကျုပ်တို့အလုပ် မဟုတ်ဘူး။ ကျုပ်ဟာ ဒီစပရင်းဘို့ဒ်စစ်ဆင်ရေးကြီးအတွက် ဝုဏ်ယူလို့ မဆုံးဘူး။ ဒီစစ်ဆင်ရေးကြီးကို ကျုပ် စတင်စိတ်ကူးရခဲ့သလို ကျုပ်ကပဲ မဖြစ်မနေ အကောင်အထည်ဖော်ရမှာပဲ။ မိနစ်ပိုင်းအတွင်းမှာပဲ ဒီစစ်ဆင်ရေးကြီး စတင်ပြီဆိုတဲ့ သတင်းကောင်းကို ကျုပ်တို့ ကြားရတော့မယ်။ အဲဒီအခါမှာ ခင်ဗျားကို ဒီကနေ လွတ်လွတ်လပ်လပ်ထွက်ခွာခွင့်ပြုပါမယ်။ ခင်ဗျားလုပ်နိုင်တာလဲ ဘာမှမရှိတော့ပါဘူး။ ခင်ဗျားဟာ ခင်ဗျားရဲ့ ဌာနချုပ်အတွက် တန်ဖိုးမရှိတဲ့လူတစ်ယောက် ဖြစ်သွားရုံမကဘူး။ ကျုပ်တို့ အတွက်လဲ ခင်ဗျားဟာ ဘာတန်ဖိုးမှ မရှိတော့ဘူး။ ကုန်ကုန်ပြောရရင် အဲဒီအခါမှာ ခင်ဗျားဟာ ကျည်ဆံတစ်တောင့်ကို ဖြုန်းရလောက်အောင်တောင် တန်ဖိုးမရှိတဲ့လူ ဖြစ်သွားပြီ"

သူသည် ထိုသို့ပြောပြီးလျှင်ပြီးချင်း ကျန်ခေါင်းဆောင်များ ထိုင်နေသည့် စားပွဲကြီးဆီသို့ ပြန်လျှောက်သွားပြီး မူလနေရာတွင် ပြန်ထိုင်လိုက်သည်။

ယခုတစ်ကြိမ်စကားစ၍ ပြောသူမှာ အင်ဂါပြစ်သည်။ သို့သော် သူမသည် ကျွန်ုပ်အား ကြည့်၍ ပြောခြင်းမဟုတ်။ သူမ၏ ခေါင်းဆောင်ကြီးများဘက်သို့ မျက်နှာမူလျက် ခက်ထန်လှသော အမူအရာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"ခေါင်းဆောင်ကြီးများရှင့်၊ မယုံကြည်တတ်တဲ့ လူတစ်ဦးကို ယုံကြည်လာအောင် လုပ်ဖို့အတွက် ကျွန်မ တာဝန်ယူပါရစေ။ သူ့ကို ကျွန်မတို့ရဲ့ ကိုးကွယ်မှု အထိန်းအမှတ်ကို ပြပါရစေ"

ခေါင်းဆောင် ၇ ဦးတွင် အလယ်မှလူကြီးသည် သူမ၏ တစ်ခဏချင်း ဒေါသပေါက်ကွဲလာသည့် အခြေအနေကို စိတ်ဝင်စားဟန်မရှိပေ၊ အတော်ကြာအောင် သူမကို စူးစိုက်ကြည့်နေပြီးမှ သူမ၏တောင်းဆိုချက်ကို ပါးစပ်ဖြင့်မဟုတ်ဘဲ လက်ဖြင့် တစ်နေရာသို့ ညွှန်ပြပြီး ခွင့်ပြုလိုက်သည်။

သူမသည် 'လိုက်ခဲ့' ဟူသောအမူအရာဖြင့် ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်ပြီး အခန်း၏တစ်ဘက်စွန်းသို့ လျှောက်သွားခဲ့သည်။ ကျွန်ုပ်လည်း သူမနောက်မှကပ်၍ လိုက်သွားခဲ့သည်။ အခန်းထောင့်တစ်နေရာတွင် ရှိသော ကန့်လန့်ကာတစ်ခု၏ ရှေ့တွင် သူမ ရပ်လိုက်သည်။ ထို့နောက် ကတ္တီပါစဖြင့် ပြုလုပ်ထားသော ကန့်လန့်ကာကို ဆွဲဖွင့်လိုက်ရာ ဖန်ပေါင်းချောင်ကြီးထဲတွင် ရှိသော ငွေခွက်ထဲတွင် ထည့်ထားသည့် ဖွေးဖွေးဖြူနေသည့်အမှုန့်များကို တွေ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီတို့ စစ်ရေးအရ အရေးရှုံးနိမ့်ပြီး ဘာလင်မြို့တော်ကို ဆိုဗီယက်ရုရှတပ်များ သိမ်းပိုက်ခဲ့စဉ်က ဟစ်တလာ နောက်ဆုံး မည်သို့ ဇာတ်သိမ်းသွားသည်ကို မျက်မြင်ကိုယ်တွေ့ သိရှိသူမှာ အလွန်ရှားပါးလှသည်။ သိရှိသူတို့ကို ရှာဖွေရသည်မှာလည်း အလွန်ပင် ခက်ခဲလှသည်၊





ယနေ့အထိ ထိုအခြေအနေနှင့် ပတ်သက်၍ အခိုင်အမာဆုံး ဖော်ပြနိုင်သည့်အဖွဲ့အစည်းမှာ ဗြိတိသျှထောက်လှမ်းရေးဌာနတစ်ခုတည်းသာ ရှိသည်။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ စုံစမ်းတွေ့ရှိချက်တွင် ဟစ်တလာနှင့်သူ့ဇနီး အီဗာဘရောင်းတို့၏ အလောင်းများကို သူတို့၏ အိမ်ခြံဝင်းကြီးအတွင်းတွင်ပင် ၁၉၄၅ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် မီးရှို့ခဲ့သည်ဟု ဖော်ပြထားသည်။ သို့သော် မီးရှို့ထားသည့် အလောင်းအစအနကိုမျှ လေ့လာသူများက မတွေ့ခဲ့ရပေ။ ဟစ်တလာ၏ ခြံဝင်းထဲတွင် နောက်ဆုံးအချိန်အထိ ရှိနေခဲ့သူ ဖရောဂျန်း၏ မျက်မြင်ထွက်ဆိုချက်အရ ကြွင်းကျန်သော ဟစ်တလာ၏ အရိုးများကို သေတ္တာတစ်ခုထဲတွင် ထည့်ပြီး ဟစ်တလာ၏ လူငယ်အဖွဲ့ခေါင်းဆောင် အိ(စ်)မင်းကို လွှဲပြောင်းပေးခဲ့သည်ဟု ဆိုသည်။ ရည်ရွယ်ချက်မှာ ဟစ်တလာ၏ မြင့်မားသော ရည်မှန်းချက်များကို ဂျာမန်လူငယ်မျိုးနွယ်ဆက်က ဆက်လက်သယ်ဆောင် အကောင်အထည်ဖော်ရန် ဖြစ်သည်။ ကျွန်ုပ် ယခုတွေ့မြင်နေရသည့် ဖြူဖြူဖွေးဖွေးအမှုန့်များသည် သန့်စင်အောင် အရောင်ချွတ်ထားသော ဟစ်တလာ၏ အရိုးမှုန့်များပင် ဖြစ်ပေလိမ့်မည်။

အင်ဂါသည် ထိုအရိုးမှုန့်များ ထည့်ထားသော ငွေခွက်ကို စူးစိုက်ကြည့်လျက်ရှိသည်။ ကျွန်ုပ်သည် သူမနှင့် ကျွန်ုပ်ပထမဆုံးအကြိမ်တွေ့စဉ်က သူမပြန်ပြောပြခဲ့သော ဟစ်တလာ၏ ခြံဝင်းကြီးအတွင်းမှ ဇာတ်လမ်းများကို ပြန်လည်သတိရမိလာသည်။ အထူးသဖြင့် သူမ၏ကလေးငယ်ဘဝတွင် ဟစ်တလာကို တစ်ခုတည်းသော ဘုရားသခင်အဖြစ် လူကြီးများက ပြောဆိုခဲ့ကြသည်ဟူသော သူမ၏ ပြောပြချက်ကို ပြန်လည်ကြားယောင်နေခဲ့သည်။

အင်ဂါသည် ခန္ဓာကိုယ်ကိုလည်း အနည်းငယ်မျှမလှုပ်၊ မျက်စေ့ကိုလည်း ငွေခွက်မှ မခွာဘဲ၊ စူးစိုက်ငြိမ်သက်လျက်ရှိသည်။ သူမသည် ယခင်က ဤနေရာသို့ အကြိမ်ကြိမ် အဖန်ဖန် ရောက်ခဲ့ပြီးဖြစ်ပေမည်။ ရောက်တိုင်းလည်း ငယ်စဉ်ဘဝက အခြေအနေများကို ပြန်လည်သတိရမိနေမည်သာဖြစ်သည်။ ဦးလေးကြီး ဟာမန်းနှင့် ဦးလေးကြီးဂန်သာစသည့် သူမ၏ငယ်စဉ်ဘဝက ရွှဲခက်ခဲ့ရသည့် လူကြီးများအကြောင်းကိုလည်း အမှတ်ရမိမည်သာဖြစ်သည်။ လူပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသောဝမ်းနည်းဖွယ်ရာနှင့် စက်ဆုပ်ဖွယ်ရာ အခြေအနေများကိုလည်း အမှတ်ရမိမည်သာဖြစ်သည်။

ယခု သူမ မြင်နေရသော ဖြူဖွေးသည့် အရိုးပြာများသည် သူမ၏ ကလေးဘဝတစ်ခုလုံးကို သတိရစေပေမည်။ သူမ၏ ကလေးဘဝတစ်ခုလုံးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်ုပ်နှင့် သားချင်းယှဉ်၍ ရပ်လျက်ရှိရာ သူမ၏မျက်နှာကိုပြောင်လက်နေသည့် အရိုးပြာထည့်သော ငွေခွက်၏မျက်နှာပြင်တွင် ထင်ထင်ရှားရှားမြင်နေရသည်။ ပထမတွင် သူမ၏မျက်နှာသည် ခံစားမှုမျိုးစုံတစ်လှည့်စီပေါ်နေသော အနေအထားမျိုး ရှိခဲ့သည်။ နောက်ပိုင်းတွင်မူ ခံစားမှုသဘောများလုံးဝကွယ်ပျောက်ပြီး လေးစားမှုနှင့် ကြည်ညိုမှုများ ပြည့်လျှမ်းနေသည့် အရိပ်အရောင်များ ပေါ်လွင်လာခဲ့သည်။

ကျွန်ုပ်သည် ငွေခွက်ကို စိုက်ကြည့်နေစဉ် ငွေခွက်ထဲတွင် ပေါ်နေသော သူမ၏ခန္ဓာကိုယ်တွင် တစ်စုံတစ်ရာ ထူးခြားသော လှုပ်ရှားမှုကို သတိပြုမိခဲ့သည်။ တစ်စုံတစ်ခုကို မလုပ်၍ မနေနိုင်လောက်အောင် အတွင်းစိတ်က လှုံ့ဆော်ပေးနေသည့်အလား သူမ၏ ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်ယင်နေသည်။

ထို့နောက် ရုတ်ချည်းပင် သူမ၏ ညာဘက်လက်သည် ဆတ်ခနဲ မြောက်တက်လာသည်ကို တွေ့ရပြီး သူမ၏အသည်းနှလုံးထဲမှ တိုက်ရိုက်ထွက်လာသည်ဟု ထင်ရသည့် 'ဟိုင်းဟာစ်တလာ' ဟူသောအသံကိုလည်း ကြားလိုက်ရသည်။

ကျွန်ုပ်တို့၏ နောက်ဘက်စားပွဲကြီးတွင် ထိုင်နေကြသော ခေါင်းဆောင်ကြီးများ၏ တီးတိုးပြောသံများပေါ်ထွက်လာခဲ့သည်။ နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်ရာ သူတို့၏ မျက်နှာတွင် အားရကျေနပ်မှုများဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရသည်။ ခေါင်းဆောင်ကြီးအပေါ် သူမ၏ သစ္စာရှိမှုကို သူတို့ ယုံကြည်သွားပြီ ဖြစ်သည်။

ထိုစဉ်တွင်ပင် တယ်လီဖုန်းခေါင်းလောင်းသံသည် အဆက်မပြတ် ထွက်လာသည်။ စားပွဲကြီးတွင် အလယ်ဗဟိုမှ ထိုင်နေသူသည် တယ်လီဖုန်းကိုကောက်ကိုင်လိုက်ပြီး စက္ကန့်အနည်းငယ်မျှ မျက်တောင်မခတ်ဘဲ စူးစိုက်နားထောင်နေသည်။ ထို့နောက် ခေါင်းကိုအားပါးတရ ညိတ်လိုက်ပြီး "ကောင်းတယ်၊ သိပ်ကောင်းတယ်" ဟု ပါးစပ်မှ ကျယ်လောင်စွာ ရေရွတ်လိုက်သည်။

သူသည် တယ်လီဖုန်းစကားပြောခွက်ကို ညင်သာစွာပြန်ချလိုက်ပြီးနောက် မတ်တပ်ရပ်လိုက်ပြီး "လူကြီးမင်းတို့ ကျုပ်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုကြီး အောင်မြင်ပြီဆိုတာ သတင်းကောင်းပါးပါရစေ" ဟုပြောလိုက်သည်။ စကားဆုံးသည်နှင့် သူက လက်ခုပ်တီးလိုက်ရာ အခြားခေါင်းဆောင်များကလည်း ဝမ်းသာ အားရလက်ခုပ်တီးလိုက်ကြသည်။

ထို့နောက် သူတို့သည် အခန်း၏အလယ်ရှိ မြေပုံတင်စားပွဲအနီးတွင် ဝိုင်းလျက် မြေပုံကို လက်များဖြင့်ထောက်၍ စစ်ဆေးနေကြသည်။ သို့သော် အော့တိုဘားကမူ ကျွန်ုပ်ဘက်သို့ လှည့်ကြည့်၍ "မင်းဘာတတ်နိုင်သေးသလဲ"





ဟူသော အမူအရာဖြင့် ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။ တစ်ဆက်တည်းမှာပင် ခန်းခေါ်အပေါက်ဝတွင်ရှိနေသော အစောင့်ဘက်သို့လှည့်၍ အော်ပြောလိုက်သည်။

"ဒီအကျဉ်းသားကို တို့ဌာနချုပ်က ထွက်ခွာခွင့်ပြုလိုက်ပြီ။ သူ့ကို ဘာမှ အနှောင့်အယှက်မပြုရ။ ဒီအမိန့်ကို ရှေ့က အစောင့်တွေကို အဆင့်ဆင့် အကြောင်းကြားလိုက်ပါ"

ကျွန်ုပ်သည် အခန်းတွင်းမှ ထွက်ခွာရန် တံခါးပေါက်ဘက်သို့ ဦးတည်၍ လျှောက်သွားခဲ့သည်။ တံခါးပေါက်သို့အရောက်တွင် အင်ဂါကို တစ်ချက်လှမ်း၍ ကြည့်လိုက်သည်။ သူမသည် ကျွန်ုပ်ကို စိုက်ကြည့်နေသော်လည်း ပါးစပ်က ဘာမျှမပြော။ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မိသည်နှင့် သူမသည် ခေါင်းဆောင်ကြီးများစုဝေးနေသည့် မြေပုံစားပွဲဘက်သို့ ဦးတည်လျှောက်သွားခဲ့သည်။

တံခါးဝမှ အစောင့်သည် အော့တိုဘား၏ အမိန့်ကို အခြားအစောင့်များ သိစေရန် အော်ဟစ်၍ပြောလိုက်သည်။ ကျွန်ုပ် လှေကားထစ်များကို တစ်ထစ်ချင်း လှမ်း၍ဆင်းလာချိန်တွင် အစောင့်များသည် နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်ပေးပြီး ကျွန်ုပ်အတွက် လမ်းရှင်းပေးခဲ့ကြသည်။

ည၏ အေးမြသော လေပြေသည် ကျွန်ုပ်၏မျက်နှာကို ရိုက်ခတ်နေသည်။ လူသူကင်းမဲ့သော လမ်းမပေါ်တွင် လွတ်မြောက်မှုရလာသော ကျွန်ုပ်တစ်ဦးတည်းသာ လွတ်လွတ်လပ်လပ် လမ်းလျှောက်လျက်ရှိသည်။

ဤအဆောက်အအုံကြီးထဲမှ ကင်းနက်၊ လင်းစွဲ၊ ဂျုံး လွတ်လွတ်လပ်လပ် ထွက်လာသကဲ့သို့ ကျွန်ုပ်လည်း လွတ်လွတ်လပ်လပ် ထွက်လာခဲ့ပေပြီ။ သို့သော် သူ၏ လွတ်လပ်မှုသည် တစ်ခဏမျှသာ သက်တမ်းရှည်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ကျွန်ုပ်သည် တံတားဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။

ယခင်က ကေအယ်(လ်)ဂျေကို ရေထဲတွင် ပေါလောပေါ်နေသည်ကို တွေ့ခဲ့ကြရသည်။ သို့သော် သူသည် ရေထဲသို့မရောက်မီပင် သေနတ်ဒဏ်ရာဖြင့် အသက်ပျောက်ခဲ့ပြီးဖြစ်သည်။ ယခု ကျွန်ုပ် လျှောက်နေသည့်နေရာလောက်တွင်ပင် သူသည် သေနတ်ကျည်ဆံ ထိမှန်ခဲ့ခြင်းဖြစ်နိုင်သည်။ ကျွန်ုပ်သည် အန္တရာယ်ကို တွေ့ရမည်ဆိုပါက ဤနေရာတွင်ပင် တွေ့ရဖွယ်ရှိသည်။

ကျွန်ုပ်သည် ဤအခြေအနေမျိုးသို့ မိမိ၏ ကိုယ်ပိုင်အဆုံးအဖြတ်ဖြင့် တိုးဝင်ခဲ့ခြင်း ဖြစ်သည်။ စွန့်စားမှုတစ်ခုကို စနစ်တကျ စဉ်းစားသုံးသပ်ပြီးမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စွန့်စားမှုပြုလုပ်ရာတွင် ကြုံတွေ့ရမည့် အခြေအနေမျိုးစုံကို တွက်ချက်ပြီး ရင်ဆိုင်ရန် အသင့်အနေအထားကို ရယူခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့သော အကျဉ်းအကျပ်၊ အခြေအနေမျိုးတွင် သေရမည်ကို ကြောက်သည့်စိတ်ဝင်လာပါက သေရမည့်အန္တရာယ်ကို ပိုမိုကြီးမားစေသည်။ မိမိ၏ မူလဆုံးဖြတ်ချက်များ မခိုင်မာမှုကိုလည်း ပြသသည်။

တံတားထိပ်သို့ အရောက်တွင် ကားတစ်စီးသည် ကျွန်ုပ်၏နောက်ဘက်မှလာနေသည်ကို ကြားလိုက်ရသည်။ ထိုကား ကျွန်ုပ်အနီးမှ ဖြတ်သွားချိန်တွင် ကျွန်ုပ်၏အတွင်းစိတ်တွင် သေနတ်သံကိုသာ ကြားနေမိသည်။ သေခြင်း





တရားကို ဆင်ခြင်တုံတရားဖြင့် လက်ခံထားပြီးဖြစ်သော်လည်း သွေးသားတစ်ခု၏ သဘာဝဖြင့် သူ တုန်ပြန်နေခြင်းဖြစ်သည်။

တံတားပေါ်တွင် လူသူကင်းရှင်းပြီး ငြိမ်သက်လျက်ရှိသည်။ တံတားပေါ်မှ မီးရောင်များသည် တံတားအောက်ရှိရေပြင်တွင် တဖျတ်ဖျတ် ထင်ဟပ်လျက် ရှိသည်။ တံတားအလယ်သို့ အရောက်တွင် နောက်ဘက်မှ ခြေသံများကြား သော်လည်း ကျွန်ုပ်လှည့်၍ပင် မကြည့်တော့။ ယခုအချိန်တွင် ကျွန်ုပ်အတွက် အန္တရာယ်မရှိနိုင်တော့ဟု ခိုင်ခိုင်မာမာ ယုံကြည်မိလိုက်ပြီဖြစ်သည်။ သူတို့ ကျွန်ုပ်ကို သတ်ပစ်ရန် ဆုံးဖြတ်ထားပါက တစ်နေရာမှ သေနတ်ဖြင့် ပိုင်ပိုင်နိုင်နိုင် ပစ်၍ ရနိုင်သည်။ ယခုကဲ့သို့ နောက်မှမီအောင် လိုက်နေရန် မလိုပေ။

ခြေသံများသည် တဖြည်းဖြည်း နီးလာပြီ။ ကျွန်ုပ်ကလည်း ရှေ့မှ အရှိန်မပျက် လျှောက်ဆဲ။ သို့သော် ခြေသံများနီးလာသည်နှင့် အမျိုးသမီး၏ ခြေသံမှန်း သိလာသည်။

"ကွီးလ်"

သူမ၏ အသံကိုကြားလိုက်မှ ကျွန်ုပ် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

သူမသည် လိုက်လိုက်လဲလဲ တောင်းပန်သည့်အမူအရာဖြင့် ကျွန်ုပ်၏ မျက်နှာကို စူးစိုက်ကြည့်ပြီး –

"ကျွန်မ သူတို့ ရှေ့မှာ ယုံကြည်အောင် ဟန်လုပ်ပြခဲ့ရတယ်"

"ဒါပေါ့လေ"

သူမသည် ကျွန်ုပ်၏လက်နှစ်ဖက်ကို လက်မောင်းရင်းမှ ဆုပ်ကိုင်လိုက်သည်။ ထို့နောက် –

"ရှင့်အတွက် တုန်လှုပ်ဖွယ်ရာ ဖြစ်သွားမှာပဲနော်"

"နည်းနည်းပါးပါးပေါ့"

သူမသည် မျက်စေ့ကို ဟိုဘက် ဒီဘက် လှည့်ကစားလိုက်ပြီး ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်လိုက်သည်။ ပြီးမှ –

"ကျွန်မကို ယုံပါ။ ခုလိုက်လာတာဟာ အဲဒီယုံကြည်မှုကို တောင်းခံဖို့ လိုက်လာတာပါ။ ကျွန်မကို ယုံပါ"

"ငါ မင်းကို ယုံတယ်"

ကျွန်ုပ်သည် ယခုတာဝန်ကို ထမ်းဆောင်ရင်း အသက်မသေဘဲ ဆက်လက်ရှင်သန်နေခွင့်ရမည်ဆိုပါက လန်ဒန်သို့ နောက်ဆုံးပေးပို့မည့် အစီရင်ခံစာအချုပ်တွင် အင်ဂါလင့်(ထ်) အကြောင်း ဤသို့ အသေးစိတ် မှတ်တမ်းတင်ဖော်ပြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးတွေ့ဆုံခြင်း။ ။ ဘာလင်ခုံရုံး ... အင်ဂါလင့်(ထ်)သည် ကျွန်ုပ်ထက် စော၍ ခုံရုံးမှ ထွက်သွားသည်။ ကျွန်ုပ်တို့ကို တိုက်မည့်ကားကို မောင်းနှင် သူသည် ကျွန်ုပ်လမ်းမပေါ်သို့ ထွက်လာပြီဟူသော အချက်ပြချက်ကို တစ်စုံတစ်ဦးထံမှ စောင့်မျှော်နေပေမည်။ ထိုအချက်ပြမှုကို အင်ဂါက ပေးခဲ့သည်ဟု ပထမပိုင်းတွင် မထင်မှတ်သော်လည်း နောက်ပိုင်းအတွေ့အကြုံများအရ သူမပင် ဖြစ်နိုင်သည်ဟု ယူဆသည်။

(မှတ်ချက်။ ။နာဇီခုံရုံးများတွင် တွေ့မြင်နေရသော ကျွန်ုပ်ကို အပြီးအပြတ် ရှင်းလင်းပစ်ရန် ဖီးနစ်(စ်)ဂိုဏ်း၏ အကြမ်းဖက်အင်အားစုတစ်ခုက ကြိုးပမ်းခဲ့ခြင်း ဖြစ်နိုင်သည်ဟု စောစောပိုင်းအစီရင်ခံစာများတွင် ဖော်ပြပြီးဖြစ်သည်။ အင်ဂါသည် ထိုအင်အားစု၏ ခိုင်းစေချက်အရ ဆောင်ရွက်ခြင်းဖြစ်နိုင်သည်။ ဖီးနစ်(စ်) ဂိုဏ်း၏ ထိပ်ပိုင်းခေါင်းဆောင်များကမူ ကျွန်ုပ်ကို အကျပ်ကိုင် စစ်ဆေးရန်အတွက် အရှင်ဖမ်းဆီးလိုပေမည်။)

ကားနှင့်တိုက်သတ်ရန် ကြိုးပမ်းပြီးနောက်တွင် အင်ဂါက ဤလုပ်ရပ်သည် သူ့ကို ရည်ရွယ်သည်ဟု အကွက်လှည့်၍ ဖန်တီးပြောခဲ့သည်။ ဤအချက်သည် သူမနောက်သို့ ကျွန်ုပ်လိုက်ပါရန် ဆွဲဆောင်သည့် အကောင်းဆုံး နည်းလမ်း ဖြစ်သည်။ သူမ၏ အခန်းတွင်စကားပြောရာ၌ မိမိသည် ဖီးနစ်(စ်)ဂိုဏ်းမှ ခွဲထွက်လာသူဖြစ်ကြောင်း သူမကိုယ်တိုင် ထုတ်ပြောခဲ့သည်။ ဟာစ်တလာ၏ ခြံဝင်းအတွင်း နေခဲ့ရသော သူမ၏ ကလေးဘဝအခြေအနေ ဖော်ပြချက်များသည် မှန်ကန်သည်ဟု ယုံကြည်ရသည်။

သူမသည် ဖီးနစ်(စ်) ဂိုဏ်း၏ ဩဇာစက်ကွင်းအတွင်းတွင်ပင် ရှိနေပြီး ထိုဂိုဏ်းတွင် လက်တွေ့လှုပ်ရှားမှုများကို တာဝန်ယူနေသူဖြစ်ကြောင်းကို နောက်ပိုင်း ဖြစ်ရပ်များက ပိုမိုထင်ရှားစေခဲ့သည်။

သူမ၏ အခန်းတွင် တွေ့ဆုံစဉ် သူမက ဒေါက်တာ ရှော့(သ်)စတိန်း ဘာလင်တွင် ရှိနေသည်ဟူသော အချက်ကို ကျွန်ုပ်အားပြောခဲ့သည်။ ဤသို့ ပြောခြင်းကြောင့် ကျွန်ုပ်အချက် ၃ ချက်ကို သိရသည်။ ထိုအချက် ၃ ချက်မှာ ကျွန်ုပ် ရှော့(သ်)စတိန်းကို သိသည်ဟူသော အချက်ကို သူမ ကြိုတင် သိနေခြင်း၊ ဤအမည်ကို စကားပြောရင်း အမှတ်တမဲ့ထည့်ပြောရန် သူမအား ဖီးနစ်(စ်) ဂိုဏ်းက ညွှန်ကြားထားဖွယ်ရာရှိခြင်းနှင့် ထိုသို့ထုတ်ပြောခြင်းဖြင့် ရှော့(သ်)စတိန်း အကြောင်းကို ကျွန်ုပ်က ပြောလာလိမ့်မည်ဟု သူမက မျှော်လင့်ထားခြင်းတို့ပင် ဖြစ်သည်။

သူမထံမှ ရှော့(သ်)စတိန်းအကြောင်းသိရသဖြင့် သူ့ထံသွားရောက်လည်ပတ်ရန် ကျွန်ုပ် ဆုံးဖြတ်ခဲ့သည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ သူ့နာမည်ကို





ဖီးနစ်(စ်)ဂိုဏ်းက သိနေပြီဖြစ်ကြောင်း သူ့ကို ကြိုတင်သတိပေးရန် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်ရှော့(သ်)စတိန်းထံ သွားရောက်ခဲ့ခြင်းသည် ရှော့(သ်)စတိန်း အပေါ် သူတို့၏ သံသယကို ပိုမိုကြီးမားစေခဲ့သည်။ ကျွန်ုပ်သာ သွားရောက်လည်ပတ်ခြင်းမပြုပါက ကျွန်ုပ်နှင့် ရှော့(သ်)စတိန်းဆက်စပ်မှု မရှိဟု သူတို့ သုံးသပ်မိပြီး ရှော့(သ်)စတိန်းအပေါ်ရှိနေသည့် သံသယမှာလည်း လျော့ပါးသွားနိုင်သည်။ သို့ဖြစ်ရာ ရှော့(သ်)စတိန်းထံ ကျွန်ုပ် သွားရောက်ခဲ့ခြင်းသည် သူ အသတ်ခံရခြင်း၏ အကြောင်းတရားဖြစ်သည်။ သို့သော် ရှော့(သ်)စတိန်း၏ ကံကြမ္မာ ထိုသို့ဖြစ်လာစေရန် အဓိကဖန်တီးသူမှာ သူမပင် ဖြစ်သည်။ ဤအချက်သည် သူမ ဖီးနစ်(စ်)ဂိုဏ်းတွင် တက်ကြွစွာ လှုပ်ရှားနေသူဖြစ်ကြောင်း ထင်ရှားစေသည့် အချက်တစ်ချက် ဖြစ်သည်။

ဖီးနစ်(စ်)ဂိုဏ်းမှ ခွဲခွာလာသူအဖြစ် သူမ ဟန်ဆောင်လှုပ်ရှားနေသည့် အချက်ကို ကျွန်ုပ်သိသော်လည်း မသိဟန်ဆောင်၍ ဆက်လက်မျှောထားရန် ဆုံးဖြတ်ခဲ့သည်။ သူမ၏ ထိုအနေအထားကို ကျွန်ုပ်က ကြည့်နေသည်ဟု သူမက ထင်မြင်အောင်လည်း ဟန်မပျက်ဆက်ဆံနေခဲ့သည်။ ထိုသို့ ဆက်ဆံရင်းဖြင့် ကျွန်ုပ်တို့နှစ်ဦးကြားတွင် ပုဂ္ဂိုလ်ရေး သံယောဇဉ်များ ရှိလာခဲ့သော်လည်း ထိုအခြေအနေက ကျွန်ုပ်၏ ဦးတည်ချက်ကို ဖွက်ဖက်လွှမ်းမိုးသည့် အနေအထားမျိုးသို့ မရောက်အောင် ထိန်းချုပ်ခဲ့ရသည်။ ထိုအနေအထားမျိုးဖြင့် သူမနှင့် ဆက်လက်ဆက်သွယ်နေခဲ့ခြင်းသည် ဖီးနစ်(စ်)ဂိုဏ်း၏ အတွင်းကျသောအခြေအနေများကို သိရှိရန်ပင် ဖြစ်သည်။

ကျွန်ုပ်၏ ရှေ့တွင် သူမအား နှိပ်စက်ဟန်ဆောင်၍ အော့တိုဘားက ကျွန်ုပ်အား အကျပ်ကိုင်ရန် ကြိုးပမ်းပြီးသည့်နောက်တွင်မှ သူမ၏စိတ်ဓာတ်ရေးရာ အခြေအနေများ ပြောင်းလာသည်ဟု ယူဆသည်။ ထိုအချက်နှင့် ဝတ်သက်၍ ကျွန်ုပ်၏ အယူအဆကို စိတ်ပညာရှင်များ၏ အမြင်အရ လက်ခံကောင်း လက်ခံမည် ဖြစ်သော်လည်း ကျွန်ုပ်ကမူ ဤအယူအဆကို စွဲစွဲမြဲမြဲ လက်ခံထားခဲ့သည်။ ကျွန်ုပ်၏ နောက်ပိုင်းလှုပ်ရှားမှုများကိုလည်း ထိုအယူအဆပေါ်တွင်ပင် အခြေခံ၍လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သူမသည် 'အကျွင်းမဲ့အင်အား' အယူအဆကို အရူးအမူးစွဲလန်းခဲ့သူ ဖြစ်သည်။ သူမငယ်စဉ်ဘဝတွင် ဟာစ်တလာ၏ အကျွင်းမဲ့အင်အားကို သူမ ယုံကြည်စွဲလမ်းခဲ့သည်။ ဟာစ်တလာ မိမိကိုယ်မိမိ သတ်သေပြီးချိန်တွင်လည်း သူမသည် ယုံကြည်စွဲလမ်းစိတ်ကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ဖီးနစ်(စ်) ဟူသောအမည်သည် အရိုးပြာမှ ဟာစ်တလာ ပြန်လည်ရှင်သန်လာခြင်းသဘောကို ဆောင်လျက်ရှိရာ ဖီးနစ်(စ်)ဂိုဏ်းအပေါ် သူမ စွဲလမ်းခဲ့သည်။ ဖီးနစ်(စ်)ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဂိုဏ်းခေါင်းဆောင်များကိုလည်း ဟာစ်တလာကဲ့သို့ အကျင်းမဲ့စွမ်းအားရှိသူများအဖြစ် သူမက အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း သူမ၏ အခန်းတွင် အော့တိုဘားက ကျွန်ုပ်အား အကျပ်ကိုင် စစ်ဆေးပြီးသည့်နောက်တွင် သူမ၏ စိတ်ဓာတ်သည် ပြောင်းလဲလာသည်။ အထူးသဖြင့် သူမအား၊ တဖြည်းဖြည်း နှိပ်စက်ညှဉ်းပမ်းပြီး သတ်လိုကသတ်၊ ကျွန်ုပ်အနေဖြင့် ဘယ်တော့မှ စကားပြောမည်မဟုတ်ဟု အော့တိုဘားအား ကျွန်ုပ် ပြောခဲ့သည့်စကားကို သူမ ကြားပြီးသည့်နောက်တွင် စိတ်ဓာတ်ရေးရာတွင် ချိုးနှိမ်၍ မရနိုင်ဟု သူမ ယုံကြည်ခဲ့သော ဖီးနစ်(စ်)ဂိုဏ်း ခေါင်းဆောင်များထက်ပိုမို၍ စိတ်ဓာတ်မာကြောသူကို သူမ တွေ့ခဲ့ရသည်။ ထိုအချိန်တွင် ကျွန်ုပ်အပေါ် သူမ၏ ပုဂ္ဂိုလ်ရေး သံယောဇဉ်မှာလည်း အတော်အတန် ခိုင်မာလာခဲ့ပြီဖြစ်ရာ သူမ၏ သစ္စာရှိမှုသည် ကျွန်ုပ်ဘက်သို့ ကူးပြောင်းလာခဲ့သည်။ တည်ငြိမ်သော ကိုယ်ရည်ကိုယ်သွေးရှိသူများအတွက် ထိုသို့သော စိတ်ဓာတ်ရေးရာ အပြောင်းအလဲများသည် ဖြစ်နိုင်ရန် ခဲယဉ်းသော်လည်း ကလေးဘဝတွင် ပြင်းထန်သော ဘဝဒဏ်ကို ခံခဲ့ရသူ သူမအတွက်ဖြစ်နိုင်သည်ဟု ယူဆရန်ရှိသည်။

ကျွန်ုပ်ဆောင်ရွက်နေရသော လုပ်ငန်း၏ သတိထားရန်လိုအပ်သည့် အခြေအနေကြောင့် သူမနှင့်ပတ်သက်သည့် ကျွန်ုပ်၏ ယုံကြည်ချက်ကို မည်သူ့ကိုမျှ ထုတ်မပြောဘဲ ထားခဲ့သည်။ သို့သော် သူမကို ဆက်လက်စမ်းသပ်လိုသည့်သဘောဖြင့် သူမ၏အခန်းမှ မထွက်ခွာမီ အရေးပေါ်ပါက တယ်လီဖုန်းဆက်ရန် စာရေးထားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တယ်လီဖုန်းနံပါတ်ကိုပေးရာတွင် ကျွန်ုပ်၏ ဟိုတယ်နံပါတ်ကို မပေးဘဲ ကျွန်ုပ် မကြာခဏ သွားရောက်တတ်သော ဘရန်နှင်အရက်ဆိုင်၏ တယ်လီဖုန်းနံပါတ်ကို ရေးပေးခဲ့သည်။ ကျွန်ုပ်သည် ထိုညတွင်ပင် ဘရန်နှင့် အရက်ဆိုင်ပတ်ဝန်းကျင်၌ ကျွန်ုပ်အား နောက်ယောင်ခံ မည့်သူများရှိမရှိ စုံစမ်းကြည့်ခဲ့ရာ မရှိကြောင်း တွေ့ရသည်။ သူမသည် ကျွန်ုပ် ထားခဲ့သော တယ်လီဖုန်းအမှတ်ကို သူမ၏ ဂိုဏ်းသို့ အကြောင်းကြားမည်ဆိုပါက သူတို့သည် ဘရန်နှင်အရက်ဆိုင် ပတ်ဝန်းကျင်တွင် ခြေချင်းလိမ်နေမည်သာ ဖြစ်သည်။ ထိုအခြေအနေကလည်း သူမသည် ကျွန်ုပ်နှင့် ပူးပေါင်းလာပြီဟူသော ကျွန်ုပ်၏ ယုံကြည်ချက်ကို ခိုင်မာစေသည်။

အင်ဂါ၏ အခန်းတွင် ကျွန်ုပ် သတိလစ်သွားစဉ် အော့တိုဘားနှင့် အဖွဲ့ ရုတ်တရက် ပြန်လည်ထွက်ခွာသွားခြင်း၏ အဓိပ္ပာယ်ကိုလည်း စဉ်းစားတွေးတောကြည့်ခဲ့သည်။ ကျွန်ုပ်၏ အယူအဆမှာ အော့တိုဘားသည် အခြားနည်းလမ်းတစ်မျိုးကို ကျင့်သုံးရန် ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်သည်။ ကျွန်ုပ် ရှေ့တွင် အင်ဂါကို နှိပ်စက်ပြသည့်နည်းဖြင့် မအောင်မြင်သောအခါတွင် အင်ဂါ၏ မိန်းမာယာဖြင့် ကျွန်ုပ်အား ဆွဲဆောင်သည့်နည်းကို ကျင့်သုံးရန် ညွှန်ကြားပြီး ထွက်ခွာသွားခြင်း ဖြစ်ပေမည်။ ထိုအချိန်တွင် သူမကလည်း ကျွန်ုပ်အပေါ် သံယောဇဉ်ရှိနေပြီဖြစ်ရာ အော့တိုဘား ပြောသောနည်းကို ကျင့်သုံးပါမည်ဟု ကတိပေးလိုက်ခြင်းဖြင့် ကျွန်ုပ်ကိုအသက်ရှူချောင်အောင် ဖန်တီးပေးလိုက်ခြင်းဖြစ်ပေမည်။ သူမက သူမ၏ ပရိယာယ်ဖြင့် ကျွန်ုပ်အား ဆွဲဆောင်ရန် ခိုင်ခိုင်မာမာ ကတိပြုခဲ့ခြင်းကြောင့် ဖီးနစ်(စ်) အဖွဲ့သည် နောက်ပိုင်းတွင် ကျွန်ုပ်ကို ကြိုးရှည်ရှည်နှင့် လွှတ်ထားခြင်း ဖြစ်ပေမည်။ သူတို့ရည်ရွယ်ချက်မှာ မိုမိုလွတ်လပ်ခွင့်ရလေ၊ အင်ဂါထံ ကျွန်ုပ်ပို၍ အကြိမ်များများသွားလေဖြစ်အောင် ပြုလုပ်ခြင်းဖြစ်ပေမည်။ ထိုအခြေအနေကြောင့်ပင် ကျွန်ုပ်နှင့် ပိုး(လ်) မန်းခြံထဲတွင် ချိန်းတွေ့စဉ်က သူတို့ဘက်မှ နောက်ယောင်ခံလိုက်သူတစ်ဦး တစ်လေမျှ မရှိခြင်းဖြစ်ပေမည်။

ကျွန်ုပ် သူမထံ နောက်ဆုံးသွားခဲ့သည့် အချိန်တွင် သူမသည် အနီရောင်အင်္ကျီကို ဝတ်ဆင်ထားခြင်းမှာလည်း သူမ၏ သဘောထားပြောင်းလဲမှုကို ကျွန်ုပ်အား သွယ်ဝိုက်၍ ဖော်ပြခြင်းဖြစ်ပေမည်။ ကျွန်ုပ်သည် သူမကို ယခင်က အင်္ကျီအနက်ဖြင့်သာ အမြဲတမ်းတွေ့ခဲ့ရသည်။

▣

တ်တားတိုင်ကြီးများကို ရေရိုက်ခတ်နေသည့် တဝုန်းဝုန်းအသံများကို ကျွန်ုပ် ကြားနေရသည်။ သူမသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်အနေအထားဖြင့် ကိုယ်ချင်းထိကပ်လောက်အောင် ရှေ့သို့ တိုးလာပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"စကားပြောဖို့ အချိန်မရှိတူး ကွီးလ်၊ ရှင် ကျွန်မကို ယုံရဲ့လားဟင်"

"ယုံတာပေါ့၊ သိပ်ကိုယုံတာပေါ့"

ကျွန်ုပ်၏ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သောစကားများကို ကြားရသည့်အခါတွင် သူမ၏မျက်လုံးများသည် အရောင်တလက်လက်တောက်ပြောင်လာပြီး သူမ၏လက်များကလည်း ကျွန်ုပ်၏တစ်ကိုယ်လုံးကို သိုင်းဖက်လိုက်သည်။

"ရှင် ကျွန်မကို ယုံကြည်ရင် ကျွန်မ ရှင်နဲ့အတူ လိုက်ခဲ့တော့မယ်"

"ဒါဖြင့် မင်း သူတို့ဆီက အပြီးအပိုင် ခွဲထွက်တော့မယ်ပေါ့"

"ခွဲထွက်တာ မဟုတ်ဘူး။ ထွက်ပြေးမှာ၊ ကျွန်မ သူတို့အပေါ်မှာ ဘယ်အချိန်ကစပြီး စိတ်ကုန်ခဲ့တယ်ဆိုတာ ရှင် သတိထားမိမှာပေါ့လေ"

"အင်း သိပ်တော့ မကြာသေးဖူးလို့ ကိုယ်တော့ ထင်တာပဲ"

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမယ့် ခုတော့ သူတို့ ကျွန်မအပေါ် သံသယ ဝင်နေကြပြီ။ ရှင်နဲ့အတူ လိုက်ခဲ့မှ ကျွန်မ လုံခြုံနိုင်မယ်လို့ထင်တယ်။ ဒါကြောင့် ကျွန်မ ရှင်နဲ့အတူ လိုက်ပါရစေနော် ကွီးလ်"

"ကိုယ်အခု ဘာလင်ဌာနခွဲရုံးကို ချက်ချင်းသွားပြီး သတင်းပို့ရမယ်။ သူတို့စစ်ဆင်ရေးကို နောက်ဆုံးအချိန်ကလေးမှာပဲ ဖြစ်ဖြစ်တားဆီးနိုင်အောင် ကိုယ်ကြိုးစားရမယ်"

"ရှင်နဲ့သာ ကျွန်မ လုံခြုံနိုင်တော့မယ်။ ရှင်ဘယ်နေရာကို သွားသွား ကျွန်မ လိုက်ပါရစေ၊ ကွီးလ်"

"သိပ်မလွယ်ဘူး အင်ဂါ၊ ကိုယ့်မှာ အန္တရာယ်တွေ အများကြီး ဖြတ်ကျော်ဖို့ ကျန်နေသေးတယ်။ ကိုယ်ဘာလင်ဌာနခွဲကို သတင်းပို့မယ်ဆိုတာ သူတို့ သိထားမှာပဲ။ အဲဒီအခြေအနေကို သူတို့ မဖြစ်မနေ တားဆီးမှာပဲ"

သူမ၏ မျက်နှာသည် တစ်ကောချင်း ညှိုးငယ်သွားသည်။ အားကိုးရာမဲ့သည့်အသွင်ကို ဆောင်နေသည်။

"ဒါဖြင့် ရှင် ကျွန်မကို ခေါ်မသွားနိုင်ဘူးပေါ့"

"ဟုတ်တယ်၊ ခေါ်လို့ မဖြစ်ဘူး၊ မလုံခြုံဘူး"

"ရှင် ကျွန်မကို မယုံလို့ပေါ့"

သူမသည် ထိုသို့ပြောရင်း ကျွန်ုပ်ကိုင်ထားသော သူမ၏လက်ကို ဆွဲရုတ်လိုက်သည်။ ကျွန်ုပ်သည် သူမ၏ခေါင်းပေါ်မှကျော်၍ သံဆောင်ကြီးများကို လှမ်းကြည့်လိုက်သည်။

ထို့နောက် စကားကိုဆက်ပြောလိုက်သည်။

"ဒီမှာ အင်ဂါ၊ မင်း သေသေချာချာ နားထောင်စမ်း။ ကိုယ် မင်းကို ဘယ်လောက်ယုံကြည်တယ်ဆိုတာ ပြောပြမယ်။ ကိုယ်ဟာ ဘာလင်မြို့ရိုကို သတင်းပို့ဖို့ ကြိုးစားတာနဲ့ တစ်ပြိုင်တည်း သူတို့ကိုယ့်ကို ပစ်သတ်လိုက်မှာ သေချာတယ်။ အဲဒီအခါမှာ ကိုယ်အသက်သေရုံမကဘူး။ ကိုယ်ပို့မယ့်သတင်းလဲ မြို့ရိုကို ရောက်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် မင်း ကိုယ့်ကို ကူညီနိုင်တာတစ်ခု ရှိနေတယ်"

ကျွန်ုပ်၏ စကားကို ကြားလျှင်ကြားခြင်း သူမသည် ဦးခေါင်းကို မော့လိုက်သည်။ ကျွန်ုပ်က သူမ ယုံကြည်စေရန် ပြုံးပြလိုက်သည်။ သူမက ဘာမှ မပြော။ ကျွန်ုပ်ကသာ စကားကိုဆက်၍ ပြောလိုက်သည်။

"မင်းခေါင်းထဲမှာ ၀၂.၈၉.၆၂ ဘာလင်အိပ်ရှိန်းဆိုတဲ့ နံပါတ်ကို စွဲစွဲမြဲမြဲဖြစ်အောင် မှတ်ထားလိုက်စမ်း"





ကျွန်ုပ်က ထိုနံပါတ်ကို သူမ မှတ်မိအောင် ၃ ခေါက်ခန့် ပါးစပ်မှ ရေရွတ်ကြည့်ရန် ခိုင်းလိုက်သည်။

"အော့တိုဘားဟာ မင်းနောက်ကို အချိန်အတော်ကြာအောင် လိုက်မလာသေးပါဘူး။ ခုအချိန်မှာ မင်းဟာကိုယ့်ထက်ပိုပြီး လွတ်လပ်တယ်။ ပိုပြီးလဲ လုံခြုံတယ်။ ဒါကြောင့် မင်း အဲဒီနံပါတ်ကို ဆက်လိုက်ပါ။ ဖောက်(စ်)တေးလ် ဆိုတဲ့ စကားဝှက်ကို ပြောလိုက်ပါ။ ဒီနောက်မှာ စပရင်းဘို့ဒ် စစ်ဆင်ရေးအကြောင်းသတင်းပို့လိုက်ပါ။ အားလုံးသတင်းပို့ပြီးတာနဲ့ မင်းကို လာခေါ်ဖို့ သူတို့ကို တစ်ခါတည်း အကြောင်းကြားလိုက်ပါ။ ကိုယ့်အဖွဲ့သားတွေရဲ့ ဆောင့်ရောက်မှုအောက်ရောက်ရင် မင်း လုံခြုံပါပြီ"

"ရှင်နဲ့နောက်မှ တွေ့ကြရမယ်ပေါ့"

"အေးလေ၊ ဒီလုပ်ငန်းကြီးမှာ တို့နှစ်ယောက်စလုံး အသက်မသေဘဲ ရှင် ကျန်နေကြမယ်ဆိုရင်တော့ တွေ့ကြရမှာပေါ့"

ကျွန်ုပ်သည် သူမကို အားပါးတရ နမ်းရှုပ်လိုက်ပြီး တံတား၏တစ်ဘက်ထိပ်သို့ ခပ်သွက်သွက် လျှောက်ခဲ့သည်။ နောက်ဘက်သို့ တစ်ချက်မျှပင် ပြန်လှည့်၍ မကြည့်တော့။

ဖီးနစ်(စ်)ဂိုထင်းဌာနချုပ်သို့ သူမ ပြန်သွားပါက အချိန် ၅ မိနစ်ခန့် ကြာပေလိမ့်မည်။ သူမ၏ ခေါင်းဆောင်များကို ပြန်လည်အစီရင်ခံခြင်းနှင့် ကျွန်ုပ်ပေးလိုက်သော နံပါတ်အတိုင်း တယ်လီဖုန်းဆက်ခြင်းစသည့် အလုပ်များကို လုပ်ပါက နောက်ထပ် ၅ မိနစ်ခန့် ကြာပေလိမ့်မည်။ ထို့နောက်တွင် တယ်လီဖုန်းနံပါတ်အမှားကို ပေးထားသည်ကို သူတို့တွေ့ရှိကြပေမည်။ ထိုလုပ်ငန်းများဆောင်ရွက်နေသည့်အချိန် ၁၀ မိနစ်မှ ၁၅ မိနစ်အကြားတွင် ကျွန်ုပ် လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ပေမည်။ ထိုအချိန်ကလေးကို အကောင်းဆုံးအသုံးချရပေမည်။ ထိုအချိန်ကလေးသည် ကျွန်ုပ်အသက်ရှင်နိုင်မည့် အခွင့်အလမ်းကို ပေးနိုင်မည့်အချိန်ကလေးပင် ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

'လှောင်အိမ်မှလွှတ်၍ ပစ်ခတ်သည့်နည်း' သည်နိုများကို လှောင်အိမ်အတွင်းမှ လွှတ်၍ ပျံသွားသည့်အခါတွင်မှ သေနတ်ဖြင့် ပစ်ခတ်သည့်နည်းကို ခေါ်ဆိုခြင်း ဖြစ်သည်။ ကျွန်ုပ် ယခုရောက်ရှိနေသည့် အခြေအနေမှာ ထိုအခြေအနေမျိုးပင် ဖြစ်သည်။

တံတားထိပ်အရောက်တွင် ကျွန်ုပ်သည် ခေတ္တရပ်ပြီး ပတ်ဝန်းကျင်အနေအထားကို အကဲခတ်လိုက်သည်။ လန်ဒေါပ် ရပ်ကွက်အတွင်းရှိ လမ်းမကြီးတစ်ခုပေါ်သို့ အရောက်တွင် ခေတ္တရပ်တန့်၍ အခြေအနေကို ထပ်မံလှေ့လာကြည့်ခဲ့ပြန်သည်။

ကျွန်ုပ်၏ရှေ့မှ ၇၅ ကိုက်ခန့်အကွာမှောင်ရိပ်တွင် ရပ်နေသူတစ်ဦးကို တွေ့ရသည်။ ဒုတိယလူမှာ ကျွန်ုပ်နှင့် ပို၍နီးသည်။ သူသည် ကျွန်ုပ်၏ ဘေးဘက် ကိုက် ၅၀ အကွာတွင် ရှိနေသည်။ ထပ်မံ စူးစမ်းကြည့်လိုက်သည့်အခါတွင် ပထမ လူအနီးတွင် နောက်ထပ်လူတစ်ယောက် ရှိနေသေးသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ် နောက်ဘက် မလှမ်းမကမ်းတွင် အငှားယာဉ်တစ်စီး ထိုးရပ်လိုက်သော်လည်း ထိုကားထဲ လူတစ်ဦးမှ ထွက်မလာသည်ကို သတိထားမိလိုက်သည်။





ည ၁၂ နာရီထိုးသံကို ကျွန်ုပ် ကြားလိုက်ရသည်။ တံတားမှ လျှောက်လာသည်မှာပင် နာရီဝက်ခန့်ရှိပြီ ဖြစ်သည်။ ထိုနာရီဝက်အတွင်း သူတို့ဘက်မှ နောက်ယောင်ခံလိုက်နေသူ ၅ ဦးမျှကို ကျွန်ုပ် တွေ့ခဲ့ပြီး ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် များစွာအရင်စလိုပြုလုပ်ဖွယ် မရှိသေး။ မနက်အရုဏ်တက်မီ တစ်ချိန်ချိန်တွင် ဘာလင်ဌာနခွဲသို့ သူတို့ မသိအောင် အစီရင်ခံရေးမှာ ကျွန်ုပ်အတွက် အရေးကြီးဆုံးလုပ်ငန်းဖြစ်သည်။ တံတားမှ ထွက်လာချိန်မှ ယခုအထိ လမ်းတွင် အများပြည်သူသုံး တယ်လီဖုန်း ၅ လုံးမျှတွေ့ခဲ့ရပြီး ဖြစ်သော်လည်း ထိုတယ်လီဖုန်းများကို အသုံးပြု၍မရ။ ထိုသို့အသုံးပြုပါက စကားပြောပြီး အပြင်ထွက်လာသည်နှင့် ကျည်ဆံများက ကျွန်ုပ်အား ကြိုလင့်နေမည် ဖြစ်သည်။ ထိုမျှသာမက ကျွန်ုပ်ကိုသတ်ပြီးနောက် ထိုတယ်လီဖုန်းကိုပင် အသုံးပြု၍ ကျွန်ုပ်စောစောက ဆက်ခဲ့သည့် နံပါတ်ကို ဘာလင်အိပ်ချိန်းမှတစ်ဆင့် သူတို့ စုံစမ်းယူမည်သာ ဖြစ်သည်။ ဘာလင်ဗျူရို၏နေရာကို သူတို့သိသွားသည်နှင့် တစ်ပြိုင်နက် ချက်ချင်းဝင်စီးပြီး လူရော စာရွက်စာတမ်းပစ္စည်းပါ သူတို့ သိမ်းယူကြမည် ဖြစ်သည်။ ဖီးနစ်(စ်)ဂိုဏ်းသည် ဘာလင်ဗျူရိုက သူတို့အကြောင်း ဘယ်လောက်သိထားသည်ကို သိလိုကြပေမည်။ ကျွန်ုပ်သည် ...(လ်)နှင့် ပန်းခြံအတွင်း တွေ့ဆုံခဲ့စဉ်က သူပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်လာခဲ့သည်။

ယခုအချိန်ဆိုလျှင် ဘာလင်ဗျူရိုမှ ကျွန်ုပ်၏ ရဲဘော်များသည် ကျွန်ုပ်ထံမှသတင်းကို မျှော်နေကြမည်ဖြစ်သည်။ လန်ဒန်ဌာနချုပ်သို့ ဆက်သွယ်ရမည့် လမ်းကြောင်းများကိုလည်း အသင့်ပြင်ဆင်ထားပြီး ဖြစ်ပေလိမ့်မည်။ ဖီးနစ်(စ်)ဂိုဏ်းကလည်း ကျွန်ုပ်သတင်းပို့မည့်အချိန်ကို စောင့်မျှော်နေမည်သာဖြစ်သည်။ ကျွန်ုပ် သတင်းပို့မှသာ ဘာလင်ဗျူရို၏ တည်နေရာကို သူတို့သိနိုင်မည် ဖြစ်သည်။ ယခုအခြေအနေမှာ ကိုယ်က သတ်မည်လော။ သူ အသတ်ခံမည်လော မဖြေ ထုတ်ယူရတော့မည့် အခြေအနေပင်ဖြစ်သည်။

ဖီးနစ်(စ်)ဂိုဏ်းကြီးသည် ကြီးမားသော စစ်ဆင်ရေးကြီးတစ်ခုကို ပြုလုပ်ရန် ပြင်ဆင်နေသည်ဟူသော အချက်မှာ သေချာသည်။ သူတို့သည် ကျွန်ုပ်ရှု့က တာဝန်ယူသွားကြသည့် ချာရင်တန်နှင့်လင်းစဒေးဂျုံးတို့ကဲ့သို့ ကျွန်ုပ်ကိုလည်း တစ်ချိန်ချိန်တွင် အပြတ်ရှင်းကြမည်သာဖြစ်သည်။ ယခုလောလောဆယ်တွင် ကျွန်ုပ်မှတစ်ဆင့် ဘာလင်ဌာနခွဲနေရာကို သိရှိနိုင်သည့် အခွင့်အလမ်း ရှိနေသေး၍ ကျွန်ုပ်အား ကြိုးရှည်ရှည်နှင့် လှန်ထားခြင်းဖြစ်သည်။

ကေအဲလ်ဂျေသည် ကြားခံဆက်သွယ်သူထားခြင်းကြောင့် အသက်ချမ်းသာရခြင်းဖြစ်သည်။ ဖီးနစ်(စ်)ဂိုဏ်း ဌာနချုပ်အနီးတွင်ပင် သူသည် ကြားခံလူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ခဲ့ရာ ထိုအချက်က ဖီးနစ်(စ်)ဂိုဏ်းကို စိုးရိမ်ထိတ်လန့်စေခဲ့သည်။ ထို့ကြောင့်လည်း သူတို့ နှစ်ဦးစလုံးကို သတ်ပစ်လိုက်ခြင်းဖြစ်သည်။

ယခု ကျွန်ုပ် တွေ့ကြုံနေရသော နောက်ဆုံးအခြေအနေကို အော့တိုဘား ကိုယ်တိုင်ဖန်တီးပေးလိုက်ခြင်းဖြစ်ပေမည်။ သူသည် အင်ဂါအား မိန်းမပရိယာယ် ဖြင့် ကျွန်ုပ်ကို ကျော့ကွင်းထဲသို့ သွင်းရန်တာဝန်ပေးခဲ့သော်လည်း ထိုတာဝန်ကို အင်ဂါက ထိရောက်အောင် မထမ်းဆောင်နိုင်၍ စိတ်မရှည်တော့လောက်အောင် ဖြစ်လာပုံရသည်။ ထို့ကြောင့် စပရင်းဘို့ဒ်စစ်ဆင်ရေးဖိုင်ကြီးဖြင့် ကျွန်ုပ်အား ဆွဲဆောင်ရန် ထပ်မံကြိုးပမ်းခဲ့ခြင်းဖြစ်ပေမည်။ အင်ဂါကဲ့သို့ပင် ဟဲမတ်ဘရောင်း ကိုလည်း ဖီးနစ်(စ်)ဂိုဏ်းမှ ခွဲထွက်လာသူအဖြစ် ဟန်ဆောင်စေပြီး ကျွန်ုပ်အား သိမ်းသွင်းရန်ကြိုးပမ်းခြင်းပင်ဖြစ်သည်။

သူသည် လင်းစအေး၊ ဂျူးကိုလည်း ဤနည်းဖြင့် ဆွဲဆောင်ခဲ့မည်သာ ဖြစ်သည်။ သို့သော် ကျွန်ုပ်ယခုအထိ အသက်ရှင်နေခြင်းမှာ ကြားခံဆက်သွယ် မည့်သူ မရှိခြင်းကြောင့်သာ ဖြစ်သည်။

စပရင်းဘို့ဒ်စစ်ဆင်ရေးဖိုင်ကြီးသည် စာရွက်ပေါ်တွင် ရေးဆွဲထားသော စစ်ဆင်ရေးကြီးသာဖြစ်ပေမည်။ လက်တွေ့ထောက်လှမ်းရေးမှူးတစ်ဦးသည် ဤ စစ်ဆင်ရေး၏ လက်တွေ့ဖြစ်နိုင် မဖြစ်နိုင်ကို စစ်ဆေးနိုင်စွမ်းရှိမည် မဟုတ်ပေ သော အယူအဆဖြင့် ဤဖိုင်ကြီးကို ပြုစုထားခြင်း ဖြစ်ပေမည်။ ဤဖိုင်ကြီးကို ကျွန်ုပ်အား ပေးအပ်ခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကျွန်ုပ်ကို ကမ္ဘာ ထိုးဖြင့် အလုပ်လုပ်လာအောင် တွန်းအားပေးရန်ပင် ဖြစ်သည်။ ဤဖိုင်ကြီးကို အစစ်အမှန် ဟုထင်ပြီး ကျွန်ုပ်က သတိလက်လွတ် ဘာလင်ဌာနခွဲသို့ အကြောင်း ကြားပါက သူတို့၏ နောက်ယောင်ခံသူများမှတစ်ဆင့် ဌာနခွဲရုံးနေရာကို သူတို့ သိနိုင်မည် မဟုတ်လော။

ကျွန်ုပ်သည် ဟဲမတ်ဘရောင်းကို ယခင်က လုံးဝမသိခဲ့။ စပရင်းဘို့ဒ် ဖိုင်တွဲသည်အတုအယောင်ဖြစ်ကြောင်း အင်ဂါက ပြောပြလိုသော်လည်း ဘရောင်း ရှေ့တွင်ပြောရန် မလွယ်ကူခဲ့ခြင်း ဖြစ်ပေမည်။ ကျွန်ုပ်က ဖီးနစ်(စ်)ဌာနချုပ်သို့ သွားမည်ဟုပြောသောအခါတွင် ဘရောင်း အံ့အားသင့်ခဲ့သည်။ သူ့အနေဖြင့် ကျွန်ုပ်သည် ဖိုင်တွဲကိုရပါက ဌာနခွဲရုံးသို့ ချက်ချင်းသွားလိမ့်မည်ဟုသာ သူ မျှော်လင့်ထားပေမည်။ သူတို့ ဌာနချုပ်ကလည်း ထိုအခြေအနေအတွက်သာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပေမည်။ ကျွန်ုပ်တို့နှစ်ဦး ထွက်သွားစဉ်တွင် သူသည် အင်ဂါ၏ အခန်းတွင်မလိုက်ဝံ့သည့်ဟန်ဖြင့် ကျန်နေခဲ့ပြီး သူတို့ဌာန ချုပ်သို့ တယ်လီဖုန်းဖြင့် အကျိုးအကြောင်းသတင်းပို့ခြင်း ဖြစ်ပေမည်။ ထို့နောက် တွင်မှ ကျွန်ုပ်တို့ နောက်သို့လိုက်ခဲ့ခြင်း ဖြစ်ပေမည်။





သူတို့ဌာနချုပ်သို့ တိုက်ရိုက်သွားရန် ကျွန်ုပ် ဆုံးဖြတ်ချက်သည် ဖီးနစ်(စ်)ဂိုဏ်းကို အငိုက်မိစေခဲ့သည်။ ကျွန်ုပ်သည် ဖိုင်တွဲကို ရပါက ဘာလင် ဌာနခွဲသို့ သွားလိမ့်မည်ဟူသော အမြင်ဖြင့် သူတို့သည် နောက်ယောင်ခံလိုက်သူ များကို ထူထူထပ်ထပ် ချထားပေမည်။ ယခု ကျွန်ုပ်က သူတို့ဆီသို့ တိုက်ရိုက်လာ မည်ဆိုသောအခါ သူတို့ အခက်အခဲတွေ့ရပေမည်။

သူတို့ ဌာနချုပ်သို့သွားရာတွင် ဘရောင်းသည် ကြောက်ဟန်ဆောင်၍ ကားနားတွင် ဆင်းကျန်ရစ်ခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့ထက်ဦးအောင် သူတို့ ဌာနချုပ်သို့သွားပြီး အော့တိုဘားအား အစီရင်ခံပေမည်။ ကျွန်ုပ်တို့နှစ်ဦး အခန်းတစ်ခုအတွင်းဝင်ပြီးနောက် သူတို့ ခေတ္တအချိန်ဆွဲထားခဲ့သည်။ ထိုအချိန် တွင်မှ သူတို့၏ လှည့်ကွက်တွင် ကျွန်ုပ်အား ဆက်လက်အယုံသွင်းရန်အတွက် စစ်ဆင်ရေးခန်းမကို အရေးပေါ်ပြင်ဆင်ခဲ့ခြင်း ဖြစ်ပေမည်။ အသင့်ဖြစ်သည့် အချိန် တွင်မှ ကျွန်ုပ်တို့ကို ခေါ်ယူခဲ့ခြင်း ဖြစ်ပေမည်။

စစ်ဆင်ရေးအခန်းတွင် အင်ဂါ၏ အပြုအမူများသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ သူမသည် ဖီးနစ်(စ်)ဂိုဏ်းမှ ခွဲထွက်လိုစိတ်ရှိသော်လည်း တစ်ဘက်တွင် ဟာ့စ်တလာ၏ အရိုးပြာသည် သူမ၏ဘဝတွင် တစ်ခုတည်းသော တွယ်တာဖွယ်ရာ အဖြစ်ရှိနေသည်။ အဖွဲ့အစည်းတစ်ခုမှ ခွဲထွက်ကြသူများသည် နိုင်ငံရေး၊ ငွေရေး၊ ကြေးရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းများကြောင့် များအားဖြင့် ခွဲထွက်ရန် ဆုံးဖြတ်တတ်ကြသည်။ သူမ ဖီးနစ်(စ်)ဂိုဏ်းမှ ခွဲထွက် သည့်အခြေအနေမှာ သူမ၏ ကိုယ်ရည်ကိုယ်သွေးနှင့် သက်ဆိုင်နေသည်။ သူမသည် ဖီးနစ်(စ်)ဂိုဏ်း၏ လုပ်ရပ်များကို မနှစ်မြို့သော်လည်း ဟာ့စ်တလာ၏ အရိုးပြာမှာမူ သူမ ဘဝ၏ တည်ရာမှီရာဖြစ်ခဲ့သည်။ ထို့ကြောင့် ယခင်က ဖီးနစ်(စ်)ဂိုဏ်းနှင့် ခပ်ခွာခွာနေခဲ့သော်လည်း စစ်ဆင်ရေးခန်းမထဲတွင် ဟာ့စ်တလာ ၏အရိုးပြာကို တွေ့ပြီးနောက် သူမ၏ သဘောထားမှာ ပြောင်းလဲသွားခြင်း ဖြစ်ပေမည်။ သူမသည် ဖီးနစ်(စ်)ဂိုဏ်းဘက်သို့ ပြန်လည်၍ စိတ်လည်သွား သော်လည်း ယခင်က အဖွဲ့နှင့် ခပ်ကင်းကင်းနေခဲ့သဖြင့် ခေါင်းဆောင်များက သူ့အပေါ်အပြည့်အဝ မယုံကြည်မည်ကိုလည်း သူမ စိုးရိမ်မိပေမည်။ ထို့ကြောင့် ကျွန်ုပ်နောက်သို့ လိုက်လာပြီး ဘာလင်ဌာနခွဲသို့ သူမ တစ်ပါတည်းလိုက်နိုင်ရန် အကွက်ဆင်ခဲ့ခြင်းဖြစ်မည်။ ကျွန်ုပ်ကသာ သူမ ဆင်သောအကွက်ထဲသို့ ခေါင်း စိုက်ချ၍ဝင်သွားမည်ဆိုပါက သူမသည် ဘာလင်ဌာနခွဲနေရာကို သူမ၏ ခေါင်း ဆောင်များအား တိတိကျကျ အကြောင်းကြားနိုင်မည်ဖြစ်သည်။ ထိုအခါတွင် ဖီးနစ်(စ်)အဖွဲ့အပေါ် သူမ၏တာဝန်ပျက်ကွက်ခဲ့မှုများ အားလုံးအတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်များက ခွင့်လွှတ်ပေးလိမ့်မည်။ သူမကို ချီးကျူးဂုဏ်ပြုခြင်းကိုပင် ပြုကြပေမည်။

ကျွန်ုပ်သည် အင်္ဂါ၏ ပြောင်းလဲမှုများကို သတိထားမိခဲ့သဖြင့် သူ့အရိုးဖြင့် သူ့ပြန်ထိုးသည့်နည်းကို ကျင့်သုံးလိုက်ခြင်းဖြစ်သည်။ သူ့ကို ယုံကြည်ဟန်ဆောင်ပြီး တာဝန်တစ်ခုကို ပေးသည့်အနေဖြင့် ဘာလင်ဌာနခွဲကို ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်ကို ပေးလိုက်သည်။ သို့သော် ထိုနံပါတ်သည် ဘာလင်ဌာနခွဲနှင့် မည်သို့မျှ မသက်ဆိုင်သော နံပါတ်ဖြစ်သည်။ ကျွန်ုပ်၏ ထိုလှည့်ကွက်ထဲသို့ တန်းတန်းမတ်မတ် ဝင်လိုက်လာသည်။ ထိုလှည့်ကွက်ကြောင့် သူမလည်း သူမ၏ လိုအပ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ကြီးရပြီဟု ဝမ်းသာအားရ ဖြစ်သွားသကဲ့သို့ ကျွန်ုပ်အတွက်လည်း ရှေ့ဆက်၍ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ရသွားခဲ့သည်။ ကျွန်ုပ်ပေးလိုက်သော တယ်လီဖုန်းနံပါတ်များဖြင့် ဆက်သွယ်မှုများပြုလုပ်ရင်း အချိန်ကုန်နေစဉ် ကျွန်ုပ်အတွက် ထွက်ပေါက်ကို ရှာနိုင်မည်ဟုလည်း ကျွန်ုပ် တွက်ဆမိသည်။

ကျွန်ုပ်၏ လက်ရှိအနေအထားကို စဉ်းစားကြည့်ရာတွင်လည်း ရရှိသော အဖြေများမှာ ရှင်းလျက်ရှိသည်။ ကျွန်ုပ်သည် သူတို့ဌာနချုပ်နေရာကို သိခဲ့ပြီးဖြစ်ရာ ထိုအကြောင်းကို ဘာလင်ဌာနခွဲသို့ မဖြစ်မနေအကြောင်းကြားမည်ဟု သူတို့ သိထားပေမည်။ ထို့ပြင် သူတို့ လိမ်ညာဖန်တီးထားသော စစ်ဆင်ရေးကြီးကိုလည်း ကျွန်ုပ်က ယုံကြည်နေသည်ဟု သူတို့ ထင်မြင်ထားရာ ထိုစစ်ဆင်ရေးအကြောင်းကိုလည်း ဘာလင်ဌာနခွဲသို့ အကြောင်းကြားရန် ကျွန်ုပ်အနေဖြင့် စိတ်ပြင်းပြနေလိမ့်မည်ဟု သူတို့ ယူဆကြပေမည်။ ထိုအခြေအနေများအရ ကျွန်ုပ်အား ဆက်လက်အသက်ရှင်နေခွင့်ပြုထားပြီး ဘာလင်ဌာနခွဲအထိ နောက်ယောင်ခံလိုက်နိုင်အောင် သူတို့ ကြိုးမမ်းနေခြင်းဖြစ်သည်။ လက်ရှိအခြေအနေကို အနှစ်ချုပ်၍ကြည့်ပါက ကျွန်ုပ်က သူတို့အား ဘာလင်ဌာနခွဲနေရာကို ပြနိုင်လျှင်ပြ မပြနိုင်ပါက ကျွန်ုပ်၏ဘဝကို နိဂုံးချုပ်ပေးရန် သူတို့ဘက်မှ အသင့်ရှိနေသည့် အခြေအနေမျိုးဖြစ်သည်။

▣

လမ်းမကြီးတစ်လျှောက်တွင် ကျွန်ုပ် လျှောက်သွားနေစဉ် နောက်ယောင်ခံလိုက်နေသူနောက်ထပ် နှစ်ဦးကို တွေ့ရသည်။ ကျွန်ုပ် သတိမထားမိသူများလည်း ရှိနိုင်သေးရာ ကျွန်ုပ်နောက်သို့ လိုက်နေသူအားလုံး ၂၀ ဦးခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဤတစ်ကြိမ်တွင် သူတို့ ကျွန်ုပ်ကို နည်းနည်းကလေးမျှ မျက်ခြေ ပြတ်မခံနိုင်တော့။ ထိုလူ ၂၀ ထဲမှ တစ်ဦး နှစ်ဦးကိုသာ အောတိုဘားက သတ်မိန့်ပေးထားပေမည်။ ယခုအချိန်မှ မနက်အရုဏ်တက်ချိန်အထိ သူတို့နှင့်





ကျွန်ုပ် လိုက်တမ်းပြေးတမ်း ကစားရပေမည်။ ထိုအတွင်း နောက်ယောင်ခံသူများထဲမှ တစ်ယောက်ချင်းကို ကျွန်ုပ်နှင့် မျက်ခြေပြတ်သွားဟန်ဖြင့် တစ်စတစ်စ ရုတ်သိမ်းသွားကြပေလိမ့်မည်။ မနက်အရုဏ်တက်ချိန်လောက်တွင် သူတို့အတော်များများကို ပြန်လည်ရုတ်သိမ်းမိပြီး သတ်မိန့်ရထားသူ တစ်ဦးနှစ်ဦးသာ ကျန်ပေတော့မည်။ ထိုအချိန်တွင် ကျွန်ုပ်က နောက်ယောင်ခံလိုက်သည့်သူများ မရှိတော့။ အားလုံး မျက်ခြေပြတ်ကျန်ရစ်ပြီဟု ယုံကြည်ပြီး ဒေသခွဲနှင့် လွတ်လွတ်လပ်လပ် ဆက်သွယ်လိမ့်မည်။ ထိုအခါတွင် သူတို့ လိုလားတောင့်တချက် ပြည့်ဝပေတော့မည်။ ဤသည်မှာ သူတို့ဘက်မှ ကြိုတင်မျှော်မှန်းစီစဉ်ထားသည့် ပြိုင်ပွဲအနေအထား ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်က အလျင်စလိုဘာလင်ဌာနခွဲသို့ ဆက်သွယ်အကြောင်းကြားပြီး ထိုအပြုအမူကိုလည်း သူတို့မြင်တွေ့မည်ဆိုပါက သူတို့သည် ကျွန်ုပ်အကြောင်းကြားပြီးနောက် တစ်မိနစ်အတွင်း ကျွန်ုပ်ကို သတ်ပစ်မည်သာ ဖြစ်သည်။ အကယ်၍ ကျွန်ုပ်က ဘာလင်ဌာနခွဲနှင့် ဆက်သွယ်မှုကို အချိန်ဆိုင်းထားပြီး သူတို့ကို မျက်ခြေဖြတ်ရန် တစ်ညလုံးကြိုးပမ်းနေပါကလည်း သူတို့ စိတ်ပူဝင်လာနိုင်သည်။ ထိုသို့ဖြစ်ပါကလည်း ကျွန်ုပ်ကိုသတ်ရန် ဆုံးဖြတ်တောင်း ဆုံးဖြတ်ကြလိမ့်မည်။ သူတို့သည် နောက်ယောင်ခံသည့်အလုပ်ကို မနက်အရုဏ်တက်ချိန်ထက်ပို၍ လုပ်ကြမည် မဟုတ်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ ပြိုင်ပွဲအတွက် အရှုံးအနိုင် အဖြေပေးရမည့်အချိန်မှာ မနက်အရုဏ်တက်အချိန်ဖြစ်သည်ဟု ကျွန်ုပ် သတိမှတ်လိုက်သည်။

ကျွန်ုပ်တို့ နောက်ဆုံးပြိုင်ပွဲပြုလုပ်နေစဉ် ဘာလင်ဌာနခွဲနှင့် လန်ဒန်ဌာနချုပ်တို့ကလည်း ကျွန်ုပ်ထံမှ အချက်ပြမှုကို တစ်ညလုံးထိုင်၍စောင့်နေကြပေမည်။ ဗီးနစ်(စ်) ခေါင်းဆောင်များလည်း ထိုနည်းတူ စောင့်နေကြမည်သာဖြစ်သည်။

ယခုအချိန်တွင်မှ ကျွန်ုပ်သည် ပန်းခြံအတွင်းတွင် ပိုး(လ်) ပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်လာခဲ့သည်။ အထူးသဖြင့် "စစ်တပ်ကြီးနှစ်ခုဟာ စစ်မြေပြင်မှာ မျက်နှာချင်းဆိုင်နေရာယူထားကြတယ်။ ခင်ဗျားဟာ အဲဒီစစ်တပ်နှစ်ခုရဲ့ ကြားထဲမှာ ရောက်နေတယ်။ ခင်ဗျားနေရာဟာ ကြားထဲမှာရှိနေတဲ့နေရာပဲ ကွီးလား" ဟူသော ပိုး(လ်)၏ စကားများသည် ကျွန်ုပ်၏ နားထဲတွင် ပဲ့တင်ထပ်၍နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

နံနက်အရုဏ်မတက်မီ ၄ နာရီလောက်တွင် ပြိုင်ပွဲ၌ ကျွန်ုပ် ရှုံးပြီဟု ထင်မိလိုက်သည်။ ည ၁၁ နာရီမှ ယခု အထိ ၅ နာရီလုံးလုံး ဘာလင်တစ်မြို့လုံး တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် စုစုပေါင်း ကီလိုမီတာ ၄၀ လောက် ခရီးပေါက်ခဲ့ပြီဖြစ်သည်။ ခြေလျင်လျှောက်လိုက်၊ အငှားယာဉ်တစ်စီးပြီးတစ်စီး လဲစီးလိုက်ဖြင့် နံနက် ၄ နာရီတွင် မူလစတင်ခဲ့သည့် ဇာလန်ဒေါ့ရပ်ကွက်သို့ တစ်ပတ်ပြန်ရောက်လာကြပြီဖြစ်သည်။ ကျွန်ုပ်သည် ဟိုတယ် ၁၇ ခုနှင့် ရထားဘူတာရုံ ၃ ခုတို့ သို့ဝင်ရောက်ပြီး သူတို့ကို မျက်ခြေပြတ်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းကြည့်ခဲ့ပြီ ဖြစ်သည်။

နံနက် ၃ နာရီမထိုးမီတွင် သူတို့ထဲမှ လူ ၁၀ ဦးကို မျက်ခြေဖြတ်နိုင်ခဲ့သည်။ ထို ၁၀ ဦးထဲမှ တစ်ဦးသည် မျက်ခြေပြတ်သွားလိုက်၊ သဲကြီးမဲကြီးပြန်လိုက်လာလိုက်ဖြင့် ရှိနေရာသူသည် သတ်မိန့်ရထားသူ ဖြစ်နိုင်သည်ဟု ကျွန်ုပ် ခန့်မှန်းကြည့်လိုက်သည်။

ကျွန်ုပ်၏ အပေါ်အင်္ကျီမှာ စုတ်ပြဲပြီး ဦးခေါင်းတစ်ဘက်မှာလည်း ယောင်ကိုင်းလျက်ရှိပေပြီ။

လမ်းမများပေါ်တွင် ကျွန်ုပ်သည် တစ်ဦးတည်း ဟူ၍မရှိခဲ့။ အငှားယာဉ်တစ်စင်းကို ငှားလိုက်သည်နှင့် နောက်မှလိုက်မည့် ယာဉ်တစ်စီး သို့မဟုတ်





နှစ်စီးသည် အမြဲရှိနေသည်။ အငှားယာဉ်မောင်းသူအား ကျွန်ုပ်ကိုယ်စား ဌာနခွဲသို့ သတင်းပို့နိုင်းရန် စဉ်းစားကြည့်သော်လည်း အချည်းနှီးပင် ဖြစ်သည်။ သူတို့သည် ကျွန်ုပ်အငှားယာဉ်တစ်စင်းမှ ဆင်းသွားတိုင်း ယာဉ်မောင်းသူအား သေနတ်ဖြင့် ချိန်၍ စစ်ဆေးကြသည်ကို ကျွန်ုပ် ခပ်လှမ်းလှမ်းမှ အမြဲမြင်ခဲ့ရသည်။ ကားတိုင်းတွင် ရေဒီယိုဆက်သွယ်ရေးစနစ်များပါရှိရာ ယင်းကိုအသုံးပြု၍ ဘာလင်ဌာနခွဲသို့ ဆက်သွယ်အကြောင်းကြားရန်လည်း စိတ်ကူးကြည့်ခဲ့သည်။ သို့သော် အငှားယာဉ်စခန်းများသည် မိမိတို့ အငှားကားများမှ ရေဒီယိုဆက်သွယ်ရေးစနစ်များအသုံးပြုခြင်းကို အမြဲဖြတ်ယူနားထောင်နေရာ ဤနည်းလမ်းကိုလည်း လက်တွေ့ကျင့်သုံး၍ မရနိုင်။

ယခုအခါ ကျွန်ုပ်တို့သည် ညဦးပိုင်းက စတင်တာထွက်ခဲ့ကြသည့် ဇာလန်ဒေါ့ရပ်ကွက်သို့ ပြန်ရောက်လာကြပြီဖြစ်သည်။ နောက်ဆုံးအချိန်ဖြစ်သော အရုဏ်တက်ချိန်ရောက်ရန်လည်း နှစ်နာရီမျှသာ လိုတော့သည်။ ယခုထိ သူတို့ထဲမှ သုံးဦးသည် ကျွန်ုပ်နောက်တွင် သဲသဲမဲမဲလိုက်နေဆဲပင်ဖြစ်သည်။ သူတို့သည် နောက်ဆုံးလူများ ဖြစ်ပေမည်။ သတ်မိန့်ရထားသူများ ဖြစ်ပေမည်။

အရုဏ်တက်ချိန်ရောက်ပါက လမ်းမများပေါ်တွင် ယာဉ်အသွားအလာများ ထူထပ်လာနိုင်ရာ နောက်ယောင်ခံရသည့်အလုပ်သည် ပို၍ခက်ခဲလာနိုင်သည်။ သူတို့ တစ်ခဏလေးမျှ ကျွန်ုပ်ကို မျက်ခြေပြတ်သွားသည်နှင့် ကျွန်ုပ်ကလည်း ထိုအခွင့်အရေးကို အဆုံးရှုံးမခံဘဲ ဌာနခွဲသို့ သတင်းပေးပို့မည်သာ ဖြစ်သည်။ ကျွန်ုပ် သတင်းပေးပို့သည်နှင့် သူတို့ဌာနချုပ်ကို ကျွန်ုပ်ဘက်မှ ချက်ချင်း စီးနင်းနိုင်မည်သာ ဖြစ်သည်။ သို့သော် ထိုအခြေအနေမရောက်မီ အော့တိုဘားက ကျွန်ုပ်အား 'အပြတ်ရှင်း' ရမည့်အမိန့်ကို ပေးမည်မှာ သေချာသည်။

ကျွန်ုပ်မည်သို့ ဆက်သွယ်လှုပ်ရှားရမည်နည်း။ အကျပ်အတည်းကို ကြုံတွေ့ရစဉ်တွင် လုံခြုံမှုကို ပေးနိုင်သော မိမိနေထိုင်အိမ်ရာကိုသာ သတိရမိတတ်သည်။ လောလောဆယ်တွင် ကျွန်ုပ်၏ 'အိမ်' မှာ ဇန်ထရယ်ဟိုတယ်ဖြစ်သည်။ ဇန်ထရယ်ဟိုတယ်သည် ယခု ကျွန်ုပ် ရောက်နေသည့်နေရာနှင့် ၉ မိုင်ခန့်အကွာ တွင်ရှိနေသည်။ ထို့ကြောင့် အငှားယာဉ်တစ်စီးကို ခေါ်ပြီးထွက်ခဲ့သည်။ ဟိုတယ်သို့မရောက်မီ ခပ်လှမ်းလှမ်းတွင် အငှားယာဉ်ကိုရပ်နိုင်းပြီး ဆက်၍ လမ်းလျှောက်လာရာ ကျွန်ုပ် နောက်သို့ ဆက်လက်လိုက်နေသူ သုံးဦးအနက် နှစ်ဦးက ကျွန်ုပ်နောက်သို့ ဆက်လိုက်ပြီး တစ်ဦးက ကျွန်ုပ်စီးလာခဲ့သော အငှားယာဉ်၏ ယာဉ်မောင်းကို စစ်ဆေးနေသည်ကို တွေ့ရသည်။

ဟိုတယ်ဝင်းထဲသို့ ကျွန်ုပ် ဝင်လိုက်ချိန်တွင် သူတို့အပြင်ဘက်တွင် ကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။ ကျွန်ုပ်၏ အခန်းသို့ ရောက်သည့်အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံးကို သူတို့ စေ့စေ့စပ်စပ် ပိုက်စိတ်တိုက်၍ ရှာထားသည်ကို တွေ့ရပြန်သည်။

ဟိုတယ် အခန်းတွင် ကျွန်ုပ်အတွက် ခေတ္တနားချိန်ရသည်။ ခန္ဓာကိုယ်က နားနေစဉ်စိတ်က စဉ်းစားနိုင်သည့် အခွင့်အလမ်းလည်း ရှိနေသည်။

ပထမဦးစွာ ဘာလင်ဌာနခွဲသို့ ပေးပို့မည့် အစီရင်ခံစာကို ရေးလိုက်သည်။ ဗီးနစ်(စ်)ဌာနချုပ်၏ တည်နေရာ ဖော်ပြချက်နှင့် သူတို့၏ လိမ်ညာထားသောစပရင်းဘို့ဒ် စစ်ဆင်ရေးကြီးအကြောင်းတို့ကို ပေါလွင်ရုံသာ ရေးချလိုက်သည်။ အရေးအသားပြေပြစ်မှု ရှိမရှိ လုံးဝ မကြည့်နိုင်။

ထို့နောက် ဟိုတယ်ခန်းမှနေ၍ ဘာလင်ဌာနခွဲနှင့် ဆက်သွယ်နိုင်မည့် အလားအလာတို့ကို စဉ်းစားကြည့်လိုက်သည်။ ဤတယ်လီဖုန်းလိုင်းကို သူတို့ မလွဲမသွေ ကြားဖြတ်နားထောင်နေမည်ဖြစ်ရာ ထိုနည်းလမ်းမှာလည်း လက်တွေ့တွင် ဆောင်ရွက်၍ မရနိုင်ပေ။ ကြားဖြတ်နားထောင်ရုံသာမက ဘာလင်အိပ်ချိန်းတွင် ရှိသော သူတို့ အဆက်အသွယ်များ၏ အကူအညီဖြင့် လိုင်းတစ်ခုလုံးကိုပင် ဖြတ်ထား၍လည်း ရနိုင်သည်။

အချိန်မှာ နံနက် ၄ နာရီ ၃၅ မိနစ်ရှိပေပြီ ၆ နာရီ အရဏ်တက်ချိန်ရောက်ရန် ၈၅ မိနစ်မျှသာ လိုတော့သည်။ နောက်ဆုံးအချိန်ကို နာရီဖြင့် မဟုတ်ဘဲ မိနစ်ဖြင့် တွက်ရမည့်အချိန်သို့ ရောက်လာပေပြီ။ နံနက် ၈ နာရီလောက်တွင်မှသာ လမ်းမများတွင် ကားများ ပြည့်ကျပ်လာနိုင်ပေမည်။ သို့သော် သူတို့သည် ထိုအချိန်အထိ စောင့်ဆိုင်းနေမည် မဟုတ်။

ကျွန်ုပ်သည် ခုတင်ပေါ်တွင် ခေတ္တလှဲ၍ အပန်းဖြေလိုက်သည်။ လေဆိပ်ခန်းမတွင် ပိုး(လ်)နှင့် စတွေ့စဉ်က ကျွန်ုပ်နှင့် သူ ပြောခဲ့သော စကားများကို ပြန်လည်သတိရမိသည်။

"ကျုပ်တို့ ခင်ဗျားအတွက် အကာအကွယ် ပေးဖို့ လူတစ်ယောက် စီစဉ်ထားတယ်။ ကျုပ်ဘာ အကာအကွယ်မှ မလိုဘူး။ ကျဉ်းထဲကျုပ်ထဲ ရောက်ရင် ဘယ်လိုလုပ်မလဲ။ ကျုပ်ဘာသာ ကျုပ် ဖောက်ထွက်လာမှာပေါ့"

ကိုယ့်ကိုကိုယ် ယုံကြည်လွန်းလှသည့် ကွီးလားပါတကား။

ကျွန်ုပ်၏ စိတ်တွင် ဟိုတယ်အခန်းသည် ကျဉ်းမြောင်းလှသည်။ ကျွန်ုပ်၏ ခန္ဓာကိုယ်တွင်လည်း ချွေးများစို့ရွဲလျက်ရှိသည်။ ဤအတိုင်း အခန်းထဲတွင် အောင်းနေပါက မိုးမလင်းမီ ကျွန်ုပ်ကို သူတို့ အေးအေးဆေးဆေး လာသတ်ကြမည်သာ ဖြစ်သည်။ ၆ နာရီထိုးရန် မိနစ် ၈၀ မျှသာ လိုတော့သည်။ ထိုမိနစ် ၈၀ အတွင်း ကျွန်ုပ်လုပ်နိုင်သည့် အလုပ်တစ်ခုတည်းသာ ရှိသည်။





ထိုအလုပ်မှာ ကျွန်ုပ် လွန်ခဲ့သည့် ၅ နာရီခွဲကာလအတွင်း ပြုလုပ်ခဲ့သည့် အလုပ်ကို အောင်မြင်သည်အထိ ထပ်မံပြုလုပ်ရန်ပင် ဖြစ်သည်။

အဆိုးဆုံးဖြစ်နိုင်သည့် အခြေအနေမှာ သတင်းမပို့နိုင်မီ ကျွန်ုပ် အသတ်ခံရမည့်အခြေအနေပင်ဖြစ်သည်။ ထိုအခြေအနေမျိုးဖြစ်လာပါက ကျွန်ုပ်တို့အဖွဲ့သည် ဒုံရင်းအတိုင်းပြန်ရောက်ပြီး လုပ်ငန်းတခုလုံးကို 'က' မှ ပြန်စရပေမည်။ ကေအဲလ်ဂျေကို ကျွန်ုပ်က အစားထိုးခဲ့သလို ကျွန်ုပ်ကို အစားထိုးမည့်သူတစ်ဦး ထပ်မံ၍ တာဝန်ပေးရပေဦးမည်။

နောက်မိနစ် ၈၀ အတွင်း ကျွန်ုပ်သည် ဘာလင်ဌာနခွဲသို့ မဖြစ်မနေ အကြောင်းကြားနိုင်အောင် ကြိုးပမ်းရပေမည်။ ထိုသို့ ကြိုးပမ်းရာတွင်လည်း ကျွန်ုပ်အား ယခုနောက်ယောင်ခံလိုက်နေသူများ မျက်ခြေပြတ်သွားပြီဟု လုံးဝဥဿုံ စိတ်ချရသည့် အခြေအနေတွင်မှ ပြုလုပ်ရပေမည်။ ထိုအလုပ်ကို မလုပ်နိုင်ပါက ဦးခေါင်းနှင့် လည်ပင်းတွင် လာရောက်ထိမှန်မည့် ကျည်ဆံကိုသာ ကျွန်ုပ်အနေဖြင့် မျှော်လင့်ထားရပေမည်။

ကျွန်ုပ်သည် အခန်းတွင်းမှ ထွက်လိုက်သည်။ အခန်းတံခါးကို အသံမကြားအောင် ၅ မိနစ်ခန့်အချိန်ယူ၍ ဖြည်းဖြည်းဆေးဆေး ပိတ်လိုက်သည်။ ဟိုတယ် အဆောက်အအုံအတွင်းတွင်လည်း သူတို့လူများစွာ ရှိနေနိုင်သည်။

ထို့နောက် ကျွန်ုပ်သည် အဆောက်အအုံဝရန်တာတစ်လျှောက်ကို ခြေသံ ဖော့၍ လျှောက်ခဲ့သည်။ ပထမထပ်ရှိ အခန်းတစ်ခု၏ တံခါးအပြင်ဘက်တွင် ဟိုတယ်စားပွဲထိုး၏ အပေါ်အင်္ကျီတစ်ထည်ချိန်ထားသည်ကို တွေ့ရသဖြင့် ဖြုတ်၍ ဝတ်လိုက်သည်။ ကျွန်ုပ်သည် ဟိုတယ်မှ မာစီဒီး ၂၃၀ အက်(စ်)အဲလ်ကားဖြင့် ပြန်ထွက်ရန် စဉ်းစားထားရာ ဟိုတယ်အဆောက်အဦးမှ မြက်ခင်းကို ဖြတ်၍ ကားဂိုဒေါင်သို့ အသွားတွင် ဤအင်္ကျီကိုဝတ်သွားပါက သူတို့မှတ်မိနိုင်မည် မဟုတ်ဟု တွက်ဆမိလိုက်သည်။

မြက်ခင်းကိုဖြတ်၍ ဟိုတယ်အဆောက်အအုံမှ ကားဂိုဒေါင်ဘက်သို့ ကူးလိုက်သည်။ သို့သော် အလျင်စလို ဖြစ်နေသည့် အနေအထား မပေါ်လွင်စေရန် ပုံမှန်ခြေလှမ်းများဖြင့်သာ လျှောက်သွားခဲ့သည်။ ကားဂိုဒေါင်တံခါးသို့ အရောက်တွင် ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်လိုက်သည်။ ကျွန်ုပ်ရောက်နေသည့် နေရာကို ဟိုတယ်၏ ပြတင်းပေါက်အချို့နှင့် မျက်နှာချင်းဆိုင် အဆောက်အအုံ၏ ပြတင်းပေါက်လေးခုမှ လှမ်းမြင်နိုင်သည်ကို သတိထားမိလိုက်သည်။ ထိုပြတင်းပေါက်အားလုံးကို စစ်ဆေးကြည့်လိုက်သည်။ ကျွန်ုပ်၏ လှုပ်ရှားမှုကို စောင့်ကြည့်နေသူတစ်ဦးမျှ မရှိဟု ယူဆရသည်။ ထို့ပြင် ကျွန်ုပ်သည် ဝေးရာခိုင်နှုန်း

www.burmeseclassic.com



မှောင်မိုက်နေသော အရိပ်ထဲတွင် ရပ်လျက်ရှိသဖြင့် သူတို့ သတိထားမိရန် လွယ်ကူနိုင်မည် မဟုတ်။

အမှန်မှာ ဤအခြေအနေတွင် ကျွန်ုပ်အား စောင့်ကြည့်နေသူ မရှိခြင်းသည် ထူးခြားချက်တစ်ရပ် ဖြစ်နေသည်။ ကျွန်ုပ်အတွက် ပို၍ သတိထားရမည့် အခြေအနေကို ဖော်ပြနေသည်။ အမှောင်ရိပ်နေရာများနှင့် အကာအကွယ်ရှိသည့် နေရာများကို ထပ်မံ၍ သတိထားစစ်ဆေးကြည့်ပြန်သည်။ ကျွန်ုပ်ကို စောင့်ကြည့်နေသူ မရှိသည် မှာသေချာသည်။

ကျွန်ုပ်သည် ကားဂိုဒေါင်တံခါးကို အသံမမြည်အောင် ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ကျွန်ုပ် ဤကားဖြင့် ဟိုတယ်ဂိတ်ပေါက်ကြီးမှ ထွက်သည့်အချိန်တွင် သူတို့ တစ်ခါတည်းပစ်သတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါက သူတို့အတွက် ကြိုတင်ပြင်ဆင်နိုင်သည့်အချိန်များစွာ မရနိုင်အောင် ကျွန်ုပ်ဘက်မှ စီစဉ်ထားရန် လိုအပ်သည်။ ကျွန်ုပ်အား ဂိုဒေါင်ထဲသို့ ရောက်နေသည်ကို သူတို့သိပါက ကြိုတင်၍ အသင့်ပြင်ဆင်ထားနိုင်ပေမည်။ ကားကိုစက်နှိုးပြီး အပြင်ထွက်သည့် အချိန်တွင်မှ သူတို့သိမည်သာ ဖြစ်သည်။ သို့သော် ဤသည်မှာ ရှောင်လွှဲ၍ မရနိုင်။

ကားဂိုဒေါင်တံခါးကို တဖြည်းဖြည်းချင်းဖွင့်ပြီးနောက် အထဲသို့မဝင်သေးဘဲ၊ ဟိုတယ်ဂိတ်ဝဘက်သို့ လှမ်းကြည့်ပြီး အခြေအနေကို အကဲခတ်လိုက်ပြန်သည်။

လက်ရှိကာလတွင် ကျွန်ုပ်သည် အခြေအနေနှစ်မျိုးအနက် တစ်မျိုးမျိုးနှင့် ရင်ဆိုင်ရနိုင်သည်။ ကျွန်ုပ် ဟိုတယ်အပေါက်ဝမှ အထွက်တွင် သူတို့က သတ်ရန် ဆုံးဖြတ်ထားပါက ဂိုဒေါင်အပြင်သို့ ကျွန်ုပ်၏ ကားရောက်သည်နှင့် သူတို့ သတ်ကောင်းသတ်ပေမည်။ ထိုသို့ မဟုတ်၍ အပေါက်ဝမှ ထွက်သွားခွင့်ပြုရန်သူတို့ ဆုံးဖြတ်ထားပါကလည်း ကားဂိုဒေါင်ရှေ့တွင် မည်မျှအချိန်ကြာအောင် ရပ်နေသည်ဖြစ်စေ ကျွန်ုပ်အတွက် အန္တရာယ်မရှိနိုင်ပေ။

အချိန်မှာ နံနက် ၅ နာရီ ၃ မိနစ်ရှိပေပြီ။

ဗီးနစ်(စ်)ဂိုဏ်းတွင် အောတိုဘားသည် အရေးကြီးသော ဆုံးဖြတ်ချက်ကို ပြုလုပ်ရမည့် အခြေအနေနှင့် ကြုံတွေ့နေရဖွယ်ရှိသည်။ ကျွန်ုပ်ကို ဟိုတယ်ဝင်းအပြင်သို့ ထွက်ခွင့်ပြု၍ တညလုံးပြုလုပ်ခဲ့ပြီးသည့် အလုပ်ကိုပင် စိတ်ရှည်လက်ရှည် ဆက်လက်ပြုလုပ်စေမည်လော။ သို့တည်းမဟုတ် ဤနည်းလမ်းသည် မည်သို့မျှ ရည်မှန်းချက်ကို မရောက်စေနိုင်ဟု စိတ်ဒုံးဒုံးချပြီး အခြားနည်းလမ်းကိုရှာဖွေရန် ဆုံးဖြတ်ကောင်းဆုံးဖြတ်ပေမည်။ ဤနည်းလမ်းကို ကျွန်ုပ်အား ဆက်ခံမည့်သူနှင့် ထပ်မံစမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုကလည်း ဆုံးဖြတ်နိုင်





သည်။ ထိုသို့ ဆုံးဖြတ်ထားပါက ကျွန်ုပ်၏နောက်ဆုံးအချိန်သည် နီးကပ်လာနေပြီဟု ဆိုရပေမည်။

ထူးခြားသည်မှာ ယခုအထိ သူတို့ဘက်မှ လူတစ်ယောက်ချင်းစီကိုသာ တွေ့မြင်ရခြင်းပင်ဖြစ်သည်။ သူတို့အားလုံးကို သူတို့ဌာနချုပ်က ရုပ်သိမ်းလိုက်ပြီလော။ အဘယ်ကြောင့် ရုတ်သိမ်းလိုက်သနည်း။ ဟိုတယ်နှင့် ခပ်ဝေးဝေးတွင် စောင့်နေကြသလော။ ဤသည်မှာလည်း မဖြစ်နိုင်။ ကျွန်ုပ်အား သတ်ရန် ဆုံးဖြတ်ထားပါက ဟိုတယ်နှင့် ဝေးဝေး သတ်ရန် ခက်ခဲလေဖြစ်ပေမည်။ ဟိုတယ်နှင့်ဝေးသည့်နေရာတွင် ကားသည် အရှိန်ရနေပြီဖြစ်ရာ သေနတ်ဖြင့် မှန်အောင်ပစ်ရန် ပိုမိုခက်ခဲနိုင်သည်။

လက်ရှိရင်ဆိုင်နေရသော အခြေအနေမှာ စိတ်ရှုပ်ဖွယ်ရာဖြစ်သည်။ ကျွန်ုပ်ကလည်း လွတ်လွတ်လပ်လပ် အပြင်သို့ထွက်ရန် ဆန္ဒပြင်းပြနေသည်။ သူတို့ကလည်း လွတ်လွတ်လပ်လပ် ထွက်ခွာခွင့်ကို ခွင့်ပြုနေဟန်ရှိသည်။ သို့သော်လည်း သူတို့ဖန်တီးထားသော ထိုအခြေအနေကို ကျွန်ုပ်က ယုံကြည်ရန် ခက်ခဲနေသည်။ ပုံမှန်ရှိနေရမည့် အခြေအနေများ မရှိခြင်းကပင် အန္တရာယ်ကို သတိပေးနေခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့၏ လုပ်ငန်းအတွေ့အကြုံများအရ သိရှိထားကြသည်။

အချိန်မှာ ၅ နာရီ ၂၄ မိနစ်ရှိပေပြီ။

ကျွန်ုပ်သည် ကားဂိုဒေါင်ထဲသို့ ဝင်လိုက်ပြီးကားကို အစိတ်အပိုင်းအလိုက် စေ့စေ့စပ်စပ်စစ်ဆေး ကြည့်လိုက်သည်။

ကျွန်ုပ်သည် ပေါ့ပေါ့ပါးပါး သွားလာလှုပ်ရှားတတ်သော်လည်း ဓာတ်ကိန်လက်နှိပ်ဓာတ်မီးတစ်ခုကိုမူ ကျွန်ုပ်၏ ဘောင်းဘီအိတ်ထဲတွင် အမြဲဆောင်ထားတတ်သည်။ မှောင်ထဲတွင် မြင်တတ်သူသည် အသက်အန္တရာယ်ကိုပင် ရှောင်ကွင်းနိုင်သည် မဟုတ်လော။

ပထမတွင် ကျွန်ုပ်သည် ကား၏အပြင်ဘက် အစိတ်အပိုင်းများကို စစ်ဆေးကြည့်သည်။ ထို့နောက် အတွင်းပိုင်းရှိ ခလုပ်များ၊ ခြေနင်းများနှင့် ဘက်ထရီများ အားလုံးတစ်ခုမကျန် စစ်ဆေးကြည့်သည်။ မသင်္ကာဖွယ် အနံ့အသက်များကိုလည်း စစ်ဆေးကြည့်လိုက်သည်။ မည်သည့်ထူးခြားချက်မျှ မတွေ့ရ။

ကားနောက်ဘက် အဖုံးကိုဖွင့်၍ စစ်ဆေးကြည့်ပြန်သည်။ အားလုံးပုံမှန်အတိုင်းတွေ့ရသည်။ အင်ဂျင်စက်ဖုံးကို ဖွင့်၍ စစ်ဆေးကြည့်ပြန်သည်။ ထူးခြားသည့် အခြေအနေမတွေ့ရ။ ကား၏အောက်ရှိ ကွန်ကရစ်ကြမ်းပြင်ကို စစ်ဆေးကြည့်လိုက်သည်။ အင်္ဂတေအစအနများ၊ သံချေး အမှုန်များနှင့် သစ်သားအစအနများကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကားဘေးကွန်ကရစ်ကြမ်းပြင်ပေါ်တွင် ပက်လက်လှန်လျှဲချလိုက်သည်။ ထို့နောက် ခန္ဓာကိုယ်ကို ကားအောက်သို့ရောက်အောင် တွန်းလှိမ့်၍ တဖြည်းဖြည်း ရွှေ့ယူလိုက်သည်။ ကားအောက်သို့ ရောက်သည်နှင့် ထိုအရာကို ချက်ချင်းတွေ့လိုက်ရပြီဖြစ်သည်။

(၂၂)

ကျွန်ုပ်သည် ထိုဗုံးမျိုးကို ၁၉၅၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံပါရီမြို့ရှိ ပြင်သစ်ထောက်လှမ်းရေးရုံး (ဒုဇင်းဗြူရို) တွင် တွေ့ခဲ့ဖူးသည်။ ထိုဗုံးသည် အလျား ၆ လက်မ၊ အနံ ၃ လက်မအရွယ်ရှိသည့် ဂျပန်နိုင်ငံလုပ် ဗုံးမျိုး ဖြစ်သည်။ အရွယ်အစားသေးငယ်ပြီး လှလှပပ တည်ဆောက်ထားသော်လည်း ထိုဗုံးမျိုးသည် ကားအောက်တွင် ပေါက်ကွဲပါက လမ်းတစ်ခုလုံးကို တုန်လှုပ်စေနိုင်လောက်အောင် အားပြင်းလှသည်။

ထိုသို့သော လျှို့ဝှက်ဗုံးတစ်ခုကို တွေ့ရလိမ့်မည်ဟု ကျွန်ုပ် ယခင်ကထင်မျှော်လင့်ထားသည်။ အဘယ့်ကြောင့်ဆိုသော် ဖီးနစ်(စ်)ဂိုဏ်းမှ နောက်ယောင်ခံလိုက်နေသူများသည် ဤနေရာတွင် မပေါက်ကွဲသေးသော ဗုံးတစ်လုံး ရှိနေသည်ကို သိနေသည့်အလား ဤနေရာမှ ရုတ်တရက် ထွက်ခွာသွားခဲ့ခြင်းကြောင့်ဖြစ်သည်။

ယခုအစီအစဉ်သည် အော့တိုဘား၏ စိတ်တိုင်းကျပြုလုပ်ထားသော အစီအစဉ် ဖြစ်ပေမည်။ မနက်မိုးလင်းသည့်တိုင် ကျွန်ုပ်က ဘာလင်ဌာနခွဲရုံးသို့ ဆက်သွယ်ခြင်းမပြုပါက ကျွန်ုပ်ကို ရှင်းလင်းပစ်ရန် သူတို့ဆုံးဖြတ်ပြီးဖြစ်သည်။ သို့သော် ထိုသို့ရှင်းလင်းရာတွင် မတော်တဆ လွတ်ထွက်သွားမည်ဆိုပါက သေချာစေရန် ဤသီးသန့်အစီအစဉ်ကို ပြုလုပ်ထားခြင်းဖြစ်ပေမည်။ အလိုအလျောက်သတ်နိုင်သည့်နည်းလမ်းကို အသုံးပြုထားခြင်းဖြစ်ပေသည်။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းကို စဉ်းစားကြည့်လိုက်သည်။ အချိန်ယူ၍ မရတော့။ မြန်မြန်စဉ်းစား၍ မြန်မြန် အဖြေထုတ်ယူရမည်ဖြစ်သည်။ အချိန်များစွာ ယူရန်လည်းမလို၊ ကျွန်ုပ်အတွက် ရွေးချယ်နိုင်သည့်လမ်းကြောင်းများမှာ အနည်းငယ်မျှသာ ရှိတော့သည်။

မော်တော်ကား အိပ်ဇောပိုက်အထက်တွင် ညှပ်ထားသော ထိုဗုံးကို အသာအသာ ဖြုတ်ယူလိုက်သည်။ ဗုံးတပ်ဆင်ထားပုံအနေအထားကိုလည်း လေ့လာကြည့်လိုက်သည်။ ကားကိုစက်နှိုးလိုက်သည်နှင့် အင်ဂျင်၏တုန်ခါမှုဖြင့် ဗုံးကို အောက်သို့ ပြုတ်ကျအောင် စီစဉ်ထားခြင်းဖြစ်သည်။

ကျွန်ုပ်သည် ဗုံးကို ရင်ဘတ်ပေါ်တွင်တင်ပြီး လက်ဖြင့်ထိန်း၍ ခန္ဓာကိုယ်ကို ကားအောက်မှ အပြင်ဘက်သို့ရောက်အောင် ကိုယ်ကိုတွန့်လိမ်၍ ထွက်လိုက်သည်။

ထို့နောက်တွင် ကားစက်ကိုနှိုးထားပြီး ရှေ့ဘက်သို့ ခပ်လျှောလျှောရှိနေသော ကားစက်ဖုံး၏ အလယ်ပိုင်းလောက်တွင် ဗုံးကိုတင်လိုက်သည်။ အင်ဂျင်စက်၏ တုန်ခါမှုကြောင့် ဗုံးသည် တဖြည်းဖြည်း ရှေ့သို့ လျှောကျလာနေသည်ကို တွေ့ရသည်။ အောက်သို့ကျမည့်အချိန်တွင် ထိန်းထားနိုင်ရန်အတွက် ကျွန်ုပ်သည် လက်များကို အသင့်အနေအထားပြင်ဆင်၍ အနီးတွင် ရပ်ကြည့်နေသည်။

ဗုံးသည် မူလကထားသည့်နေရာမှ တဖြည်းဖြည်း ရွေ့လျားလာပြီး နောက်ဆုံးစက်ဖုံး၏ အစွန်းသို့ရောက်လာသည်။ မူလနေရာမှ အောက်သို့ကျလာနိုင်သည့်နေရာထိရောက်အောင် အချိန် ၄၀ စက္ကန့်ခန့်ကြာသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် ထိုအချိန်ကို အနည်းဆုံး ၁ မိနစ်ကြာအောင် ဗုံးထားမည့်နေရာနှင့် စက်ဖုံးအစွန်းကိုချိန်ဆ၍ ဗုံးကိုပြန်၍ နေရာချထားလိုက်သည်။

ထို့နောက် ကျွန်ုပ်သည် ကားဂိုဒေါင်၏ အပြင်ဘက်သို့ ထွက်လိုက်ပြီး ဂိုဒေါင်တံခါးကို ပိတ်လိုက်သည်။ ဂိုဒေါင်ထဲမှ မော်တော်ကား၏ အင်ဂျင်သံကို ခပ်သဲ့သဲ့မျှသာ ကြားရသည်။ ကျွန်ုပ်သည် ပေါက်ကွဲမှု၏ အတိုင်းအတာကို ခန့်မှန်းကြည့်လိုက်ပြီး လွတ်ကင်းနိုင်မည့် တစ်နေရာတွင် သွား၍ရပ်နေလိုက်သည်။

ကားစက်ဖုံးပေါ်သို့ ဗုံးတင်ခဲ့သည်မှာ စက္ကန့် ၉၀ မျှရှိပေပြီ။ ယခုထိ ဗုံးမပေါက်သေး။ ကျွန်ုပ် တင်ခဲ့သည့်နေရာသည် စက်ဖုံးအစွန်းနှင့် ဝေးကွာလွန်းနေသလော။ အချိန်မှာ ၅ နာရီ ၄၉ မိနစ်ရှိနေပြီဖြစ်ရာ ကျွန်ုပ်သတ်မှတ်ထားသော နောက်ဆုံးအချိန်သည် ၁၁ မိနစ်မျှသာ လိုတော့သည်။





ဗုံးကလည်း မပေါက်သေး။ ဂိုဒေါင်ထဲသို့ ပြန်ဝင်၍ စစ်ဆေးရန်ကလည်း လုံးဝမလွယ်၊ အန္တရာယ်ကြီးလှသည်။ ဘာလင်မြို့၏ မြင့်မားသော ဘုရားရှိခိုးကျောင်းကြီးများ၏ ထိပ်ဖျားတွင်လည်း အရုဏ်ဦး၏ လင်းရောင်ခြည်များသည် ပက်ဖျန်းလျက် ရှိနေပေပြီ။

နောက် ၁၀ မိနစ်ကြာမျှအထိ ဗုံးမပေါက်ကွဲပါက ကျွန်ုပ်သည် အရဲစွန့်ပြီး ဂိုဒေါင်ထဲသို့ ပြန်ဝင်၍ စစ်ဆေးကြည့်ရမည်သာ ဖြစ်သည်။ ထိုအချိန်တွင် သူတို့လည်း ဟိုတယ်ဝင်းထဲသို့ ဝင်လာကြတော့မည်သာဖြစ်သည်။

"ဝုန်း"

ကျွန်ုပ် စဉ်းစားနေစဉ်မှာပင် ကျယ်လောင်သော ပေါက်ကွဲသံသည် ထွက်ပေါ်လာခဲ့သည်။ ပေါက်ကွဲမှု၏ အဆင့် ၃ ဆင့်ဖြစ်သော တုန်ခါမှု၊ ပေါက်ကွဲသံထွက်လာမှုနှင့် အပူလှိုင်း ရိုက်ခတ်မှုတို့သည် ရှေ့ဆင့်နောက်ဆင့်ပင် ဖြစ်ပေါ်ခဲ့သည်။

တစ်ခဏချင်းပင် လူများသည် ဟိုတယ်ဝင်းအတွင်းသို့ စုပြုရောက်လာကြသည်။ ဂိုဒေါင်ထစ်ဘက်ခန်းမှ ကားတစ်စီး၏ ဓာတ်ဆီတိုင်ကီ ထပေါက်ပြန်ရာ မီးသည် အခြားကားများသို့ ကူးစက်တော့မည့် အခြေအနေရှိနေသည်။ ဟိုတယ် အနီးအနားရပ်ကွက်များမှ မီးအချက်ပေး ဥသြသံများထွက်လာသည်။ ရှေ့ဆင့် နောက်ဆင့်ပင် အနီးရှိ ဘုရားရှိခိုးကျောင်းမှ ၆ နာရီထိုးသံကိုလည်း ကြားလိုက်ရသည်။ ဟိုတယ်ဝင်းအတွင်း ပြည့်ကျပ်လာသော လူအုပ်စုကြီးသည် ကျွန်ုပ်အတွက် အကောင်းဆုံး အကာအကွယ်ဖြစ်ခဲ့သည်။ ကျွန်ုပ်သည် လူအုပ်ကြီး၏ အပြင်ဘက်သို့ရောက်အောင် တဖြည်းဖြည်း တိုးထွက်နေသည်။

▣

အငှားယာဉ်သည် ကျွန်ုပ်ကို အန်တာ–ဒင်–အီချန်လမ်း၏ လမ်းဆုံတစ်နေရာတွင် ချထားခဲ့သည်။ ကျွန်ုပ်သည် ထိုလမ်းဆုံရှိ ၄ ထပ်တိုက်အဆောက်အအုံတစ်ခုထဲသို့ ပြေးဝင်လိုက်ပြီး အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားဖြင့် တက်ခဲ့သည်။

ရုံးခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် ဟင်ဂဲလ်အပါအဝင် လူ ၅ ဦးကို တွေ့လိုက်ရသည်။ သူတို့သည် တစ်ညလုံးထိုင်၍ ကျွန်ုပ်ထံမှ အစီရင်ခံချက်ကို စောင့်မျှော်လျက်ရှိကြရာ အိပ်ရေးပျက်ပြီး မျက်စိများ နီလျက်ရှိကြသည်။

"ကဲ၊ ကော်ဖီပူပူမရနိုင်ဘူးလား" တစ်ညလုံး စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ခဲ့ရသော ကျွန်ုပ်သည် မအောင့်အည်း၊ မထိန်းသိမ်းနိုင်တော့ဘဲ ကော်ဖီကိုသာ အလျင်စလို တောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်ဂဲလ်ကမူ ကျွန်ုပ်ကို မြင်လိုက်သည်နှင့် ပိုး(လ်)ထံ တယ်လီဖုန်း ကောက်ဆက်နေသည်ကို တွေ့ရသည်။

ကျွန်လူများကမူ ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အံ့အားသင့်နေကြသည်။ ထိုအခါတွင်မှ ကျွန်ုပ်သည် ဟိုတယ်စားပွဲထိုး ဝတ်စုံကြီးကို ယခုထိ မချွတ်မိသေးကြောင်း သတိပြုမိခဲ့သည်။ ဗုံးပေါက်ကွဲချိန်တွင် ဟိုတယ်ဝင်းထဲသို့ စုပြုံလာသူများထဲတွင် ကျွန်ုပ်ကို နောက်ယောင်ခံလိုက်နေသူများ ပါဝင်မည်ဖြစ်ရာ ဤအကျႌကပင် ကျွန်ုပ်ကို ကာကွယ်ပေးခဲ့ခြင်း ဖြစ်ပေမည်။

ကျွန်ုပ်သည် အကျႌကို ချွတ်လိုက်ပြီး စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက် သူတို့ ချပေးသော ကော်ဖီပူပူကို အားပါးတရ မှုတ်၍သောက်နေသည်။ ပထမ ကော်ဖီတစ်ခွက်ကုန်သွား၍ ဒုတိယကော်ဖီခွက်ကို သောက်ရန် ဟန်ပြင်လိုက်စဉ် အခန်းတွင်းသို့ ပိုး(လ်)ဝင်လာသည်ကို တွေ့ရသည်။ ပိုး(လ်)၏ မျက်နှာတွင် ဝမ်းသာကြည်နူးမှုများ ပြည့်လျှမ်းနေသည်။ ရှေ့တန်းသို့ထွက်၍ အရေးတကြီး တာဝန်ကို ထမ်းဆောင်နေသူ ထောက်လှမ်းရေးမှူးတစ်ဦးသည် ကော်ဖီသောက်ရုံသက်သက်ဖြင့် ဌာနခွဲရုံးသို့ ဝင်မလာကြောင်း သူကောင်းကောင်းသိထားသည်။

ကျွန်ုပ်က ဖန်ထရယ်ဟိုတယ်တွင် ရေးခဲ့သောအစီရင်ခံစာကို သူ့အား လှမ်းပေးလိုက်သည်။ ကျွန်ုပ်၏ အစီရင်ခံစာကို သူဖတ်နေစဉ်တွင် အခြားလူများသည် သူ့မျက်နှာကို စိုက်ကြည့်နေကြသည်။

"ကျုပ်တို့ သူတို့ဌာနချုပ်ကို ချက်ချင်းဝင်စီးရမယ်"

ပိုး(လ်)က အစီရင်ခံစာကို ဖတ်ပြီးလျှင်ပြီးချင်း ပြောလိုက်သည်။

"နေ့လယ်မွန်းတည့်ချိန်ထိ မစောင့်နိုင်ဘူးလား"

"ဘာအကြောင်းရှိလို့လဲ၊ ကွီးလား"

သူက အံ့အားသင့်စွာ မေးလိုက်သည်။

"ကျွန်တော့်အနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်စရာ ကိစ္စတွေအတွက် အချိန် နည်းနည်းယူချင်လို့ပါ"

သူသည် အစီရင်ခံစာကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး မိတ္တူကူးရန် ခိုင်းလိုက်သည်။ ထို့နောက် ကျွန်ုပ်ဘက်သို့ လိုက်၍ –

"အင်းလေ၊ ဒါကတော့ လန်ဒန်ဌာနချုပ်ရဲ့ သဘောထား အပေါ်မှာ တည်မှာပဲ"

ကျွန်ုပ်သည် အလွန်ပင်ပန်းနွမ်းနယ်လျက်ရှိရာ စကားကို ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ ခဏအကြာတွင် တယ်လီဖုန်းခေါင်းလောင်းသံမြည်လာသဖြင့် ပိုး(လ်)က ကောက်ကိုင်လိုက်သည်။ ထို့နောက် ကျွန်ုပ်ကို လှမ်း





ပေးလိုက်သည်။ လန်ဒန်ဌာနချုပ်မှ ပြောနေခြင်းဖြစ်သည်။ ကျွန်ုပ် သူတို့ကို ရှင်းပြရပေမည်။

"မွန်းတည့်ချိန်အထိ မစောင့်ဘဲ အခုချက်ချင်း သူတို့ရဲ့ဌာနချုပ်ကို ဝင်စီးမယ်ဆိုရင် ကျွန်တော်တို့ဟာ ဖာစ်ဝက်တစ်ပျက်ပဲ အောင်မြင်နိုင်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဘယ်နည်းနဲ့ မဆိုသူတို့ဟာ ဝင်စီးခံရတာကို သိတာနဲ့ သူတို့ရဲ့ ထိပ်ပိုင်းအဆက်အသွယ်အားလုံးကို အကြောင်းကြားလိုက်နိုင်တယ်။ အဲဒီအခါမှာ သူတို့ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေ လွတ်ထွက်သွားနိုင်တယ်။ မွန်းတည့်ချိန်အထိ စောင့်မယ်ဆိုရင် သူတို့ တစ်ပြုံလုံးကို အုပ်မိနိုင်အောင် ကျွန်တော် ကြိုးစားပါမယ်"

လန်ဒန်ဌာနချုပ်မှ လူများသည် ပူပင်တတ်လွန်းသူများဖြစ်သည်။ နောက်ထပ် ၅ နာရီလောက် စောင့်ရမည်ကိုပင် ကမ္ဘာပျက်မည်လောက် တွေးထင်နေကြသူများဖြစ်သည်။ ကျွန်ုပ် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ၁၂ နာရီထက်စောနိုင်သမျှစောအောင် အပြီးဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါမယ်။ ၁၂ နာရီထက်စောပြီး လုပ်ငန်းများ ပြီးစီးနိုင်လိမ့်မယ်လို့လဲ ကျွန်တော် ထင်ပါတယ်"

ထို့နောက်တွင် တယ်လီဖုန်းကို ပိုး(လ်)ထံ လှမ်းပေးလိုက်သည်။ အခြေအနေ အသေးစိတ်ကို သူတို့တိုင်ပင်နေကြစဉ် ကျွန်ုပ်သည် ကော်ဖီသောက်ပြီးနောက် ဂျာမနီ အစိုးရရှေ့နေချုပ်ရုံးသို့ အခြားတယ်လီဖုန်းတစ်ခုဖြင့် ဆက်သွယ်ရန် ကြိုးပမ်းခဲ့သည်။ အဆက်အသွယ်ရသည်နှင့် ကျွန်ုပ် သူ့ရုံးသို့ ယခု ချက်ချင်း လာလို့ကြောင်း ချိန်းလိုက်သည်။

"သိပ်အရေးကြီးနေပြီ ထင်တယ်၊ ဟားကွီးလား"

"ဟုတ်ပါတယ်၊ သိပ်ကို အရေးကြီးနေတယ်၊ ရှေ့နေချုပ်"

ရှေ့နေချုပ်က သူ့ရုံးတွင် အသင့်စောင့်နေမည်ဖြစ်ကြောင်း ပြောပြီး တယ်လီဖုန်းကို ချလိုက်သည်။ ထိုအချိန်တွင် ပိုး(လ်)မှာလည်း လန်ဒန်နှင့် စကားပြောပြီးပြီဖြစ်ရာ ကျွန်ုပ်ဘက်သို့လှည့်၍ –

"ခင်ဗျား အစီအစဉ်ကို သူတို့ကတော့ သိပ်ဘဝင်မကျချင်ဘူး"

"ခင်ဗျားပဲ အဆင်ပြေအောင်ကြည့် ပြောပေတော့"

"အင်း ကျွန်တော်ကိုယ်တိုင်ကလဲ ဘဝင်မကျတာက ခက်တယ်"

ရုံးထိုင်ထောက်လှမ်းရေးသမားနှင့် ကွင်းဆင်းထောက်လှမ်းရေးသမားတို့အကြားတွင် ဤသို့ သဘောထားကွဲလွဲတတ်သည်မှာ သဘာဝပင်။ သူတို့ကလည်း သူတို့ရှုထောင့်၊ ကိုယ်ကလည်း ကိုယ့်ရှုထောင့်ဖြင့် ကြည့်နေကြသည် မဟုတ်လော။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကော်ဖီပူပူတစ်ခွက်ကို အားပါးတရ မော့ချလိုက်သည်။ ယခုမနက်ပိုင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လန်းဆန်းတက်ကြွမှုများရှိနေရန် ကက်ဖင်းဓာတ်အများအပြားကို ခန္ဓာကိုယ်ထဲသို့ သွင်းထားရပေမည်။ ယခုဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းမှာ ကျွန်ုပ်အတွက် စိတ်မချမ်းမြေ့ဖွယ်ရာအလုပ်ဖြစ်မည်ဟုလည်း ကြိုတင်တွက်ဆမိလိုက်သည်။

"လန်ဒန်နဲ့ အဆင်ပြေသွားမှာပါ"

ကျွန်ုပ်က မတ်တပ်ရပ်လိုက်ရင်း ပိုး(လ်)ဘက်သို့ လှည့်၍ပြောလိုက်သည်။

"၁၂ နာရီမထိုးမီ ကျုပ်တို့ ဒီမှာပြန်ပြီး ဆုံကြတာပေါ့"

ပိုး(လ်)နှင့် ဘာလင်ဌာနခွဲမှ သူ့လူများသည် ၁၂ နာရီမထိုးမချင်း ကျွန်ုပ်ကို စိုးရိမ်တကြီး ဆက်လက်စောင့်နေကြရပေဦးမည်။ ကျွန်ုပ်အား ပိုး(လ်)က 'ကျူ' မှတ်တမ်းကြီးကိုပေးပြီး တာဝန်သစ်ကို စတင်အပ်နှင်းခဲ့သည့်အချိန်မှစ၍ သူတို့သည် ဤဌာနခွဲရုံးတွင် နေ့စဉ်နှင့်အမျှ စိုးရိမ်တကြီး စောင့်စားနေခဲ့ကြရသူများဖြစ်သည်။ ကျွန်ုပ်၏လှုပ်ရှားမှုများတွင် ခြေချော်လက်ချော်ဖြစ်၍ ဤဌာနခွဲရုံးနေရာကို ဖီးနစ်(စ်)ဂိုဏ်းက သိသွားပါက သူတို့သည် ဤနေရာတွင် ပင်လယ်စင်း၍ ခံရုံမှတစ်ပါး အခြားမရှိနိုင်တော့။ ဖီးနစ်(စ်)ဂိုဏ်းဝင်များသည် အဆောက်အအုံပေါ် ဓာတ်လှေကားဖြင့် အုံနှင့်ကျင်းနှင့်တက်လာပြီး သူတို့ရုံးခန်းကို စက်သေနတ်ဖြင့် အားပါးတရဝင်၍ မွှေကြမည်သာဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ဘာလင်ဌာနခွဲရုံးမှ လူများအပေါ် စာနာထောက်ထားမိသည်။ ထို့ကြောင့်လည်း ပိုး(လ်) ဘက်သို့ လှည့်၍ –

"ကျွန်တော် ဆက်လက်ဆောင်ရွက်မယ့်ကိစ္စမှာ တစ်ဘက်ဂိုဏ်းက တန်ပြန်လှုပ်ရှားလာမှာကို ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး။ ခုဆို သူတို့ဟာ ကားဝိုဒေါင် မီးလောင်နေတာကို ကြည့်နေတုန်းရှိမှာပါ။ ကွီးလားတစ်ယောက် မီးညွန့်ထဲမှာ ပြာကျသွားပြီလို့ သူတို့က ထင်နေမှာ ဖြစ်တဲ့အတွက် ကျွန်တော့်အတွက်လဲ အန္တရာယ် မရှိတော့ပါဘူး"

ထိုစဉ် လန်ဒန်မှ တယ်လီဖုန်းဝင်လာပြီး ပိုး(လ်)က အချိန်အတော်ကြာအောင် နားထောင်နေခဲ့သည်။

တယ်လီဖုန်းနားထောင်ပြီးနောက် ပိုး(လ်)က ကျွန်ုပ်ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ဘာလင်မှာရှိတဲ့ ဗြိတိသျှစစ်ဌာနချုပ်ကို သူတို့ အကြောင်းကြားလိုက်ပြီး နေ့လယ် ၁၂:၀၀ နာရီမှာ ဌာနချုပ်တပ်မှူးက ဂရန်းဝေါတံတားနားက သူတို့





ဌာနချုပ်ကို သံချပ်ကာကား ၄ စီးနဲ့ ခြေလျင်စစ်သည် ၅၀ ထို လွှတ်လိုက်ဖို့ အသင့်ဖြစ်နေပြီတဲ့"

ကျွန်ုပ်သည် ပိုး(လ်)ကို နှုတ်ဆက်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ အငှားယာဉ်ပေါ်သို့ ကျွန်ုပ်ရောက်ချိန်တွင် ကျွန်ုပ်နှင့် အချိန်အတော်ကြာ ထင်းထွာနေခဲ့သော လွတ်လပ်မှုအရသာကို ပထမဆုံးအကြိမ် ပြန်လည်ထိတွေ့ခံစားခဲ့ရသည်။ ကျွန်ုပ် 'သေ' ပြီဖြစ်ရာ နောက်ယောင်ခံလိုက်မည့်သူ လုံးဝမရှိတော့။ ကျွန်ုပ်စိတ်ထဲတွင် လွတ်လပ်မှုနှင့်အတူ ပျင်းခြောက်ခြောက် စိတ်ခံစားမှုတစ်မျိုးလည်း ယှဉ်တွဲပေါ်ပေါက်လာခဲ့သည်။

ရှေ့နေချုပ်ရုံးသို့ ရောက်ချိန်တွင် ရှေ့နေချုပ်အဲဗတ်သည် ကျွန်ုပ်ကို လိုက်လှဲပျူငှာ ကြိုဆိုခဲ့သည်။ သူ့ရုံးခန်းထဲရောက်လျှင် ရောက်ခြင်း ကျွန်ုပ်၏ လာရင်းကိစ္စကို တဲ့တိုးပြောချလိုက်သည်။

"ကျွန်တော် အကူအညီတစ်ခု တောင်းခံချင်လို့ လာတာဖြစ်ပါတယ်။ ရှေ့နေချုပ်ကြီး။ အနောက်ဂျာမနီအစိုးရအဖွဲ့ထဲက အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ ကျွန်တော် စကားပြောချင်ပါတယ်။ အဲဒါ လူကြီးမင်းက မိတ်ဆက်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော် စကားပြောချင်တဲ့ ပုဂ္ဂိုလ်ကတော့ ပြည်ထဲရေးဝန်ကြီးလော(စ်) ဖြစ်ပါတယ်"

"ကျုပ် ဆက်သွယ်ပေးပါမယ်"

"သူ့ရုံးမှာပဲ အစောနိုင်သမျှ အစောဆုံး တွေ့ချင်ပါတယ်။ သူဟာ အလုပ်တာဝန်သိပ်များလို့ ၉ နာရီထိုးတာနဲ့ ရုံးကိုရောက်တတ်တယ်လို့ ကျွန်တော် သိထားပါတယ်။ ခြော် ... ဒါထက် ကျွန်တော့်နာမည်ကိုတော့ ထည့်မပြောပါနဲ့နော်"

ရှေ့နေချုပ် အဲဗတ်သည် ပြည်ထဲရေးဝန်ကြီးရုံးသို့ တယ်လီဖုန်းဖြင့် နှစ်ကြိမ်ဆက်ကြည့်သည်။ ထို့နောက် ၉ နာရီနောက်ပိုင်းတွင် အချိန်မရွေး ကျွန်ုပ်အား လက်ခံတွေ့ဆုံရန် ပြည်ထဲရေးဝန်ကြီးက အသင့်ရှိနေကြောင်း ကျွန်ုပ်အား ပြောလိုက်သည်။

၉ နာရီထိုးရန် ၄၅ မိနစ်မျှလိုသေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆံပင်ညှပ်ဆိုင်တစ်ခုသို့ဝင်ပြီး ဆံပင်ညှပ်၊ မုတ်ဆိတ်မွေးများနှင့် နှုတ်ခမ်းမွေးများရိတ်၊ ပင်ပန်းမှုပပျောက်စေရန် ဇက်ကြောဖြေစသည်များကို ပြုလုပ်ရင်း အချိန်ကိုဖြုန်းနေလိုက်သည်။

ကျွန်ုပ် ပြည်ထဲရေးဝန်ကြီး၏ရုံးခန်းအတွင်းသို့ ဝင်လိုက်ချိန်တွင် သူသည် တယ်လီဖုန်းဖြင့် စကားပြောလျက်ရှိသည်။ သူ့အတွင်းရေးမှူးသည် ကျွန်ုပ်ကို အခန်းပေါက်ဝအထိ လိုက်ပို့ပြီးနောက် ပြန်လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တယ်လီဖုန်းပြောပြီးနောက် ကျွန်ုပ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ကျွန်ုပ်ကို မြင်လျှင်မြင်ခြင်း သူ့မျက်နှာသည် ချက်ချင်း သွေးဆုတ်သွားသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ သူသည် ချက်ချင်း မတ်တတ်ထရပ်လိုက်သည်။ ကျွန်ုပ်လည်း အနည်းငယ်မျှ အချိန်မဖြုန်းတော့ဘဲ သူ့စားပွဲ၏ လက်ယာဘက်သို့ လှမ်းခုန်ပြီး သူ့လည်ပင်းနေရာကို ချိန်ဆ၍ လက်ဝါးစောင်းဖြင့် ခပ်ပြင်းပြင်း ခုတ်ချလိုက်သည်။ သူသည် သူ့ဆုံလည်ကုလားထိုင်ကြီးပေါ်သို့ ပျော့ခွေ၍ ကျသွားသည်။

ကျွန်ုပ်သည် တံခါးပေါက်များဆီသို့သွားပြီး တံခါးပေါက် နှစ်ခုစလုံးကို အထဲမှ ချက်ထိုး၍ ပိတ်လိုက်သည်။ ထို့နောက်တွင်မှ သူ့ထံသို့ ပြန်လာပြီး သူ့စားပွဲပေါ်တွင် တင်ပါးလွှဲထိုင်လျက် –

“ဗိုဆန် ... ကျုပ်ကို ခင်ဗျား အကုန်လုံး ဖွင့်ပြောစေတော့”

သူသည် မျက်လုံးများကို မှေးပြီးကျွန်ုပ်ကို စိုက်ကြည့်နေသည်။ ထို့နောက်တွင်မှ အာလေးလျှာလေး အသံကြီးဖြင့် –

“ခင်ဗျား သေပြီလို့ ကျုပ်ကို သတင်းပို့ထားကြတယ်”

ကျွန်ုပ်သည် သူ့မျက်နှာကို စူးစိုက်လေ့လာကြည့်လိုက်သည်။ သူ့မျက်နှာတွင် ရက်စက်မှု၊ ယုတ်မာမှုနှင့် လောဘရမ္မက်မြင့်တက်မှုတို့ကို အထင်းသားတွေ့နေရသည်။ သူ့မျက်နှာသည် သားစားသတ္တဝါတစ်ဦး၏ ပုံဝန်းပုံသဏ္ဌာန်မျိုးရှိသည်။ မျက်စိများက သားကောင်များကို ရှာနေသကဲ့သို့ရှိပြီး ပါးစပ်များလည်း ပါးစောင်းဖောင်းကြီးနှစ်ခုကြားတွင် ရှည်ရှည်မျောမျောကြီး ရှိနေသည်။ သို့သော် သူတို့၏ ဌာနချုပ်စစ်ဆင်ရေးခန်းမကြီးတွင် ကျွန်ုပ်ကြည့်နေသည့် မျက်လုံးမျိုး သူ့တွင် မရှိတော့။ အားမတန်၍ မာန်ကိုလျှော့ပြီး တောင်းပန်တိုးလျှိုးတော့မည့် မျက်လုံးမျိုးကိုသာ တွေ့ရတော့သည်။

ဂရန်းဝေါ်တာအနီးရှိ သူတို့ဌာနချုပ်ကို ကျွန်ုပ် ဒုတိယအကြိမ်ရောက်ခဲ့စဉ် သူ့ကို စတွေ့ခဲ့ခြင်းဖြစ်သည်။ တွေ့လျှင်တွေ့ခြင်း သူ့မျက်နှာကို ကျွန်ုပ် ကောင်းကောင်းမှတ်မိခဲ့သည်။ စစ်အတွင်းက သူ၏ရက်စက်သော လုပ်ရပ်များသည် ကျွန်ုပ်၏ နှလုံးသားတွင် နက်နက်ရှိုင်းရှိုင်း စွဲထင်နေခဲ့သည်။

သူနှင့် ဗီးနစ်(စ်) ဌာနချုပ်တွင် ပထမဆုံးတွေ့ဆုံပြီး နောက်ပြန်လည်စဉ်းစားကြည့်သည့်အခါတွင် လွန်ခဲ့သော တစ်လခန့်က ဘာလင်မြို့တင်ဝဲလ်ဟော့(ဖ်)လေဆိပ်တွင် အနောက်ဂျာမနီပြည်ထဲရေးဝန်ကြီးက ပြည်ပသံတမန်တစ်ဦးအား သွားရောက်ကြိုဆိုခဲ့သည့် သတင်းဓာတ်ပုံတစ်ခုကို အမှတ်ရမိခဲ့သည်။





စစ်အတွင်းက နာဇီအရာရှိ ဗိုဆန်၊ ဗီးနစ်(စ်)ဌာနချုပ်တွင် တွေ့ရသော ဂိုဏ်းခေါင်းဆောင်ဗိုဆန်နှင့် သတင်းစာများတွင် တွေ့ရသော ပြည်ထဲရေးဝန်ကြီး၏ ဓာတ်ပုံတို့သည် ခွဲခြားမရအောင် ဆက်စပ်နေသည်။ ကာလ၊ ဌာနနှင့် ဝေဿဘာအခြေအနေအရ ပြောင်းလဲနေသည့် အနေအထားများကို စိတ်ထဲတွင် ခေတ္တဖျောက်၍ စဉ်းစားပါက သူတို့ ၃ ဦးစလုံးသည် ဗိုဆန်ဟူသော လူပုဂ္ဂိုလ်တစ်ဦးတည်းပင် ဖြစ်သည်ဟူသော အချက်ကို ကျွန်ုပ် ခိုင်ခိုင်မာမာ ယုံကြည်ခဲ့သည်။

သူသည် ကျွန်ုပ်ကို စူးစိုက်၍ ကြည့်နေဆဲဖြစ်သည်။ ကျွန်ုပ်က သူ့အားဌာနတွင် တယ်လီဖုန်းဖြင့် သူ၏အတွင်းရေးမှူးထံ ဆက်သွယ်ရန်စေခိုင်းလိုက်သည်။ အရေးကြီးသောကိစ္စရှိ၍ နောက်တစ်နာရီအတွင်း သူ့ရုံးခန်းနှင့် လုံးဝအဆက်အသွယ်မပြုရန် အတွင်းရေးမှူးအား အမိန့်ပေးထားရန်လည်း ခိုင်းလိုက်သည်။ သူ တယ်လီဖုန်းဆက်ရန် ဟန်ပြင်လိုက်စဉ် ပိုမိုစိတ်ချရအောင် ထပ်မံ သတိပေးလိုက်သည်။

“ကျုပ် ဒီအခန်းရဲ့ တံခါးနှစ်ခုစလုံးကို ပိတ်ထားတယ်။ ခင်ဗျား တယ်လီဖုန်းကနေ မမှန်မကန် ပြောရင်တောင် သူတို့ ဒီအခန်းထဲရောက်အောင် တံခါးကို ဖွင့်ဖို့ အချိန်တစ်မိနစ်လောက် အနည်းဆုံးကြာနိုင်တယ်။ ခင်ဗျားလိုလူမျိုးတစ်ယောက်ကို အဲဒီတစ်မိနစ်အတွင်းမှာ ကျုပ် ဘယ်လိုလုပ်ပစ်လိုက်နိုင်တယ်ဆိုတာ ခင်ဗျား သိမှာပေါ့။ ဒီတော့ သတိထားပြီးသာ အလုပ်လုပ်ပါ”

သူ့တွင် ဘာရုပ်(ခ်)နာဝေါ်အကျဉ်းစခန်းတွင်မှာကဲ့သို့ နိုင်ထက်စီးနင်းပြုလုပ်လိုသော မျက်နှာအမူအရာမျိုး လုံးဝမတွေ့ရတော့။ ကျွန်ုပ်ခိုင်းသမျှ အတိအကျကို သူ့အတွင်းရေးမှူးအား ညွှန်ကြားနေပေပြီ။ သူ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်ပြီးနောက်တွင် ကျွန်ုပ်က စကားစလိုက်သည်။

“ကဲ ... ခင်ဗျား ကျုပ်ကို အားလုံးပြောပြပေတော့။ အားလုံးဆိုပြောစရာရှိတာ တစ်ခု မကျန်ပြောပေတော့”

သူ့အခန်းမှ ထွက်ခွာလာချိန်တွင် နံနက် ၁၀ နာရီထိုးပေပြီ။ သူသည် ပထမတွင် မိနစ် ၂၀ မျှငြေလည်ကြောင်ပတ် လုပ်နေသေးသော်လည်း နောက်ပိုင်းတွင် အကြောင်းစုံကို ဖွင့်ဟဝန်ခံခဲ့သည်။

ဘာလင်ဌာနခွဲသို့ မပြန်မီ ဖက်ကော်မရှင်မှ ရဲမှူးစတက်နာထံ တယ်လီဖုန်းဆက်ပြီး [redacted]မ်းဆီးရမည့် နာဇီရာဇဝတ်ကောင်တစ်ဦး၏ အမည်ကို ပေးလိုက်သည်။ ရဲမှူးစတက်နာသည် ဤအမည်ကို ကြား၍အံ့ဩသွားခြင်းမရှိ။ ဆိုကော်မရှင်ဖိုင်များတွင် လက်ရှိအနောက်ဂျာမနီအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်ကို မသင်္ကာဖွယ်ရာ လူများအဖြစ် မှတ်တမ်းတင်ထားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မြို့ရှိသို့ ကျွန်ုပ် ပြန်ရောက်ချိန်တွင် နံနက် ၁၀ နာရီခွဲမျှသာ ရှိသေးသည်။ ပိုး(လ်)သည် သတ်မှတ်ချိန်ထက်စော၍ ကျွန်ုပ် ပြန်ရောက်လာသဖြင့် တစ်ခုခုလွဲချော်သွားပြီလော့ဟု စိုးရိမ်မကင်း ဖြစ်နေဟန်ရှိသည်။

"ဘယ်လို အဆင်မပြေတာများ ဖြစ်လာခဲ့သလဲ"

ပိုး(လ်)က စိုးရိမ်တကြီး မေးလိုက်သည်။

"ဘယ်လို အဆင်မပြေတာ မရှိပါဘူး။ အသံသွင်းကြရအောင်"

ကျွန်ုပ်၏ နောက်ဆက်တွဲအစီရင်ခံချက်ကို အသံသွင်းကြိုးခွေတွင် အသံသွင်းလိုက်သည်။

"အနောက်ဂျာမနီပြည်ထဲရေးဝန်ကြီး အန်(စ်)၊ လော်(စ်)နှင့် တွေ့ဆုံဆွေးနွေးမှု သတင်းအစီရင်ခံချက် ... အမည်မှန် ... ဟိန်းရစ်၊ ဗိုဆန် ... ဖီးနစ်(စ်) ဂိုဏ်း၏ စစ်ဆင်ရေးအစီအစဉ်မှာ ဤသို့ ဖြစ်သည်။ စစ်ဆင်ရေးကို အနောက်ဂျာမနီစစ်ဦးစီးဌာနချုပ်မှ ဦးဆောင်ပြီး အနောက်ဂျာမနီလက်နက်ကိုင်တပ်အင်အား ၅ သိန်းပါဝင်မည်။ စစ်ဆင်ရေး၏ အဓိက ဦးတည်ချက်မှာ အနောက်ဂျာမနီရှိ အင်္ဂလိပ်၊ အမေရိကန်နှင့် ပြင်သစ်တပ်များကို ပထမဆုံး ထိုးနက်တိုက်ခိုက်ပြီး အရှေ့ဂျာမနီရှိ ရုရှတပ်များကို ဒုတိယအဆင့်အနေဖြင့် ထိုးနက်ရန်ဖြစ်သည်။ ရော့(သ်)စတိန်း၏ လုပ်ရပ်များနှင့် ပတ်သက်၍ ထပ်မံတွေ့ရှိချက်မှာ သူသည် ဖီးနစ်(စ်)ဂိုဏ်းတွင် နှစ်ဖက်ချွန် လုပ်နေသူဖြစ်သည်။ ဖီးနစ်(စ်)ဂိုဏ်းကို ဆန့်ကျင်သည့် အတွင်းစိတ်ကြောင့် အာဂျင်တီးနားသို့ ပလိပ်ရောဂါပိုးများ ပျံ့နှံ့နေအောင် စီစဉ်ထားရန်ဖြစ်သည်။ ရော့(သ်)စတိန်းသည် ဆန့်ကျင်ဘက် အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်နေသူဖြစ်သည်။ သို့သော် သူ ကျွန်ုပ်ကို ပြောလိုသည့်အချက်မှာ အာဂျင်တီးနားကိစ္စမဟုတ်၊ ဖီးနစ်(စ်)ဂိုဏ်းအတွက် လုပ်ပေးနေရသော ရုရှသို့ ပလိပ်ရောဂါပိုးများ ဖြန့်ချရေးကိစ္စကို ပြောလိုခြင်းဖြစ်သည်။ ထိုကိစ္စကို ကျွန်ုပ်က အချိန်မီတားဆီးနိုင်အောင် သူက ကြိုတင်အသိပေးလိုခြင်းဖြစ်သည်။

ရော့(သ်)စတိန်းအကြောင်းဖြင့် ကျွန်ုပ်၏အစီရင်ခံချက် အသံသွင်းကြိုးခွေကို လန်ဒန်ဌာနချုပ်၏ တယ်လီဖုန်းလိုင်းဖြင့် ဆက်သွယ်ပြီး ပြန်ဖွင့်လိုက်သည်။

လန်ဒန်သို့ သတင်းပို့နေစဉ် ပိုး(လ်)သည် အခြားတယ်လီဖုန်းတစ်ခုကို ကောက်၍ဆက်လိုက်သည်။

"ဗိုလ်ချုပ်ကြီးစတီးဝပ်ကို အရေးတကြီး တွေ့ချင်တယ်။ ရှိတဲ့နေရာမှာ လိုက်ရှာပေးပါ"





သူသည် တယ်လီဖုန်းကို ကိုင်ထားပြီးစောင့်ဆိုင်းရင်း လန်ဒန်သို့ သတင်းပေးပို့နေသည်ကို စိုက်ကြည့်နေသည်။ သူသည် ဘာလင်မြို့ရှိ ဗြိတိသျှ စစ်ဌာနချုပ်သို့ ဆက်သွယ်နေခြင်းဖြစ်ပေမည်။

"ဗိုလ်ချုပ်ကြီး စတီးဝပ်လား၊ ကျုပ်တို့ဆီက လူဟာ အချိန်စောပြီး လုပ်ငန်းပြီးစီးခဲ့ပါတယ်။ ခင်ဗျားဘက်က အဆင်သင့်ရှိတာနဲ့ တစ်ပြိုင်နက် အစီအစဉ်အတိုင်းဆက်လုပ်ပါ"

ထို့နောက် ပိုး(လ်)သည် ကျွန်ုပ်၏ ရှေ့ရှိစားပွဲတစ်ခုပေါ်တွင် တင်ပါးလွှဲထိုင်လိုက်ပြီး ကျွန်ုပ်ကို စူးစိုက်ကြည့်လျက် ပြောလိုက်သည်။

"ခုဗိုဆန်ဘယ်လိုဖြစ်သွားသလဲ"

သူ့အမေးတွင် ကျွန်ုပ်ကို စိတ်မချသည့်သဘော ပါဝင်နေသည်။ ဤမျှအဆင့်မြင့်သောနေရာသို့ ရောက်နေသူတစ်ဦးကို ကျွန်ုပ် ပိပိရိရိမှ ကိုင်တွယ်နိုင်ခဲ့ပါမည်လောဟု သူ သံသယရှိနေပုံရသည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည် စိတ်တိုတိုဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော် မသိဘူး"

"စိတ်မတိုပါနဲ့ ကွီးလား၊ ကျုပ်ဆိုလိုတာက ဒီလိုပါ။ သူနဲ့ ပတ်သတ်လို့ ခင်ဗျားဆောင်ရွက်ခဲ့တဲ့ အလုပ်တွေကို ကျုပ်တို့ဘက်က ဘယ်လိုလမ်းရှင်းအောင် ဆက်လက်ပြုလုပ်ပေးရမယ်ဆိုတာ စဉ်းစားကြည့်ချင်လို့ပါ"

"ကိစ္စမရှိပါဘူး။ သူ့ဆီက သူ့ကိုယ်သူ သတ်သေကြောင်း ဖော်ပြထားတဲ့ စာတစ်စောင်ရေးခိုင်းပြီး ယူခဲ့ပြီးပါပြီ။ ဒါအကောင်းဆုံးနဲ့ အလုံခြုံဆုံးနည်းလို့ ထင်တာပဲ"

ပိုး(လ်)၏ မျက်နှာသည် ချက်ချင်း လန်းဆန်းတက်ကြွလာပြီး ထိုင်နေသော ကျွန်ုပ်ကို ချိုင်းနှစ်ဘက်မှ သိုင်း၍ထူမလိုက်သည်။ ထို့နောက် ကျွန်ုပ်တစ်ကိုယ်လုံးကို အားပါးတရ ပွေ့ဖက်ထားလိုက်တော့သည်။

■■■

စိုးတင်ဝင်း (ဘဏ်)

www.burmeseclassic.com